

မျိုးဇော်

# မြန်မာ့နွေဦး
# စိန်ခေါ်မှုများနှင့်
# ဒုတိယလှိုင်း

စာအုပ်
SKCC

၃၂၉

မြန်မာ့ဒီမိုကရေစီနိုင်ငံရေးမှုများနှင့် ဒုတိယကြိုး

မှုဆော် - ရန်ကုန်

စိတ်ကူးချိုချိုစာပေ၊ ပထမအကြိမ်၊ ၂၀၀၇၊

စာမျက်နှာ ၃၆၈ မျက်နှာ ၁၃ စင်တီ× ၂၀.၅ စင်တီ

(၁) မြန်မာ့ဒီမိုကရေစီနိုင်ငံရေးမှုများနှင့် ဒုတိယကြိုး

---

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆လမ်း၊ တာမွေ။

ပုံနှိပ်သူ - ဒေါ်ခင်မြ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၀၇၉၊ မဟိုဒီပလမ်း၊ ရန်ကင်း။

အဖုံးအဆင် - အမ်အက်စ်စိုး

၂၀၀၇ ဇွန်လ ပထမအကြိမ် အုပ်ရေ ၅၀၀

ဈေးနှုန်း ၃ ၅ ၀ ၀ ကျပ်



မျိုးဇော်

# မြန်မာ့ငွေဒိုး ဝန်ဒေါ်မှုများနှင့် ဒုတိယလိုင်း

# မြန်မာ့နွေဦး၊ စိန်ခေါ်မှုများနှင့် ဒုတိယလှိုင်း

မှူးဇော်

## မာတိကာ


၁။ ဥပဒေကြမ်းများအား နိုင်ငံတော်သမ္မတ
လက်မှတ်ရေးထိုးခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများ ၁

၂။ အထက်တန်းကျသော အမျိုးသားရေးနှင့်
သန်း ၆၀ ၏ မနက်ဖြန် ၈

၃။ မြန်မာ့ရွေးကောက်ပွဲ၊ စိန်ခေါ်မှုများနှင့် ဒုတိယလှိုင်း ၁၆

၄။ တတိယနည်းလမ်း သို့မဟုတ် သမ္မတ လက်မှတ်
ရေးထိုးခြင်းမပြုသော ထုတ်ပြန်ကြေညာချက် ၂၂

၅။ အခြေခံဥပဒေ၊ Check And Balance နှင့် မှူးမြဲ ၂၉

၆။ မြန်မာ့ရွေးကောက်ပွဲအား အင်စတီကျူးရှင်း ဘောင်သွင်းခြင်း ၃၅

၇။ နှစ်ဆယ့်ငါးရာနိုင်နှုန်းနှင့် မြန်မာ့ရွေးကောက်ပွဲ ၄၃

၈။ ပြင်ဆင်ရန် အခက်ခဲဆုံး အခြေခံဥပဒေ၊
ထိပ်တန်းဦးစားပေး ပြင်ဆင်ချက်နှင့် ဒီမိုကရေစီနိုင်မာရေး ၅၀

၉။ Check and Balance နှင့်တူသော Check and Balance ၅၈

၁၀။ နိုင်ငံတော်သမ္မတ၊ တရားစီရင်ရေးနှင့် အင်စတီကျူးရှင်း ၆၅

၁၁။ ဗိုလ်ချုပ်အောင်ဆန်း၏ Foreign Policy နှင့်
သံတမန်ရေး မဟာဗျူဟာ ၇၁

၁၂။ အသွင်ကူးပြောင်းရေးနှင့် ခေတ်ခြားခဲ့လေသော
လက်ခုပ်သံ ၇၉

၁၃။ ပြင်ဆင်ရေး၊ အသွင်ကူးပြောင်းရေးနှင့်
အချစ်မပါသော အိမ်ထောင်ရေး ၈၆
၁၄။ လွှတ်တော်တွင်း–လွှတ်တော်ပလား၊
အပေါင်းပြင်မလား–အသစ်တွင်မလား ၉၃
၁၅။ မြန်မာ့နိုင်ငံရေးဝက်ပါနှင့် နိုင်ငံရေးပဋိညာဉ် ရှာပုံတော် ၁၀၀
၁၆။ Rule of Law တွင် ပျောက်ဆုံးနေသော
ကွင်းဆက်တစ်ဆက် ၁၀၅
၁၇။ အမျိုးသားရေးစိန်ခေါ်မှုနှင့် ပဋိပက္ခထောင်ချောက် ၁၀၄
၁၈။ အမေရိကန်နိုင်ငံရေးစနစ်နှင့်
၂၀၁၅ အိပ်မက်သမိုင်းတစ်ကွက် ၁၁၉
၁၉။ ကြားဖြတ်ရွေးကောက်ပွဲအလွန် နိုင်ငံတည်ဆောက်ရေး ၁၂၆
၂၀။ ဗိုလ်ချုပ်၏ တိတ်တဆိတ် ကြေကွဲမျက်ရည်၊
မြန်မာ့ရှေ့ဦးနှင့် မြန်မာ့မော်ဒယ်လ် ၁၃၃
၂၁။ အမျိုးသားညီညွတ်ရေးနှင့် ပေးဆပ်သူတို့နှလုံးသား ၁၄၀
၂၂။ အမြော်အမြင်အမြေပြုနိုင်ငံရေးနှင့်
Track-Two Engagement ၁၄၇
၂၃။ အိုက်ဒီယာများ ၁၅၃
၂၄။ မှိုင်း ၆၀၄၁ နှင့် မဟာချူပဟာဆုတ်လမ်း ၁၆၁
၂၅။ မြန်မာ့ရှေ့ဦး၏ စံနှုန်းနှင့်အရှေ့ ၁၇၀
၂၆။ မြန်မာ့တန်ဖိုး၊ မြန်မာ့ဆော့ဖ်ပါဝါ၏ အခြားတစ်မျက်နှာ ၁၇၇
၂၇။ စိမ်းနေဦးမည့် မြန်မာ့နိုင်ငံရေး ၁၈၅
၂၈။ မြန်မာ့ရှေ့ဦးနှင့် စကားတစ်ခွန်း ၁၉၄
၂၉။ အမျိုးသားလုံခြုံရေးနှင့် သတင်းလွှတ်လပ်ခွင့် ၂၀၁
၃၀။ ပြည်တွင်းစစ်၊ ဒီမိုကရေစီနှင့် သန်း ၆၀ ၏တန်ဖိုး ၂၁၀
၃၁။ ငြိမ်းချမ်းရေးနှင့်တူသောငြိမ်းချမ်းရေးနှင့်
စစ်မှန်သော သန္နိဋ္ဌာန် ၂၁၈
၃၂။ အိုင်ဒီယိုလော်ဂျီသမိုင်း နိဂုံးချုပ်ချိန်နှင့်
ဂုဏ်သိက္ခာမှုစီးဆင်းလာသော ခွန်အားများ ၂၂၃

၃၃။ ကနေဒီ၊ ဦးသန့်၊ ကျူးဘားဒုံးပျံအကျပ်အတည်းနှင့်
သန်း ၆၀ ကိုမျက်နှာမူသောငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းမှု ၂၂၉

၃၄။ ပြင်ဆင်ရန် အခက်ခဲဆုံးအခြေခံဥပဒေ၊
ထိပ်တန်းဦးစားပေးပြင်ဆင်ချက်နှင့် ဒီမိုကရေစီနိုင်ငံမှာရေး ၂၃၆

၃၅။ နိုင်ငံတော်သမ္မတ၏ ပြုပြင်ပြောင်းလဲရေးဒုတိယလှိုင်းနှင့်
လမ်းဟောင်းအိုသို့ လည်ပြန်အကြည့် ၂၄၄

၃၆။ အမျိုးသားလုံခြုံရေးနှင့် အကဲဆတ်မှိုင်း ၂၅၃

၃၇။ Government Shut Down နှင့် မြန်မာနိုင်ငံ ၂၆၁

၃၈။ အထက်တန်းကျသော အမျိုးသားရေးစိတ်ဓာတ်နှင့်
အမျိုးသားရေး တည်ဆောက်ရေး ၂၆၉

၃၉။ နွေဦးလေပြည်နှင့် နွေလယ်အိပ်မက်ဆိုး ၂၇၇

၄၀။ ထီးဖြိုင်နန်းဖြိုင်ငြိမ်းချမ်းရေးနှင့် ထီးလိုမင်းလို ငြိမ်းချမ်းရေး ၂၈၇

၄၁။ မြန်မာ့နွေဦး ရောင်းရန်မဟုတ် ၂၉၅

၄၂။ မြန်မာ့နွေဦး၊ Greed And Grievance ၂၉၉

၄၃။ အသွင်ကူးပြောင်းရေး၊ ကျင့်ထုံးနှင့် စံနှုန်း ၃၀၈

၄၄။ အမေရိကန်နိုင်ငံရေးစနစ်နှင့်
၂၀၁၅ အိပ်မက်သမိုင်းတစ်ကွက် ၃၁၇

၄၅။ တရုတ်နိုင်ငံ၏ မြန်မာမဟာဗျူဟာ အချိန်အဆာအလွဲ ၃၂၄


❑

## ဥပဒေကြမ်းများအား နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးခြင်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မများ

### နိဒါန်း

လတ်တလောကာလတွင် ပြည်ထောင်စုလွှတ်တော်က ပေးပို့သော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် အကောက်အယူ အမျိုးမျိုးကွဲလွဲနေသလို 'ဘက်အမြင်၊ ဘက်အတွေး'များဖြင့် ရပ်တည်လျက်ရှိနေကြောင်း တွေ့ရှိရသည်။ မိမိတို့နိုင်ငံတွင်သာမက ကျန်ကမ္ဘာနိုင်ငံများတွင်လည်း ထိုနည်းတူစွာပင် အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပေါ်လေ့ရှိကြောင်း တွေ့ရှိရသည်။ အခြေခံဥပဒေဟူသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတည်းဟူသော မဏ္ဍိုင်ကြီး (၃)ရပ်အား မည်သို့မည်ပုံအကောင်အထည်ဖော် ဆောင်ရွက်ရမည်ကို လမ်းညွှန်ထားခြင်း ဖြစ်သည်။

ဆိုရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံဖွဲ့စည်းတည်ဆောက်မှုအတွက် ပေးထားချက်များမှာ ဤသို့ဖြစ်သည်ဟု မှဘောင်ချမှတ်ထားသော Concept ဖြစ်ပြီး ယနေ့မဏ္ဍိုင်ကြီး (၃) ရပ်သည် အဆိုပါ Concept များကို လက်တွေ့အကောင်အထည်ဖော်နေရခြင်းဖြစ်ကာ ယင်းတို့

ကို Process ဟု ဆိုနိုင်ပါလိမ့်မည်။ တစ်ဖန် ဝိဝါဒကွဲပြားဖွယ်ရာ အခြေအနေများ တွေ့ကြုံလာသည့်အခါ Founding Principles ဟု ဆိုနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့သော ဥပဒေပညာရှင်များ၏ ပြဋ္ဌာန်းရခြင်းအကြောင်းရင်း၊ ရှင်းလင်းချက်များကို ပြန်လည်ကိုးကားရန် လိုအပ်ပေသည်။

## ပုဒ်မ -၂၁၄

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၄ တွင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်ပြီး လက်မှတ်ရေးထိုးရမည်။ ယင်းသို့ လက်မှတ်ရေးထိုးပြီးသော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်" ဟု ပြဋ္ဌာန်းထားသည်။ အဆိုပါပုဒ်မ ၂၁၄ မည်သို့ဖြစ်ပေါ်လာသည်ကို ပြန်လည်လေ့လာကြည့်လျှင် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ပုဒ်မ ၅၈၊ ပုဒ်မ ၁၁၁ နှင့် ပုဒ်မ ၁၀၉ တို့ကို အခြေခံ၍ ရေးသားပြုစုခဲ့ခြင်း ဖြစ်သည်။

"မိမိထံတင်ပြလာတဲ့ ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက သဘောတူရင် လက်မှတ်ရေးထိုး အတည်ပြုထုတ်ပြန်နိုင်ပါတယ်။ တကယ်လို့ နိုင်ငံတော်သမ္မတက သဘောမတူရင် အဲဒီဥပဒေကြမ်းကို စတင်တင်သွင်းခဲ့တဲ့ လွှတ်တော်သို့ မိမိရဲ့သဘောထားမှတ်ချက်များ ဖော်ပြပြီး ပြန်လည်ပေးပို့ပါတယ်။ အဲဒီပြန်လည်ပေးပို့လာတဲ့ ဥပဒေကြမ်းကို စတင်တင်သွင်းတဲ့ လွှတ်တော်က ပြန်လည်ဆွေးနွေးကာ သတ်မှတ်ထားချက်နဲ့အညီ ဆက်လက် ဆောင်ရွက်ရပါတယ်။ ဥပဒေကြမ်းတစ်ရပ် ဥပဒေဖြစ်လာရေးအတွက် ဆောင်ရွက်ပုံအဆင့်ဆင့်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ များစွာ မကွဲပြားပေမယ့် အဲဒီအဆင့်များအကြား သတ်မှတ်ပုံနည်းစနစ်တွေမှာတော့ မတူညီကြတာကို တွေ့ရှိရပါတယ်"

"အချို့နိုင်ငံများတွင် သတ်မှတ်တဲ့ရက် ကုန်ဆုံးသည့်တိုင် နိုင်ငံတော်သမ္မတက ဥပဒေကြမ်းကို တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်း

မပြုရင် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးအတည်ပြုဘိသကဲ့သို့ ဥပဒေအဖြစ် အတည်ဖြစ်လာကြောင်း ပြဋ္ဌာန်းထားကြပါတယ်။ အချို့ နိုင်ငံတွေကတော့ ဒီအချက်ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းမပြုဘဲ လွှတ်တော်က အတည်ပြုပြီးတဲ့ ဥပဒေကြမ်းတစ်ခုကို နိုင်ငံတော်သမ္မတထံ သဘောတူညီချက် ရယူရန်ပေးပို့ရတဲ့ သဘောလောက်သာ ဖော်ပြလေ့ရှိတာကို လေ့လာတွေ့ရှိရပါတယ်"

"နိုင်ငံတော်သမ္မတက နိုင်ငံတော်အကြီးအကဲအဖြစ် ဆောင်ရွက်ရတဲ့ နိုင်ငံတွေမှာ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ အမျိုးမျိုး ကွဲပြားကြပေမယ့်တူညီကြတဲ့အချက်နှစ်ရပ်မှာ လွှတ်တော်က ဥပဒေပြုပေးခြင်းနဲ့နိုင်ငံတော်သမ္မတက အဆိုပါဥပဒေကို လက်မှတ်ရေးထိုး ထုတ်ပြန်ပေးခြင်းဆိုတဲ့အချက်များပဲ ဖြစ်ပါတယ်"

"၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ဥပဒေအဖြစ် အတည်ဖြစ်လာဖို့အတွက် နိုင်ငံတော်သမ္မတရဲ့ အခန်းကဏ္ဍဟာ ဘယ်လောက်အတိုင်းအတာအထိရှိတယ်ဆိုတာ တွေ့ရှိနိုင်ပါတယ်။ မိမိထံတင်ပြလာတဲ့ ဥပဒေကြမ်းအပေါ်မှာ နိုင်ငံတော်သမ္မတအနေနဲ့ တစ်စုံတစ်ရာ ကန့်ကွက်ခွင့်၊ ပြင်ဆင်ခွင့်မရှိဘဲ လက်မှတ်ရေးထိုးပေးခြင်း၊ သဘောထားကွဲလွဲနေပါက လွှတ်တော်နှစ်ရပ်ပူးတွဲအစည်းအဝေးကျင်းပရန် ခေါ်ယူခြင်းတို့ကိုသာ ဆောင်ရွက်နိုင်တဲ့သဘော တွေ့ရှိရပါတယ်။ ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ ဥပဒေများပါ ပြဋ္ဌာန်းချက်အချို့ကို နိုင်ငံတော်သမ္မတက ပြင်ဆင်ရန်ဖြစ်စေ၊ ဖြည့်စွက်ရန်ဖြစ်စေ၊ အစားထိုးရန်ဖြစ်စေ တွေ့ရှိလျှင် ယင်း၏ သဘောထားကို ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့ခွင့်ရှိနိုင်ပါတယ်။ ပေးပို့ခွင့်ကိစ္စနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာအပိုင်းမှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်"

အထက်ပါ ရှင်းလင်းချက်များမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ပုဒ်မ ၂၀၄ နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားချက်အချို့ကို ကောက်နုတ်တင်ပြထားခြင်း ဖြစ်သည်။

ယင်းရှင်းလင်းချက်တွင် ၁၉၄၇ အခြေခံဥပဒေ၊ အခြားကမ္ဘာ့နိုင်ငံ

များ၏ ဆောင်ရွက်မှု စသည်တို့ကို နှိုင်းယှဉ်၍ အသေးစိတ်ရှင်းလင်းခဲ့သည်။ (အသေးစိတ်ကို ဤဆောင်းပါးတွင် ဖော်ပြခြင်းမပြုတော့ပါ။ စိတ်ဝင်စားသူများ ရှာဖွေလေ့လာနိုင်မည် ဖြစ်သည်။) ၁၉၄၇ အခြေခံဥပဒေမှာ ပါလီမန်အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၂၀၀၈ အခြေခံဥပဒေမှာ သမ္မတအုပ်ချုပ်ရေးစနစ်ဖြစ်သည့်အတွက် ၁၉၄၇ ပြဋ္ဌာန်းချက်များအတိုင်း မဖြစ်သင့်ဟု ထည့်သွင်းရှင်းလင်းခဲ့ကြောင်း တွေ့ရှိရသည်။ ဦးအောင်ကိုး ရှင်းလင်းသည့် အဓိကအချက်များမှာ (၁) လွှတ်တော်များက ဥပဒေပြုပေးရန်၊ (၂) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ရန် ဟူသော Concept ကို ရည်ညွှန်းပြောကြားသွားခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ပုဒ်မ ၂၁၄ ဖြစ်ပေါ်လာရသည့် လွှတ်တော်က ပေးပို့လာသော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်အပိုင်းတွင် မည်သို့ရှင်းလင်းထားသည်ကိုလည်း ဆက်လက် လေ့လာရန်လိုအပ်ပေမည်။

ယင်းသက်ဆိုင်သည့်အပိုင်းကို ပုဒ်မ ၂၁၄ တွင် 'ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်' ဟူ၍ ထည့်သွင်းပြဋ္ဌာန်းထားသည်ကို နားလည်ရန် လိုအပ်ပေမည်။

## ပုဒ်မ ၁၀၅ နှင့် ပုဒ်မ ၁၀၆

ဦးအောင်ကိုးသည် ၂၀၀၈ အခြေခံဥပဒေ ပုဒ်မ ၁၀၅ နှင့် ၁၀၆ တို့ကို ၁၉၄၇ ခုနှစ် အခြေခံဥပဒေပုဒ်မ ၁၁၁၊ ၁၁၂ တို့နှင့် နှိုင်းယှဉ်ရုံသာမက ကမ္ဘာ့နိုင်ငံများ၏လုပ်ထုံးလုပ်နည်းများကိုပါ ထည့်သွင်းစဉ်းစားကာ ထည့်သွင်းရခြင်း ဖြစ်ကြောင်း ရှင်းလင်းသွားခဲ့သည်။

အဓိကအချက်များအား အောက်ပါအတိုင်း ကောက်နုတ် ဖော်ပြလိုသည်–

"ကျွန်တော်တို့နိုင်ငံမှာ နောင်ပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းတဲ့ ဥပဒေကြမ်းများနဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးက အတည်ပြုတဲ့အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုတယ်လို့ မှတ်ယူရမယ့်ဥပဒေကြမ်းများကိုလည်း နိုင်ငံ

တော်အကြီးအကဲဖြစ်တဲ့ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာဖို့ သတ်မှတ်သင့်ပါတယ်"

"နိုင်ငံတော်သမ္မတအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ထားတဲ့ကာလအတွင်း ဥပဒေကြမ်းကို မိမိရဲ့ သဘောထားမှတ်ချက်နဲ့အတူ ပြည်ထောင်စုလွှတ်တော်သို့ ပြန်ပို့ခွင့်လည်း ရှိသင့်ပါတယ်။ သတ်မှတ်ထားတဲ့ ကာလအတွင်းမှာ နိုင်ငံတော်သမ္မတအနေနဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းမရှိလျှင် သတ်မှတ်ကာလပြည့်မြောက်တဲ့နေ့မှာ ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတရဲ့ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမယ်ဆိုတဲ့ သတ်မှတ်ချက်လည်း ရှိသင့်ပါတယ်။ ဒီလိုသတ်မှတ်ချက်များရှိမှသာ နိုင်ငံတော်သမ္မတရဲ့ အုပ်ချုပ်မှုအာဏာနဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေပြုမှုအာဏာအချင်းချင်း အပြန်အလှန် ထိန်းကျောင်းရာရောက်မှာ ဖြစ်ပါတယ်"

"နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာမှာ ဥပဒေပြုလွှတ်တော်က အတည်ပြုတဲ့ ဥပဒေကြမ်းတစ်ရပ်လုံးကိုဖြစ်စေ၊ ဥပဒေကြမ်းပါအချက်အလက်အချို့ကိုဖြစ်စေ လွှတ်တော်က ပြန်လည်စဉ်းစားဖို့ နိုင်ငံတော်အကြီးအကဲက ဥပဒေကြမ်းကို မိမိရဲ့သဘောထားမှတ်ချက်နဲ့အတူ ဆိုင်ရာလွှတ်တော်သို့ ပြန်ပို့ခွင့်ရှိသလို၊ ဥပဒေပြုလွှတ်တော်ကလည်း နိုင်ငံတော်အကြီးအကဲရဲ့ သဘောထားမှတ်ချက်ကို ဆွေးနွေးသုံးသပ်ပြီး လက်ခံသင့်- မသင့် ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ နောင်ပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်မှာလည်း အလားတူ ဆုံးဖြတ်ပိုင်ခွင့် ရှိသင့်ပါတယ်"

"နိုင်ငံတော်သမ္မတရဲ့ သဘောထားမှတ်ချက်ကို လက်ခံပြီး ဥပဒေကြမ်းကို ပြင်ဆင်ဖို့ ဆုံးဖြတ်ခဲ့ရင် နိုင်ငံတော်သမ္မတရဲ့ သဘောထားမှတ်ချက်နဲ့အညီ ဥပဒေကြမ်းကို ပြင်ဆင်ပြီး နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပေးရန် နိုင်ငံတော်သမ္မတထံ ပြန်လည်တင်ပြရမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတရဲ့ သဘောထားမှတ်ချက်ကိုလက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုခဲ့ရင်လည်း အဲဒီလို မူလအတိုင်းအတည်ပြုတဲ့ ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက

လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာပေးရန် ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်နဲ့အတူ နိုင်ငံတော်သမ္မတထံ ပြန်လည် တင်ပြရမှာဖြစ်ပါတယ်"

"အဲဒီလို ပြန်လည်တင်ပြလာတဲ့ဥပဒေကြမ်းသည် ပထမအကြိမ်တင်ပြစဉ်ကပင် နိုင်ငံတော်သမ္မတက စဉ်းစားသုံးသပ်ပြီးသော ဥပဒေကြမ်းဖြစ်တဲ့အတွက် လက်မှတ်ရေးထိုးဖို့ ဆောင်ရွက်ရာမှာ တတ်နိုင်သမျှအချိန်တိုတိုအတွင်း လက်မှတ်ရေးထိုးပြီး ဥပဒေအဖြစ် ထုတ်ပြန်ကြေညာဖို့ သတ်မှတ်သင့်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကို ပြန်လည်ရရှိတဲ့နေ့ရဲ့ နောက်တစ်နေ့ကစပြီး ၇နစ်ရက်အတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးဖို့ သတ်မှတ်မယ်ဆိုရင် သင့်မြတ်မယ်လို့ သဘောရရှိပါတယ်။ ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခြင်းမပြုခဲ့ရင် သတ်မှတ်ကာလကုန်ဆုံးတဲ့အခါမှာ ဥပဒေကြမ်းဟာ နိုင်ငံတော်သမ္မတရဲ့ လက်မှတ်ရေးထိုးချက်ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာမယ်ဆိုတာကိုလည်း အသေးစိတ်အခြေခံရမယ့်မှုမှာ ပါရှိသင့်ပါတယ်"

ဦးအောင်တိုးသည် မည်သည့်အတွက်ကြောင့် ၁၄ ရက် သတ်မှတ်သင့်သည်၊ မည်သည့်အတွက်ကြောင့် ၇ ရက် သတ်မှတ်သင့်သည်ကိုလည်း အကျယ်တဝင့်ရှင်းလင်းခဲ့သည်။ (အသေးစိတ်ကို ဤဆောင်းပါးတွင် ထည့်သွင်းဖော်ပြခြင်း မပြုတော့ပါ။ စိတ်ဝင်စားသူများ လေ့လာဖတ်ရှုနိုင်သည်။) ဆိုရလျှင် ပုဒ်မ ၁၀၅၊ ၁၀၆ ကို 'ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း' ဟူ၍ အသေးစိတ်လုပ်ငန်းစဉ်များကို ဖော်ပြထားခြင်းသည် ပြည်ထောင်စုလွှတ်တော်က ပေးပို့လာသော ဥပဒေကြမ်းများကို နိုင်ငံတော်သမ္မတက မည်သို့အရေးယူဆောင်ရွက်ရမည်ကို ဖော်ပြထားခြင်းဖြစ်သည့် Procedure in Law ဖြစ်သည်။ နိုင်ငံတော်သမ္မတ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အသေးစိတ်ကို ဖော်ပြထားသော ပုဒ်မ ၁၀၅ နှင့် ၁၀၆ တို့သည် တိတိကျကျဖော်ပြထားသော Process များ ဖြစ်ပြီး ပုဒ်မ ၂၁၄ မှာ ဥပဒေပြဋ္ဌာန်းရာတွင် လွှတ်တော်က ပြဋ္ဌာန်း သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ဟူသော သဘောတရားကို ဖော်ပြထားသည့် Concept သာ ဖြစ်ပေသည်။

## Concept And Process

ဤဆောင်းပါးတွင် သမ္မတအုပ်ချုပ်ရေးစနစ် ကျင့်သုံးနေသော နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းများအကြောင်းကို ထည့်သွင်းဖော်ပြထားခြင်းမပြုပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ကောက်ယူကြရာ၌ နားလည်မှုများ အမျိုးမျိုး ကွဲပြားနိုင်သည်။ ဥပဒေပညာရှင် မဟုတ်သော ပြည်သူများအနေဖြင့်လည်း နားလည်မှု အမျိုးမျိုးရှိနိုင်သည်မှာ သဘာဝပင်ဖြစ်သည်။ မည်သူမှန်သည်၊ မည်သူမှားသည်ကိုလည်း ကောက်ချက်ချခြင်း မဟုတ်ပါ။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေကို တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆို၊ အနက်ကောက်ယူကြရာတွင် ရေးသားထားသော စာသားများ Letter of Law သက်သက်သာ အလေးပေးခြင်းမပြုဘဲ ပြဋ္ဌာန်းချက်များ၏ အနှစ်သာရ Spirit of law ကို မြင့်မိရန် အထူးပင် အရေးကြီးသော အချက်ကို တင်ပြလိုရင်းသာ ဖြစ်သည်။ Spirit of law ကို ကောင်းစွာ သိရှိနိုင်ရန် ဤပြဋ္ဌာန်းချက်များ မည်သည့်အကြောင်းရင်းများဖြင့် ထည့်သွင်းခဲ့သည်၊ မည်သို့ရည်ရွယ်ခဲ့သည် အစရှိသည့် Founding Principle များကိုလည်း လေ့လာကြရန် လိုပါလိမ့်မည်။ သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖွင့်ဆိုကြရာ၌ တိကျမှန်ကန်သောအဓိပ္ပာယ်များကို အနီးစပ်ဆုံးမြင့်မိမည် ဖြစ်သည်။ အလားတူအခြေခံဥပဒေတို့၏ Concept နှင့် Process တို့ကိုလည်း သေချာစွာ နားလည်သဘောပေါက်ရန် လိုအပ်ပေမည်။ သို့မှသာ သန်း ၆၀ ကို ထိခိုက်စေနိုင်သော တိုးတိုက်မှုများ လျော့ပါးစေမည် ဖြစ်ပါကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

***Source : The Voice Daily Newspaper, Page No. 9, Friday, August 30, 2013***

❑

## အထက်တန်းကျသော အမျိုးသားရေးနှင့် သန်း ၆၀ ၏ မနက်ဖြန်

### နိဒါန်း

လတ်တလော တစ်ကျော့ပြန်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများသည် မြန်မာ့ရှေ့ဦးကို အရုပ်ဆိုးစေမည်ဟု နိုင်ငံတကာ ကျွမ်းကျင်သူများက ထောက်ပြ ပြောကြားခဲ့ကြသည်။

သို့သော်လည်း အမျိုးသားလုံခြုံရေးနှင့် အမျိုးသားရေးအရ အနှောက်အယှက်တစ်ခါး မကျိုးပေါက်ရေးသည် အသက်သွေးကြောဖြစ်ကြောင်း ရပ်တည်ကြသည်လည်းရှိသည်။ အချို့ကလည်း သဟဇာတ လူ့အဖွဲ့အစည်းသို့ ဈေးမှန်းတည်ဆောက်သွားရန် အဆိုပြုကြသည်။

အချို့ကလည်း သဟဇာတ လူ့အဖွဲ့အစည်းသို့ ချီရာလမ်းမှာ အချိန်အတော်များများ စောင့်ဆိုင်းရမည် ဖြစ်ကြောင်း၊ လတ်တလောကာလတွင် သီးခြားစီ ပိုင်းခြားထားရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားကြသည်များကိုလည်း တွေ့ရှိရသည်။

### တည်ငြိမ်အေးချမ်းရေး (လတ်တလော လိုအပ်ချက်)

ရခိုင်ပြည်နယ်တွင် တစ်ဖန်ပြန်လည် ဖြစ်ပွားလာသော ပဋိပက္ခနှင့် စပ်လျဉ်း၍ လတ်တလော လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုကို

အမြန်ဆုံး ဆောင်ကြဉ်းနိုင်ရေးပင်ဖြစ်သည်။ လတ်တလော အရေးကြီး ဆောင်ရွက်ရမည့် နိုင်ငံတော်အစိုးရ၏ တည်ငြိမ်အေးချမ်းရေး လုပ်ငန်းစဉ် ကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၏ ပြည်သူ့လွှတ်တော်အတွင်း ရှင်းလင်းချက်ကိုကြည့်၍ သိရှိ နားလည်နိုင်မည်ဟု ယူဆသည်။ ပဋိပက္ခများ ပြန်လည်ပေါ်ပေါက်ခဲ့သော ရခိုင်ပြည်နယ်သည် အချိန်မရွေးပေါက်ကွဲသွားနိုင်သော အနေအထား နေရာအတော်များများတွင် တည်ရှိနေသည်။ ယင်းသို့သော မီးခဲပြာဖုံး အခြေအနေကို တည်ငြိမ်အောင်ထိန်းသိမ်းရန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင် အင်အားတိုးမြှင့်ခြင်း၊ လုံခြုံရေးအဆင့်အတန်း မြှင့်တင်ခြင်းနည်းလမ်းများ ဖြင့် ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး၏ ရှင်းလင်း တင်ပြ ချက်တွင် တွေ့ရှိနိုင်သည်။

လတ်တလော ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်ကို ၂၆–၁၀– ၂၀၁၂ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၌ ပန်းတနော် မဲဆန္ဒနယ်မြေမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခန်းမောင်မောင်ဉာဏ်၏ အရေးကြီး အဆို တင်သွင်းမှုနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက အောက်ပါ အတိုင်း ရှင်းလင်းပြောကြားခဲ့ကြောင်း တွေ့ရှိရသည်။

**(၁) တည်ငြိမ်အေးချမ်းမှု အကောင်အထည်ဖော်ရေးနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့များကို ကွပ်ကဲပြီး မူလ အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ရေး**

မေလနှင့် ဇွန်လများတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကို ထိန်းသိမ်း ဆောင်ရွက်ရန် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ် အစိုးရတာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသည့် လုပ်ငန်းတာဝန်အဖွဲ့အား တာဝန်ယူဆောင်ရွက်စေခဲ့သည်။ (ဇွန်လအတွင်း ဖွဲ့စည်းဆောင်ရွက်စေခဲ့ ခြင်းဖြစ်သည်။)

**(၂) ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရေးနှင့် ဒုက္ခသည်များကို ကူညီစောင့်ရှောက်ရေး**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းထွေး ဦးဆောင်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ် အစိုးရတာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထားသည့်အဖွဲ့ကို တာဝန်ယူဆောင်ရွက်စေခဲ့သည်။ (ဇွန်လအတွင်း ဖွဲ့စည်းဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။)

**(၃) ယင်းအဖွဲ့ ၂ ဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အဆင့် ၃ ဆင့်**

(က) ပထမအဆင့် ။ အကြမ်းဖက်မှုဒဏ် ခံစားနေရသော ပြည်သူများနှင့် ကြောက်ရွံ့မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ပြည်သူများအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ယာယီ ကယ်ဆယ်ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ခ) ဒုတိယအဆင့် ။ ပျက်စီးဆုံးရှုံးမှုများကို စာရင်းပြုစုရန်၊ အရေးပေါ်အခြေအနေတွင် လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများ ဖြည့်တင်းထောက်ပံ့ရန်၊

(ဂ) တတိယအဆင့် ။ ရေရှည် ရပ်တည်နိုင်ပြီး မူလအခြေအနေအတိုင်း ပြန်လည် နေထိုင်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရန်။

**(၄) လတ်တလော ဆောင်ရွက်ချက်**

ရခိုင်ပြည်နယ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်စဉ် (၁/ ၂၀၁၂) ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေ ကြေညာထားပြီး ဖြစ်သည်။ ယင်းအချက်ကြောင့် အောက်ပါအတိုင်း ဆောင်ရွက်လျက် ရှိသည် -

(က) လုံခြုံရေးတပ်ဖွဲ့ဝင် အင်အားတိုးမြှင့်ခြင်း ။ ဆောင်ရွက်ပြီးဖြစ်သည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် နယ်

စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် (နစက) တပ်ဖွဲ့ဝင်များ စသည်တို့ဖြင့် အင်အားလုံလောက်သည် အထိ ဖြည့်တင်းထားပြီးဖြစ်သည်။

(ခ) လုံခြုံရေးအဆင့် တိုးမြှင့်ခြင်း ။ ပဋိပက္ခ ဖြစ်ပွားနိုင်ရာရှိသော ဒေသများကိုစောင့်ကြည့်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကြို တင်နေရာချထားခြင်း၊ လိုအပ်ပါက ပုဒ်မ ၁၄၄ ထုတ်ပြန် ကြေညာခြင်း အစရှိသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထား ပြီးဖြစ်သည်။ လိုအပ်လာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွား ရန် စီစဉ်ထားပြီးဖြစ်သည်။

(ဂ) ဥပဒေစိုးမိုးရေး ဆောင်ရွက်ခြင်း ။ ဥပဒေ ချိုးဖောက်မှုများ၊ အခြေခံလူ့အခွင့်အရေး (နိုင်ငံသားများ၏မူလအခွင့်အရေး) ချိုးဖောက်မှုများ စသည်တို့ကို ဥပဒေနှင့် အညီ ဖော်ထုတ် ဖမ်းဆီးခြင်း၊ အရေးယူခြင်း စသည်တို့ ဆောင်ရွက်နေပြီ ဖြစ်သည်။

## ပထဝီနိုင်ငံရေး (အလယ်အလတ် လုပ်ငန်းစဉ်)

၂၄-၁၀-၂၀၁၂ ရက်နေ့တွင် ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၆) မှ ဦးခင်မောင် လတ်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရခိုင်ပြည်နယ်ဆိုင်ရာ စီမံဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းရှင်းလင်းပြောကြားချက်များမှ ထုတ်နုတ်လိုက်လျှင် ပထဝီနိုင်ငံရေး အရလည်းကောင်း၊ စစ်ရေးလိုအပ်ချက်အရလည်းကောင်း၊ နိုင်ငံတော် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးအတွက်လည်းကောင်း အလယ်အလတ် လုပ်ငန်းစဉ်ကို အောက်ပါအတိုင်း တွေ့ရှိနိုင်သည် -

### (၁) မော်တင်စွန်းမှ နတ်မြစ်ဝအထိ

ရခိုင်ပင်လယ်ပြင် ကို တပ်မတော် (ရေ) က တာဝန်ယူ၍ လုံခြုံရေး

ဆောင်ရွက်လျက်ရှိသည်။

## (၂) အင်္ဂမော်မှ နတ်မြစ်ဝ၊ နတ်မြစ်ဝမှ နယ်နိမိတ်တစ်လျှောက်

နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှု ဌာနချုပ် (နစက) တပ်ဖွဲ့ဝင်များဖြင့် နယ်မြေ ၁၁ ခု၊ စခန်း ၃၂ ခုတို့ဖြင့် ကုန်းပိုင်းဆက်စပ် နယ်နိမိတ်များနှင့် မြစ်ဝ၊ ချောင်းဝများနှင့် ရေပြင်ဆက်စပ်နယ်နိမိတ် များတွင် ကင်းစခန်းများ ထားရှိခြေကုပ်ယူ၍ လုံခြုံရေးဆောင်ရွက်ခြင်း၊ နတ်မြစ်တစ်လျှောက် ရေပြင်ဆက်စပ်နယ်နိမိတ်များတွင် ကင်းလှည့် ရေယာဉ်များဖြင့် လုံခြုံရေးဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက် လျက်ရှိသည်။

## (၃) ရေကြောင်းရဲတပ်ဖွဲ့

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၉–၇–၂၀၁၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့သော ရေကြောင်းရဲတပ်ဖွဲ့နှင့် စပ်လျဉ်း၍ ရေကြောင်းရဲတပ်ဖွဲ့ခွဲတစ်ခုကို ကျောက်ဖြူဆိပ်ကမ်းတွင်လည်းကောင်း၊ ရေကြောင်း ရဲတပ်ဖွဲ့နှစ်ခုကို စစ်တွေနှင့် သံတွဲဆိပ်ကမ်းများတွင်လည်းကောင်း ဖြန့်ခွဲဆောင်ရွက်သွား မည်ဖြစ်သည်။

## (၄) ရဲတပ်ဖွဲ့ဝင် အင်အားတိုးမြှင့်ခြင်း

ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ဖွဲ့စည်း ခြင်း၊ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် ရဲစခန်း ၇၅ ခုအပြင် ရဲစခန်း ၃၀ ခုတို့ကို အသစ်ထပ်မံဖွင့်လှစ်ခြင်းနှင့် ရှိရင်းမူလ ရဲစခန်းရှစ်ခုကို အဆင့်တိုးမြှင့်ခြင်းတို့ စီမံဆောင်ရွက်လျက် ရှိသည်။

## (၅) နယ်စပ်ခြံစည်းရိုး ကာရံခြင်း

နယ်စပ်တစ်လျှောက်တွင် နယ်စပ်ခြံစည်းရိုးများကာရံခြင်းကို မောင်တောမြို့မြောက်ပိုင်းမှစတင်၍ မောင်တောမြို့တောင်ပိုင်း တုံး ချောင်းဝအထိ နယ်စပ်ခြံစည်းရိုး ဆောင်ရွက်ပြီးဖြစ်သည်။ တရားမဝင်

ဝင်ရောက်မှုများ မရှိစေရန်အတွက် ခေတ်မီလုံခြုံရေးစနစ်၊ ထောက်လှမ်းရေးကိရိယာများနှင့် ခေတ်မီဆက်သွယ်ရေးစနစ်များ အသုံးပြု၍ ကာကွယ်နိုင်ရန် စီမံလျက်ရှိသည်။

**(၆) စိစစ်ခြင်းနှင့် စစ်ဆေးခြင်း**

သက်ဆိုင်ရာဌာနများက မြို့နယ်အသီးသီးတွင် ရှောင်တခင် စစ်ဆေးခြင်း၊ ကုန်းလမ်း၊ ရေဆိပ်၊ လေဆိပ်နှင့် ပင်လယ်ကမ်းခြေ ဝင်ပေါက်၊ ထွက်ပေါက် စစ်ဆေးရေးဂိတ်များမှ စစ်ဆေးခြင်း၊ မြစ်ကြောင်းများ၌ ရှောင်တခင်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ခိုးဝင်ခြင်း၊ ခိုးထွက်ခြင်းမရှိစေရန်အတွက်လည်း သက်ဆိုင်ရာဌာနများက ရပ်ကွက်/ကျေးရွာများကို မြေပုံဆွဲခြင်း၊ အဆောက်အအုံမှတ်တမ်းတင်ခြင်း၊ လူဦးရေစာရင်းစစ်ဆေးခြင်း (ဆွဲ/တင်/စစ်) လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိသည်။

**ဒေသဖွံ့ဖြိုးရေး (ရေရှည်လုပ်ငန်းစဉ်)**

အမျိုးသားလွှတ်တော်အတွင်း ရှင်းလင်းတင်ပြချက်များအရ ရခိုင်ပြည်နယ်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသလို နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ဆွေးနွေးတိုင်ပင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ပိုမိုထိရောက်မှုရှိသော အုပ်ချုပ်မှု ယန္တရားတည်ဆောက်ရေး၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပိုမိုပါဝင်လာရေး၊ ဒေသဖွံ့ဖြိုးရေးကို နှစ် ၃၀ အထိ စီမံကိန်းများရေးဆွဲ၍ စနစ်တကျတိုးတက်စေရေး၊ နယ်စပ်ခြံစည်းရိုးတစ်လျှောက် ကွန်ကရစ်ပတ်လမ်းဖောက်လုပ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အသိပညာပေးခြင်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်များပေါ်ထွန်းရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါများလာရေး၊ လူဦးရေတိုးပွားမှုနှုန်း ထိန်းချုပ်ရေး၊ နိုင်ငံသား စိစစ်မှုများ တိကျမှန်ကန်ရေး၊ သုံးနိုင်ငံနယ်စပ်၌ အထူးစီးပွားရေးဇုန်ကြီးများ ဖြစ်ထွန်းပေါ်ပေါက်လာရေး စသည်တို့ကို မျှော်မှန်းဆောင်

ရှက်လျက်ရှိသည်။

ထို့အပြင် ရခိုင်ပဒ္မပက္ကကို စုံစမ်းစစ်ဆေးရေးနှင့် အမျိုးသား အကျိုးစီးပွားတိုးတက်ရန်အတွက် သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ပြီး ယင်းကော်မရှင်သည်လည်း လုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်သည်။ အဆိုပါ ကော်မရှင်၏သုံးသပ်ချက်နှင့် အကြံပြုတင်ပြချက်များအပေါ်မူတည်၍ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးကို အနိုင်အမာ ပြန်လည်တည်ဆောက်ရန်အတွက် အစီအမံများ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည် ဖြစ်သည်။

## နိဂုံး

နိုင်ငံတကာ မီဒီယာများတွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ အပြုသဘောမဆောင်သော ရေးသားဖော်ပြချက်များ အများအပြားတွေ့ရှိနေရသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်ကျော်ကာလအတွင်း ဘင်္ဂါလီလူမျိုးများ၏ သီးခြားနိုင်ငံခွဲထွက်ရေး လှုံ့ဆော်မှုများ၊ နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများသို့ စနစ်တကျ ထိုးဖောက်လှုပ်ရှားမှုများ စသည်တို့အရ ဗီအားတစ်ရပ်ဖြစ်ခဲ့ရသောအခြေအနေသည် လက်ရှိနိုင်ငံတော်သမ္မတကြီးလက်ထက် လွတ်လပ်ပွင့်လင်းသော နိုင်ငံရေးနှင့်အုပ်ချုပ်ရေးစနစ်ကိုပါ လွှမ်းမိုးနေသည့် အနေအထားဖြစ်ကြောင်းတွေ့ရှိရသည်။ အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းအမည်ခံများကလည်း ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်းများ ပြုလုပ်လျက်ရှိရာ အမျိုးသားရေးအတွက် ခြိမ်းခြောက်မှုကြီးတစ်ရပ်ဟူ၍ နိုင်ငံသားများ စိတ်တွင် စွဲနစ်လာခဲ့သည်။

လူနည်းစုပါ ဟူ၍ နိုင်ငံတကာအလယ်တွင် မျက်ရည်ခံထိုး ကြွေးကြော် လှုံ့ဆော်နေကြသူများအနေဖြင့်လည်း သမိုင်းနှင့်ချီပြီး ရှုပ်ထွေးနက်နဲလှသော လက်ရှိပဋိပက္ခကို ပိုမိုကြီးမားမလာစေရန် သတိဖြင့် ဆင်ခြင်သင့်ကြောင်း တွေ့ရှိရသည်။ ကိုလိုနီဘဝ ကျရောက်ခဲ့ဖူးသော အာရှနိုင်ငံတိုင်းတွင် အတိတ်မှ အရိပ်မည်းကြီးများ အမြဲအုပ်မိုးနေသလို အမျိုးသားရေးစိတ်ဓာတ်သည် အချိန်အခါ သင့်တိုင်း အဆင်သင့်ရှိနေတတ်သော သဘောသဘာဝကို သတိပြုရန်လိုအပ်သည်။ အလားတူ အမျိုးသား

ရေးတွင်လည်း သန်း ၆၀ အနာဂတ်ကို ထိခိုက်နစ်နာစေနိုင်သော လှုံ့ဆော်မှုများ သတိဖြင့်ရှောင်ရှားကြရန် လိုအပ်မည်ဖြစ်သည်။ မြန်မာ့နွေဦး ပုံရိပ်သည် ရခိုင်ပြည်နယ် အရိပ်မည်းကြောင့် ညှိုးနွမ်းမသွားစေရန်လည်း ပါဝင်ပတ်သက်နေသူ အားလုံး၏ အမြော်အမြင်က အဓိကကျနေကြောင်း တွေ့ရှိရသည်။

နိုင်ငံတော် သမ္မတရုံးက ထုတ်ပြန်သော သတင်းထုတ်ပြန်ချက် (၁/ ၂၀၁၂) နှင့် (၂/ ၂၀၁၂) တို့တွင် လက်ရှိအခြေအနေကို ခြုံငုံဖော်ပြလျက်ရှိသလို **Rule of Law** ကို အလေးထားဆောင်ရွက်သွားမည့် နိုင်ငံတော်သမ္မတကြီး၏ လုပ်ငန်းစဉ်ကိုလည်း တွေ့မြင်နိုင်သည်။ အဆိုပါကြေညာချက်များတွင် ထုတ်ပြန်ထားသည့်အတိုင်း ပဋိပက္ခများကို ဖြေရှင်းရာ၌ နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးရရှိစေမည့် နည်းလမ်းများကို ရွေးချယ်ပြီး ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာနှင့် ဉာဏ်ပညာအမြော်အမြင်ရှိစွာဖြင့် ဖြေရှင်းသွားကြရန် လိုအပ်မည် ဖြစ်သလို ကမ္ဘာ့အလယ်တွင် နိုင်ငံတော်၏ဂုဏ်သိက္ခာကို မထိခိုက် မညှိုးနွမ်းစေရေးအတွက် နိုင်ငံတော်ကို ချစ်မြတ်နိုးသူ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ကလည်း ငြိမ်းချမ်းစွာဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

အထူးသဖြင့် သွေးဆူလွယ်သော ပဋိပက္ခကို ဦးတည်သော အမျိုးသားရေးကို သတိဖြင့် ဆင်ခြင်လျက်၊ ရင့်ကျက်ပြီး အထက်တန်းကျသော အမျိုးသားရေးကို ရှေးရှု ဦးတည်ကြပါမည့်အကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

❑

## မြန်မာ့နွေဦး၊ စိန်ခေါ်မှုများနှင့် ဒုတိယလှိုင်း

### မြန်မာ့နွေဦး နိဒါန်းအစ

နိုင်ငံတော်သမ္မတကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံအောက်မှ တွေ့ဆုံပွဲသည်ပင် မြန်မာ့နွေဦးနိဒါန်းဖြစ်ကြောင်း အချို့က ဆိုကြသည်။ အချို့ကလည်း နိုင်ငံတော်သမ္မတကြီး၏ ရာထူးလက်ခံ ကတိသစ္စာပြုပွဲသည်ပင် မြန်မာ့နွေဦးနိဒါန်းဟု ပြောကြသည်။ မည်သို့ပင် သတ်မှတ်ကြသည်ဖြစ်စေ မြန်မာ့နွေဦးသည်ကား မှုရစ်မှုးတို့ တဝေဝေဖြစ်နေသည်မှာ နိုင်ငံတကာမှ လက်ခံထားသော အမှန်တရားဟုဆိုက မှားမည်မထင်ပေ။ ကမ္ဘောဒီးယားနိုင်ငံ၌ ပြောကြားခဲ့သော သမ္မတကြီး၏မိန့်ခွန်းတွင် မြေလှမ်းတိုင်းကို သတိကြီးကြီးထားပြီး လှမ်းနေရသည်။ အကြောင်းရင်းမှာ ဒီမိုကရက်တစ်အတွေ့အကြုံများ အားနည်းခဲ့ခြင်းကြောင့် မြန်မာ့ဒီမိုကရက်တိုက်စားရင်းတွင် အမှားမခံနိုင်ဟူသော သဘောမျိုး ပြောကြားသွားခဲ့သည်ကို တွေ့ရှိရသည်။ မှန်ပါသည်။ မြန်မာ့နွေဦးသည် မြန်မာ့နွေဦးသာဖြစ်၍ ဆောင်းလက်မည်းကြီး၏ ဖုံးအုပ်မှုကို မခံရစေရေးသည်ပင် နိုင်ငံတည်ဆောက်ရေးဖြစ်ပေလိမ့်မည်။

နွေဦးကို စိန်ခေါ်နိုင်သော အကြောင်းအချက်များများမရှိသလို နွေဦးမြေလှမ်းကို နောက်ပြန်လန်ကျသွားစေနိုင်သော ရိုက်ခတ်ချက်များ

လည်း လက်ချိုးရေ၍ရနိုင်ပေသည်။ သို့သော် ဆိုခဲ့ပါ ပုရစ်ဖူးတို့ ဓားဓား၊ ရွက်နုတို့ စိမ်းနုစ နေ့ဦးပုံရိပ်တွင် အလှတရားတို့ ဆင်မြန်းနိုင်ရန်အတွက် ပါဝင်ကြကုန်သော Stakeholder များ၏ ရင့်ကျက်မှုရေချိန်တို့မှာ အဓိကအကြောင်းတရား ဖြစ်နေသည်။ စွမ်းရည်မြှင့်တင်ရေးဟူသော စိန်ခေါ်မှုနှင့် အနာဂတ်အိပ်မက်များအကြား အချိန်ခွဲဝေရရှိမှု မလုံလောက်သော အကြောင်းရင်းခံများကြောင့် ဦးစားပေးနယ်ပယ်အလိုက် တွန်းတင်မှု ရမည်ဟူသော သဘောတရားတစ်ခုသည်လည်း မြန်မာနိုင်ငံဆိုင်ရာ စိတ်ဝင်စားသူများအတွက် ပုစ္ဆာတစ်ပုဒ်သဖွယ် ဖြစ်လာနေသည်။

## နေ့ဦးကို စိန်ခေါ်မည့်သူများ

မြန်မာ့နေ့ဦးကို လေ့လာကြည့်လျှင် နေ့ဦးကို စိန်ခေါ်မည့်သူအတော်များများမှာ External factor များဖြစ်နေသလို နိုင်ငံတော်သမ္မတကြီး တရားဝင်ထုတ်ပြန်ကြေညာထားသည့် ပြုပြင်ပြောင်းလဲရေး ဒုတိယလှိုင်း၏ အရှိန်အဟုန်သည်လည်း အရေးကြီးသည်ဟု အတော်များများက လက်ခံထားကြသည်။ ဒုတိယလှိုင်းသည် ဆိုခဲ့ပါစိန်ခေါ်မှုများကို အံတုရင်ဆိုင်ရပေလိမ့်မည်။ ဒုတိယလှိုင်းသည် နောင်တွင် ကြုံလာမည့် အတားအဆီးများကို ကျော်ဖြတ်ရပေလိမ့်မည်။ ဒုတိယလှိုင်းသည် အနာဂတ်ကို လွှမ်းခြုံနိုင်သော စွမ်းရည်များ တည်ဆောက်ပေးရပေလိမ့်မည်။ အချုပ်ဆိုရလျှင် ဒုတိယလှိုင်းသည်ပင် ပြည်သူများ၏ မျှော်လင့်အိပ်မက်များဖြစ်လာနေသည်ကို တွေ့ရှိနိုင်သည်။

ဗျူရိုကရေစီယန္တရားမှ ကြိုးနီနီများ၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်နောက်ပြန်ရေး နှစ်ခုအကြားမှ စိတ်ဓာတ်နှင့်ခံယူချက်များ၊ ဒီမိုကရေစီနှင့် ဥပဒေစိုးမိုးရေးနှစ်ခုအကြားမှ ရိုန်ခွင်လျှာများ၊ ထာဝရငြိမ်းချမ်းသို့ ချီရာလမ်းတစ်လျှောက်ရှိ အခုအခံ အဟန့်အတားများ၊ မဏ္ဍိုင်များအချင်းချင်း စဉ်ဆက်မပြတ် ထူထောင်တည်ဆောက်သွားရမည့် နားလည်မှုနှင့် ယုံကြည်မှုများ၊ ပါဝင်ပတ်သက်သူအားလုံးအတွက် အရေးကြီးလှသော ဘုံအကျိုးစီးပွားများ၊ ပွင့်လင်းမှုနှင့် ခေတ်မီမှုတို့၌ ကြုံတွေ့လေ့ရှိသော စည်းခြားရေးပြဿနာများ အစရှိသည့် အစွန်းထွက်တန်ဖိုးများကို ဒုတိယ

လိုင်းက ဖြတ်ကျော်နိုင်စွမ်းရှိပါလိမ့်မည်။ အကြောင်းရင်းမှာ ဒုတိယလိုင်းဟူ၍ ဖွင့်လှစ်လိုက်ကတည်းက ယင်းအခက်အခဲများကို အောင်မြင်စွာ ဖြေရှင်းနိုင်ရန် ရည်ရွယ်ထားသောကြောင့်ဖြစ်သည်။

သို့သော် ဒုတိယလိုင်းအတွက် အဓိကစိန်ခေါ်မှုမှာ ခေတ်မီရေးသို့ ဦးတည်လျှောက်လှမ်းရာ၌ အရေးကြီးလှသော စီးပွားရေးမဏ္ဍိုင် သိသိသာသာ မြင့်တက်လာရေးအတွက် ဖြစ်ပေါ်နေသော အတားအဆီးများ ဖယ်ရှားနိုင်ရေးပင် ဖြစ်ပေလိမ့်မည်။ အချို့သော နိုင်ငံရေးသမားများ ထောက်ပြဝေဖန်မှုပြုနေသည့် **Internal Sanction** များကို ဒုတိယလိုင်းက ဝါးမျိုဖုံးအုပ် ရှင်းလင်းပေးနိုင်မည်ဖြစ်သော်လည်း **Extenal Sanction** များကိုမူ ဒုတိယလိုင်းက အပြီးတိုင်ဖယ်ရှားနိုင်ရန် မလွယ်ကူသောကြောင့်ဖြစ်သည်။ ခြေလှမ်းတိုင်းကို ခြေလှမ်းတိုင်းနှင့် တုံ့ပြန်မည်ဟူသော အမေရိကန်ပြည်ထောင်စု၏ ကတိကဝတ်သည် ရှုပ်ထွေးနက်နဲလှသော၊ နိုင်ငံရေးတိုက်ကွက်များနှင့် ပြည့်လျှမ်းနေသော ကွန်ဂရက်အသိုင်းအဝိုင်းကို အလုံးစုံအောင်နိုင်ရန် ခက်ခဲလှသော အခြေအနေများလည်း ရှိနေပေသည်။

## ရိုးရှင်းသော ပုံကိုင်ရှင်

နိုင်ငံတော်သမ္မတကြီး၏ ပြည်ထောင်စုလွှတ်တော် မိန့်ခွန်းပါအတိုင်း ပရိယာယ်မပါ ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးရှင်းရှင်း ဒိုင်ဘာလော့ခ် ဖြုတ်လုပ်သွားမည့် စိတ်ဓာတ်သည်ပင် တူသောအကျိုးပေးနေသည့်အနေအထားအဖြစ် ရှုမြင်ရသည်။ အတွေးရှင်းသောကြောင့် အလုပ်ရှင်းရသည့် သဘောသည် ပွင့်လင်းရေးခေတ်တစ်ခေတ်တွင် အံဝင်ခွင်ကျဖြစ်နေခြင်း၏ အကြောင်းရင်းဟုလည်း ဆိုနိုင်ပါလိမ့်မည်။ ဒုတိယလိုင်း၏ပုံကိုင်ရှင်သည် ရိုးရိုးကျင့် မြင့်မြင့်ကြံဟူသော ဆိုရိုးအတိုင်း ရိုးရိုးရှင်းရှင်း ပြုမူဆောင်ရွက်ခဲ့သော်လည်း မြင့်မြင့်မားမား ကြံစည်မျှော်မှန်းသည်မှာ ပုဂ္ဂိုလ်ရေး အကျိုးစီးပွားများမပါဘဲ နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် ဖြစ်နေသည်မှာ မြန်မာ့ရှေ့ဦး၏ ကံကောင်းမှုတစ်ရပ်ပင် ဖြစ်ပါလိမ့်မည်။

နယူးယောက်၌ အသစ်ဖွင့်လှစ်သော ရှော့ပင်းမောလ်များ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ချုပ်လုပ်သည်၊ ဗီယက်နမ်နိုင်ငံတွင် ပြုလုပ်သည်

အစရှိသည့် တံဆိပ်ကလေးများ တပ်ဆင်ထားသော အဝတ်အထည်များ စွာ တွေ့မြင်ခဲ့ရသော်လည်း မြန်မာနိုင်ငံတွင် ပြုလုပ်သည်ဟူသော တံဆိပ်ကလေးများ တပ်ဆင်ထားသော အဝတ်အထည်များ မြင်တွေ့ရခြင်းမရှိသည့်အပေါ် အတွေးမျှင်တန်းမိသည်။ မြန်မာနိုင်ငံတွင် ပြုလုပ်သည်ဟူသော တံဆိပ်တပ်အကျီ၊ ဘောင်းဘီများ၏နောက်ကွယ်တွင် တရုန်းရုန်းနှင့် ချုပ်လုပ်နေကြသော အထည်ချုပ်စက်ရုံများစွာ၊ မြန်မာ အလုပ်သမားများစွာ၊ ယင်းတို့၏ မိသားစုဝင်များစွာ မြင်တွေ့ရပါလိမ့်မည်။ လွန်လေပြီးသော အတိတ်ကာလတစ်ခု၌ အထည်ချုပ် စက်ရုံပေါင်း ရာနှင့်ချီ၍ ပေါ်ပေါက်ခဲ့သလို ဆယ်စုနှစ်မပြည့်မီမှာပင် ရာနှင့်ချီသော အထည်ချုပ်စက်ရုံများ နိဂုံးတံခဲ့ရသည်။ အမိကနှစ်နာဆုံးရှုံးရသူများမှာ အားနည်းသူ ပြည်သူများသာဖြစ်သည်။ ပြောရလျှင် အထည်ချုပ်စက်ရုံ၌ ဝင်ရောက်လုပ်ကိုင်ပြီး မိသားစုစမ်းရေးအတွက် ပြေလည်အောင် ဖြေရှင်းခဲ့ကြသည့်သူတို့တွင် အပြစ်မရှိပါ။ ဝေဖန်တိုက်ခိုက်နေကြသူများ ပြောကြားခဲ့ကြသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို သူတို့ ကျူးလွန်ခြင်းမရှိခဲ့ပါ။ သူတို့သည် လူသားပီပီ ရှင်သန်ရပ်တည်ရေး၊ စားဝတ်နေရေး အတွက် ထွက်ပေါ်လာသော အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းကြောင့် အပြစ်ရှိသည်ဟု ယူဆခဲ့ပါလျှင် သူတို့အတွက် တရားမျှတမှု၊ အခွင့်အရေးရပိုင်ခွင့်များ မည်သူတို့က ဆောင်ကြဉ်းပေးပါမည်နည်း။ အရပ်ရပ် လုပ်ငန်းခွင်များသို့ စိတ်ပျက်လက်ပျက် ပြောင်းရွှေ့လုပ်ကိုင်ခဲ့ရသော သူတို့နှင့် သူတို့လို ပြည်သူများ အများအပြားရှိနေပြီး ယင်းတို့ မျှော်လင့်ချက်များ တဖြည်းဖြည်းချင်း မှေးမှိန်ပျောက်ကွယ်နေခြင်းကို နိုင်ငံတကာမှ သက်ဆိုင်သူများ သိမြင်နိုင်ခဲ့ပါလျှင် လူသားချင်း စာနာထောက်ထားမှုဟူသောအသံများ ကျယ်လောင်လာပါလိမ့်မည်။

မြန်မာ့ရွှေဦးသည် ဤသည်ကို မျှော်လင့်ဆောင်ရွက်ခဲ့ခြင်း မဟုတ်သော်လည်း မြန်မာ့ရွှေဦးကြောင့် ဤသည်ကို မျှော်လင့်လာခဲ့ကြသော ပြည်သူများကို အဆိုးမဆိုသာ။ ၎င်းတို့သာမက အရပ်ရပ်နယ်ပယ်အစုံမှ နိုင်ငံသားများသည် မြန်မာ့ရွှေဦးကြောင့် မျှော်လင့်အိပ်မက်များ ကြီးမားခဲ့ကြသည်။ မြန်မာ့ရွှေဦးအပေါ်တွင်လည်း မြင့်မြင့်မားမား မျှော်လင့်ထား

ကြသည်မှာလည်း အမှန်ပင်ဖြစ်သည်။ အပြောင်းအလဲများ တွေ့မြင်လာသောအခါ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အပြောင်းအလဲကို ဦးအားပေးတွန်းတင်နေသည်ကို မြင်တွေ့လာရသောအခါ စိတ်ကူးမျှော်လင့်ချက်များ ကြီးမားလာသည်မှာလည်း ဓမ္မတာပင်ဖြစ်နေသည်။

## အပြောင်းအလဲအတွက် မြန်မာ့နွေဦးကို လိုအပ်ပါသည်

ပြည်သူလူထုမှ အပြောင်းအလဲအတွက် မြန်မာ့နွေဦးကို အလိုရှိကြသလို မြန်မာ့နွေဦးအနေဖြင့်လည်း အပြောင်းအလဲအတွက် Stakeholder အားလုံးကို လိုအပ်သည်၊ အမြော်အမြင်နှင့် ရင့်ကျက်မှုများ လိုအပ်သည်၊ ရေတိုမကြည့်သော ရေရှည်မဟာဗျူဟာအမြင်များလိုအပ်သည်၊ စည်းလုံးညီညွတ်ပြီး ဆင်ခြင်ဉာဏ်မြင့်မားသော အရပ်ဘက်လူ့အဖွဲ့အစည်းကို လိုအပ်သည်၊ ရှင်းရှင်းဆိုရလျှင် အပြောင်းအလဲအတွက် ပြည်သူလူထုအားကို လိုအပ်နေပေသည်။

နိုင်ငံတော်သမ္မတကြီး ခင်းသည့်လမ်းသည် သက်ဆိုင်သူအကုန်လုံး အနိုင်ရရှိစေမည့် Win for All ဖြစ်သောကြောင့်လည်း မြန်မာ့နွေဦးဟူ၍ အသံပြည်လာခြင်းဖြစ်သည်။ ယခုလက်ရှိကာလသည် နောက်လာမည့် ဆယ်စုနှစ်အတွင်း မြန်မာ့ဒီမိုကရေစီ၊ မြန်မာ့စီးပွားရေး မည်သည့်အဆင့်၊ မည်သည့်ရေပကားထစ်သို့ ရောက်ရှိမည်ကို အဆုံးအဖြတ်ပေးမည်ဖြစ်သောကြောင့် မြန်မာ့နွေဦး၏ ပစ္စုပ္ပန်သည်ပင်လျှင် မြန်မာနိုင်ငံအနာဂတ်၏ မနက်ဖြန်ကို ပုံဖော်ပေးပါလိမ့်မည်။

မြန်မာ့နွေဦး အသက်ရှည်ရေး၊ တစ်နည်းအားဖြင့် ဒီမိုကရေစီပြောင်းလဲမှုများ ခိုင်မာသည်ထက် ခိုင်မာရေးသည် ဘုံအကျိုးစီးပွားကို အမှန်တကယ် ရှေ့တန်းတင်သော လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများ ထွက်ပေါ်လာခြင်း ရှိ မရှိအပေါ်တွင် မူတည်နေသည်။ ရင်တမမ မြန်မာ့နွေဦးကို မြန်မာပြည်သူများ မရှုနိုင်သလို နိုင်ငံတကာဒီမိုကရေစီချန်ပီယံများကလည်း ရှုမြင်လိုမည်မထင်ပေ။ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေး တစ်လမ်းလမ်းကို ရွေးခဲ့ကြသော နိုင်ငံရေးအတွေးအခေါ်ဟောင်းများကို နောက်ချန်ထား၍ မြန်မာ့နွေဦးသည် ဒီမိုကရေစီကိုရော ဖွံ့ဖြိုးတိုးတက်

ရေးကိုပါ ခွန်တွဲဆောင်ကြဉ်းနိုင်ရန် ဦးတည်နေခြင်းဖြစ်သည်။ အနာဂတ်မျိုးဆက်သစ်များအတွက် ခိုင်မာသော ဒီမိုကရေစီနှင့် ခိုင်မာသော ဖွံ့ဖြိုးတိုးတက်ရေးတို့ အမြေချန်ရစ်ထားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတကြီးပုံဖော်တည်ဆောက်မည့် ဒုတိယလှိုင်းကို အားဖြည့်ပေးရန် လိုပါမည်။ မျှော်မှန်းမှသာ အရပ်ရပ်နှင့် အရပ်ဘက် လူ့အဖွဲ့အစည်းပေါင်းစုံသာမက နိုင်ငံတကာမိတ်ဆွေများလည်း ကူညီတွန်းအားပေးကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုက်ရပေသည်။

❑

## တတိယနည်းလမ်း သို့မဟုတ် သမ္မတလက်မှတ်ရေးထိုးခြင်း မပြုသော ထုတ်ပြန်ကြေညာချက်

### နိဒါန်း

အမေရိကန်ပြည်ထောင်စု၌ ဥပဒေများ ထုတ်ပြန်ကြေညာရာတွင် အမေရိကန်သမ္မတများသည် Signing Statement နှင့် Non-signing Statement တို့ကိုပါ ကျင့်သုံးဆောင်ရွက်လေ့ရှိကြောင်း တွေ့ရှိရသည်။ Signing Statement ဟူသည်မှာ ဥပဒေကြမ်းတစ်ခုအား လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ချိန်တွင် ယင်းဥပဒေနှင့်စပ်လျဉ်း၍ သမ္မတ၏ သဘောထားအား စာဖြင့်ရေးသား ကြေညာချက်ဖြစ်သည်။ Non-signing Statement ဟူသည်မှာ ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်ကို ဗီတိုကျင့်သုံးခြင်း၊ လက်မှတ်ရေးထိုးခြင်းမပြုဘဲ ဥပဒေ ဖြစ်လာသည့်အခါ ယင်းဥပဒေကြမ်းအား သမ္မတက လက်မှတ်ရေးထိုးရန် ငြင်းဆိုရသည့် အကြောင်းရင်းကို ဖော်ပြသည့်ကြေညာချက်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် Signing Statement များကို သမ္မတ ဂျိန်းမွန်ရိုး လက်ထက်မှစတင်၍ ထုတ်ပြန်ခဲ့ကြောင်းလည်း တွေ့ရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဘုရင်စနစ်ကျင့်သုံးသည့် ဗြိတိန်နိုင်ငံတွင် ဥပဒေပြုခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကို ပါလီမန်နှင့် တော်ဝင်မျိုးနွယ်ဘုရင်၊

ဘုရင်မ Royal တို့ထံတွင် အပ်နှင်းထားပြီး ပါလီမန်က အတည်ပြုလိုက်သည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဘုရင်/ဘုရင်မသည် အငြင်းပွားဖွယ်ရာအခြေအနေမှလွဲ၍ သဘောတူညီမှုကို ပယ်ချရန်မရှိကြောင်း တွေ့ရှိရသည်။ ၁၉၉၉ ခုနှစ်တွင် ဘုရင်မအဲလိဇဘက်သည် **Military Action Against Iraq Bill** ကို လက်မှတ်ရေးထိုးရန် ငြင်းပယ်ခဲ့ကြောင်း ပြန်ပြောင်း တွေ့ရှိနိုင်သည်။ အိန္ဒိယနိုင်ငံတွင် ဥပဒေကြမ်းအတည်ပြုရန် သမ္မတထံတင်ပြရမည်ဖြစ်ပြီး သမ္မတက ယင်းဥပဒေကြမ်းကို သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်းကြေညာရသည်။ အိန္ဒိယ အခြေခံဥပဒေတွင် သမ္မတအား ဗီတိုအာဏာ အပ်နှင်းထားခြင်းမရှိသော်လည်း စာတိုက်ဥပဒေကို သမ္မတက လက်မှတ်ရေးထိုးခြင်းမပြုခဲ့သဖြင့် ယင်းဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင် အစိုးရက ရုပ်သိမ်းခဲ့ကြောင်း တွေ့ရှိရသည်။

**Signing Statement တို့၏ ရာဇဝင်**

သမ္မတဂျော့ဒဗလျူဘုရှ်လက်ထက်တွင် ၂၀၀၅ ခုနှစ်က **Signing Statement** ထုတ်ပြန်ခဲ့ရာ၌ အမေရိကန်စစ်သေနာပတိချုပ်တာဝန်၊ ပြည်ထောင်စု၏ အထွတ်အထိပ်ဖြစ်သည့် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖော်ပြလျက် လက်မှတ်ရေးထိုးခြင်း သက်သက်သာ ဖြစ်သည်ဟူ၍ ထည့်သွင်းဖော်ပြခဲ့သည်။ အိုဘားမား၏ ပထမသက်တမ်း အစောပိုင်းကာလများတွင် သမ္မတဂျော့ဘုရှ်ကဲ့သို့ ဆောင်ရွက်မည်မဟုတ်ဘဲ ဥပဒေပြုရေးတွင် ပါတီကြီးနှစ်ရပ်စလုံး၏သဘောတူညီချက်၊ သမ္မတ၏ ထောက်ခံမှုတို့ဖြင့် ဆောင်ရွက်သွားရန် ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော်လည်း အိုဘားမားသည် **Signing Statement** အား ၂၀၀၉ ခုနှစ်တွင် ခုနစ်ကြိမ်၊ ၂၀၁၀ ပြည့်နှစ်တွင် ငါးကြိမ်၊ ၂၀၁၁ ခုနှစ်တွင် ခြောက်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် နှစ်ကြိမ် ထုတ်ပြန်ခဲ့ရာ စုစုပေါင်း ၂၁ ကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရသည်။ ဤနေရာတွင် သမ္မတအိုဘားမားသည် အမေရိကန်သမ္မတများတွင် **Signing Statement** ထုတ်ပြန်မှုအကြိမ်ရေ အနည်းဆုံးဖြစ်နေသည်မှာ ယင်း၏ကတိပေးထား

မှုကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။

အမေရိကန်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေတွင် Signing Statement ကိုအသုံးပြုရန် သမ္မတအား လုပ်ပိုင်ခွင့်ပေးထားခြင်း မရှိသလို သမ္မတလက်မှတ်ရေးထိုးခြင်းမရှိသောဥပဒေ Non-Signing Law သို့မဟုတ် ယင်းဥပဒေ၏အစိတ်အပိုင်းကို လိုက်နာခြင်းပြုမည်မဟုတ်ဟု ကြေညာခွင့်လည်း ပေးထားခြင်းမရှိပါ။ သမ္မတ၏ Signing Statement ကို ပြည်ထောင်စုမှတ်ပုံတင် Federal Register တွင် ပုံနှိပ်ဖော်ပြသော်လည်း ယင်းတို့မှာ ဥပဒေအရ စည်းနှောင်မှုမရှိပါ။ သို့သော် လက်တွေ့နယ်ပယ်တွင် Signing Statement သည် သမ္မတက ဥပဒေတစ်ရပ်ကို အကောင်အထည် ဖော်ဆောင်ရွက်ရန် ရည်ရွယ်သည့်လမ်းစဉ်ကို အသိပေးခြင်းဖြစ်၍ ဥပဒေထက် ပိုမိုအရေးပါသောအချက်လည်း ဖြစ်လာနိုင်သည်။

အမေရိကန်ပြည်ထောင်စု၏ Signing Statement ရော Non-Signing Statement ပါ လေ့လာကြည့်လျှင် ယင်းကြေညာချက်များ ထုတ်ပြန်ရခြင်း၏ အရင်းခံအကြောင်းတရားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်သည့် ပြဋ္ဌာန်းချက်များ ပါဝင်နေခြင်းကြောင့်သာဖြစ်ကြောင်း တွေ့ရှိရသည်။ အမေရိကန်သမ္မတများသည် အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ကျမ်းသစ္စာပြုထားကြသူများဖြစ်၍ လက်မှတ်ရေးထိုးရန် ကွန်ဂရက်မှတင်ပြလာသော ဥပဒေကြမ်းများကို စိစစ်ရာ၌ အခြေခံဥပဒေနှင့် မညီညွတ်ဟု ထင်မြင်ယူဆနိုင်သောပြဋ္ဌာန်းချက်များ ပါဝင်လာခဲ့ပါက မညီမှန်းသိလျက်နှင့် လက်မှတ်ရေးထိုးခဲ့လျှင် ကျမ်းသစ္စာကျိန်ဆိုထားချက်ကို ဖောက်ဖျက်ရာရောက်စေမည်ဖြစ်သည်။ ထို့ကြောင့် ကျမ်းကျိန်ထားသော ကတိသစ္စာပြုချက်အရ အခြေခံဥပဒေနှင့်မညီဟု ယူဆထားသော ဥပဒေကြမ်းများကို လက်မှတ်ရေးထိုးရာတွင် များစွာစဉ်းစားသုံးသပ်ပြီး Signing Statement နှင့် Non-Signing Statement များ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ဤသည်ကို အမေရိကန်ဥပဒေပညာရှင်များက တတိယနည်းလမ်း The Third Way ဟု အမည်ပေးခေါ်တွင်ထားကြောင်း တွေ့ရှိရသည်။

ဥပဒေကြောင်းအရကြည့်မည်ဆိုလျှင် သမ္မတသည် အခြေခံဥပဒေ

နှင့် မညီညွတ်သောဥပဒေကြမ်းများကို လက်မှတ်ရေးထိုးခဲ့ပါက အခြေခံဥပဒေကို မလိုက်နာဘဲ ချိုးဖောက်သည့် အနေအထားသို့ ရောက်ရှိစေမည်ဖြစ်ရာ လက်မှတ်မထိုးဘဲ Statement ထုတ်ပြန်ခြင်းက သင့်လျော်သည်ဟူ၍ ဥပဒေပညာရှင်အချို့က ဆိုသည်။ အခြားသော ဥပဒေပညာရှင်များကလည်း သမ္မတ၏ရပ်တည်ချက်များဖြစ်၍ ကွန်ဂရက်က အလေးထားစဉ်းစားသင့်သည်။ သမ္မတ၏ ထုတ်ပြန်ကြေညာချက်သည် ဥပဒေ၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းသင့်သည် ဟူသည်ဖြင့် ရပ်တည်ခဲ့ကြကြောင်း တွေ့ရှိရသည်။ အခြားသောဥပဒေပညာရှင်များကလည်း ဥပဒေပြုရေးအာဏာသည် ကွန်ဂရက်၌သာတည်၍ Separation of Power သဘောတရားအရ ဥပဒေ၏ အစိတ်အပိုင်း မဖြစ်သင့်ဟု ဆိုကြပြန်သည်။ အဆိုပါအငြင်းအခုံသည် သမ္မတဘုရှ်လက်ထက်တွင် ပိုမိုပြင်းထန်လာခဲ့ရာ American Bar Association က အထူးလုပ်ငန်းအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းကာ သုတေသန ပြုလုပ်ရသည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့ရသည်။

## အပြန်အလှန် လေးစားမှုသည်သာ

American Bar Association က ဖွဲ့စည်းပေးသော လေ့လာသုံးသပ်ရေး အထူးလုပ်ငန်းအဖွဲ့သည် သမ္မတနှင့် ကွန်ဂရက်အကြား ဥပဒေပြုရေးနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်ခဲ့သော သဘောထားကွဲလွဲမှုများ၊ အငြင်းပွားမှုများအား လေ့လာဆန်းစစ်ခဲ့ကြသည်။ ယင်းအထူးအဖွဲ့၏ အစီရင်ခံစာနှင့် အကြံပြုချက်များကို ၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်းက ကျင်းပပြုလုပ်ခဲ့သော ကွန်ဂရက်၌ တညီတညွတ်တည်း ထောက်ခံခဲ့ကြောင်း တွေ့ရှိရသည်။

အခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု သမ္မတက ထင်မြင်ယူဆသော ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခြင်းအားဖြင့် သမ္မတသည် အခြေခံဥပဒေကို ချိုးဖောက်ရာ ရောက်–မရောက်၊ အခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ထင်မြင်ယူဆနိုင်ဖွယ်ရာရှိသော ဥပဒေကြမ်းကို ကွန်ဂရက်က အတည်ပြုခြင်းအားဖြင့် ကွန်ဂရက်သည် အခြေခံဥပဒေကို ချိုးဖောက်ရာ ရောက်–မရောက် (ကွန်ဂရက်သည်လည်း အခြေခံဥပဒေကို ထိန်းသိမ်း

ကာကွယ်လေးစားလိုက်နာရန် ကျိန်ဆိုထားသူများ ဖြစ်သည်) စသည်တို့ ကို အလေးစိတ်လေ့လာသုံးသပ်ခဲ့ကြခြင်းဖြစ်သည်။ ဥပဒေများကို အနက် အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် Letters of Law ကိုသာမက Spirit of Law ကိုပါ ထည့်သွင်းစဉ်းစားသုံးသပ်မှ ပြည့်စုံနိုင်သည်ဖြစ်သလို ကွန်ဂရက် က အခြေခံဥပဒေနှင့်ညီညွတ်သည်ဟု ဆုံးဖြတ်လက်ခံရုံမျှဖြင့် အခြေခံ ဥပဒေနှင့် ညီသည်ဟု မှတ်ယူ၍ မရနိုင်ကြောင်းလည်း တွေ့ရှိခဲ့ကြသည်။ ဘားကောင်စီမှ ဥပဒေပညာရှင်များသည် သမ္မတဘက်တွင်လည်းကောင်း၊ ကွန်ဂရက်ဘက်တွင်လည်းကောင်း အလေးသာ လိုက်ပါခြင်းမရှိဘဲ အခြေ ခံဥပဒေအပေါ်တွင်သာ ရပ်တည်၍ ဆောင်ရွက်ခဲ့ကြသည်။

နောက်ဆုံးတွင် ဥပဒေပညာရှင်များသည် အမေရိကန်သမ္မတအား အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန် တိုက်တွန်းခဲ့ကြသည် -

(၁) ကွန်ဂရက်၌ တင်ထားသော ဥပဒေကြမ်း သို့မဟုတ် ယင်း ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်တစ်ခုသည် ဥပဒေအဖြစ် ထုတ် ပြန်လျှင် အခြေခံဥပဒေနှင့် ကိုက်ညီမည်မဟုတ်ဟု သမ္မတ က ယုံကြည်လျှင် ဥပဒေမပြဋ္ဌာန်းမီ ကွန်ဂရက်နှင့် ဆက် သွယ်၍ အသိပေးရန်၊

(၂) ဥပဒေကြမ်း၏ အဓိပ္ပာယ်၊ ရည်ရွယ်ချက်၊ အရေးပါမှုနှင့် သက်ဆိုင်သော သမ္မတ၏ အမြင်ကိုဖော်ပြပြီး ကန့်ကွက် ချက်နှင့်အတူ ကွန်ဂရက်သို့ ပြန်လည်ပေးပို့သည့် ဗီတို အာဏာကို အသုံးပြုရန်၊

အထက်ပါနည်းလမ်းအတိုင်းမဟုတ်ဘဲ Signing Statement နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း သမ္မတကဆောင်ရွက်ခဲ့ပါက သမ္မတ လိုလားသည့်အတိုင်း ဥပဒေပြဋ္ဌာန်းပေးရန် ကွန်ဂရက်သို့ တိုက်တွန်းခဲ့ ကြောင်း တွေ့ရှိရသည် -

(၁) **Signing Statement** ၏ တရားဝင်မိတ္တူကို ကွန်ဂရက်သို့ သမ္မတက ချက်ချင်းတင်ပြခြင်း၊

(၂) **Signing Statement** ပါ ရည်ရွယ်ချက်အတွက် အကြောင်း ပြချက်နှင့် ကိုးကားသည့်ဥပဒေတို့ကို သမ္မတက ကွန်ဂရက်

သို့ တင်ပြလာခြင်း၊

(၃) ကွန်ဂရက်၏ ရှင်းလင်းသော ရည်ရွယ်ချက်နှင့် ကိုက်ညီသည့်နည်းလမ်းဖြင့် ဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(၄) အထက်ပါဆောင်ရွက်ချက်ကို ပြည်သူအများ အလွယ်တကူ သိရှိနိုင်ရန် ဆောင်ရွက်ခြင်း။

ဆိုလိုသည့် သဘောမှာ သမ္မတက အခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိဟု ထင်မြင်ယူဆချက်ကို ကြိုတင်အသိပေးလာလျှင်၊ ဗီတိုအာဏာကို အသုံးပြုလျှင်၊ **Signing Statement** အား ချက်ချင်းတင်ပြလာလျှင် သမ္မတ၏ လိုလားချက်အတိုင်း ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း တွေ့ရှိရသည်။

## Rule of Law နှင့် အခြေခံဥပဒေ

ဥပဒေများပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ကြရာတွင် နိုင်ငံတိုင်းရှိ ဥပဒေအားလုံး၏ အခြေခံဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးအမြတ်ထားကြရသလို နိုင်ငံတော်သမ္မတနှင့် ဥပဒေပြုလွှတ်တော် ကိုယ်စားလှယ်များအားလုံးသည် အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် ကတိသစ္စာ ပြုထားကြသူများဖြစ်ကြသည်။ အခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ထင်မြင်ယူဆကြသော ဥပဒေကြမ်းများကို ဥပဒေအဖြစ် ထုတ်ပြန်ခဲ့လျှင် အခြေခံဥပဒေကို ချိုးဖောက်ရာ ရောက် မရောက်ဟူသော အချက်မှာလည်း ဥပဒေပညာရှင်များ ဒိဗိတ်ပြုလုပ်ရမည့် အချက်တစ်ချက်ဖြစ်ကြောင်း တွေ့ရှိရသည်။ တစ်ဖန် မိမိတို့နိုင်ငံ၏ အခြေခံဥပဒေအရ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိဟူသော အပြီးအပြတ် အတည်ဖြစ်သော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်သည်မှာ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖြစ်နေကြောင်း တွေ့ရှိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် လက်ရှိနိုင်ငံတော်၏ အခြေခံအုတ်မြစ် အင်စတီကျူးရှင်းတစ်ခုဖြစ်ပြီး ယင်းအင်စတီကျူးရှင်းကို ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို ခုံရုံးအား သီးသန့်တာဝန်ပေးအပ်ထားခြင်းဖြစ်သည်။ အထက်ပါအတိုင်း ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြီးနှစ်ရပ်အကြား –

(၁) အခြေခံဥပဒေဆိုင်ရာ သဘောထား ကွဲလွဲမှုများ ပေါ်ပေါက်လာခဲ့လျှင်ဖြစ်စေ သို့မဟုတ် မပေါ်ပေါက်ခဲ့လျှင် ဖြစ်စေ၊

(၂) **Signing Statement** နှင့် **Non-Signing Statement** များ ထွက်ပေါ်လာခဲ့လျှင်ဖြစ်စေ သို့မဟုတ် ထွက်ပေါ်လာခြင်း မရှိလျှင်ဖြစ်စေ၊

(၃) အဆုံးအဖြတ် ခံယူရန်၊ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် ခုံရုံးသို့ တင်သွင်းလာလျှင်ဖြစ်စေ၊ မတင်သွင်းဘဲနေသည် ဖြစ်စေ၊

အခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ပုဒ်မခွဲ (ခ) အရ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် မိမိအလုပ်ကို မိမိလုပ်နေရမည်သာ ဖြစ်သည်။ ဥပဒေစိုးမိုးရေး၏ အခြေခံအုတ်မြစ်မှာ ဥပဒေအားလုံး၏ အခြေခံဖြစ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေးစားလိုက်နာရေးမှ အစပြုသည်ဖြစ်၍ အာဏာတည်ပြီးဖြစ်သော အခြေခံဥပဒေသည် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း မပြုသေးသမျှ နိုင်ငံသားအားလုံး ခြွင်းချက်မရှိ လေးစားလိုက်နာရမည် ဖြစ်သည်။ အလားတူ ရှင်းရှင်းလင်းလင်းဖော်ပြထားသော လုပ်ငန်းတာဝန်များအား အခြေခံဥပဒေဆိုင်ရာ ခုံရုံးက မိမိအလုပ် မိမိလုပ်ကြသည့်အခါ မဏ္ဍိုင်ကြီးအားလုံးနှင့် **Stlakeholder** အပေါင်းမှလည်း သူ့အလုပ်သူလုပ်သော ခုံရုံး၏ စီရင်ချက်များကို အခြေခံဥပဒေနှင့်အညီ လေးစားလိုက်နာကြပါမှသာ **Rule of Law** နိုင်မာစေမည်ဖြစ်ကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

❑

# အခြေခံဥပဒေ၊ Check And Balance နှင့် မှူစြေ

## နိဒါန်း

အမေရိကန်ပြည်ထောင်စုကို ထူထောင်ခဲ့ကြသူများသည် အာဏာကြီး (၃) ရပ်အကြား မည်သူ့မည်သူကမျှ အလေးသာမှုမရှိစေဘဲ အပြန်အလှန်ထိန်းကျောင်းမှု Check And Balance တစ်ပတ်လည်စေရန် စဉ်းစားတွေးခေါ် မူဝါဒချမှတ်ခဲ့သည်။

အာဏာကြီး(၃)ရပ်အကြား ဆက်ဆံရေး၏အနှစ်ချုပ်မှာ 'မှူစြေ' သာလျှင်ဖြစ်ကြောင်း၊ ပြည်ထောင်စုထူထောင်ခဲ့သူ ဘိုးဘေးများသည် ကွန်ဂရက်–သမ္မတ–တရားရုံးချုပ်တို့အကြား၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်အကြား၊ ဖက်ဒရယ်အစိုးရနှင့်ပြည်နယ်အစိုးရများအကြား၊ အရွယ်အစားအမျိုးမျိုးရှိနေကြသော ပြည်နယ်များအချင်းချင်းအကြား၊ အစိုးရအခွင့်အာဏာနှင့် ပြည်သူ့အခွင့်အရေးတို့အကြား မည်သည်ကမှ တစ်ဖက်စောင်းနင်း အသာစီးမရရှိစေရေးအတွက် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းသည့် Check And Balance များဖြင့် ချိတ်ဆက်ထားပြီး 'မှူစြေ' တစ်ရပ် ဖန်တီးထားခြင်းသာဖြစ်ကြောင်း ကွန်ဂရက်အမတ် လီဟာယ်မင်တန်က ရှင်းလင်းပြောကြားခဲ့သည်။ ယင်းမှူစြေ ပျက်ပြားသွားပြီဆိုလျှင် အခြေခံဥပဒေပါ မူဘောင်ကျိုးပျက်သွားပြီဖြစ်ပြီး

မှုခြေမပျက်ပြားရေးအတွက် အစဉ်အဆက် နိုင်ငံပြုခေါင်းဆောင်များက မှုခြေပေါ် မှုခြေထပ်ဆင့်၍ ခိုင်မာတည်ငြိမ်သော မှုခြေအဆောက်အအုံပြု အင်စတီကျူးရှင်းများ ထူထောင်လာခဲ့ကြသည်။ ယင်းတို့မှာ မီဒီယာ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပြည်သူများကိုယ်တိုင်ပင် ဖြစ်သည်။

## တတ်နိုင်သမျှ အညီအမျှ

အမေရိကန်အခြေခံဥပဒေတွင် ဖွဲ့စည်းတည်ဆောက်ထားသော စနစ်အရ ကွန်ဂရက်၊ သမ္မတနှင့် တရားရုံးချုပ်ဟူသည်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော အာဏာကြီး (၃) ရပ်ကို သီးခြားစီ ခွဲဝေရယူသည့် **Separated Institutions Sharing Powers** များပင် ဖြစ်သည်။ အမေရိကန်တရားရုံးချုပ် **Supreme Court** သည် တရားစီရင်ရေးအပြင် **Judicial Review** ကိုပါ ရယူထမ်းဆောင်ရသည်။ အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားရုံးချုပ်အား **Judicial Review** ကိုပါ ရယူထမ်းဆောင်ရန် ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အခြေခံဥပဒေရေးဆွဲခဲ့သူများက တရားရုံးချုပ်သည် ကွန်ဂရက်မှ ပြဋ္ဌာန်းသော ဥပဒေများ အခြေခံဥပဒေနှင့် မညီညွတ်ဟူ၍ ထုတ်ပြန်ကြေညာနိုင်ကြောင်း ရှင်းလင်းချက်များ ထားရှိခဲ့သည်။ တရားရုံးချုပ်သည် ဥပဒေပြုသူများ၏ အခွင့်အာဏာကို **Check And Balance** ပြုလုပ်ပြီး ကွန်ဂရက်၏ပါဝါကို ပြန်လည်ကန့်သတ်ခြင်းဖြစ်သည်ဟုဆိုသည်။ အစောဆုံး ဥပမာအားဖြင့် ၁၈၅၁ ခုနှစ်တွင် တရားရုံးချုပ်သည် ၁၈၂၀ ပြည့်နှစ်၌ကွန်ဂရက်ကပြဋ္ဌာန်းခဲ့သော ဥပဒေတစ်ရပ်ကို အခြေခံဥပဒေနှင့်မညီညွတ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ တရားရုံးချုပ် တရားသူကြီးများ သတ်မှတ်ချက်များကို ကျိုးဖောက်ပါက ကွန်ဂရက်မှ စွပ်စွဲပြစ်တင်ခြင်းနည်းလမ်းဖြင့် ဖြုတ်ချနိုင်ရာ အပြန်အလှန်ထိန်းကျောင်းသည့်ယန္တရားမှာ အဆက်အစပ်ရှိနေသည်။

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွာခြားသည်မှာ လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများကို **Judicial Review** လုပ်ရမည့်တာဝန်ကို သီးခြားလွှတ်လပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တိကျရှင်းလင်းစွာ ပေးအပ်ထားခြင်းဖြစ်သည်။ သမ္မတအိုဘားမားသည်

လည်းကောင်း၊ ၎င်းရှေ့က အိမ်ဖြူတော်တွင် ၈ နှစ် ထမ်းဆောင်ခဲ့သော ရီပတ်ဘလစ်ကန် ပါတီ ဝင် သမ္မတ ဘုရှ် ၏ ... ရှိသည်လည်းကောင်း သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်အချိန်တွင် ပြောကြားခဲ့ကြသည့် ရာထူးလက်ခံမိန့်ခွန်းများတွင် ဥပဒေများပြုရာတွင်၊ မူဝါဒများချမှတ်ရာတွင် ဒီမိုကရက်နှင့် ရီပတ်ဘလီကင်ပါတီကြီး ၂ ခုလုံး၏ သဘောတူညီမှု ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြသူများသာ ဖြစ်သည်။ သို့သော်လည်း ဘုရှ်လက်ထက်တွင် Signing Statement များ၌ ပြင်းထန်သော သမ္မတအခွင့်အာဏာကို မြှင့်တင်ခဲ့ကြောင်းတွေ့ရှိရပြီး အိုဘားမားလက်ထက်တွင်လည်း Signing Statement အများအပြား ထုတ်ပြန်ခဲ့ရသည့်အခြေအနေများကို တွေ့မြင်နိုင်သည်။

အမှန်စင်စစ် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ဖော်ဆောင်ကြသော နိုင်ငံများတွင် အခြေခံဥပဒေများဖြင့် နိုင်ငံကို ဖွဲ့စည်းတည်ဆောက်ကြရာ၌ မဏ္ဍိုင်ကြီးတစ်ခုခုက အသာစီးမရရှိစေရန်အတွက် တတ်နိုင်သမျှ အညီအမျှ အာဏာခွဲဝေပေးထားကြပြီး ထိုအညီအမျှ ခွဲဝေပေးထားသော အာဏာများကို လိုရာဆွဲ၍ လုပ်ချင်ရာ မလုပ်နိုင်ကြစေရန် အပြန်အလှန်

**Separation of Power and Checks and Balances**



ထိန်းကျောင်းရေးဟူသော မူခြေတစ်ရပ် ဖန်တီးပေးထားကြခြင်း ဖြစ်သည်။ ဥပဒေပြုရေးကို တရားရုံးချုပ်၏ **Judicial Review**၊ သမ္မတ၏ ဗီတိုအာဏာတို့ဖြင့် ပြန်လည်ထိန်းကျောင်းမှုပြုပြီး ဥပဒေပြုလွှတ်တော် အမတ်များကို ၎င်းတို့ကို တင်မြှောက်လိုက်သော မဲဆန္ဒရှင် ပြည်သူများ၏ **Recall Process** ဖြင့် ပြန်လည်ထိန်းကျောင်းမှုပြုသည်။ သမ္မတ၊ ဝန်ကြီးများနှင့် တရားသူကြီးများကိုလည်း ကွန်ဂရက်က ပြန်လည်ထိန်းကျောင်းမှုပြုကာ ပြည်နယ်လွှတ်တော်များ၏ သီးခြားလွတ်လပ်စွာတည်ရှိသော ရပ်တည်မှုကိုလည်း အာမခံပေးထားကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင် အာဏာခွဲဝေမှုအတွက် အသက်သွေးကြောဖြစ်သော 'အပြန်အလှန်ထိန်းကျောင်းမှု၏ မူခြေ' များပြည့်ပြည့်စုံစုံပါရှိစေရန် ရေးဆွဲသူတို့က ထည့်သွင်းစဉ်းစား ရေးဆွဲပြဋ္ဌာန်းထားခဲ့ကြပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

## အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုသည်သာ

အမေရိကန်အခြေခံဥပဒေတွင် အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့ ကိစ္စရပ်အတော်များများတွင် ပူး ပေါင်းဆောင်ရွက်စေရန် ဖန်တီးထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ သမ္မတသည် ကွန်ဂရက်၏ သဘောတူညီချက်ဖြင့် စစ်ကြေညာရမည်ဖြစ်သော် သမ္မတသည် စစ်သေနာပတိချုပ်ဖြစ်သည်။ သမ္မတသည် နိုင်ငံတကာသဘောတူစာချုပ်များကို ဆီးနိတ်နှင့် ညှိနှိုင်းတိုင်ပင်ပြီး လက်မှတ်ရေးထိုးနိုင်သည်။ ကွန်ဂရက်သည် အစိုးရဌာနများ၊ တရားရုံးများ (ရုံးဌာနများ)ထူထောင်ရန် အတည်ပြုပေးနိုင်သော်လည်း သမ္မတသည် တရားရုံးချုပ်အပါအဝင် ရုံးဌာနများ၏ အကြီးအကဲများ၊ ဝန်ထမ်းအကြီးအကဲများ (လူများ)ကို ခန့်အပ်တာဝန်ပေးအပ်ရသည်။ ကွန်ဂရက်သည် ဘတ်ဂျက်ကို အတည်ပြုခွင့်ပြုပေးနိုင်သော်လည်း သမ္မတက ဘတ်ဂျက်ရေးဆွဲရမည်၊ ဘတ်ဂျက် သုံးစွဲရမည်ဖြစ်သည်၊ ကွန်ဂရက်က ငွေကိုကိုင်ပြီး မသုံးရပေ။ အမေရိကန်အခြေခံဥပဒေရေးဆွဲခဲ့သူတို့၏ အဆိုအရ ခွဲဝေရရှိထားသော အာဏာကို ကျင့်သုံးကြရာ၌ အတူတကွ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြစေရန် ရည်ရွယ်ထားခဲ့ခြင်းဖြစ်

ကြောင်း တွေ့ရှိရသည်။ အပြန်အလှန်ထိန်းကျောင်းရေးထက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုအလေးပေး ဆောင်ရွက်ခဲ့ကြလျှင် ထိရောက်မှန်ကန်ပြီး တရားမျှတသော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်မည်ဟုဆိုသည်။

ယနေ့ မြန်မာနိုင်ငံသည် အနာဂတ်နိုင်ငံ့သမိုင်းအတွက် အရေးကြီးလှသော သမိုင်းဝင်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးကို ဖြတ်သန်းနေရခြင်းဖြစ်သည်။ ဒီမိုကရေစီနုနယ်သလို အပြန်အလှန်ထိန်းကျောင်းရေး အတွေ့အကြုံများလည်း နုနယ်လှသော်လည်း ယခုကာလကျင့်သုံး ဆောင်ရွက်မှုများကောင်းမွန်လျှင် ကောင်းမွန်သည့်အလျောက် အနာဂတ်မျိုးဆက်များအတွက် အမွေခံကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်သည်။ ဆိုရလျှင် မြန်မာ့ဒီမိုကရေစီ၏အနာဂတ်တွင် ထွက်ပေါ်လာမည့် သမိုင်းကို ယနေ့ Stakeholder များက၊ တစ်နည်း နိုင်ငံပြုခေါင်းဆောင်များက ရေးသားနေကြခြင်းပင် ဖြစ်သည်။ ယနေ့ မဏ္ဍိုင်ကြီး ၃ ရပ်စလုံးသာမက မီဒီယာနှင့် အရပ်ဘက်အဖွဲ့အစည်းများသည်လည်း သန်း ၆၀ အတွက် ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ရာ Common Ground တူညီနေသည့်နောက် မည်သည့်အတွက်ကြောင့် ပူးပေါင်းဆောင်ရွက်တတ်သော ယဉ်ကျေးမှုကို မထူထောင်နိုင်ပါသနည်း။ ပါလီမန်ဒီမိုကရေစီ အကြွေအပြိုများက ထင်ထင်ရှားရှား ပြဆိုခဲ့သော 'နိုင်ငံရေးနှင့်တူသောနိုင်ငံရေး' အားနည်းသည့် ဓလေ့ကို သင်ခန်းစာယူရန် လိုအပ်ပေမည်။

အပြန်အလှန်ထိန်းကျောင်းမှုဟုဆိုရာတွင် မိမိက အခြားသူများအား ထိန်းကျောင်းခြင်းကို ပြုကြရာ၌ မိမိကို အခြားသူများက ပြန်လည်ထိန်းကျောင်းခြင်းကို ကြည်ကြည်ဖြူဖြူ လက်ခံတတ်ကြရန်၊ မှန်မှန်ကန်ကန် လမ်းဖွင့်ပေးရန် အရေးကြီးသည်။ ဆိုလိုသည်မှာ 'ထိန်းရန်' စိတ်အားထက်သန်သလို 'အထိန်းခံနိုင်ရန်' လည်း စိတ်လိုလက်ရရှိရန် လိုအပ်မည်ကို ဆိုလိုခြင်းဖြစ်သည်။ ဤနေရာတွင် အပြန်အလှန် ထိန်းကျောင်းမှု ယန္တရား တစ်ပတ်လည်ရေးအတွက် 'မျှခြေ' တစ်ခုဖန်တီးမှုသည် များစွာအရေးကြီးလှသလို မျှခြေပျက်လျှင် အပြန်အလှန်ထိန်းကျောင်းခြင်းလုပ်ငန်းစဉ် အလိုအလျောက် ပျက်ပြားစေမည်ကိုလည်း သတိချပ်ကြရန် လိုအပ်လှပေ

သည်။ တစ်ကွက်တည်း၊ တစ်မျက်နှာတည်းကိုမကြည့်ဘဲ တစ်ခုလုံးသဘော၊ မဟာဗျူဟာသဘော ခြုံငုံသုံးသပ်ကြည့်မြင်နိုင်မှသာ သန်း ၆၀ ဟူသော ဘက်တစ်ဘက်တည်းတွင် စုစည်းကြမည် ဖြစ်သည်။

သို့ဖြစ်ရာ တတ်နိုင်သမျှ အညီအမျှ ခွဲဝေပေးထားသော မဏ္ဍိုင်ကြီး ၃ ရပ်အကြား အပြန်အလှန်ထိန်းကျောင်းမှု၏ မျှခြေတစ်ခု တည်ငြိမ်မှန်ကန် မျှတစေရေးအတွက် အပြန်အလှန်ထိန်းကျောင်းမှုထက် သန်း ၆၀ ကို မျက်နှာမူသော အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ ထွန်းကားကြပါမည့်အကြောင်း မီးမောင်းထိုးတင်ပြလိုက်ရပေသည်။

***Source : The Voice Daily, Thursday, August 8, 2013***

❑

## မြန်မာ့နွေဦးအား အင်စတီကျူးရှင်း ဘောင်သွင်းခြင်း

### နိဒါန်း

မြန်မာ့နွေဦးဟု ကင်ပွန်းတပ်ကြကုန်သော မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးသည် ယခုထက်တိုင် အသွင်ကူးပြောင်းဆဲ အဆင့်တွင်သာ ရှိနေသေးသည်ဟူသည့်အချက်ကို သတိချပ်လျှင် Democracy Deficit ကို နားလည်သဘောပေါက်နိုင်မည်ဟု ယူဆနိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းကို တွက်ချက်ကြရာ၌ အရနှင့်အသုံး ညီမျှအောင် ကြိုးဆောင်လုပ်ကိုင်ကြသော်လည်း လက်တွေ့သုံးစွဲကြရာ၌ များသောအားဖြင့် လိုငွေပြလေ့ရှိပြီး လိုငွေအမျိုးအစား သတ်မှတ်ချက်တစ်ရပ်ရပ်ဖြင့် သင့်လျော်ခြင်း ရှိ–မရှိ၊ လက်ခံနိုင်ခြင်း ရှိ–မရှိ တိုင်းတာလေ့ရှိသည်။ မြန်မာ့နွေဦးခရီးပေါက်ခဲ့ပြီဖြစ်သော ၂ နှစ်ခွဲကျော်သက်တမ်းကို လည်ပြန်ကြည့်လျှင် (၁) ဘာတွေရရှိခဲ့ပြီးပြီလဲ၊ ဘာတွေ သုံးပြီးပြီလဲနှင့် (၂) ဘာတွေရရန် ကျန်ရှိနေသေးသလဲ စသည့်အချက်များဖြင့် တိုင်းတာနိုင်မည်ဖြစ်သည်။ ထိုမှ ထွက်ပေါ်လာသော ရေတွက်ပုံ အမှတ်စဉ်သည်ပင်လျှင် မြန်မာ့နွေဦး၏ Democracy Deficit ပင် ဖြစ်ပေလိမ့်မည်။

## အသွင်ကူးပြောင်းရေး အဆင့်များ

ကျောင်းတော်လာ သီအိုရီများအရ (၁) အစွာ(ပြေလျှော့ရေးအဆင့်)၊ (၂) အကူး (ကူးပြောင်းရေး အဆင့်) ၊ (၃) အခိုင် (ခိုင်မာရေးအဆင့်) အဆင့် (၃) ဆင့်ရှိရာတွင် မြန်မာ့ရှေ့ဦး ဘယ်ဆီရောက်ရှိနေသည်ကို ပြန်လည်တိုက်ဆိုင်စစ်ဆေးကြရန်သာရှိပေသည်။ ၂၀၁၀ ရွေးကောက်ပွဲများမတိုင်မီက ဒီဘိတ်လုပ်ခဲ့ကြပြီးသော ပေးထားချက် (၂၀၀၈ အခြေခံ ဥပဒေ)သည် ယခုအချိန်တွင်ပေးထားချက်ကိုပြင်ရန် (ခွင်ကိုချဲ့ရန်) အခြေအနေအထိ ဆိုက်ရောက်လာနေကြောင်း တွေ့ရှိနိုင်သည်။

အခြားသော အသွင်ကူးပြောင်းရေးအဆင့်များနှင့် မတူညီသည်မှာ မြန်မာ့ရှေ့ဦးသည် ဒီမိုကရေစီကူးပြောင်းရေးသာမက အမျိုးသားညီညွတ်ရေးကိုပါ ခွန်တွဲဖော်ဆောင် လျှောက်လှမ်းနေရခြင်းဖြစ်လေရာ မည်မျှခက်ခဲနိုင်သည်ကို မှန်းဆနိုင်ပေမည်။ အမျိုးသားညီညွတ်ရေးတွင် (၁) နားလည်မှုတည်ဆောက်ရေး၊ (၂) ယုံကြည်မှုတည်ဆောက်ရေး၊ (၃) ညီညွတ်မှု တည်ဆောက်ရေးဟူသော အဆင့်ကြီး (၃) ဆင့်ရှိသည့်အနက် နောက်ဆုံးထုတ်ပြန်ခဲ့သော မြစ်ကြီးနားပူးတွဲထုတ်ပြန်ကြေညာချက်သည် ယခင်ခေတ်များကဆိုလျှင် ရောက်နိုင်ခဲသော အဆင့်တစ်ဆင့်ဟုဆိုသော်မှားမည်မထင်ပေ။ အကြောင်းရင်းမှာ နှစ်ပေါင်း ၆၀ ကျော်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံနှင့် ကြိုတင် သတ်မှတ်ချက်မထားဘဲ ဆောင်ရွက်ခဲ့သည့် ပထမဆုံးသော အမျိုးသားညီညွတ်ရေး ဒိုင်ယာလော့ဖြစ်သောကြောင့်ပင် ဖြစ်သည်။

ယင်းအပြင် ဆယ်စုနှစ်များစွာ ဗဟိုဦးစီး တစ်သွေးတစ်သံတစ်မိန့်တွင် ပုံစံဝင်အသားကျခဲ့သော အုပ်ချုပ်ရေးယန္တရားတစ်ခုလုံး အသွင်ကူးပြောင်းနိုင်ရေးအတွက် အုပ်ချုပ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကို တစ်ချိန်တည်း တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိသည့်အပြင် တံခါးပိတ်စီးပွားရေးစနစ်ဖြင့် နှစ်ပေါင်းများစွာလည်ပတ်လှုပ်ရှားခဲ့သော ဈေးကွက်ယန္တရားကိုလည်း ကမ္ဘာလုံးဆိုင်ရာစီးပွားရေးနှင့် အလိုက်သင့်ချိတ်ဆက် ဆက်သွယ်နိုင်ရန်အတွက် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲရေးကိုလည်းတစ်ပြိုင်နက်တည်း ပုံဖော်လျက်ရှိသည်။ အုပ်ချုပ်ရေးယန္တရားတွင် နှစ်ပေါင်း

များစွာတက်ခဲ့ကြကုန်သော သံရေးများကို ဤကာလ ဤအင်အားဖြင့် စင်ကြယ်အောင်ဆေးကြောရာတွင် သာမန်ဆပ်ပြာရည်ဖြင့် မရနိုင်ဟူသော မှတ်ချက်မှာလည်း မှန်သင့်သလောက် မှန်ပေမည်။ သို့သော် ယခုကဲ့သို့ သမိုင်းဝင်အသွင်ကူးပြောင်းရေးကို ကိုယ်တိုင်ကိုယ်ကျ ဖြတ်သန်းနေကြရသော လက်ရှိအနေအထားတွင် အရပ်ရပ်နယ်ပယ်စုံ စွမ်းရည်မြှင့်တင်ရေး Capacity Building စိန်ခေါ်မှုသည် မည်မျှ အရေးပါသည်ကိုလည်း မဏ္ဍိုင်ကြီးများအားလုံးနှင့် နယ်ပယ်အဖုံဖုံတို့တွင် မြင်တွေ့နေရပေသည်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတို့တွင် ကြုံတွေ့ရလေ့ရှိသော (၁) အမျိုးသားရေးလှိုင်းလုံး၊ (၂) အိုင်ဒီယိုလော်ဂျီ အစွဲဟောင်းပြဿနာ၊ (၃) အမေရိကန်အိမ်မက်ပြည့်မီရေး စသည်တို့ကို နိုင်ငံရေးခေါင်းဆောင်များ သတိပြုရန်လိုအပ်မည်ဖြစ်သည်။ အရှေ့ဥရောပနှင့် အာဖရိက အသွင်ကူးပြောင်းရေးမှတ်တမ်းတို့၌ကြုံတွေ့ခဲ့ကြကုန်သော အမေရိကန်အိမ်မက်ပြဿနာမှာ ယခုဒီမိုကရေစီကူး–ယခုအမေရိကန် လူမှု–စီးပွားအနေအထား ရရှိလိုသောမျှော်လင့်ချက်နှင့် လက်တွေ့ပြဿနာပင်ဖြစ်နေသည်။ မြန်မာစကားပုံအရဆိုရလျှင် ခုရေတွင်းတူး၊ ခုရေကြည်သောက်နှင့် နီးစပ်နိုင်သည်။ ဒီမိုကရက်တိုင်စေးရှင်းတို့တွင် ကြိုတင်ဖြည့်ဆည်းအပ်သော (၁) လူလတ်တန်းစား၊ (၂) အရပ်ဘက်လူ့အဖွဲ့အစည်း၊ (၃) တရားဥပဒေစိုးမိုးရေး စသည့် စံချိန်စံညွှန်းများ ပြည့်မီခြင်းမရှိသော်လည်း ရဲရဲတင်းတင်းပင် နိုင်ငံတော်ရော နိုင်ငံသားများပါ တစ်ညီတစ်ညွတ်တည်း ခြေလှမ်းခဲ့ကြခြင်းဖြစ်သည်။ ဒီမိုကရေစီ နောက်ပြန်လှိုင်းသံသယများဖြင့် အကဲခတ်စောင့်ကြည့်နေကြသည့်ကြားမှ တဖြည်းဖြည်းနှင့် ရင့်ကျက်တည်ငြိမ်သည့်မျှခြေသို့ ကူးပြောင်းနေသည် (မျှခြေမရောက်သေး) ကိုလည်း သတိချပ်သင့်သည်။ ယုံကြည်ချက် အကျိုးသား၊ ဖက်ဒရယ်၊ အခြေခံဥပဒေ ပြင်ဆင်ရေး၊ ပြည်ထောင်စုတပ်မတော်၊ တန်းတူညီမျှရေး စသည့် စကားလုံးတချို့များသည်လည်း ပြည်သူတို့၏ ရေလဲသုံးစကားလုံးများ ဖြစ်လာနေသည်ကို တွေ့ရှိနိုင်သည်။

## ပြည်နယ်-တိုင်းဒေသကြီး ဘတ်ဂျက်မူဝါဒ

(၁) ဗဟိုချုပ်ကိုင်မှု လျှော့ချရေး (Power)၊ (၂) အခွန်အကောက် (Revenue)နှင့် (၃) သယံဇာတခွဲဝေရေး (Resources)ဟူသော ပြည်နယ်များ၏ အခွင့်အရေးသည် လက်ရှိအခြေခံဥပဒေပြင်ဆင်ရေးတွင် နှစ်ပေါင်းများစွာ တိုင်းရင်းသားတို့၏ တောင်းဆိုချက်များဖြစ်ခဲ့သည်။ ဤအချိန်ဤကာလတွင် အဆိုပါလိုလားချက်များကို ဖြေလျှော့ခွဲဝေပေးရန် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အလေးပေးဆောင်ရွက်နေပြီဖြစ်သော်လည်း တိုင်းရင်းသားခေါင်းဆောင်အချို့၏ ပြောကြားချက်များအရ (၁) ယခုလက်ရှိ ခွဲဝေပေးနိုင်ရန် ဆောင်ရွက်နေမှုများသည် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ နိုင်ငံရေး စိတ်ရင်းစေတနာ အရသာ ဖြစ်သည်၊ (၂) ၂၀၁၅ အလွန်တွင် နိုင်ငံတော်သမ္မတ မည်သူဖြစ်လာမည်မသိနိုင်သေး၊ (၃) ထို့ကြောင့် အခြေခံဥပဒေအရ ပေးအပ်ထားသည့်အခွင့်အရေးကိုသာ လိုချင်သည်ဟူ၍ ဖြစ်သည်။ ဤသည်ကို အဓိပ္ပာယ်ပြန်ဆိုရလျှင် (၁) ဗဟို (ပြည်ထောင်စု) က ထပ်ဆင့်ခွဲဝေပေးခြင်းမျိုးကို မလိုချင်၊ (၂) မူလကတည်းက (အခြေခံဥပဒေ အတွင်းမှာပင်) တရားဝင်ခွဲဝေအပ်နှင်းထားသည်ကိုသာ လိုချင်သည် ဟူ၍ ဖြစ်ပေလိမ့်မည်။ ဤသည်မှာ သဘာဝကျသည်၊ ပြည်ထောင်စုမူဝါဒနှင့်လည်း ကိုက်ညီသည်။ လူကြောင့်ဖြစ်သော အပြောင်းအလဲကို မူဖြင့် ပြုပြင်ပေးရန် လိုလားခြင်းဟု ဆိုနိုင်မည် ဖြစ်သည်။

မကြာခင် လာတော့မည့် ဘဏ္ဍာရေးနှစ်အတွက် ပြည်နယ်များ၏ ဘတ်ဂျက်များကို ရေးဆွဲကြရာတွင် ဆောင်ရွက်ရမည့် မူဝါဒနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီးက ၉–၈–၂၀၁၃ ရက်နေ့ သမ္မတအိမ်တော်တွင် အောက်ပါအတိုင်း ထုတ်ဖော်ပြောကြားထားပြီး ဖြစ်သည်–

တိုင်းဒေသကြီး ပြည်နယ်အစိုးရ ဝန်ကြီးချုပ်များကို အဓိကထားမှာကြားလိုတဲ့အချက်တွေကတော့–

– မြို့နယ် စီမံခန့်ခွဲမှုကော်မတီနဲ့ မြို့မိမြို့ဖတွေ ပါဝင်ဖွဲ့စည်းထားတဲ့ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီတွေဟာ မြို့နယ်အသီး

သီး ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြည်သူများရဲ့ လူမှုစီးပွားရေး လိုအပ်ချက်တွေကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးတဲ့ အစိုးရနဲ့ ပုဂ္ဂလိက ပူးပေါင်းညှိနှိုင်းအကောင်အထည်ဖော်ရေး အဖွဲ့တွေဖြစ်တဲ့အတွက် မြို့နယ်အတွက် ဦးစားပေးလုပ်ငန်းတွေကို ညှိနှိုင်းဆွေးနွေးတာတဲ၊ လုပ်တာတဲကိုင်တာတဲ ရှိအောင် သင်ကြား လေ့ကျင့်ပေးဖို့ လိုအပ်ပါတယ်။

- တိုင်းဒေသကြီး ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာ မြို့နယ်အဆင့်ဟာ အခြေခံကျပြီး ပြည်သူတွေရဲ့ တစ်ဦးကျ ဝင်ငွေ၊ သောက်သုံးရေလိုအပ်ချက်၊ လျှပ်စစ်မီး လိုအပ်ချက်၊ အလုပ်လက်မဲ့အရေအတွက်နဲ့ အလုပ်အကိုင်အခွင့် အလမ်းဖန်တီးရေး၊ မြို့ကွက်ရွာကွက် အကျယ်အဝန်းနဲ့ လူဦးရေ တိုးပွားမှု သိပ်သည်းမှုအရ မြို့ရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ရေးဆွဲပြီး လယ်မဲ့၊ ယာမဲ့၊ အိမ်မဲ့များ စာရင်းကောက်ယူ နေရာချထားရေး စတဲ့လုပ်ငန်းတွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ကိန်းဂဏန်းစာရင်းဇယားများကို မြေပြင်စာရင်းကောက်ယူ လေ့လာသုံးသပ် ဆွေးနွေး စီမံဆောင်ရွက်ကြရမှာဖြစ်တယ်။ ဒီနေရာမှာ တောင်သူလယ်သမားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းတွေကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်တာနဲ့အမျှ ၎င်းတို့ပိုင်ဆိုင်ခွင့်၊ ရောင်းချခွင့်၊ ပေါင်နှံခွင့်များ ရလာတာနဲ့အမျှ ချေးငွေရရှိရေး၊ ငွေကြေးအရင်းအနှီးရရှိရေး ဆောင်ရွက်လာနိုင်မှာဖြစ်တဲ့အတွက် တောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးဘဝ တိုးတက်လာမှာ ဖြစ်တဲ့အကြောင်း ဝိုင်းဝန်းဆောင်ရွက်ပေးကြပါလို့ မှာကြားလိုပါတယ်။
- မြို့နယ်ကော်မတီအသီးသီးအနေနဲ့ အစည်းအဝေးများ ကျင်းပရာမှာ ပြည်သူများက ရွေးချယ်တင်မြှောက်ထားတဲ့ လွှတ်တော်

ကိုယ်စားလှယ်များကိုပါ ဖိတ်ကြားပြီး ပြည်သူများ၏ လူမှုစီးပွားရေးလိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားအခြေခံအဆောက်အအုံ လိုအပ်ချက်များအနက် ဦးစားပေးများကို ရွေးချယ်ပြီး မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ လွှတ်တော်များသို့ အဆင့်ဆင့်တင်ပြသင့်သည်များကို ဘတ်ဂျက်၊ ငွေကြေး၊ ရင်းနှီးမြှုပ်နှံမှု အလားအလာပေါ် မူတည်ရွေးချယ်ပြီး ညှိနှိုင်းတင်ပြတဲ့ အစီအစဉ်များ ဆောင်ရွက်သွားကြရန် လိုအပ်ပါတယ်။

- ဒီလို ပြည်သူများ ပူးပေါင်းပါဝင်တဲ့ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးရေးအတွက် ရည်မှန်းဆောင်ရွက်နေတဲ့ ပြည်သူ့ဗဟိုပြု အုပ်ချုပ်မှုစနစ်သစ်တစ်ရပ်ကို ပီပီပြင်ပြင် အကောင်အထည်ဖော်မှသာ အစိုးရအုပ်ချုပ်ရေးယန္တရားရဲ့ ပွင့်လင်းမြင်သာရှိမှု၊ ပြည်သူ့အသံနှင့်ဆန္ဒကို သိရှိဦးစားပေး၍ ထိရောက်စွာအကောင်အထည်ဖော်မှု ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်လျက် လာဘ်ပေးလာဘ်ယူ တားဆီးထိန်းသိမ်းနိုင်မှု၊ မြို့နယ်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု၊ ဒေသ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမှာဖြစ်တဲ့အတွက် အလေးထား ဆောင်ရွက်သွားကြဖို့ မှာကြားလိုပါတယ်။

နိုင်ငံတော်သမ္မတကြီး ချမှတ်ထားသည့်မူဝါဒအရ လာမည့်ဘတ်ဂျက်နှင့် စီမံကိန်းများရေးဆွဲရာတွင် အုပ်ချုပ်ရေးအဖွဲ့များအနေနှင့် မြို့မိမြို့ဖများ ပါဝင်ဖွဲ့စည်းထားသည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ စသည်တို့အပြင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်းကာ မိမိတို့မြို့နယ်အတွက် မည်သည့်စီမံကိန်း ဆောင်ရွက်မည်၊ ဘဏ္ဍာငွေ မည်မျှသုံးမည် စသည်တို့ကို ဆောင်ရွက်ကြရန်ဖြစ်သည်။ ပြည်သူလူထု ဗဟိုပြုဘတ်ဂျက်မော်ဒယ်အသစ်ကို အစပြု အကောင်အထည်ဖော်ရာ၌ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် ပြည်သူများအကြား တည်ဆောက်ထားကြကုန်သော နားလည်မှု၊ ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်မူတည်၍

ပြည်သူ့ဆန္ဒနှင့် အညီဖြစ်သော ဘတ်ဂျက်သုံးစွဲမှုများ ထွက်ပေါ် လာမည် ဖြစ်ပေသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်မှု ကောင်းကောင်းဖြင့် ဆွေးနွေး၊ ဘွက်ချက်၊ ရေးဆွဲသည့် ဘတ်ဂျက်လျာထားချက်များ အတည်ပြုပြီးချိန် တွင် လက်ရှိ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် လွှတ်တော်အစည်း အဝေးများတွင် သက်ဆိုင်ရာမဲဆန္ဒနယ်မြေများအတွက် မည်သည့်လုပ် ငန်းကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ–မရှိ ဟူသောမေးခွန်းများ မေး မြန်းနေစရာ လိုအပ်မည်မဟုတ်တော့ပေ။ အလားတူ မည်သည့်မြို့နယ် တွင် မည်သည့်လုပ်ငန်း ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုများ သည်း တင်သွင်းစရာလိုအပ်မည်မဟုတ်တော့ပေ။ ဥပဒေပြုရေးတွင် လည်း အမျိုးသားမူဝါဒဆိုင်ရာ ကိစ္စရပ်များ၊ ပြည်ထောင်စု၏ အရေးအရာ ကိစ္စရပ်များကို အလေးထား၍ ဆွေးနွေးတိုင်ပင်နိုင်ကြတော့မည် ဖြစ် သည်။ မြို့နယ်ကိစ္စ၊ မိမိတို့ မဲဆန္ဒနယ်မြေကိစ္စများနှင့် စပ်လျဉ်း၍ ပြည် နယ်အဆင့်မှာပင် ညှိနှိုင်းဖြေရှင်း ပူးပေါင်းဆောင်ရွက်ကြရန်သာ အရေး ကြီးပေလိမ့်မည်။

## နိဂုံး

ဒီမိုကရေစီအိပ်မက် (အမေရိကန်အိပ်မက်) နှင့် နှိုင်းယှဉ်လျှင် ဒီမို ကရေစီ လိုချင်မှုအရှိုးသည် များစွာကြီးမားများပြားနေပါလိမ့်မည်။ ဒီမိုကရေစီသို့ ချီရာလမ်းတွင် နိဂုံးပန်းတိုင်ဟူ၍ တိတိကျကျမရှိနိုင်သလို ဖြတ်သန်းရမည့် အဆင့်များသည်သာ မြန်မာ့ရှေ့ဦး၏တည်ရာအရပ်ကို ပြဆိုနေမည် ဖြစ်သည်။ ဒီမိုကရေစီဟူသည် အများဆန္ဒဖြင့် အုပ်ချုပ်ခြင်း ဖြစ်ရာ အားလုံးပါဝင်မှု မြင့်မားကျယ်ပြန့်လာသည်နှင့်အမျှ အပြန်အလှန် ထိန်းကျောင်းမှုယန္တရားများ နိုင်မာသည်ထက် နိုင်မာလာကာ အာဏာ ရှင်ဆန်သော စရိုက်ဟောင်းများ ပျောက်လျော့ပါးသွားမည်သာ ဖြစ် သည်။ စနစ်ကိုလည်းပြင်၊ လူကိုလည်းပြင်ရသည့် ခေတ်ပြောင်းချိန် ဖြစ်လေရာ မပြောင်းနိုင်သူများ အလိုအလျောက် ဘေးရောက်သွားကြမည် ဖြစ်ပေသည်။ အလားတူပင် လက်ဆယ်ချောင်း မပြည့်တတ်သည့် လက်ရှိ နိုင်ငံရေးခေါင်းဆောင်များ၏ ဆန္ဒဖြင့် ပုံဖော်အပ်သော နိုင်ငံရေး မြေပြင်

ပြောင်းလဲမှုဟူသည် အချိန်မရွေး ကွဲပြိုကြေမွသွားတတ်သော သဘော သဘာဝရှိနေသည်ကိုလည်း သတိကြီးကြီး သုံးသပ်ကြရန် လိုအပ်ပါလိမ့်မည်။ ရရှိထားပြီးဖြစ်သော အပြောင်းအလဲများ နောက်ပြန်မဆုတ်စေရန် အင်စတီကျူးရှင်းများဖြင့် ကာပ်နှောင်ရန် လိုအပ်သည်။

သို့ဖြစ်ရာ နိုင်ငံရေးခေါင်းဆောင်များအားလုံးအနေနှင့် ရရှိထားပြီးသော ကူးပြောင်းရေးအဆင့်ကို ကူးပြောင်းရေးအဆင့်ဟု နားလည် တန်ဖိုးထား၍ ခိုင်မာစေသည့်အဆင့်သို့ မနှေးမမြန် ရောက်ရှိနိုင်စေမည့် အင်စတီကျူးရှင်းများ ခိုင်မာစေရေး ဆောင်ကြဉ်းပေးပါမည့်အကြောင်း၊ မှုန်ဖုံးနေသော မြန်မာ့ရေ့ဦးကို အင်စတီကျူးရှင်းဘောင်သို့ သွတ်သွင်းပေးကြပါမည့်အကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

*The Voice Weekly, November 11-17, 2013*

❑

## နစ်ဆယ့်ငါးရာခိုင်နှုန်းနှင့် မြန်မာ့နွေဦး

### ပုံရိပ်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ

ဂျပ်ဆင်တွင် သမ္မတအိုဘားမားပြောကြားခဲ့သော မိန့်ခွန်းပါ မှိန်ဖျ အလင်းရောင်ကလေးသည် ပို၍ပို၍ထွန်းလင်းတောက်ပလာသည်ကို ပြီးခဲ့သည့်လအတွင်းက နိုင်ငံတော်သမ္မတကြီး၏ အိမ်ဖြူတော်သို့ ခြေတစ်လှမ်း၊ ရှင်ဆိုအာဘော်၏ မြန်မာခရီး စသည့်ပုံရိပ်များက ပြဆိုနေသည်။ မြန်မာ့နွေဦးဟု နိုင်ငံတကာအကဲခတ်တို့က ပညတ်ပြုခဲ့ရသော မြန်မာ့ဒီမိုကရေစီသည် နိုင်ငံတကာအသိုင်းအဝိုင်း၌ နောက်ကြောင်း ပြန်မလှည့်တော့ဟူ၍ ကောက်ချက်ချခဲ့ကြသည်ကိုလည်း နေပြည်တော်ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် တွေ့ရှိခဲ့ရသည်။ ဒီမိုကရေစီပင်ပေါက် အမြစ်တွယ်ပြီသလားဟူသောမေးခွန်းအတွက်အဖြေမှာ အခြေခံပြည်သူများ ပြုပြင်ပြောင်းလဲမှုအကျိုးကို မည်မျှများများနှင့် မည်မျှမြန်မြန် ရရှိခံစားနိုင်မည်နည်း ဟူသောအချက်ပေါ်တွင် မူတည်နေသည်။

နိုင်ငံနှင့်နိုင်ငံသားတို့၏ပုံရိပ်သည် နိုင်ငံတကာအလယ်တွင် Gold Rush ဟု ခေါ်တွင်လောက်အောင် New Normal သို့ ရောက်ရှိလာနေကြောင်း တွေ့ရှိရသည်မှာ ဒီမိုကရေစီ၊ ဖွံ့ဖြိုးရေးသက်သက်တော့ မဟုတ်နိုင်ပေ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် တောင်အာဖရိက၏ နမူနာ

သည်ပင်လျှင် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုလောက် ဘက်စုံ၊ အင်စတီကျူးရှင်းစုံပါဝင်ခြင်းမရှိဟု အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။ လစ်ဘရယ်စံနှုန်းများ လမ်းမှန် လာခြင်းသည် လုံးဝထင်မှတ်မထားခဲ့သော ပြောင်းလဲမှုဟုလည်း ဆိုသည်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုက တောင်အာဖရိကထက် ပိုမို၍ Comprehensive သဘောဆောင်သည်ဟုလည်း မှတ်ချက်ပြုသည်။

ဤသည်မှာ မြန်မာ့ရှေ့ဦး မည်သည့်အတွက်ကြောင့် စိတ်ဝင်စားစရာဖြစ်နေသည်ဟူသောမေးခွန်းအတွက် အဖြေဖြစ်တန်ရာရှိသလို ဒေါ်အောင်ဆန်းစုကြည် ဟူသော ဒီမိုကရေစီသင်္ကေတ၊ နိုင်ငံတော်သမ္မတကြီးဟူသော ပြုပြင်ပြောင်းလဲရေး အမှတ်တံဆိပ်စသည်တို့၏ သက်ရောက်မှုများလည်း ပါဝင်နိုင်ဖွယ်ရာရှိသည်။

ပုံရိပ်အသစ်၊ အခွင့်အလမ်းအသစ်များနှင့် မြန်မာနိုင်ငံသစ် New Myanmar အတွက် မြင်တွေ့ရသော စိန်ခေါ်မှုမှာ ရေရှည်တည်တံ့နိုင်မာမှု Sustainability ပင် ဖြစ်နေသည်။ ယင်းရေရှည်တည်တံ့မှုတွင်လည်း (၁) ပြည်သူများ၏ လူမှု–စီးပွားတိုးတက်ရေး၊ (၂) မျှော်လင့်ချက်များကို စီမံခန့်ခွဲနိုင်မှု၊ (၃) ရှေ့သို့တက်လှမ်းလိုက်သော ခြေလှမ်းများ ခိုင်မာရေး (တစ်နည်းအားဖြင့် နိုင်ငံရေးခေါင်းဆောင်များ၏ စိတ်စေတနာ၊ သန္နိဋ္ဌာန်ဖြင့် တက်လှမ်းပြီးသောအဆင့်များကို ခိုင်မာသော အင်စတီကျူးရှင်းများအဖြစ်သို့ ပြောင်းလဲရေး) ဟူသောအချက်များ အရေးကြီးသည်။ ဤသည်ပင် လက်ရှိမျက်မှောက်ကြုံတွေ့နေရသော စိန်ခေါ်မှုများပင် ဖြစ်သည်။ သာဓကဆောင်ရလျှင် လက်ရှိနေ့စဉ်သတင်းစာများ၊ မီဒီယာများ၏ လွတ်လပ်ခွင့် ချက်ချင်းလက်ငင်းလမ်းပွင့်လာခြင်းသည် အုပ်ချုပ်သူတို့၏ စေတနာက ပြဋ္ဌာန်းပေးလိုက်သော ပွင့်လင်းမှုသာဖြစ်ပြီး ယင်းပွင့်လင်းမှု အစဉ်အဆက် တည်တံ့နေစေရေးအတွက် ဥပဒေ၊ နည်းဥပဒေ အစရှိသော ခိုင်မာသည့်အင်စတီကျူးရှင်းများဖြင့် တည်ဆောက်ရမည်ဖြစ်သည်။ ဥပဒေနှင့်အညီ ရရှိခံစားနေသော စာနယ်ဇင်းလွတ်လပ်ခွင့်၊ ဥပဒေက အကာအကွယ်ပေးထားသော လွတ်လပ်စွာရေးသားဖော်ပြခွင့် ဟူသည်သာ ရေရှည်သဘောဆောင်သော ပြုပြင်ပြောင်းလဲမှုမည်ပေလိမ့်မည်။

## ဒုတိယပင်လုံ သို့မဟုတ် နေပြည်တော်သဘောတူညီချက်

မကြာသေးခင်က SSA/RCSS ခေါင်းဆောင် ဦးရွက်ဆစ်နှင့် နေပြည်တော်၌တွေ့ဆုံရာတွင် မကြာတော့သည့်ကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့်တွေ့ဆုံ၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းကို နေပြည်တော် သို့မဟုတ် သင့်လျော်ရာနေရာဌာနတွင် ဆောင်ရွက်သွားမည်ဟူ၍ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ထုတ်ဖော်ပြောကြားခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက် တစ်နိုင်ငံလုံး သေနတ်သံ ချုပ်ငြိမ်းတော့မည့် အိပ်မက်သည် သက်ဆိုင်ရာခေါင်းဆောင်များ၏ နိုင်ငံနှင့်ပြည်သူ့အကျိုးအပေါ် မျက်မှောက်ပြုနိုင်မှု၊ အချင်းချင်းအကြား အပြန်အလှန်ယုံကြည်မှုတို့အပေါ်တွင် မူတည်နေပြီဖြစ်ရာ မဝေးတော့ဟု မှတ်ယူနိုင်သည်။

အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးတွင် အနိုင်-အရှုံးခံစားမှုများ၊ အနိုင်-အရှုံးသတ်မှတ်ချက်များ ပပျောက်သွားပြီး နိုင်ငံဖွံ့ဖြိုးရေး ဆုံမှတ်တွင် စုဆုံကြလျှင် မအောင်မြင်စရာမရှိဟု ဆိုနိုင်သည်။ ဆိုလိုသည်မှာ တန်းတူရည်တူ သဘောတူညီမျှ အခွင့်အရေးများ ဝေမျှနိုင်မည်ဆိုလျှင် နိုင်ငံရေးကွဲလွဲမှုများ ပပျောက်စေမည် ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးကလည်း ဒီနိုင်ငံကို မိမိတို့ပိုင်သလို ဦးရွက်ဆစ်တို့လည်း ပိုင်ကြောင်း အတိအလင်းပြောကြားထားပြီး သယံဇာတခွဲဝေမှုအထိ ဖော်ဆောင်နေပြီဖြစ်ရာ မူအားဖြင့် အငြင်းပွားဖွယ်ရာမရှိတော့ဘဲ လက်တွေ့မည်သို့အကောင်အထည်ဖော်မည်ကို ဆက်လက်ညှိနှိုင်းရန်သာ ကျန်တော့သည်။

## ခေါင်းဆောင်များ၏ Social Contract

ဒီမိုကရေစီ၏ တရားကိုယ်ထည်မှာ လုပ်ပိုင်ခွင့်အာဏာများကို တစ်နေရာတည်းတွင် စုစည်းထားခြင်းမရှိတော့ဘဲ အပြန်အလှန်ထိန်းကျောင်းမှုဖြင့် ပွင့်လင်းမြင်သာ သန့်ရှင်းစင်ကြယ်သော လုပ်ထုံးလုပ်နည်းများ ဖြစ်ပေါ်လာရေးပင်ဖြစ်သည်။ တရားမျှတမှုကို ထူထောင်တည်ဆောက်နိုင်ရန်အတွက် တရားမျှတသော ဥပဒေ၊ နည်းဥပဒေများ ပေါ်ထွက်လာရန်

အရေးကြီးသည်။ တစ်ဖန် ယင်းဥပဒေ၊ နည်းဥပဒေများကို ဆင်းရဲ-ချမ်းသာ၊ ယုတ်လတ်မြတ်မရွေး တန်းတူရည်တူ ခံစားနိုင်ခြင်းသည်ပင်လျှင် တရားဥပဒေစိုးမိုးရေးခြင်း ဖြစ်သည်။ အာဏာကြီးသုံးရပ်စလုံးကို တစ်နေရာတည်းတွင် စုစည်းရယူခဲ့သည့် ခေတ်စနစ်မှသည် အာဏာကြီးသုံးရပ်ကို တစ်နေရာစီဖြန့်ခွဲလိုက်ပြီဖြစ်သော မြန်မာ့နိုင်ငံရေးတွင် ယင်းမဏ္ဍိုင်ကြီးသုံးရပ်သာလျှင် အဓိကမဟုတ်တော့ဘဲ မီဒီယာ၊ Civil Society၊ Think Tank နှင့် ပြည်သူလူထုဟူသော ထိန်းကျောင်းရေးအစိတ်အပိုင်းများ အားကောင်းမောင်းသန် ကြီးထွားလာရန် အရေးကြီးနေပြီ ဖြစ်သည်။

ပြည်သူများ၏ နိုင်ငံရေးရေချိန်ကို အမြန်ဆုံးမြှင့်တင်ပေးနိုင်ရန် အတွက် ပြည်တွင်းပြည်ပမှ ဝိုင်းဝန်းလုပ်ဆောင်နေကြသော်လည်း နိုင်ငံရေးအမြတ်ထုတ်မှုကို နိုင်ငံရေးအမြတ်ထုတ်မှုဟု မှန်ကန်စွာ သိမြင်နိုင်သော၊ နိုင်ငံပြုခေါင်းဆောင် Statesman နှင့် နိုင်ငံရေးသမား Politician၊ အစစ်အမှန်နိုင်ငံရေးနှင့် အသုံးချနိုင်ငံရေးကို တိတိပပ ခွဲခြားနိုင်သော ပြည်သူ့နိုင်ငံရေးရေချိန်ကို အပြင်းအထန်လိုအပ်နေပြီ ဖြစ်သည်။ မဏ္ဍိုင်ကြီးသုံးရပ်၏ အပြန်အလှန်ထိန်းကျောင်းမှုကို ပြန်လည်ထိန်းကျောင်းမည့်မီဒီယာနှင့် Civil Society တို့ မည်မျှအားကောင်းနေပါပြီလဲ ဟူသောမေးခွန်းသည် မြန်မာ့ဒီမိုကရေစီ မည်မျှပီပြင်နေပြီလဲဟူသော အဖြေကို ထုတ်ပေးနိုင်မည် ဖြစ်သည်။

မှင့်မှင့်လင်းလင်းဆိုရလျှင် လက်ရှိ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ရှေ့သို့ ဆက်တိုက်လှမ်းတက်နေနိုင်ခြင်းသည် နိုင်ငံတော်သမ္မတ၊ ဒေါ်အောင်ဆန်းစုကြည် အစရှိသည့် နိုင်ငံရေးခေါင်းဆောင်များ၏ နားလည်မှုနှင့် ယုံကြည်မှုကို အခြေခံသော Social Contract ကြောင့်သာ ဖြစ်ကြောင်းတွေ့ရှိနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ စင်းလုံးချော မဟုတ်သေး၊ အငြင်းပွားဖွယ်ရာများ ရှိနေသေးသည်၊ ပိုမိုကောင်းမွန်အောင် ပြင်ဆင်သွားရမည် စသည့် ဘုံယုံကြည်ချက်များကြောင့် နိုင်ငံရေးအပြောင်းအလဲများ ရှေ့တန်းရောက်နေခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအသိုင်းအဝိုင်း၏ အပြုသဘောဆောင်သော ထောက်ခံအားပေးမှု

များသည်လည်း ရှေ့တန်းရောက်နေသော နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ပုံရိပ်များကြောင့်သာ ဖြစ်သည်။ နိုင်ငံရေးခေါင်းဆောင်များ၏ Social Contract ကို Institutionalization ပြုလုပ်ရေးသည် ယခုနောက်ဆုံး ဒီဘိတ်လုပ်နေကြသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးပင် ဖြစ်နေကြောင်း တွေ့ရှိရသည်။

## တပ်မတော်၏ အခန်းကဏ္ဍနှင့် Agree to Disagree

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို အာရုံပြုထားကြရာ၌ ၂၅ ရာခိုင်နှုန်းသော ထိုင်ခုံနေရာများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကြီးက သမိုင်းကြောင်းနှင့်ယှဉ်ကာ ရှင်းလင်းပြောကြားမှုအပေါ်တွင်လည်း ဝီဝါဒ အမျိုးမျိုးကွဲပြားနေကြပေလိမ့်မည်။ ဤသည်ပင် ဒီမိုကရေစီ၏ အနှစ်သာရဖြစ်သော Agree to Disagree ပင် ဖြစ်သည်။ နိုင်ငံရေးတွင် တပ်မတော် ပါဝင်နေခြင်းကို ပြန်လည်ဆန်းစစ်ကြည့်လျှင် နိုင်ငံရေးသမားများကြောင့်သာဖြစ်ကြောင်း တွေ့ရှိနိုင်သလို အမျိုးသားပြန်လည်ပေါင်းစည်း ညီညွတ်ရေးပန်းတိုင်သို့ ရောက်–မရောက် ဟူသောအချက်နှင့် တိုက်ရိုက်ဆက်စပ်နေကြောင်း တွေ့ရှိနိုင်သည်။ နိုင်ငံရေးသမားတို့ကြောင့် စစ်ဘောင် ညွှန်ကျယ်ပြန့်နေခြင်းကို သိမြင်နိုင်လျှင် လွှတ်တော်အတွင်းမှ မည်သည့်အချိန်တွင် တပ်မတော်ဖယ်ခွာသင့်သည် ဟူသောအဖြေကို အနီးစပ်ဆုံး ညှိနှိုင်းနိုင်မည်သာ ဖြစ်သည်။ တပ်မတော်သားများ လွှတ်တော်တွင်းမှ အပြီးတိုင်ထွက်ခွာရေးသည် လက်နက်ကိုင်ပဋိပက္ခများ အပြီးတိုင်ချုပ်ငြိမ်းရေး၊ တစ်နည်းအားဖြင့် ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေး ရ–မရ ဟူသောအချက်ဖြင့် တိုက်ဆိုင်စစ်ဆေးနိုင်ပေလိမ့်မည်။ ပွင့်ပွင့်လင်းလင်းဆိုရလျှင် နိုင်ငံရေးနည်းဖြင့် စေ့စပ်ညှိနှိုင်း၍ မရခဲ့သောကြောင့် လက်နက်ကိုင်ခဲ့ရသော တိုင်းရင်းသားများကို လက်နက်ကိုင်စရာ မလိုတော့သည့်အနေအထားအထိ ရောက်ရှိအောင် နိုင်ငံရေးသမားများက ညီညွတ်စေပြီလားဟူသောမေးခွန်းသည် ၂၅ ရာခိုင်နှုန်းအတွက် အနီးစပ်ဆုံးအဖြေပင် ဖြစ်ပါလိမ့်မည်။

တစ်ဖန် အရပ်ဘက်–စစ်ဘက်ဆက်ဆံရေး၌ အခြေခံအဆင့် ဖြစ်

သော ထိတွေ့ဆက်ဆံမှု၊ ရင်းနှီးမှု၊ နားလည်မှုတို့ မည်မျှအထိ တည်ဆောက်နိုင်ပြီလဲ၊ ယင်းမှတစ်ဆင့် အပြန်အလှန်နားလည်မှု၊ အပြန်အလှန် ယုံကြည်မှု၊ ပရော်ဖက်ရှင်နယ်တပ်မတော်တည်ဆောက်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်မှု စသည်တို့သည်လည်း ကွဲကူးရေပါ တစ်ဆက်တစ်စပ်တည်းရှိနေကြောင်း တွေ့ရှိနိုင်သည်။ ဤယူဆချက်သည်လည်း ဝိဝါဒ အမျိုးမျိုး ကွဲပြားနိုင်ဖွယ်ရာရှိသော်လည်း တောင်အာဖရိကအသွင်ကူးပြောင်းရေးတွင် မင်ဒဲလားနှင့် ဒီကလပ်တို့အကြား ထားရှိခဲ့သော Transformation Agreement မျိုးကို ထည့်သွင်းစဉ်းစားကြရန် လိုအပ်မည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် အမျိုးသားညီညွတ်ရေးဟု ဆိုလိုက်လျှင် တိုင်းရင်းသားလူမျိုးများကိုသာ ထည့်သွင်းစဉ်းစားလေ့ရှိသောကြောင့် တပ်မတော်သည်လည်း ယင်းလုပ်ငန်းစဉ်တွင် ထည့်သွင်းရမည့် Stakeholder တစ်ရပ်ဖြစ်နေကြောင်း သတိချပ်ရန်ဖြစ်သည်။ စစ်မှန်သော အမျိုးသား ညီညွတ်ရေးမရရှိလျှင် မည်သည့်ပြုပြင်ပြောင်းလဲမှုမျှ အောင်မြင်မည် မဟုတ်ဟူ၍ ဂျပ်ဆင်တွင် သမ္မတအိုဘားမားပေးသွားသည့် Message ကို မြန်မာ့နိုင်ငံရေး Stakeholder အားလုံး မမေ့မလျော့ နှလုံးသွင်းကြရန် ဖြစ်သည်။ ဤသည်မှာလည်း လက်ရှိမြန်မာ့နိုင်ငံရေးကို ပုံဖော်နေသော နိုင်ငံရေးခေါင်းဆောင်များက လက်တွေ့ကျကျ ဖော်ဆောင်ကြမည်ဟု အပြည့်အဝယုံကြည်မိသည်။

## နိဂုံး

မြန်မာ့ရွှေဦးဟု တမ္ဗာကခေါ်တွင်ကြသော မြန်မာ့ဒီမိုကရေစီသည် ယခုမှ နုသစ်စ၊ အသွင်ကူးပြောင်းစသာဖြစ်နေပြီး ရွှေဦး၏အလှတရားများကို ပြည်သူများ မခံစားနိုင်၊ မထိတွေ့နိုင်သေးပါ။ ဒီမိုကရေစီ ခိုင်မာပြီး ရေရှည်တည်တံ့သည့် အဆင့်မရောက်သေးနိုင်၊ ပြေပြစ်လျော့သည့်အဆင့်ပင် မပြီးပြတ်သေးသော မြန်မာ့ရွှေဦးသည် ယခုလွှတ်တော်သက်တမ်းသာမက အနည်းဆုံး နောက်ထပ်လွှတ်တော်သက်တမ်းတစ်ခုအထိ အချိန်ယူရဦးမည့်သဘောရှိနေသည်။ လက်ရှိနိုင်ငံရေးခေါင်းဆောင်များသည် နောင်လာမည့် မျိုးဆက်သစ်များအတွက် ခိုင်မာသော အုတ်မြစ်များ ချမှတ်ပေး

နိုင်သည့် နိုင်ငံပြုခေါင်းဆောင်များ ဖြစ်လာကြမည် ဖြစ်သည်။ ဤသို့သော အခြေအနေမျိုးတွင် ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးတရားများ ပြည်သူအားလုံး ယုတ်လတ်မြတ်မရွေး ခံစားရရှိနိုင်ရေးသည်သာ ဘုံရည်မှန်းချက် ဖြစ်သင့်သလို ယင်းသို့ အကျိုးတရားများ မည်သို့လက်တွေ့ အမြန်ဆုံး ဆောင်ကြဉ်းမည်နည်းဟူသောအချက်သည်သာ Common Ground ဖြစ်သင့်ကြောင်း တင်ပြလိုက်ရပေသည်။

***The Voice Weekly, Monday, June 17-23, 2013***

❑

## ပြင်ဆင်ရန် အခက်ခဲဆုံး အခြေခံဥပဒေ
## ထိပ်တန်းဦးစားပေး ပြင်ဆင်ချက်နှင့် ဒီမိုကရေစီစိုင်မာရေး

### နိဒါန်း

၂၀၁၀ ရွေးကောက်ပွဲများမတိုင်မီက ပြင်းထန်ခဲ့သော အငြင်းအခုံများတွင် Space မည်မျှကျယ်မည်နည်းဖြစ်ကြောင်း ပြန်ပြောင်းသတိရနိုင်လျှင် လက်ရှိ ချဲ့ထွင်ရရှိနေသော လှုပ်ရှားခွင့်အကျယ်အပြန့်ကို ကြည့်မြင်နိုင်ပေလိမ့်မည်။ ထိုစဉ်က ဒီဘိတ်များ၏ ထိပ်စည်းပိုင်းတွင် အစဉ်တည်ရှိခဲ့သောခေါင်းစဉ်မှာ အခြေခံဥပဒေဟူသော Rule of the Game ပင် ဖြစ်သည်။

အခြေခံဥပဒေသည် အခြေခံအကျဆုံးသော အင်စတီကျူးရှင်းဖြစ်ရာ ယန္တရားဆယ်ပေတ်များဖြင့် တိုင်းတာခြင်း၊ ဆန်းစစ်ခြင်း၊ ကန့်ကွက်ခြင်း စသည်အားဖြင့် ရပ်တည်ချက်အမျိုးမျိုးရှိခဲ့ကြသော်လည်း လက်ရှိမြန်မာနိုင်ငံရေးတိမ်းညွှတ်မှု၏ ဇဟိုချက်တွင် 'အခြေခံဥပဒေ ပြင်ဆင်ရန်လိုအပ်သည်' ဟူသော Common Position ကို ရောက်ရှိနေကြပြီ ဖြစ်သည်။ ဆိုရလျှင် အခြေခံဥပဒေဖြင့်ရယူခဲ့သော Political Space သည် Rule of the Game ပြင်ဆင်သည့်အဆင့်ထိ ရောက်ရှိလာပြီဖြစ်ရာ အကျုး

နှင့် အနိုင် (ဒီမိုကရေစီအသွင်ကူးပြောင်းရေးအဆင့်နှင့် ဒီမိုကရေစီခိုင်မာရေးအဆင့်)ကြားကာလဟုပင် ဆိုကောင်းဆိုနိုင်သည့်အနေအထား ဖြစ်နေသည်။

## အသုံးချ အခြေခံဥပဒေ

အခြေခံဥပဒေ ပြင်ဆင်ခြင်းမပြုမီ အခြေခံဥပဒေက ခွင့်ပြုပေးထားသော အခွင့်အလမ်းများ ကုန်စင်လုနီးပါး အသုံးချနေကြပြီလားဟူသော အခြေအနေမှာ မဏ္ဍိုင်ကြီးသုံးရပ်သာမက ဒီမိုကရေစီ၏ ယန္တရားများဖြစ်သော အခြားသောအင်စတီကျူးရှင်းများ၏ ရှေ့သို့ခြေလှမ်းများ တိုး၍ လျှောက်လှမ်းလာမှုအပေါ် အမိကမူတည်နေသည်။ ဤနေရာတွင် ဖြစ်ပေါ်လာသော Space ကို အကျိုးရှိရှိချဲ့ထွင်နိုင်သည်မှာ ရယူသူများဘက်က ဆောင်ရွက်နိုင်စွမ်းက အဓိကကျကြောင်း လက်ရှိ တနယ်ဇင်းလောက တိုးတက်မှုကို ဥပမာအဖြစ် ကြည့်မြင်နိုင်သည်။ တနယ်ဇင်းများတွင် မူလရှိပြီး အင်စတီကျူးရှင်း (ဤနေရာတွင် သင်းပင်းအဖွဲ့အစည်းကို ညွှန်းပါသည်) များ အားကောင်းနေခြင်းကြောင့် ထွက်ပေါ်လာသော နေရာလပ်ကို အပြည့်အဝ အသုံးချ၍ ချဲ့ထွင်နိုင်လာခြင်း ဖြစ်သည်။ အခြေခံဥပဒေက ခွင့်ပြုအပ်နှင်းထားသော နိုင်ငံသားများ၏ အခွင့်အရေးများကို ဖြည့်ဆည်းမြှင့်တင်နိုင်ရေးအတွက် အစောဆုံးပေါ်ထွက်ခဲ့သော ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်၊ တနယ်ဇင်းလွတ်လပ်ခွင့်၊ အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်၊ လယ်ယာမြေပိုင်ဆိုင်ခွင့် စသည်တို့က အထင်အရှားပြသနေသည်။

နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် အခြေခံဥပဒေပါ Rule of the Game တွင် ပါရှိသော ဂိမ်းစည်းမျဉ်းများကို နားလည်သဘောပေါက်မှသာ ဂိမ်းစည်းမျဉ်းပြင်ဆင်သည့်အခါ မှန်မှန်ကန်ကန်သိမြင်ကာ သန်း ၆၀ အကျိုးအတွက် ထိထိရောက်ရောက် ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်သည်။ တစ်ဖန် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စကားလုံးများ၊ စကားရပ်များသာမက ဖွဲ့တည်ထားသော မူဘောင်ကိုလည်း ရှင်းလင်းစွာနားလည်ထားရန် လိုအပ်ပါမည်။ လွှတ်တော်သက်တမ်း ထက်ဝက်ကျိုးသည်နှင့်အမျှ လွှတ်တော်ဥက္ကဋ္ဌ ၂ ဦး၏ နိုင်ငံရေးစိတ်စေတနာကောင်းများကို ပြဆိုနိုင်ခဲ့သလို

NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ လက်ပံကောင်းကော်မရှင်၏ စွမ်းဆောင်နိုင်မှုသည်လည်း အထင်အရှားထွက်ပေါ်လာခဲ့သည်။ အလားတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးသိန်းညွန့်၊ ဦးရဲထွန်း၊ ဦးကြည်မြင့်၊ ဒေါ်တင်နွယ်ဦး စသည်တို့သည်လည်း အခြေခံဥပဒေပြင်ဆင်ရန်းချက်များကို အခြေခံ၍ နိုင်ငံသားများ၏အကျိုးကို မြှင့်တင်နိုင်ရန် ကြိုးပမ်းအားထုတ်သူများအဖြစ်လည်း ပညာတတ်များ၏ အသိုင်းအဝိုင်းတွင် အလေးထား အသိအမှတ်ပြုလာခဲ့ကြောင်း တွေ့ရှိရသည်။ နိုင်ငံရေးသမားတို့မည်သည် ပြည်သူလူထု၏ မှတ်ကျောက်ဖြင့် အတင်ခံနိုင်ရမည်ဖြစ်သလို ပြည်သူလူထု၏ မှတ်ကျောက်ဖြင့်သာ အတင်ခံကြရမည် ဖြစ်သည်။ လူထုထောက်ခံမှုကို လက်တွေ့စွမ်းဆောင်မှုဖြင့် တောင်းခံခြင်းသည် စစ်မှန်သောကိုယ်စားပြုမှု မည်ပါလိမ့်မည်။

## ဗြိတိန်ပုံတူလား အမေရိကန်ပုံတူလား

လက်ရှိအခြေခံဥပဒေအရ မဏ္ဍိုင်ကြီးသုံးရပ် သီးခြားစီပိုင်းခြားထားခြင်း၊ သမ္မတအား ဥပဒေပြုရေးနှင့် စည်းခြားထားခြင်း၊ ကက်ဘိနက်တစ်ခုလုံး လွှတ်တော်တွင်းမရှိခြင်း စသည်တို့မှာ အမေရိကန်စနစ်နှင့် ဆင်တူသော်လည်း အုပ်ချုပ်ရေးအနစ်သာရနှင့် Check and Balance နှင့်တူသော Check and Balance များ ပျောက်ဆုံးနေသည်။ ထိုပျောက်ဆုံးနေမှုများကို ရှာဖွေကြည့်လျှင် ၁၉၄၇၊ ၁၉၇၄ စသည်တို့မှ သက်ဆင်းလာခဲ့သော ပါလီမန်အုပ်ချုပ်ရေးစနစ်သဘောတရားများကို လက်ရှိအခြေခံဥပဒေ၌ပင် တွေ့ရှိနိုင်သည်။ Mixed Sysytem ဟု ဆိုသော်ရကောင်းရနိုင်မည် ဖြစ်သော်လည်း ဒီမိုကရေစီနှင့် Check and Balance တန်ဖိုးများနှင့် ချိန်ထိုးကြည့်လျှင်သော်လည်းကောင်း၊ သန်း ၆၀ သော ပြည်သူများအကျိုး ဆောင်ကြဉ်းနိုင်မှုဖြင့် တိုက်ဆိုင်ကြည့်လျှင်သော်လည်းကောင်း 'စနစ်ကို မည်သူများက မည်သို့ကျင့်သုံးသည်' က ပိုမိုအဓိကကျနေကြောင်း တွေ့ရှိရသည်။

ဗြိတိသျှတို့၏ ပါလီမန်စနစ်မှာ ဝန်ကြီးချုပ်နှင့်ကက်ဘိနက်သည် ပါလီမန်အမတ်များဖြစ်နေကြပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးသည် ခွဲခြား

ဘားသည်ဆိုသော်ငြားလည်း အမှန်စင်စစ် အတူတူသာဖြစ်သည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်မှာ အမေရိကန်ပုံစံ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကို သီးခြားစီခွဲထုတ်ထားခြင်းဖြစ်သည်။ တရားသူကြီးချုပ်ကို အမေရိကန်ပြည်ထောင်စုတွင် သမ္မတက အမည်စာရင်းတင်သွင်းပြီး ဆီးနိတ်အထက်လွှတ်တော်က အတည်ပြုပေးရသည်။ တရားသူကြီးချုပ်သည် သတ်မှတ်ပြဋ္ဌာန်းထားသော အချက်များကို ဖောက်ဖျက်ခဲ့လျှင် စွပ်စွဲပြစ်တင်ခြင်းနည်းလမ်းဖြင့် ဥပဒေပြုမဏ္ဍိုင်က ဖြုတ်ချနိုင်သည်။ ဗြိတိသျှစနစ်မှာမူ တရားသူကြီးချုပ်ကို ဝန်ကြီးချုပ်က အကြံပေးတင်ပြပြီး ဘုရင်က ခန့်အပ်သည်။ ယင်းတရား သူကြီးချုပ်ကို လွှတ်တော်နှစ်ရပ်ပေါင်းက ဖြုတ်ချနိုင်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေခံဥပဒေနှင့် နှိုင်းယှဉ်ကြည့်လျှင် အမေရိကန်ပုံတူလား၊ ဗြိတိသျှပုံတူလား များများစားစား စဉ်းစားစရာမလိုအပ်ပေ။ အချုပ်အခြာအာဏာခက်မကြီးသုံးခွာကို မဏ္ဍိုင် ၃ ရပ်အဖြစ် ပိုင်းခြားထားမှုတွင် မြန်မာနိုင်ငံသည် အမေရိကန်ပုံစံဘက်နှင့် လုံလုံလျားလျားတူညီနေသည်။ သမ္မတရွေးချယ်တင်မြှောက်မှုတွင် လွှတ်တော်ကို အခြေခံသောကြောင့် ဗြိတိန်ပုံစံ ကွက်ကျားဝင်နေပြန်သည်။ တရားစီရင်ရေးတွင် တရားသူကြီးချုပ် ရွေးချယ်ခန့်ထားရာတွင် အမေရိကန်ပုံစံနှင့် လုံးလုံးလျားလျားတူနေပြန်သည်။ ဥပဒေပြုရေးတွင် ဗြိတိသျှဝန်ကြီးချုပ်မှာ အမတ်တစ်ဦးသာဖြစ်ပြီး အမေရိကန်သမ္မတမှာ ဗီတိုအာဏာ၊ အိတ်ဆောင်ဗီတိုအာဏာများ ရှိနေခြင်းတို့ကို လက်ရှိအခြေခံဥပဒေနှင့် တိုက်ဆိုင်ကြည့်လျှင် Check and Balance လျှော့ချခြင်းခံထားရသော သမ္မတအုပ်ချုပ်ရေးစနစ်ဖြစ်နေသည်။ ထို့အပြင် ၁၉၄၇၊ ၁၉၇၄ အခြေခံဥပဒေများမှ သက်ဆင်းလာခဲ့သော ပါလီမန်အုပ်ချုပ်ရေးသဘောတရားများကလည်း စိမ့်ဝင်နေပြန်သည်။

၁၉၄၇ နှင့် ၁၉၇၄ အခြေခံဥပဒေများအရ ဖွဲ့စည်းတည်ဆောက်ခဲ့သော ပါလီမန်အုပ်ချုပ်ရေးခေတ်တွင် နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးအကြီးအကဲမဟုတ်ဘဲ ဝန်ကြီးချုပ်သာလျှင် အုပ်ချုပ်ရေးအကြီးအကဲ ဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း တောင်ရှည်ပုဆိုး အလျှင်အမြန်ဝတ်ဆင်တတ်

ခြင်း၊ ဓေါက်ရိုက်တတ်ခြင်း၊ မြင်းစီးတတ်ခြင်းတို့သာ တတ်ကျွမ်းလာသည်၊ သမ္မတတို့တတ်အပ်သော အဗွာရာသ သုံးရပ်ဟု ဆိုညွှန်းခဲ့ကြသော ရုပ်ပြအကြီးအကဲသဘောမျိုး ဖော်ပြခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းခေတ်ကာလ နိုင်ငံတော်သမ္မတသည် ပါလီမန်ကို ဖျက်သိမ်းပစ်နိုင်သော အခွင့်အာဏာ ရှိခဲ့သည်။ လက်ရှိ ၂၀၀၈ ခုနှစ်အခြေခံဥပဒေတွင်မူ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲသာမက အုပ်ချုပ်ရေးအကြီးအကဲလည်းဖြစ်ရာ အမေရိကန်ပုံစံ ထပ်တူထပ်မျှကျနေသော်လည်း အုပ်ချုပ်ရေးအခွင့်အာဏာ အပ်နှင်းထားမှုတွင် များစွာလိုအပ်နေကြောင်း တွေ့ရှိရသည်။ ပါလီမန်စနစ်လိုလို သမ္မတစနစ်လိုလို မကွဲမပြား ဖြစ်နေသည်များကိုလည်း ကွဲကွဲပြားပြားဖြစ်ရန် လိုအပ်ပေမည်။

အမေရိကန်သမ္မတသည် ဗြိတိသျှဝန်ကြီးချုပ်၊ အိန္ဒိယဝန်ကြီးချုပ်များကဲ့သို့ အုပ်ချုပ်ရေးအာဏာကို အပြည့်အဝကျင့်သုံးနေသလို အိန္ဒိယသမ္မတ၊ မြန်မာနိုင်ငံ၏ (၁၉၄၇၊ ၁၉၇၄ အခြေခံဥပဒေအရ) သမ္မတများကဲ့သို့ အဆောင်အယောင်၊ အခမ်းအနားကိစ္စရပ်များကိုလည်း ဆောင်ရွက်နေရသည်ကို တွေ့မြင်နိုင်သည်။ အမေရိကန်သမ္မတသည် အမေရိကန်ဥပဒေပြုအဖွဲ့ဖြစ်သော ကွန်ဂရက်(ဗြိတိသျှအခေါ် ပါလီမန်)နှင့် သီးခြားကင်းလွတ်နေသောကြောင့် အမေရိကန်အုပ်ချုပ်ရေးစနစ်ကို ကွန်ဂရက်နှင့်ဆက်စပ်မှုမရှိသော (ပါလီမန်ကို တာဝန်မခံသော)အုပ်ချုပ်ရေး **Fixed Excutive** ဟု ခေါ်တွင်လေ့ရှိသည်။

## နိုင်ငံ့ပြုခေါင်းဆောင်

ယနေ့အချိန်အခါသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်ရာ သူ့အရပ်နှင့်သူ့ဓာတ်ဟူသော **Local Narritve** အဓိကဖြစ်ပေလိမ့်မည်။ အသွင်ကူးပြောင်းရေးကာလဖြစ်၍လည်း အင်စတီကျူးရှင်းများ နိုင်မာသည်ထက်နိုင်မာစေရန် ဆောင်ရွက်လျက်ရှိရာ အခြေခံဥပဒေပြင်ဆင်ရေးဒီဘိတ်သည် အနာဂတ်၌ ရေရှည်တည်တံ့သော ဒီမိုကရေစီ ထွန်းကားရှင်သန်ရေးအတွက် အရေးကြီးအချက်ဖြစ်လာနေသည်။ အာဏာကြီး ၃ ရပ်ကို တစ်နေရာတည်း စုစည်းမထားခြင်း၏ မူလရည်ရွယ်ချက်မှာ အပြန်

အလှန်ထိန်းကျောင်းရေးယန္တရားကို ပုံဖော်ခြင်းဖြစ်ပြီး အပြန်အလှန်ထိန်းကျောင်းရေးစက်ဝိုင်း တစ်ပတ်လည်ရန် အရေးကြီးသည်။ လက်ရှိကာလကိုသာမကြည့်ဘဲ သားစဉ်မြေးဆက် ဆက်လက်တည်တံ့စေမည့် ဒီမိုကရေစီ အင်စတီကျူးရှင်းများတည်ဆောက်ရေးသည် လက်ရှိနိုင်ငံပြုခေါင်းဆောင်များအပေါ်တွင်သာ မူတည်နေသည်။

အမေရိကန်အခြေခံဥပဒေကို ပြင်ဆင်လိုလျှင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့က သီးခြားစီ သုံးပုံနှစ်ပုံသော ထောက်ခံမဲဖြင့်တင်သွင်းခြင်းဖြစ်ပြီး အဆိုပါသုံးပုံနှစ်ပုံမှာလည်း မဲခွဲသည့်နေ့တွင် လွှတ်တော်အသီးသီး၌ တက်ရောက်လျက်ရှိသော လွှတ်တော်အမတ်များ၏ သုံးပုံနှစ်ပုံမဟုတ်ဘဲ လွှတ်တော်တစ်ခုစီတွင်ရှိသော လွှတ်တော်အမတ်စုစုပေါင်း၏ သုံးပုံနှစ်ပုံဖြစ်သည်။ နောက်တစ်နည်းမှာ ပြည်နယ်စုစုပေါင်း(၅၀ ပြည်နယ်)၏ လွှတ်တော်အမတ်အရေအတွက် အနည်းဆုံး သုံးပုံနှစ်ပုံ (ပြည်နယ်ပေါင်း ၃၄ ပြည်နယ်)က ပြင်ဆင်လိုကြောင်း တင်ပြန်လိုအပ်သည်။ ထိုသို့တင်ပြလာသည့်အခါ ကွန်ဂရက်သည် National Convention ခေါ်ယူကျင်းပပေးရမည် ဖြစ်သည်။ ၎င်းနောက် ပြည်နယ်စုစုပေါင်း၏လေးပုံသုံးပုံက သဘောတူညီလျှင် ပြင်ဆင်ချက်အတည်ဖြစ်ပြီး လေးပုံသုံးပုံ၏ သဘောတူညီချက် မရရှိလျှင် ပြင်ဆင်ချက် အတည်ဖြစ်နိုင်ပေ။ အမေရိကန်ပြည်ထောင်စု၏ သမိုင်းကြောင်းကို လေ့လာကြည့်လျှင် စတင်ပေါ်ပေါက်ခဲ့သော ၁၇၈၉ ခုနှစ်မှ ယနေ့အချိန်အထိ နှစ်ပေါင်းနှစ်ရာကျော်အတွင်း အခြေခံပြင်ဆင်ချက်ပေါင်း ၂၇ ခုသာ ရှိခဲ့သည်ကိုကြည့်လျှင် အမေရိကန်အခြေခံဥပဒေသည် ကမ္ဘာပေါ်တွင် ပြင်ဆင်ရန်အခက်ခဲဆုံးဟု သတ်မှတ်ထားချက် မှန်-မမှန်ကို သိရှိနိုင်မည်ဖြစ်သည်။

သို့သော်လည်း အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေပြင်ဆင်ချက် စုစုပေါင်း ၂၇ ခု ရှိသည့်အနက် ပထမဦးဆုံးသော ပြင်ဆင်ချက် ၁၀ ခုမှာ Bill or Rights ဟု ခေါ်တွင်သော ပြည်နယ်များ၏ လုပ်ပိုင်ခွင့်တိုးမြှင့်ခွဲဝေပေးခြင်းများ ဖြစ်နေကြောင်း တွေ့ရှိနိုင်သည်။ ဤပြင်ဆင်ချက်များ၏ ညွှန်းဆိုချက်မှာ ဖက်ဒရယ်ပြည်ထောင်စု တည်တံ့ရေးကို

Bill or Rights ဖြင့် ပြန်လည်ထိန်းညှိထားခြင်း ဖြစ်နေသည်။ အမေရိကန် အခြေခံဥပဒေအားပြင်ဆင်ရန် ၁၇၈၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် တင်သွင်းခဲ့သည့် ပထမဦးဆုံးသော ပြင်ဆင်ချက်မှာ Protects freedom of speech, freedom of religion, and freedom of the press, as well as the right to assemble and petition the government ဟူ၍ ဖြစ်နေသည်ကိုကြည့်လျှင် အခြေခံဥပဒေပြင်ဆင်ချက်၏ ရည်ရွယ်ချက်နှင့် အနှစ်သာရကို သိရှိနိုင်ပေလိမ့်မည်။ ကမ္ဘာပေါ်တွင် ပြင်ဆင်ရန်အခက်ဆုံးဟု ဥပဒေပညာရှင်များအားလုံး လက်ခံထားသော အမေရိကန်အခြေခံဥပဒေ၏ ထိပ်တန်းဦးစားပေး ပထမဆုံးပြင်ဆင်ချက်သည် ဒီမိုကရေစီတန်ဖိုးများကို ကိုယ်စားပြုလျက်ရှိရာ ယနေ့ အမေရိကန်ဒီမိုကရေစီမည်သည့်အတွက်ကြောင့် ခိုင်မာအားကောင်းနေသည်ကို ဆက်စပ်စဉ်းစားကြည့်နိုင်ပေလိမ့်မည်။

အချုပ်ဆိုရလျှင် နောင်လာမည့် မျိုးဆက်များ၏ လက်ထက်တွင် ဒီမိုကရေစီအုတ်မြစ်များ ခိုင်မာသည်ထက် ခိုင်မာစေနိုင်မည့် အင်စတီကျူးရှင်းများ တည်ဆောက်ရေးသည် လက်ရှိနိုင်ငံတည်ဆောက်ရေးပင်ဖြစ်ရာ အပြန်အလှန်ထိန်းကျောင်းရေးယန္တရားများတွင် မီဒီယာများ၏ အပြန်အလှန် ထိန်းကျောင်းခွင့်၊ ပြည်သူများ၏ အပြန်အလှန်ထိန်းကျောင်းခွင့်၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အပြန်အလှန်ထိန်းကျောင်းခွင့်တို့ကိုလည်း လမ်းဖွင့်ပေးရန် လိုအပ်သည်။ မီဒီယာ၊ ပြည်သူ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများက ထိုသို့အပြန်အလှန်ထိန်းကျောင်းနိုင်ခွင့် တိုးမြှင့်ရရှိစေရန်လည်း ခိုင်မာသော အင်စတီကျူးရှင်းများ တည်ဆောက်ပေးပြီး ခိုင်မာသောလုပ်ပိုင်ခွင့်များ အပ်နှင်းပေးရန်လိုအပ်သည်။ သို့မှသာ နှစ်ပေါင်းမြန်ပွက်စ မြန်မာ့ဒီမိုကရေစီသည် အပြန်အလှန်ထိန်းကျောင်းရေးယန္တရားကြီးတစ်ခုလုံး တစ်ပတ်လည်ပြီး မည်သည့်မဏ္ဍိုင်ကမှ အခွင့်ထူးခံမဖြစ်စေဘဲ အညီအမျှခွဲဝေမှု ဖြစ်လာပါလိမ့်မည်။ Rule of the Game ပြင်ဆင်ရေးအတွက် သုံးသပ်ဆင်ခြင်ကြရာတွင် မည်သည့်ပြင်ဆင်ချက်က ထိပ်တန်းဦးစားပေးဖြစ်သင့်သည်ဟူသော မဟာဗျူဟာသဘော မြင့်စဉ်းစားသုံးသပ်ကြမှသာ ပြင်ဆင်ရန်စက်ခဲလှသည် ဟူသော ညည်းတွား

ခြင်းများကို ကျော်လွှားနိုင်ပါမည့်အကြောင်း အလေးထား တင်ပြလိုက်ရပေသည်။

***Source : The Voice Daily Newspaper, August 2, 2013***

❑

# Check and Balance နှင့်တူသော Check and Balance

### ဂျော့ဘုရှ်လက်ထက် အဖြစ်အပျက်

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ ည ၈ နာရီအချိန်၊ အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်က အီးမေးလ်တစ်စောင်ပေးပို့ခဲ့သည်။ ယင်းအီးမေးလ်မှာ ယင်းမတိုင်မီအချိန်လေးမှာပင် လက်မှတ်ရေးထိုးလိုက်သော ဥပဒေကြမ်းအပေါ်ထားရှိသည့် အမေရိကန်သမ္မတ၏ သဘောထားကို အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားရုံးများက သိရှိနားလည်သဘောပေါက်စေရန် ရေးသားထားခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းမှာ သမားရိုးကျ ဥပဒေပြုရေးကိစ္စတစ်ရပ်တော့မဟုတ်ခဲ့ပေ။ ဆီနိတ်တာ ဂျွန်မက်ကိန်း တင်သွင်းခဲ့သည့် အကျဉ်းသားများအပေါ်ပြုကျင့်ရမည့် အကဲဥပဒေပင်ဖြစ်သည်။ မက်ကိန်းသည် သမ္မတဘုရှ်၏ အကြမ်းဖက်နှိမ်နင်းရေး စစ်ပွဲခေါင်းစဉ်အောက်၌ ထိန်းသိမ်းထားရှိသော အကျဉ်းသားများအား စစ်ဆေးသည့်နည်းလမ်းများကို ဆန့်ကျင်ကန့်ကွက်ကာ ဤဥပဒေ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ဆီနိတ်တာ မက်ကိန်း ထိုဥပဒေကို ပြဋ္ဌာန်းတော့မည်ဆိုသည့် သတင်းများ ထွက်ပေါ်လာကတည်းက သမ္မတဘုရှ်သည် အပြင်းအထန်ပင် ကန့်ကွက်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု ဘေးကင်းလုံခြုံရေးကို ဆောင်ကြဉ်းရာ၌ အကန့်

အသေတ်များဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော သမ္မတ၏အုပ်ချုပ်ရေးအာဏာကို ယုတ်လျော့စေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါဥပဒေကြမ်းအား ဆီးနိတ်(အထက်လွှတ်တော်)တွင် ထောက်ခံမဲ ၉၀၊ ကန့်ကွက်မဲကိုးမဲဖြင့်လည်းကောင်း၊ ဟောက်စ် (အောက်လွှတ်တော်)တွင် ထောက်ခံမဲ ၃၀၈ မဲ၊ ကန့်ကွက်မဲ ၁၂၂ မဲဖြင့် လည်းကောင်း အတည်ပြုခဲ့သည်။ သမ္မတဘုရှ်နှင့် ဆီနိတ်တာ မက်ကိန်းတို့နှစ်ဦးတွေ့ဆုံခဲ့ရာ၌ ဥပဒေကြမ်းအား သမ္မတဘုရှ်က ဗီတိုအာဏာဖြင့် ပယ်ချမည်မဟုတ်၊ လက်မှတ်ရေးထိုးကာ ထုတ်ပြန်ပေးမည်ဟူ၍ လူသိသင်ရှား ပြောကြားခဲ့သည်။

## Check and Balance ဆိုတာ ဘယ်လိုမျိုးလဲ

ဤနေရာတွင် အလျှင်းသင့်၍ အမေရိကန်သမ္မတများနှင့် ကွန်ဂရက်တို့ ဥပဒေပြုရေးဆိုင်ရာဆက်ဆံမှုမှာ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ အမေရိကန်နိုင်ငံ၏ အခြေခံဥပဒေတွင် သမ္မတအား ဥပဒေပြုရေး၌ ဗီတိုနှင့် အိတ်ဆောင်ဗီတိုများ အပ်နှင်းထားသော်လည်း မြန်မာနိုင်ငံတွင် အပ်နှင်းထားခြင်းမရှိကြောင်း တွေ့ရှိနိုင်သည်။ အိတ်ဆောင်ဗီတိုအာဏာမှာ သမ္မတဖြစ်သူအနေနှင့် အဆိုပါဥပဒေတင်ပြလာလျှင် လက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း ကြိုတင်၍အသိပေးအကြောင်းကြားခြင်းမျိုး ဖြစ်သည်။ ထိုအခါတွင် ဥပဒေပြုသူများအနေဖြင့် ဗီတိုနှင့် ပယ်ချခံရမည့်သတိပေးချက်ကို လက်ခံရရှိချိန်တွင် ဥပဒေကြမ်း အောင်မြင်မှုမရှိနိုင်သည့်အလားအလာကို တွက်ဆနိုင်စေရန် ဖြစ်သည်။ ဗီတိုအာဏာမှာ ကွန်ဂရက်က ပေးပို့လာသော ဥပဒေကြမ်းတစ်ရပ်ကို သမ္မတက ဥပဒေအဖြစ်ပြဋ္ဌာန်းရန် သဘောမတူ၍ လက်မှတ်မရေးထိုးနိုင်ဟု ပြန်ကြားခြင်းဖြစ်သည်။ ယင်းသို့ပြန်ကြားခြင်းသည် သမ္မတက ဥပဒေပြုရေးတွင် ဗီတိုအာဏာအသုံးပြုခြင်းဖြစ်သည်။ ကွန်ဂရက်၏ ဥပဒေပြုရေး ကိစ္စရပ်တွင် အုပ်ချုပ်ရေးအကြီးအကဲကို ဗီတိုအာဏာပေးအပ်ထားခြင်းသည်

ကမ္ဘာပေါ်တွင် စံပြုရသည့် အမေရိကန် ဒီမိုကရေစီ၊ အမေရိကန် Check and Balance ၏ အဓိကအချက် ဖြစ်သည်။

ဥပမာ– ကွန်ဂရက်မှ သဘောတူအတည်ပြု၍ ပေးပို့လာသော ဥပဒေကြမ်းတစ်ရပ်ရပ်ကို အခြေခံဥပဒေနှင့်မညီဟု သမ္မတက ယူဆလျှင်သော်လည်းကောင်း၊ ပြည်သူ့ အကျိုးစီးပွားအတွက် မသင့်ဟု သမ္မတကဆုံးဖြတ်လျှင် သော်လည်းကောင်း အထက်ပါ ဗီတိုအာဏာဖြင့် ပယ်ချနိုင်သည်။ ထိုသို့ သမ္မတက ဗီတိုအာဏာသုံးကာ ပယ်ချလိုက်သော ဥပဒေကြမ်းကို ကွန်ဂရက်အနေနှင့် ဥပဒေအဖြစ်ထုတ်ပြန်လိုလျှင် သို့မဟုတ် ဥပဒေပြုရေးတွင် အခြေခံဥပဒေက အပ်နှင်းထားသော သမ္မတ၏ဗီတိုအာဏာကို လွှမ်းမိုးကျော်လွှန်လိုလျှင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံးပါဝင်သော ကွန်ဂရက်၌ မဲပြန်ခွဲ၍ ထောက်ခံသူအရေအတွက် အနည်းဆုံး ၇၅ ရာခိုင်နှုန်းကျော်ရရှိမှသာ ဥပဒေအဖြစ် ထုတ်ပြန်နိုင်မည်ဖြစ်သည်။ သမ္မတကို ဗီတိုအာဏာအပ်နှင်းထားသော်လည်း ယင်းဗီတိုကို ကွန်ဂရက်က ကျော်လွှန်နိုင်သော အခွင့်အာဏာ ပြန်လည်ထည့်သွင်းထားသည်ကို တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေနှင့် နှိုင်းယှဉ်ကြည့်လျှင် အပြန်အလှန်ထိန်းကျောင်းမှုစနစ် အမှန်တကယ် ပါဝင်မှု ရှိ မရှိ တွေ့ရှိနိုင်မည် ဖြစ်သည်။

တစ်ဖန် အမေရိကန် ကွန်ဂရက်တွင် မဲခွဲဆုံးဖြတ်ရာ၌ လွှတ်တော်အမတ်များကို မတ်တတ်ရပ်စေခြင်းဖြင့် မဲခွဲသောနည်းလမ်းကို ကျင့်သုံးလေ့မရှိသဖြင့် လွှတ်တော်အမတ်များအချင်းချင်း အပြန်အလှန် ရှိသေလေးစားမှုကို တွေ့ရှိနိုင်သည်။ အထက်၊ အောက်လွှတ်တော်နှစ်ရပ်စလုံးတွင် လူနည်းစု ခေါင်းဆောင်များ၊ လူများစု ခေါင်းဆောင်များရှိသလို သက်ဆိုင်ရာ ကော်မတီ၊ ဆပ်ကော်မတီများ ရှိသည်။အထက်၊ အောက်လွှတ်တော် ဥက္ကဋ္ဌများမှာ ညွှန်ကြားရှိသည့်တိုင်အောင် ပါတီ မူဝါဒများက အဓိကလွှမ်းမိုးထားကြောင်း တွေ့ရှိရသည်။ အမေရိက၏ Check and Balance မှာ သမ္မတနှစ်ဆင်ကို ဝါးတားဂိတ်နှင့်ရင်ဆိုင်စေခဲ့သော Check and Balanc ဖြစ်သလို ကွန်ဂရက်မှ ဥပဒေကြမ်းများကို တရားရုံးချုပ်နှင့် ပြန်လည်ထိန်းကျောင်းထားသော၊ သမ္မတ၏ အိတ်ဆောင်ဗီတိုအာဏာ၊ ဗီတို

အာဏာတို့ဖြင့် ပြန်လည်ထိန်းကျောင်းထားသော Check and Balance နှင့်ဘူသော Check and Balance ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

## Signing Statement

ပြန်ကောက်ရလျှင် သမ္မတဘုရှ်သည် မက်ကိန်းတင်သည့် ဥပဒေကြမ်းကို လက်မှတ်ရေးထိုးပေးမည်ဟု သဘောတူခဲ့သော်လည်း လက်မှတ်ရေးထိုးချိန်တွင် Signing Statement ဟု ခေါ်တွင်နိုင်သော အထက်ပါ အဲ့ဆေးလ်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်း Signing Statement တွင် ခော်ပြထားသည်များမှာ အထက်ပါလက်မှတ်ရေးထိုးလိုက်သော ဥပဒေနှင့် စပ်လျဉ်း၍ အုပ်ချုပ်ရေးအကြီးအကဲ၊ စစ်သေနာပတိချုပ်ဖြစ်သော သမ္မတကို ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသည့် အခွင့်အာဏာများ၊ တရားစီရင်ရေးမဏ္ဍိုင်အား သီးသန့်တည်ရှိစေရန် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များ စသည်တို့ကို အလေးအမြတ်ပြုရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သမ္မတ၏လုပ်ပိုင်ခွင့်များအရ ကွန်ဂရက်အနေနှင့် ဝင်ရောက် စွက်ဖက်နိုင်ခြင်းမရှိကြောင်း စသည်အားဖြင့် ဖော်ပြပါရှိသည်။

အကောင်အထည်ဖော်ရမည့် ဗျူရိုကရေစီယန္တရားနှင့် တရားရုံးများကို သမ္မတဘုရှ် ပြောကြားလိုသည့်စကားမှာ ဤဥပဒေကို သမ္မတ လက်မှတ်ရေးထိုးလိုက်သည်။ သို့သော်လည်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ဤသို့ သဘောထားရှိသည်။ လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဤသည်တို့ကို သိရှိနားလည်ပြီး ဆောင်ရွက်ကြပါဟူသော သဘောမျိုးဖြစ်သည်။ ဆိုလိုရင်းမှာ ကာကွယ်ရေးနှင့် ထောက်လှမ်းရေးဆိုင်ရာ ယန္တရားများအနေနှင့် အကျဉ်းသားများအား ထားရှိထိန်းသိမ်းရာတွင် သမ္မတညွှန်ကြားထားသည့် လုပ်ထုံးလုပ်နည်းများအရသာ ဆောင်ရွက်ရန် ဝိနည်းလွတ် အသိပေးကြေညာလိုက်ခြင်း ဖြစ်သည်။ ဤသည်ကို Signing Statement ဟု ခေါ်တွင်ပြီး သမ္မတအနေနှင့် ကွန်ဂရက်နှင့် ဆက်ဆံရေး မပျက်ပြားလို၍လည်းကောင်း၊ မိတို့အာဏာသုံးသည်အထိ မဆောင်ရွက်လို၍လည်းကောင်း အသုံးပြုလေ့ရှိသည်။ ထိုသို့ Signing Statement ပါ ဥပဒေများကို အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့များက

မလိုက်နာခြင်းကြောင့် အပြစ်ဆို၍ မရပေ။ ထိုဥပဒေထက် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များက ပို၍ အလေးအမြတ်ပြုရမည် သဘောမျိုး ညွှန်းဆိုထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်အနေနှင့် ခေတ်သစ် အမေရိကန်သမ္မတများအနက် လွှကြိုက်မများလှသော သမ္မတများထဲတွင်ပါဝင်ပြီး သမ္မတ၏ လုပ်ပိုင်ခွင့်၊ သမ္မတ၏အာဏာကို အလွန်အကျွံ သုံးစွဲသည်ဟူ၍ ဝေဖန်ခံရသူတစ်ဦးဖြစ်သည်။ ဥပမာဆိုရလျှင် အမေရိကန်ပြည်ထောင်စုအနေနှင့် စစ်ပွဲဆင်နွှဲခြင်းကို ကွန်ဂရက်၏ အတည်ပြုချက်ရယူရမည်ဟူ၍ အခြေခံဥပဒေက ပြဋ္ဌာန်းထားသော်လည်း သမ္မတ၏ အမိန့်ဖြင့် အီရတ်နှင့် အာဖဂန်စစ်ပွဲများ ဆင်နွှဲခဲ့ခြင်းဖြစ်သည်။ အမေရိကန်သမိုင်းကြောင်းတွင် စစ် ဆင်နွှဲခဲ့သည့် သမ္မတများတွင် ကွန်ဂရက်၏ အတည်ပြုချက် ရယူခဲ့သူတစ်ဦးမှ မရှိခဲ့ပေ။ ထိုသို့ သဘောတူညီချက်မရယူခဲ့သော်လည်း အခြေခံဥပဒေက အပ်နှင်းထားသော သမ္မတ၏လုပ်ပိုင်ခွင့်များမှာ ကျယ်ပြန့်လှကြောင်း တွေ့ရှိရသည်။ အခြေခံအကြောင်းရင်းမှာ လက်တွေ့အကောင်အထည်ဖော်ရသည့် ဗျူရိုကရေစီယန္တရားကြီးတစ်ခုလုံးမှာ သမ္မတ၏ အုပ်ချုပ်ရေးအာဏာအောက်တွင်ရှိပြီး ကွန်ဂရက်အောက်တွင် မရှိခြင်း၊ အခြေခံဥပဒေကို ဖွင့်ဆိုရာ၌ပင် အမျိုးမျိုးဖြစ်နေရာ ကွန်ဂရက်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများမှာ အုပ်ချုပ်ရေးက လိုက်နာဆောင်ရွက်မှသာ အသက်ဝင်မည်ဖြစ်ခြင်း စသည်တို့ ဖြစ်နေသည်ကို တွေ့ရှိရသည်။ Signing Statement ကဲ့သို့ အကောင်အထည်ဖော်ခြင်းမရှိသော တည်ဆဲဥပဒေများ အမေရိကန်ပြည်ထောင်စုတွင် အများအပြားရှိနေကြောင်းလည်း တွေ့ရှိရသည်။ ထိုသို့ Signing Statement ထုတ်ပြန်ခြင်းသည်လည်း သမ္မတ၏ ဥပဒေပြုရေးဆိုင်ရာ ဗီတိုဆောင်ဗီတိုအာဏာတစ်ရပ်ပင် ဖြစ်သည်။ အလားတူ Judicial Review ကို ဆောင်ရွက်ခွင့်ရှိသည်မှာလည်း တရားရုံးချုပ်သာဖြစ်ပြီး ဥပဒေပြုအမတ်များအနေဖြင့် မည်သို့တရားစီရင်ပါဟူ၍ စွက်ဖက်ခွင့်မရှိပါ။ သို့သော် ဂျော့ချ်ဘုရှ် ပြောကြားလိုက်သည့် Message မှာ ဒီဥပဒေကြမ်းကို လက်မှတ်ထိုးလိုက်ပေမယ့် သမ္မတရဲ့ သဘောထားကတော့ ဒီလိုဟူ၍ ဖြစ်သည်။

## ပြည်သူက ရွေးချယ်သော သမ္မတစနစ်

အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်သူက ရွေးချယ်သည့် ပြည်သူ့အတွက် ပြည်သူ့အစိုးရဟူသောစကားမှာ သမ္မတကို ညွှန်းဆို ကြောင်း လက်ခံထားကြသည်။ အမေရိကန်သမ္မတကို တစ်နိုင်ငံလုံးရှိ ပြည်သူများက ရွေးချယ်တင်မြှောက်ပေးခြင်းဖြစ်သော်လည်း ဆီနိတ်တာ များ၊ ကွန်ဂရက်စ်မင်းများမှာ သတ်မှတ်မဲဆန္ဒနယ်မြေများရှိ ပြည်သူအချို့ သာ ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်သူများ က ရွေးချယ်ထားသနည်းဟူသောအချက်မှာ အမေရိကန်သမ္မတများ၏ အားသာချက်ဖြစ်သလို အုပ်ချုပ်ရေးတွင် သမ္မတတစ်ဦးတည်းကိုသာ လုပ် ပိုင်ခွင့် စုပြုံအပ်နှင်းထားသော်လည်း လွှတ်တော်အမတ်များမှာ အများဖြင့် ညှိနှိုင်းတိုင်ပင်ရခြင်းဖြစ်သည်။

မက်ကိန်းနှင့်အပြိုင် အကြိတ်အနယ်ယှဉ်ပြိုင်ပြီး အပြတ်အသတ် အနိုင်ရရှိခဲ့သော သမ္မတအိုဘားမားသည် အိမ်ဖြူတော်သို့ ရောက်ရှိပြီး သုံးရက်အကြာတွင် ကွန်ဂရက်ခေါင်းဆောင်များကို ဖိတ်ကြားခဲ့သည်။

ထိုစဉ်က အမေရိကန်ပြည်ထောင်စုတစ်ခုလုံးအတွက် အရေးကြီး ဆုံး ထိပ်တန်းဦးစားပေးမှာ သမ္မတဘုရှ်လက်ထက်တွင် ကြုံတွေ့ခဲ့ရသော ဘဏ္ဍာရေးအကျပ်အတည်းမှ အမြန်ဆုံးရုန်းထွက်လွတ်မြောက်ရေးပင် ဖြစ် သည်။ အိုဘားမားနှင့် ကွန်ဂရက်ခေါင်းဆောင်များမှာ အမေရိကန်စီးပွား ရေးလှုံ့ဆော်ရေးဥပဒေမူကြမ်းကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ရီပတ်ဘလစ်ကန် ခေါင်းဆောင်များက ဝင်ငွေခွန် ပေးဆောင်ထား ခြင်းမရှိသူများအား အခွန်ချေးငွေပေးအပ်မည့်အစီအစဉ် ဖယ်ရှားပေးရန် သမ္မတအိုဘားမားကို တောင်းဆိုခဲ့သည်။ သို့သော် အိုဘားမားက ငြင်း ပယ်ခဲ့ပြီး လောလောဆယ် အနိုင်ရရှိထားသော သမ္မတရွေးကောက်ပွဲကို ပြန်လည်ရည်ညွှန်းခဲ့သည်။ ရီပတ်ဘလစ်ကန်ခေါင်းဆောင်များကို အို ဘားမားပြောခဲ့သည့်စကားမှာ 'ကျွန်တော်က သမ္မတရွေးကောက်ပွဲ နိုင်ခဲ့ တာနော်' ဟူ၍ ဖြစ်သည်။

အစုနောက်ပိုင်းတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ မြန်မာ နိုင်ငံရေးခေါင်းဆောင်များ စံပြုအတုယူနေကြရသည့် အမေရိကန်နိုင်ငံရေး

စနစ်နှင့် နိုင်ငံရေးသဘောတရားကို ပိုရဲပိုရဲ တွေ့မြင်နေရပြီဖြစ်ရာ အမေရိကန်အိပ်မက် American Dream ဟု ခေါ်တွင်နိုင်ပေလိမ့်မည်။

ထိုသို့ အမေရိကန် အိပ်မက်မက်နေကြသော နိုင်ငံရေး ခေါင်းဆောင်များအနေနှင့် မြန်မာပြည်သူများက နိုင်ငံတော်သမ္မတကို တိုက်ရိုက်ရွေးချယ်ခွင့်ရရှိစေရေးကိုလည်း အလေးထားစဉ်းစားစေလိုသည်။ အမေရိကန်ပြည်ထောင်စုကဲ့သို့ ပါတီတွင်းသမ္မတလောင်း ရွေးချယ်ပွဲ၊ ဖက်ဒရယ်အဆင့် သမ္မတရွေးချယ်ပွဲမရောက်နိုင်သေးစေကာမူ အနိမ့်ဆုံးအဆင့်အားဖြင့် အင်ဒိုနီးရှားနိုင်ငံကဲ့သို့သော သမ္မတရွေးချယ်မှုမျိုး၊ အမေရိကန်အခြေခံဥပဒေကဲ့သို့ အမှန်တကယ် အပြန်အလှန်ထိန်းကျောင်းစေသော Check and Balance နှင့် အမှန်ပင်တူသော Check and Balance စနစ်မျိုးဖြစ်ပေါ်လာစေရန် ယခုနောက်ဆုံးဖော်စားနေသော အခြေခံဥပဒေပြင်ဆင်ရေး ဒီဘိတ်၌ ထည့်သွင်းပေးပါမည့်အကြောင်း၊ အမေရိကန်အိပ်မက်များကို အမှန်တကယ်အကောင်အထည်ဖော်နိုင်မှသာ နိုင်မာသော ဒီမိုကရေစီစနစ်ကို ထားရစ်ခဲ့နိုင်မည်ဖြစ်ကြောင်း အလေးထားတိုက်တွန်းဖော်ပြလိုက်ရပါသည်။

***Ref - The Levers of Presidential Control by David E. Lewis and Terry M. Moe***

❑

# နိုင်ငံတော်သမ္မတ၊ တရားစီရင်ရေးနှင့် အင်စတီကျူးရှင်း

## အမေရိကန်တရားရုံးချုပ်

ယနေ့ နိုင်ငံတကာတွင် လစ်ဘရယ်ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ကျင့်သုံးနေကြသော နိုင်ငံများအနက် အမေရိကန်ကျင့်ထုံးများကို စံနမူနာအဖြစ် ထားရှိနေကြသည်မှာ အထင်အရှားပင်ဖြစ်သည်။ အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီးသုံးရပ်ကို အာဏာအညီအမျှ ခွဲဝေထားခြင်းဖြစ်သည်၊ အပြန်အလှန်ထိန်းကျောင်းမှုမှာလည်း အစဉ်အဆက် ဆင့်ကဲတိုးတက်ပြောင်းလဲမှုများဖြင့် ပိုင်းခြားကန့်သတ်လာခဲ့ခြင်းဖြစ်သည်။ အမေရိကတွင် တရားရုံးချုပ်သည် အမြင့်ဆုံးတရားရုံးဖြစ်ပြီး တရားသူကြီးချုပ်တစ်ဦး၊ တရားသူကြီးရှစ်ဦး၊ပေါင်းကိုးဦးဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရသည်။ အဆိုပါ တရားရုံးချုပ် တရားသူကြီး ကိုးဦးကို သမ္မတဖြစ်သူက သင့်လျော်သည့်သူများအား ရွေးချယ်အမည်စာရင်းတင်သွင်းရပြီး ဆီးနိတ် (အထက်လွှတ်တော်)က အတည်ပြုပေးရသည်။ ယင်းနောက်တွင်မှ သမ္မတဖြစ်သူက ခန့်အပ်ရခြင်း ဖြစ်သည်။

တစ်ဖန် တရားသူကြီးများ၏ သက်တမ်းမှာ ၎င်းတို့ ဆန္ဒရှိသရွေ့ ထမ်းဆောင်နိုင်သည်။ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း အနားယူ

လိုပါက ကာယကံရှင်များ၏ သဘောဆန္ဒအလျောက် အနားယူခြင်း ပြုနိုင်သလို အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စွပ်စွဲပြစ်တင်မှုကြောင့်လည်း နုတ်ထွက်စေခြင်းပြုနိုင်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပြန်လည်နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံ၏ တရားလွှတ်တော်ချုပ်တွင် ပြည်ထောင်စုတရားသူကြီးချုပ်အပါအဝင် တရားသူကြီးများဦးရေ အနည်းဆုံးခုနစ်ဦးမှ အများဆုံး ၁၁ ဦးအထိ ခန့်အပ်နိုင်ကြောင်း တွေ့ရှိရသည်။ ရာထူးသက်တမ်းမှာ အသက် ၇၀ ပြည့်သည့်အထိဟူ၍ သတ်မှတ်ထားပြီး ယင်းတို့ ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခြင်း ပြုနိုင်သလို အခြေခံဥပဒေနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းဖြင့် ရာထူးမှ ရပ်စဲခံရမည်ဖြစ်ကြောင်း တွေ့ရှိရသည်။ အလားတူ ကျန်းမာရေး အခြေအနေချို့ယွင်းမှုမရှိခဲ့လျှင်၊ ကွယ်လွန်ခြင်းမရှိလျှင် အသက် ၇၀ ပြည့်သည်အထိ တာဝန်ထမ်းဆောင်နိုင်ကြောင်း တွေ့ရှိရသည်။

အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားရုံးချုပ်၌ တာဝန်ထမ်းဆောင်ကြသော တရားသူကြီးချုပ်နှင့် တရားသူကြီးများမှာ ကွယ်လွန်သည်အထိ တာဝန်ထမ်းဆောင်လေ့ရှိကြောင်း တွေ့ရှိရသည်။ အိုဘားမား သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုချိန်တွင် တရားရုံးချုပ်တရားသူကြီး တစ်ဦးမှာ ၈၈ နှစ်နှင့် နောက်တစ်ဦးမှာ ၇၅ နှစ် ရှိသည်အထိပင် ကြီးရင့်နေကြောင်း တွေ့ရှိနိုင်သည်။

လက်ရှိအချိန်အထိ အမေရိကန်သမိုင်းတွင် သက်ရှိထင်ရှားဖြင့် အနားယူသွားခဲ့သော တရားရုံးချုပ် တရားသူကြီးအရေအတွက်မှာ သုံးဦးသာရှိသေးကြောင်း တွေ့ရှိရသည်။ လက်ရှိ အမေရိကန်ဟိုက်ကုတ်ရှိ တရားသူကြီးချုပ်မှာ အိုဘားမားရှေ့ သမ္မတဂျော့ချ်ဒဗလျူဘုရှ်လက်ထက်က ခန့်အပ်ထားခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ဟိုက်ကုတ်တရားသူကြီး ကိုးဦးတွင် ဂျော့ချ်ဒဗလျူဘုရှ်လက်ထက်က ခန့်အပ်ထားခဲ့သူ သုံးဦး၊ ရော်နယ်ရေဂင်လက်ထက်ကပင် ခန့်အပ်ထားခဲ့သူနှစ်ဦး၊ သမ္မတ ဘီလ်ကလင်တန်လက်ထက်တွင် ခန့်အပ်ခဲ့သူနှစ်ဦးနှင့် အိုဘားမားလက်ထက် ခန့်အပ်သူနှစ်ဦးဖြစ်ကြောင်း တွေ့ရှိရသည်။

## သမ္မတနှင့် တရားရုံးချုပ်

လက်ရှိ အမေရိကန်တရားသူကြီးချုပ် Chief Justice ဖြစ်သူ ဂျွန် ရောဘတ်သည် သမ္မတအိုဘားမား၏ သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမှု ကို နှစ်ကြိမ်တိုင်တိုင် ဦးစီးပြုလုပ်ပေးခဲ့ပြီးဖြစ်သည်။ ရှေ့သို့ပြန်ကြည့် သျှင် ဂျွန်ရောဘတ်အား တရားသူကြီးချုပ်အဖြစ် သမ္မတဂျော့ချ်ဒဗလျူ ဘုရှ်က အမည်စာရင်းတင်သွင်းခဲ့ချိန်တွင် အိုဘားမားမှာ ဆီနိတ်တာ (အထက်လွှတ်တော်အမတ်) အသစ်စက်စက်ကလေး ဖြစ်ခဲ့သည်။ ဆီးနိတ် တွင် ထောက်ခံသူနှင့် ကန့်ကွက်သူမဲခွဲခဲ့ရာတွင် ထောက်ခံသူ ၇၈ မဲ၊ ကန့်ကွက်သူ ၂၂ မဲ ရှိခဲ့ရာ အိုဘားမားသည် ကန့်ကွက်မဲပေးခဲ့သူ ဖြစ်ခဲ့ သည်။

ဂျွန်ရောဘတ်မှာ ထိုစဉ်က အသက် ၅၀ သာရှိသေးရာ ရီပတ်ဘလီ ကန်များအနေဖြင့် တရားစီရင်ရေးတွင် ကာလရှည်ကြာ လွှမ်းမိုးမှုရှိစေရန် အတွက် အသက်ငယ်ရွယ်သူအား တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရန် အမည်စာရင်းတင်သွင်းခြင်းဖြစ်သည်ဟူသော ဝေဖန်မှုများကို ဒီမိုကရက် များက ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့ ကန့်ကွက်မဲပေးခဲ့ရခြင်း အကြောင်းရင်းကိုလည်း ဆီနိတ်တာ အိုဘားမားက ရောဘတ်သည် ယင်း တာဝန်ကိုထမ်းဆောင်ရန် အရည်အချင်းနှင့် ကိုက်ညီသော်လည်း လုပ်ငန်း တာဝန်များဆောင်ရွက်ရာတွင် ဆန့်ကျင်သူများအပေါ် လွှမ်းမိုးနိုင်သော အချိန်အခါနှင့် ကျွမ်းကျင်မှုအားနည်းသည်ဟူ၍ပင် မှတ်ချက်ပေးခဲ့ ကြောင်း တွေ့ရှိရသည်။ သို့သော်လည်း လက်ရှိအချိန်တွင် အိုဘားမား သည် သမ္မတသက်တမ်းနှစ်ဆက် ထမ်းဆောင်လျက်ရှိရာ ယင်းကိုယ်တိုင် ကန့်ကွက်မဲပေးခဲ့သူမှာ တရားသူကြီးချုပ်အဖြစ်ပင် တာဝန်ထမ်းဆောင် လျက်ရှိသည်။ အိုဘားမား၏ ဒုတိယသက်တမ်းကုန်လွန်သည့်တိုင် ဂျွန် ရောဘတ် ကျန်းမာရေးကောင်းမွန်ပြီး ရှုပ်ထွေးပြစ်တင်စရာအကြောင်းများ ပေါ်ပေါက်လာခြင်းမရှိခဲ့ပါက ယင်းရာထူးတွင် ဆက်လက် တည်ရှိနေ မည်သာ ဖြစ်သည်။

တစ်ဖန် Obama Care ဟု နာမည်ကြီးခဲ့သော သမ္မတအိုဘားမား တင်သွင်းသည့် ကျန်းမာရေးစောင့်ရှောက်မှု အက်ဥပဒေကို ကွန်ဂရက်က

အတည်ပြုပြီးနောက် အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်မှုကို တရားရုံးချုပ်က ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ပြီးနောက် ငါးမဲ၊ လေးမဲဖြင့် အခြေခံဥပဒေနှင့် ညီညွတ်ကြောင်း ဆုံးဖြတ်ခဲ့သဖြင့် ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။ တရားသူကြီးချုပ် ဖွန်ရောဘတ်အနေနှင့် မိမိအလုပ်ကို မိမိဆောင်ရွက်ပြီး သမ္မတအိုဘားမားအနေနှင့်လည်း မိမိအလုပ် မိမိဆောင်ရွက်ခြင်းသာဖြစ်သည်ကို အထင်အရှားတွေ့ရှိနိုင်သည်။ အဓိကအချက်မှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့်အညီ တရားစီရင်ရန်သာဖြစ်ပြီး အုပ်ချုပ်ရေးအနေနှင့်လည်း ပြဋ္ဌာန်းထားသော ဥပဒေများနှင့် အညီ အုပ်ချုပ်ရန်သာဖြစ်သည်။

## ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာဏာကြီးသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းပြုသည်ဟု ပြဋ္ဌာန်းထားသည်။ ဤတွင် တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းကိုလည်း အခြေခံဥပဒေရေးဆွဲခဲ့သော ပညာရှင်များက စဟိုဦးစီးစနစ်ဖြင့် ဖွဲ့စည်းအုပ်ချုပ်ခဲ့သော နှစ်ရှည်လများ အတွေ့အကြုံများအရ အာဏာကြီးတစ်ခုနှင့်တစ်ခုအကြား စည်းပြတ်ရန် မလွယ်ကူဟု မျှော်မှန်းချက်အရ တတ်နိုင်သမျှဟူသော စကားရပ်ကို ထည့်သွင်းပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း ရှင်းလင်းချက်များ တွေ့ရှိရသည်။

အထက်တွင် ဖော်ပြထားသော အမေရိကန်တရားစီရင်ရေးတွင် အမြင့်ဆုံးဖြစ်သော တရားရုံးချုပ်သည် မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင် သီးခြား ခွဲထုတ်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ တာဝန်ကိုပါ ရယူထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံကဲ့သို့ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဟူ၍ သီးခြားခွဲထုတ်ထားခြင်းမရှိကြောင်းတွေ့ရှိရသည်။

အမေရိကန်နိုင်ငံတွင် ကွန်ဂရက်က ပြဋ္ဌာန်းသော ဥပဒေများကို တရားရုံးချုပ်က ပြန်လည်သုံးသပ်လေ့လာပြီး တရားရုံးချုပ်၏ အတည်ပြုချက်ရရှိမှသာ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်သည်။ ဆိုလိုသည့်သဘောမှာ လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့်ဥပဒေများ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ အတည်ပြုပေးခြင်းအားဖြင့် ဥပဒေပြုရေးမဏ္ဍိုင်ကို တရားစီရင်

ရေးမရှိုင်က ပြန်လည်ထိန်းကျောင်းခြင်း ပြုခြင်းပင်ဖြစ်သည်။ တရားရုံးချုပ်က အခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့လျှင် ယင်းဥပဒေကြမ်းကို ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ခြင်း မရှိတော့ပေ။

မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင် ပြဋ္ဌာန်းမည့် ဥပဒေကြမ်းများ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်းဟူသော လုပ်ငန်းတာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးထံသို့ အပ်နှင်းထားကြောင်း တွေ့ရှိရသည်။ အခြားသော ကွာခြားချက်မှာ မြန်မာနိုင်ငံ၏ တရားလွှတ်တော်ချုပ်ကို အနည်းဆုံး ခုနစ်ဦး၊ အများဆုံး ၁၁ ဦးဖြင့် ဖွဲ့စည်းနိုင်ပြီး အမေရိကန်တရားရုံးချုပ်ကို တရားသူကြီး ကိုးဦးဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ နောက်ထပ် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းတို့ကို အသက် ၇၀ အထိ တာဝန်ထမ်းဆောင်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး အမေရိကန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဆန္ဒရှိသလောက် တာဝန်ထမ်းဆောင်ရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ သို့သော်လည်း အာဏာခွဲဝေမှုနှင့် အပြန်အလှန် ထိန်းကျောင်းမှု မူဘောင် Concept တွင် ယေဘုယျအားဖြင့် တူညီသည်ဟု ဆိုနိုင်သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်သည့် လုပ်ငန်းစဉ် Process မှာ ဒီမိုကရေစီ သက်တမ်း၊ ဒီမိုကရေစီ အတွေ့အကြုံ၊ ဒီမိုကရေစီ အသိအမြင် စသည်တို့အရ ခြားနားနေမည်မှာ သဘာဝတရားပင်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တရားဥပဒေများကို ပြန်လည်လေ့လာကြည့်လျှင် ကိုလိုနီခေတ်ကပင် ပြဋ္ဌာန်းခဲ့သောဥပဒေများ လက်ရှိအချိန်အထိ တည်ဆဲဖြစ်နေသည်မှာ ရာနှင့်ပင်ချီ၍ ရှိနေပေသည်။ အုပ်ချုပ်သူအလိုကျ တရားစီရင်ရေးစနစ်သည် ကိုလိုနီလက်အောက် ကျရောက်ခဲ့သောနိုင်ငံများအတွက် အမွေဆိုးဟု ဆိုနိုင်သော်လည်း အချို့သောဥပဒေများမှာ အစိတ်အပိုင်းအချို့မှလွဲ၍ ယနေ့ခေတ်တိုင် လိုက်လျောညီထွေ ဆက်လက်ရှိနေကြသည်ကိုလည်း တွေ့ရှိရသည်။ တရားရေးစနစ် ပြုပြင်ပြောင်းလဲရေး **Judicial Reform** ပြုလုပ်ရန် လိုအပ်နေသည်ကိုလည်း အများစုက သိမြင်ကြသည့်တိုင် လက်တွေ့ဆောင်ရွက်ရာ၌ မလွယ်ကူလှသော လုပ်ငန်းစဉ်ကြီးဖြစ်နေကြောင်း တွေ့ရှိရသည်။ ဥပဒေများ ဖျက်သိမ်းရမည်၊ ပြင်ဆင်ရ

မည်၊ အသေစိရေးဆွဲပြဋ္ဌာန်းရမည်၊ အင်စတီကျူးရှင်းများ တည်ဆောက်ရမည်၊ သုတေသနအဖွဲ့အစည်းများ အားကောင်းရမည် စသည်အားဖြင့် လိုအပ်ချက်များ မနည်းမနော ရှိနေကြသည်။

### နိဂုံး

အမေရိကန်ပြည်ထောင်စု၏ ပါတီကြီးနှစ်ရပ်မှ သမ္မတများသည် တရားရုံးချုပ် တရားသူကြီးများခန့်အပ်ရာတွင် မိမိတို့နှင့် နီးစပ်သူများကို ခန့်အပ်လေ့ရှိကြောင်း၊ ထိုသို့ခန့်အပ်ရာတွင် အတည်ပြုပေးရသော ဆီးနိတ်၌ ဒီမိုကရက်နှင့် ရီပတ်ဘလီကန် အသာစီးရရှိထားမှုအရ အကျိုးဆက်ဖြစ်ပေါ်လေ့ရှိကြောင်း ဆန့်ကျင်ဘက်ပါတီများက အစဉ်အမြဲ ဝေဖန်ပြောကြားလေ့ရှိသည်ကိုလည်း တွေ့ရှိနိုင်သည်။

၁၉၄၅ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ်ပေါင်း ၆၀ ကျော်ကာလတွင် အိမ်ဖြူတော်ကို ဒီမိုကရက်များက ၂၈ နှစ်၊ ရီပတ်ဘလီကန်များက ၃၆ နှစ် ကြီးစိုးထားခဲ့ပြီး ယင်းနှစ်ပေါင်း ၆၀ ကျော်တွင် တရားရုံးချုပ်၌ ဒီမိုကရက်သမ္မတ ခန့်အပ်သူ တရားသူကြီး ၁၀ ဦး၊ ရီပတ်ဘလီကန် သမ္မတခန့်အပ်သူ တရားသူကြီး ၁၈ ဦးသာရှိကြောင်း တွေ့ရှိရသည်။ ယင်းကာလအတွင်း ဝါးတားဂိတ်ကဲ့သို့ ဖြစ်စဉ်များပင် ဖြစ်ပေါ်ခဲ့ရာ တရားစီရင်ရေး၏ သီးခြားလွတ်လပ်မှုနှင့် သန့်ရှင်းမှုသည် မည်သူကခန့်အပ်သည်ဟူသော အချက်က အဓိကမဟုတ်ဘဲ စည်းမျဉ်းသင်းပင်း မှုဘောင်ဟူသော အင်စတီကျူးရှင်းများ မည်မျှခိုင်မာသည်၊ မည်မျှမြင့်မားသည်ဟူသောအချက်သာ အဓိကဖြစ်ကြောင်း တွေ့ရှိနိုင်ပေသည်။

❑

## ဗိုလ်ချုပ်အောင်ဆန်း၏ Foreign Policy နှင့် သံတမန်ရေး မဟာဗျူဟာ

### နိဒါန်း

လက်ရှိ ကမ္ဘာ့အစီအစဉ်သစ်သည် ဆူပါပါဝါတို့၏ မဟာဗျူဟာကားချပ်များကို နောက်ခံထား၍ ပထဝီနိုင်ငံရေး၊ စစ်ရေးမဟာဗျူဟာ၊ မဟာဗျူဟာအလေးသာရေး စသည်တို့ဖြင့် ကျယ်ပြန့်နက်ရှိုင်းစွာ တည်ရှိနေသည်။ အလားတူ ပါဝါ၏ဖွင့်ဆိုချက်များသည်လည်း တိုးတက်ပြောင်းလဲလာခဲ့သလို ပါဝါအသုံးချပုံများလည်း ဂလိုဘယ်လိုက်ဇေးရှင်းနှင့်အညီ ဆန်းသစ်လာခဲ့ပြီဖြစ်သည်။ အလေးအနက်ထား သုံးသပ်သင့်သည်မှာ လက်ရှိမြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲလာသော ပထဝီနိုင်ငံရေး မဟာဗျူဟာတန်ဖိုးပင်ဖြစ်ပြီး စူပါပါဝါတို့၏ ပါဝါဂိမ်းများသည် သန်း ၆၀ ၏ အနာဂတ်နှင့် တိုက်ရိုက်သက်ရောက်နေခြင်းပင်ဖြစ်သည်။

လက်ရှိ နိုင်ငံတော်သမ္မတကြီး၏ Foreign Policy သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အစဉ်အလာနိုင်ငံခြားရေးမူဝါဒ၊ လက်ရှိကမ္ဘာ့အခြေအနေ သည်တို့ကို အခြေပြု၍ ဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး၏ Strategy သည် Reality, Dignity ကို ချိန်ဆ၍ သမျှတသော ရပ်တည်ချက်မျိုး ဖော်ဆောင်ရန်ဖြစ်သည်။ ဘက်မလိုက်အဖွဲ့ကြီးတွင် ဦးဆောင်နိုင်ငံဖြစ်ခဲ့သော မြန်မာနိုင်ငံသည် ဘက်လိုက်သည်ဟုဆိုကာ

ဘက်မလိုက်အဖွဲ့ကြီးမှ နုတ်ထွက်ခဲ့သော နိုင်ငံဖြစ်သလို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကို အစပြုဖန်တီးခဲ့သော နိုင်ငံလည်း ဖြစ်သည်။ နိုင်ငံတကာအခြေအနေ မည်သို့ပြောင်းပြောင်း၊ ခေတ်သတွင်း မျက်နှာစာ မည်သို့ရှိရှိ ဤသို့ အစဉ်အဆက် ခိုင်ခိုင်မာမာ ရပ်တည်စေနိုင်သော မြန်မာ့နိုင်ငံခြားရေးမူဝါဒ မွေးဖွားရာကို လေ့လာစေချင်မိသည်။ ဤတွင် လွတ်လပ်ရေးမရရှိသေးမီ ၁၉၄၆ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ ရက်စွဲဖြင့် ဗိုလ်ချုပ်အောင်ဆန်းရေးသားခဲ့သော စာအုပ်အမှာစာကို ဖတ်မိရာမှ **Founding Father** ၏ **Founding Principle** ဟု ဆိုနိုင်သော မြန်မာ့နိုင်ငံခြားရေးမူဝါဒကို အံ့ဩဖွယ်ရာ တွေ့ရှိရသည်။

## ကုလသမဂ္ဂအပေါ် ဗိုလ်ချုပ်၏အမြင်

ဗိုလ်ချုပ်၏ ကုလသမဂ္ဂအပေါ် ထားရှိသော သဘောထားအမြင်မှာလည်း စိတ်ဝင်စားဖွယ်ရာကောင်းလှသလို ထိုခေတ်ထိုအခါက ထိုအတွေးများကို ဆင်ခြင်သုံးသပ်ကြည့်နိုင်သည်။ ဒုတိယကမ္ဘာစစ်အပြီး ကမ္ဘာငြိမ်းချမ်းရေးကို ဆောင်ကြဉ်းရန် ရည်ရွယ်ဖွဲ့စည်းခဲ့သည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ အစကောင်းခြင်းကို ပါဝါနိုင်ငံကြီးများက အနှောင်းသေချာစေရန် ဆောင်ရွက်ပေးရမည်ဟု ရှုမြင်ခဲ့သည်။ ဗိုလ်ချုပ်၏ အမြော်အမြင်ကို လေ့လာကြည့်ပါ–

"လွတ်လပ်သော ပြည်သူများက အဘက်ဘက်တွင် တိုးတက်ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်နေထိုင်ကြရာ ကမ္ဘာကြီးမဖြစ်သေးသမျှကာလပတ်လုံး ပြီးခဲ့သည့်စစ်မီးကြီး၏ ပြာပုံမှနေ၍ ခိုင်မြဲသောငြိမ်းချမ်းရေးကို တွေ့ရှိခဲ့ပါပြီဟု မဆိုနိုင်သေးပေ။ ကမ္ဘာ့ကုလသမဂ္ဂ ရှိသည်ကား မှန်ပါ၏။ ကုလသမဂ္ဂ၏ ရည်ရွယ်ချက်များမှာလည်း ချီးကျူးလောက်သည်မှာ မှန်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် နိုင်ငံပေါင်းစုံအဖွဲ့ချုပ်ထက် ပိုမိုအင်အားကောင်းသော စက်ယန္တရားများ တည်ဆောက်ထားသည်ကား မှန်ပါသည်။ နိုင်ငံပေါင်းစုံလက်နက်ကိုင် တပ်တစ်တပ်ရှိရုံမက ဆိုဗီယက်ယူနီယံနှင့် အမေရိကန်ပြည်ထောင်စုတို့ ပါဝင်ခြင်းကြောင့် ပို၍ထိရောက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်သည်ကား မှန်ပါ

သည်။ တရုတ်ပြည်မှာ ကြီးငါးကြီးတစ်ဦးဖြစ်သည်ကား မှန်ပါသည်။ ကုလသမဂ္ဂ၏ အရက်တန်ဝုဒ်ကွန်ဖရင့်တွင် ဆုံးဖြတ်တည်ထောင်ခဲ့သည့် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ အစရှိသည်တို့ဖြင့် စီးပွားရေး၊ ဘဏ္ဍာရေးတံတိုင်းများကို ဖြိုချရန်နှင့် ကမ္ဘာ့စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် လမ်းခင်းထားပြီး ဖြစ်သည်ကား မှန်ပါသည်"

"ကျွန်တော့်မှာ အပြစ်မြင်လိုသော စိတ်ထားမရှိပါ။ သို့သော် ပထမကမ္ဘာစစ်အပြီး ငြိမ်းချမ်းရေး အားထုတ်မှုများနှင့်ပတ်သက်၍ ဗြိတိသျှသမိုင်းဆရာတစ်ဦး၏ မှတ်ချက်များကို ကောက်နုတ်ဖော်ပြရပါလိမ့်မည်။ သူ့မှတ်ချက်မှာ 'အဖြစ်အပျက်များ ခံညားသလောက် နိုင်ငံရေးသမားများ မခံညားကြသေး။ သူတို့သည် မငြိမ်းချမ်းသော ငြိမ်းချမ်းရေးကို လုပ်ခဲ့ကြသည်။ သူတို့တိုင်းပြည်ရှိ လူနီများနှင့် ကပ္ပလီများနှင့်ပတ်သက်၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခြေခံမှုကို ချိုးဖောက်ခဲ့ကြသော အမေရိကန်စိတ်ဓါတ်သမားတို့သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ထည့်သွင်းချုပ်ဆိုထားသည့် စာချုပ်များကို ဖောက်ဖျက်မိပြီဆိုကာ အိန္ဒိယပြည်နှင့် အီဂျစ်ပြည်တို့မှ ထွက်ခွာပေးရန် မရည်ရွယ်သော အင်္ဂလိပ်စိတ်ဓါတ်သမားတို့နှင့် ပူးပေါင်းခဲ့ကြပြီ။ လူ့သဘာဝမှာ မဟာန်တော့ဟု အများက ယူဆနေကြပြီ"

"ကုလသမဂ္ဂကိုအစပြု၍ ကောင်းသောအဆုံးကို ရောက်အောင် ဆိုဗီယက်ယူနီယံ၊ အမေရိကန်နှင့် တရုတ်ပြည်တို့တွင် စရာမတာဝန်ကြီးများရှိရာ ကမ္ဘာ့လူသားအများစုကြီး၏ ယုံကြည်အားထားသော ငြိမ်းချမ်းရေးတည်ဆောက်မှုတွင် ပိုမိုရဲရင့်ထိရောက်သော ခေါင်းဆောင်မှုပေးရန် ဤတိုင်းပြည်များကို ကျွန်တော်တို့ မျှော်လင့်သည်"

"အတ္တလန္တိတ်စာချုပ်ကို ကွယ်လွန်သွားသည့် သမ္မတရုစဗဲ့ အမိပ္ပာယ်ပြန်ပုံအရနှင့် သမ္မတထရူးမင်း၏ နိုင်ငံခြားရေးမူဝါဒ ၁၂ ချက်အရ ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံး၏လွတ်လပ်မှုကို ကာကွယ်စောင့်ရှောက်ရန် ဤကမ္ဘာ့ဒီမိုကရေစီနိုင်ငံကြီးများက ရည်ရွယ်သည်ဟု ဆိုသောကြောင့်သည်း ကျွန်တော်တို့ များစွာအားတက်ပါသည်။ ကမ္ဘာ့ပထမဆုံး ဒီမိုကရေစီနိုင်ငံတော်ကြီးနှင့်တကွ သူ၏သမိုင်းဝင်ပုဂ္ဂိုလ်ကြီးများဖြစ်သည့် ချာ့ချ်ဝါရှင်တန်၊ သောမတ်စ်ဂျက်ဖာဆင်၊ အေဘရာဟင်လင်ကွန်း၊ သမ္မတ

ရစဝဲ့တို့က ကမ္ဘာ့လွတ်လပ်မှုအတွက် အထောက်အကူပေးခဲ့သည်ကို လည်း ကျွန်တော်တို့ များစွာအားရဝမ်းသာ ဖြစ်ပါသည်"

"ကျွန်တော်တို့တိုင်းပြည်မှာ သမ္မတလင်ကွန်း၏ 'ပြည်သူများ၏- ပြည်သူများအတွက်-ပြည်သူ့အစိုးရ' ဆိုသောစကားကိုပင် ကောင်းစွာ နားလည်နေကြပါပြီ။ နောက်ဆုံးပိတ်အနေနှင့် ကျွန်တော်တို့၏ အင်အား ကြီးမားသည့် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်ပြည်ကြီးက ပြီးခဲ့သည့် ဆယ်နှစ်အတွင်း သမိုင်းတွင်မည့်ဖြစ်ရပ်တို့တွင် ၎င်း၏အင်အားကြီးမားမှု ကို ပြသနိုင်ခဲ့သည့်အတွက်လည်း အထူးဂုဏ်ယူပါသည်"

"စစ်ကြီးအပြီး ဗြိတိန်ပြည်၏ အခြေအနေက မည်သို့ရှိသနည်း။ ဗြိတိန်ပြည်သည် 'ဂရိတ်ဗြိတိန်' 'ကြီးမားသောဗြိတိန်ပြည်' မဟုတ်တော့။ သမိုင်းဆိုင်ရာသံသရာတရားအရ ကမ္ဘာ့ငွေရေးကြေးရေးစနစ်၏ ဗဟိုဌာန ချုပ်ဖြစ်သော အမေရိကန်ပြည်ထောင်စုကိုပင် မကြာခဏ သွားရောက် ဖူးမြော်နေရလေပြီ"

## အာရှအခန်းကဏ္ဍ

ယခုနောက်ပိုင်း နိုင်ငံတကာမျက်နှာစာတွင် အာရှရာနုသစ်ဟူသော ပညတ်ချက်များ ကျယ်လောင်လာခဲ့သော အခင်းအကျင်းကို ဗိုလ်ချုပ် အောင်ဆန်းသည် လွတ်လပ်ရေးမရရှိခင်ကပင် ကြိုတင်မြော်တွေး ပုံဖော် ခဲ့သည်ကိုလည်း တွေ့ရှိရသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အာရှအခန်း ကဏ္ဍအပေါ် ရှုမြင်သုံးသပ်ချက်ကို အောက်ပါအတိုင်း တွေ့ရှိနိုင်သည်-

"အာရှတိုက်သည် အားအင်သစ်များနှင့် ပြည့်စုံလာကာ ကမ္ဘာ့နိုင်ငံ ရေးထဲသို့ ပို၍ပို၍ ချဉ်းနင်းဝင်ရောက်လာလေပြီ။ နိုင်ငံပေါင်းစုံအဖွဲ့ အစည်းတို့တွင် အာရှတိုက်ကိုလျစ်လျူရှုထား၍ မရတော့ပေ။ အာရှတိုက် ၏ အသံသည်လည်း ကျယ်၍ကျယ်၍လာလေပြီ။ ဤအသံကို အင်ဒိုနီးရှား တွင်လည်းကောင်း၊ အင်ဒိုချိုင်းနားတွင်လည်းကောင်း၊ ဗမာပြည်တွင် လည်းကောင်း၊ အိန္ဒိယပြည်တွင်လည်းကောင်း၊ အခြားနေရာဒေသများတွင် လည်းကောင်း ကြားနေရလေပြီ။ အာရှတိုက်၏ တိုးတက်လာမှုကို တရုတ် ပြည်တွင်လည်း မြင်နိုင်လေသည်။ အာရှတိုက်မှာ ရှေ့သို့ ချီတက်နေပါ

ပြီ။ ကမ္ဘာသည် တိုးပွားလာနေသော အာရှညီညွတ်မှုအင်အားကိုလည်း သည့်သွင်းတွက်ရတော့မည်။ ကျွန်တော်တို့ကို ရာသက်ပန် တစ်ကွဲစီပြားစီ ဖိနှိပ်ထား၍ ရတော့မည်မဟုတ်။ ကျွန်တော်တို့သည် စုစည်းညီညွတ်၍ ဆန်းသစ်သော အာရှတိုက်စနစ်ကို တည်ဆောက်ကြတော့မည်"

ဗိုလ်ချုပ်အောင်ဆန်းသည် အာရှရာစုသစ်ဟု လက်ရှိပညာရှင်များ ခေါ်တွင်နေကြသော အခြေအနေကို ထိုစဉ်ကတည်းက မျှော်မှန်းခဲ့သူ ဖြစ်သည်။ အရှေ့အာရှထိပ်သီးအစည်းအဝေး၊ အေပက်အဖွဲ့ စသည်အားဖြင့် ပေါ်ပေါက်ချက်ဖြစ်လာကာ လက်ရှိ ဂလိုဘယ်ဇေးရှင်း မဟာဗျူဟာအားပြိုင်မှုများ ကြုံတွေ့ဆုံနေသောအခြေအနေမျိုးတွင် အာရှညီညွတ်ရေးကို မည်သို့ ဆောင်ရမည်၊ အာရှဒေသအနေဖြင့် မည်သို့ ရပ်တည်ရမည်ဆိုသည်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက အဖြေထုတ်ထားပြီး ဖြစ်သည်။

"ကျွန်တော်တို့ကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ အပြင်လူ တစ်ဦးက လာရောက်ချုပ်ကိုင်ပေးသောစနစ်မျိုး၊ လူမျိုးတစ်မျိုးက အခြား လူမျိုးများအပေါ် ကြီးကိုင်အာဏာပြနိုင်သောစနစ်မျိုး မဖြစ်စေရ။ မည်သို့ ဖြစ်စေ အပြင်လူတစ်ဦးကလာ၍ အချင်းချင်း တိုက်ပေးနေသော စနစ်မျိုး မဖြစ်စေရ။ ကမ္ဘာ့မိသားစုအဖွဲ့အစည်းကြီး၏ အာရှတိုက်အဖွဲ့ခွဲသာ ဖြစ်၍ အာရှတိုက်ညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ဖွဲ့သောအဖွဲ့ အစည်း၊ အာရှတိုက်တစ်ခုအတွက်သာမက တစ်ကမ္ဘာလုံး၏ လွတ်လပ်ရေး၊ လုံခြုံရေး၊ တိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို ရယူရန်ဖွဲ့သောအဖွဲ့ အစည်း ဖြစ်သည်။ လူမျိုးရေးအရနှင့် ပထဝီဝိုင်းခြားမှုအရ သီးသန့်ထားသည့် သဘောရှိသော အဖွဲ့အစည်းမျိုးလည်း မဖြစ်စေရ"

"သို့သော် ကိုယ့်တိုင်းပြည်ကိုယ် စနစ်ကျအောင် ပထမကြိုးပမ်းသည့်အခြေခံနှင့် လက်တွေ့ကျသောတာဝန်များကို ချမှတ်နိုင်စေရမည်။ ထို့ပြင် အာရှတိုက်၏ကြွယ်ဝမှုကို တွေ့ရှိဖန်တီးနိုင်စိမ့်သောငှာနှင့် ကမ္ဘာ ယဉ်ကျေးမှုကိုလည်း ပိုမိုကြွယ်ဝအောင် အထောက်အကူပြုနိုင်စိမ့်သောငှာ အာရှယဉ်ကျေးမှုကို ပြန်လည်စုစည်းထိန်းသိမ်းရေး စသည့် အာရှတိုက်နှင့်သာ သက်ဆိုင်သောတာဝန်ရပ်များကိုလည်း ချမှတ်နိုင်ရပေမည်"

အာရှညီညွတ်ရေးကို ရှုမြင်ခဲ့သော ဗိုလ်ချုပ်သည် အာရှယဉ်ကျေးမှုကိုလည်း စုစည်းထိန်းသိမ်းရန် မမေ့လျော့ခဲ့ပေ။ ယခုအချိန်တွင် အာဆီယံပေါင်းစည်းမှု၌ ယဉ်ကျေးမှုအသိုင်းအဝိုင်းများ ဖော်ဆောင်နေသော ရည်မှန်းချက်မျိုးကို ဟိုယခင် လွတ်လပ်ရေးမရမီကပင် ဗိုလ်ချုပ်က မျှော်တွေးခဲ့ပြီး ဖြစ်နေသည်။ အလားတူ ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်ရေးနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်ရေးကိုလည်း ဘက်စုံ ရှုမြင်သုံးသပ်ခဲ့သူဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

"လွတ်လပ်သော ဗမာပြည်သည် မိတ်ဆွေမဲ့တိုင်းပြည် ဖြစ်လိမ့်မည်မဟုတ်။ စင်စစ်အားဖြင့် ကာကွယ်ရေး၊ စီးပွားရေးကိစ္စတို့တွင် တူညီသော အကျိုးများအတွက် အခြားတိုင်းပြည်များနှင့် လွတ်လပ်စွာ မဟာမိတ်ပြုကာ ပူးပေါင်းဆောင်ရွက်ကြပြီး ကိုယ့်တိုင်းပြည်အတွင်း ကိုယ့်ဘဝကို ကိုယ်ဖန်တီးလိုသောကြောင့် ကျွန်တော်တို့ လွတ်လပ်လိုခြင်း ဖြစ်သည်။ သို့ဖြစ်လျှင် ကျွန်တော်တို့၏ ကမ္ဘာပေါ်ရှိ နိုင်ငံများအချင်းချင်း မှီခိုရေးဆိုသောအမြင်နှင့် ဗမာပြည်အတွက် အမျိုးသားလွတ်လပ်ရေးဆိုသောအမြင်နှစ်ခုကို မည်ကဲ့သို့ဆက်စပ်မည်နည်းဟု အချို့က မေးကြလိမ့်မည်။ ပို၍ကြီးမားသော သမဂ္ဂတစ်ခု၊ နေသဟာယတစ်ခု၊ အုပ်စုတစ်ခုက ခေတ်ကာလနှင့် ပို၍ ကိုက်ညီမှု မရှိပေဘူးလား ဟု မေးကောင်းမေးကြမည်"

"မစ္စတာချာချီ တစ်ကြိမ်က ပြောဖူးသည့် ဥရောပပြည်ထောင်စုမျိုးမဟုတ်လျှင် မိမိသဘောအရ ဖွဲ့စည်းသော အဖွဲ့ဖြစ်လျှင် ကောင်းသည်။ အမှန်စင်စစ် တစ်နေ့နေ့တွင် ပြင်သစ်ပိုင် အင်ဒိုချိုင်းနား၊ ယိုးဒယား၊ အင်ဒိုနီးရှားနှင့် ကျွန်တော်တို့တိုင်းပြည်ပါဝင်သော အင်ဒိုချိုင်းနားပြည်ထောင်စု ဆိုသည်မျိုး ဖွဲ့စည်းရန် လိုအပ်ကောင်းလိုအပ်၍ ဖြစ်နိုင်ကောင်း ဖြစ်နိုင်ပေလိမ့်မည်။ ဤသည်မှာ စိတ်ကူးယဉ်ခြင်းမျိုးမဟုတ်၊ လူမျိုးရေးအရ သေနင်္ဂဗျူဟာရေးအရ၊ စီးပွားရေးအရနှင့် အခြားဘက်များတွင် တူညီမှုပေါင်းများစွာရှိသော ဤနိုင်ငံတို့၏ သမိုင်းဖြစ်စဉ်အရ၊ ဤပြည်ထောင်စုမျိုး ဖြစ်ကောင်းဖြစ်လာနိုင်ပေသည်။ သို့ဖြစ်၍ ကျွန်တော်တို့သည် လူမျိုးစုံသွေးစည်းရေးဝါဒကို ပြုစုမျိုးထောင်ပေးရမည်"

လီကွမ်ယု၊ မဟာသီယာတို့ အာဆီယံဖွဲ့စည်းရေးကို စတင်ခဲ့သော ၁၉၆၇ ခုနှစ်မတိုင်မီ နှစ်များစွာကြိုတင်၍ မျှော်တွေးခဲ့သည်ကိုလည်း တွေ့ရှိရသည်။ စစ်ရေးမဟာဗျူဟာအရသာမက ပထဝီနိုင်ငံရေး ရှုထောင့်ကိုလည်း ခြုံငုံစဉ်းစားခဲ့သလို လူမှု–ယဉ်ကျေးမှု ပေါင်းစည်းရေးကိုလည်း တွက်ချက်စဉ်းစားခဲ့ခြင်းဖြစ်သည်။ အလားတူ အာရှပေါင်းစည်းရေး၌ ကိုးကွယ်သည့်ဘာသာတရား ကွဲပြားခြားနားမှုကိုလည်း လူမျိုးစုံသွေးစည်းရေးဖြင့် ချဉ်းကပ်ရန် စဉ်းစားထားသည်ကိုလည်း တွေ့ရှိရသည်။

## ဗိုလ်ချုပ်အောင်ဆန်း၏ Foreign Policy

ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းပြည်လွတ်လပ်လျှင် မည်သို့ ဦးဆောင်မည်၊ နိုင်ငံတကာဆက်ဆံရေးတွင် မည်သို့ရပ်တည်မည်၊ နိုင်ငံခြားရေးမူဝါဒကို မည်သို့ချမှတ်မည် စသည်တို့ကို စဉ်းစားခဲ့ရုံသာမက ဒေသတွင်းပေါင်းစည်းရေးအထိပါ မျှော်တွေးစဉ်းစားခဲ့ခြင်းဖြစ်ရာ မဟာဗျူဟာနှင့် အလုပ်ဖြစ်ရေး ဖျှဖျှတတတွေးတောခဲ့ခြင်းကို အထင်အရှား တွေ့ရှိရသည်။ ထိုစဉ်က မြော်တွေးချက်များကို ထိုစဉ်က ပြည်သူများသည်ပင်လျှင် ကောင်းစွာပုံပေါ်ချင်မှ ပုံပေါ်နိုင်ပါလိမ့်မည်။ လက်ရှိ မြန်မာနိုင်ငံအနေအထား၊ အာရှဒေသအခင်းအကျင်းနှင့် ပေါင်းစည်းရေး အားထုတ်မှုများ စသည့်မြင်ကွင်းနှင့် ချိန်ထိုးကြည့်လိုက်သောအခါ လွန်ခဲ့သော နှစ်ပေါင်းများစွာက အိုင်ဒီယာတစ်ရပ်၏ စဉ်းစားတွေးခေါ်မှုကို တွေ့မြင်နိုင်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဤစာအုပ်ကို ရေးသားခဲ့သည့် ၁၉၄၆ ခုနှစ်က အသက်အရွယ်အားဖြင့် ၃၁ နှစ်ကျော်သာ ရှိနေသေးသော်လည်း လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်တစ်ဦး ဖြစ်နေပြီ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးတည်းသာမဟုတ်၊ ထိုခေတ်ထိုအခါက ဦးနု၊ သခင်သန်းထွန်း၊ သိန်းဖေမြင့်၊ သခင်စိုး၊ ဦးကျော်ငြိမ်း စသည့် ခေတ်ပြိုင် ခေါင်းဆောင်များ၏ အတွေးအခေါ်အယူအဆများကိုလည်း ချင့်တွက် ကြည့်နိုင်မည် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းအနေဖြင့် အိမ်နီးချင်း ဒေသတွင်းနိုင်ငံများနှင့်

ဆက်ဆံရေးကို စဉ်းစားရာတွင် ကိုလိုနီလက်အောက်မှ လွတ်လပ်သည့် အချိန်တွင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ရုံသာမက ဒေသပေါင်း စည်းရေးကိုပါ ဦးတည်ကြိုးပမ်းရန် ရည်ရွယ်ထားခဲ့သည်။ ထို့အတူ ကမ္ဘာ စစ်ငြိမ်းစ ပြန်လည်ထူထောင်ရေးကို အမြိုင်အဆိုင် ကြိုးပမ်းအားထုတ်ကြ ရာ၌ စီးပွားရေးသာမက နိုင်ငံရေးအရပါ ပေါင်းစည်းထူထောင်မည့် စုပေါင်းအားကိုပါ ရယူလှမ်းတက်မည့် မျှော်မှန်းချက်ကို တွေ့ရှိနိုင်သည်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုအချိန်အထိ လတ်ဆတ် နေဆဲဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏ Foreign Policy သည် နောက်လာ မည့် ကမ္ဘာ့အစီအစဉ်သစ်များတွင်လည်း လိုက်လျောညီထွေ ဖြစ်နေဦးမည် ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

***Ref - BURMA'S CHALLENGE 1946 by AUNG SAN***

❑

# အသွင်ကူးပြောင်းရေးနှင့် ခေတ်ခြားခဲ့လေသော လက်ချပ်သံ

**Democratic Transition**

မြန်မာနိုင်ငံ ဒီမိုကရက်တစ်ကူးပြောင်းရေးသို့ သွားနေပြီလား ဟူသောမေးခွန်းကို သောမတ်စ်ရေိုသာက အချက်(၃)ချက်ဖြင့် ဖြေကြားခဲ့သည်။ နံပါတ်(၁)အချက်အနေဖြင့် နိုင်ငံရေးပွင့်လင်းခေတ်သို့ ရောက်ပြီလားမေးခွန်းဖြင့် တိုင်းတာရာတွင် ရောက်ပြီဟုဖြေသည်။ နံပါတ်(၂)အချက်အနေဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများစပြီလားမေးခွန်းကို စနေပြီဟုဖြေသည်။ နံပါတ်(၃)အချက်အနေဖြင့် **Democratic Transition** သို့ ရောက်ပြီလားမေးခွန်းကို စနေပြီ၊ သို့သော် အကူးအပြောင်း ကာလမှ နိုင်မာသည့်အဆင့်အထိရောက်အောင် မည်မျှခရီးရှည်သွားရဦးမည် မသိဟုဆိုသည်။ ဤနေရာတွင် သတိချပ်သင့်သည်မှာ လက်ရှိမြန်မာနိုင်ငံသည် အသွင်းကူးပြောင်းရေးအဆင့်ကို ဖြတ်သန်းနေဆဲ၊ လျှောက်လှမ်းနေဆဲ (ဒီမိုကရေစီနိုင်မာသည့်အဆင့်သို့ မရောက်သေး)ဆိုသည့်အချက်ပင်ဖြစ်သည်။ အသွင်ကူးပြောင်းရေးဖြစ်စဉ်အတွင်းမှာပင် ရှိနေဆဲဖြစ်သည်ကို သတိပေးရခြင်းမှာ အသွင်ကူးပြောင်းရေးဖြစ်စဉ်တို့၏ သဘောသဘာဝကို သတိမမူကြဘဲ နိုင်မာသည့်အဆင့်များရှိ စံနှုန်းများ၊ ပေတံများနှင့် တိုင်းတာသော သတ်မှတ်ချက်များ ပေါ်ထွက်လာတတ်ခြင်းကြောင့်ဖြစ်သည်။

## လက်ခုပ်သံနှင့် ဟန်ချက်

အသွင်ကူးပြောင်းစ ဖြစ်သော ဒီမိုကရေစီတို့တွင် လူထုလက်ခုပ်သံ ရျူယူနိုင်သော ပေါ်ပြူလာနိုင်ငံရေးအကွက်အကွင်းများ များစွာရှိနေသည်။ အထူးသဖြင့် အာဏာရှင်စနစ်တွင် နှစ်ပေါင်းများစွာ ပိတ်လှောင်ခံခဲ့ရသော မြန်မာ့လူ့အဖွဲ့အစည်း၏ ကူးပြောင်းမှုမျိုးတွင် လက်ခုပ်သံဆက်တိုက်ရရှိစေနိုင်မည့် ကန့်သတ်ချက်များအမြောက်အမြားရှိပေသည်။ အသွင်ကူးပြောင်းမှုတို့တွင် အကြီးမားဆုံးသောစိန်ခေါ်မှုမှာ မျှော်လင့်ချက်များကို စီမံခန့်ခွဲရခြင်းဖြစ်သည်။ ယနေ့ ဒီမိုကရေစီနိုင်ငံရေးကို လျှောက်လှမ်းလိုက်သည်နှင့် ချက်ချင်းပင် အမေရိကားပုံစံလူ့အဖွဲ့အစည်းမျိုး ဖြစ်လာတော့မည်ဟု ထင်မြင်ယူဆတတ်ကြသည်။ ဤသည်ကို အမေရိကန်အိပ်မက် **American Dream** ဟု ဆိုကြသည်။ မိမိတို့၏စနစ်နှင့် အနီးစပ်ဆုံးတူညီသည်ဟု ယူဆနိုင်သော အမေရိကန်နိုင်ငံရေးသမိုင်းကို ပြန်ကြည့်လျှင် နိုင်ငံတော်၊ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့၏ ဟန်ချက်ညီမျှမှုကို ထိန်းကျောင်းရေးယန္တရားများဖြင့် လည်ပတ်စေခြင်းဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

အမေရိကန်လူ့အဖွဲ့အစည်း၏ ဝန်းတိုင်ကိုသတ်မှတ်ကြရာတွင်လည်း ရီပတ်ဘလီကင်နှင့် ဒီမိုကရက်တို့အကြား မဟာဗျူဟာ ဖြစ်သော နိုင်ငံရေးအယူဝါဒအရ အငြင်းပွားဖွယ်ရာ မရှိကြသော်လည်း အကောင်အထည်ဖော်ကြသည့် နည်းဗျူဟာအပိုင်းတွင် ဝိဝါဒကွဲပြားနေကြဆဲ ဖြစ်သည်။ ကုန်သွယ်ရေး ဗဟိုဌာနမျှော်စင်ညီနောင်ကို နယူးယောက်မြို့လည်ခေါင်တွင် မြေသို့စုံးစုံးလဲကျစေခဲ့သော(၉/၁၁)ဖြစ်စဉ်အပြီးနောက် ရီပတ်ဘလီကင်တို့က အမျိုးသားလုံခြုံရေးနှင့်ယှဉ်လျှင် လူ့အခွင့်အရေးကို လျစ်လျူရှုရမည်ဟုဆိုကာ အမိမြေလုံခြုံရေးအက်ဖြင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်စည်းကို ကျော်နင်းခဲ့ကြသည်။ ရီပတ်ဘလီကင်သမ္မတ ဘုရှ်လက်ထက်တွင် အမိမြေလုံခြုံရေးဌာနဟူ၍ ဝန်ကြီးဌာနတစ်ခုဖွဲ့စည်းသည်အထိပင် အားထုတ်ခဲ့သော အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ဒီမိုကရက်သမ္မတဖြစ်သော အိုဘားမားလက်ထက်၌လည်း ဆက်လက်အမွေခံကျင့်သုံးရသည်ပင် ဖြစ်သည်။

ဤနေရာတွင် အလေးထားဆင်ခြင်ကြစေလိုသော အချက်မှာ 'အသွင်ကူးပြောင်းမှု၏ ဟန်ချက်တည်ငြိမ်ရေး' ပင် ဖြစ်သည်။ ဟန်ချက်တည်ငြိမ်ရေးတွင် (၁) နိုင်ငံရေး၊ (၂) စီးပွားရေး၊ (၃) လူမှုရေး၊ (၄) ဘက်နက်ကိုင်ပဋိပက္ခတို့ ပါဝင်နေသည်။ တချို့သော ကိစ္စရပ်များတွင် Feel Good ဖြစ်သော်ငြားလည်း Make Good မဖြစ်သောအခါတွင် အသွင်ကူးပြောင်းရေးဟန်ချက်အပေါ် သက်ရောက်မှု ရှိလာစေမည် ဖြစ်သည်။ အသွင်ကူးပြောင်းမှု၏ ကနဦးအဆင့်ဖြစ်သော ပြောင်းလဲရေးအဆင့်ကို ဖြတ်သန်းနေရဆဲ (အချို့ကလည်း ကျော်လွန်လာပြီဟု ဆိုကြသည်) အချိန်တွင် ကျောင်းတော်လာ ဒီမိုကရေစီသီအိုရီများအရ မှန်ကောင်းမှန်နိုင်သော်လည်း Feel Good လား၊ Make Good လား ဟူသည်ကို နိုင်ငံရေးခေါင်းဆောင်များက အလေးထားဆုံးဖြတ်ကြရန် လိုအပ်မည်ဖြစ်သည်။

## Feel Good နှင့် Make Good

ဟန်ချက်တည်ငြိမ်ရေးကို လက်ရှိ အငြင်းပွားနေသော ငြိမ်းစီလှည့် ဥပဒေပုဒ်မ ၁၈ ကို ဥပမာထား၍သုံးသပ်ကြည့်နိုင်သည်။ ပုဒ်မ ၁၈ ဖျက်သိမ်းရေးသည် ဒီမိုကရေစီစံနှုန်းများအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများအရလည်းကောင်း Feel Good ဖြစ်သည်မှာ သေချာနေသည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ဒီမိုကရေစီချန်ပီယံဖြစ်စေနိုင်သော အခွင့်အရေးကို လက်လွှတ်မခံဘဲ ပုဒ်မ ၁၈ ဖျက်သိမ်းရေးကို ရပ်တည်ခဲ့ပါလျှင် လက်ခုပ်သံတဖြောင်းဖြောင်း ရရှိလာမည်မှာလည်း သေချာနေပေသည်။ သို့သော် လက်ရှိတည်ရှိဆဲ အင်စတီကျူးရှင်းများအရ အကျိုးဆက်များကို ထည့်သွင်းစဉ်းစားကြရန် လိုအပ်ပါမည်။ ပြီးခဲ့သည့်သက်တမ်း ၂ နှစ်ခွဲကျော်ကာလအတွင်း ကြုံတွေ့ခဲ့ရသော ဆန္ဒပြမှုများ၊ ပဋိပက္ခများ၊ လူထု၏နိုင်ငံရေးနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ အသိအမြင်၊ ဥပဒေစိုးမိုးရေး ပကတိအခြေအနေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အောက်ခြေအုပ်ချုပ်ရေးအဖွဲ့များ၏ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံ၊ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခပျိုင့်များ စသည်တို့အရ ပုဒ်မ ၁၈ ဖျက်

သိမ်းလိုက်ခြင်းကြောင့် မြန်မာ့လူ့အဖွဲ့အစည်းနှင့် အသွင်ကူးပြောင်းရေး အပေါ် သက်ရောက်နိုင်မှုအတိုင်းအတာကို ဘက်စုံတွက်ချက်ရန်လည်း လိုပါလိမ့်မည်။

မည်သည့်ကိစ္စရပ်မဆိုချဉ်းကပ်ကြရာ၌ Naomative နှင့် Pragmatic လမ်းနှစ်သွယ်ဖြင့် စဉ်းစားကြရာ၌ 'အမှန်တရား'နှင့် 'ဖြစ်သင့်သည့်အခြေအနေ' တို့ကို ချိန်ဆကြရန်လိုအပ်ပါလိမ့်မည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြကုန်သော Right To Recall ၁ ရာခိုင်နှုန်းကိစ္စကို ပမာပြု၍ တင်ပြလိုပါသည်။ မူလ မဲဆန္ဒရှင်အရေအတွက်၏ ၁ ရာခိုင်နှုန်းက ဓောဒကတက်လျှင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်သည်။ လိုအပ်သည့်ဥပဒေ ပြဋ္ဌာန်းပေးရန်လည်း နိုင်နိုင်မာမာပြဋ္ဌာန်းထားသည်။ ၁ ရာခိုင်နှုန်းသို့ အခြေခံဥပဒေက အပ်နှင်းထားသော အခွင့်အာဏာလည်းမှန်သည်။ ဤသည်မှာ အမှန်တရားပင်ဖြစ်သည်။ သို့သော် ဤကိစ္စတွင် အမှန်တရားဘက်တော်သားအရေအတွက် မည်မျှရှိသည်ကို လေ့လာကြည့်လျှင် မရှိသလောက် နည်းနေသည်။ ဤတွင် ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့သော မူလမဲဆန္ဒရှင်အရေအတွက်၏ ၂၀ ရာခိုင်နှုန်းဟူသော 'ဖြစ်သင့်သည့်အခြေအနေ' တစ်ရပ်ပေါ်ပေါက်လာပြီး မကြာခင်ဆောင်ရွက်ကြတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင် ပါလာတော့မည်ဟု မျှော်လင့်ရသည်။ ၁ ရာခိုင်နှုန်းကိုဆွဲကိုင်သူက ဒီမိုကရေစီချန်ပီယံလား၊ ၂၀ ရာခိုင်နှုန်းကိုကိုင်သူက ဒီမိုကရေစီချန်ပီယံလားစဉ်းစားလျှင် ရှုပ်ရှုပ်ထွေးထွေး ရှိမည်သာဖြစ်သည်။ အကြောင်းရင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများသည် သာမန်ဥပဒေပညာရှင်များပင်လျှင် အချိန်ယူလေ့လာကြရသည့် Rule of Society များဖြစ်လေရာ သာမန်ပြည်သူများအဖို့ နားလည်ရန်ပင် လွယ်မည်မထင်ပေ။ ထို့ကြောင့် ၁ ရာခိုင်နှုန်းသည် Feel Good မှန်သော်လည်း ၂၀ ရာခိုင်နှုန်းသည်ပင်လျှင် Make Good ဖြစ်ရတော့သည်။

## ခေတ်ခြားခဲ့လေပြီ

မိမိတို့ငယ်စဉ်က ရွှေဘရုပ်ရှင် အဖြူအမည်းဓာတ်ကားများကို ဘမက်တရှိုက် နွဲ့နွဲ့လမ်းလမ်းအားပေးခဲ့ကြပါ၏။ တော်လှန်ရေးအသွင် ဆောင်သော လူတန်းစားတော်လှန်ရေးဓာတ်လမ်းဓာတ်ကွက်များကို ရင်နှင့်အမျှလည်း စီးဝင်ခံစားခဲ့ကြရသည်။ ယင်းရုပ်ရှင်ဓာတ်ကားများကြောင့် မျက်ရည်ကျခဲ့ကြသည်၊ ယင်းဓာတ်ကားများကြောင့် ရုပ်ရှင်ပိတ်ကား ပြဲခဲ့ကြရသည်၊ ယင်းဓာတ်ကားများကြောင့် လက်ခုပ်နှစ်ဖက်လုံး နာသည်ကို သတိမထားမိဘဲ တဖြောင်းဖြောင်းမြည်အောင် တီးခဲ့ကြသည်။ လက်ခေါက်များလည်း သံကုန်မှုတ်ခဲ့ကြသည်။ ဤသည်မှာ မြန်မာလူ့အဖွဲ့အစည်း၏ စိတ်အမှန်ပင်ဖြစ်သည်။ သို့သော် ယနေ့ကမ္ဘာကြီးနှင့် ဒိုးယိုပေါက်ထိတွေ့နေသောအချိန်ကာလတွင် ယင်းဓာတ်ကားများကို ပြန်ကြည့်သောအချိန်၌ ငယ်စဉ်ကခံစားမှုနှင့် ယခုလက်ရှိအချိန်တို့အကြား 'ခေတ်ခြားခဲ့ပြီ' ဟူသည်ကို သတိပြုမိသည်။

ဤသို့ ပြောရခြင်းမှာ ယင်းခေတ်၊ ယင်းကာလ အနုပညာဖန်တီးမှုများကို ဝိုးစင်းမှု ထိခိုက်စေလိုသော စိတ်အလျဉ်းမရှိပါ။ သို့သော် ရှုမြင်သော အတွေးတို့မှာ ပြောင်းလဲသွားခဲ့ခြင်းကို ဆိုလိုသည်။ လက်ရှိ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် လွှတ်တော်နိုင်ငံရေးသည် ပင်မရေစီးကြောင်းဖြစ်လာပြီမှန်သော်လည်း လွှတ်တော်ပနိုင်ငံရေး လှုပ်ရှားမှုများ တည်မြဲနေခြင်းမှာ အရပ်ဘက်လူ့အဖွဲ့အစည်းအပါအဝင် အင်စတီကျူးရှင်း ခိုင်မာပြည့်စုံမှု မရှိသေးသောကြောင့်သာဖြစ်သည်။ ထိုခေတ်ထိုအခါက ရွှေဘသည် အမှန်တရားဘက်တော်သား သူရဲကောင်းတစ်ဦး ဖြစ်ခဲ့သော်လည်း တော်လှန်ရေးစိတ်၏ အရှိန်အဟုန်တို့၏ ရိုက်ခတ်မှုကြောင့်လည်း ပါဝင်နေပေလိမ့်မည်။ ယနေ့ခေတ်တွင်လည်း အမှန်တရားဘက်တော်သား တော်လှန်ရေးဓာတ်ကားများကို မက်မက်မောမော နွဲ့နွဲ့လမ်းလမ်း အားပေးနေကြဆဲဖြစ်သော အခြေအနေမှန်များကို ကျေးလက်ဒေသအနှံ့အပြားတွင် တွေ့မြင်နေရဆဲဖြစ်သည်။ ကျေးလက်ရပ်ဝန်းဒေသများတွင် ရွှေဘခေတ်နှင့်မခြား ရှိနေဆဲပင်ဖြစ်ပြီး ဤသည်မှာ မြန်မာလူ့အဖွဲ့အစည်း၏ ပကတိအရှိတရားသာဖြစ်သည်။ ဤသို့ တော်လှန်သောစိတ်ဖြင့် ကြီးပြင်းလာခဲ့

သည့် မြန်မာလူ့အဖွဲ့အစည်းကို ဒီမိုကရေစီအသွင်ကူးပြောင်းရေးသို့ ဆောင်ကြဉ်းကြရာ၌ မြန်မာနိုင်ငံရေး **Key Player** များ၏ အမြော်အမြင်နှင့် ဆင်ခြင်ဉာဏ်တို့က အဓိကကျနေပေသည်။

အချို့ကလည်း ပုဒ်မ ၁၈ ဖျက်သိမ်းပြီးနောက် ပုဒ်မ ၅(ည)၊ ပုဒ်မ ၅၀၅၊ ပုဒ်မ ၁၂၄(က) စသည်တို့က ထိန်းပေးလိမ့်မည်ဟု ဆိုကြပြန်သည်။ မြန်မာလူ့အဖွဲ့အစည်းသည် အမေရိကန်လူ့အဖွဲ့အစည်း မဟုတ်သည်သာမက အနီးစပ်ဆုံး ထိုင်းလူ့အဖွဲ့အစည်းနှင့်ပင် ဒီမိုကရေစီအတွေ့အကြုံ၊ နိုင်ငံရေးရင့်ကျက်မှုချင်း မယှဉ်နိုင်ပါ။ အဓိကမေးခွန်းမှာ ပုဒ်မ ၁၈ ဖျက်သိမ်းပြီးနောက် ဖြစ်ပေါ်လာသော မတည်ငြိမ်မှုများကို လက်ဝယ်ရှိ အင်စတီကျူးရှင်းများဖြင့် သဟဇာတဖြစ်ဖြစ် ဖြေရှင်းနိုင်ပါမည်လားဟူ၍ပင်ဖြစ်သည်။

လက်ရှိ ထိုင်းနိုင်ငံ၏ ဆန္ဒပြခေါင်းဆောင် (တစ်ချိန်က ဒုဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး) ဆူထက်ကိုင်တွယ်ခဲ့သော ပဏ္ဏရားကမ်းခြေအာဆီယံထိပ်သီးအစည်းအဝေးကာလ၌ အနီဝတ်များ ဟိုတယ်တွင်းသို့ ဝင်ရောက်လာခဲ့သောအချိန်က ဝန်ကြီးချုပ်(ယခုသမ္မတကြီး)၏ ကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါခဲ့ရစဉ်က စားသောက်ခန်းအတွင်း ပိတ်မိခဲ့ဘူးသည်။ ထိုစဉ်က ခန်းမအတွင်း ဇွတ်အတင်းဝင်ရောက်လာခဲ့ကြသော အနီဝတ်များသည် ထိုင်းနိုင်ငံမြောက်ပိုင်းမှ ရောက်ရှိလာကြသော တောသားများဟု ဆိုကြသည်။ သို့သော် ဘန်ကောက်မြို့သားများက 'တောသားများ' ဟု ကင်ပွန်းတပ်ခဲ့ကြကုန်သော ချင်းမိုင်သားများသည် ဟိုတယ်အဆောက်အအုံ၊ လမ်းမှာတွေ့သည့်ပစ္စည်းတစ်စုံတစ်ရာကိုမျှ ထိခိုက်စေခြင်း၊ ဖျက်ဆီးခြင်း မလုပ်ခဲ့ပေ။ ထိုစဉ်က သုဝဏ္ဏဘုမ္မိလေဆိပ်ကြီးကို ပိတ်ဆို့ခဲ့သော အနီဝတ်များအား တရားဥပဒေစိုးမိုးရေး **Rule of Law** တရားဟောကြားခဲ့သော၊ ပြည်သူများ၏ လုံခြုံမှု၊ ထိုင်းနိုင်ငံ၏ ဂုဏ်သိက္ခာ စသည်တို့ကို တွင်တွင်ကြွေးကြော်ခဲ့သော ဒုတိယဝန်ကြီးချုပ်ဆူထက်မှာ ယခုသော် ဖန်သားပြင်ထက်၌ ရဲရဲတောက် လူထုတော်လှန်ရေးသမားကြီး ဖြစ်နေလေပြီ။ ထိုင်းနိုင်ငံ၏ ဒီမိုကရေစီသည် အီလစ်တော်လှန်ရေးဖြင့် စိန်ခေါ်ခြင်းခံနေရလေပြီဟု လေ့လာသူများက ဆိုကြ

သည်ကိုလည်း တွေ့ရှိရသည်။

## နိဂုံး

ဂေါက်ရိုက်ခြင်းကဲ့သို့သော ကစားပွဲများတွင် 'ကိုယ်ကောင်းရန်ထက် သူ့ပျက်ရန်သာ လိုသည်' ဟူ၍ ဆိုကြသည်။ အာဏာနှင့်ယှဉ်သော နိုင်ငံရေးကစားပွဲများတွင် 'သူ့ပျက်ရန်' အမျိုးမျိုးအဖုံဖုံ ကြံဆောင်ကြသည်များလည်း ရှိကြသည်။ ဤသည်ကိုလည်း ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးသမိုင်းများတွင် ကြိမ်ဖန်များစွာ တွေ့မြင်နိုင်ကြပေလိမ့်မည်။ မြန်မာတို့၏ 'သင် ကောင်းလျှင် ကျွန်ုပ်မဆိုးပါ' ဟူသောဆိုရိုးမှာ နယူတန်နိယာမကို ဖော်ညွှန်းနေခြင်းဖြစ်သည်။ နိုင်ငံရေးတွင် နယူတန်နိယာမကို ကျင့်သုံးနိုင်လျှင်ပင် များစွာကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ဦးအဖြစ် ရှုမြင်နိုင်ကြသည်။ ဩဇာနယ်ပယ်၊ အာဏာနယ်ပယ်၊ နိုင်ငံရေးနယ်ပယ်တို့တွင် ခံယူကျင့်သုံးဆောက်တည်ရန် အခက်ခဲဆုံးသော ကျင့်စဉ်မှာ 'သင်ကောင်း ကောင်း၊ မကောင်းကောင်း၊ ကျွန်ုပ်ဘက်က အမြဲကောင်းမယ်' ဟူသော သဘောတရားပင် ဖြစ်ပေသည်။ မြန်မာ့နိုင်ငံရေးနယ်ပယ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် 'ကျွန်ုပ်ဘက်' ထက် 'သန်း ၆၀ 'ဘက်တွင် အမြဲကောင်းနိုင်ရန်သာ မျှော်လင့်ရပေမည်။

❑

# ပြင်ဆင်ရေး အသွင်ကူးပြောင်းရေးနှင့် အချစ်မပါသောအိမ်ထောင်ရေး

## နိဒါန်း

အမျိုးသားရေး နီးကြားမှုအသွင်ဆောင်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်မလား၊ အသစ်ရေးဆွဲမလားဟူသည့် မေးခွန်းသည်လည်း လက်ရှိကြားသိရသည့်သတင်းများအရ ပြင်ဆင်ရေးလမ်းကြောင်းကိုသာ သွားကြတော့မည့်သဘောသို့ တိမ်းညွတ်နေသည်။ NLD ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဖွဲ့စည်းဥပဒေပြင်ဆင်ရာတွင် လွှတ်တော်လမ်းကြောင်းကသာ လျှောက်လှမ်းသွားမည့် ရည်မှန်းချက်ကို လူသိထင်ရှားထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။ တစ်နည်းဆိုရလျှင် ဖွဲ့စည်းအခြေခံဥပဒေ ပြင်ဆင်ရေးကို အခြေခံဥပဒေပါ ပေးထားချက်များအတိုင်း ဆောင်ရွက်သွားမည်ဟူ၍ ဖြစ်သည်။

## အစောဆုံး ပြောကြားခဲ့သူ

နိုင်ငံတော်သမ္မတကြီးသည် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာကျိန်ဆိုပြီး နိုင်ငံ့တာဝန်ကို လွှဲပြောင်းရယူခဲ့သည့် ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာပင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်းပေးထားချက်အတိုင်း ပြင်ဆင်ကြရန် ထုတ်ဖော်ပြောကြားခဲ့သည်။ ဆိုရလျှင် နိုင်ငံတော်

သမ္မတကြီးသည် စတင်တာဝန်ထမ်းဆောင်ချိန်မှာပင် ပြင်ဆင်ရေးလမ်းကြောင်းကို ဖော်ညွှန်းခဲ့ခြင်းဖြစ်သည်။ ပိုမိုထင်ရှားစေရန်အတွက် ပြည်ထောင်စုလွှတ်တော်တွင် ပြောကြားခဲ့သည့်မိန့်ခွန်းပါ ကောက်နုတ်ချက်ကို အောက်ပါအတိုင်း ပြန်လည်ဖော်ပြလိုသည်။

"အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးနဲ့ ပတ်သက်ပြီး ဒီကနေ့အထိ မူဝါဒလမ်းစဉ် ၇ ရပ်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မခံသိုကြသေးတဲ့ ပြည်တွင်းပြည်ပရှိ လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ဥပဒေပြင်ပရဲ့ အဖွဲ့အစည်းများရှိနေကြပါတယ်။ ဒီပုဂ္ဂိုလ်အဖွဲ့အစည်းများဟာ မိမိတို့နိုင်ငံသားများ ဖြစ်ကြပါတယ်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးဖြစ်ကြသလို ကျွန်တော်တို့အစိုးရအဖွဲ့ကိုလည်း ကိုယ့်တိုင်းရင်းသားတွေနဲ့ အဆင့်ဆင့်ပါဝင်ဖွဲ့စည်းထားတဲ့ ကိုယ့်အစိုးရအဖြစ် မြင်ဖို့လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)မှာ လုပ်ထုံးလုပ်နည်းများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်တဲ့ အခွင့်အရေးပေးထားပြီး ဖြစ်ပါတယ်"

ဤသည်မှာ စတင်တာဝန်ယူချိန်မှာပင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအပေါ်ထားရှိသော နိုင်ငံတော်သမ္မတကြီး၏ သဘောထားကို အတိအလင်းထုတ်ပြန်ထားခဲ့ခြင်း ဖြစ်သည်။ ပေးထားချက်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆(က)နှင့် (ခ)တို့သည် ပြင်ဆင်ပုံပြင်ဆင်နည်းကို သတ်မှတ်ပေးထားခြင်းသာ ဖြစ်သည်။ ပြင်လိုသော် ဤအတိုင်း ပြင်ဟုဆိုထားသည့် ပြင်ဆင်ရေးဆိုင်ရာ ပေးထားချက်များလည်း ဖြစ်သည်။

## ဘယ်လိုပြင်ကြမလဲ

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပုဒ်မပေါင်း ၄၅၇ ခု ရှိပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြင်ဆင်ရန် ပြဋ္ဌာန်းထားသည့် ပုဒ်မပေါင်း ၉၅ ခု ရှိရာ (၂၀.၇၉ ရာနိုင်နှုန်း) ဖြစ်သည်။ ပြည်ထောင်စု လွှတ်တော်တွင်းမှာပင် ပြင်ဆင်နိုင်သည့် ပုဒ်မပေါင်း ၃၆၂ ခု (၇၉.၂၁ ရာနိုင်နှုန်း) ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဓိကကျသည်မှာ ပုဒ်မ ၁ မှ ၄၈ အထိဖြစ်သော အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ

ဖြစ်သည်။ အဆိုပါအခြေခံမူများ Basic Principles များကို အခြေခံ၍ ကျန်ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းထားခြင်းဖြစ်သည်ကိုလည်း ပုဒ်မ ၄၈ တွင် "နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့်လမ်းညွှန်ချက်များ ဖြစ်သည်" ဟူ၍ ပြဋ္ဌာန်းထားကြောင်း တွေ့ရှိနိုင်သည်။

၂၀၀၈ ခုနှစ်အခြေခံဥပဒေကိုရေးဆွဲခဲ့ရာတွင် ပထမဦးစွာ အခြေခံမူများကို ဆွေးနွေးညှိနှိုင်းပြီး ယင်းအခြေခံမူများကို အခြေခံ၍ အသေးစိတ်အခြေခံရမည့်မူများဟူ၍ ရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ ယင်းမူများ အတည်ပြုသဘောတူညီပြီးနောက် ပြဋ္ဌာန်းချက်များအဖြစ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ အခန်း(၁)ကိုအခြေခံ၍ အခန်း(၂)မှ အခန်း(၁၅)အထိ ရေးဆွဲခဲ့ခြင်းဖြစ်သည်။ ဤသို့ရှင်းလင်းနေရခြင်းအကြောင်းရင်းမှာ အခန်း(၂)မှ အခန်း(၁၅)အထိ ပါရှိသောပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ယင်းပုဒ်မများကိုသာ ကွက်၍မပြင်သင့်ဘဲ မူလအခြေခံထားသည့် အခြေခံမူကိုပါ ပြင်ဆင်ရမည်ဖြစ်သည့်အတွက် အခန်း(၁) ပါ ပုဒ်မပေါင်း(၄၈)ခုကို ကိုင်တွယ်ရမည်ဟု ရည်ညွှန်းလိုခြင်း ဖြစ်သည်။

တစ်ဖန် အခန်း(၁)ပါ ပုဒ်မပေါင်း ၄၈ ခုသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုလုံး၏ မူဘောင် Spirit of Constitution ဖြစ်သည့်အတွက် မူဘောင်ကို ဦးစွာအကြေအလည် ညှိနှိုင်းဆွေးနွေးရန် လိုအပ်မည်ဖြစ်သည်။ ယခုလက်ရှိ ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းထားသော လေ့လာသုံးသပ်ရေးကော်မတီသို့ တင်ပြလာသည့် တင်ပြချက်များအပြင် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ လွှတ်တော် ပြင်ပနိုင်ငံရေးဆွေးနွေးပွဲများမှ ထွက်ပေါ်လာမည့် မူဘောင်သဘောတူညီချက်တို့ကို ပြန်လည်တိုက်ဆိုင်၍ စိစစ်သုံးသပ်ရမည့်သဘော ရှိသည်။

## ဘယ်လောက်အထိ ပြင်မလဲ

ပြင်ဆင်ရေးစားပွဲဝိုင်းတို့တွင် သူ့လိုလားချက်၊ ကိုယ့်လိုလားချက်

သည်အားဖြင့် နိုင်ငံရေးအင်အားစုအသီးသီးတို့၏ ဆန္ဒပေါင်းများစွာ၊ ပြင်ဆင်ချက်ပေါင်းများစွာ ရှိနေကြမည်မှာ မုချဖြစ်၍ ဆန္ဒပေါ် အခြေပြုသော ပြင်ဆင်ရေးအစီအစဉ်တို့လည်း ကိုယ်စီကိုယ်စီ ရှိနေကြပေလိမ့်မည်။ ၂၀၀၈ အခြေခံဥပဒေကို လက်တွေ့ကျင့်သုံးလာကြသည်မှာ ၂ နှစ်ခွဲကျော် ကြာမြင့်ခဲ့ပြီဖြစ်၍ တွေ့ကြုံလာရသောအခက်အခဲများကို ပြေလည်နိုင်သောငှာလည်းကောင်း၊ အမျိုးသားညီညွတ်ရေးကို ရှေ့ရှုစေခြင်းငှာလည်းကောင်း ဦးစားပေးရည်မှန်းချက်ပန်းတိုင်များကို ဆစ်ပိုင်းလေ့လာပြီး ပြင်ဆင်ရေးဆိုင်ရာ ဘုံသဘောတူညီချက် ရှာဖွေဖော်ထုတ်သော် မသင့်သလောဟုတွေးမိသည်။ အကြောင်းရင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရာတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် ပြင်ဆင်ရမည်မှာ (၂၀.၇၉ ရာခိုင်နှုန်း) ရှိသည်ဖြစ်၍ ပြင်ဆင်ရေးဒိုင်ယာလော့ မည်မျှအထိ ခရီးရောက်မည်နည်း ဟူသောမေးခွန်းကြောင့် ဖြစ်သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြင်ဆင်ရမည့်ပုဒ်မများကို လေ့လာကြည့်လျှင် အောက်ပါအတိုင်းတွေ့ရှိရသည်–

(၁) အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ ၁ မှ ၄၈ အထိ၊ (တစ်ခန်းလုံး)

(၂) အခန်း(၂)၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ပုဒ်မ ၄၉ မှ ၅၆ အထိ၊ (တစ်ခန်းလုံး)

(၃) အခန်း(၃)၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ၏ အရည်အချင်းများ(ပုဒ်မ ၅၉)၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း (ပုဒ်မ ၆၀)

(၄) အခန်း(၄)၊ ပြည်ထောင်စုလွှတ်တော်ဖွဲ့စည်းခြင်း (ပုဒ်မ ၇၄)၊ ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်း (ပုဒ်မ ၁၀၉)၊ အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း (ပုဒ်မ ၁၄၁)၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ဖွဲ့စည်းခြင်း (ပုဒ်မ ၁၆၁)

(၅) အခန်း(၅)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဖွဲ့စည်းခြင်း (ပုဒ်မ ၂၀၀)၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ

ဖွဲ့စည်းခြင်း (ပုဒ်မ ၂၀၁)၊ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခြင်း (ပုဒ်မ ၂၄၈)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း (ပုဒ်မ ၂၇၆)

(၆) အခန်း(၆)၊ တရားရုံးများဖွဲ့စည်းခြင်း (ပုဒ်မ ၂၉၃)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဖွဲ့စည်းခြင်း (ပုဒ်မ ၂၉၄)၊ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်များ ဖွဲ့စည်းခြင်း (ပုဒ်မ ၃၀၅)၊ တိုင်းဒေသကြီးတရားလွှတ်တော် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ ကြီးကြပ်မှုအောက်ရှိ တရားရုံးများ (ပုဒ်မ ၃၁၄)၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းခြင်း (ပုဒ်မ ၃၂၀)၊

(၇) အခန်း(၁၁)၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ပုဒ်မ ၄၁၀ မှ ၄၃၂ အထိ (တစ်ခန်းလုံး)

(၈) အခန်း(၁၂)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ရန် လိုအပ်သည့်ပုဒ်မများနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာနိုင်နှုန်းကျော်ဖြင့် ပြင်ဆင်နိုင်သော ပုဒ်မများ(ပုဒ်မ ၄၃၆)

အထက်ပါပြဋ္ဌာန်းချက်များကို လေ့လာခြင်းအားဖြင့် အခန်း(၇) တပ်မတော်၊ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ အခန်း(၉) ရွေးကောက်တင်မြှောက်ခြင်း၊ အခန်း(၁၀) နိုင်ငံရေးပါတီများဟူသည့် အခန်း(၄)ခန်းပါ ပြဋ္ဌာန်းချက်များမှာ လွှတ်တော်တွင်းပြင်ဆင်ရေးဖြင့် ပြီးမြောက်နိုင်မည်၊ သို့သော် အခန်း(၁)အခြေခံမူနှင့် ညီညွတ်ရမည်ဟူ၍ တွေ့ရှိနိုင်သည်။ လွှတ်တော်တွင် ဖေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ဘုံသဘောတူညီချက်များကို တည်ဆောက်နိုင်လျှင် များစွာလူးသာလွန့်သာမည်ကို တွေ့ရှိနိုင်သည်။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ် လုပ်ပိုင်ခွင့်များ ခွဲဝေထားသော နောက်ဆက်တွဲဇယားများမှာ ဖက်ဒရယ်စစ်ရေးအတွက် အဓိကဖြစ်နေပြီး လွှတ်တော်တွင်းပြင်ဆင်ရေး လမ်း

အကြောင်းနှင့်ပင် ပြီးပြတ်မည်၊ သို့သော် အခန်း(၁) အခြေခံမူနှင့်ညီညွတ်ရမည်၊ ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမှု လိုအပ်မည် ဖြစ်သည်။

လွှတ်တော်တွင်း အင်အားချိန်ခွင်လျှာကို မိမိတို့ဘာသာ ဆင်ခြင်သုံးသပ်တော် မူနိုင်ကြရန်သာလိုသည်။ သို့ဆိုလျှင် အဖြေမှန်နှင့် နီးစပ်နိုင်ကြပေလိမ့်မည်။

## ဘယ်ဟာကို မမြင်မလဲ

ဤတွင် လက်ရှိနိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ကျွမ်းကျင်သူများ စသည့် Stakeholder အားလုံး၏ဘုံသဘောထားတစ်ရပ် ထွက်ပေါ်နိုင်ရန် မည်သည့်ကို အစပြုမည်နည်း ဟူသော မေးခွန်းတစ်ရပ် ပေါ်ထွက်လာသည်။ ပြည်တွင်းစစ်နိဂုံးချုပ်ရေးသို့ သွားလိုသော် ပြည်နယ်-ပြည်ထောင်စု အငြင်းပွားမှုများကို ဦးစွာ ရှင်းရန်လိုအပ်မည်။ တပ်မတော်နိုင်ငံရေးမှ အပြီးတိုင် ဆုတ်ခွာရေးသည် ပြည်တွင်းငြိမ်းချမ်းရေးအပြည့်အဝ ရ-မရ ဟူသော အချက်နှင့် တိုက်ရိုက်ဆက်နွယ်နေသောကြောင့် ယခုပြင်ဆင်သည့်အဆင့်တွင် အပြီးတိုင် ဆုတ်ခွာရေးအထိမမှန်းသင့်ဘဲ ရှေ့တစ်ဆင့်ဖြစ်သည့် ငြိမ်းချမ်းရေးကိုသာ ရှေ့ရှုသင့်ကြောင်း တွေ့ရှိနိုင်သည်။

**Politics is The Art of Possible** ဟု ဆိုကြသည့်အတိုင်း ဆန္ဒထက် အမြော်အမြင်ကို ဆင်ခြင်ချိန်ခြားလျက် ရှာနိသမာပတ် ဝင်စားနိုင်မှသာ ဖြစ်နိုင်ချေအနုပညာကို ဖန်တီးနိုင်ကြမည်ဖြစ်သည်။ ၂၀၁၅ မတိုင်မီဟူသော အချိန်ဇယားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုမှန်သမျှအပြတ်ဖြတ်နိုင်-မဖြတ်နိုင်ကိုလည်း အင်အားနှင့်အလုပ် နှိုင်းယှဉ်ချိန်ဆကြရန် အရေးကြီးပေမည်။

နိုင်ငံရေးခေါင်းဆောင်များ သတိပြုရမည်မှာ လက်ရှိအနေအထားသည် အသွင်ကူးပြောင်းရေးကို ဖြတ်သန်းနေကြဆဲဖြစ်၍ စတန်းဖို့တက္ကသိုလ်ပါမောက္ခ တယ်ရီကား၏ အဆိုအတိုင်း 'အသွင်ကူးပြောင်းရေးဟူသည်မှာ အချစ်မပါဘဲ ပြုလိုက်ရသော အိမ်ထောင်ရေး' ဟူသည်ကို သတိချပ်ကြရန်ဖြစ်သည်။ အသွင်ကူးပြောင်းရေးကို အသွင်ကူးပြောင်းရေး

ဟူ၍ နားလည်နိုင်ခြင်း မရှိခဲ့ပါလျှင် မိမိစံနှင့် အညီ၊ မိမိ စရွေးနှင့်အံကိုက် ဟူသော စိတ်ကူးစံများဖြင့် မချစ်သော်လည်း အောင့်ကာ မနမ်းနိုင်ဘဲ အိမ်ထောင် တစ်ကွဲတစ်ပြားအဖြစ်ခံရမည့် ကိန်းဆိုက်နိုင်ပေသည်။ သန်း ၆၀ မိသားစုကြီး၏ အိမ်ထောင်ရေးဖြစ်သောကြောင့် ဆန္ဒထက် ဉာဏ် အမြော်အမြင်တို့ကသာ ဖြစ်နိုင်ချေ အနုပညာကို ဖန်ဆင်းနိုင်မည်ဖြစ် ကြောင်း မီးမောင်းထိုးတင်ပြလိုက်ရပေသည်။

❑

## လွှတ်တော်တွင်း-လွှတ်တော်ပလား။ အဟောင်းပြင်မလား-အသစ်တွင်မလား

### နိဒါန်း

လက်တလော မြန်မာနိုင်ငံရေးတိမ်းညွှတ်ရာသည် အခြေခံဥပဒေပြင်ဆင်ရေး ဗဟိုတိုက်ဖြစ်နေပြီး ဤကြားထဲတွင် ပြင်ဆင်ရေးနှင့် အသစ်ရေးဆွဲရေးလမ်းကြောင်းနှစ်ရပ် ရေးရေးပေါ်လာနေသည်ကို တွေ့မြင်ရသည်။ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း လက်ဝဲ–လက်ယာ နိုင်ငံရေးအယူအဆအရေးရာ ကွဲပြားခြားနားမှုတို့ ကင်းဝေးနေသော လက်ရှိနိုင်ငံရေး သဘောထားများ၏ ဦးတည်ရာသည်လည်း လစ်ဘရယ်ဒီမိုကရေစီနှင့် စျေးကွက်စီးပွားရေးသာဖြစ်နေကြောင်း တွေ့ရှိရသည်။ ငြိမ်းချမ်းရေးတည်ဆောက်မှုတွင်လည်း အားလုံးပါဝင်မှု မြင့်မားလာသည်နှင့်အမျှ အရှိန်အဟုန် နှေးကွေးနေသော်ငြားလည်း တရွေ့ရွေ့နှင့် ရှေ့သို့နှင်နေပြီဖြစ်ကြောင်းလည်း တွေ့ရှိရသည်။ မျက်နှာစာအားလုံးတို့၏ဆုံချက်သည် အခြေခံဥပဒေ ဖြစ်လာနေပြီဖြစ်ရာ Feel Good နှင့် Make Good ပိုင်းခြားသုံးသပ်ရန် လိုအပ်လာပြီ ဖြစ်သည်။

**နိုင်ငံပေါင်း ၁၉ နိုင်ငံ အတွေ့အကြုံ**

**US Institute of Peace-USIP နှင့် UNDP တို့ပူးပေါင်း၍ ၁၉၉၇**

ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကမ္ဘာ့နိုင်ငံပေါင်း ၁၉ နိုင်ငံ၏ အသွင်ကူးပြောင်းမှုများကိုလေ့လာထားသော **Framing the State in Times of Transition** စာတမ်းပါ သုံးသပ်အကြံပြုချက်များကိုလေ့လာကြည့်ရာတွင် အသွင်ကူးပြောင်းရေးနှင့် ပဋိပက္ခအလွန်နိုင်ငံထူထောင်ရေးဖြစ်စဉ်များ၌ ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အခန်းကဏ္ဍကို အထင်အရှားတွေ့ရှိရသည်။ ယင်းလေ့လာချက်တွင် ပဋိပက္ခဖြစ်ပွားဆဲ (သို့မဟုတ်) ပဋိပက္ခ လွန်မြောက်စ (သို့မဟုတ်) လွတ်လပ်ရေးရကာစ နိုင်ငံပေါင်း ၉ နိုင်ငံ (အာဖဂန်နစ္စတန်၊ ဘော့စနီးယားနှင့် ဟာဇီဂိုးဗီးနား၊ ကမ္ဘောဒီးယား၊ ကိုလံဘီယာ၊ အရှေ့တီမော၊ အီရီထရီးယား၊ အီရတ်၊ နမီးဘီးယား၊ နီကာရာဂွာ)၊ ဒီမိုကရေစီအသွင်းကူးပြောင်းစ နိုင်ငံပေါင်း ၅ နိုင်ငံ (အယ်ဘေးနီးယား၊ ဟန်ဂေရီ၊ ပိုလန်၊ တောင်အာဖရိက၊ စပိန်) နှင့် အခြေခံဥပဒေဆိုင်ရာ အကျပ်အတည်း (သို့မဟုတ်) ပြုပြင်ပြောင်းလဲရေး နိုင်ငံ ၅ နိုင်ငံ (ဘရာဇီး၊ ဖီဂျီ၊ ယူဂန္ဒာ၊ ဗင်နီဇွဲလား၊ ဇင်ဘာဘွေ)များ ပါဝင်ကြောင်း တွေ့ရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ (၁) လွှတ်တော်တွင်း ဆွေးနွေးညှိနှိုင်းမှု ရှိ–မရှိ၊ (၂) မဲဆန္ဒနယ်မြေအလိုက် သဘောထားကောက်ယူမှု ရှိ–မရှိ၊ (၃) အားလုံးပါဝင်သည့် ညီလာခံကျင်းပခြင်း ရှိ–မရှိ၊ (၄) သီးခြားကော်မရှင်တစ်ရပ် ခန့်အပ်တာဝန်ပေးမှု ရှိ–မရှိ၊ (၅) စားပွဲဝိုင်းဆွေးနွေးမှုပါဝင်ခြင်း ရှိ–မရှိ၊ (၆) ပြည်သူလူထု ပါဝင်မှုအတွက် လမ်းဖွင့်ပေးသည့် လုပ်ငန်းစဉ် ပါဝင်ခြင်း ရှိ–မရှိ၊ (၇) ပြည်သူလူထု၏ အတည်ပြုချက်ကို ရယူသော ပြည်လုံးကျွတ်ဆန္ဒ ခံယူပွဲကျင်းပခြင်း ရှိ–မရှိ၊ (၈) အသွင်ကူးပြောင်းရေးကာလအတွက် ပြဋ္ဌာန်းချက်များ ပါဝင်ခြင်း ရှိ–မရှိ၊ (၉) **Judicial Review** လုပ်ငန်းစဉ် ပြဋ္ဌာန်းထားခြင်း ရှိ–မရှိ ဟူသော အချက် ၉ ချက်ဖြင့် တိုင်းတာအကဲဖြတ်ထားသည်။

## သုံးသပ်ချက်နှင့် သုံးစာတ်

ထူးခြားသော တွေ့ရှိချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး/ရေးဆွဲရေးအတွက် သီးခြားလွတ်လပ်သော ကော်မရှင်ဖွဲ့စည်းတာဝန်ပေးအပ်မှုမှာ အာဖဂန်နစ္စတန်၊ အီရီထရီးယား၊ ဖီဂျီ၊ ယူဂန္ဒာနှင့် ဇင်ဘာဘွေ

၅ နိုင်ငံတွင်သာ ဖွဲ့စည်းခဲ့ကြောင်း တွေ့ရှိရသည်။ အာဖဂန်နစ္စတန်တွင် အာဏာချုပ်ရေးက စီမံသည့် ၃၅ ဦးပါ ကော်မရှင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အီရိုက်နိုင်ငံသားတွင် သီးခြားလွတ်လပ်သော အဖွဲ့ဝင် ၅၀ ဦးပါ ကော်မရှင်ဖြစ်ကာ ဖိဂျီနိုင်ငံတွင်မူ ၃ ဦးသာပါရှိသော ပြန်လည်လေ့လာသုံးသပ်ရေး ကော်မရှင်အဖြစ် ဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။ ယူဂန်ဒါတွင်မူ အစိုးရက ခန့်အပ်သောကော်မရှင်သာဖြစ်ပြီး စင်ဘာဘွေတွင် အဖွဲ့ဝင် ၅၀၀ ဦးပါ အစိုးရထိန်းချုပ်သော ကော်မရှင်ဖြစ်သည်။

Stakeholder များပါဝင်စေသော စားပွဲဝိုင်းဆွေးနွေးပွဲ Round Table မှာ ဟန်ဂေရီနှင့် ပိုလန် ၂ နိုင်ငံတွင်သာပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။ Judicial Review လုပ်ငန်းစဉ်မှာ ကိုလံဘီယာနှင့် ဟန်ဂေရီ ၂ နိုင်ငံတွင်သာ ပါဝင်ကြောင်းလည်းတွေ့ရှိရသည်။ ပြည်သူလူထု ပါဝင်မှုအတွက် လမ်းဖွင့်ပေးသည့်လုပ်ငန်းစဉ် Public Participation Process မှာ အာဖဂန်နစ္စတန်၊ အယ်ဘေးနီးယား၊ ဘရာဇီး၊ ကမ္ဘောဒီးယား၊ အရှေ့တီမော အီရီထရီးယား၊ ဖိဂျီ၊ နီကာရာဂွာ၊ တောင်အာဖရိက၊ ယူဂန်ဒါနှင့် ဇင်ဘာဘွေတို့တွင် ပါဝင်ခဲ့သော်လည်း အယ်ဘေးနီးယား၊ ဘရာဇီး၊ ကိုလံဘီယာ၊ နီကာရာဂွာ၊ တောင်အာဖရိက နိုင်ငံ ၅ နိုင်ငံတို့တွင်သာ ခိုင်ခိုင်မာမာ ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်နိုင်ငံများတွင် အားနည်းခဲ့ကြောင်း တွေ့ရှိရသည်။

အထက်ပါနိုင်ငံများ၏ အခြေခံဥပဒေပြင်ဆင်ခြင်း/ ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို လေ့လာချက်များအရ အဓိကတာဝန်ယူရသူများအကြား ဒီမိုကရက်တစ်နည်းလမ်းကျကျ ကိုယ်စားပြုနိုင်မှု Democratic Representativeness နှင့် အားလုံးပါဝင်မှု Inclusiveness in Society တို့ အပေါ်မူတည်၍ သက်ဆိုင်ရာလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြား စစ်မှန်သောလူမှုပဋိညာဉ် Social Contract ကိုသက်ရောက်စေနိုင်ကြောင်း လေ့လာချက်ကဆိုသည်။ အလားတူ မည်သူပါဝင်သင့်သည်၊ မည်သူများ ကိုယ်စားပြုသင့်သည် စသည်တို့ကိုလည်း ပါဝါထိန်းချုပ်ထားသူများ၊ ခေါင်းဆောင်များ၊ တိုင်းရင်းသားများ၊ လူနည်းစုများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများသာမက တက်ကြွလှုပ်ရှားသူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်း

များသာမက အမျိုးသမီးများပါ ပါဝင်သင့်ကြောင်း လေ့လာချက်က ဆိုသည်။

အထူးသဖြင့် သဘောထားကွဲပြားနေသော လူမျိုးစုများအကြား၊ အမျိုးသားညီညွတ်ရေး အားနည်းနေသော လူ့အဖွဲ့အစည်းအကြား အမျိုးအစား ညီညွတ်မျှတစွာ ကိုယ်စားပြု ပါဝင်နိုင်အရေးကြီးပြီး ကျယ်ပြန့်စွာပါဝင်သော ကော်မရှင်သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ကြောင်း လေ့လာနိုင်းယှဉ်ချက်က ဆိုသည်။ အချို့သော ဖြစ်စဉ်များတွင် ကိုယ်စားပြုမှု၊ အားလုံးပါဝင်မှုတို့ကို ထုတ်ဖော်ပြောကြားခဲ့ကြသော်လည်း လက်တွေ့ဖော်ဆောင်ရာတွင် ပြည့်စုံလုံလောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ ရွေးကောက်ပွဲများ တရားမျှတစွာကျင်းပခြင်းသည် ဒီမိုကရေစီကူးပြောင်းရေးအတွက် အရေးပါသောအစိတ်အပိုင်းတစ်ရပ် ဖြစ်သော်လည်း စစ်မှန်ပြီး အများလက်ခံနိုင်သော နိုင်ငံရေးစနစ် ပေါ်ထွန်းရေးက အဓိကကျကြောင်း လေ့လာချက်က ဆိုသည်။

## အားလုံးပါဝင်မှု အဓိက

အချို့သောနိုင်ငံများတွင် အတိုက်အခံများက သပိတ်မှောက်ခြင်း၊ အာဏာလက်ရှိ အဖွဲ့အစည်းများက အတိုက်အခံများကို ဖယ်ကြဉ်ထားခြင်း၊ အားလုံးပါဝင်ခွင့်မရရှိစေရန် တံခါးပိတ်ထားခြင်း စသည်တို့ကြောင့် အဓိကကျသော **Stakeholder** များ အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်နှင့် ကင်းကွာခဲ့ရပြီး အကျိုးဆက်အားဖြင့် အားလုံးသဘောညီလက်ခံနိုင်သော အခြေအနေနှင့် ကင်းဝေးခဲ့သည်ဟုဆိုသည်။ အချို့သော ဖြစ်စဉ်များတွင် အားလုံးပါဝင်မှု၊ အားလုံးကိုယ်စားပြုမှု ပြည့်စုံအောင် ဆောင်ရွက်ခြင်းကြောင့် အချိန်ကာလရှည်ကြာပြီး အခက်အခဲများ တွေ့ကြုံခဲ့ရကြောင်း တွေ့ရှိရသည်။ အထူးသဖြင့် ပြည်သူလူထုတိုက်ရိုက်ပါဝင်မှုကို လမ်းဖွင့်ပေးရာတွင်လည်း ဖြစ်စဉ်အချို့တွင် ပြည်သူ့သဘောဆန္ဒကို တောင်းခံခြင်းမဟုတ်ဘဲ ပြည်သူကို ပညာပေးရှင်းလင်းဟောပြောခြင်းများသာ ဖြစ်နေကြောင်း၊ ထိုသို့ လူထုပါဝင်မှု အားနည်းခြင်းကြောင့် ပဋိပက္ခအလွန်နိုင်ငံများ၌ ပဋိပက္ခများသို့ ပြန်လည်ရောက်ရှိသွားစေတတ်ကြောင်း

ဆွေးလာချက်က ဆိုသည်။

အချိန်ကြာတာ ကောင်းသလား၊ အချိန်မြန်တာ ကောင်းသလား ဟူသော ဤမေးခွန်းကိုဖြေဆိုရာတွင် တန်ဖိုးရှိသော သင်ခန်းစာမှာ အချိန် ကိုက်ဖြစ်မှု Timing သည် အဓိကအရေးကြီးကြောင်း၊ ပြင်ပအင်အားစုများ က သတ်မှတ်ပေးသော အချိန်ဇယားကြောင့် အီရတ်၊ အရှေ့တီမော၊ ဆင်ဘာဘွေ ၃ နိုင်ငံတွင် ပြည်တွင်းလိုအပ်ချက်များ၊ အခြေအနေများနှင့် ကိုက်လျော်ညီထွေမဖြစ်ခဲ့ကြောင်း၊ အလားတူအကျိုးစီးပွားဦးစားပေးသော အာဂျင်ဒါများကြောင့် ဇင်နီစွဲလားတွင် အချိန် ၂ လခွဲသာ ကြာမြင့်ခဲ့ရ ကြောင်း၊ ယင်းသို့ကွဲပြားခြားနားသော အကျိုးဆက်များအရ ပိုလန်အတွေ့ အကြုံမှာ အသင့်လျော်ဆုံး နမူနာဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။ ကြာမြင့်စွာအချိန်ယူပြီး တဖြည်းဖြည်းချင်းညှိနှိုင်းဆောင်ရွက်ကာ ဟန် ချက်ညီမှုရစေသော အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် အသွင်ကူးပြောင်းရေးကာလနှင့် လိုက်လျောညီထွေဖြစ်စေနိုင်ကြောင်း လေ့ လာချက်က ဆိုသည်။

အသွင်ကူးပြောင်းရေးကာလတွင် တွေ့ကြုံရသော အတွေ့အကြုံ များကိုအခြေခံ၍ နိုင်ငံရေးစနစ် မည်သို့ဖြစ်သင့်သည်ကို ပြင်ဆင်နိုင် သည့်အပြင် အခြားသော အသွင်ကူးပြောင်းသည့်နိုင်ငံများ၏ သာဓက များကိုလည်း ရယူနိုင်ခဲ့သည်။ အစိုးရဌာနများအနေဖြင့် ဒီမိုကရက်တစ် အုပ်ချုပ်ရေးကို မည်သို့ဖော်ဆောင်သင့်သည်ဟူသော သင်ခန်းစာများ ရရှိ ခဲ့သာမက မီဒီယာအပါအဝင် အရပ်ဘက်လူ့အဖွဲ့အစည်းများအနေဖြင့် လည်း အသွင်ကူးပြောင်းနေသည့်ကာလတွင် ရင့်ကျက်ပြည့်ဝကာ အခြေခံ ဥပဒေပြင်ဆင်ရေးဆွဲသည့်စင်သို့ တည်တည်ငြိမ်ငြိမ်တက်ရောက်နိုင်ခဲ့ သည်။ ဟန်ဂေရီနိုင်ငံဖြစ်စဉ်တွင် အချိန်သတ်မှတ်ချက်နှင့် ပြီးစီးရမည့် ရည်မှန်းချက်များ ကြိုတင်ချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် တန်ပြန်ဆိုး ကျိုးများ ဖြစ်ပေါ်စေခဲ့ရသည်။ အသွင်ကူးပြောင်းရေးဖြစ်စဉ်များ၏ အရှိန် အဟုန်၊ အရွေ့နှင့် အောင်မြင်မှုတို့မှာ တိတိကျကျ ကြိုတင်ခန့်မှန်းနိုင်၍ မရနိုင်သောကြောင့်ပင် ဖြစ်သည်။

တောင်အာဖရိကဖြစ်စဉ်မှာ အသွင်ကူးပြောင်းရေးမူဘောင်ကို ဦးစွာ

သဘောတူညီအောင် ကြိုးပမ်းပြီးမှ Two-Stage Constitution-Making Process ကို ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံဖြစ်စဉ်တွင် အချိန် ကိုက်ဆောင်ရွက်နိုင်မှု အခက်အခဲများစွာ ကြုံတွေ့ရခြင်းမှာ အီရတ်ပြည် တွင်းအခြေအနေများကို ထင်ဟပ်နိုင်မှုမရှိခဲ့ခြင်းကြောင့် အပြင် ဖြင့်ပ ဖိအားပေးမှုသည်လည်း အဓိကအကြောင်းအချက်ဖြစ်ကြောင်း ဖော်ထုတ်ခဲ့ သည်။ နိုင်ငံအလိုက် လိုအပ်ချက်များ၊ စံနှုန်းများ၊ ပြည်သူများ၏ နိုင်ငံရေး ရေချိန်၊ အခွင့်အရေးနှင့် တာဝန်ခွဲဝေမှု စသည်တို့ ကွဲပြားခြားနားချက်များ သည်လည်း အချိန်ကြာ–မကြာ ကို သက်ရောက်စေနိုင်သည်။ ထို့ကြောင့် အခြေခံဥပဒေအား ပြုပြင်ပြောင်းလဲရာတွင် လုံလောက်သော အချိန်ပေး၍ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း USIP နှင့် UNDP ပူးပေါင်းအဖွဲ့က ဆိုသည်။ လေးနက်ကျယ်ပြန့်ပြီး လွှမ်းခြုံပြည့်စုံကောင်းမွန်သော အခြေခံ ဥပဒေတစ်ရပ် ပေါ်ထွန်းရေးမှာ အရေးကြီးလှသဖြင့် အချိန်လုံလောက်ခြင်း သည်သာ တိုင်ပင်ညှိနှိုင်းမှု၊ အားလုံးပါဝင်မှု၊ ညီညွတ်မျှတမှုတို့အတွက် အချိန်ယူသင့်သည်ဟု ဆိုသည်။

### နိဂုံး

နိုင်ငံများ၏အသွင်ကူးပြောင်းမှုဟူသည် မျဉ်းတန်းသဘော ဆက် စပ်၍ မရနိုင်သော်လည်း အခြားနိုင်ငံများ၏ အတွေ့အကြုံ၊ သင်ခန်းစာ များကို ထည့်သွင်းစဉ်းစားသော် ဆိုးကျိုးမဖြစ်နိုင်ဟု ယူဆနိုင်သည်။ မိမိအရပ်မိမိဇာတ်ဖြစ်သော မိမိနိုင်ငံ၏သမိုင်းဖြစ်စဉ်များမှာလည်း မြန်မာ့ နိုင်ငံရေးလေ့နှင့် အနီးစပ်ဆုံး ထင်ဟပ်နိုင်ပေလိမ့်မည်။ ယခုပင်လျှင် အားလုံးပါဝင်ခွင့် မည်မျှရ–မရ တွင် သဘောထားအမျိုးမျိုးထွက်ပေါ် လာနေပြီး လွှတ်တော်တွင်း ပြင်ဆင်ရေး၊ လွှတ်တော်ပြင်ပ ပြင်ဆင်ရေး မူကွဲများ မြင်တွေ့နေရပြီဖြစ်သည်။ အဟောင်းပြင်မယ့်အဖွဲ့နှင့် အသစ် ထွင်မယ့်အဖွဲ့များလည်း ကွဲပြားလာနေရာ မိမိတို့၏လာရင်းကိစ္စမှာ 'ပြင် ဆင်ရေး'သာ ဖြစ်သည်ကို သတိပြုရန်လိုအပ်ပေမည်။ များစွာ အရေးကြီး သည်မှာ သန်း ၆၀ အတွက် Feel Good ဖြစ်စေမည်လား၊ Make Good ဖြစ်စေမည်လား ကွဲပြားမှုသာ လက်တွေ့ကျအလုပ်ဖြစ်သော တစ်ခုလုံး

သဘောကို အစလေးဂရုပြုနိုင်ပါမည့်အကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

❑

# မြန်မာ့နိုင်ငံရေးဝက်ပါနှင့် နိုင်ငံရေးပဋိညာဉ် ရှာပုံတော်

## နိဒါန်း

ဒီမိုကရေစီသူ့ခေါင်းဆောင်တစ်ဦးဖြစ်သော လယ်ရီဒိုင်းမွန်း၏ ပြီးခဲ့သည့် တနင်္ဂနွေနေ့က Orchid Hotel တွင် ပြုလုပ်ခဲ့သော ဟောပြောပွဲတွင် အသွင်ကူးပြောင်းရေးနှင့် ပဋိညာဉ်လိုအပ်ချက်ကို မီးမောင်းထိုးပြသွားသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကိုယ်တိုင်ကိုယ်ကျဖြတ်သန်းနေရသော မြန်မာနိုင်ငံအတွက် တန်ဖိုးရှိလှသော အခွင့်အလမ်းတစ်ရပ်ဖြစ်သလို မြန်မာနိုင်ငံအပေါ် တတ်နိုင်သမျှ ဝိုင်းကူစဉ်းစားပေးခဲ့သော လယ်ရီဒိုင်းမွန်းကိုလည်း ကျေးဇူးတင်ရမည် ဖြစ်သည်။ ယင်းဆွေးနွေးပွဲတွင် ကမ္ဘာ့အရပ်ရပ်မှ အတွေ့အကြုံများနှင့်ယှဉ်၍ သုံးသပ်ပြောကြားသွားသည်မှာ 'လာရင်းကိစ္စ'ကို မျက်မှောက်ပြုဖို့ တိုက်တွန်းသွားခြင်း ဟု တွေ့ရှိနိုင်သည်။

## အပြန်အလှန်လုံခြုံမှုစနစ်

လယ်ရီဒိုင်းမွန်း ထောက်ပြသွားသည့် 'အပြန်အလှန်လုံခြုံမှုစနစ်' မှာ Stakeholder အားလုံး သတိကြီးကြီးထား၍ သုံးသပ်ဆင်ခြင်ရမည့် ကိစ္စ ဖြစ်သည်။ အပြန်အလှန်လုံခြုံမှုစနစ်ကိုရယူနိုင်ရန် နိုင်ငံရေးခေါင်း

ဆောင်များအကြား ဘုံသဘောတူညီသော နိုင်ငံရေးပဋိညာဉ်တစ်ရပ် မရှိခြင်း လိုအပ်ပြီး ယင်းနိုင်ငံရေးပဋိညာဉ်ရရှိရန် လျှို့ဝှက်တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းများကို ဖြတ်သန်းရမည်ဟု လယ်ရီဒိုင်းမွန်းက ဆိုသည်။ အပြည့်အဝ အနိုင်မရရှိနိုင်သော အပေး–အယူ ညှိနှိုင်းမှုတွင် သာသည်နာသည် အလေးမထားဘဲ ရေရှည်ဒီမိုကရေစီခိုင်မာစေရေးကို အလေးထားနေ၍ မြန်မာ့နိုင်ငံရေးပဋိညာဉ်အတွက် ဖြစ်နိုင်ချေတစ်ခုအဖြစ် အချိုးကျကိုယ်စားပြုမှုစနစ်သို့ စဉ်းစားသုံးသပ်ကြည့်ရန် လယ်ရီဒိုင်းမွန်းက အကြံပြုခဲ့သည်။ လယ်ရီဒိုင်းမွန်း၏ နမူနာဖြေရှင်းချက်ကို သုံးသပ်ကြည့်လျှင် 'အနည်းဆုံးညှို' ဖော်မြူလာဖြင့် Key Player များအကြား ဘုံတူညီချက်ရှာဖွေရန်ဖြစ်သည်။ တောင်အာဖရိကတွင် နိုင်ငံရေးပဋိညာဉ်ရရှိရန် မင်ဒဲလားနှင့် ဒီကလပ်တို့ ဈေးစပ်ညှိနှိုင်းရေး လမ်းစဉ်ဖြင့် ဖော်ဆောင်သွားသည်ဟုဆိုသော်လည်း မြန်မာနိုင်ငံတွင်မူကား တောင်အာဖရိကလောက် မိုးစင်းသွယ်ကူမည်မဟုတ်ပေ။ 'အတိုက်အခံ'နှင့် 'အာဏာရ' ဘက်နှစ်ဖက်တည်းကို အထူးပြု၍ လယ်ရီဒိုင်းမွန်းတွက်ချက်သွားခဲ့သော မြန်မာ့နိုင်ငံရေးပြဿနာ၌ နှစ်ဖက်ထက်ပိုသော ဘက်များစွာရှိနေခြင်းသည် မြန်မာ့နွေဦး၏ ဘက်မှုကွဲပြားသော စရိုက်လက္ခဏာဟု ဆိုနိုင်ပေလိမ့်မည်။

လယ်ရီဒိုင်းမွန်း ညွှန်းဆိုသည့် နိုင်ငံရေးပဋိညာဉ်မှာ လက်ရှိမြန်မာ့နိုင်ငံရေးဆုံချက် ဖြစ်လာနေသော ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးတွင် ပါဝင်နိုင်ရန် အရေးကြီးသည်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ရေးတွင် အများအားဖြင့် အာရုံပြုထားကြသည်မှာ 'နိုင်ငံရေးပဋိညာဉ်ထွက်ပေါ်လာရေး' မဟုတ်ဘဲ 'ကိုယ်ပိုင်နိုင်ငံရေးအာဂျင်ဒါများ' ချမှတ်နိုင်ရေးကို ဦးတည်ထားပြီး မတူညီသောရှုထောင့်များဖြင့် မတူညီသော အကျိုးစီးပွားများကိုသာ အခြေပြုထားကြောင်း တွေ့ရှိနိုင်သည်။ လယ်ရီဒိုင်းမွန်း၏ အယူအဆမှာ နိုင်သူအကုန်ယူသဘော မဟုတ်ဘဲ အနိုင်နှင့် အရှုံး၊ အပေးနှင့်အယူ၊ ညှိနှိုင်းယူစေလိုသည့် သဘောဖြစ်၍ တစ်ခုလုံးသဘောဆောင်သည်။ အပြန်အလှန်လုံခြုံမှုမပေးနိုင်သော ကိုယ်ပိုင်နိုင်ငံရေးအစီအစဉ်များကိုအခြေပြု၍ ရှာဖွေနေလျှင် နိုင်ငံရေးပဋိညာဉ်တစ်ရပ် ရှာဖွေနိုင်ရေးမှာ မျှော်တိုင်းဝေးနေဦးမည့် အိပ်မက်တစ်ခုသာ ဖြစ်နေပေလိမ့်မည်။

ဤသည်ကို လယ်ဒီဗိုင်းမွန်းက အချိန်မီလာရောက်၍ ထောက်ပြခဲ့ခြင်းသာ ဖြစ်သည်။

## ၂၀၁၅ အလွန် စောန့်မှုံ

National Endowment for Democracy မှ အာရှနှင့် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ် ဒါရိုက်တာတစ်ဦးဖြစ်သူ ဘရိုင်ယန်ဂျိုးဇက်၏ ၂၀၁၅ မြန်မာ့နိုင်ငံရေးစာတမ်းတစ်စောင်၏ အဆိုအရ ဦးတည်ရာအရပ်မျက်နှာ တိတိကျကျ မသိရှိနိုင်သေးသော မြန်မာ့ရှေ့ဦး၏ အနာဂတ်သည် စက်ခဲကြမ်းတမ်းပြီး ကြိုတင်မှန်းဆရန်လည်း မလွယ်ကူဟုဆိုသည်။ မြန်မာ့နိုင်ငံရေးပဋိညာဉ် ရှာပုံတော်သည် နိုင်ငံရေးအင်အားစုအားလုံးက လိုလိုလားလား နှစ်သက်လက်ခံနိုင်ဖွယ်ရာရှိပြီး အောင်မြင်ရန်လည်း အနီးစပ်ဆုံး ဖြစ်နိုင်သည်ဟု ၎င်းကဆိုသည်။ အောင်မြင်ခဲ့ပြီဆိုလျှင်တော့ တောင်အာရှနှင့် အရှေ့တောင်အာရှဒေသတွင်း၌ ပထမဦးဆုံးသော နိုင်ငံရေးပဋိညာဉ်ဖြင့် အသွင်ကူးပြောင်းခြင်း ဖြစ်လာမည်ဟုလည်း ဆိုသည်။

မြန်မာနိုင်ငံကဲ့သို့သော ရှုပ်ထွေးကျယ်ပြန့်လှသည့် အသွင်ကူးပြောင်းမှုတွင် သေချာပေါက်ဟူ၍ ခန့်မှန်းတွက်ဆနိုင်ခြင်းမရှိဘဲ စောန့်မှုံများသာ ကြီးစိုးလာမည်ဟု ၎င်းကဆိုသည်။ အုပ်ချုပ်သူဘက်မှ စတင်ဖော်ဆောင်သော အသွင်ကူးပြောင်းမှုဆိုသော်ငြားလည်း ချောမွေ့ပြေပြစ်သော ကူးပြောင်းရေးတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ပြီး အရပ်ရပ်နယ်ပယ်ရှိ ပြောင်းလဲမှုများကြောင့် နိုင်ငံရေးပါဝါဇာတ်ကွက်အသစ်များ ပေါ်လာမည်ဟု ခန့်မှန်းထားသည်။ မြန်မာ့ရှေ့ဦးကို ရှုမြင်ရသောအနေအထားမှာ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး ဘက်စုံပြုပြင်ပြောင်းလဲလျက်ရှိပြီး စနစ်အသစ်၊ ယန္တရားအသစ်များအကြား အပြန်အလှန်ထိန်းကျောင်းမှုများ ရှိနေခြင်းကြောင့် ခန့်မှန်းရလည်း ပိုရှုပ်ထွေးခက်ခဲလာစေခဲ့သည်။ ဘရိုင်ယန်၏ ရှုမြင်ချက်သည် ဒီမိုကရေစီနိုင်ငံမှာသည့်အဆင့်သို့ မရောက်ရှိနိုင်တော့ဘဲ နိုင်ငံရေးဝက်ပါတွင် တဝဲလည်လည်ပိတ်မိနေမည့် အဆိုးကျောသံသရာကို သတိပေးထားခြင်းဖြစ်သည်။ မြန်မာ့နိုင်ငံရေး ဝက်ပါတွင် ဖြစ်နိုင်ချေအရှိဆုံး အခြေအနေတစ်ရပ်ရပ်အတွက် ကြိုတင်ပြင်ဆင်ထားသည့် မူဝါဒ

များသည်ပင်လျှင် လက်တွေ့၌ လွဲမှားသွားစေနိုင်သော အနေအထားသို့ ရောက်ရှိလာနိုင်ကြောင်း ဘရိုင်ယန်က ဆိုသည်။ အဓိကစိန်ခေါ်မှုမှာ အခြေအနေအားလုံးနှင့် ကိုက်ညီသောမူဝါဒများ ချမှတ်ကျင့်သုံးနိုင်ရေးနှင့် မျှော်လင့်မထားသည့်အခြေအနေများ ဖြစ်ပေါ်လာလျှင် ဖြစ်ပေါ်လာသည့်အခြေအနေနှင့်အညီ လိုက်လျောညီထွေ အလိုက်သင့်ဖြေရှင်းဆောင်ရွက်နိုင်ရေးပင်ဖြစ်ကြောင်းလည်း ထောက်ပြထားသည်။

## မြန်မာ့နိုင်ငံရေးဝက်ပါ

မြန်မာနိုင်ငံရေးပဋိညာဉ် ရှာပုံတော်ခရီးတွင် အရေးကြီးသည်မှာ နိုင်ငံရေးခေါင်းဆောင်များ၏ လာရင်းကိစ္စ မပျောက်ပျက်ရေးပင် ဖြစ်သည်။ နိုင်ငံ့အရေးနှင့် နိုင်ငံရေးကို စည်းခြားထားနိုင်မှသာ Greed and Grievance ထောင်ချောက်မှ ရုန်းထွက်နိုင်မည်ဖြစ်သည်။ ကိုယ့်ပိုင်နိုင်ငံရေးအာကျင်ဒါများထက် ဘုံနိုင်ငံရေးပဋိညာဉ်ရှာဖွေနိုင်ရေးက အရေးကြီးကြောင်း သတိမထားမိလျှင် အထိုင်မယောင်းကို ချည်တိုင်သဖွယ် ထင်မှတ်ထားသော မြန်မာ့နိုင်ငံရေးဝက်ပါထဲ ပိတ်မိသွားမည့်သဘောဖြစ်သည်။ မြန်မာ့နိုင်ငံရေးဝက်ပါအတွင်း သက်ဆင်းမိပြီဆိုလျှင် 'သန်း ၆၀ ၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေး' ဟူသော လာရင်းကိစ္စပျောက်ပျက်သွားသည့် အခြေအနေသို့ ဆိုင်ရောက်သွားမည်သာ ဖြစ်သည်။ ဤသည်ကိုလည်း လယ်ရီဒိုင်းမွန်းက နောင်လာမည့်လေးငါးနှစ်ကိုမကြည့်ဘဲ ရေရှည်သဘောဆောင်သော ဒီမိုကရေစီခိုင်မာရေးကို ကြည့်ရန် သတိပေးပြောကြားသွားခဲ့သည်။ သန်း ၆၀ ၏ ရှေ့လာမည့် ဆယ်နှစ်တာတွင် ဘယ်အရာက အရေးကြီးဆုံးလဲဟူသည်ကို နိုင်ငံရေးခေါင်းဆောင်များက ဖြစ်လိုသောဆန္ဒနှင့် ဖြစ်သင့်သောအမြော်အမြင်တို့ကို ကဏ္ဍားခြား၍ ဆုံးဖြတ်ကြရမည် ဖြစ်သည်။

အချုပ်ဆိုရလျှင် လယ်ရီဒိုင်းမွန်း၏ မြန်မာနိုင်ငံခရီးစဉ်သည် မြန်မာ့နိုင်ငံရေးဝက်ပါအတွင်း တဝဲလည်လည် သက်ဆင်းကျရောက်နေသည့် ကိုယ်ပိုင်နိုင်ငံရေးအာကျင်ဒါနှင့် မြန်မာ့နိုင်ငံရေးဝက်ပါအတွင်းမှ ရုန်းထွက်လွတ်မြောက်နိုင်စေမည့် နိုင်ငံရေးပဋိညာဉ်ရှာပုံတော်ဟူသော

လမ်း ၂ သွယ်ရှိရာ၌ သန်း ၆၀ ၏ လာရင်းကိစ္စကို မျက်မှောက်ပြုကြရန် သတိပေးလိုသည့် လာခြင်းကောင်းသောစရိုးတာစ်ခုပင် ဖြစ်ကြောင်း မီး မောင်းထိုး တင်ပြလိုက်ရပေသည်။

❑

## Rule of Law တွင် ပျောက်ဆုံးနေသော ကွင်းဆက်တစ်ဆက်

### ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားအားလုံး၏ အထွတ်အထိပ် …င်တည်သော နိုင်ငံတော်သမ္မတကစ၍ သာမန်နိုင်ငံသားတစ်ဦးချင်း အဆုံး မဖြစ်မနေ လိုက်နာရမည့် စည်းနှောင်မှုရှိသော ပဋိညာဉ်ဖြစ်သည်။ …ည်းပုံအခြေခံဥပဒေ ပြင်ဆင်သည်ကတစ်ပိုင်း၊ ပြင်ဆင်ခြင်းမပြုသေး … အာဏာတည်သော ပြဋ္ဌာန်းချက်များကို လိုက်နာရမည်က တစ်ပိုင်းဖြစ် …ည်။ မီးမောင်းထိုးတင်ပြလိုသည်မှာ Rule of Law တွင် နိုင်ငံတော် …ည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အခန်းကဏ္ဍပင်ဖြစ်သည်။

မကြာသေးခင်က အမေရိကန်ပြည်ထောင်စုတွင် သမ္မတအိုဘားမား …ဆိုပြုတင်ပြသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဥပဒေကြမ်း …တည်ပြုရေးကိစ္စကို လေ့လာကြည့်လျှင် သမ္မတသည် ၎င်းဆောင်ရွက် …ိုသော ဥပဒေကြမ်းကို လွှတ်တော်သို့တင်ပြသည်။ အမေရိကန်လွှတ် …တော်တွင် အကြိတ်အနယ် ဆွေးနွေးငြင်းခုံခြင်းအမှုကို ပြင်းပြင်းထန်ထန် …ဆောင်ရွက်ကြသည်။ ယင်းအတွက်လည်း အိုဘားမား အတော်ပင်အချိန် …ပေးခဲ့ရသည်။ သမ္မတရာထူးရရှိပြီးနောက်ပိုင်း ကြွေးကြော်ခဲ့သော ကျန်း …မာရေးစောင့်ရှောက်မှုဆိုင်ရာဥပဒေသည် ယခု သက်တမ်းကုန်ခါနီး

သမ္မတ ရွေးကောက်ပွဲနိုင်ကပ်လာမှပင် အတည်ပြုနိုင်ခဲ့သည့်အနေအထား ဖြစ်သည်။ အထက်လွှတ်တော်ဟု ခေါ်တွင်သော ဆီးနိတ်မှာ ဒီမိုကရက်များ အားကောင်း၍ သိပ်ပြီးစိုးရိမ်ဖွယ်ရာမရှိခဲ့သော်လည်း အိုဘားမား လက်ထက် အောက်လွှတ်တော်ဟု ခေါ်တွင်သော House of Representatives မှာ ရီပတ်ဘလီကင်များ လွှမ်းမိုးထား၍ အတော်များများကို ဆန့်ကျင်ပယ်ချခြင်း ပြုလုပ်လေ့ရှိသည့်အတိုင်း ပယ်ချမည်လောဟူသော စိတ်ဝင်စားမှုများ မြင့်တက်ခဲ့သည်။ သို့သော် ပြည်သူများ၏ ဘုံအကျိုးစီးပွားကို ရှေ့ရှုဦးတည်သော နိုင်ငံရေးကျင့်ဝတ်ဖြင့် အောက်လွှတ်တော်က သဘောတူ အတည်ပြုပေးခဲ့သည်။ ယင်းသို့ လွှတ်တော်နှစ်ရပ်၏ သဘောတူညီချက်ရရှိခဲ့သော အိုဘားမား၏ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကို သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခြင်းမပြုနိုင်သေး။ တရားရုံးချုပ် Supreme Court သို့ ဆက်လက်ပေးပို့ခဲ့ရကြောင်း တွေ့ရှိရသည်။

အလေးအနက်ထား စဉ်းစားသင့်သည့်အဆင့်မှာ ဤအဆင့်ပင် ဖြစ်သည်။ ထိုအချိန်က ဝါရှင်တန်ရှိ ပြည်သူများ (အတော်များများမှာ အိုဘားမား ထောက်ခံသူများ၊ ဒီမိုကရက်များ ဖြစ်နိုင်ဖွယ်ရာရှိသည်) သည် တရားရုံးချုပ်မှ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဥပဒေနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးမည့်နေ့ရက်တွင် တရားရုံးချုပ်ရှေ့၌ ယင်းဥပဒေအား အတည်ပြုသဘောတူပေးရန် လူစုလူဝေးဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ တရားရုံးချုပ်ကို မည်သည့်အတွက်ကြောင့် ပေးပို့ရပါသနည်း။

အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဟူ၍မရှိပါ။ ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ၊ မရှိ စိစစ်ဆုံးဖြတ်ရန်အတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်လျှင်သော်လည်းကောင်း တရားရုံးချုပ်က ကြားနာစိစစ် အဆုံးအဖြတ်ပေးရသည်။ (ဆိုလိုသည်မှာ မြန်မာနိုင်ငံတွင် ဖွဲ့စည်းထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်ကို အမေရိကန်ပြည်ထောင်စု၌ တရားရုံးချုပ်က တာဝန်ယူရခြင်းဖြစ်သည်။) ထိုသို့ အရေးကြီးလှသော ဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ၊ ဖွဲ့စည်းပုံ

အခြေခံဥပဒေနှင့် ဆန့်ကျင်သွေဖည်ခြင်း ရှိ၊ မရှိ စသည့်တာဝန်ကို တရား
းချုပ်က ရယူထမ်းဆောင်၍ သဘောတူ အတည်ပြုပေးလိုက်သည်။
ထောက်ခံမဲနှင့် ဆန့်ကျင်မဲအရေအတွက် တူညီနေသောအနေအထားတွင်
ဒရယ်တရားသူကြီးချုပ်၏ နောက်ဆုံးမဲတစ်မဲက သဘောတူအတည်
ပြုပေးလိုက်ခြင်းဖြစ်သည်။)

မှန်ပါသည်။ လွှတ်တော်များက အတည်ပြု သဘောတူ၍ သမ္မတ
သက်မှတ်ရေးထိုး ထုတ်ပြန်မည့် ဥပဒေတစ်ရပ် ဖွဲ့စည်းပုံအခြေခံ
ဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်
များနှင့် ဆန့်ကျင်သွေဖည်ခြင်း ရှိ၊ မရှိ အတည်ပြုပေးရမည့်တာဝန်ကို
အခြေခံဥပဒေအရလည်းကောင်း၊ အခြားဥပဒေများအရလည်းကောင်း အပ်
နှင်းထားသော တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ရပ်ရှိရပါမည်။
နိုင်ငံတွင်ရော မည်ကဲ့သို့ပြဋ္ဌာန်းသတ်မှတ်ထားပါသနည်း။

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏လုပ်ငန်းတာဝန်

ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၂၂ တွင် အောက်ပါအတိုင်း
ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်
များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံ

ဥပဒေနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ စစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များကို စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့်လုပ်ငန်းတာဝန်များ။

အထက်ပါပြဋ္ဌာန်းချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် အဆိုပါတာဝန်ကို ရယူထမ်းဆောင်ရမည်ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ သို့သော် ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ (ဥပဒေ၊ နည်းဥပဒေများ)တွင် အမေရိကန်ပြည်ထောင်စုမှာကဲ့သို့ တိတိကျကျ ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းချက်များအရ အောက်ပါလုပ်ငန်းအဆင့်များကို တွေ့ရှိနိုင်သည်။

(၁) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေမူကြမ်းတစ်ရပ်ကို နိုင်ငံတော်သမ္မတထံသို့ လက်မှတ်ရေးထိုးနိုင်ရန် ပေးပို့သည်။

(၂) နိုင်ငံတော်သမ္မတသည် ၁၄ ရက်အတွင်း ယင်းဥပဒေမူကြမ်းကို စိစစ်ရမည်။

(၃) ပြင်ဆင်လိုပါက သဘောထားမှတ်ချက်နှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရသည်။ ပြင်ဆင်ရန် မရှိပါက သတ်မှတ်ကာလအတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့သည်။

(၄) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့် ပြန်လည်ပေးပို့လာသော ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ပြန်လည်ဆွေးနွေးမည်။ (ပြင်လိုက ပြင်နိုင်သလို မပြင်လိုက မပြင်ဘဲ နိုင်ငံတော်သမ္မတထံသို့ ပြန်လည်ပေးပို့နိုင်သည်။)

(၅) ယင်းသို့ ပြင်ဆင်၍ဖြစ်စေ၊ မပြင်ဘဲဖြစ်စေ ပြန်လည်ပေးပို့လာသော ဥပဒေမူကြမ်းကို နိုင်ငံတော်သမ္မတသည် ၇ ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ရန် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ရသည်။

(၆) ၇ ရက်အတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ပြန်လည်ပေးပို့ခြင်းမရှိပါက ယင်း ၇ ရက်ကျော်လွန်လျှင် နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်နိုင်သည်။

အထက်ပါဥပဒေပြဋ္ဌာန်းရေးအဆင့်များအရ ယင်းဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ မည်သူက စိစစ်ပါသနည်း။ စိစစ်ရန် တာဝန်ပေးအပ်ထားသော ခုံရုံးအတွက် နေရာမရှိဖြစ်နေသည်။ ဆိုလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေက လုပ်ငန်းတာဝန် အတိအကျအပ်နှင်းထားသော်လည်း ဥပဒေပြုရေးတွင် ခုံရုံး၏အခန်းကဏ္ဍ ပျောက်ဆုံးနေခြင်းဖြစ်သည်။

## ပြဌာန်းမည့် ဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ စိစစ်ရန် လို မလို

ဤမေးခွန်းများ မေးစရာပင်မလိုသော မေးခွန်းဟူ၍ သဘောသော်လည်း မေးရန်လိုအပ်သည်ဟု သဘောထားရှိသော နိုင်ငံရေးသမားများ ရှိပါက ယင်းတို့၏ အမြော်အမြင်ဟူ၍သာ ယူဆနိုင်ပေလိမ့်မည်။ ပြန်ပြောင်းပြောလာကြည့်လျှင် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်က ပေးပို့လာသော ဥပဒေမူကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ အရ ခုံရုံးသို့ပေးပို့၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ သဘောထား တောင်းခံနိုင်သည့်အတွက် တောင်းခံ၍ မညီဟူ၍ မှတ်ချက်သဘော ပေးလာသော ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့သော ဖြစ်စဉ်တစ်ရပ်ရှိခဲ့သည်ဟု ယူဆကြည့်ပါစို့။ ဤအနေအထားတွင် ပြည်ထောင်စုလွှတ်တော်၌ ပြန်လည်ဆွေးနွေးသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပ်နှင်းထားသည့်အခွင့်အာဏာအရ ပြင်လိုက ပြင်ဆင်နိုင်သော်လည်း ပြင်ဆင်ခြင်းမပြုဘဲ နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့ပါက အကျိုးဆက် မည်သို့ဖြစ်လာမည်နည်း။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော ဥပဒေတစ်ရပ်ရပ်သည် တရားဝင်ဥပဒေအဖြစ် ထွက်ပေါ်လာခဲ့ပါက ဤနိုင်ငံ၏ Rule of Law သည် မည်သည့်ကိန်းသို့ ဆိုက်ရောက်မည်နည်း။ နိုင်ငံတော်သမ္မတအနေဖြင့်လည်း ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ဥပဒေမူကြမ်းကို စိစစ်ရန်၊ အတည်ပြုရန် ၁၄ ရက်သာရှိသဖြင့် အခြေခံဥပဒေခုံရုံးသို့ ပေးပို့ပြီး သဘောထားမှတ်ချက်တောင်းခံရေး၌ အချိန်ကန့်သတ်ချက်ဖြစ်နိုင်ကြောင်းလည်း တွေ့ရှိရသည်။

နောက်ထပ်ဖြစ်စဉ်တစ်ရပ်မှာ ပြည်ထောင်စုလွှတ်တော်နာယကသည် နိုင်ငံတော်သမ္မတထံသို့ လက်မှတ်ရေးထိုးရန် ပေးပို့ခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သဘောထားမှတ်ချက်ရယူရန် လိုအပ်ချက်ကို ထောက်ပြခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အထက်ပါဖြစ်စဉ်တွင်လည်း ဥပဒေပြုရေး၌ အမြင့်ဆုံးဖြစ်သော ပြည်ထောင်စုလွှတ်တော်၏ အခန်းကဏ္ဍကို ယုတ်လျော့စေနိုင်သည်ဟူသော ယူဆချက်များဖြင့်

ခုံရုံးသို့ ပေးပို့ရေးအယူအဆမှာ ရေးမှိန်ကွယ်ပျောက်ခဲ့ရသည်ကို သတိရမိသည်။

ယင်းသို့မစဉ်းစားဘဲ တစ်နည်းစဉ်းစားကြည့်ပါက ပြည်ထောင်စုလွှတ်တော်နည်းဥပဒေ၊ ပုဒ်မ ၇၉ ၌ "ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းကြေညာခြင်း။ နည်းဥပဒေ ၇၇၊ နည်းဥပဒေခွဲ(ခ)နှင့် (ဂ)တို့ပါ ဥပဒေကြမ်းများမှအပ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပေးပို့သည့် အခြားဥပဒေကြမ်းများကို လွှတ်တော်သို့ ပေးပို့သည်နှင့် တစ်ပြိုင်နက် လွှတ်တော်ရုံးသည် အဆိုပါဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာရမည်" ဟူသော ပြဋ္ဌာန်းချက်အရ နိုင်ငံတော်ပြန်တမ်းတွင်ပါရှိသော ဥပဒေကြမ်းကို (ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသော အခွင့်အာဏာအရ) ခုံရုံးက စိစစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဟု၍ ဆုံးဖြတ်ခဲ့လျှင် ပြည်ထောင်စုလွှတ်တော်က မည်သို့ သဘောထားမည်နည်း။ ဥပဒေ၊ နည်းဥပဒေများတွင် တိတိကျကျပြဋ္ဌာန်းထားခြင်း မရှိသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသော လုပ်ငန်းတာဝန်ကို ခုံရုံးက တာဝန်သိသိဖြင့် ဆောင်ရွက်ခဲ့ပါလျှင် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုရေးမဏ္ဍိုင်နှင့် ထိပ်တိုက်တိုးတိုက်မှုများ ဖြစ်ပေါ်နိုင်သည့်အလားအလာများရှိနေသည်ကို တွေ့ရှိနိုင်သည်။

အဓိကစဉ်းစားဆုံးဖြတ်ရမည့်အချက်မှာ ပြဋ္ဌာန်းမည့် ဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ စိစစ်ရန် (ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း အခွင့်အာဏာအပ်နှင်းထားသော) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်ကို လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုသင့် မပြုသင့်ဟူသောအချက်ပင်ဖြစ်သည်။ သို့မဟုတ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျော်လွန်ဆန့်ကျင်နေသော ဥပဒေများ ထွက်ပေါ်လာနိုင်သည့် အနာဂတ်အကျိုးဆက်အတွက် မည်သူတို့က တာဝန်ယူကြပါမည်နည်း။

## Rule of Law ကို ဆောင်ကြဉ်းပေးစေလို

ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုရေးမဏ္ဍိုင်တွင် အမြင့်ဆုံး

အဖွဲ့အစည်းဖြစ်သည်မှာမှန်ပေသည်။ သို့သော် ဥပဒေပြုရေးမဏ္ဍိုင်မှ ထွက်ပေါ်လာသောဥပဒေများ အခြေခံဥပဒေနှင့် ညီ မညီ Check and Balance ပြုလုပ်နိုင်သော တရားရုံးတစ်ရုံး လို မလိုဟူသောမေးခွန်းကို ဥပဒေပြုရေးမဏ္ဍိုင်မှ ပြည်သူ့ကိုယ်စားလှယ်များက အဖြေပေးရမည်သာ ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း အတိအလင်းပြဋ္ဌာန်းထား သောကြောင့် ယင်းသို့ အပြန်အလှန်ထိန်းကျောင်းခွင့် ပေးသင့် မပေးသင့် အငြင်းပွားဖွယ်ရာလည်း မရှိဟူ၍ သဘောပိုက်မိသည်။ အဓိကအခက် အခဲမှာ ဥပဒေပြုရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ အခန်းကဏ္ဍကို မည်သည့်နေရာတွင် မည်သို့ ထည့်သွင်းပေးမည်ဟူသော ဖြေရှင်းချက်ဖြစ်နေကြောင်း တွေ့ရှိရသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အမြင့်ဆုံးတရားရုံးဖြစ်သည့်အားလျော်စွာ ဒီမိုကရေစီဓလေ့ ထုံးတမ်းများနှင့် ညီညွတ်မျှတမှုရှိသော လုပ်ငန်းစဉ်တစ်ရပ် လိုအပ်နေ ကြောင်း မေတ္တာရပ်ခံ တင်ပြလိုခြင်းသာဖြစ်သည်။

ဥပဒေပြုရေး၊ ဥပဒေပြဋ္ဌာန်းရေး၊ ဥပဒေစိုးမိုးရေး၊ ဥပဒေအရ အပြန် အလှန် ထိန်းကျောင်းမှုများ ခိုင်မာရေး အစရှိသည့် Rule of Law တည် ဆောက်ရေး၌ ပျောက်ဆုံးနေသော ကွင်းဆက်တစ်ဆက်ကို သက်ဆိုင်ရာ Stakeholder များ ကိုယ်ပိုင်စဉ်းစားဆုံးဖြတ်ရန်သာရှိပေသည်။ **များစွာ အရေးကြီးသည်မှာ ဒီမိုကရက်တစ်လုပ်ထုံးလုပ်နည်းများအရ မဏ္ဍိုင် ကြီးတစ်ရပ်၏အခွင့်အာဏာကို အခြားသော အဖွဲ့အစည်းတစ်ရပ်အား အပြန်အလှန်ထိန်းကျောင်းခွင့် ပေးနိုင် မပေးနိုင် ဟူသော Stake-holder တို့၏ အမြော်အမြင်ပင်ဖြစ်သလို အထိန်းကျောင်းခံနိုင် မခံ နိုင်ဟူသည့် ဆုံးဖြတ်ချက်သည်ပင် နိုင်ငံနှင့်ပြည်သူများအားလုံးနှင့် သက်ဆိုင်နေသော အရေးကြီးသည့် Rule of Law တည်ဆောက်ရေး ဖြစ်နေပြန်သည်။** ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ နိုင်ငံတကာ ဒီမိုကရက်တစ် အလေ့အထများအရလည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်ကို အင်စတီကျူးရှင်းနယ် လိုက်ဇေးရှင်း ဆောင်ရွက်ပေးခြင်းသည် Rule of Law ကို ဆောင်ကြဉ်း

...ခြင်းဟူ၍ သဘောရသောကြောင့် **Rule of Law** ကို ဆောင်ကြဉ်းပေး ...န် တာဝန်ရှိသူများက စဉ်းစားသုံးသပ်ဆုံးဖြတ်ပေးရန် လိုအပ်လျက်ရှိ ...ကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

❑

# အမျိုးသားရေးစိန်ခေါ်မှုနှင့် ပဋိပက္ခထောင်ချောက်

## အရှေ့ကိုလျှောက် အရှေ့ကိုမျှော်

စတန်းဖို့တက္ကသိုလ်မှ လယ်ရီဒိုင်းမွန်းက မြန်မာ့ဒေ့ဦးအသွင် ကူး ပြောင်းမှု အောင်မြင်ရေးအတွက် အောက်ပါအတိုင်း သုံးသပ်ထားသည်–

(၁) ဥရောပတောင်ပိုင်း၊ လက်တင်အမေရိကနိုင်ငံများနှ လျှောက်လှမ်းခဲ့သည့်လမ်းထက် ပို၍ ခက်ခဲကြမ်းတမ်းနိုင သည်။

(၂) ဆက်ခမ်ဟူစိန်အလွန် အီရတ်ဒီမိုကရေစီထက် ပိုမို ညင သာချောမွေ့သည့်တိုင် တောင်အာဖရိက လျှောက်သော လမ်းနည်းတူ ခက်ခဲနိုင်သည်။

မြန်မာ့ဒေ့ဦးသည်ကား လာတော့မည့်ရွက်ကြွေတောနှင့် ဥဩသံတို အကြား ၃ နှစ်တင်းတင်းပြည့်တော့မည်ဖြစ်သည်။ ရောက်ခဲ့သော အရပ် နှင့် လျှောက်ခဲ့သောလမ်းတို့ကို လည်ပြန်ကြည့်လျှင် မြန်မာ့ဒီမိုကရက် တိုင်ဖေးရှင်းသည် ယခုချိန်တိုင် လှုပုဂ္ဂိုလ်များကို အခြေပြု၍ တည်ဆောက် ထားဆဲဖြစ်ပြီး အင်စတီကျူးရှင်များ အစားထိုးနိုင်ခြင်းမရှိသေးပေ။ ဒေ့ဦး အကြိုမြူးနိုးဝေလာချိန်တွင် မိုးလား တိမ်လား မြူလား မကွဲပြားသည့် ရယ်ဒီကယ်ထောင်ချောက်အသံများကြားလာရသည်မှာ စိုးရိမ်ဖွယ်ရာပင်။

## ပဋိပက္ခ ထောင်ချောက်

အလားတူ ဖွံ့ဖြိုးရေးဘောဂဗေဒပညာရှင် ပေါလ်ကော်လီယာ၏ Bottom Billion တွင် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးသို့ ချီရာလမ်း၌ အတားအဆီးဖြစ်စေသော ထောင်ချောက် ၄ ရပ်ကို ထောက်ပြထားသည်။ ကော်လီယာ၏ ထောင်ချောက် ၄ ရပ်မှာ (၁) ပဋိပက္ခထောင်ချောက်၊ (၂) သယံဇာတထောင်ချောက်၊ (၃) ပထဝီထောင်ချောက်နှင့် (၄) အုပ်ချုပ်ရေးစနစ်ထောင်ချောက်ဟူ၍ဖြစ်ပြီး အဆိုပါထောင်ချောက် ၄ ရပ်တွင် ပိတ်မိနေသောနိုင်ငံများတွင် ဒီမိုကရေစီကူးပြောင်းရေးကို အစပြုခဲ့ပါက အောင်မြင်ရန်ခဲယဉ်းသည် (သို့မဟုတ်) အသွင်ကူးပြောင်းရေးကာလ ရှည်ကြာတတ်သည်ဟု ဆိုသည်။

ဘာသာ၊ လူမျိုး ကွဲပြားမှု မရှိ၊ သယံဇာတမရှိ မွဲပြာအတိနှင့် ပြာပုံသိမှ ရုန်းထခဲ့သော ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ထိုင်ဝမ်တို့သည် အာရှကျားလေးကောင်အဖြစ် ကမ္ဘာ့ညီးတွင်ရစ်အောင် နိုင်ငံထူထောင်နိုင်ခဲ့ကြသည်။ စစ်ပွဲအလွန် အမျိုးသားရေးပန်းတိုင်သည် ဖွံ့ဖြိုးရေးသာဖြစ်ခဲ့ပြီး ကံကောင်းထောက်မစွာဖြင့် ယင်းနိုင်ငံများတွင် လူမျိုးရေး၊ ဘာသာရေး၊ ဝါဒရေး ရယ်ဒီကယ်ထောင်ချောက်များနှင့် ကင်းလွတ်ခဲ့ကြသည်။ နိုင်ငံတည်ဆောက်ရေးတွင် အမျိုးသားရေးကို အရင်းပြုရမည်၊ အရင်းပြုသင့်သည် မှန်သော်လည်း ကာလံဒေသံနှင့် ညီညွတ်မျှတသော အမျိုးသားရေးကို ဦးတည်ကြရန် အရေးကြီးလှသည်။ မမျှော်လင့်ဘဲ အချိန်လွဲ၍ ပေါ်ထွက်လာခဲ့သော ဘာသာရေးနွယ်သည့် ပဋိပက္ခထောင်ချောက်အတွင်း မြန်မာ့နွေဦး သက်ဆင်းကျရောက်ခဲ့ရသည်မှာလည်း စိတ်မကောင်းဖွယ်ရာပင်။ အချိန်မီ ထိုထောင်ချောက်မှ ရုန်းထွက်နိုင်ရေးအတွက် အကြောင်းအချက်များမှာ အများအပြားရှိနိုင်သော်လည်း (၁) နိုင်ငံရေးခေါင်းဆောင်ပါရမီ၊ (၂) နိုင်ငံသားလော့ယဉ်ကျေးမှု၊ (၃) ဉာဏ်ပညာအမြော်အမြင်၊ (၄) အင်စတီကျူးရှင်း၊ (၅) နိုင်ငံသားစိတ်ဓာတ်တို့က အဓိကကျနေသည်။ နိုင်ငံသားစိတ်ဓာတ် ဟူသည်ကို မီးမောင်းထိုး တင်ပြရလျှင် ဥပဒေနှင့်အညီ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းခံရသူတို့သည် မိမိတို့ကိုယ်ကို ဤနိုင်ငံသားများအဖြစ် အခိုင်အမာ ယုံကြည်လျက် ဤနိုင်ငံ၏

အမှတ်သရုပ်၊ ဤနိုင်ငံ၏အလံတော်၊ ဤနိုင်ငံ၏သစ္စာကို စောင့်ထိန်းရှိသေလိုက်နာကြရမည် ဖြစ်သည်။ ဤနိုင်ငံသားစိတ်ဓာတ်သည် လူမျိုးစွဲ၊ ဒေသစွဲများ ပြင်းထန်လွန်းသမျှ ပြည်တွင်းစစ်နှံ့သို့ ကျရောက်ခဲ့ရသည်အထိ ပြင်းထန်လွန်းခဲ့သော ဤနိုင်ငံတွင် အချိန်ကာလတစ်ခုတော့ စောင့်ဆိုင်းရဦးမည့် အနေအထားတွင် ရှိနေသည်။

ကံကောင်းသည်မှာ လူမျိုးရေးပဋိပက္ခများ တင်းကြမ်းပြည့်နှက်နေသည့် ဤနိုင်ငံသည် အခြားနိုင်ငံများတွင် ကြုံတွေ့ခဲ့ကြရသော လူမျိုးရေးရယ်ဒီကယ်ထောင်ချောက်မှာ မှုလရှိပြီးဖြစ်သော်လည်း နိုင်ငံတော်သမ္မတကြီးလက်ထက် အားလုံးပါဝင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးကို ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းနေပြီဖြစ်သည်။ ဤခြေလှမ်းများ မယိမ်းမယိုင်စေရန်လည်း တိုင်းရင်းသားခေါင်းဆောင်များက အာမခံပြောကြားထားပြီး ဖြစ်ရာ အတော်အတန် စိတ်အေးရသည့်အနေအထားဖြစ်သော်လည်း ရင်တမမနှင့် စောင့်ကြည့်နေရဆဲ ဖြစ်သည်။

## စာပေဟောပြောပွဲနှင့်တူသော စာပေဟောပြောပွဲ

ယခုနောက်ဆုံးတွင် ဘာသာကိုးကွယ်မှုကို အကြောင်းပြု၍ ကန့်ကွက်ခြင်းခံရသော စာပေဟောပြောပွဲများ၏သတင်းမှာ စိတ်မကောင်းဖွယ်ရာ၊ ပြီးတော့ သင်ခန်းစာယူဖွယ်ရာ ဖြစ်သည်။ ဤဖြစ်စဉ်များသည် ပဋိပက္ခထောင်ချောက်တစ်ခု ဖြစ်လာနိုင်၍ အန္တရာယ်ကြီးမားကြောင်းလည်း သတိပြုသင့်သည်။ ‘အလီမှာ စာမှာရှိ’ ‘စာအုပ်စာပေ လူ့မိတ်ဆွေ’ ‘အသိပညာ စာမှာရှာ’ စသည်အားဖြင့် စာပေအစိုပ် အာဝါသအောက်တွင် မွေ့ပျော်ခဲ့သော တစ်ချိန်တစ်ခါကို ပြန်လည်တွေးမိပါ၏။ ထိုအချိန်က တစ်ပါတီ ဗဟိုဦးစီးစနစ်အောက်တွင် ကြီးပြင်း ရှင်သန်ခဲ့ခြင်းကြောင့်တစ်ကြောင်း၊ ထိန်းချုပ်မှုတို့ကြောင့်တစ်ကြောင်း စာပေဟောပြောပွဲများဟူသည် စာပေဟောပြောပွဲနှင့်တူခဲ့ပါ၏။ လူငယ်များတိုးတက်ရေး၊ အားကျ အတုယူရေး၊ လူမှုနီတိနှင့် လောကနီတိဆိုင်ရာ သင်ယူစရာအများအပြား နားထောင်ခဲ့ရသည်။ စာအုပ်အများကြီး ရှာဖွေဖတ်ရှုရသည်

ထက် စာအုပ်အများကြီး ရေးသားပြုစုနေသူတို့က ပြောကြားသော ဟောပြောပွဲက ပိုမိုထိရောက်သည်ဟုလည်း မှတ်ယူခဲ့ကြသည်။

ယခုအခါ အမျိုးသားရေးစိန်ခေါ်မှု ကြုံတွေ့ခဲ့ရသော စာပေဟောပြောပွဲများကို ပြန်ကြည့်လျှင် စာပေဟောပြောပွဲ ဟုတ်–မဟုတ် မခွဲခြားနိုင်တော့ပါ။ နိုင်ငံတော်သမ္မတကြီးလက်ထက် လွတ်လပ်ပွင့်လင်းလာခဲ့သော အချိန်တွင် ပြုလုပ်ခဲ့ကြပြီးဖြစ်သော စာပေဟောပြောပွဲများမှာ တစ်ပါတီစနစ်အောက်က စာပေဟောပြောပွဲများနှင့်တော့ မတူညီနိုင်မှန်း နားလည်နိုင်သလို ခေတ်အဆက်ဆက်မပြောခဲ့ရသဖြင့် မျိုသိပ်ထားခဲ့ရသော ခံစားချက်များ ပွင့်အန်ပေါက်ကွဲကြခြင်းဟုလည်း နားလည်နိုင်သည်။ သို့သော် လက်ရှိအချိန်၊ လက်ရှိအခြေအနေသည် အလွန်တရာမှအကဲဆတ်လှသော ပကူသောင်ချောက်များအကြားက အသွင်ကူးပြောင်းရေး ဖြစ်နေသည်ကို သတိပြုရန် လိုအပ်မည်ဖြစ်သည်။ စာပေဟောပြောပွဲနှင့်တူသော စာပေဟောပြောပွဲမျိုးကို ဟောပြောသူများဘက်မှ အာမခံရန် လိုအပ်မည် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေး မဆုံးရှုံးစေရေးကိုလည်း တစ်ဖက်မှအာမခံရန် လိုအပ်မည် ဖြစ်သည်။

## နိဂုံး

ဤနေရာတွင် ဒီမိုကရေစီနှင့် လွတ်လပ်မှုတို့သည် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကို ခြိမ်းခြောက်ရာ မရောက်စေရန်လည်း သတိပြုသင့်ပြီး အမျိုးသားရေးစိန်ခေါ်မှုသည် လိုက်နာအပ်သော နီတိ၊ စည်းမျဉ်း၊ မူဘောင်တို့နှင့်အညီ ဖြစ်သင့်ပေသည်။ ဒီမိုကရေစီကူးပြောင်းရေးအတွက် (၁) ဒီမိုကရက်တစ်အလေ့အထ၊ (၂) ခိုင်မာအားကောင်းသော အရပ်ဘက်လူ့အဖွဲ့အစည်း၊ (၃) ခေတ်မီဆက်သွယ်ရေးနှင့် သတင်းနည်းပညာ (ကမ္ဘာလုံးချီအဆက်အစပ်)၊ (၄) ဒီမိုကရက်တစ်အင်အားစု၊ (၅) ဒီမိုကရက်တစ် ပထဝီရပ်ဝန်း စသည့်အခြေအနေ ၄ ရပ်တို့နှင့် ပြည့်စုံလျှင် အချိန်ပိုမိုတိုတောင်းနိုင်သည် ဟု ဆိုသည်။ မြန်မာ့နွေဦးကို အဆိုပါအခြေအနေ ၅ ရပ်နှင့် တိုက်ဆိုင်စစ်ဆေးကြည့်လျှင် ယခုမှ စတင်တည်ဆောက်နေဆဲဖြစ်၍ အချိန်ရှည်ကြာနိုင်သည်ဟု သုံးသပ်နိုင်သည်။

ဤကြားကာလ၌ အမျိုးသားရေးထိပ်တိုက်တိုးမှုကြီးနှင့် ပက်ပင်း တွေ့ဆုံခဲ့သော် ပဋိပက္ခထောင်ချောက်သို့ အချိန်မရွေးပြုတ်ကျသွားနိုင် သည်ကို သတိပြုရပါမည်။ ပဋိပက္ခထောင်ချောက်သို့ မသက်ဆင်းနိုင်စေ ရန် ဉာဏ်အမြော်အမြင်ဖြင့် ထိန်းကျောင်းရမည်ဖြစ်ရာ မြန်မာ့ရှေ့ဦး အတွက် အရပ်ဘက်လူ့အဖွဲ့အစည်းတို့ အချိန်တိုတိုအတွင်း အားကိုး အားထားပြုထိုက်နိုင် အရေးကြီးလာပြီဖြစ်သည်။ သတိပေးသံကို Opinion Leader တို့က အမှန်းခံ အပင်ပန်းခံကာ ပြောပေးရပါမည်။ သို့သော် နှစ်ဖက်မျှမျှတတဖြင့် အဝင်အထွက် မှန်ကန်စွာ အချိန်အဆ တိကျစွာဖြင့် သြစာဖြန့်ကြက်ကြရန် လိုအပ်ပါမည်။ ဤအချိန် ဤကာလတစ်ခု၌ ဟော ပြောသူတို့ကလည်း ထောင်ချောက်ကို ထောင်ချောက်မှန်းသိသိဖြင့် ခွတ် အတင်း တိုးမဝင်ကြရန်၊ စာပေဟောပြောပွဲကို စာပေဟောပြောပွဲနှင့် တူအောင် သတိပြုကြရန်လည်း အရေးကြီးသည်။ ရှေ့ဦးအတွက် ခရီးရှည် ကြီး လျှောက်လှမ်းရဦးမည်၊ လမ်းခရီးတွင် ထောင်ချောက်မျိုးစုံတွေ့နိုင် သည်၊ စိန်ခေါ်မှုမျိုးစုံတွေ့ကြုံရနိုင်သည်၏။ သို့သော် အမျိုးသားရေး စိန်ခေါ်မှုသည်ကား ထိပ်တိုက်မတိုးသင့်သည့် ထောင်ချောက်သာ ဖြစ် သည်။

ထို့ကြောင့်လည်း နိုင်ငံရေးခေါ်ငြပါရမီ၊ ဒိုင်ယာလော့ယဉ်ကျေးမှု၊ ဉာဏ်ပညာအမြော်အမြင်၊ အင်စတီကျူးရှင်း၊ နိုင်ငံသားစိတ်ဓာတ်တို့ အသက်တမျှအရေးကြီးကြောင်း မီးမောင်းထိုး တင်ပြရခြင်း ဖြစ်ပေသည်။

❑

# အမေရိကန်နိုင်ငံရေးစနစ်နှင့် ၂၀၁၅ အိပ်မက် သမိုင်းတစ်ကွက်

## အမေရိကန်နိုင်ငံရေးစနစ်

အမေရိကန်ပြည်ထောင်စု၏ ၁၇၇၆ ခုနှစ် လွတ်လပ်ရေးကြေညာစာတမ်းနှင့် ၁၇၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ရာစုနှစ်နှင့်ချီ၍ တည်မြဲခဲ့ပြီဖြစ်သော်လည်း အမေရိကန်နိုင်ငံရေးစနစ် တိုးတက်ပြောင်းလဲလာမှုတို့၏ အုတ်မြစ်အဖြစ် ဆက်လက်တည်တံ့နေဆဲ ဖြစ်သည်။ အမေရိကန်သမ္မတ အဆက်ဆက် အပြောင်းအလဲတွင် ယင်းပြဋ္ဌာန်းချက်များကို မည်သို့နားလည်သဘောပေါက်သည်၊ မည်သို့ ဖွင့်ဆိုသည်၊ မည်သို့လိုက်နာကျင့်သုံးသည် စသည်တို့အပေါ်မူတည်၍ နိုင်ငံရေးစနစ် အသွင်သဏ္ဌာန်များ ပြောင်းလဲလာခဲ့ကြောင်း ပညာရှင်များက ဆိုသည်။

အမေရိကန်နိုင်ငံရေးစနစ် အပြောင်းအလဲများကို လေ့လာရာတွင် အခြေပြုရမည့် အချက် ၃ ချက်ရှိရာ (၁) အမေရိကန်သမ္မတများအနေဖြင့် အုပ်ချုပ်ရေးအာဏာကို မည်သို့ နားလည်သဘောပေါက်သည်၊ အခြားသော ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကလည်း မည်သို့နားလည်သဘောပေါက်သည် ဟူသောအချက်၊ (၂) အမေရိကန်နိုင်ငံရေးစနစ်နှင့် အခြေခံဥပဒေဆိုင်ရာအခင်းအကျင်းကို ပြောင်းလဲစေခဲ့သော အရေးပါသည့် အချိန်ကာလများတွင် သမ္မတများ မည်သည့်အခန်းကဏ္ဍကို ရယူ

ဆောင်ရွက်ခဲ့သနည်း၊ (၃) သမ္မတများ၏ အုပ်ချုပ်ရေးအာဏာကျင့်သုံးမှုတို့တွင် မည်သည့်အချက်များ တူညီ၍ မည်သည့်အချက်များ ကွဲပြားလာသနည်းဟူ၍ဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့်လည်း အမေရိကန်နိုင်ငံရေးသိပ္ပံပညာရှင်များနှင့် အခြေခံဥပဒေကျွမ်းကျင်သူများက အမေရိကန်သမ္မတများ၏သမိုင်းသည် အမေရိကန်နိုင်ငံရေးစနစ်၏သမိုင်းပင်ဖြစ်သည်ဟု အဖြေထုတ်ခဲ့ခြင်း ဖြစ်သည်။

## အမေရိကန်အာဏာ

အမေရိကန်ပြည်ထောင်စု၏ ဒုတိယဘုရားသခင်ဟု ရည်ညွှန်းထားရှိသည့် သမ္မတဂျော့ဝါရှင်တန် သည် ၁၇၇၃ ခုနှစ်တွင် ပြင်သစ်နှင့် ဗြိတိန် ၂ နိုင်ငံအကြား တင်းမာမှုများတွင် မည်သည့်ဘက်ကိုမှ ရပ်တည်မည်မဟုတ်ဘဲ ကြားနေအဖြစ် ရပ်တည်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ နောက်သမ္မတများဖြစ်သော သောမတ်ဂျက်ဖာဆင်နှင့် ဂျိမ်းမက်ဒီဆင်တို့က ဝါရှင်တန်၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်သည် အခြေခံဥပဒေနှင့်မညီ၊ အဆိုပါဆုံးဖြတ်ချက်သည် စစ်ဆင်နွှဲခြင်း မပြုဟု ဆုံးဖြတ်ခြင်းဖြစ်သည်၊ အမှန်စင်စစ် စစ်ပွဲဆင်နွှဲရေးနှင့်သက်ဆိုင်သော အဆိုပါဆုံးဖြတ်ချက်မျိုးကို ကွန်ဂရက်ကသာ လုပ်ပိုင်ခွင့် ရှိသည်ဟု ကောက်ချက်ဆွဲခဲ့ကြသည်။

သို့သော် အမေရိကန်သမ္မတတစ်ဦးဖြစ်သည့ ဟန်မီတန်ကမူ ဂျော့ဝါရှင်တန်၏ ဆုံးဖြတ်ချက် မှန်ကန်သည့်ဘက်မှ ရပ်တည်ခဲ့သည်။ စစ်ကြေညာခြင်းကို ကွန်ဂရက်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်မှာ မှန်သော်လည်း စစ်ပွဲတွင် ကြားနေသည့် ဆုံးဖြတ်ချက်ကိုမူ အုပ်ချုပ်ရေးအာဏာပိုင်ဖြစ်သော သမ္မတက လုပ်ပိုင်ခွင့်အပြည့်အဝရှိသည်ဟု ၎င်းကဆိုသည်၊ အခြေခံဥပဒေက သီးခြားပြဋ္ဌာန်းထားခြင်း မရှိစေကာမူ အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကို ရယူထိမ်းဆောင်ရာ၌ ဆောင်ရွက်သင့်သည့်အရာ မှန်သမျှ ဆောင်ရွက်ရမည်သာဖြစ်ကြောင်း ၎င်းက ဆိုသည်။ အဆိုပါ ဂျော့ဝါရှင်တန်၏ ဆုံးဖြတ်ချက်

အခြေခံဥပဒေနှင့် ညီ–မညီဟူသောအချက်မှာ နိုင်ငံရေးသိပ္ပံပညာရှင်များနှင့် အခြေခံဥပဒေပညာရှင်များအတွက် မပြီးပြတ်သေးသော အငြင်းပွားမှုအကြောင်းအရပ် ဖြစ်နေဆဲဖြစ်သော်လည်း ကွန်ဂရက်ကမူ ဝါရှင်တန်၏ သဘောထားကို လက်ခံခဲ့ခြင်း မရှိခဲ့ခြင်းကြောင့် အမေရိကန်ပြည်ထောင်စုမှာ ငြိမ်းချမ်းသောအခြေအနေတွင် တည်ရှိခဲ့သည်။ အရေးပေါ်အခြေအနေ ကြုံတွေ့ရသည့်အချိန်ကာလတွင် သမ္မတ၏ အခွင့်အာဏာဖြင့် ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟူသောအချက်ကို အတည်ပြုပေးလိုက်သည့် အနေအထားရှိခဲ့သည်။

ယင်းနည်းတူ အမေရိကန်သမ္မတများက အုပ်ချုပ်ရေးအာဏာ၏ ကိုယ်ပိုင်ခွင့်ဖြင့် ဆုံးဖြတ်ဆောင်ရွက်ခဲ့သောဖြစ်စဉ်များ အများအပြား ရှိခဲ့ပြီး ဂျက်ဖာဆင်၏ လူစီယားနားပြည်နယ်ဝယ်ယူမှု၊ လင်ကွန်း၏ ဥပဒေနှင့်မညီဘဲ မဖမ်းဆီးရ ကာနှုသတ်ချက်ကို ဆိုင်းငံ့မှု၊ ရုစဗဲ့၏ စစ်ပွဲမတိုင်မီ ဗြိတိန်နှင့် ဆိုဗီယက်တို့ကို စစ်ရေးအကူအညီပေးမှု၊ ရေဂင်၏ အီရန်သို့ လက်နက်ရောင်းချမှုနှင့် နိုင်ကာရာဂွာသူပုန်များကို စစ်လက်နက်ထောက်ပံ့မှု၊ ဂျော့ဒဗလျူဘုရှ်၏ အီလက်ထရွန်နစ်ထောက်လှမ်းရေးဆောင်ရွက်ခွင့်ပေးမှု စသည်တို့သည် ထင်ရှားသည့်သာဓကများ ဖြစ်သည်။

အမေရိကန်သမ္မတ ဟူသည် အမေရိကာ၏ ထိပ်ဆုံးကပုဂ္ဂိုလ် First Man in America ဟူသော ခံယူချက်ကို ဂျော့ဝါရှင်တန်က လက်ခံခဲ့ပြီး သောမတ်ဂျက်ဖာဆင်လက်ထက်တွင် အမေရိကန်သမ္မတသည် အမေရိကာ၏ ထိပ်ဆုံးက နိုင်ငံသား First Citizen ဟူသော ခံယူချက်ကို လက်ခံခဲ့သည်။ ဝါရှင်တန်၏ခံယူချက်မှာ သာမန်ပြည်သူများထက် ပိုမိုကြီးမြတ်သောသဘောကို ဆောင်ပြီး ဂျက်ဖာဆင်၏ခံယူချက်မှာ သာမန်နိုင်ငံသားများ ရှေ့က နိုင်ငံသားတစ်ဦးဟူသောသဘောကို ဆောင်ကြောင်း တွေ့ရှိနိုင်သည်။ ဟန်မီတန်ကမူ ကျွန်တော်တို့ ပြည်သူတွေ We, the People ဟူသော အခြေခံဥပဒေပါ သဘောထားကို ခံယူခဲ့သူ ဖြစ်သည်။

ယခင်က အမေရိကန်သမ္မတများသည် အခြေခံဥပဒေကိုထိန်းသိမ်း၊ ကာကွယ်၊ စောင့်ရှောက်ရန် To Preserve, Protect, and Defend the

Constitution ဟူ၍ ကျမ်းသစ္စာကျိန်ဆိုသည့်အတိုင်း ခံယူခဲ့ကြသော်လည်း နောက်ပိုင်းတွင် Of the People, By the People, For the People ဟူသော ခံယူချက်သဘောတရားများ ထားရှိလာခဲ့ကြသည်။ ဂျေဖာဆင်တန်နှင့် ဂျွန်အဒမ်တို့သည် ရီပတ်ဘလီကင်သမ္မတများဖြစ်ကြပြီး ပြည်သူလူထုသည် အာဏာဆင်းသက်ရာ အရင်းမြစ်ဟူ၍ လက်ခံထားခဲ့သော်လည်း ပြည်သူများ၏ လွတ်လပ်မှုကို ဆောင်ကြဉ်းရာတွင် အများစုသဘောတူညီချက်အတိုင်း ဆောင်ရွက်ရန်လိုအပ်သည်ဟု ရှုမြင်ထားခဲ့ကြသည်။ သောမတ်ဂျက်ဖာဆင်မှာ ဒီမိုကရက်သမ္မတတစ်ဦးဖြစ်ပြီး ပြည်သူများ၏လွတ်လပ်မှုကို ကာကွယ်ပေးခြင်းသည် အခြေခံဥပဒေပါ အပြန်အလှန်ထိန်းကျောင်းမှု Constitutional Checks and Balances မဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းဖြင့်သာ ဆောင်ရွက်ပေးရမည်ဟု ယုံကြည်ထားသည်။ အမေရိကန်ပြည်ထောင်စု ဟူသည်မှာ အများစုသဘောဆန္ဒမှ ဥပဒေများဖြစ်လာပြီး ယင်းဥပဒေများဖြင့် အုပ်ချုပ်သည့်နိုင်ငံဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ အုပ်ချုပ်ရေးအာဏာ ဟူသည်မှာ ဤသည်ကို ဆိုလိုကြောင်း ဂျက်ဖာဆင်က အစပြုခဲ့ပြီး သမ္မတအန်ဒရူးဂျက်ဆင်လက်ထက်တွင် ယင်းအယူအဆအတိုင်း ဆက်လက် ဖော်ဆောင်ခဲ့သည်။

## အမေရိကန်ဒီမိုကရေစီ

ဆိုရလျှင် အမေရိကန်သမ္မတများသည် အမေရိကန်နိုင်ငံရေးစနစ်တိုးတက်ပြောင်းလဲမှု၏ ဗဟိုချက်များ ဖြစ်ခဲ့သည်။ ရုစဗဲ့လက်ထက်ဆောင်ရွက်ခဲ့သော New Deal သည် နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲ ရေး၌ အုပ်ချုပ်ရေးအာဏာကို ဗဟိုပြု၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်နောက်ခံအနေအထားအရ ရုစဗဲ့သည် အုပ်ချုပ်ရေးအာဏာကိုနိုင်မာအောင် တည်ဆောက်နိုင်ခဲ့ပြီး တရားရုံးများ၏ သီးခြားလွတ်လပ်မှုကို မြှင့်တင်နိုင်ခဲ့ကာ ဥပဒေပြုရေးမှ အုပ်ချုပ်ရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းများကိုလည်း ဖယ်ရှားနိုင်ခဲ့သည်။ ရုစဗဲ့၏ ကြွေးကြော်သံများ ဖြစ်သော Freedom From Want နှင့် Freedom From Fear များကိုလည်း အမေရိကန်ပြည်သူများက ထောက်ခံခဲ့ကြသည်။ ရုစဗဲ့၏ New Deal

...အခြေခံဥပဒေပါ တရားရုံးများ၏ လုပ်ပိုင်ခွင့်ကို မထိခိုက်စေဘဲ ပြည်သူများ၏ အခွင့်အရေး၊ ပိုင်ခွင့်များကို တိတိကျကျ ပြန်လည်သတ်မှတ်ခြင်းဖြင့်သည်ဟု ရှစေ့က ဆိုသည်။ အမေရိကန်ပြည်ထောင်စု ကြုံတွေ့နေရသော ပြဿနာမှာ အခြေခံဥပဒေမဟုတ်ဘဲ အခြေခံဥပဒေကို မည်သို့မည်ပုံ ဘာသာပြန်ကြသလဲ၊ ကျင့်သုံးကြသလဲ ဟူ၍သာဖြစ်ကြောင်း ရှစေ့က ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်ပိုင်းတွင် အမေရိကနှင့် ခေါင်းဆောင်များသည် ရှစေ့၏ New Deal ကို အသက်ဝင်လာပြီး ပိုမိုနိုင်မာလာစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြရာ ကမ္ဘာ့စီးပွားရေး၊ ရာသီဥတုပြောင်းလဲမှု၊ အမိမြေ လုံခြုံရေးစသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်သည်အထိ လိုက်မှီဆောင်ရွက်ခဲ့ကြသည်။ ဤသည်မှာ အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီတွင် ...ရေးသဘောတရားဟူသည့် သမိုင်းနိဂုံးချုပ်သွားသည့် အခြေအနေသို့ ...ောက်ပြီဟု ယူဆရန်မဟုတ်ပါ။ အမေရိကန်နိုင်ငံရေးစနစ်၏ ဆင့်ကဲ...ပြောင်းလဲလာခဲ့သော အခြေအနေများသည် အကြမ်းဖက်ခြိမ်း...ခြောက်မှု၊ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်း စသည်တို့ကို ...ဆိုင်ဖြေရှင်းနိုင်သည့်အနေအထားသို့ ရောက်ရှိခဲ့ပြီးနောက် ရှေ့ဆက်...င်ပေါ်လာမည့် စိန်ခေါ်မှုများကိုလည်း အမေရိကန်သမ္မတများက ရင်...ဖြေရှင်းနိုင်စေမည့် အင်စတီကျူးရှင်းများကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ရီပတ်ဘလီကင်နှင့် ဒီမိုကရက်များအကြား၊ ကွန်...ဘေးတစ်နှင့် လစ်ဘရယ်များအကြား အိုင်ဒီယာအငြင်းပွားမှုများမှာ ...ချုပ်ရေးအာဏာကို မည်သို့အသုံးချရမည် ဟူသောအချက်ပေါ်တွင် ...ဘောထားကွဲလွဲနေဆဲ ဖြစ်သည်။ ဒီမိုကရက်များက Freedom From Want ကို ဦးစားပေးထားကြရာ သက်သာချောင်ချိရေးကို နိုင်ငံတော်က ဆောင်ကြဉ်းပေးပြီး လွတ်လပ်မှုကို အရှည်တည်တံ့စေမည့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးရမည်ဟု ယူဆထားကြသည်။ ရီပတ်ဘလီကင်တို့ကမူ Freedom From Fear ကို ဦးစားပေးပြီး အမိမြေလုံခြုံရေးသည် ထိပ်တန်းဦးစားပေးဖြစ်သည်ဟု ခံယူထားကြ

သည်။ အဆိုပါ အယူအဆအငြင်းပွားမှုကိုကြည့်လျှင် အမေရိကန်ပြည်ထောင်စုသည် နိုင်ငံသားတို့ အခွင့်အရေးဟူသော စကားရပ်၏ ဖွင့်ဆိုချက်၊ နိုင်ငံသားများကို မည်သို့ အကောင်းဆုံးကာကွယ်စောင့်ရှောက်မည်နည်းဟူသောအချက်တို့တွင် ကွဲလွဲနေဆဲဖြစ်ကြောင်း တွေ့ရှိနိုင်သည်။

မကြာသေးသော သမ္မတများဖြစ်ကြသည့် ကလင်တန်နှင့် ဘုရှ်တို့လက်ထက်များတွင် သမားရိုးကျ အခြေခံဥပဒေမူဘောင်များ၊ နိုင်ငံရေးပါတီများ၏ မူဘောင်များနှင့် ကွဲလွဲသော အုပ်ချုပ်ရေးကို ဖော်ဆောင်ခဲ့ကြသော်လည်း ဝါရှင်တန် နိုင်ငံရေးအသိုင်းအဝိုင်းနှင့် ပြည်သူလူထုအကြားဝေဖန်မှုများ အပြင်းအထန် ကြုံတွေ့ခဲ့ရသည်။ ယခုနောက်ဆုံး အိုဘားမားလက်ထက်တွင် သမ္မတအာဏာနှင့် အခြေခံဥပဒေကို အခြေပြုသော ဒီမိုကရေစီတို့ကို ပြန်လည်ပေါင်းစည်းထားသည့် အုပ်ချုပ်ရေးအသွင်သဏ္ဌာန် ထွက်ပေါ်လာခဲ့သည်။ အိုဘားမားသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူ ဥပဒေပညာရှင်တစ်ဦး ဖြစ်ခြင်းကြောင့်လည်း ခေတ်သစ်အမေရိကန်သမ္မတတစ်ဦး၏ ပုံရိပ်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

## ၂၀၁၅ ဒေါ်မကော် သမိုင်းတစ်ကွက်

လက်ရှိ မြန်မာ့ဒီမိုကရေစီသည် လက်ရှိအမေရိကန်ဒီမိုကရေစီနှင့် ချိုးတန်းသဘော နှိုင်းယှဉ်ရန် မလွယ်ကူလှသော အနေအထားမှာ ဖြတ်သန်းခဲ့သော သမိုင်းကြောင်း၊ ရရှိခဲ့သည့် အတွေ့အကြုံ၊ ထုတ်ဖော်ခဲ့သည့် သင်ခန်းစာများ စသည်တို့မှာ များစွာခြားနားနေသောကြောင့် ဖြစ်သည်။ လက်ရှိ မြန်မာ့နိုင်ငံရေး၊ မြန်မာဒီမိုကရေစီ နောက်ကြောင်း ပြန်လှည့်ခြင်း–မလှည့်ခြင်းသည် မြန်မာ့ဒီမိုကရေစီ မည်သည့်လမ်းကြောင်းကို သွားမည်နည်းဟူသော ပန်းတိုင်က ဦးစွာလာရမည်ဖြစ်သည်။ ၂၀၁၅ ဒီမိုမကော်ကို အနီးဆုံးထား၍ စဉ်းစားကြည့်လျှင်ပင် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများကို ၂၀၁၅ အလွန် ဖြစ်နိုင်ဖွယ်ရာ အခင်းအကျင်းနှင့် ဆက်စပ်ပုံဖော်ကြည့်လျှင် ဒီမိုကရေစီ မည်မျှရှိန်မြင့်မည်ကို မှန်းဆကြည့်နိုင်မည် ဖြစ်သည်။ အမေရိကန်သမ္မတများ၏ သမိုင်းသည် အမေရိ

ကန်နိုင်ငံရေးစနစ်၏သမိုင်းပင် ဖြစ်သည်ဟုဆိုသည့်အတိုင်း မြန်မာ သမ္မတများ၏သမိုင်းသည် မြန်မာ့နိုင်ငံရေးစနစ်၏ သမိုင်း ဖြစ်လာမည် သာဖြစ်သည်။ ၂၀၁၅ အိပ်မက်သည် သမိုင်းတစ်ကွက်ဖြစ်လာမည် ဆိုလျှင် ယင်းသမိုင်းတစ်ကွက်သည်ပင် သန်း ၆၀ အတွက် အရေးကြီးလှ သော ခြေလှမ်းတစ်လှမ်း ဖြစ်လာပေလိမ့်မည်။

***Ref - The Presidency in the Eye of Storm by Marc Landy and Sidney M. Mikis***

❑

# ကြားဖြတ်ရွေးကောက်ပွဲအလွန် နိုင်ငံတည်ဆောက်ရေး

## မြန်မာ့ဒီမိုကရေစီပုံရိပ်အပြောင်းအလဲများ

"မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေး လျှောက်လှမ်းမှုတွေဟာ နောက်ကြောင်းပြန်လှည့်မှာမဟုတ်ပါဘူး။ သမ္မတကြီးဦးသိန်းစိန်လို ခေါင်းဆောင်မျိုးကို ကျွန်တော်တို့ ထောက်ခံကြဖို့ လိုပါတယ်။ ဒါဟာ အရေးကြီးပါတယ်။ ဒီလိုထောက်ခံမှုသာ သမ္မတဦးသိန်းစိန်အနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်ဆောင်ရွက်နိုင်ဖို့ သတ္တိတွေ ရရှိလာမှာဖြစ်ပါတယ်"

*(ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနဲ့ တွေ့ဆုံပြီးနောက် မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ ထုတ်ဖော်ပြောကြားချက်)*

ဒေသတွင်း နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ လက်ရှိ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အပေါ် ရှုမြင်သုံးသပ်ချက်ဖြစ်သည်။ အာဆီယံနိုင်ငံများအနေဖြင့် ဆယ်စုနှစ် နှစ်စုကြာ စောင့်ဆိုင်းခဲ့ပြီးနောက် ယခုလိုအခြေအနေမျိုးကို မြင်တွေ့လာရခြင်းဖြစ်၍ မြန်မာနိုင်ငံ၏အခြေအနေအထားကို နားလည်သဘောပေါက်စွာ ထုတ်ဖော်ပြောကြားခြင်းမျိုး ဖြစ်သည်။ မြန်မာ့ဒီမိုကရေစီခြေလှမ်းသစ်ကြောင့် အာဆီယံနိုင်ငံများတွင်

သည်း ရိုက်ခတ်မှုများ ဖြစ်ပေါ်လာခဲ့ကြောင်း တွေ့ရှိရသည်။ ကမ္ဘောဒီး ယားနိုင်ငံရှိ အတိုက်အခံပါတီတစ်ခုဖြစ်သည့် Sam Rainsy ပါတီမှ လွှတ် တော်အမတ်တစ်ဦးဖြစ်သည့် Mu Sochua ကလည်း မြန်မာနိုင်ငံကို နမူနာယူပြီး ကမ္ဘောဒီးယားနိုင်ငံမှာလည်း ဆောင်ရွက်သွားမည်ဆိုလျှင် ဘရားမျှတမှုများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံပင်လျှင် လုပ်ဆောင်နိုင်ခဲ့လျှင် ကမ္ဘောဒီးယားနိုင်ငံတွင်လည်း မလုပ်ဆောင်နိုင် စရာအကြောင်း မရှိကြောင်း ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် မြန်မာနိုင်ငံနယ်နိမိတ် အတွင်းမှာပင် ရပ်တန့်သွားခြင်းမရှိဘဲ နယ်နိမိတ်များကို ကျော်ဖြတ်၍ အခြားသော အာဆီယံနိုင်ငံများသို့လည်း သက်ရောက်မှုများ ရှိလာခဲ့ ကြောင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် စင်ကာပူနိုင်ငံများတွင် ရှိသည့် ပြည်သူများသည် မြန်မာနိုင်ငံ၏ အလားအလာများအတိုင်း ယင်း တို့နိုင်ငံတွင်လည်း ဖော်ဆောင်ရန် လိုလားလာခဲ့ကြကြောင်း၊ ဤအနေ အထားမှာ ဒေသတွင်း အထူးစိတ်ဝင်တစား စောင့်ကြည့်ရမည့် အခြေအနေ သစ်တစ်ရပ်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံရှိ **Coalition for International Human Rights Advocacy (HRWG)** အဖွဲ့အစည်းမှ ဝါရင့်အကြံပေး တစ်ဦးဖြစ်သူ **Yuyun Wahyuningru** က ပြောကြားသွားခဲ့သည်။

ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် မနေ့က မြန်မာမဟုတ်တော့ဘဲ ယနေ့အချိန်တွင် စံနမူနာယူဖွယ်ရာ၊ သာဓကပြုဖွယ်ရာ အခြေအနေသစ် တစ်ရပ်သို့ ရောက်ရှိလာနေခြင်းကို ဖော်ပြလိုခြင်းဖြစ်သည်။

## ဒီမိုကရေစီ နောက်ကြောင်းပြန်မှုများ

ကမ္ဘာ့နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက် ဒီမိုကရေစီအသွင်ကူး ပြောင်းမှုများကို အမျိုးမျိုးကြုံတွေ့ခဲ့ရသည့်အနက် မြန်မာ့ဒီမိုကရေစီခရီး က မည်သူနှင့်မျှ မတူညီသော လမ်းကြောင်းအသစ်ဖြစ်နေလေရာ အိုင်ဒီ ယာအဟောင်းများဖြင့် ထပ်တူမချကြရန် လိုအပ်မည်ဖြစ်သည်။ ပထမ အချက်အနေဖြင့် လက်ရှိ မြန်မာ့နိုင်ငံရေးတွင် သန်း ၆၀ သော ပြည်သူ များ၏ မနက်ဖြန်အတွက် မဟာဗျူဟာအကျိုးစီးပွားကို အာရုံပြု၍ Game

Plan ချမှတ်ရေးဆွဲကြရန်ဖြစ်သည်။ ဤသည်မှာ ခေတ်၏လိုအပ်ချက်ဖြစ်သလို စနစ် (Constitution) အသက်ဝင်လည်ပတ်နိုင်ရေးအတွက်လည်း လိုအပ်ချက်ဖြစ်နေသည်။ စိတ်ခံစားမှုကိုအခြေပြု၍ လှုပ်ရှားဆောင်ရွက်ရမည့် နိုင်ငံရေးမျိုးကိုရှောင်ရှားပြီး ပညာ၊ ဦးနှောက်နှင့်ယှဉ်သော နိုင်ငံရေးမျိုးကို ဦးတည်ရမည်ဟု သဘောရသောကြောင့် အသွင်ကူးပြောင်းပြီးသော ဒီမိုကရေစီတစ်ဆက်တစ်စ ပိုမိုခိုင်မာလာစေရန် ပညာဉာဏ်ကို အသုံးချရမည်ဖြစ်သည်။

ဖရန့်စစ်ဖူကူယားမား၏ သီအိုရီတစ်ရပ်အရ ဒီမိုကရေစီခိုင်မာရေးအတွက် လိုအပ်ချက် ၃ ရပ်ဖြစ်သော (၁) Strong Government ရှိရေး၊ (၂) Rule of Law ရှိရေးနှင့် Accountable Government ဖြစ်ပေါ်လာရေးကို ဦးတည်ကြခြင်းသည် အရပ်ရပ် Institution များ ခိုင်မာရေးနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိနေသည်။ ဆိုလိုသည့်သဘောမှာ ဥပဒေပြုရေး (လွှတ်တော်)နှင့် အုပ်ချုပ်ရေး(အစိုးရ)တို့သည် လက်ရှိ Rule of the Game ကို ကစားကွက်ကြေညက်အောင် မြှင့်တင်ပေးရမည့်အနေအထားဖြစ်သည်။ Rule of the Game တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အနိုင်အမာရှိပြီးဖြစ်၍ (နောင်တွင် ပြင်ဆင်ကြမည့်အချက်များကို စိတ်တွင်မှတ်၍) ယင်းတို့ကိုအခြေခံ၍ ဥပဒေများ၊ နည်းဥပဒေများ ခိုင်ခိုင်မာမာဖြစ်ထွန်းပေါ်ပေါက်လာစေရန် ပထမဆုံးဆောင်ရွက်ကြရန်ဖြစ်သည်။ သို့သော် ပြင်ဆင်ရေးလမ်းကြောင်းကို လျစ်လျူရှုထားကြပါဟု ဆိုလိုသည့်သဘောမဟုတ်ဘဲ တစ်ဖက်ကလည်း ပြင်ဆင်ရေးကိုရှေးရှုသည့် PR-Public Relation နှင့် စည်းရုံးခြင်းများ ဆောင်ရွက်သွားကြရန်ဖြစ်သည်။

အဓိကတင်ပြလိုသောအချက်မှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် သန်း ၆၀ ၏ လက်ရှိနှင့် အနာဂတ်ဘဝများအပေါ် တိုက်ရိုက်လွှမ်းမိုးမှုရှိနေသောကြောင့် အိပ်မက်များကို အလေးပေးခြင်းထက် ပကတိအခြေအနေမှန်ကို ဖြန့်ခင်းကာ ဆက်လက်ဖော်ဆောင်မည့် ပြုပြင်ပြောင်းလဲမှုများကို ပုံဖော်ရန် စဉ်းစားနိုင်ရေးဖြစ်သည်။ သို့သော် အိပ်မက်များကိုတော့ ဆက်၍မက်ရမည်သာဖြစ်သည်။ အိပ်မက်ကို အိပ်မက်ဟူ၍ သိရှိနားလည်ထားလျှင်ပင် လက်တွေ့ကို ဆင်ခြင်နိုင်ကြမည်ဟု ယုံကြည်သော

...ကြောင့် အိပ်မက်များလည်း မက်ပါ၊ လက်တွေ့ကိုလည်း အာရုံပြုပါ၊ ...ကတ်အခြေအနေမှန်ကို ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်ကြပါဟူ၍ တိုက် ...နှုန်းလိုခြင်းဖြစ်သည်။

## Mainstream Politics

မြန်မာ့နိုင်ငံရေး၏ **Mainstream Politics** သည် လွှတ်တော်နိုင်ငံ ...ဖြစ်လာပြီဖြစ်၍ လက်ရှိ ဂိမ်းတွင်ရှိနေသော ဂိမ်းစည်းမျဉ်းများကို ...ဆင်မှသာ ဂိမ်းအတွင်း ပါဝင်မည်ဟူသော တွေးဆချက်များကိုလည်း ...ဘိဖြင့် ဆင်ခြင်နိုင်ကြရန် လိုအပ်သည်။ မိမိစိတ်ကြိုက်မဟုတ်သော ...ခင်းအကျင်းဖြစ်ရေးထက် မိမိစိတ်ကြိုက်မဟုတ်သော ဂိမ်းတွင် ပါဝင် ...နောက် ဂိမ်းစည်းမျဉ်းများ အပြောင်းအလဲဖြစ်လာစေရန် ကြိုးစားရေး ...သော သုံးသပ်ကြရန်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲများကို ဝင် ...ကောက်ယှဉ်ပြိုင်ခဲ့သည့် မူလရည်မှန်းချက်မှာ လွှတ်တော်တွင်းရောက်ရှိ ... ဂိမ်းစည်းမျဉ်းများ အပြောင်းအလဲဖြစ်စေရန် ကြိုးပမ်းဟု သဘောရ ...သောကြောင့် လွှတ်တော်တွင်း ရောက်ရှိရေးအတွက် ကြိုးစားခဲ့ရသည်များ ... **'စကားလုံးအသုံးအနှုန်း'** အချို့ကြောင့် သဲထဲရေသွန်လုပ်ဆောင် ...ခြင်းသည် သန်း ၆၀ နှင့် ကင်းကွာနေကြောင်း သတိပြုစေလိုသည်။

မြန်မာ့နိုင်ငံရေး၏ ပင်မရေစီးအတွင်း ရောက်ရှိအောင် ကြိုးစားခဲ့ ...ဘာမှ ပင်မရေစီးကို ကျောခိုင်းခွန့်လွှတ်ရေး သဘောထားမှာ အလေး ...နက် စဉ်းစားဖွယ်ရာကောင်းသည်ဟု ထင်မြင်မိသည်။ ဒီမိုကရေစီလမ်း ...ကြောင်းအတိုင်း လိုက်ပါစီးမျောနိုင်ရေးအတွက် ပင်မရေစီးတွင် ပါဝင်နိုင် ...သော၊ ပါဝင်ပြီးမှသာ ရေစီးကြောင်းအပြောင်းအလဲကို ဖန်တီးနိုင်ပါလိမ့် ...ည်။ လက်ရှိအနေအထားကိုကြည့်လျှင် လွှတ်တော်သည် ပင်မရေစီးဖြစ် ...ပြီဖြစ်သောကြောင့် ကြိုးပမ်းခဲ့ရသော အားထုတ်မှုများ အလဟဿ ...ဖြစ်စေချင်သလို ပင်မရေစီးကို ကျောခိုင်းရေးသည် သန်း ၆၀ သော ...ည်သူများအတွက် အမှန်တကယ် အကျိုးရှိ/မရှိကို ပြန်ကြည့်ရန်သာ ...ဖြစ်သည်။

အလားတူ စန်နဝါရီလဆန်းတွင် ပြန်လည်လွှတ်မြောက်လာခဲ့သော

နိုင်ငံရေးမျိုးဆက်များအနေဖြင့်လည်း ပင်မရေစီးဖြစ်သော လွှတ်တော် နိုင်ငံရေးသို့ ဦးတည်ကြရန် လိုအပ်မည်ဖြစ်သလို ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေးလမ်းကြောင်းမှ တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင်များ သည်လည်း ပင်မရေစီးကြောင်းသို့ ရောက်ရှိလာကြရန် လိုအပ်မည်ဖြစ် သည်။ လက်ရှိ မြန်မာ့နိုင်ငံရေးမှာ ကြားဖြတ်ရွေးကောက်ပွဲများ ပြီးဆုံးပြီး နောက် အတန်အသင့် စုံညီလာပြီဟု ဆိုနိုင်သေးသော်လည်း ယင်းအင်အား စုကြီးနှစ်ရပ် ကျန်ရှိနေသေးသဖြင့် All inclusive အခင်းအကျင်းရောက်ရှိ ရန် မဝေးတော့ဟု မျှော်လင့်ထားသည်။

## Clash of Ideals နှင့် နိုင်ငံရေးတည်ငြိမ်မှု

လက်ရှိ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နေမှု အလားအလာများအရ မျှော်လင့်ခဲ့ရသော Multi Culturalism သည် အလှမ်းမဝေးနိုင်တော့ သည့်သဘောကို ဆောင်လာနေကြောင်း တွေ့ရှိရသည်။ ဤသည်မှာ Stakeholder အားလုံးက Clash of Ideals ကို ဂရုတစိုက်ရှောင်ကြဉ်နိုင် ခဲ့သော အကျိုးဆက်များဖြစ်သလို သန်း ၆၀ ၏ အကျိုးစီးပွားကို အာရုံ ပြုလာသောကြောင့်ဖြစ်သည်။ အဓိကအချက်မှာ ဆိုင်ရာဆိုင်ရာ အကျိုး စီးပွားများကို Adjustment လုပ်လာနိုင်ခြင်းဖြစ်သည်။ ကြိုတင်သတ်မှတ် ချက်များ ထားရှိခြင်းမပြုသော ဒိုင်ယာလော့များကို အခြေခံခြင်းကြောင့် လည်း တိုးတက်မှုများ ရရှိလာသည်ကို တွေ့မြင်ရသောကြောင့် Pre-condition ထားရေး မထားရေး စဉ်းစားကြရန် လိုအပ်ပါမည်။ စိတ်ကြိုက် အခင်းအကျင်းကို သတ်မှတ်ခြင်းသည် တစ်နည်းအားဖြင့် စိတ်ကူးစံများ ဖြင့် တင်ကြိုသတ်မှတ်သော နိုင်ငံရေးကစားကွက်သည် မဟာဗျူဟာ သဘောတရားများ၊ အလုပ်ဖြစ်ရေးမူဝါဒတို့နှင့် ဆန့်ကျင်နေမည်သာဖြစ် သည်။

Clash of Ideals လမ်းကြောင်းသည် ဒီမိုကရေစီအသွင်ကူးပြောင်း မှုတွင် အရေးကြီးဆုံးဖြစ်သော နိုင်ငံရေးတည်ငြိမ်မှုကို အနှောင့်အယှက် ပေးနိုင်သောကြောင့် ဒီမိုကရေစီနောက်ပြန်လှိုင်း အရိုက်မခံရရေး၊ ရှေ့ မတိုး နောက်မဆုတ် ဒီမိုကရေစီမဖြစ်ရေး၊ နှစ်ပေါင်းများစွာ ကြာမြင့်သည့်

ကိုင် ရင့်ကျက်ခိုင်မာသည့် ဒီမိုကရေစီကို မဖော်ဆောင်နိုင်သည့် မနက်ဖြန် ဖြစ်ရေး စသည်တို့အတွက် နိုင်ငံရေးတည်ငြိမ်မှုကို အာရုံပြုကြရန် လို သည်။ အမျိုးသားလုံခြုံရေးပြဿနာများ လက်ရှိအချိန်အထိ မပြေလည် သေးသော နိုင်ငံရေးလမ်းကြောင်းတွင် ချက်ချင်းထွက်ခွာသွား၍ မရနိုင် သေးသော တပ်မတော်၏အခန်းကဏ္ဍကို အသိအမှတ်ပြုပေးရန်ဟူသော အချက်သည်လည်း သန်း ဗိဝ ၏ အနာဂတ်၊ နိုင်ငံရေးတည်ငြိမ်မှုတို့နှင့် ရှုမြဖြစ် ဆက်စပ်နေကြောင်း သတိချပ်စေလိုသည်။

ဆိုရလျှင် အမှန့်တွင် ထုတ်နုတ်တင်ပြခဲ့သည့်အတိုင်း နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် ဆက်လက်ဖော်ဆောင်နိုင်ရန် အတွက် အရေးကြီးဆုံးဖြစ်သော နိုင်ငံရေးတည်ငြိမ်မှု ဖန်တီးပေးရေး သည် မြန်မာ့နိုင်ငံရေး အမိကဇာတ်ဆောင်များ၏ တာဝန်ဖြစ်နေသည်။ ပြည်းချုပ်ချာများ ခင်းကျင်းကြရာတွင်လည်း နိုင်ငံတော်သမ္မတကြီး၏ ပြု ပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်နှင့် တိုက်ဆိုင်စစ်ဆေးခြင်းကို Check List ဘွင် ထည့်သွင်းသွားကြရန် လိုသည်။ ပွင့်ပွင့်လင်းလင်း တင်ပြရလျှင် မြန်မာ့ဒီမိုကရေစီ မည်မျှအထိ ခရီးပေါက်မည်၊ မြန်မာ့ဒီမိုကရေစီ Deficit များ မည်မျှအထိ လျော့ချနိုင်မည်၊ ပင်မရေစီးကြောင်းနိုင်ငံရေးတွင်ပါဝင် ပြီး ဂိမ်းစည်းမျဉ်းနှင့် ဥပဒေသများ မည်မျှအထိ ပြင်ဆင်နိုင်မည်၊ Political Space မည်မျှအထိ ချဲ့ထွင်နိုင်မည်ဟူသော ရေရှည်သဘောဆောင် သော လုပ်ငန်းစဉ်များအားလုံးသည် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် အပေါ်တွင် မှီခိုပြုလျက်ရှိနေသည်။ နိုင်ငံတော်သမ္မတကြီးသည် သန်း ဗိဝ ၏ အနာဂတ်ဖြစ်နေသောကြောင့် သန်း ဗိဝ အတွက် ကောင်းမွန်သော အနာဂတ်ဖန်တီးပေးလိုသူအားလုံးအနေဖြင့် နိုင်ငံတော်သမ္မတကြီးကို သန်း ဗိဝ နှင့် ယှဉ်တွဲမြင်နိုင်ကြပါစေကြောင်း အလေးအနက်တိုက်တွန်း တင်ပြရင်း မလေးရှားဝန်ကြီးချုပ်၏ ထုတ်ဖော်ပြောကြားချက်အား ထပ် လောင်းတင်ပြလိုက်ရပေသည်။

**"မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေး လျှောက်လှမ်းမှု တွေဟာ နောက်ကြောင်းပြန်လှည့်မှာမဟုတ်ပါဘူး။ သမ္မတကြီး**

ဦးသိန်းစိန်လို ခေါင်းဆောင်မျိုးကို ကျွန်တော်တို့ ထောက်ခံကြဖို့ လိုပါတယ်။ ဒါဟာ အရေးကြီးပါတယ်။ ဒီလိုထောက်ခံမှသာ သမ္မတ ဦးသိန်းစိန်အနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်ဆောင်ရွက်နိုင်ဖို့ သတ္တိတွေ ရရှိလာမှာဖြစ်ပါတယ်"

❑

## ဗိုလ်ချုပ်၏ တိတ်တဆိတ် ကြေကွဲမျက်ရည်၊ မြန်မာ့နွေဦးနှင့် မြန်မာ့မော်ဒယ်လ်

### တိတ်တဆိတ်ကြေကွဲမျက်ရည်

တစ်နေ့သောအခါတွင် အင်္ဂလိပ်ဘုရင်ခံ ဆာဒေါ်မန်စမစ်၏ ရင်းနှီးနွေးထွေးမှုကြောင့် သင်းကွဲ အထီးကျန်စိတ်ခံစားမှုများ ပေါက်ကွဲထွက်ခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းသည် တစ်ကိုယ်တည်းအထီးကျန်နေရသည့်အကြောင်း၊ အမြဲတမ်းလိုလိုပင် အထီးကျန်နေခဲ့ရသောဘဝတွင် မိတ်ဆွေစစ် မိတ်ဆွေမှန်များ လိုလားတောင့်တပြီး ရှာဖွေခဲ့သော်လည်း တစ်ဦးတစ်လေပင် တွေ့ရှိရန် ခက်ခဲကြောင်း ရင်ဖွင့်ခဲ့သည်။

"ခင်ဗျား... ဒီလောက် ပြည်သူ့အချစ်တော် ဖြစ်နေတာတောင် ဘယ်လိုလုပ်ပြီး မိတ်ဆွေကောင်း မရှိဘူးပြောရတာလဲ" (ဆာဒေါ်မန်စမစ်)

"ကျွန်တော် ဒီလို (ပြည်သူ့အချစ်တော်)ဖြစ်လာဖို့ ကြိုးပမ်းခဲ့တာမဟုတ်ဘူး။ တိုင်းပြည် လွတ်လပ်ရေးရအောင်သာ လုပ်ခဲ့တာပါ။ လွတ်လပ်ရေးရဖို့ ကြိုးပမ်းတယ်ဆိုတာလည်း ဘယ်လောက်အထိ အထီးကျန်စေမယ်ဆိုတာ ကျွန်တော် လုံးဝမတွေးခဲ့ဘူး" (ဗိုလ်ချုပ်အောင်ဆန်းကို ထိုသို့ပြောကြားလျက် ဝမ်းနည်းစွာဖြင့် မျက်ရည်များ စီးကျခဲ့ရသည်)

ဆာဒေါ်မန်စမစ်ကို ဗိုလ်ချုပ်အောင်ဆန်းကို နှစ်သိမ့်ဖျောင်းဖျဖို့ ကြိုးစားခဲ့သော်လည်း ဗိုလ်ချုပ်က လက်မခံခဲ့။

"နိုင်ငံတစ်နိုင်ငံမှာ သူ့ရဲကောင်းတွေ ဘယ်လောက်ကြာကြာ သက်ဆိုးရှည်ကြသလဲ။ ဒီနိုင်ငံမှာတော့ သိပ်မကြာနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ရန်သူတွေ သိပ်များတယ်" (ဗိုလ်ချုပ်၏ မိတ်နာကြည်းစွာ ပြောကြားသည်)

"ဒီနိုင်ငံမှာ သူ့ရဲကောင်းတွေ သက်ဆိုးရှည်နိုင်ရင် လွန်ရော ကျွံရော သုံးနှစ်ပဲ။ ကျွန်တော်ကတော့ ကျွန်တော့်ကိုယ်ကျွန်တော် အလွန်ဆုံး ၁၈ လသက် ပိုပြီး မနေရတော့ဘူးလို့ထင်တယ်"

ဗိုလ်ချုပ်မျက်ဝန်းမှ စီးကျခဲ့သော မျက်ရည်စက်များသည် နောက်ဆုံးအချိန်ဟူသော ဟောကိန်းကို ကြောက်ရွံ့တုန်လှုပ်ခြင်းကြောင့် စီးကျခဲ့ခြင်းတော့ မဟုတ်ခဲ့ပေ။ စိတ်ထဲရှိသမျှ အိတ်သွန်ဖာမှောက် ပွင့်ပွင့်လင်းလင်း မခြွင်းမချန် ဖွင့်ဟတိုင်ပင်နိုင်သော မိတ်ဆွေတစ်ဦး တွေ့ရှိခဲ့ရခြင်းကြောင့် မချိတင်ကဲကြေကွဲဝမ်းနည်းပြီး ကျခဲ့သော မျက်ရည်ပင်ဖြစ်သည်။ [ဒေါက်တာမောင်မောင်၏ 'မြန်မာနိုင်ငံ၏ ၁၉၈၈ ခုနှစ် အရေးအခင်း၊ ဒုတိယတွဲမှ]

## ခေတ်ပြိုင်နိုင်ငံရေးနှင့်အင်စတီကျူးရှင်း

ဖဆပလ အလံတော်အောက်ဝယ် တညီတညွတ်တည်း ရပ်တည်ခဲ့ကြသော ဗိုလ်ချုပ်နှင့် ခေတ်ပြိုင် နိုင်ငံရေးခေါင်းဆောင်များအားလုံးသည် ထိုခေတ်ထိုအခါက ထက်မြက်ထူးချွန်ခဲ့ကြသူများပင် ဖြစ်သည်။ နိုင်ငံရေးသဘောတရားအရပဲ ကြည့်ကြည့်၊ လွတ်လပ်ရေးကြိုးပမ်းမှုအရပဲကြည့်ကြည့်၊ စစ်ရေး သဘောတရားအရပဲကြည့်ကြည့် သူတင် ကိုယ်တင် ငြင်းခုန်ဆွေးနွေးနိုင်ခဲ့ကြသူများလည်း ဖြစ်သည်။ ထိုထိုသော နိုင်ငံရေးခေါင်းဆောင်များအကြားတွင် မည်သည့်အတွက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းကို မျက်ရည်စီးကျစေခဲ့ပါသနည်း။ ပုဂ္ဂိုလ်ရေးကဲသော နိုင်ငံရေးကြောင့်လည်း ပုဂ္ဂိုလ်ရေးကိုအခြေပြုသော အကွဲအပြဲများ၊ အတိုက်အနိုက်များ ဖုံးလွှမ်းခဲ့သည်။ ဖဆပလသည် တစ်ခုတည်းသော အမျိုးသားရေးအင်စတီကျူးရှင်းကြီးဖြစ်ခဲ့သော်လည်း အက်ကြောင်းထင်ကာ အမျိုးမျိုးအဖုံဖုံသော နိုင်ငံရေး လက်မောင်းခတ်သံတို့အကြား ဗိုလ်ချုပ်အောင်

...န်းသည် တိုင်းပြည်ကို ဦးဆောင်ရာ၌ နောက်ကျောဓားနှင့် ထိုးသူများ ...ရော၊ ရှေ့တည့်တည့်မှဓါးထိုးသူများကိုရော ရင်နှင့်မဆံ့အောင် နင့်နင့် ...သီး ရင်နာခဲ့ရပေမည်။

နိုင်ငံရေးခေါင်းဆောင်များ၏ အတ္တနှင့် အကျိုးစီးပွားတိုက်ပွဲများ ...ကြား ကြွေလွင့်ခဲ့ရသော ဗိုလ်ချုပ်အောင်ဆန်းသည် သူထားရစ်ခဲ့သည့် ...ကလပ်စနိုင်ငံသစ်၌ သွေးချောင်းစီးတိုက်ပွဲများ ဖြစ်ပေါ်ခဲ့ရသည်ကို ...တွေ့မသွားနိုင်ခဲ့သည်မှာ ကံကောင်းပေလိမ့်မည်။ မြန်မာ့နိုင်ငံရေး ...န်းသည် မြန်မာ့နိုင်ငံရေးလောကကို ကိုယ်စားပြုနေသည်ဟု ဆိုခဲ့ပါ ...ဦး အဆိုပါလောကကြီးကို အပြီးတိုင်ပြည်ဖုံးကားချ၍ နိုင်ငံနှင့် ပြည် ...အတွက် ဘုံအကျိုးစီးပွားကို အမှန်တကယ် ဦးတည်သော နိုင်ငံရေးယဉ် ...မှုအသစ်ကို ပြုစုပျိုးထောင်ရန် လိုအပ်ပေမည်။ မြန်မာ့လူ့အဖွဲ့ ...ည်းတစ်ရပ်လုံးအား ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးသို့ ဆောင်ကြဉ်းပေးကြ ...ည် ကျုံးစစ်ခဲ့ရသော ပြည်တွင်းစစ်နွံအတွင်းမှ အမြန်ဆုံး ဆွဲထုတ်နိုင် ...န် အရေးကြီးသည်။ ထိုးနှက်မှုများ၊ တိုက်ခိုက်မှုများ၊ နိုင်ငံရေးထောင် ...ချောက်များ၊ နိုင်ငံရေးတင်းမာမှုများဖြင့် အဆိုးကျော့သံသရာကို စိတ်နာ၊ ...တွေ့ဖြင့် မျက်ရည်များ စီးကျခဲ့ရရှာသော ဗိုလ်ချုပ်အောင်ဆန်း၏ ...ဉ်သနစ်သည် ယနေ့အချိန်အထိတိုင်လည်း သံသရာစက်ဝန်း လည် ...နေဆဲ ဖြစ်နေပါသလားဟူသည်ကို ယနေ့ခေတ် နိုင်ငံရေးခေါင်း ...ဆောင်များအားလုံး ဆင်ခြင်သုံးသပ်ရပေမည်။

မြန်မာ့နေဦး လျှောက်လှမ်းလိုသော ဒီမိုကရေစီစနစ်သည် မည်သို့ ...စနစ်မျိုးဖြစ်သည်၊ မြန်မာ့နေဦးမှ ဆောင်ကြဉ်းပေးနိုင်သော ဖွံ့ဖြိုးရေး ...ည် မည်သို့သော ဖွံ့ဖြိုးရေးဖြစ်သည်ကို ယနေ့လက်ရှိ နိုင်ငံရေးခေါင်း ...ဆောင်များ၏ အမြော်အမြင်ဖြင့် ဆုံးဖြတ်ကြရမည်သာ ဖြစ်သည်။ နောင် ...မည့် ရာစုနှစ်ဝက်အချိန်ကာလသို့ ရောက်ရှိသော် ကမ္ဘာလုံးဆိုင်ရာ ...ဟိုချက်များအဖြစ်သို့ ရောက်ရှိလာကြမည့် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ...ဒီယံနိုင်ငံများအကြား မြန်မာ့နေဦး မည်သည့်အဆင့်အတန်းရောက် ...နေသည်၊ မြန်မာပြည်သူများ မည်သည့်အဆင့်အတန်းရောက်နေပြီ စသည် ...ကို မျက်မှောက်ပြုကြရပေလိမ့်မည်။ နိုင်ငံတော်သမ္မတကြီး၊ ဒေါ်အောင်

ဆန်းစုကြည်၊ သူရဦးရွှေမန်း၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ တိုင်းရင်းသားခေါင်းဆောင်များ စသည့် ယနေ့ခေတ် နိုင်ငံရေးခေါင်းဆောင်များ ခေတ်အလွန် နောင်လာမည့် နှစ်ပေါင်း ၅၀ တွင် မြန်မာ့ရှေ့ဦး အာရှတွင် ရွှေထီးဆောင်းနေမည်လား၊ အကွဲအပြဲသံသရာနှင့် ပြည်တွင်း စစ်နွံအတွင်း သက်ဆင်းနေဆဲလား ဟူသည်ကို ယနေ့ခေါင်းဆောင်များ၏ လက်ဆင့်ကမ်းပေးမှုက အဆုံးအဖြတ်ပေးမည်သာ ဖြစ်သည်။ သမ္မတအိမ်တော်တွင် မည်သူတက်တက်၊ လွှတ်တော်ဥက္ကဋ္ဌထိုင်ခုံတွင် မည်သူဝင်ထိုင်ထိုင်၊ နိုင်ငံရေးပါတီများကို မည်သူတို့ဦးဆောင်သည်ဖြစ်စေ၊ တိုင်းရင်းသားပြည်နယ်များတွင် မည်သူတို့ အုပ်ချုပ်သည်ဖြစ်စေ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်း နိုင်မာသော ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေရေးအတွက် အရပ်ရပ်နယ်ပယ်စုံ အင်စတီကျူးရှင်းများ မည်မျှနိုင်မာအောင် စွမ်းဆောင်နိုင်ခဲ့သည်ဟူသောအချက်က အဓိကဖြစ်ပေလိမ့်မည်။

ရှင်းအောင်ဆိုရလျှင် ခေါင်းဆောင်များကို အခြေပြုသော နိုင်ငံတည်ဆောက်ရေးအား အင်စတီကျူးရှင်းများကို အခြေပြုသော နိုင်ငံတည်ဆောက်ရေးသို့ ပြောင်းလဲပေးနိုင်ရန် လိုအပ်ခြင်းဖြစ်သည်။

## မြန်မာ့ရှေ့ဦး မြန်မာ့မော်ဒယ်လ်

အရှေ့ဘက်အရပ်သို့ လှမ်းမျှော်ကြည့်လျှင် ထိုင်းနိုင်ငံရေးပဋိပက္ခ၊ ကမ္ဘောဒီးယားနိုင်ငံရေးပဋိပက္ခ၊ အနောက်ဘက်အရပ်သို့ မျှော်ကြည့်လျှင် အီဂျစ်ရှေ့ဦး၏ အဆိုးဝက်ပါ၊ အာရပ်ရှေ့ဦး၏ စောက်မဲ့မှုများ စသည်တို့ကို တွေ့မြင်နိုင်ပေလိမ့်မည်။ မြန်မာ့ရှေ့ဦး ရှေ့သို့ဆက်၍ လျှောက်လှမ်းရာတွင် အချို့ကလည်း အိန္ဒိယမော်ဒယ်လ်ကိုလိုက်၍ ပါလီမန်စနစ်ကို ဖော်ဆောင်သော အင်စတီကျူးရှင်းများ သွတ်သွင်းနိုင်ရန် ကြိုးပမ်းကြကုန်သည်လည်း တွေ့ရှိရပါ၏။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကွန်စတီကျူးရှင်းအရ အနီးစပ်ဆုံးဆင်တူသော အမေရိကန်မော်ဒယ်လ်ကို ရည်ညွှန်းလျက် **Reality** ကို အခြေပြုသော သမ္မတအုပ်ချုပ်ရေးစနစ်ကို ရှေ့ရှုနေသည်ကိုလည်း တွေ့ရှိနိုင်သည်။ ဒီမိုကရေစီသို့ ဗျိုရာလမ်းဝယ် ပါလီမန် ဒီမိုကရေစီ၊ မဏ္ဍိုင်ကြီး ၃ ရပ်ဖြင့်တည်ဆောက်သော ဒီမိုကရေစီ၊ ပါလီမန်

တစ်ဝက်–သမ္မတစနစ်တစ်ဝက် ဒီမိုကရေစီ၊ အရောအနှောပုံစံ ဒီမိုကရေစီ စသည်အားဖြင့် အမျိုးမျိုးအဖုံဖုံ ရှိကြရာ၌ မြန်မာ့ရှေ့ဦး မည်သည့်ဒီမို ကရေစီသို့ ဦးတည်ကြမည်ကို ရွေးချယ်နိုင်ရန် လိုအပ်မည် ဖြစ်သည်။

အမေရိကန် Government Shutdown ဖြစ်စဉ်နှင့်ပတ်သက်၍ အီးယူ၏ စီးပွားရေးဒေါက်တိုင်ကြီးဖြစ်သော ဂျာမဏီဝန်ကြီးချုပ်က မဏ္ဍိုင် ကြီး (၃)ရပ်ခွဲထားသော်လည်း ချိန်ခွင်လျှာမညီမျှမှုကြောင့်ဖြစ်ရခြင်း ဖြစ် ကြောင်း သုံးသပ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပြီး အမေရိကန်အနေဖြင့် ဂျာမဏီမော်ဒယ်လ်ကို ပြန်လည်လေ့လာသင့်ကြောင်း အကြံပြုခဲ့သည်။ သို့သော် ပါလီမန်ဒီမိုကရေစီကျင့်သုံးသော ထိုင်းနိုင်ငံတွင် ရွေးကောက်ပွဲ ဒီမိုကရေစီကို အီလစ်အရွှာတော်လှန်ရေးဖြင့် တွန်းလှန်ဖယ်ရှားနေသည် ကိုလည်း ထည့်သွင်းစဉ်းစားရပေမည်။ တစ်ဖန် မြန်မာနိုင်ငံအနေဖြင့် ပါလီမန်ဒီမိုကရေစီကို လက်တွေ့ကျင့်သုံးဖော်ဆောင်ခဲ့သည့် ခံမှန်မှူး သည့် စာသူငယ်ဖြစ်သောကြောင့် သမ္မတအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲ ခုန်ကျော်လှမ်းခဲ့ခြင်းလည်း ဖြစ်နေသည်။ မိမိတို့ထက် အရင်သွားနှင့်ပြီး ဖြစ်သော အင်ဒိုနီးရှားဒီမိုကရေစီ၊ ဘရာဇီးဒီမိုကရေစီ၊ တောင်အာဖရိကဒီမို ကရေစီတို့ကိုလည်း သင်ခန်းစာယူကြရပေမည်။

အမေရိကန်ကဲ့သို့ Government Shutdown မဖြစ်စေနိုင်သော ပြဋ္ဌာန်းချက်များ ပါဝင်ပြီးဖြစ်သည့် ကွန်စတီကျူးရှင်းတွင် အားသာချက် များရှိနေနိုင်သလို အားနည်းချက်များလည်း ရှိနေမည်မှာ သေချာနေသည်။ အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးအတွက် ကျွမ်းကျင်သူပညာရှင်များ၏ အရပ်ဘက် အင်စတီကျူးရှင်းများ အားကောင်းနိုင်မှုမရှိသေးသည့် အတွက် လက်ရှိ Key Player များက တတ်နိုင်သမျှ ကြိုးစားအားထုတ် ကြရမည် ဖြစ်သည်။ ထိုသို့ အခြေခံဥပဒေပြင်ဆင်ကြရာတွင် မိမိအထိုင်၊ လက်ရှိတည်နေရာကို ဗဟိုပြု၍ သုံးသပ်မည်ဆိုပါက နောင်လာနောက် သားများအတွက် ခိုင်မာသော အခြေခံဥပဒေကို ထားရစ်နိုင်မည် မဟုတ် ပါ။ အပြန်အလှန်ထိန်းကျောင်းမှု အမှန်တကယ် ဖြစ်စေလိုလျှင် အပြန် အလှန် ထိန်းကျောင်းရေးလုပ်ငန်းစဉ် တစ်ပတ်လည်အောင် ဖန်တီးကြရန် လိုအပ်မည်ဖြစ်သလို သမ္မတအုပ်ချုပ်ရေးစနစ် အမှန်တကယ် ခိုင်မာစေ

လိုလျှင် သမ္မတအုပ်ချုပ်ရေးစနစ်အမှန်တကယ် ဖြစ်အောင် စဉ်းစားသုံး သပ်ကြရန် လိုအပ်ပေလိမ့်မည်။ တိုးတက်ပြောင်းလဲလာသော အမေရိကန် ဒီမိုကရေစီတွင် မဏ္ဍိုင်ကြီး (၃) ရပ်သာမက အရပ်ဘက် လူ့အဖွဲ့အစည်း၊ သုတေသနနှင့် Think Tank အဖွဲ့အစည်းများ၊ မီဒီယာနှင့် သီးခြားအင် စတီကျူးများက အပြန်အလှန်ထိန်းကျောင်းရေးယန္တရားကို ထိထိရောက် ရောက် ပံ့ပိုးပေးနေကြပြီဖြစ်သည်။ အပြန်အလှန် ထိန်းကျောင်းမှုနှင့်တူသော အပြန်အလှန်ထိန်းကျောင်းမှုများ ဖြစ်ပေါ်လာရန် အင်စတီကျူးရှင်းများဖြင့် နိုင်နိုင်မာမာ ချမှတ်ခဲ့ရမည်ဖြစ်သည်။

အသွင်ကူးပြောင်းရေးအတွက် နိုင်ငံရေးပဋိညာဉ်လိုအပ်ချက် အရေးကြီးပုံကို ထောက်ပြကြရာ၌ အခြေခံဥပဒေ၌ ပါဝင်ထားပြီးဖြစ်သော တပ်မတော်၏အခန်းကဏ္ဍ၊ နောက်ကြောင်းပြန်အရေးယူမှုများ ကာကွယ် ထားမှု စသည့်ပြဋ္ဌာန်းချက်များကို အားလုံးက လက်ခံနိုင်လျှင် အသွင်ကူး ပြောင်းရေးပဋိညာဉ် ထားရှိပြီးဖြစ်သည့်အခြေအနေသို့ ရောက်ရှိလာနိုင်ပေ မည်၊ အုပ်ချုပ်သူဘက်မှ Risk and Threat များကို တွက်ချက်ရေးဆွဲ ထားသော ပြဋ္ဌာန်းချက်များသည် အပြန်အလှန်လုံခြုံမှုစနစ် Mutual Security System တည်ဆောက်ထားခြင်းဖြစ်ကြောင်းလည်း သတိပြုရန် လိုအပ်ပေမည်။ အုပ်ချုပ်သူများဘက်က မဟာဗျူဟာထွက်ပေါက် ရှာဖွေ ဖန်တီးထားသော စနစ်တကျဆုတ်ခွာရေး အတိုက်အခံဘက်က စနစ် တကျပြောင်းလဲရေးအဖြစ် လက်ခံလိုက်လျှင် အသွင်ကူးပြောင်းရေး ပဋိ ညာဉ်ရရှိပြီးသဘောသို့ ရောက်ရှိစေခြင်းဖြစ်သည်။

ဆိုရလျှင် မြန်မာ့ရှေ့ဦးအတွက် အလိုက်ဘက်ဆုံးမှာ မြန်မာ့မော် ဒယ်လ်သာဖြစ်ပြီး အိန္ဒိယမော်ဒယ်လ်မဟုတ်နိုင်သလို ထိုင်းမော်ဒယ်လ် လည်းမဟုတ်နိုင်ပါ။ သန်း ၆၀ ကို ဖျက်မှောက်ပြုသော မြန်မာ့မော် ဒယ်လ်သည် သန်း ၆၀ ကို လက်တွေ့အမှန်တကယ် ဖျက်မှောက်ပြုနိုင်ခဲ့ ပါလျှင် စံထားရမည့် ကိုယ်ပိုင်အိမ်မက်တစ်ခု ဖြစ်လာမည်ဖြစ်သည်။

**နိဂုံး**

စစ်မလှေကဲသော မြန်မာ့နိုင်ငံရေးကြောင့် စီးကျခဲ့သော မျက်ရည်

မှာ ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးတော့မဟုတ်ပါ။ ပြည်တွင်းစစ်မီးလျှံ
အကြား သားသေ လင်ကွဲ ငိုကြွေးကြကုန်သော မျက်ရည်အပေါင်း
သည်း ရှိခဲ့သည်။ နျူကလီးယားစစ်အတွင်း သက်ဆင်းကျရောက်တော့
တတိယကမ္ဘာစစ်ကြီးကို ကာယ်တင်ခဲ့သူဟု ခေါ်တွင်ကြကုန်သော
းချမ်းရေးဗိသုကာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့် မွေးဖွားရာ
သည် ယခုထက်တိုင် စစ်မီးများ မငြိမ်းနိုင်သေးပါ။ ယခုအချိန်အထိ
ကြီးပြကြီးနှင့် ဝေးရာအရပ်တို့တွင် နိုင်ငံကိုအုပ်ချုပ်နေသည်မှာ နယက
ခိုးရဟု သိရှိနေကြသေးသူများ ရှိနေကြပါသေးသည်။ ပဋိပက္ခယမ်းငွေ့
အကြား အသက်ဘေးလွတ်အောင် ပုန်းရှောင်ပြေးလွှားနေကြရသော
င်းရင်းသားများမှာ ထိုင်း-မြန်မာနယ်စပ် Refugee Camp ၁၁ ခုတွင်
သိန်းခွဲ၊ IDP အဖြစ် လေးသိန်းခွဲ အရေမြောက်အမြား ရှိနေဆဲဖြစ်သည်။
ကျကိရှိ ငြင်းခုံနေကြသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၌ 'စစ်
ဘောင်ဖယ်ရှားရေး'နှင့် 'စစ်ဘောင်ချဲ့ရေး' ဘယ်သင်းက အရင်ဖြစ်သင့်
ည်ကိုလည်း သန်း ၆၀ မျက်နှာဖြင့် ဆင်ခြင်ကြရန်လိုအပ်မည်ဖြစ်သလို
ည်သူ သန်း ၆၀ အနေဖြင့် ဖွံ့ဖြိုးရေး အသီးအပွင့်များကို ၂၀၁၅ ကျော်မှ
းဆွတ်စားသုံးသင့်သည်ဟူသော အတွေးအခေါ်တို့ကိုလည်း ဖယ်ရှား
င့်ပြီဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် သူစိမ်းပြင်ပြင် ဖြစ်နေ
သော ဤမြန်မာ့မြေ၊ ဤပြည်သူတို့အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းကိုယ်
တိုင် အင်္ဂလိပ်ဘုရင်ခံရှေ့တွင် တိတ်တဆိတ် ကြေကွဲမျက်ရည် စီးကျစေခဲ့
သော ပုဂ္ဂလနှင့် အတ္တကို အရင်းပြုသော နိုင်ငံရေးမလေ့မဟောင်းကြောင့်
နစ်ခဲ့ရခြင်းမှ ကင်းဝေးရန် အချိန်တန်နေပြီဖြစ်သည်။

အချုပ်ဆိုရသော် 'ပြည်သူများ ညီညွတ်ကြပါ' ဟူ၍ နိုင်ငံရေးသမား
တို့နှုတ်မှ တဖွဖွ ရွတ်ဖတ်သရဇ္ဈာယ်ကြကုန်သော 'အမျိုးသားညီညွတ်
ရေး' အတွက် နိုင်ငံရေးခေါင်းဆောင်များကိုယ်တိုင် စံနမူနာပြ ညီညွတ်ကြ
ရန် အချိန်တန်နေပြီဖြစ်ကြောင်း၊ ဒီမိုကရေစီ စစ်ခြင်း-မစစ်ခြင်းထက်
သန်း ၆၀ ထမင်းနပ်မှန်ပြီး တိုးတက်ရေးသည်သာ အဓိကဖြစ်ပါကြောင်း
ဦးမောင်းထိုး တင်ပြလိုက်ရပေသည်။

❑

# အမျိုးသားညီညွတ်ရေးနှင့် ပေးဆပ်သူတို့နလုံးသား

## နိဒါန်း

မြန်မာ့နေ့ဦး အသွင်ကူးပြောင်းမှုကို လာရီဒိုင်းမွန်းက အရပ်ရပ်နယ်ပယ်စုံအသွင်ကူးပြောင်းမှု၊ ကဏ္ဍစုံအသွင်ကူးပြောင်းမှုဟု ပညတ်ပြု၏။ မြန်မာ့နေ့ဦး ဖူးပွင့်မှုတွင် ကူးပြောင်းမှု (၃)ရပ်ရှိနေပြီး နံပါတ်တစ်အနေဖြင့် စစ်အုပ်ချုပ်ရေးမှ အရပ်သားအုပ်ချုပ်ရေးသို့ ကူးပြောင်းမှု၊ နံပါတ်နှစ်အနေဖြင့် လက်ဝါးကြီးအုပ် တံခါးပိတ်စီးပွားရေးစနစ်မှ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တံခါးဖွင့်စီးပွားရေးစနစ်သို့ ကူးပြောင်းမှု၊ နံပါတ်သုံးအနေဖြင့် ပဋိပက္ခ၊ မတည်ငြိမ်မှုများမှ အမျိုးသားညီညွတ်ရေးသို့ ကူးပြောင်းမှုဟူ၍ ၎င်းက မှတ်ချက်ပြုသည်။ အင်ဒိုနီးရှား၊ ထိုင်ဝမ်၊ တောင်ကိုရီးယားတို့၏ ကူးပြောင်းမှုများတွင် နိုင်ငံရေးကို တင်းတင်းကျပ်ကျပ်ချုပ်ကိုင်ထားပြီး စီးပွားရေးမျက်နှာစာကို ကွက်၍ ဖြေလျှော့ခြင်းများ ဖြစ်ခဲ့၍ မြန်မာနိုင်ငံကဲ့သို့သော ကူးပြောင်းမှုမျိုး ပုံစံတူ မရှိသေးဘဲ ပုံစံအသစ်ဖြစ်သည်ဟု ဆိုကြသည်။ ဤကူးပြောင်းမှု (၃) ရပ်စလုံးတွင် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုကြီးများရှိနေပြီး ခရီးရှည်ကြီးကို မည်မျှဝေးဝေး ခရီးနှင်နိုင်မည်ကို စောင့်ကြည့်ရန်လည်း မှတ်ချက်ပြုခဲ့သည်။

## ၂၅ ရာခိုင်နှုန်းနှင့် လာရင်းကိစ္စ

လက်ရှိအသွင်ကူးပြောင်းမှုတွင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အကိုးအကားပြု ငြင်းခုံမှုလုပ်နေရသည်က ၂၀၀၈ အခြေခံဥပဒေပင်ဖြစ်သည်။ အသွင်ကူးပြောင်းရေးကာလအတွက် **Rule of the Game** ဖြစ်ခဲ့သော်လည်း လက်ရှိအနေအထားတွင် ပေးထားချက်များကို ပြန်လည်ပြင်ဆင်ရန်အထိ မူအားဖြင့် သဘောတူညီချက်တစ်ရပ် ရရှိနေပြီဟု ဆိုနိုင်သည်။ ပြင်ဆင်ရေးလမ်းကြောင်းကို အစောဆုံး ထုတ်ဖော်ပြောကြားခဲ့သော နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပေးထားချက်ကို ပြင်ဆင်ရန် သက်ခံထားပြီးဖြစ်သလို ပြည်ထောင်စုလွှတ်တော်၊ တပ်မတော်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင်များအားလုံး 'ပြင်ရန်လက်ခံထားကြပြီး'ဖြစ်သည်။ ဤတွင် ဒီမိုကရေစီနည်းမကျဟု အငြင်းပွားနေကြသော '၂၅ ရာခိုင်နှုန်းပါဝင်ခွင့်' နှင့်စပ်လျဉ်း၍လည်း နိုင်ငံတော်သမ္မတကြီး၏ အမေရိကန်ခရီးစဉ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဘန်ကောက်ခရီးစဉ်တို့တွင် 'တဖြည်းဖြည်းချင်းလျှော့ချသွားရမည်' ဟူသည်ကို အတိအလင်းထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်သည်။ ဤသို့ဆိုလျှင် 'တပ်မတော်သားများ လွှတ်တော်ထဲမှ ထွက်ခွာရေး'ကို အငြင်းပွားဖွယ်ရာမရှိ အားလုံးလက်ခံထားကြပြီးဖြစ်သည်ကို သိမြင်နိုင်သည်။ သို့သော် 'ဘယ်အချိန်မှာ ဘယ်ပုံစံဖြင့် ထွက်ခွာမည်နည်း' ဟူသောမေးခွန်းကို ကိုယ်စီကိုယ်စီ ဆက်လက်ဖြေဆိုကြရန်သာ ရှိပေမည်။

မြန်မာ့နိုင်ငံရေးတွင် ကျယ်သထက်ကျယ်လာခဲ့သော 'စစ်ဘောင်' ကို ယခုအခါ လျှော့ချနေပြီဖြစ်သည်ကို ပထမဦးစွာ အသိအမှတ်ပြုရန်လိုအပ်သည်။ မည်သည့်အကြောင်းရင်းများကြောင့် စစ်ဘောင် ဤမျှကျယ်ရသည်ကို စဉ်းစားသုံးသပ်ကြည့်လျှင် When နှင့် How ကို အဖြေထုတ်နိုင်ပါလိမ့်မည်။ ချက်ချင်းထွက်ဆိုသော အိုင်ဒီယာမျိုးသည် အမြော်အမြင်နည်းပါးရာရောက်ပေလိမ့်မည်။ တပ်မတော်သည် ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်နှင့်အညီ ယင်းတို့ကို ထိပါးလာလျှင်၊ ထိပါးလာနိုင်သည်ဟု ယူဆလျှင် ဝင်ရောက်ဆောင်ရွက်ရမည့် အနေအထားဖြစ်သည်။ ပြည်တွင်းလက်

နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းနိုင်မှု မရှိသေးခြင်းသည် စစ်ဘောင်ကျယ် ရခြင်း၏ အကြောင်းရင်းခံတစ်ရပ်ဟု ဆိုက မှားမည်မထင်ပေ။ သို့ဆိုလျှင် ‘ပြည်တွင်းငြိမ်းချမ်းရေးရရှိလာမှု’ နှင့် ‘စစ်ဘောင်ကျဉ်းလာခြင်း’ တို့သည် ပြောင်းပြန်အချိုးကျကျ ဆက်စပ်နေမည်ဖြစ်ကြောင်း သိမြင်သုံးသပ်နိုင်ပေလိမ့်မည်။ တပ်မတော်၏လာရင်းကိစ္စသည် နိုင်ငံရေးပဋိပက္ခများနှင့် လက်နက်ကိုင်ပဋိပက္ခများက မြစ်ဖျားခံလာသည်ကို သတိပြုရန် လိုအပ်ပေမည်။

## တောင်အာဖရိက စံနမူနာ

လတ်တလောမှာပင် ကွယ်လွန်သွားခဲ့သော တောင်အာဖရိက သမ္မတဟောင်း ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် မင်ဒဲလားနှင့်အတူ အသွင်ကူးပြောင်းရေးကို ဖော်ဆောင်ခဲ့သော သမ္မတဟောင်း ဒီကလပ်က မြန်မာအပါအဝင် အီဂျစ်၊ တူနီးရှား၊ ကွန်ဂို၊ ဆူဒန် စသည့်နိုင်ငံများအတွက် အသုံးတည့်လျှင် ယူနိုင်စေရန် ကူးပြောင်းရေးလိုအပ်ချက် (၅) ချက်ကို ရှင်းလင်းခဲ့သည်။ ဒီကလပ်က တောင်အာဖရိကဒီမိုကရေစီကူးပြောင်းရေးနှင့် ယှဉ်၍ သင်ခန်းစာအဖြစ် ဖော်ထုတ်ခဲ့ခြင်းဖြစ်သော်လည်း နိုင်ငံရေးသုခမိန်တို့ နှိုင်းနှိုင်းချိန်ချိန် စဉ်းစားသုံးသပ်နိုင်မည်ဖြစ်သည်။

(၁) တစ်ခုလုံးသဘောဆောင်သော ပြုပြင်ပြောင်းလဲမှုများ လိုအပ်နေခြင်းကို အားလုံးသော နိုင်ငံရေးခေါင်းဆောင်များက ယုံယုံကြည်ကြည်လက်ခံရမည်။ အုပ်ချုပ်သူဘက်မှ ဒီကလပ်နှင့် **National Party** ထိပ်ပိုင်းခေါင်းဆောင်များအားလုံး၊ တော်လှန်သူဘက်မှာ မင်ဒဲလားနှင့် ANC ခေါင်းဆောင်များအားလုံး ထွက်ပေါက်ပိတ်နေသည့် နိုင်ငံရေးအခြေအနေကို အရှိတရားအတိုင်း လက်ခံခဲ့ကြသည်။ အုပ်ချုပ်သူများဘက်မှ အသားအရောင်ခွဲခြားရေးစနစ်ကို ၁၈၀ ဒီကရီပြောင်းလဲရမည်ဟု လက်ခံလာကြပြီး အတိုက်အခံများဘက်ကလည်း အင်အားသုံးတော်လှန်ရေးသည် အလုပ်မဖြစ်တော့ဟူသည်ကို အသိအမှတ်ပြုခဲ့ကြရသည်။ ပိုနေမြ

ကျားနေမြဲ မူလအတိုင်ပုံစံများ ပြောင်းလဲရန်အချိန်တန်ပြီ ဟူသည်ကို နှစ်ဖက်စလုံးတွင် ပါဝင်သော နိုင်ငံရေးခေါင်းဆောင်များက တိတိကျကျ နိုင်နိုင်မာမာ လက်ခံအသိအမှတ်ပြုခဲ့ကြသည်။

(၂) နိုင်ငံရေးအင်အားစုများ အားလုံးပါဝင်သော ဒိုင်ယာလော့များမှထွက်ပေါ်လာသည့်သဘောတူညီချက်များကို အခြေခံဆောင်ရွက်မှသာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု အောင်မြင်မည်။ 'အားလုံးပါဝင်မှု' သည် လွန်စွာမှ အရေးကြီးလှကြောင်း ဒီကလပ်က မီးမောင်းထိုးထောက်ပြခဲ့သည်။ 'အားလုံးပါဝင်သော နိုင်ငံရေးဒိုင်ယာလော့'မှ ထွက်ပေါ်လာသည့် သဘောတူညီချက်သာလျှင် 'အားလုံးလက်ခံသော နိုင်ငံရေးပဋိညာဉ်' ဖြစ်မည်၊ သို့မှသာ ယင်းပဋိညာဉ်များ ရေရှည်တည်တံ့ခိုင်မြဲနိုင်မည်ဟုဆိုသည်။ အင်အားစု တစ်စုဖြစ်စေ၊ နိုင်ငံရေးအဖွဲ့တစ်ဖွဲ့ဖြစ်စေ ကျန်ရစ်ခဲ့ပါက ကျန်ရစ်ခဲ့သော ဟာကွက်မှ အစပြုသော နိုင်ငံရေးယိုယွင်းမှု ကြုံတွေ့လာဖွယ်ရာရှိသည်။

(၃) အားလုံးလက်ခံသော နိုင်ငံရေးပဋိညာဉ်တွင် ပေးဆပ်သူများသာ ဖြစ်ကြရမည်။ ဤအချက်ကို ဒီကလပ် အထူးပင် အလေးပေး ဆွေးနွေးရှင်းလင်းခဲ့သည်။ တွေ့ဆုံဆွေးနွေးမှုမှ ထွက်ပေါ်လာသော နိုင်ငံရေးသဘောတူညီချက်တွင် ပေါက်သူနှင့် ကွဲသူ Winner And Loser မရှိစေရဟု ဆိုသည်။ တစ်ဖန် အထူးသတိထားဖွယ်ရာမှာ သူနိုင်–ကိုယ်နိုင် Win-Win ဖြစ်ရန်မလွယ်သည့်အတွက် အားလုံးသည် အနစ်နာခံ ပေးဆပ်သူများသာ ဖြစ်ရမည်ဟူသော အချက်ဖြစ်သည်။ ဒိုင်ယာလော့စားပွဲဝိုင်းများမှ ထွက်ပေါ်လာသော သဘောတူညီမှုများကြောင့် အနိုင်–အရှုံး မရှိစေရန် ဒီကလပ်က ဥပမာပေး၍ ရှင်းပြခဲ့သည်။ မိမိနယ်မြေဒေသတွင် ပြန်လည် ရှင်းလင်းရာ၌ မိမိဘက်က အေ၊ ဘီ၊ စီ၊ ဒီ အချက်များ ရရှိခဲ့

သည့်အတွက် သူတို့ ဘက်သို့ အီး၊ အက်ဗ်၊ ဂျီ၊ အိတ်ချ် အချက်များ ပေးခဲ့ရသည်၊ ထို့ကြောင့် ရလဒ်သည် တရား မျှတသည်ဟု ရှင်းပြရမည်ဟု ဆိုသည်။ ဒိုင်ယာလော့တွင် အပေး–အယူ ရှိသလို နှာကျင်ဆုံးရှုံးရမှုများလည်း ရှိပေ မည်၊ သို့သော် ကျေနပ်အားရမှုများ ရှိလာမည်ဟုဆိုသည်။ ဒီကာလပ်ဆိုလိုချင်သော သဘောမှာ လူဖြူအနိုင်ရရှိရေး မဟုတ်၊ လူမည်းအနိုင်ရရှိရေးမဟုတ်၊ တောင်အာဖရိက အနိုင်ရရှိရေးကိုသာ ရည်ညွှန်းလိုခြင်း ဖြစ်သည်။ မြန်မာ နေဦးနှင့် ပြန်လည်တိုက်ဆိုင်လျှင် သန်း ၆၀ အနိုင်ရရှိ ရေးကို မျက်မှောက်ပြုကြရန်သာ ဖြစ်သည်။

(၄) ညီညွတ်မှုနှင့် မတူကွဲပြားမှု နှစ်ရပ်အကြား မျှခြေတစ်ခု ရအောင် ရယူရမည်။ ၂၀၁၁ ခုနှစ်အတွင်း လော့လာချက် တစ်ရပ်အရ အပြင်းထန်ဆုံး အကြမ်းဖက်ပဋိပက္ခ ၂၅ ခု အနက် နိုင်ငံအချင်းချင်းအကြား ဖြစ်ပွားသော ဖြစ်စဉ်မှာ ၂ ခုသာရှိပြီး ကျန်ပဋိပက္ခများမှာ နိုင်ငံနယ်နိမိတ်အတွင်းရှိ နိုင်ငံသားများအချင်းချင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများသာ ဖြစ်ကြောင်း ဒီကာလပ်က ဆိုသည်။ အဓိကမေးခွန်းမှာ ကွဲ ပြားခြားနားမှုများကို မည်သို့မည်ပုံ ကိုင်တွယ်ဖြေရှင်းမည် နည်းဟူ၍ ဖြစ်သည်။ ပဋိပက္ခများ ချုပ်ငြိမ်းစေလိုလျှင် ညီ ညွတ်မှုနှင့် မတူကွဲပြားမှုနှစ်ရပ်အကြား မျှတသည့် အခြေ အနေတစ်ရပ် ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်သည်။ ဒေသတစ်ခုခု (သို့မဟုတ်) လူမျိုးစုတစ်စုစုက ယင်းတို့အား ချန်လှပ်ထားသည်၊ ပစ်ပယ်ထားခဲ့သည်ဟု ထင်မြင်ယူဆခဲ့ ပါလျှင် ပဋိပက္ခများ မလွဲမသွေ ဖြစ်ပေါ်လာစေမည် ဟု ဒီကာလပ်က ဆိုသည်။

(၅) အသွင်ကူးပြောင်းစနိုင်ငံများအနေဖြင့် ပြဿနာအကော်အခဲ များကို ဖြေရှင်းရမည့် ဖော်မြူလာတစ်ရပ် မဖြစ်မနေ လိုအပ် သည်။ ဒီကာလပ်ဆိုလိုရင်းမှာ နိုင်ငံရေးလှုပ်ရှား ဆောင်ရွက်

မှုများနှင့်ဆက်စပ်လျက်ရှိသော ရာဇဝတ်မှုများ သင်ပုန်းချေခြင်းဖြစ်သည်။ တောင်အာဖရိက သင်ပုန်းချေရေးကို အတိုချုပ်ဆိုရလျှင် (၁) အတိတ်က ကျူးလွန်ခဲ့သော နိုင်ငံရေးပြစ်မှုများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ (၂) ပြုပြင်ပြောင်းလဲရေးဖော်ဆောင်ပြီးနောက် နှစ်ဖက်သောခေါင်းဆောင်များအား နောက်ကြောင်းပြန်အရေးယူမှုများ မပြုလုပ်ရေး ဖြစ်သည်။ အပေး–အယူ ဒိုင်ယာလော့တွင် အဓိကကြုံတွေ့ရသည့်မေးခွန်းမှာ 'အကယ်၍သာ အာဏာလက်လွှတ်ခဲ့ရလျှင် ဖမ်းဆီးမည်လား၊ အရေးယူမည်လား' ဟူသော အချက်ဖြစ်သည့်နည်းတူ အခြားတစ်ဖက်တွင်လည်း 'နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရေး' ဟူသော တောင်းဆိုချက်ရှိခဲ့ကြောင်း ဒီကလပ်က ဆိုသည်။ ထိုသို့ မလွှဲမသွေကြုံတွေ့ရမည့် ပြဿနာများကို ဖြေရှင်းနိုင်မည့် အားလုံးလက်ခံသော ဖော်မြူလာတစ်ရပ်ရှိမှသာ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်သည်။ အုပ်ချုပ်သူများအနေဖြင့် အာဏာလက်လွှတ်ရလျှင် တစ်ချိန်က အုပ်ချုပ်ခံဖြစ်ခဲ့သူတို့၏ လက်စားချေခြင်းကို ကြုံတွေ့မျှော်လင့်ထားတတ်သဖြင့် ယင်းတို့၏လုံခြုံမှုကို အာမခံပေးနိုင်ရမည်ဖြစ်သည်။ အလားတူ ANC ၏ တောင်းဆိုချက်အရ သွေးအေးအေးဖြင့် လူအများကို သတ်ဖြတ်ခဲ့သော အကြမ်းဖက်သမားများကိုလည်း လွှတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ရသည်ဟု ဒီကလပ်က ဆိုသည်။

## ပေးဆပ်ခြင်းလား၊ ရယူခြင်းလား

အသားအရောင်ကွဲပြားမှုကို အခြေခံ၍ ဖြစ်ပေါ်ခဲ့သော တောင်အာဖရိက အသားအရောင်ခွဲခြားရေးမှာ ဘက်နှစ်ဖက်တည်းသာ ရှိခဲ့ပြီး မင်ဒဲလားရဲ့ ANC နှင့် ဒီကလပ်၏ National Party တို့၏ ပဋိပက္ခဖြစ်ခဲ့ကြောင်း တွေ့ရှိနိုင်သည်။ **Black And White** ပဋိပက္ခသည် ANC နှင့်

National Party တို့အကြား နိုင်ငံယာဉ်ဖြင့် အပေး-အယူလုပ်ကာ ဒီမိုကရေစီကူးပြောင်းရေးကို လှလှပပကူးပြောင်းသွားခဲ့ကြခြင်း ဖြစ်သည်။ မြန်မာနိုင်ငံရေးနှင့် မျဉ်းတန်းသဘောယူသော် မရလောဟု အမေးရှိပါက လက်ရှိ မြန်မာနိုင်ငံရေး Key Player မည်မျှရှိနေသည်ကို ရောက်ကြရန်သာ ညွှန်းဆိုလိုပေသည်။ လက်ရှိအနေအထားအရ ရယူလိုသည့်ဘက်၌ မည်မျှရှိသည်၊ ပေးဆပ်လိုသည့်ဘက်၌ မည်မျှရှိသည်ကို ဆန်းစစ်ကြည့်လျှင် မြန်မာနိုင်ငံရေး ထွက်ပေါက်ပိတ်ရခြင်းအကြောင်းကို စေ့ငုံမိကြပေလိမ့်မည်။ ပေါက်သူနှင့် ကွဲသူ၊ အနိုင်နှင့်အရှုံး တွက်ချက်မှုများ ရှိနေသေးသရွေ့တော့ ရှေ့ပြည်တော် မျှော်တိုင်းဝေးနေဦးမည်သာ ဖြစ်သည်။

အမှန်တကယ်တော့ နိုင်ငံတည်ဆောက်ရေးသည် ရယူခြင်းမဟုတ်၊ ပေးဆပ်ခြင်းသာဖြစ်သည်ဟူသော ဒီကလပ်၏ စကားကို နှလုံးသားဖြင့် နာယူနိုင်ခဲ့လျှင် အမျိုးသားညီညွတ်ရေးဟူသည် တောင်းဆိုနေစရာပင် လိုအပ်တော့မည် မထင်ပေ။

❑

## အမြော်အမြင်အခြေပြုနိုင်ငံရေးနှင့် Track-Two Engagement

### နိဒါန်း

စစ်ဘက်အုပ်ချုပ်ရေးမှ အရပ်သားအုပ်ချုပ်ရေးသို့ ကူးပြောင်းရာတွင် မြန်မာနိုင်ငံနှင့်နီးစပ်သော မော်ဒယ်လ် ၂ ခုရှိပြီး တစ်ခုမှာ အင်ဒိုနီးရှားမော်ဒယ်လ်ဖြစ်ပြီး ကျန်တစ်ခုမှာ ဘရာဇီးမော်ဒယ်လ်ဖြစ်သည်။ စတန်းဖို့ဒ်တက္ကသိုလ် Center on Democracy, Development, and the Rule of Law ၏ ဒါရိုက်တာဖြစ်သူ၊ မြန်မာနိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်လေ့လာသွားခဲ့သော လာရီဒိုင်းမွန်း၏အဆိုအရ အမျိုးသားလုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာချမှတ်မှုများတွင် အရပ်ဘက်လူ့အဖွဲ့အစည်း၏ အားကောင်းနိုင်မှု အဓိကလိုအပ်ချက်ကို ထောက်ပြခဲ့သည်။ လွှတ်တော်တွင်းရောက်ရှိနေသော စစ်ဘက်အရာရှိကိုယ်စားလှယ်များ အပြီးတိုင်ထွက်ခွာရေးကို အင်ဒိုနီးရှားမော်ဒယ်လ်ဖြင့် လာရီဒိုင်းမွန်းက ဖြစ်နိုင်ခြေတင်ခဲ့သည်။ အလားတူ အမြဲတမ်း ဝန်ကြီးသုံးနေရာ (ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ)ပုံသေ ရယူထားသည့် အနေအထားကိုလည်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၌ အရပ်ဘက်စွမ်းဆောင်ရည် မြင့်မားလာမှုနှင့် ချိတ်ဆက်ပေးသည်။ လာရီဒိုင်းမွန်း၏ ယူဆချက်မှာ အင်ဒိုနီးရှားနမူနာအတိုင်း 'စစ်

ဆောင် တဖြည်းဖြည်းချင်း လျှော့ချရေး'ကို ညွှန်းဆိုထားပြီး ဘရာဇီး မော်ဒယ်လ်အတိုင်း အရပ်ဘက်အဖွဲ့အစည်းများအားကောင်းရေးကို အချိန် ပေးတည်ဆောက်ယူရန် မှတ်ချက်ပြုသည်။

## အရပ်ဘက်-စစ်ဘက်ဆက်ဆံရေး

စစ်ဘက်အုပ်ချုပ်ရေးမှ အရပ်သားအုပ်ချုပ်ရေးသို့ ကူးပြောင်းရာတွင် တွေ့ကြုံရစမြဲဖြစ်သော ခုခံမှုများကို ဘရာဇီးဥပမာဖြင့် နှိုင်းယှဉ်ပြခဲ့သည်။ စစ်ဘက်ဆိုင်ရာ အင်စတီကျူးရှင်းများက ရယူထားသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် အရပ်ဘက် အင်စတီကျူးရှင်းများက မည်မျှအတိုင်းအတာအထိ လွှဲပြောင်းတာဝန်ယူဆောင်ရွက်နိုင်မည်နည်းဟူသောမေးခွန်းသည် မြန်မာ့ရှေ့ဦး၏ အရပ်ဘက်– စစ်ဘက်ဆက်ဆံရေး၏ အဖြေပင်ဖြစ်သည်။ စိတ်ဝင်စားဖွယ်ရာကောင်းသည်မှာ လာရီဒိုင်းမွန်း ထောက်ပြထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပါရှိသော တပ်မတော်၏ 'စစ်ဘက်ဆိုင်ရာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ဖြစ်သည်။ ယင်းအချက်ကို လာရီဒိုင်းမွန်းက စစ်ဘက်အုပ်ချုပ်ရေးအောက်တွင် ဆယ်စုနှစ် (၂) စုမျှ တည်ရှိခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုသို့ ရောက်ရှိခဲ့သော ဘရာဇီး အတွေ့အကြုံအရ သမ္မတနိုင်ငံတော်အသစ်တွင် ဘရာဇီးစစ်တပ်ပါဝင်ခွင့်ရှိသည့်အခြေအနေနှင့် ချိန်ထိုးထောက်ပြခဲ့သည်။

အရပ်ဘက်–စစ်ဘက် ဆက်ဆံရေးဆိုင်ရာ ကျွမ်းကျင်သူ အဲဖရက်စတီဖင်၏ လေ့လာတွေ့ရှိချက်အရ နိုင်ငံရေးပဋိပက္ခများ ဖြေရှင်းဆောင်ရွက်ရာတွင် ဘရာဇီးစစ်တပ်အနေဖြင့် တရားဝင် ပါဝင်ခွင့်ရှိသည်ဟု ခံယူခဲ့ပြီး အရပ်သားများက ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ကြီးစားလွှမ်းမိုးနိုင်ရေးမှာ နေ့ချင်းညချင်း အချိန်တိုတိုအတွင်း မဖြစ်နိုင်ကြောင်း လာရီဒိုင်းမွန်းက အလေးပေးတင်ပြခဲ့သည်။ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာချမှတ်မှု၊ နည်းဗျူဟာရေးဆွဲမှုများတွင် အရပ်သားများ ဝင်ရောက်ဆောင်ရွက်နိုင်ရေးမှာ မြန်မာနိုင်ငံကဲ့သို့ အရပ်ဘက်အင်စတီကျူးရှင်းများ အားနည်းလှသည့် ဒီမိုကရေစီကူးပြောင်းမှု

ှင့် ပိုမို၍ စောက်ခံနိုင်သည်ဟု ၎င်းက ဆိုသည်။ ထို့ထက်ပို၍ အရေးကြီး သည်မှာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အင်စတီကျူးရှင်းများ၏ ကြိုက်ကြီးကြပ်အမိန့်ပေးသည့်စနစ်တွင် အရပ်သားကျွမ်းကျင်သူများ ဝင် ရောက်အမိန့်ပေးနိုင်ရေးမှာ လက်ရှိမြန်မာနိုင်ငံအနေအထားအရ များစွာ အချိန်ယူ တည်ဆောက်ရမည်ဟု လာရီဒိုင်းမွန်းက ဆိုသည်။ ပို၍ဆိုးသည် မှာ မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ရာစုဝက်နီးပါး စစ်ဘက်အင်စတီကျူးရှင်းများ ခိုင်မာသည်ထက်ခိုင်မာလာခဲ့ပြီး အရပ် ဘက်အင်စတီကျူးရှင်းများ အားနည်းသည်ထက် အားနည်းလာခဲ့ခြင်း ကြောင့် အရပ်ဘက်–စစ်ဘက်ဆက်ဆံရေး ချိန်ခွင်လျှာ အသွင်သစ်ပြောင်း နိုင်ရေးမှာ ကြီးမားလှသော စိန်ခေါ်မှုကြီးဖြစ်နေခြင်းပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းရေးမှာ 'စစ်ဘောင်ချဲ့ရေး' သက် သက်နှင့် ပြည့်စုံနိုင်ခြင်းမရှိဘဲ 'အရပ်ဘောင်ချဲ့ရေး'ကိုလည်း မြှင့်တင် သွားရမည့်သဘောဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးနည်းတူ အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာ၊ ကြီးကြပ် ကွပ်ကဲမှု စသည်တို့မှာ သက်ဆိုင်ရာနိုင်ငံတိုင်း၏ ထိပ်တန်းဦးစားပေး ကိစ္စဖြစ်ရာ ယင်းနယ်ပယ်တွင် အရပ်သားများ၏ ပါဝင်နိုင်မှုမြှင့် တင်ရေးမှာ တဖြည်းဖြည်းချင်း ဆောင်ရွက်ရမည့် အနေအထားဖြစ်သည် ဟုလည်း ဆိုသည်။

## ဗဟုဝါဒနှင့် မြန်မာနိုင်ငံ

၁၉၇၄ တတိယလှိုင်း၏နောက်ပိုင်း ပေါ်ထွန်းလာသော ဒီမိုကရေစီ ကူးပြောင်းသည့်နိုင်ငံများတွင် မြန်မာနိုင်ငံသည် မတူကွဲပြားမှု ကြွယ် ဝလှသောအများဆုံး တည်ရှိနေသည့်နိုင်ငံဖြစ်ပြီး လွတ်လပ်ရေး ရရှိခဲ့ သည့် ၁၉၄၈ နောက်ပိုင်း ပြည်တွင်းစစ်နှင့် တောက်လျှောက်နပမ်းလုံးလာ ခဲ့သော နိုင်ငံလည်းဖြစ်နေသည်။ အတိတ်တွင် ကြုံတွေ့ခဲ့ရသော ခွဲထွက် ရေးအန္တရာယ်များနှင့် တန်းတူရေးပဋိပက္ခများအရ မြန်မာ့ခေါင်းဆောင်ဦး၏ အမိက အပြာန်းအတားမှာ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဟုတ်ဘဲ တိုင်းရင်းသားပဋိပက္ခ ပြေလည်စေပြီး ပြည်တွင်းငြိမ်းချမ်းရေး

တည်ဆောက်နိုင်စေမည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ဖြစ်ကြောင်း လာရီဒိုင်းမွန်းက ထောက်ပြထားသည်။ တိုင်းရင်းသားလူမျိုးစု ရာကျော်ရှိသော မြန်မာနိုင်ငံ၏ ပဒေသာကုံယဉ်ကျေးမှု(ဗဟုဝါဒ)ကို ဒီမိုကရေစီကူးပြောင်းရေးနှင့် ပေါင်းစပ်၍ အမျိုးသားနိုင်ငံတော် Nation State တစ်ရပ်အဖြစ် အချိန်တိုတိုအတွင်း ငြိမ်းငြိမ်းချမ်းချမ်း တည်ဆောက်ရန်မှာလည်း မလွယ်ကူလှဟု ဆိုသည်။ လာရီဒိုင်းမွန်းက မြန်မာနိုင်ငံအတွက် နမူနာဖော်ဒရယ်လ်မှာ ပြည်နယ်အများ ပေါင်းစည်းထားသည့် နိုင်ငံတော် State-Nation တစ်ရပ်ဟု ညွှန်းဆိုသည်။ တိုင်းရင်းသားလူမျိုးစု အများအပြားဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတော်ဖြစ်၍ အမျိုးသားရေးသင်္ကေတမှာ ဗဟုသင်္ကေတဖြစ်နေပြီး ယင်းဗဟုသင်္ကေတသည်ပင် နိုင်ငံတော်၏ဝိသေသနှင့် နိုင်ငံသားတို့၏ သစ္စာစောင့်သိမှုကို ကိုယ်စားပြုခြင်း ဖြစ်သည်။ 'မြန်မာ' ဟူသောစကားရပ်သည် ဗဟုဝါဒနှင့် ပြည်နယ်များပေါင်းစည်းထားသည့်နိုင်ငံတော် State-Nation ကို ဖြုလွှမ်းနိုင်ခြင်း ရှိ-မရှိ စဉ်းစားကြရန် လိုအပ်မည်ဖြစ်သည်။ 'ဗမာ' သည် တိုင်းရင်းသားလူမျိုးစုတစ်ရပ်ဖြစ်ပြီး အခြားသောတိုင်းရင်းသားများ နေထိုင်ရာ ပြည်နယ်များတွင်လည်း ဗမာတိုင်းရင်းသားများ ရှိနေကြသည်။ ဤသည်မှာ အိန္ဒိယရှိ ပြည်နယ်များနည်းတူ ပြည်နယ်တစ်ရပ်တည်းတွင် တိုင်းရင်းသားမျိုးနွယ်စုတစ်စုသာမကဘဲ အများအပြား ပျံ့နှံ့နေထိုင်ခြင်း ဖြစ်နေသည်။

လက်ရှိမြန်မာ့နိုင်ငံရေး ဆုံချက်ဖြစ်သော 'ဖက်ဒရယ်ပြည်ထောင်စု' တည်ဆောက်ရေးသည် လာရီဒိုင်းမွန်းညွှန်းဆိုသော ဗဟုဝါဒနှင့် State-Nation ပင် ဖြစ်သည်။ ပြည်နယ်တစ်ခုနှင့်တစ်ခု လုပ်ပိုင်ခွင့် မတူညီဘဲ ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေးအပ်ထားသော ဖက်ဒရယ်ပြည်ထောင်စုစနစ်၊ တိုင်းရင်းသားလူမျိုးစုများကို လုပ်ပိုင်ခွင့် အခွင့်အာဏာများ ခွဲဝေပေးထားသော အုပ်ချုပ်ရေးစနစ်၊ ဤပြုပြင်ပြောင်းလဲမှုနှစ်သွယ်သည် မြန်မာနိုင်ငံ၏ အမျိုးသားတည်ဆောက်ရေးအတွက် အမိုအမြင်း အကိုးအကား ပြုနိုင်ဖွယ်ရာရှိကြောင်း လာရီဒိုင်းမွန်းက ဆိုသည်။ ဤသည်မှာလည်း လက်ရှိရှေ့တန်းရောက်လျက်ရှိသော 'ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး' လမ်းကြောင်း၏ လားရာဖြစ်နေသည်။ တိုင်းရင်းသားပဋိပက္ခ၊

နိုင်ငံရေး ပြဿနာ၊ လက်နက်ကိုင်တော်လှန်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ သယံဇာတခွဲဝေရေး၊ ပြည်နယ်များ၏ လုပ်ပိုင်ခွင့် စသည်တို့မှာ ခေတ်အဆက်ဆက် မဆုံးနိုင်သော အဆိုးသံသရာ၏ အရင်းအမြစ်များဖြစ်နေပြီး ယင်းအဆိုးသံသရာ၏ တည်ငြိမ်မှုကို တပ်မတော်နှင့်ထိန်းထားရခြင်းကို ဖြိုခွင်းနိုင်လျှင် '၂၅ ရာခိုင်နှုန်း ချက်ချင်းထွက်ခွာရေး' သည် ထွက်ပေါက်လား၊ အကျပ်အတည်းလား မှန်းဆနိုင်ပေလိမ့်မည်။

## အမြော်အမြင်အခြေပြု နိုင်ငံရေး

မြန်မာ့နိုင်ငံရေးခေါင်းဆောင်တို့သည် လက်ရှိမြန်မာ့နိုင်ငံရေး၏ အရေးကြီးဆုံးသော အချိုးအကွေ့ကို ချိုးကွေ့ကြတော့မည် ဖြစ်သည်။ အသားတွေ လက်ရှိအချိုးအကွေ့၏ရလဒ်ပေါ်တွင် မြန်မာ့နိုင်ငံရေး အနာဂတ် လုံးလုံးလျားလျား တည်မှီနေပေသည်။ ရင်နှင့်အမျှခံစားခဲ့ရသော ခံစားမှုတို့သည်လည်းကောင်း၊ စိုးရိမ်မှုတို့ကိုဖြစ်ပေါ်စေခဲ့သော ခြောက်အိပ်မက်တို့သည်လည်းကောင်း၊ အထိုင်ပေါင်းနှင့် အထိုင်ကျမှုတို့သည် လည်းကောင်း မြန်မာ့နိုင်ငံရေးအချိုးအကွေ့တွင် အရပ်ရှစ်မျက်နှာ ပေးဆပ်ခြင်းများရှိလာနိုင်ပေသည်။ သို့သော် အနိုင်ပေးရမည့် သန်း ၆၀ သည် အနှစ်နှစ်အလလ အမှောင်နှံ့တွင်းမှ ယခုတိုင် အလင်းရောင်မှန်ပျပျအောင် မျှော်လင့်ချက်ရောင်ခြည် ရေးရေးကလေးသာ မြင်နေရသေးသည့် အခြေအနေမှန်ကို ထည့်တွက်ကြရန် အရေးကြီးသည်။

လက်ရှိ ပေးထားချက်မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်သည်။ မြန်မာ့နွေဦး၏ ရှေ့လာမည့်ခြေလှမ်းမှာ 'ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး' ဖြစ်ပြီး ဤသည်ကို နိုင်ငံတော်သမ္မတကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်၊ တိုင်းရင်းသားခေါင်းဆောင်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် ပြည်သူများအားလုံး လက်ခံထားကြပြီးဖြစ်သည်။ ထို့ကြောင့် ပြင်ဆင်ရေးလား- အသစ်ရေးဆွဲရေးလား၊ ပြင်မည်လား-မပြင်ဘူးလား ဝိဝါဒကွဲပြား အငြင်းပွားနေစရာမလိုဟု ယူဆရပေမည်။

သူပြင်လိုသည်နှင့် ကိုယ်ပြင်ချင်သည့်အရာ၊ အခြားသော Stake-

holder များ ပြင်ဆင်လိုသည့် အချက်အမျိုးမျိုးကွဲပြားလျက် တူညီနိုင်မည် မဟုတ်ပါ။ အရေးကြီးသည်မှာပြင်ဆင်ရေးအတွက် အချိန်ကန့်သတ်ချက် ရှိနေခြင်း ဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲမတိုင်မီ ပြင်ဆင်ရေး ပြီးပြတ် အောင် လုပ်ရမည်။ ပြင်လိုသည်များမှာ အများအပြားရှိနိုင်သော်လည်း ဤအချိန်ကန့်သတ်ချက်အတွင်း ပြင်ဆင်နိုင်ရန်အတွက် ဘုံတူညီချက် မည်သည့်အချက်များတွင် ရှိနေသည်ဟူသောအချက်မှာ အရေးကြီးသည်။ မိမိပြင်ဆင်လိုသောအချက်သည် ၂၀၁၅ မတိုင်မီ ပြီးပြတ်အောင် ဆောင် ရွက်နိုင်ခြင်း ရှိ–မရှိ နှိုင်းယှဉ်ချင့်ချိန်၍ အဖြစ်နိုင်ဆုံးသော ပြင်ဆင်ချက် ကို ရွေးဆုံးတင်ရန် လိုအပ်ပေလိမ့်မည်။ ၂၀၁၅ မတိုင်မီ မည်သည့်အချက် များ ပြင်ဆင်ရေးကို ပြီးပြတ်အောင်ပြင်ဆင်မည်၊ ၂၀၁၅ အလွန်တွင်တော့ မည်သည့်အချက်များ ပြင်ဆင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဟူသော ပြင်ဆင်ရေးမဟာဗျူဟာကို ရေးဆွဲရန် လိုအပ်ပေမည်။ ဘုံတူ ညီသော ပြင်ဆင်ရေးသာလျှင် ၂၀၁၅ မတိုင်မီ ပြီးပြတ်နိုင်မည်ဖြစ်ပြီး ဘုံမတူညီသော ပြင်ဆင်ရေးသည် ၂၀၁၅ မတိုင်မီ ပြီးပြတ်ရန် လွယ်မည် မထင်ပါ။ ကိုယ့်ဘက်က လိုချင်သည်ကို ဦးတည်ကြရာ၌ သူ့ဘက်က လိုချင်သည်ကိုလည်း အာရုံပြုနိုင်မှသာ ဘုံတူညီချက် ရှာဖွေနိုင်ပေလိမ့် မည်။

ဘုံတူညီချက် ရှာဖွေရေးအတွက် အရေးကြီးသည်မှာ အမြော်အမြင် အခြေပြုနိုင်ငံရေး Vision-Based Politics သာလျှင်ဖြစ်ပြီး အမြော်အမြင် အခြေပြုနိုင်ငံရေးတွင် လူသိထင်ရှားစေ့စပ်ညှိနှိုင်းမှုများ ရှိရမည်ဖြစ်သော် လည်း စေ့စပ်ညှိနှိုင်းရေးဒိုင်ယာလော့သဘောတရား၌ လူမသိသူမသိ စေ့စပ်ညှိနှိုင်းမှုဟုဆိုအပ်သော Track-Two Engagement များသာ အဓိက ဖြစ်ပေသည်။ တိုးတိုးတိတ်တိတ် စားပွဲဝိုင်းအများအပြားကို အကြိတ် အနယ် ဖြတ်သန်းပြီးမှသာ ခမ်းခမ်းနားနား လူသိထင်ရှား စားပွဲဝိုင်းကြီး များသို့ရောက်ရှိနိုင်သော သဘောတရားရှိပါကြောင်း မီးမောင်းထိုး တင်ပြ လိုက်ရပေသည်။

❑

အိုက်ဒီယာများ

## Location, Location And Location

### အမြင်သစ်၊ သီအိုရီအသစ်

ဘောဂဗေဒပညာရှင်များ ခေတ်အဆက်ဆက်စဉ်းစားဖော်ထုတ်ကြသည့် မေးခွန်းဟောင်းများမှာ–

(၁) နိုင်ငံတချို့က ကျန်နိုင်ငံများထက် မည်သည့်အတွက်ကြောင့် ပိုမိုချမ်းသာကြွယ်ဝနေကြသနည်း၊

(၂) အမေရိကန်နှင့် ဥရောပနိုင်ငံများ ပထမကမ္ဘာပြဿနာများနှင့် ရုန်းကန်နေရချိန်တွင် အခြားနိုင်ငံတချို့မှာ မည်သည့်အတွက်ကြောင့် ဆင်းရဲနွမ်းပါးမှုတွင် လုံးပါးပါးနေရသနည်းဟူ၍ ဖြစ်သည်။

ယင်းမေးခွန်းများအတွက် အဖြေများကိုလည်း အမျိုးမျိုးအဖုံဖုံ တွက်ချက်ခဲ့ကြသည်။ နိုင်ငံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများအဖြစ် (၁) နိုင်ငံရေး အင်စတီကျူးရှင်းများနှင့် (၂) ယဉ်ကျေးမှု ဟူသော စာစ်ဖြစ် (၂) ရပ်ကို ဘောဂဗေဒပညာရှင်များက အဖြေထုတ်ခဲ့ကြသည်မှာ ဆယ်စုနှစ်နှင့်ချီ၍ တည်တံ့ခဲ့သည်။ ထင်ရှားကျော်ကြားသည့် ဘောဂဗေဒပညာရှင် ဂျရက်ဒိုင်းမွန်းက လူ့အဖွဲ့အစည်း

များအနေဖြင့် ယိုယွင်းပျက်စီးစေရာသော အကျပ်အတည်းများ၊ အကြောင်းတရားများကို ကျော်လွှားနိုင်မှသာ ဖွံ့ဖြိုးရေးသို့ ဈေးရာလမ်းတစ်လျှောက် ခရီးပေါက်နိုင်မည်ဟု ဆိုသည်။

သို့သော် ထင်ရှားကျော်ကြားသည့် ကိုလံဘီယာတက္ကသိုလ်မှ ဘောဂဗေဒပညာရှင် ဂျက်ဖရီဒီဆက်ချ်နှင့် ကယ်လီဖိုးနီးယားတက္ကသိုလ်မှ ဂေါ်ဒွန်မက်ကော့တို့၏ ၂၀၁၃ ခုနှစ်အတွင်း ပြုလုပ်ခဲ့သော သုတေသနအရ စီးပွားရေးဆိုင်ရာအင်စတီကျူးရှင်းများမှာ ပင်မအကြောင်းတရားများ မဟုတ်တော့ဘဲ ဘောဂဗေဒအတွေးသစ်၊ အမြင်သစ်များကို မီးမောင်းထိုးတင်ပြခဲ့ကြသည်။ ယင်းဇာစ်မြစ်အကြောင်းတရားများကို အခြေခံ၍ မည်သည့်နိုင်ငံများက မည်သို့လုပ်ဆောင်ခဲ့သည်၊ မည်သည့်အတွက်ကြောင့် ဆင်းရဲနွမ်းပါးသောနိုင်ငံများ ဆင်းရဲခြင်း သံသရာလည်နေကြသည် စသည်တို့ကို ရှင်းလင်းပြဆိုခဲ့သည်။

## ဖွံ့ဖြိုးရေးနှင့် ပထဝီ

ဘောဂဗေဒပညာရှင် အတော်များများ ထောက်ပြနေသည့် ဖွံ့ဖြိုး



...ကို ဟန့်တားစေနိုင်သော အင်စတီကျူးရှင်းများ၊ အခြေခံအဆောက် ...များကို နိုင်ငံများက အပြောင်းအလဲဖြစ်စေရန် ဖန်တီးနိုင်သော်လည်း ...ပြောင်းလဲနိုင်သော မူလပထဝီဝင်ဆိုင်ရာ အကြောင်းတရားများကို ဂျက် ...ဒီဆက်ချ်က ဖော်ထုတ်ဆန်းစစ်ပြခဲ့သည်။ နိုင်ငံများပထဝီဝင်၏ တည် ...များ ယင်းပထဝီဝင်နေရာဒေသတွင် တည်ရှိနေသည့် သယံဇာတ၊ ...သောချက်စသည့် Contents of Earth များက ယင်းနိုင်ငံများ မည်မျှ ...တက်နိုင်သည်ကို ပြသနေသည်ဟု ဆက်ချ်က ဆိုသည်။

အထက်ပါမြေပုံသည် ကမ္ဘာ့နိုင်ငံများ၏ တစ်ဦးချင်းဂျီဒီအလိုက် ...ခြားဖော်ပြထားခြင်းဖြစ်သည်။ ဘောဂဗေဒပညာရှင်အတော်များများက ...မြေပုံပါ ပထဝီအနေအထားသည် ကိုလိုနီနိုင်ငံ ကျရောက်ခဲ့မှုအရသော် ...ည်းကောင်း၊ နိုင်ငံရေးစနစ် တော်လှန်ရေးများအရသော်လည်းကောင်း ...ခြင်းစာတ်လမ်းစာတ်ကွက်များကို ကိုယ်စားပြုနေကြောင်း ဖွင့်ဆိုကြပေ ...မည်။ အမှန်တကယ်တော့ အထက်ပါ ဂျီဒီပီပြမြေပုံသည် သမိုင်းပုံ ...ဟန် ပြဆိုနေသည့်အနေအထားထက် များစွာပိုမိုနက်ရှိုင်းနေကြောင်း ...ဘ်ချ်နှင့် မက်ကော့တို့က ဆိုသည်။ ဒေသအလိုက် သဘာဝအရင်း ...ဖြစ်၊ ပထဝီအနေအထားတည်ရှိမှု ကွာခြားချက်များက မည်သည့်နိုင်ငံ ...များကတော့ လွယ်လွယ်ကူကူဖွံ့ဖြိုးနိုင်သည်၊ မည်သည့်နိုင်ငံများကတော့ ...ခြားနိုင်ငံများထက် ပိုမိုအချိန်ယူကြိုးပမ်းရမည် စသည်တို့ကို ဖော်ပြနေ ...င်းဖြစ်ကြောင်း ပညာရှင်နှစ်ဦးက ဆိုသည်။

## စက်မှုတော်လှန်ရေး ပထမလှိုင်း

ရေနွေးငွေ့အင်ဂျင်ပေါ်ထွန်းလာမှုကို ပြန်လည်သုံးသပ်ကြည့်လျှင် ...က်မှုတော်လှန်ရေး၏ မှတ်တိုင်ဖြစ်သော ရေနွေးငွေ့အင်ဂျင်ကို စျေးကွက် ...ပွားရေးအားကောင်းပြီး အသိပညာ၊ အတတ်ပညာရှေ့တန်းရောက်သော ...တိန်နိုင်ငံက တီထွင်ထုတ်လုပ်ခဲ့သည်။ ဤနေရာတွင် စီးပွားရေးနှင့် ...ိုင်ငံရေးအင်စတီကျူးရှင်းများ ချမှတ်ထူထောင်ရာတွင် ဗြိတိန်နိုင်ငံထက် ...ိုအချိန်စောပြီး ပိုမိုနိုင်မာအားကောင်းခဲ့သည်မှာ နယ်သာလန်နိုင်ငံ ...ဖြစ်သည်။ ဘောဂဗေဒပညာရှင်အများအပြား၏ အကောက်အယူအရ

ဆိုလျှင် နိုင်မာအားကောင်းသော အင်စတီးကျူးရှင်းများကို ဗြိတိန်ထက် စော၍ ပိုင်ဆိုင်ထားခဲ့သည့် နယ်သာလန်နိုင်ငံက စက်မှုတော်လှန်ရေး၏ ဦးဆောင်သူမဖြစ်ခဲ့ဘဲ မည်သည့်အတွက်ကြောင့် ဗြိတိန်နိုင်ငံက စက်မှုတော်လှန်ရေးပထမလှိုင်းကို ဦးဆောင်သူဖြစ်ခဲ့ရသနည်းဟု ဆက်ချ်နှင့် ကော့တို့က ဆိုသည်။

ဗြိတိန်နိုင်ငံအနေဖြင့် စီးပွားရေးနှင့် နိုင်ငံရေးအင်စတီကျူးရှင်းများ မရှိခဲ့လျှင် လူ့အဖွဲ့အစည်းနှင့် လူ့သမိုင်းကိုအပြောင်းလဲကြီး ပြောင်းလဲစေခဲ့သော မဟာတီထွင်မှုကြီးကို ခုန်ပျံကျော်လွှား တီထွင်ဖန်တီးနိုင်မည် မဟုတ်ပေ။ အမှန်စင်စစ် အင်္ဂလန်၏စီးပွားရေးတိုးတက်မှုသည် ပထဝီရူပ ဆိုင်ရာမျိုးဗီဇ Geophysical DNA အကြောင်းတရားများက စီးဆင်းလာသည်ဟု ဆက်ချ်နှင့် ကော့တို့ကဖွင့်ဆိုသည်။ နီယိုဥရောပဟု ခေါ်တွင်ခဲ့ကြသော အာကျင်တီးနားနှင့် ဩစတြေးလျနိုင်ငံများ၏ အဓောသုံးတိုးတက်ဖွံ့ဖြိုးခဲ့ခြင်းတွင်လည်း ပထဝီရူပဆိုင်ရာမျိုးဗီဇသည် ကြီးမားသောအခန်းကဏ္ဍတွင် တည်ရှိနေကြောင်း ယင်းတို့က ဆိုသည်။ မြေပုံကိုကြည့်လျှင် အင်္ဂလန်နှင့် နီယိုဥရောပ၏ ပထဝီအားသာချက်များကို တွေ့ရှိနိုင်သည်။

တစ်နည်းဆိုရလျှင် နိုင်ငံများပိုင်ဆိုင်သော မြေကြီးများသည် အဓိကကျနေသည်။ သာဓကအားဖြင့် ၁၉ ရာစုတွင် ရေနံသည် ကျောက်မီးသွေးအသစ်ဖြစ်လာခဲ့သည်။ ပြည်တွင်း၌ ကျောက်မီးသွေး လွယ်လင့်တကူ ရရှိနိုင်မှုသည် ဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုကို အထောက်အကူပြုခဲ့သည်။ နိုင်ငံတစ်နိုင်ငံတွင် သဘာဝသယံဇာတများ လုံလုံလောက်လောက် ရှိခဲ့ပါက ပြည်ပတင်ပို့ရောင်းချနိုင်သော ကုန်စည်များ ထုတ်လုပ်နိုင်ရန်၊ ကုန်သွယ်နိုင်ရန် ပိုမိုလွယ်ကူစေပြီး စားနပ်ရိက္ခာလုံလုံလောက်လောက် ရရှိခဲ့ပါက စက်မှုထုတ်ကုန်များ ထုတ်လုပ်ပေးမည့် လုပ်သားထုကြီးကို ကျွေးမွေးထောက်ပံ့နိုင်ရန် ပိုမိုအဆင်ပြေစေမည်ဖြစ်သည်။ သို့သော်လည်း လယ်ယာကုန်ထုတ်သတ္တိ မြင့်မားစေရန်အတွက် နေရောင်ခြည်၊ မြေဆီမြေနှစ်၊ ရေ၊ လူဦးရေ စသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေကောင်းများနှင့် ညီညွတ်ရမည် ဖြစ်သည်။

အဒမ်စမစ်ကဲ့သို့သော ဘောဂဗေဒပညာရှင်များက ရှေးယခင်က

…င် လက်ခံထားခဲ့သည့် ဖွံ့ဖြိုးရေးအတွက် အဓိကအကျဆုံးမှာ ရေလက်လှမ်းမီရရှိနိုင်မှု **Access to Water** ပင်ဖြစ်ကြောင်း ထုတ်ဖော်ထားခဲ့ကြပြီးဖြစ်သည်။ ဆာဟာရတစ်ပိုင်း အာဖရိကနိုင်ငံမှာ ကုန်းတွင်းပိတ် အားနည်းချက်များရှိနေပြီး အနာရောဂါကူးစက်မှုများလည်း မြင့်တက်လျက်ရှိရာ ဓလေ့စနစ်နှင့် ရာသီဥတုတို့နှင့်စပ်လျဉ်း၍ များစွာ ဖြေရှင်းဆောင်ရွက်ဦးမည်ဖြစ်သည်။ အာဖရိက ဤသို့ဆင်းရဲနွမ်းပါးနေရခြင်း၏ အကြောင်းအရာကို ဖော်ထုတ်ကြရာ၌ ဟားဗတ်တက္ကသိုလ်မှ ဘောဂဗေဒသမိုင်းပညာရှင် ဒေးဗစ်လန်းဒီးစ်က ကျန်းမာရေးကောင်းမွန်မှုကို အချက်တစ်ချက်အနေဖြင့် ထုတ်ဖော်ရှင်းလင်းခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အသိပညာကုန်ထုတ်လုပ်မှုကို စာတတ်မြောက်မှုနှုန်း၊ လူထုပညာရေး၊ အခြေခံသုတေသနနှင့်ထုတ်လုပ်မှုတို့က မြှင့်တင်ပေးပြီး ပြည်သူများ၏ ကျန်းမာရေးကောင်းမွန်နေမှသာ နိုင်ငံ့စီးပွားရေးကောင်းမွန်နိုင်သည်ဟု ၎င်းကရှင်းသည်။

အာဖရိကတွင် အုပ်ချုပ်ရေးညံ့ဖျင်းမှုကြောင့်ဟု လက်ညှိုးထိုးခဲ့ကြသော်လည်း ယင်းအချက်မှာ အကြောင်းတစ်ချက်အနေဖြင့် ပါဝင်နေခြင်းသာဖြစ်ပြီး လုံလောက်သော အခြေမဟုတ်ဟု ဆတ်ချ်နှင့် ကော့တို့က ဆိုသည်။ ဆတ်ချ်နှင့် ကော့တို့၏ လေ့လာချက်အရ ဆာဟာရတစ်ပိုင်း အာဖရိကနိုင်ငံတစ်ဝန်း တစ်ဦးချင်းဝင်ငွေ ကွာခြားချက် အနည်းအများသည် (၁) ရုပ်ကြွင်းလောင်စာများ အသုံးပြုနိုင်မှု၊ (၂) ဆိပ်ကမ်း၊ လေဆိပ်၊ ကားဂိတ်၊ ဘူတာ စသည်တို့နှင့် အနီးအဝေး စသည့်အချက်များနှင့် ဆက်စပ်နေသည်မှာ ၅၈ ရာခိုင်နှုန်းအထိရှိနေကြောင်း သိရှိရသည်။ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ ဝင်ငွေအနိမ့်အမြင့်ကို ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ ငှက်ဖျားကျရောက်မှု၊ တစ်ဦးချင်း အရည်အသွေးမြင့် မြေပိုင်ဆိုင်မှု၊ ပျမ်းမျှ အပူချိန် စသည့်အချက်အလက်များနှင့် တွက်ချက်လိုက်သော် အဆက်အစပ် ၇၅ ရာခိုင်နှုန်းအထိရှိကြောင်း ပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ဤတွေ့ရှိချက်မှာ ကြီးမားလှသော အဆက်အစပ်ကြီး ဖြစ်နေသည်။

## အင်စတီကျူးရှင်းနှင့် ပထဝီ

စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအင်စတီကျူးရှင်းများ၏ သက်ရောက်မှုများအား ကိန်းသေသဘော သတ်မှတ်နိုင်သည့်အခြေအနေတွင် ဝင်ငွေအနိမ့်အမြင့်ကွာဟချက်များကို လေ့လာဆန်းစစ်ကြည့်သောအခါ ပထဝီအနေအထားသည် အရေးကြီးဆုံးဖြစ်ကြောင်း ယင်းတို့က အလေးထားရှင်းလင်းခဲ့ကြသည်။ နိုင်ငံတစ်နိုင်ငံတည်းမှာပင် လယ်ယာဖြစ်ထွန်းသော၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးတည်ရှိသော၊ ရောဂါဖြစ်ပွားစေသော ဂေဟစနစ်မျိုးမဟုတ်သော နယ်မြေဒေသများမှာ ကျန်ဒေသများထက် စီးပွားရေးစွမ်းဆောင်နိုင်မှု ပိုမိုမြင့်မားကြောင်း တွေ့ရှိခဲ့ရသည်။ စီးပွားရေးတိုးတက်မှုကို သက်ရောက်မှုကြီးမားစွာရှိနေသော စီဝနှင့် ပထဝီဆိုင်ရာအခြေအနေများကို အင်စတီကျူးရှင်းဖက်တာများ မဟုတ်ဟု ဆက်ချ်နှင့် ကော့တို့က ကောက်ချက်ပြုသည်။

တစ်ဖန် ပထဝီအနေအထား အားနည်းချက်များသည် နိုင်ငံတစ်နိုင်ငံ၏ကံကြမ္မာကို အလုံးစုံ စိုးမိုးထားနိုင်ခြင်းမရှိဘဲ လူသားတို့က ယင်းအားနည်းချက်ကို ကျော်လွှားအောင်မြင်နိုင်သည်ဟု ယင်းတို့က သတိပေးခဲ့သည်။ ဂျက်ဖရီဒီဆက်ချ်အကြောင်းသိများကတော့ ဤမှတ်ချက်ကို အံ့သြကြမည်မဟုတ်ပေ။ ဆက်ချ်သည် ဖွံ့ဖြိုးရေးထောက်ပံ့ကူညီမှုများနှင့် စပ်လျဉ်း၍ လူသိများထင်ရှားသော ဆင်းရဲခြင်းနိဂုံး The End of Poverty စာအုပ်ကို ရေးသားခဲ့သူဖြစ်ပြီး ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များဆိုင်ရာ ကုလသမဂ္ဂ၏ အကြံပေးပုဂ္ဂိုလ်လည်း ဖြစ်သည်။ ယခုအခါ ၎င်းနှင့် ကော့တို့ ရှာဖွေတွေ့ရှိခဲ့သည့် ကောက်ချက်မှာ အခြားသော ဘောဂဗေဒပညာရှင်များ စဉ်းစားခဲ့ဖူးခြင်းမရှိသော၊ စဉ်းစားခဲ့သော်လည်း နိုင်နိုင်မာမာ သုတေသနမလုပ်နိုင်ခဲ့ခြင်း မရှိခဲ့သော ပထဝီနှင့် စီးပွားရေး အဆက်အစပ် ဖြစ်နေသည်။

နိုင်ငံတစ်နိုင်ငံ ခေါင်းစွာ စီးပွားရေးတိုးတက်နိုင်ခြင်း ရှိ–မရှိကို ယင်းနိုင်ငံတွင် ပထဝီဆိုင်ရာ အားကောင်းချက်များ ရှိ–မရှိဖြင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ မှန်ကန်သောအဆက်အစပ်ဖြစ်နေကြောင်း ဆက်ချ်နှင့် ကော့တို့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပထဝီဆိုင်ရာ အားကောင်းချက်များ မရှိ

သော နိုင်ငံများအနေဖြင့်လည်း နည်းပညာ၊ အခြေခံအဆောက်အအုံ၊ လူထု ကျန်းမာရေး စသည်တို့တွင် အလေးထားရင်းနှီးမြှုပ်နှံခြင်းအားဖြင့် ကမ္ဘာ့ အဆင်းရဲဆုံးနိုင်ငံများဘဝမှ ရုန်းမထွက်နိုင်စေရန် ပိတ်ပင်ထားသော အတားအဆီးများကို ဖယ်ရှားနိုင်မည်ဟု ယင်းတို့က ဆိုသည်။

## Location

နိုင်ငံများ၏ ပထဝီအနေအထားများသည် ပြောင်းလဲမှု နည်းပါးသဖြင့် ယင်းတို့ကို ရင်ဆိုင်ဖြေရှင်းရာတွင် ကိန်းသေဖြစ်နေသော ပထဝီအနေအထားများက ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို မည်သို့အားဖြင့် ပုံသေပြောင်းလဲနေနိုင်မည်နည်း။ ဤမေးခွန်းကို ဆက်ချ်က တောင်ကုန်းတောင်တန်းများသည် ဖွံ့ဖြိုးရေးအတွက် ထိထိရောက်ရောက် မရှိလှသော်လည်း ယင်းတောင်တန်းတွင် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်လိုက်သောအခါ မြေအခြေအနေ ကွာခြားသွားနိုင်ကြောင်း သာဓကဖြင့် ရှင်းသည်။ အနာဂတ်တွင် ပြန်လည်ပြည့်ဖြိုးမြဲသယံဇာတများ အသုံးပြုနိုင်မှု၊ ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်မှုဟူသော အချက် ၂ ချက်သည် ရှေ့တန်းသို့ ရောက်ရှိလာမည်ဟု ၎င်းက ဆိုသည်။ ရုပ်ပိုင်းအခြေအနေများက ဖွံ့ဖြိုးရေးကို မည်သို့ပံ့ပိုးကူညီနိုင်သည်ကို နားလည်သဘောပေါက်ခြင်းသည် နိုင်ငံများကျော်လွှားရမည့် အခက်အခဲများကို ခွဲခြားသတ်မှတ်နိုင်ရန်၊ မည်သည့်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်ကို ဦးစားပေးသတ်မှတ်ရန်အတွက် အထူးအရေးကြီးသည်ဟု ၎င်းက ဆိုသည်။ ဆိုလိုသည်မှာ ပထဝီရှုပအားသာချက်များရှိလျှင် ယင်းအားသာချက်ကို ဖွံ့ဖြိုးရေးအတွက် ထိထိရောက်ရောက် အသုံးချနိုင်ရမည်ဖြစ်ပြီး ပထဝီရှုပအားနည်းချက်များရှိလျှင် ယင်းအားနည်းချက်များကို နည်းပညာ၊ စိတ်ကူးစိတ်သန်းဖြင့် ကျော်လွှားရန် ဆက်ချ်က ရှင်းလင်းထားခြင်း ဖြစ်သည်။ နိုင်ငံများ ကြွယ်ဝချမ်းသာရေးအတွက် အဓိကအကြောင်းတရားကြီး ၃ ရပ်ရှိသည်။ ယင်းတို့မှာ (၁) Location (၂) Location ၊ (၃) Location င် ဖြစ်သည်ဟု ဂျက်ဖရီဒီဆက်ချ်က ဆိုသည်။ Location သည် ရွေးရာပါဖြစ်၍ ရွှေ့ပြောင်း၍လည်းမရ၊ လဲလှယ်၍လည်း မရနိုင်ပါ။ သို့သော်

ပထဝီအနေအထားကို လူသားဉာဏ်ရည်၊ နည်းပညာဖြင့် မွမ်းမံပြုပြင်နိုင်သည်။

## မြန်မာ့မြေနှင့် မြန်မာ့ပထဝီ

ဆက်ရိုးနှင့် ကော့တို့၏ ဘောဂဗေဒနှင့် ပထဝီအဆက်အစပ်ကို မြန်မာနိုင်ငံဖွံ့ဖြိုးရေးနှင့် ပြန်လည်ဆက်စပ်ကြည့်လျှင်–

နံပါတ် (၁) အချက်မှာ ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအခင်းအကျင်းများနှင့် ကမ္ဘာ့အစီအစဉ်သစ်တွင် ဆုံချက်သဖွယ် ဖြစ်လာနေသော အိန္ဒိယသမုဒ္ဒရာကို မေးတင်ထားသည့် မြန်မာနိုင်ငံသည် ပထဝီနိုင်ငံရေး၏ လမ်းဆုံဖြစ်နေသည်။ ဤအချက်သည် အမြော်အမြင်ကြီးကြီးဖြင့် ရပ်တည်နိုင်မှသာ ပထဝီနိုင်ငံရေး ကျော့ကွင်းမှ ရုန်းထွက်လွတ်မြောက်နိုင်မည် ဖြစ်သည်။

နံပါတ်(၂)အချက်မှာ ဘင်္ဂလားပင်လယ်အော်၊ အိန္ဒိယသမုဒ္ဒရာကမ်းနံဘေး၊ တရုတ်–အိန္ဒိယ ဆူပါ ပါဝါလောင်းလျာနိုင်ငံကြီး ၂ နိုင်ငံအကြား၊ အရှေ့တောင်အာရှနှင့် တောင်အာရှပေါင်းကူး အစရှိသည့် ပထဝီတည်နေရာကောင်း ရယူပိုင်ဆိုင်ထားရုံသာမက မြေကြီးတွင်ပါဝင်သည့် အမျိုးအစား စုံလင်လှသည့် ပဒေသာစုံမြေဖြစ်နေလေရာ ဆက်ရိုးနှင့် ကော့တို့၏ နိုင်ငံများ ဖွံ့ဖြိုးစေနိုင်ရာသော အကြောင်းတရားကြီး (၃) ရပ်နှင့် ပြည့်စုံပြီး ဖြစ်သည်။

နံပါတ် (၃) ပဒေသာစုံ မြန်မာ့မြေတွင် ပတ်ဝန်းကျင်ရှုပမျိုးစုံအနေအထားကောင်း များရှိပြီးဖြစ်ရာ ထိထိရောက်ရောက် အသုံးချနိုင်ရန်၊ မြန်မာ့မြေကို အတောက်ပဆုံး မွမ်းမံပြင်ဆင်ခြယ်မှုန်းနိုင်ရန်သာ လိုပေလိမ့်မည်။

***Ref : The Three Reasons Countries Get Rich : Location, Location and Location***

❑

## ...နိုင် ဖြဝဌ နှင့် မဟာဗျူဟာ ဆုတ်လမ်း

### လမ်းစဉ် (၂) ရပ်

ပြည်ထောင်စုလွှတ်တော် နာယက က ပြည်ထောင်စုလွှတ်တော်၊ ...ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ ...သို့ ပေးပို့ခဲ့သော အခြေခံမူဟုဆိုသည့် ညွှန်ကြားချက်တွင် တပ်မတော်၏ ...လက်ရှိပါဝင်မှု အခန်းကဏ္ဍကို ဒီမိုကရေစီဘောင်အတွင်း ရောက်ရှိစေနိုင် ...သည့် နည်းလမ်းများကို လေ့လာသုံးသပ်ခြင်းဟူ၍ ပါရှိလာခဲ့သည်။ ...တစ်ချိန်တည်းမှာပင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင် တပ်မတော် ...၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပလေ့လာသူများက ဝေဖန် ...သုံးသပ်ကြသည့် ဒီဘိတ်များလည်း မြင့်တက်လာခဲ့သည်။

မြန်မာ့နိုင်ငံရေး လေ့ဟောင်း၊ ထုံးတမ်းဟောင်းများအတိုင်း အရှင်းအပြတ် ကြိုက်သူများလည်း ပေါ်ထွက်လာခဲ့သလို တစ်ဆင့်ပြီး ...တစ်ဆင့် သွားသင့်သည်ဟု ယူဆသူများလည်း ရှိနေခဲ့သည်။ လယ်ရီ ...ဒိုင်းမွန်း၊ ဘရိုင်ယန်ဂျိုးဇက် စသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ...သုခမိန်များက တပ်မတော်နှင့် စေ့စပ်ညှိနှိုင်းပြီး အသွင်ကူးပြောင်းရေး ...ညာဥ်ခံကာ လျှောက်လှမ်းသင့်သည်ဟုဆိုသည်။ ပြည်တွင်းမှ နိုင်ငံ ...ရေးတက်ကြွလှုပ်ရှားသူအချို့ကလည်း ဒီမိုကရေစီတွင် အရပ်သား ထွပ်ကဲ

အုပ်ချုပ်မှုအောက်တွင် တပ်မတော်ရှိရမည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၁)အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များသည် တပ်မတော်ကို အလုံး စုံ စီမံခန့်ခွဲပိုင်ခွင့်ပေးထားသည်၊ ထို့ကြောင့် ဒီမိုကရက်တစ်နည်းမကျ ဟု ဆိုကြသည်။ အရှင်းအပြတ်ကြိုက်သူများနှင့် တစ်ဆင့်ပြီးတစ်ဆင့် သွားလိုသူများဟူ၍ အယူအဆကြီး (၂) ရပ် ကွဲထွက်လာခဲ့ခြင်းဟု ယူဆော် ရသည်။ အရှင်းအပြတ်လမ်းစဉ်နှင့် တစ်ဆင့်ပြီးတစ်ဆင့် လမ်းစဉ် မည်သည့်လမ်းကို ရွေးမည်နည်းဟု မေးခွန်းထုတ်နေကြသော်လည်း ဆက် လက် ဖြစ်ပေါ်လာနိုင်သည့် အနာဂတ်နိုင်ငံရေးအကျိုးဆက်များ၏ ဖြစ် တန်ရာပုံရိပ်များကို ဆက်လက် မြော်မြင်ဆန်းစစ်သည့် လေ့လာသုံးသပ် ချက်များမှာ အတော်ပင် နည်းနေသေးသည်။ ဆိုလိုသည်မှာ ယင်းလမ်း စဉ် (၂) ရပ်တစ်ရပ်ရပ်ကို ကျင့်သုံးလိုက်ပြီးနောက် ဘာဆက်ဖြစ်လာနိုင် သလဲဆိုသော သက်ရောက်မှုကို ရှင့်တွက်ရန်လိုခြင်း ဖြစ်သည်။

## ဖျိုင့် ဖိဝဌာ တိုက်ပွဲ

ဗမာပြည်ကွန်မြူနစ်ပါတီ နိုင်မာအားကောင်းခဲ့စဉ် ၁၉၇၈ ခုနှစ် မတ်လ ၆ ရက်နေ့မှ ၁၃ ရက်နေ့ အထိ တပ်မတော်နှင့် သမိုင်းဝင် ဖြစ်ပွား ခဲ့သော ဖျိုင့် ဖိဝဌာ တိုက်ပွဲကို သာဓကအားဖြင့် ထုတ်နုတ်တင်ပြလို သည်။ မြန်မာ့တပ်မတော်မှ ခလရ(၂)သည် ၁၉၇၇ ခုနှစ် စက်တင် ဘာလတွင် ရဲမင်းအောင် စစ်ဆင်ရေးတာဝန်ကို စတင်ထမ်းဆောင်ခဲ့ပြီး ယင်းတပ်ရင်းမှာ တပ်ခွဲမှူးဗိုလ်ကြီး သိန်းထွန်းတင် ဦးစီးသည့် တပ်ခွဲ ဖြစ်သည်။ ထိုတပ်ခွဲတပ်စွဲထားသည့် ဖျိုင့် ဖိဝဌာ တည်ရှိရာ ပါဖန်- နောင်လိုင်ကျေးရွာကို ဗကပများက ၁၉၇၈ ခုနှစ် မတ်လ ၆ ရက်နေ့တွင် စတင်ထိုးစစ်ဆင် တိုက်နိုက်ခဲ့သည်။ တိုက်ပွဲဖြစ်စဉ်များကို အမိမြေမှ သားကောင်းများ အမည်ရှိ တပ်မတော်မှတ်တမ်းရုပ်ရှင်ဇာတ်ကားကြီးတွင် အသေးစိတ်တင်ပြခဲ့ပြီးဖြစ်သည်။ လက်နက်ကြီးပစ်ကူ အမြောက်အမြား ဖြင့် ဗကပအင်အား တစ်ထောင်ကျော်ပါဝင်သော လူလှိုင်းလုံးစစ်ဗျူဟာ ဖြင့် ဂဏန်းလက်မညှပ်ကာ တိုက်နိုက်ခဲ့ခြင်း ဖြစ်သည်။ ဖျိုင့် ဖိဝဌာ ဟု ဆိုသည့်အတိုင်း ဖိဝဌာ ပေမြင့်မားသော တောင်ထိပ်ခံစစ်ကုန်း

သောက်ရေ လုံးဝပြတ်တောက်သွားသည့် အချိန်တွင် သစ်မြစ်များကို ဓား
ဖြင့်ဖြတ်၍ စီးကျလာသော သစ်မြစ်အရည်၊ ကြက်များကို လည်လှီး၍
စီးကျလာသော ကြက်သွေး စသည်တို့ကို သောက်သုံး၍ ကြံ့ကြံ့ခံခဲ့ကြ
သည်။

ရေနှင့် စားနပ်ရိက္ခာ အခက်အခဲကြုံခဲ့ရပြီး ဒဏ်ရာရ စစ်သည် ၃
ဦးအပါအဝင် စုစုပေါင်း အင်အား ၃၈ ဦးသာ ရှိသည့် တပ်ခွဲတစ်ခွဲစာ
အင်အားဖြင့် လက်နက်ကြီးပစ်ကူများသာမက ဇာဃ–၆ လေယာဉ်များ
ဖြင့် လေကြောင်းမှစုံးကြိုပေးပြီး ပတ်ပတ်လည်ဝိုင်းပိတ်ထားသည့် ထောင်
ချီသော ရန်သူကို ခုခံခဲ့ကြသည်မှာ မြန်မာ့တပ်မတော်၏ စစ်သမိုင်းတွင်
ကမ္ပည်းတွင်ရစ်ခဲ့သည့် တိုက်ပွဲကြီးတစ်ပွဲဖြစ်ခဲ့ရသည်။ တောင်ခြေရှိ
ပါဖန်ရွာမှ တောင်ထိပ်ရောက်အောင် အချိန်အားဖြင့် ၄ နာရီအထိ ကြာမြင့်
သည့် ခံစစ်စခန်းသည် မည်သို့မျှ ထွက်ပြေးလွတ်မြောက်နိုင်ဖွယ်ရာ မရှိ
ဘဲ ကျောက်ထိုးအပ်ရမည့်အခြေအနေဟုလည်းမှန်းဆခဲ့ကြသည်။ စစ်သည်
များ စိတ်ဓာတ်မြှင့်တင်ရေးအတွက် တပ်ခွဲမှူးကိုယ်တိုင် ကဗျာရေးစပ်၍
ကျဆင်းနေသော စိတ်ဓာတ်များကို ပြန်လည်မြင့်မားစေခဲ့သည်။ သာမန်
သေနတ်သံကြားလျှင်ပင် နိုးရွံ့စိတ်များ ဖြစ်ပေါ်တတ်သည့် လူ့စိတ်မနော
သည့် ပတ်ပတ်လည် ရန်သူများ ဖွေးဖွေးလှုပ်နေပြီး လက်နက်ကြီးပစ်သံ
တကျိမ်းကျိမ်း၊ လေကြောင်းမှ စုံးကြဲသံ တဝုန်းဝုန်း၊ စခန်းအတွင်း ကျရောက်
ပေါက်ကွဲမှုများအကြား အစာရေစာပြတ်လပ်နေသည့် စစ်သည်များ
မည်သို့ ရှင်သန်ရပ်တည်ခဲ့ကြသည်ကို မြင်ယောင်မှန်းဆကြည့်နိုင်သည်။

၁၉၇၈ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် တပ်ခွဲမှူးဗိုလ်ကြီး သိန်းထွန်း
အောင်သည် သယ်ယူရန်ခက်ခဲသော လက်နက်ကြီးများ၊ အရေးကြီးစာရွက်
စာတမ်းများစသည်တို့ကို ဖျက်ဆီးစေခဲ့သည်။ မတ်လ ၁၃ ရက်နေ့တွင်
ညစခန်းမှ ခွာစစ်ဆင်တော့မည်ဖြစ်၍ ထိုသို့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သော်
လည်း အောက်ခြေရှိ စစ်သည်များကိုမူ ကြိုတင်အသိပေးခဲ့ခြင်း မရှိခဲ့ပါ။
ညသည်မှာ ဆုတ်ခွာရတော့မည့်အကြောင်း သိရှိသွားလျှင် စိတ်ဓာတ်
ကျဆင်းပြီး လက်ရှိ ခံစစ်ဆင်နေမှုအထိ သက်ရောက်နိုင်သောကြောင့်
ဖြစ်သည်။ ခွာစစ်ဆင်ရာတွင်လည်း ကုန်းလျှောမတ်စောက်လှသော

ကြောင့် သွားလာရန် မလွယ်ကူဟု ဗကပတို့က သုံးသပ်ထားပြီး အင်အား အနည်းငယ်ဖြင့်သာ ထိန်းထားသည့် အနောက်ဘက်စစ်မျက်နှာကို ထိုး ဖောက်ထွက်ခွာရန် ရွေးချယ်ထားခဲ့သည်။ နောက်တစ်နေ့ မတ်လ ၁၃ ရက်နေ့တွင် ရေးဆွဲထားသော ခွာစစ်စီမံချက်ပါအတိုင်း အသုတ်လိုက်ခွဲ၍ ဆုတ်ခွာခဲ့သည်။ တပ်ခွဲမှူး၏စီမံချက်အတိုင်း ပထမဦးစွာ ထိခိုက် ဒဏ် ရာရရှိခြင်းမရှိသော စစ်သည်များ စတင်ဆုတ်ခွာပြီး ဒဏ်ရာရစစ်သည် များ၊ လက်နက်ကြီးစစ်သည်များ၊ ခံစစ်စခန်းကို ထိန်းထားရမည့်အဖွဲ့၊ နောက်ချန်အဖွဲ့ စသည်အားဖြင့် အဆင့်လိုက် စနစ်တကျ ဆုတ်ခွာခဲ့ကြ သည်။ မတ်စောက်သောချောက်ကမ်းပါးကို တွယ်ဆင်းရာ၌ ပြုတ်ကျပြီး ထပ်မံဒဏ်ရာရရှိခဲ့သူများလည်း ရှိခဲ့သည်။ တောင်အောက်သို့ ရောက်ရှိခဲ့ ပြီးနောက် တပ်နှင့်အတူ မည်သို့မျှ လိုက်ပါနိုင်တော့ခြင်း မရှိတော့သည့် ဒဏ်ရာရ စစ်သည် ၂ ဦးကို လက်နက်ခဲယမ်းများပေးအပ်၍ လမ်းရှိကျေး ရွာများတွင် အပ်နှံထားခဲ့ရသည်။

မတ်လ ၁၅ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းများနှင့် ပြန်လည် ပူးပေါင်းနိုင်ခဲ့ပြီး ခွာစစ်ဆင်မှု အောင်မြင်ခဲ့သည်။ ပြန်လည်သုံးသပ်သော် တပ်မတော်ဘက်မှ အရာရှိ ၁ ဦး၊ စစ်သည် ၁၄ ဦး ကျဆုံးခဲ့ရပြီး ၁၅ ဦး အသက်ပေးခဲ့ရသည်။ ဗကပဘက်မှ အင်အား ၁၂၀ ကျော် သေဆုံးခဲ့ရ သည်။ ဤတိုက်ပွဲတွင်ပါဝင်ခဲ့သော အရာရှိ၊ စစ်သည်များမှာ တပ်မတော် စွမ်းရည်ဘွဲ့တံဆိပ်များ အပ်နှင်းခြင်းခံခဲ့ရသည်။ မှိုင့် ဖဝ၄၁ ကို ဤနေရာ တွင် ထည့်သွင်းတင်ပြရခြင်းမှာ တစ်ချိန်က နိုင်ငံရေးအကွဲအပြဲနှင့် ပြည် တွင်းစစ် သံသရာ၌ နိုင်ငံသားအချင်းချင်း ဖြစ်ပွားခဲ့သောစစ်ပွဲများကို ပြန်လည်အမှတ်ရစေလိုခြင်း မဟုတ်ပါ။ တပ်မတော်၏ ကျင့်သုံးသော စစ်နည်းဗျူဟာ၊ စဉ်းစားတွေးခေါ်မှု၊ ဆုံးဖြတ်ချက်ချမှတ်မှုတို့ကို သိစေ လို၍၊ အထူးသဖြင့် တပ်မတော်၏ ခွာစစ်ဆင်မှုနှင့်စပ်လျဉ်းပြီး နားလည် သဘောပေါက်စေလို၍ တင်ပြလိုခြင်း ဖြစ်သည်။

## ခွာစစ်နှင့် ဆုတ်လမ်း

နည်းပညာများ မည်သို့ပင် ဆန်းသစ်ပြောင်းလဲတိုးတက်စေကာမူ

နိုင်ငံတကာစစ်သဘောတရားများ၏ အခြေခံစည်းမျဉ်းများမှာ မပြောင်းလဲဘဲ တည်ရှိနေဆဲဖြစ်သည်။ 'ချီ–တိုက်–ခံ–ခွာ' ဟု အတိုကောက် မှတ်သားကြသော စစ်ကဏ္ဍကြီး (၄) ရပ် (ချီစစ်၊ တိုက်စစ်၊ ခံစစ်၊ ခွာစစ်)တွင် အခက်ခဲဆုံးသော စစ်ကဏ္ဍမှာ ခွာစစ်ပင်ဖြစ်သည်။ လက်တွေ့စစ်မြေပြင်၌ မိမိတပ်၏အခြေအနေပေါ်မူတည်၍ ထပ်တူထပ်မျှ မတူညီနိုင်ကြသော်လည်း အခြေခံစဉ်းစားကြသည့် စစ်သဘောတရားများမှာ အတူတူပင်ဖြစ်သည်။ မြန်မာ့နိုင်ငံရေး အထွတ်အထိပ်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတွင် အပြတ်အရှင်းကြိုက်သူများက ၂၅ ရာခိုင်နှုန်း အကုန်ထွက်ပေးရမည်ဟုဆိုကြသည်။ တစ်ဆင့်ပြီးတစ်ဆင့် သွားလိုသူများက ၂၅ ရာခိုင်နှုန်း တဖြည်းဖြည်းချင်း လျှော့ချရမည်ဟု ဆိုကြသည်။ ညီသည်မှာ တပ်မတော်၏အခြားဘက်မှ ရှုမြင်သုံးသပ် ဆုံးဖြတ်နေကြခြင်းသာဖြစ်ပြီး တပ်မတော်ဘက်မှ မည်သို့စဉ်းစား၍ မည်သို့ဆောင်ရွက်နိုင်သည်ကို ထည့်သွင်းစဉ်းစားကြခြင်း မရှိကြကြောင်း တွေ့ရှိရသည်။

မြန်မာ့နိုင်ငံရေးတွင် တပ်မတော်သည် မဟာဗျူဟာဆုတ်ခွာရေးလမ်းမှ ခွာစစ်ဆင်နေခြင်းဖြစ်ရာ ကမ္ဘာပေါ်ရှိ တပ်မတော်တိုင်းအတွက် အခက်ခဲဆုံး အသိမ်မွေ့ဆုံး စစ်ကဏ္ဍကြီးကို ဖော်ဆောင်နေခြင်း ဖြစ်ကြောင်း သတိချပ်ရန် လိုအပ်သည်။ တစ်ဖန် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးနယ်ပယ်တွင် တပ်မတော် ခြေတစ်လှမ်း ဆုတ်ခွာလိုက်တိုင်း ဖြစ်ပေါ်သွားသော ယင်းနေရာတွင် အရပ်ဘက် အင်စတီကျူးရှင်းတို့က ခြေတစ်လှမ်း ပြည့်ပြည့်ဝဝ ရှေ့သို့တက်နိုင်ရန် အရေးကြီးသည်။ အထူးသဖြင့် နှစ်ပေါင်း ၆၀ ကျော် အရပ်ဘက်အင်စတီကျူးရှင်းတို့ မှေးမှိန်ခဲ့ရသော ဤနိုင်ငံတွင် အမျိုးသားကာကွယ်နှင့်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်နိုင်နင်းနင်းကိုင်တွယ်ဆောင်ရွက်နိုင်မည့် အရပ်ဘက်အင်စတီကျူးရှင်းများ များစွာလိုအပ်နေသည်။ RAND Corporation၊ CSIS အစရှိသည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာ၊ နည်းဗျူဟာများကို ပြန်လည်သုံးသပ်နိုင်သည့် အရပ်ဘက်အင်စတီကျူးရှင်းများနှင့် အရပ်သားပညာရှင်များလည်း အားကောင်းရန်လိုအပ်သည်။ ဒီမိုကရေစီသမ္မတအုပ်ချုပ်ရေးစနစ်တွင် စံထားကြရသော အမေရိကန်ပြည်ထောင်စု၏

အရပ်ဘက်–စစ်ဘက်ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်လည်လေ့လာကြည့်လျှင် စစ်ခေါင်းဆောင်ဟောင်းများက အိမ်ဖြူတော်နှင့် ကွန်ဂရက်တို့တွင် ဦးစီးဦးဆောင်ပြုခဲ့ကြပြီး ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက်အင်စတီကျူးရှင်းများ အားကောင်းခိုင်မာစေရန် ဆောင်ရွက်ခဲ့ကြကြောင်း တွေ့ရှိနိုင်သည်။

တပ်မတော်အနေဖြင့် 'ကြည့်–မလို–မထိ–ထိန်းပ–ချန်ပ–ချန်' ဟု အတိုကောက်အားဖြင့် စွဲစွဲမြဲမြဲ အမှတ်ရနေသော စွာစစ်အစီအစဉ်များအပြင် မည်သည့်အချိန်တွင် မည်သည့်အဖွဲ့ဆုတ်ခွာရမည်ကိုလည်း အလိုအလျောက် သိရှိထားကြပြီး ဖြစ်သည်။ စွာစစ်ဆင်ရာတွင် အဆင့်(၁) အခြေအနေကြည့်အဖွဲ့၊ အဆင့်(၂) မလိုအပ်သည့်တပ်များ၊ အဆင့်(၃) ရန်သူနှင့်မထိတွေ့ရသည့် တပ်များ၊ အဆင့်(၄) လက်ရှိနေရာကို ထိန်းချုပ်ထားရန် အနည်းဆုံးလိုအပ်သည့်တပ်မှအပ ကျန်တပ်များ၊ အဆင့်(၅) လက်ရှိနေရာကို ထိန်းချုပ်ထားရန် အနည်းဆုံးလိုအပ်သည့် နောက်ချန်တပ်မှအပ ကျန်တပ်များ၊ အဆင့်(၆) နောက်ချန်တပ် ဟူ၍ အဆင့်လိုက်ဆုတ်ခွာကြရသည်။

ဆွန်စု၊ နပိုလီယံ၊ ကလော့ဇဝစ်ဇ်၊ ဂျိုမေနီ၊ လစ်ဒယ်ဟာတ် စသည်အားဖြင့် စစ်မဟာဗျူဟာ သုခမိန်များ၏ စစ်သဘောတရားများ မည်သို့ပင် ပြောင်းလဲခဲ့သည်ဖြစ်စေ အဆင့်လိုက်ဆုတ်ခွာစေသော စစ်ဗျူဟာများမှာ ပြောင်းလဲခဲ့ခြင်းမရှိခဲ့ပါ။ မြန်မာ့နိုင်ငံရေးတွင် တပ်မတော်၏ မဟာဗျူဟာဆုတ်လမ်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပြီး ဆုတ်ခွာမည့်အစီအစဉ်ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ထိုင်းနိုင်ငံခရီးစဉ်တွင် 'တဖြည်းဖြည်းချင်း လျှော့ချသွားမည်' ဟူသော စကားဖြင့် တရားဝင် ထုတ်ဖော်ပြောကြားထားပြီး ဖြစ်သည်။ စံကိုက်ဒီမိုကရေစီ၊ ဒီမိုကရေစီစံနှုန်းများဖြင့် မဟာဗျူဟာ ထွက်ပေါက်ကို ပိတ်ဆို့ခြင်းသည် မဟာဗျူဟာမြောက်ဆုတ်ခွာရာလမ်းကို ပိတ်ဆို့ရာ ရောက်ရှိသွားနိုင်သည်ကို အလေးအနက်ထား စဉ်းစားကြရန် လိုသည်။

## အရှင်းအပြတ်ကိုပဲ ကြိုက်ကြသလား

မြန်မာနိုင်ငံရေးစင်မြင့်တွင် ထဲထဲဝင်ဝင် ပတ်သက်ဆက်နွယ်နေသူ အားလုံးအနေဖြင့် တပ်မတော်၏ အနေအထားမှန်ကို မျက်ခြည်မပြတ်ရန် အရေးကြီးသည်။ 'နှင်မဟုတ် နှင့်အဖေ၊ နှင့်အဖေမဟုတ်ရင် နှင့်အဘိုး' ဟူသော ဝါးလုံးသိမ်းကျုံးသီအိုရီသည် ယနေ့တပ်မတော်ကို မျိုးဆက်သစ် ခေါင်းဆောင်များ ဦးဆောင်နေသည်ကို လျစ်လျူရှုရာ ရောက်ပေလိမ့်မည်။ မြန်မာနိုင်ငံရေးခေါင်းဆောင်များအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်၏ အောက်ဖော်ပြပါအချက်ပြမှုများကို သတိပြုကြရန် လိုသည်–

(၁) တပ်မတော်၏ အခန်းကဏ္ဍကို တဖြည်းဖြည်းချင်း လျှော့ချသွားမည်။ (ထိုင်းနိုင်ငံခရီးစဉ်)

(၂) တပ်မတော်သည် နောက်ကြောင်း ပြန်မလှည့်။ (မလေးရှားခရီးစဉ်)

(၃) တပ်မတော်သည်လည်း ဒီမိုကရေစီလိုလားသည်။ ပရော်ဖက်ရှင်နယ်တပ်မတော် ဖြစ်လိုသည်။ (ရုရှားပြည်နယ်ခရီးစဉ်)

(၄) မြေသိမ်းခြင်း မရှိတော့၊ သိမ်းဆည်းမြေများ စွန့်လွှတ်ခြင်းသာ ရှိတော့သည်။ (ပြည်ထောင်စုလွှတ်တော်တွင် ကာကွယ်ရေးဒုတိယဝန်ကြီး၏ပြောကြားချက်) (မြေသိမ်းဆည်းမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သူအများအပြား လွှတ်တော်နှင့် အစိုးရထဲတွင် ရှိနေကြဆဲ ဖြစ်သည်)

(၅) ပြည်သူ့သားအမိ၊ ပြည်သူ့သား အဖ။ (အင်ဒိုနီးရှားခရီးစဉ်)

(၆) Standard Army ဖြစ်အောင်ကြိုးစားနေ။ (မိတ္ထီလာ စစ်ရေးလေ့ကျင့်ခန်း)

တစ်ဖန် နိုင်ငံရေးမျက်နှာစာမှ တပ်မတော် အပြီးအပြတ် ထွက်ခွာ ပေးကြသူများအနေဖြင့် အမှန်တကယ်ကိုပဲ တပ်မတော်ကို မလိုအပ်တော့ ဘူးဟု သဘောရကြပါသလား ပြန်လည်သုံးသပ်ကြရန် အရေးကြီးသည်။ ယနေ့ နိုင်ငံရေးဆုံချက်ဖြစ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဒီမိုကရေစီစံနှုန်းများထက် အဆပေါင်းများစွာ ပိုမိုအရေးကြီးသော ပြည်

တွင်းငြိမ်းချမ်းရေး၊ ဖက်ဒရယ်ပြည်ထောင်စု၊ ပြည်ထောင်စုတပ်မတော် စသည့် စားပွဲဝိုင်းများတွင် တပ်မတော် ဝင်ထိုင်ရန် ထိုင်ခုံတစ်ခုံ လုံးဝမလို ဟု ဆိုလိုရင်းလား စဉ်းစားကြစေလိုသည်။ မြန်မာ့နိုင်ငံရေးဆွေးနွေးပွဲများ၊ စားပွဲဝိုင်းများတွင် တပ်မတော်သည် အဓိကကျသည့် ပလေယာတစ်ဦး ဖြစ်နေဦးမည့် နောက်ခံအခြေအနေတွင် မည်သည့်အတွက်ကြောင့် တပ် မတော်ကို မြန်မာ့နိုင်ငံရေးစားပွဲဝိုင်းမှ နှင်ထုတ်လိုကြသနည်း။ တဖြည်း ဖြည်းလျှော့ချသွားမည့် ကတိကဝတ်အတွက် ပြည်တွင်းငြိမ်းချမ်းရေး အချိန်ဇယားကိုလည်း တပ်မတော်ဘက်က တစ်ပိုင်းတစ်စအားဖြင့် ပြသ ထားပြီးဖြစ်သည်။ တပ်မတော်အပြီးတိုင် ဆုတ်ခွာပေးရေးသည် ပြည်တွင်း ငြိမ်းချမ်းရေး ရနိုင်– မရနိုင်ပေါ်တွင် မူတည်နေသဖြင့် ၂၀၁၅ မတိုင်မီ အခြေခံဥပဒေပြင်ဆင်၍ တပ်မတော်ကို နှင်ထုတ်လိုသူများ စဉ်းစားကြစေ လိုသည်။

ပြန်၍ချုပ်ရလျှင်–

(၁) အသွင်ကူးပြောင်းရေး မူဘောင်၏ မဟာဗျူဟာထွက် ပေါက်၊ မဟာဗျူဟာဆုတ်လမ်းကို ပိတ်ဆို့ခြင်းကြောင့် မည်သည့် အကျိုးဆက်များ ဖြစ်လာနိုင်သနည်း။

(၂) 'တဖြည်းဖြည်းချင်း လျှော့ချမည်' ဟူသော စကားကို 'မရ ဘူး–ချက်ချင်းထွက်' ဖြင့် တုံ့ပြန်နိုင်လောက်သော ကာ ကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက်အင်စတီကျူး ရှင်းများ ခိုင်ခိုင်မာမာ ရှိနေကြပြီလား။

(၃) မြန်မာ့နိုင်ငံရေးဆွေးနွေးမှု စားပွဲဝိုင်းတိုင်းတွင် Key Play အဖြစ် ဝင်ထိုင်နေရဦးမည့် တပ်မတော်ကို မည်သည့် အတွက်ကြောင့် မြန်မာ့နိုင်ငံရေးပင်မရေစီးမှ မောင်းထုတ် နေရပါသနည်း။

ကမ္ဘာပေါ်ရှိ တပ်မတော်တိုင်းအတွက် အခက်အခဲဆုံးသော စစ် ကဏ္ဍကြီးတစ်ရပ်မှာ ခွာစစ်ဆင်ခြင်းဖြစ်ပြီး ယနေ့ မြန်မာ့နိုင်ငံရေးနယ် ပယ်၌ တပ်မတော်သည် အခက်အခဲဆုံးသော မဟာဗျူဟာမြောက်ခွာစစ် ကို ဆင်နွှဲနေရခြင်းဖြစ်ကြောင်း သတိပြုကြစေလိုသည်။ တပ်မတော်၏

...ခစ်မဟာချူပြာတွင် နောက်ဆုံးထွက်ရှာမည့် နောက်ချန်တပ်သည် ...ဘ်တော်ထဲက ၂၅ ရာခိုင်နှုန်းဖြစ်နေလျှင် နောက်ချန်တပ်ကို ဝင်တိုက်မိ ...င်းကြောင့် ဖြစ်လာမည့်အကျိုးဆက်ကို အမြော်အမြင်ဖြင့် သုံးသပ်ဆင် ...င်နိုင်စေရန် မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

❑

## မြန်မာ့နွေဦး၏ စံနှုန်းနှင့် အရွေ့

### နှစ်ပေါင်း ၆၀ ကျော်၊ အခြေခံဥပဒေ သုံးခု

လွတ်လပ်ရေးရရှိပြီးနောက် တည်တံ့ခဲ့သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ၁၉၆၂ ခုနှစ်တွင် ပျက်ပြယ်သွားခဲ့ရပြီး ၁၉၇၄ အခြေခံဥပဒေ ပေါ်ထွက်လာခဲ့သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၈၈ ခုနှစ်တွင် ပျက်ပြယ်ခဲ့ရပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာခဲ့သည်။ ၁၉၄၇ အခြေခံဥပဒေသည် စုစုပေါင်း သက်တမ်း ၁၅ နှစ်ခန့် ကြာရှည်ခဲ့ပြီး ၁၉၇၄ အခြေခံဥပဒေမှာ စုစုပေါင်း သက်တမ်း ၁၆ နှစ်ခန့် ကြာရှည်ခဲ့သည်။ မြန်မာနိုင်ငံတွင် အခြေခံဥပဒေတစ်ခုသည် အနည်းဆုံး ဆယ်စုနှစ်တစ်နှစ်ကျော်သာ တာရှည်ခံခဲ့သည်။ တစ်ဖန် အဆိုပါအခြေခံဥပဒေ နှစ်ရပ်စလုံးသည် တပ်မတော်၏ဝင်ရောက်ထိန်းကျောင်းမှုဖြင့် ပျက်ပြယ်ခဲ့ရသည်ချည်း ဖြစ်သည်။

၁၉၄၇ ခုနှစ်အခြေခံဥပဒေသည် နိုင်ငံတော်၊ ဈေးကွက်နှင့် အရပ်ဘက် လူ့အဖွဲ့အစည်း သီးခြားအားကောင်းစေခဲ့သော လစ်ဘရယ်အုပ်ချုပ်ရေးစနစ်၊ ပါလီမန်ဒီမိုကရေစီနိုင်ငံရေးစနစ် ဖြစ်သည်။ ၁၉၇၄ အခြေခံဥပဒေသည် ဈေးကွက်၏အခန်းကဏ္ဍထက် နိုင်ငံတော်ကအလုံးစုံ

...န်းချုပ်ခဲ့သော ဆိုရှယ်လစ်စနစ်၊ တစ်ပါတီ ဆိုရှယ်ဒီမိုကရေစီနိုင်ငံရေး
...စ်ဖြစ်သည်။ ၂၀၀၈ အခြေခံဥပဒေတွင်ကား အားလုံးပြောင်းလဲခဲ့ပြီ
...ဲသည်။ ပါလီမန်စနစ်ဟူသော ရှင်ငယ်ဝမ်း၊ တစ်ပါတီစနစ်ဟူသော
...ကြီးဝမ်းကို ကြုံတွေ့ခဲ့ရသော မြန်မာနိုင်ငံသည် ယခုအခါ ပါတီစုံဒီမို
...ရေစီနှင့် သမ္မတစနစ် ပေါင်းစည်းထားသော မြန်မာပုံစံနိုင်ငံရေးစနစ်ကို
...၀၈ အခြေခံဥပဒေဖြင့် လျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။ ဤစနစ်တွင်
...င်တော်၊ ဈေးကွက်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့ ပြန်လည်နိုးကြား
...သက်ဝင်လာခဲ့သည်။ နှစ်ပေါင်း ၆၀ ကျော်တွင် အခြေခံဥပဒေ ၃ ခုဖြင့်
...တွေ့ခဲ့ရသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် အနိမ့်အမြင့်
...သရာကိုလည်း မျက်မြင်ကိုယ်တွေ့ ဖြတ်သန်းခဲ့ကြပြီး ဖြစ်သည်။

'မြန်မာ့နွေဦး' ဟု အရပ်ရပ်တိုင်းအပြည်ပြည် ခေါ်တွင်ခဲ့ကြကုန်
...သော ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ ခရီးရှည်ကြီး ဖြစ်သော်လည်း
...က်သင့်သည့်အပြောင်းအလဲများလည်း ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်
... အမှန်တရားတစ်ခုပင် ဖြစ်သည်။

## စံနှုန်း ပြဿနာ

မြန်မာ့နိုင်ငံရေးလောက၏ သွင်ပြင်လက္ခဏာများတွင် စံနှုန်းပြဿနာ
...းလည်း တွဲလျက်တည်ရှိနေကြောင်း အကဲအပြသသရာ မြန်မာ့နိုင်ငံရေး
...မိုင်းကြောင်းတွင် ပြန်ပြောင်းတွေ့မြင်နိုင်သည်။ ထီးဖြိုင်နန်းဖြိုင် မြို့ပြ
...င်များခေတ်တွင် ကောရာစ်ဘွဲ့ခံကာ ကြောဝတားမင်း ပလ္လင်ရရှိနိုင်ရန်
...ဘွက် ကြိုးပမ်းခဲ့ကြသည်လည်း ရှိသည်။ 'ဘုရင်ကို သတ်လျှင် ဘုရင်
...င်သည်' 'ရာဇပလ္လင်ကိုကိုင်လှုပ်မည့် မင်းလောင်းဆိုလျှင် သုတ်သင်ရ
...ည်' ဟု ဆိုကြကုန်သော နန်းတွင်းထုံးတမ်းအစဉ်အလာများသည်လည်း
...းထန်လှသော ပဒေသရာဇ်စနစ်၏ သင်္ကေတများ ဖြစ်ခဲ့ကြသည်။
...ဓဝံသ–ရှင်ဘုရင်တို့၏ အတ္တုပ္ပတ္တိသာလျှင် ရာဇဝင်သမိုင်းဖြစ်ခဲ့သော
...င်များတွင် ပြည်သူလူထုဟူသည် ကမ္ပည်းမတင် စာမတင်သော ဇာတ်ရံ
...းအဖြစ်သာ တည်ရှိခဲ့လေ၏။ ကိုလိုနီခေတ်တစ်လျှောက်လုံး ကြေးမင်း
...ဘောင်းပေါ်မည့်အရေး နက်နက်ရှိုင်းရှိုင်း ယုံကြည်ခဲ့ကြပြီး နှစ်ပေါင်း

တစ်ရာကျော် မင်းလောင်းမျှော်ရင်း ကျွန်သဘောကိဘဝတွင် အနည်ထိုင်ခဲ့ကြသည်။ ထိုမှသည် ကမ္ဘာ့သမိုင်း တော်လှန်ရေးလှိုင်းနှင့် ဒုတိယကမ္ဘာစစ်တို့ ဆုံမှတ်တစ်ခုသို့ ရောက်ရှိချိန်တွင် လွတ်လပ်ရေးကို လက်တွေ့ကျကျကြိုးပမ်းခဲ့ကြသည်။ လွတ်လပ်ရေးဟုဆိုကြရာတွင်လည်း လုံးဝ လွတ်လပ်ရေး၊ လွတ်လပ်ရေးစစ်စစ် စံနှုန်းပြဿနာ ပေါ်ခဲ့ရ၏။ ကိုလိုနီနယ်ချဲ့ကို တော်လှန်ရာတွင် ရှေ့ဆောင်ဝါဒဖြစ်သော လက်ဝဲလှိုင်းလုံးကြီးသည် နီခြင်း၊ မနီခြင်းနှင့် အဆင့်ဆင့်ကွဲထွက်ကုန်ကာ ပြည်တွင်းစစ်နွံအတွင်း သက်ဆင်းစေခဲ့သည်။ အဓိကစောစ်မြစ်မှာ လွတ်လပ်ရေးအစစ်၊ လွတ်လပ်ရေးအတုဟု အငြင်းပွားခဲ့ကြသော စံနှုန်းပြဿနာသာ ဖြစ်သည်။

လွတ်လပ်ရေး ကြိုးပမ်းစနိုင်ငံငယ်များ၊ လွတ်လပ်ပြီးစ နိုင်ငံငယ်များအကြားတွင်လည်း နယ်ချဲ့တော်လှန်ရေးမှသည် အရင်းရှင်တော်လှန်ရေးသို့ရွှေ့လျားကာ လက်ဝဲစနစ်ဖြင့် တိုင်းပြည်တည်ဆောက်အုံဟု အရင်းမဲ့လူတန်းစား ကြွယ်ဝချမ်းသာရေးကို ချီတက်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အပြီး လက်ဝဲတော်လှန်ရေးဖြင့် ဟိုမှာလည်း အနီ၊ ဒီမှာလည်း အနီ အာရှတစ်လွှား အနီရောင်နိုင်ငံများ အပြိုင်းအရိုင်း ပေါ်ထွက်လာခဲ့ကြသည်။ ပစ္စည်းမဲ့တော်လှန်ရေး၊ ယဉ်ကျေးမှုတော်လှန်ရေး၊ မြေယာတော်လှန်ရေး စသည်အားဖြင့် အရောင်အသွေးတို့ကို ကိုယ်စားပြုသော တော်လှန်ရေးလှိုင်းလုံးကြီးပေါ်တွင် နိုင်ငံငယ်ကလေးများ ပေါ်လောပေါ်နေခဲ့ကြသည်။ ယင်းကာလတွင် လက်ဝဲအစစ်၊ လက်ဝဲအတုတို့ဖြင့် ရောင်စုံမှုန်တိုင်းများကြောင့် ညီမြေ၊ ညီနိုင်ငံနှင့် ညီပြည်သူတို့သည် ပြည်တွင်းစစ်နှင့် တည့်တည့်တိုးခဲ့ကြရသည်။ ၁၉၆၂ ခုနှစ်တွင် စစ်ဘက်ဝင်ရောက်လာခြင်း၏ အရင်းခံ‌ကို ပြန်ကြည့်လျှင် ပြည်ထောင်စုအစစ်–အတု၊ ဖက်ဒရယ် အစစ်–အတု ဟု အငြင်းပွားခဲ့ကြသော စံနှုန်းပြဿနာသာ ဖြစ်သည်။

## အရှေ့ကို ကြည့်ပါ

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီကာလများကို ပြန်ပြောင်းတွေးကြည့်လျှင် ဒီမိုကရေစီစစ်သလား၊ ဒီမိုကရေစီတုသလား အငြင်းပွားမှုများကို

ဘော့ မြင်ရပေလိမ့်မည်။ ထို့ကြောင့်လည်း ဒီမိုကရေစီ၏ ရှေ့တွင် စစ်မှန် သောနာမ်စားထည့်၍ စစ်မှန်သောဒီမိုကရေစီဟု ကြွေးကြော်ကြသည်။ ဘုံမတော်အစိုးရကိုယ်၌ကလည်း စည်းကမ်းပြည့်ဝသော ဟူသော နာမ်စားကိုထည့်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဟု ပညတ်မြဲခဲ့ကြ၏။ စင်စစ်တွင်မူ ဒီမိုကရေစီဆိုလျှင် ပြီးပြည့်စုံပြီးဖြစ်သည်။ သို့သော် သည်း စံနှုန်းပြဿနာအခြေခံ၍ အစစ်–အတု အငြင်းပွားမှုတို့ ဖြစ်ပေါ်လာခြင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဧပရိုပြု၍ ထွက်ပေါ်လာခြင်းသာဖြစ်သည်။ ထိုကာလတွင် အလုပ်ဖြစ်ရေးလမ်းကြောင်းကို တွန်းတင်လိုသော အီလစ်များက Political Space ကို မက်လုံးပေး၍ တိုက်တွန်းခဲ့ကြသည်။ စံနှုန်းကို ဖက်တွယ်ထားလိုသူများကလည်း 'စစ်မှန်သော' နာမ်စားကို အလေးအနက်ကာကွယ်ခဲ့ကြသည်။ ယင်း၏အကျိုးဆက်ဖြင့် 'ဝင်ရေး' 'မဝင်ရေး' ရပ်တည်ချက်များ ကွဲထွက်သွားကာ ၂၀၁၀ အုပ်စုနှင့် ၂၀၁၂ ကြားဖြတ်အုပ်စုဟူ၍ ဖြစ်ပေါ်လာခဲ့ကြသည်။

ဒီမိုကရေစီတွင် လွှတ်တော်သည် နိုင်ငံရေး ပင်မရေစီးသာ ဖြစ်ရပေမည်။ ပြည်သူကရွေးချယ်၍ ပြည်သူတို့ကတင်မြှောက်ကြကုန်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် အုပ်ချုပ်စေသောစနစ်တွင် လွှတ်တော်သည်သာ ဒိုင်ယာလော့စင်မြင့် ဖြစ်ကြပါ၏။ အပြောင်းအလဲသည် အထက်မှလာသောအပြောင်းအလဲ၊ အောက်မှလာသောအပြောင်းအလဲ၊ အထက်နှင့်အောက် ပေါင်းစပ်ဖန်တီးသော အပြောင်းအလဲ စသည်အားဖြင့် ဒီမိုကရေစီသုခမိန်အများအပြားက မြန်မာ့ဒီမိုကရေစီအပြောင်းအလဲကို သီအိုရီများ၊ သုတေသနများဖြင့် ဆန်းစစ် ကင်ပွန်းတပ်ကြသောအခါ 'မြန်မာ့နွေဦး' ဟူ၍ ပေါ်ထွက်လာခဲ့သည်။ မြန်မာ့နွေဦးဟူသော အမည်ပေးခေါ်တွင်မှုတွင် ပထဝီနိုင်ငံရေး၊ ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာ၊ အနီးလက်ကျန်နိုင်ငံများ၊ အင်အားချိန်ခွင်လျှာ၊ ပရိုးမိုးရှင်းဖြင့် ဆွဲဆောင်ရေး စသည်အားဖြင့် ကျယ်ပြန့်နက်ရှိုင်းလှသော မြင်ရ၊ မမြင်ရ နှစ်မျိုးသော နောက်ခံအကြောင်းတရားများစွာ ရှိနေပေသည်။ မြန်မာ့နွေဦး၏ ရှေ့ခရီးအတွက်လည်း အချို့က စံနှုန်းများ မသိမသာ ထည့်သွင်းကြသလို အချို့ကလည်း စံနှုန်းများ သိသိသာသာ ထည့်သွင်းကြကုန်၏။ အချို့ကလည်း 'သူ့အရပ်သူ့ဇာတ်'

သဘောကို လက်ခံကာ လွှတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ပေးကြသော်လည်း အချို့ကလည်း 'ဟိုမှာ ဒီမော်ကြေလား၊ ဒီမှာ ဒီမော်ကြေလား၊ ထို့ကြောင့် ဤနိုင်ငံမှာ ဒီမော်ကြေလာ' ဟူ၍ ဒီဆေးသောက် ဖြစ် ပါး အကုန်ပျောက်ဟူ၍ ဆေးညွှန်းကြသည်များလည်း ရှိနေကြသည်။

တကယ်တမ်း စစ်စစ်ပေါက်ပေါက် ပြန်လေ့လာကြည့်လျှင် ပါလီမန်ခေတ်က မြန်မာ့ဒီမိုကရေစီသည် ပတ်ဝန်းကျင်နိုင်ငံများ နမူနာယူ အတုယူကာ မြန်မာလျှောက်သောလမ်း ထပ်တူလျှောက်လှမ်းခဲ့ကြသည်အထိ အောင်မြင်ခဲ့သည်။ သို့သော် မြန်မာတို့၏ ပါလီမန်ဒီမိုကရေစီသည် ဗြိတိန်ပါလီမန်ဒီမိုကရေစီကို ပုံတူကူးယူကာ ဖော်ဆောင်ခဲ့ခြင်းတော့ မဟုတ်ခဲ့ပါလေ။ အလားတူပင် မြန်မာ့နည်း မြန်မာ့ဟန် ဆိုရှယ်လစ်လမ်းစဉ်သည်လည်း ဆိုရှယ်လစ်နိုင်ငံအများအပြားက အတုယူ စံနမူနာပြုခဲ့ရသည်အထိ ဝါဒရေးရာအရ အားကောင်းခဲ့ပါ၏။ ဈေးကွက်ယန္တရားလုံးဝ အပြတ်ဖြတ်ရေးသဘောတရားကြောင့်သာ စီးပွားရေးမလွှိုင် ယိမ်းယိုင်ခဲ့ရခြင်း ဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုစိတ်အရ အဘိဓမ္မာသန်သော လေ့စရိုက်သည် အိုင်ဒီယိုလော်ဂျီအစွဲ ပြင်းထန်မှုကို ဖြစ်ပေါ်စေခဲ့သလို အစွဲပြင်းထန်မှုကြောင့် အကွဲအပြဲစစ်ခင်းရသည့် နိုင်ငံရေးပုံသဏ္ဌာန်ကို ဖန်တီးခဲ့ကြခြင်း ဖြစ်သည်။

ပါလီမန်ဒီမိုကရေစီလှုပ်ဘောင်သည် အရွေ့များစွာ ရွေ့နိုင်ခဲ့သော်လည်း ဖက်ဒရယ်အစစ်–အတုဖြင့် ပြိုကွဲခဲ့ရသည်။ ဆိုရှယ်လစ်လှုပ်ဘောင်သည်လည်း ပဒေသာပင်မသီးနိုင်သည့် စီးပွားရေးစနစ်ဖြင့် ပြိုလဲခဲ့ရကာ အရွေ့များ နည်းပါးခြင်းဖြင့် LDC စာရင်းသို့ သက်ဆင်းခဲ့ရပြန်သည်။ ၂၀၁၀ ရွေးကောက်ပွဲအကြိုကာလများတွင် ဒီမိုကရေစီအတု–အစစ် ပြဿနာဖြင့် ဝင်ရေး၊ မဝင်ရေး ကွဲလွဲခဲ့ကြသည်။ ၂၀၁၂ တွင်တော့ 'အတုကို အစစ်ဖြစ်အောင်လုပ်ရေး' ဟူသည့် သဘောတူညီချက်ဖြင့် Political Space ကို ဝင်ခဲ့ကြသည်။ ယခုအချိန်တွင် မြန်မာ့ရှေ့ဦး ခရီးမည်မျှ ရွေ့ခဲ့ပြီ ဟူသည်ကို ပြန်လည်သုံးသပ်ကြည့်ပါလျှင် မည်မျှလျှောက်၍ မည်မျှခရီးပေါက်ခဲ့ပြီကို တွေ့ရှိနိုင်ပေလိမ့်မည်။ သို့သော် ၂ နှစ်ခွဲကျော်ကာလဟူသည့် အချိန်အတိုင်းအတာကို သတိပြုမိကြရန်တော့ လိုပေလိမ့်

မည်။ မြန်မာ့ရွေးဦး အသွင်ကူးပြောင်းချိန် မည်မျှယူရမည် ဟူသည်မှာ သည်း ရွေ့ခဲ့ပြီးသော အရွေ့တို့ကို တန်ဖိုးထားမှုအပေါ် မူတည်နေပါလိမ့် မည်။

## စံနှုန်းအဓိကလား၊ အရွေ့အဓိကလား

မြန်မာ့ရွေးဦး၏ ၂၀၁၅ ခြေလှမ်းသည် အခြေခံဥပဒေပြင်ဆင်ရေး ဒ်ဘိတ်သည် စံနှုန်းနှင့်အရွေ့ ရွေးချယ်မှုတို့အပေါ်တွင် မူတည်နေပါလိမ့် မည်။ စံနှုန်းသမားက စံကိုက်နှုန်းစံတို့ဖြင့် အကဲဖြတ်ကြမည် ဖြစ်သလို အရွေ့သမားကလည်း မည်မျှရွေ့နိုင်သည်ကို မှန်းဆကြပါလိမ့်မည်။ ၂၀၀၈ အခြေခံဥပဒေဖြင့် ယနေ့ရောက်ရှိနေသော အနေအထား၊ လက်ရှိ အရွေ့အထိ ရွေ့ခဲ့မည်ဟု မည်သူကမျှ ထင်မထားခဲ့ကြပါ။ ၂၀၀၈ ကို သက်ခံပြီး ကစားကွင်းကို ချဲ့ရန် တိုက်တွန်းအကြံပြုခဲ့သူများသည်ပင် လျှင် ဤရွေ့ဤမျှအထိ ရွေ့လာလိမ့်မည်ဟု မှန်းဆထားခဲ့ခြင်း မရှိကြပါ။ သို့သော် မြန်မာ့ရွေးဦး၏ ၃ နှစ်သား ခြေလှမ်းကို နှစ်များစွာ လျှောက်လှမ်း ခဲ့ကြပြီးဖြစ်သည့် အခြားသောဒီမိုကရေစီချန်ပီယံကြီးများ၏ အရွေ့များနှင့် ယှဉ်လျှင်တော့ နှေးနေသေးသည်၊ ဘာမှမပြောင်းလဲဟု ဆိုကြပါလိမ့် မည်။ ယနေ့ မြန်မာ့ရွေးဦးသည် ယမန်နေ့က အိမ်တံခါး အလုံပိတ်ကာလ နှင့် နှိုင်းယှဉ်ကြည့်လျှင်တော့ အတော်ကလေးရွေ့ခဲ့ကြပြီဟု ဆိုကြပါလိမ့် မည်။

အနာဂတ်သည် ကွက်ကွက်ကွင်းကွင်း မမြင်နိုင်သောကြောင့် ဒါဆို ရင် ဘယ်လို၊ ဒီလိုဆိုရင် ဘယ်သို့ စသည်အားဖြင့် မှန်းဆမြင်ယောင် ခဲ့ကြရခြင်းသာ ဖြစ်သည်။ သို့သော် စံနှုန်းသမားတို့၏ တရားမျှတမှု သည် နိုင်သူ–ရှုံးသူ အခြေအနေသို့ ရောက်ရှိစေမည်ဆိုပါက အရွေ့ရှိမည် မဟုတ်ပါ။ သူနိုင်ကိုယ်နိုင်အခြေအနေကို ဖန်တီးနိုင်ရေး ရှေးရှုမှသာ စံကိုက် နှုန်းစံသို့ မည်မျှရွေ့နိုင်မည်ကို မြင်နိုင်ပါလိမ့်မည်။

ရှေ့ဆက်မည့် ၂ နှစ်တာကာလသည် ဤနိုင်ငံ၊ ဤပြည်သူနှင့် မြန်မာ့ရွေးဦး၏ ရှင်သန်ခွင့်ကို အဆုံးအဖြတ်ပေးတော့မည် ဖြစ်သည်။ မြန်မာ့ရွေးဦး ဘယ်လောက်ဝေးဝေး လျှောက်နိုင်၍ ဘယ်လောက်ဝေးဝေး

ခရီးပေါက်မည်လဲဟူသည်မှာလည်း အရွေးများကို ဗဟိုပြုမှုအပေါ် မူတည်နေပါလိမ့်မည်။ ယူနီတာဆယ် စံကိုက်ပုံစံခွက်အတွင်းသို့ သွတ်သွင်း၍ ရရှင်မှုရမည်ဖြစ်သော်လည်း မြန်မာပုံစံ မြန်မာဟန်ဖြင့် ရင့်ကျက်နိုင်မှာလာသည့် ဒီမိုကရေစီသည်သာ ဤအရပ်ဤဒေသတွင်နှင့် သဟာဇာတ လိုက်လျောညီထွေ ရှိပါလိမ့်မည်။ ပြည်တွင်းစစ်နှင့် ဆင်းရဲမှုချောက်အတွင်းမှ မြန်မာပြည်သူ သန်း ၆၀ တို့မှာ နှစ်ပေါင်း ၆၀ ကျော် စောင့်ဆိုင်းခဲ့ရပြီးနောက် မြန်မာ့ထွက်ရပ်လမ်းကို အမြန်ဆုံးရောက်ရှိလို၊ ရွေ့လိုကြသည်မှာလည်း သဘာဝကျပါ၏။ သို့သော် စံနှုန်းကို ဗဟိုပြုမလား၊ အရွေ့ကို ဗဟိုပြုမလားဟူသော နိုင်ငံရေးရွေးချယ်မှုသည် ၂၀၁၅ အလွန် မြန်မာ့ရှေ့ဦးအတွက် အသက်တာရှည် ဆုံးဖြတ်ချက်ဖြစ်လာမည့် ဖြစ်ပါကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

❑

## မြန်မာ့တန်ဖိုး။ မြန်မာ့ဆော့ဖ်ပါဝါ၏ အခြားတစ်မျက်နှာ

### နိဒါန်း

အတိတ်သမိုင်း၌ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်၊ နိုင်ငံခြားရေး
မူဝါဒတို့သည် ကမ္ဘာလုံးချီအဆင့် မဟုတ်ခဲ့သော်ငြားလည်း အာရှဒေသ
အတွင်း၌ သြဇာကြီးမားခဲ့သည့်နည်းတူ မြန်မာ့နိုင်ငံရေးတန်ဖိုး၊ မြန်မာ့
ဆော့ဖ်ပါဝါတို့ မနည်းမနောရှိခဲ့ပါ၏။ အဆိုပါသမိုင်းစဉ်များနှင့်စပ်လျဉ်း
၍ ဒေါက်တာနေဝင်းမောင်နှင့် စကားဝိုင်းတစ်ခုတွင် မြန်မာ့တန်ဖိုး၊ မြန်မာ့
ဆော့ဖ်ပါဝါအကြောင်း နှစ်ဦးသား ဆွေးနွေးခဲ့ဖူးသည်။ သိပ္ပံနည်းကျ
ဆုံးဘာသာတရားဟု အသိအမှတ်ပြုခြင်းခံထားရသော ဗုဒ္ဓတရားတော်
လမ်းညွှန်စဉ်များသည် မြန်မာ့ဆော့ဖ်ပါဝါ ဖြစ်နိုင်-မဖြစ်နိုင် စာရေးသူ၏
မေးမြန်းချက်ကို ဒေါက်တာနေဝင်းမောင်က ကိုးကွယ်ယုံကြည်မှု ဘာသာ
တရားကိုအခြေပြုသော ဆော့ဖ်ပါဝါသည် ကမ္ဘာလုံးချီအဆင့်သို့ ထိုး
ဖောက်နိုင်ရန် ခဲယဉ်းမည်ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်များကိုယ်တိုင်
နိုင်ငံတကာသို့ ဖြန့်ချိပေးနိုင်သည့် တရားတော်အပေါ် အလေးအမြတ်
ယုံကြည်သက်ဝင်မှု၊ နားလည်မှု၊ သိပ္ပံနည်းကျ ရှင်းလင်းဖွင့်ဆိုနိုင်မှု
စသည်တို့အပေါ်တွင် မူတည်သည်ဟု ဖြေသည်။ တစ်ဆက်တည်းမှာပင်
သဘာလရှည်ကြာ ဝိပဿနာကျင့်ကြံအားထုတ်ခဲ့သည့် အတွေ့အကြုံများ

နှင့်ယှဉ်၍ ဗုဒ္ဓတရားတော်ကို ဆော့ဖ်ပါဝါအဖြစ် မြှင့်တင်လိုသော ဘာသာဝင်များကိုယ်တိုင် စံတော်ဝင် ကျင့်ကြံအားထုတ် ပြုမူဆောင်ရွက်ခြင်း အဆင့်သို့ ရောက်ရှိရန် များစွာကြိုးပမ်းအားထုတ်ရဦးမည်ဟု ဒေါက်တာ နေဝင်းမောင်က ရှင်းခဲ့သည်။ အလားတူ ဘာသာတရားနှင့် ဆော့ဖ်ပါဝါ အဆက်အစပ်ဖြစ်နိုင်ခြေကို ဒကာရင်း၊ တပည့်ရင်းတစ်ဦးမှတစ်ဆင့် သီတဂူဆရာတော်ဘုရားကြီး၏ ထင်မြင်ယူဆချက်အား မေးမြန်းလျှောက်ထားခဲ့ရာ၌ ယခုလက်ရှိကာလထက် အဆပေါင်းများစွာ ကြိုးပမ်းအားထုတ်ရန် လိုအပ်မည်ဟု မိန့်တော်မူခဲ့ဖူးသည်။

## အသွင်ကူးပြောင်းရေး ဆော့ဖ်ပါဝါ

ကမ္ဘာလုံးရှိ ဒီမိုကရေစီကူးပြောင်းမှုတွင် စံနမူနာတွင်ခဲ့သော အကူးအပြောင်းများကို လေ့လာကြည့်လျှင် ဆူဟာတို၏ New Order နှင့် အင်ဒိုနီးရှား၊ ဒီကလပ်နှင့် မင်ဒဲလားတို့၏ တောင်အာဖရိက စသည်အားဖြင့် ဒီမိုကရေစီရေစီးကြောင်းအသစ် ဆော့ဖ်ပါဝါများ ဖြစ်ခဲ့သည်။ တော်လှန်ရေးဖြင့် နိဒါန်းဖွင့်လှစ်သော ကူးပြောင်းမှု၊ ငြိမ်ပအားဖြင့် ပုံစံသွင်းသော ကူးပြောင်းမှု၊ အုပ်စိုးသူတို့ကအစပြုသော ကူးပြောင်းမှု စသည့် ကူးပြောင်းမှုမျိုးကွဲ ၃ ရပ်တွင် မြန်မာ့ရှေ့ဦးဟု နိုင်ငံတကာပညာရှင်များ ဆောင့်ကြည့်ကြကုန်သော မြန်မာ့ဒီမိုကရေစီအကူးအပြောင်းမှာအပေါ်မှ ပြောင်းသည့် အပြောင်းအလဲတစ်ရပ်ဖြစ်သည်။ ထို့ကြောင့်လည်း ပုံသဏ္ဌာန်အသစ် ကူးပြောင်းမှုအဖြစ် သတ်မှတ်ထားကြခြင်း ဖြစ်သည်။ ဤမည်သော မြန်မာ့ဒီမိုကရေစီ အကူးအပြောင်းသည် ကမ္ဘာလုံးရှိ ရာဇဝင်တွင်ရစ်တော့မည့် သင်္ကေတတစ်ရပ် ဖြစ်လာနေသလို 'မြန်မာ' ဟု ဆိုလိုက်သည်နှင့် ငြိမ်းငြိမ်းချမ်းချမ်း ဒီမိုကရေစီသို့ ချီရာလမ်းကို မြင်ယောင်လာကြတော့မည် ဖြစ်သည်။ ဒီမိုကရေစီနှင့် အသွင်ကူးပြောင်းရေး၊ ဖွံ့ဖြိုးရေးစံတော်ဝင် အိုင်ဒီယာများတွင် မြန်မာ့အကြောင်း တရေးတဆောင်း မဖြစ်မနေ ပါဝင်လာတော့မည်လည်း ဖြစ်သည်။

သို့သော်လည်း မြန်မာ့ရှေ့ဦး ပုရစ်ဖူးတို့သည် လူမျိုးရေးစစ်ပွဲများ၊ လူမှုရေးပဋိပက္ခများ၊ ပြုပြင်ပြောင်းလဲရေး စုံစမ်းမှုများကြောင့် သေနတ်သံ၊

ဝိုးသံ၊ ဖုံးပေါက်ကွဲသံ၊ မီးလျှံများဖြင့် တဝေဝေ ဖြစ်လာနေသည့် အနေအထားမှာ များစွာ အရုပ်ဆိုး အကျည်းတန်လှပေသည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် သီအိုရီအသစ်ပေါင်း များစွာပေါ်ထွက်လာစေနိုင်ပြီး မြန်မာ့ငြိမ်းချမ်းရေးမဟာဗျူဟာ၊ နည်းဗျူဟာများကို လေ့လာဆန်းစစ်ခြင်းအားဖြင့် မတူညီသော၊ ခြားနားသော အယူအဆများစွာ ရရှိစေမည်ဟု အမေရိကန်နိုင်ငံမှ ပညာရှင်တစ်ဦးက ဆိုသည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ကမ္ဘာပေါ်ရှိ စေ့စပ်ညှိနှိုင်းမှုအားလုံးတို့နှင့် မတူညီဘဲ ပြဿနာရောင်စုံ၊ ပိုမိုအသွေးစုံသော အိုင်ဒီယာကွန်ချာကြီး ဖြစ်လာလိမ့်မည်ဟု အဆိုပါ ပညာရှင်က ဆိုသည်။

ထို့အပြင် ဖျက်နှာစာအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုး တည်ရှိနေသည့်ကြားမှ ရှေ့သို့ တစ်လှမ်းချင်း လျှောက်လှမ်းနေသည့် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် အံ့သြဖွယ်ရာ အောင်မြင်မှုများရရှိနေကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတို့၏ အဓိကမေးခွန်းမှာ ရှေ့သို့ မည်မျှလှမ်းနိုင်သလဲ ဟူသောအချက်ဖြစ်ပြီး မြန်မာနိုင်ငံသည် နိုးကြားဖွယ်ရာ အခင်းအကျင်းသို့ ရောက်ရှိသွားခဲ့သော်လည်း ယင်းထောင်ချောက်မှ လွတ်မြောက်ကာ ရှေ့သို့ ခြေလှမ်းများ တက်လှမ်းနေခဲ့သည်ကို တွေ့ရှိရကြောင်း၊ စိန်ခေါ်မှုများမှာလည်း မည်သို့မျှ ထင်မှတ်မထားခဲ့သော မျက်နှာစာများဖြစ်နေပြီး လက်ရှိအချိန်အထိ မြင်တွေ့ရသမျှ စိတ်လှုပ်ရှားဖွယ်ရာအကောင်းဆုံးသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုတစ်ရပ်ဖြစ်လာနေကြောင်း ကမ္ဘာနှင့်ချီ၍ ဩဇာကြီးမားသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ဆိုသည်။

မှန်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲများ မတိုင်မီက မြန်မာနိုင်ငံသနေ့အနေအထားမျိုး ရောက်ရှိလာလိမ့်မည်ဟု ပြည်တွင်း-ပြည်ပမည်သူကမျှ ထင်မှတ်မထားခဲ့သလို မထင်မှတ်ဘဲ တွေ့ကြုံလာရသည့်စိန်ခေါ်မှုများကိုလည်း နိုင်ငံတော်သမ္မတကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌကြီးများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပညာရှင်များ၊ ကျော်ကြား ထင်ရှားပုဂ္ဂိုလ်များက နိုင်ငံရေးယဉ်ကျေးမှုအသစ်ဖြင့် ဖူးပေါင်း

ခဲ့ကြရင်းခဲ့ကြသည်။ ဆိုရလျှင် လမ်းပေါ်မှာ ချော်ထွက်တော့မည်ဟူ၍ စိုးရိမ်တကြီး စောင့်ကြည့်ကြရသည့် အချိန်ကာလမျိုးတွင် ရှန်းရင်း ကန် ရင်း ပြန်လည်ထိန်းညှိရင်းဖြင့် လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက် တည်ရှိနေဆဲ ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးလက်ထက် ဒီမိုကရေစီ လမ်းကြောင်းသို့ လျှောက်လှမ်းတော့မည်ဟု ထုတ်ပြန်ကြေညာခဲ့ချိန်တွင် အရပ်ရှစ်မျက်နှာသော မိတ်သဂ်ဂါဟများက သံသယမျက်လုံးများဖြင့် အထင်သေးအမြင်သေး ကြည့်ခဲ့ကြသည်။ သို့သော် အဆိုပါ သံသယမျက် လုံးများ အရောင်ပြောင်းလဲကာ အားလုံးမင်တက်သွားစေရန် မြန်မာ ဟူသော အဆင်းရဲဆုံး နိုင်ငံငယ်ကလေးက လုပ်ပြခဲ့သည်။

အာဆီယံ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့သည်။ မြန်မာနိုင်ငံ သည် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားကုမ္ပဏီများ၌ အများဆုံး စုံစမ်းမေးမြန်း ခြင်းခံရသော ခရီးသွားနေရာတစ်ခု ဖြစ်လာသည်နှင့်အညီ ခရီးသွားများ တိုးမြှင့်ဝင်ရောက်လာမှုကြောင့် ဟိုတယ်ခန်း မလုံလောက်သည့် အကျပ် အတည်းနှင့်ပင် ရင်ဆိုင်လာခဲ့ရသည်။ နှစ်ပေါင်းများစွာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း မရှိခဲ့သော ဤနိုင်ငံတွင် ဆီးဂိမ်းပြိုင်ပွဲကြီးကို တခမ်း တနား ကျင်းပတော့မည်။ နိုင်ငံတော်သမ္မတကြီးလက်ထက် ပြုပြင်ပြောင်း လဲမှုများ၏ အကျိုးဆက်အားဖြင့် ဒဏ်ခတ်ပိတ်ဆို့မှုများ တစ်စီစီဖြေလျှော့ ပေးပြီးနောက် ရင်းနှီးမြှုပ်နှံသူများ ဝင်လာမစဲ တဖွဲဖွဲ အိမ်ဦးနှင့် ကြမ်းပြင် ဖြစ်လာခဲ့သည်။ တစ်အမျိုးသားလုံး ညီညွတ်ရေးအတွက် ဖက်ဒရယ်သံ တည်ည်ဖြင့် အခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်နေကြသည်။ တစ်နိုင်ငံ လုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာတော့ မည် စသည် စသည် အခင်းအကျင်းများဖြင့် ဖက်လာရှိသော မြန်မာနိုင်ငံ သည် မကြာသေးခင်ကပင် ဖုံးပေါက်ကွဲမှု၊ ဖုံးလာန့်မှုများဖြင့် တည်ငြိမ် အေးချမ်းမှုကို ထိခိုက်စေနိုင်သော ဆောင်းလက်မည်းကြီးများ ပေါ်ပေါက် လာခဲ့ပြန်သည်။ သံသယမျိုး ပွဲတော်ကြီးတစ်ရပ်ကို ဖန်ဆင်းနေသလိုလို၊ မျက်နှာစုံညီ Blame Game ၏ လက်ညှိုးပေါင်းများစွာ သူပြန်ကိုယ်ပြန် ထိုးလာနေတော့မလိုလို အခြေအနေတစ်ရပ်ကိုလည်း မြင်တွေ့ရသည်။ ဤသည်တို့သည်ပင် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပုံရိပ်များ

၏ အမြစ်ကို ချိုးနေကြခြင်း ဖြစ်သည်။

## မြန်မာ့တန်ဖိုး သမိုင်း

ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံစစ်မြေပြင်တွင် စစ်ရှုံးနိမ့်၍ ဖရိုဖရဲ ဆုတ်ခွာခဲ့ကြရသည့် ဂျပန်စစ်သည်များကို ရန်ဘက်ပင် ဖြစ်လင့် ကစား အမုန်းမထားဘဲ ကယ်တင်စောင့်ရှောက်ခဲ့ကြကုန်သော မြန်မာနိုင်ငံ သားများအကြောင်း ယနေ့အချိန်အထိ ရှေးမီဂျပန်လူမျိုးများက တဖွဖွ ပြန်ပြောင်း ပြောကြဆဲဖြစ်သည်။ ယနေ့ခေတ် နိုင်ငံတကာနယ်ပယ်တွင် ပေါက်ရောက်ရှိလာခဲ့သော လူသားချင်းစာနာ ထောက်ထားမှုကို လွန်ခဲ့ သော နှစ်ပေါင်းများစွာကပင် မြန်မာနိုင်ငံသားတို့သည် စံနမူနာယူ ထောက်ဖွယ်ရာ လက်တွေ့ကျင့်သုံးဖော်ဆောင်ခဲ့ကြပြီး ဖြစ်သည်။ မြန်မာ ကိုက်ရင်း မြန်မာ့ရှုခင်းဟုဆိုအပ်သော မြန်မာနိုင်ငံသားတို့၏ စိတ်နေမြင့် မြတ်မှုသည် သမိုင်းနှင့်ချီ၍ တင်ကျန်ရစ်ခဲ့သော မြန်မာ့တန်ဖိုးတစ်ရပ် ဖြစ်ပေလိမ့်မည်။ နိုင်ငံတကာမှတ်တမ်းစာပေများ၊ ခရီးသွားစာပေများတွင် လည်း မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများသည် ရိုးသားခြင်း၊ လိုက်လျော ညီထွေရှိခြင်း၊ ယဉ်ကျေးခြင်း၊ နှစ်လိုဖွယ်ရာ ရှိခြင်း၊ စည်းဝတ်ကျေပွန်ခြင်း စသည့် အမှတ်တံဆိပ်များဖြင့် အပြည့်ဖုံးလွှမ်းခဲ့ကြောင်း တွေ့ရှိရသည်။ ရှေးယခင်ခေတ်ကဆိုလျှင် မြန်မာတို့သည် အိမ်တံခါးမပိတ်၊ နွားဝက်ယှဉ်သွား ကြ၍ အေးချမ်းလှသည့် လူ့အဖွဲ့အစည်းတစ်ရပ် ရှိခဲ့သည်ဟူသော သမိုင်း တစ်ကွေ့သည်လည်း ဒဏ္ဍာရီလိုလို ပုံပြင်လိုလို ထင်ယောင်ထင်မှတ် ဖြစ်နေကြရပြီ ဖြစ်သည်။

လောကနီတိ၊ လူမှုနီတိများဖြင့် လိမ္မာရေးခြားရှိအောင် သွန်သင် ဆုံးမခဲ့ကြကုန်သော ယဉ်ကျေးမှု ထုံးတမ်းများသည်လည်း တိုးတက်ထွန်း ကားလာသော နည်းပညာ၊ လူနေမှုနစ်တို့အောက်တွင် အချို့ပျောက်ကွယ်၊ အချို့လွင့်ပြယ်ကြကုန်လေပြီ။ တစ်ခေတ်တစ်ခါက လွမ်းမောဖွယ်ရာ ကောင်းသော ရုပ်ရှင်၊ ဂီတ၊ သဘင်၊ သုခုမတို့၏ မြန်မာ့လူ့အဖွဲ့အစည်း သို့ ဆွဲဆောင်မှု၊ ထိန်းကျောင်းမှုတို့သည် ပေါ့လီးဝုဒ်၊ တောင်ကိုရီးယား ယဉ်ကျေးမှုတို့အကြား တိမ်မြုပ်ပျောက်ကွယ်လုလု ဖြစ်နေပေပြီ။ မြန်မာ

လူ့ဘောင် အဖွဲ့အစည်းတစ်ရပ်လုံး၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ထိန်းကျောင်းပြုပြင် လမ်းဖွင့်ပေးရန် တာဝန်ရှိသော စာပေ(စာနယ်ဇင်း၊ သတင်းစာ)၊ ရုပ်ရှင်၊ သဘင်၊ ဂီတရုပ်ဝန်းတို့သည်လည်း မိမိတို့၏ အသွင်ကူးပြောင်းရေးဖြစ်စဉ်မှာပင်ရုန်းကန်နေကြရဆဲဖြစ်သည်။ ဟောလီးဝုဒ်ရုပ်ရှင်များတွင် မကြာခဏမြင်တွေ့ကြသည့် မြင်ကွင်းတစ်ရပ်မှာ အပြစ်ရှိသူ တရားခံတစ်ဦးဦးကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရာ၌ 'မင်းကို ရဲတပ်ဖွဲ့က ဖမ်းလိုက်ပြီ၊ မေးမြန်းချက်များကို ဖြေဆိုလိုက ဖြေဆိုနိုင်သည်၊ မဖြေဘဲ နေလိုက မဖြေဘဲနေနိုင်သည်၊ ရှေ့နေ ငှားလိုလျှင် ငှားနိုင်သည်၊ မငှားနိုင်က အစိုးရက ငှားပေးမည်' စသည်ဖြင့် ပုံသေပြောကြားလေ့ရှိသော စာတ်ဝင်ခန်း ဒိုင်ယာလော့များသည် ယင်းလူ့အဖွဲ့အစည်း၏ ဒီမိုကရေစီတန်ဖိုးကို ကိုယ်စားပြုနေသလို အဆိုပါလူ့အဖွဲ့အစည်း၏ နိုင်ငံရေးစနစ်ကို ညွှန်းဆိုနေခြင်း ဖြစ်သည်။

ဒေါက်တာနေဝင်းမောင် ညွှန်းဆိုခဲ့သော ဒေါ်အောင်ဆန်းစုကြည် စုကြည်၏ မြန်မာ့ဝတ်စားဆင်ယင်မှု ဖက်ရှင်ဒီနိုင်းသည် အရပ်ရပ် အပြည့်ပြည် ထိုးဖောက်မှုယ်ရှိသည်ဟု ဆိုသော်ငြားလည်း ပြည်တွင်း၌ အရှိန်နေးနေဆဲဖြစ်ပြီး မြန်မာ့တန်ဖိုးတစ်ရပ်အဖြစ် ထွက်ပေါ်မလာသေးသည်မှာလည်း စိတ်မကောင်းဖွယ်ရာ ဆုံးရှုံးမှုတစ်ရပ်ဟု ဆိုနိုင်သည်။ မျက်စိအေး ဘဝင်အေးစေသည်ဟု နိုင်ငံခြားသားများ မကြာခဏ ညွှန်းဆိုကြသော မြန်မာ့ဝတ်စားဆင်ယင်မှုသည် ပရိုမိုးရှင်း မြှင့်တင်ရန် လိုအပ်နေသောသဘောမျိုး တွေ့ရှိရသည်။ မြန်မာနိုင်ငံရှိ အမေရိကန်သံရုံးတွင် ကာလရှည်ကြာ တာဝန်ထမ်းဆောင်သွားခဲ့ပြီး ယခုတိုင် မြန်မာနိုင်ငံအပေါ် သံယောဇဉ်ကြီးလှသော အမေရိကန်အမျိုးသမီးကြီးတစ်ဦးက အာဆီယံ နိုင်ငံများတွင် ဘောင်းဘီ၊ ကုတ်၊ နက္ကတိုင်၊ ရှူးတို့နှင့် အနောက်ဆန်လာကြချိန်တွင် ပုဆိုးနှင့် ထဘီတို့ တွင်ကျယ်စွာ ဝတ်ဆင်နေကြဆဲဖြစ်သော မြန်မာနိုင်ငံသည် ၂၁ ရာစု၏ ရှားရှားပါးပါး ကျန်ရစ်ခဲ့သော အာရှအမွေ အနှစ်တစ်ရပ်ဟု မှတ်ချက်ချခဲ့ဖူးသည်။

မြန်မာ့လွတ်လပ်ရေး ဖွားဖက်တော် ဟု ကင်ပွန်းတပ်အပ်သော ပြည်တွင်းစစ်မီးလျှံတို့သည်ကား မြန်မာ့တန်ဖိုး အဆိုးမျက်နှာသဖွယ်

ဘိုင် မပျက်မကွက် ကြီးစိုးမင်းမူနေကြဆဲ ဖြစ်သည်။ မြန်မာနိုင်ငံ
ကြောင်း ရှုဂါလ် ခေါက်လိုက်သည်နှင့် ကမ္ဘာပေါ်တွင် အရှည်ကြာဆုံး
သော ပြည်တွင်းစစ်ဟူသည့် ကမ္ဘည်းမှတ်တမ်းက အထင်အရှား ထင်ဟပ်
နေဆဲ ဖြစ်သည်။ ဤစစ်မီးလျှံ ဤအမုန်းတရား ဤရယ်ဒီကယ်အစွန်း
များကို မိမိတို့ခေတ် အနိုင်းခံကာ ဆက်လက်မွေးမြူထားမည်ဟု ဆိုခဲ့ပါ
သော် သန်း ၆၀ ၏ ကံကြမ္မာဟူသော အပြစ်ဖို့ရချေတော့မည်။

## နိဂုံး

မြန်မာနိုင်ငံရေးယဉ်ကျေးမှုဖြစ်သည့် ရယ်ဒီကယ်တောင်ချောက်ကို
ကတောင်မောင်သန်း (သင့်ဘဝ) က အတု–အစစ် ပြသနာဟု သရုပ်ခွဲပြ
သည်မှာလည်း စိတ်ဝင်စားဖွယ်၊ သတိပြုဖွယ်ဖြစ်နေလေသည်။

လွတ်လပ်ရေးမရခင်ကပင် အတု–အစစ် ငြင်းခုံကာ တောင်းယူ
သော လွတ်လပ်ရေးထက် တိုက်ယူသော လွတ်လပ်ရေးက စစ်သည်ဟု
ကာ တိုက်ကြ ခိုက်ကြ သေကြ ကြေခဲ့ကြသည်။ (ယခုသော် တု
လား၊ စစ်သလား မည်သူကမျှ ဂရုမစိုက်ကြတော့။)

ဆိုရှယ်လစ်လမ်းစဉ်ကို လျှောက်ကြမည်ဟု ဆိုစဉ်ကလည်း
တု–အစစ် ငြင်းခုံကြကာ ကွဲကြ ပြိုကြ တိုက်ကြ ခိုက်ကြ ဖြစ်ခဲ့ပြန်
သည်။ ယခုသော် ဆိုရှယ်လစ်အသံ စုံးစုံးမြုပ်ခဲ့လေပြီ။ မည်သူကမျှ
မစိုက်ကြတော့။

ယခုလည်း ဖက်ဒရယ်စနစ်ကို ဖော်ဆောင်မည်ဟု ဆိုကြချိန်တွင်
လည်း အတု–အစစ် ငြင်းခုန်နေကြသည်။ သူ့ဟာက စစ်သည်၊ ငါ့ဟာမှ
သည် သဘောထားကွဲလွဲ 'ရှုသမိုင်းသစ်' ရေးရန် ပြင်ဆင်ကုန်ကြလေ
ပြည်သူများမှာ မည်သည့်နေရာ 'တု'၍ မည်သည့်နေရာ 'စစ်' နေသည်
ရေရာရာ နားမလည်။ (နောင်သောအခါ နောက်မျိုးဆက်များက ဤသို့
တု–အစစ် ငြင်းခုံကာ ကွဲကြ၊ ပြိုကြကို စိတ်ပျက်ဖွယ်ရာ ကောက်ချက်
ကြပါလိမ့်မည်။)

ဒီမိုကရေစီနှင့် စပ်လျဉ်း၍လည်း အတု–အစစ် တိုက်ပွဲက ပြင်းပြင်း
နိထန် ဖြစ်ပွားနေဆဲဖြစ်သည်။ အသက်နှင့်ရင်း၍ တောင်းဆိုမည့် သူ

များရှိသလို အသက်နှင့်ရင်း၍ ကာကွယ်ကြမည့်သူများလည်း ရှိနေကြ သည်ဟု ဆိုကြပြန်သည်။ ဒီမိုကရေစီတုခြင်း၊ ဒီမိုကရေစီစစ်ခြင်း အငြင်း ပွားမှုများကို ရယ်ဒီကယ်စိတ်ဓာတ်ခံများဖြင့် အားဖြည့်လိုက်ကြသောအခါ နောင်းလူတို့ စံထားရမည့် 'ချူ ရာခဝင်'တစ်ရပ် ဖြစ်ပေါ်လာတော့မည် ဖြစ်သည်။ (နောင်သောအခါ နောက်မျိုးဆက်များက ဤသို့ ဒီမိုကရေစီ အတု–အစစ် ငြင်းခုံကာ ကွဲကြ ပြိုကြသည်ကို စိတ်ပျက်စရာဟူ၍ မှတ် ချက် ပြုကြပါလိမ့်မည်။)

ဆိုခဲ့ပါ လွှတ်လပ်ရေး မရရှိခင်ကတည်းကပင် အမြဲတေအဖြစ် တည်ရှိခဲ့ကြကုန်သော အတု–အစစ် အကွဲအပြဲနှင့် ရယ်ဒီကယ်ရှင်းတမ်း သည်ပင် မြန်မာ့တန်ဖိုး၏ အခြားတစ်မျက်နှာပင် ဖြစ်နေလေမည်လား ဟု တွေးဆဖွယ်ရာပင်။

❑

## ငြိမ်းနေဦးမည့် မြန်မာ့နိုင်ငံရေး

### နိဒါန်း

မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ခဲ့သော အမေရိကန် သမ္မတဟောင်း ဘီလ်ကလင်တန်သည် နိုင်ငံတော်သမ္မတကြီး၏ ပန်ကြားချက်အရ **Myanmar Peace Center** တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ နိုင်ငံပြုခေါင်းဆောင်များ၏ အခန်းကဏ္ဍအကြောင်းကို ဟောပြောသွားခဲ့သည်။ ခေတ်သစ်အမေရိကန်သမ္မတများတွင် ထူးချွန်ထက်မြက်သူဟု အမေရိကန်ပြည်သူများက လက်ခံထားခဲ့သော ဘီလ်ကလင်တန်သည် အရှေ့အလယ်ပိုင်းစစ်ပွဲအတွင်း နစ်ဝင်ခဲ့သော အမေရိကန်စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် စွမ်းဆောင်နိုင်ခဲ့သော ဒီမိုကရက်သမ္မတတစ်ဦး ဖြစ်သည်။ အိမ်ဖြူတော်တွင် ၈ နှစ်တာ ရုံးထိုင်ခဲ့သော အတွေ့အကြုံများကို မျှဝေသွားခဲ့သည်မှာလည်း အသွင်ကူးပြောင်းစ မြန်မာနိုင်ငံအတွက် သင်ခန်းစာယူဖွယ်ရာများစွာ ပါဝင်နေသည်။ ဘီလ်ကလင်တန်၏ ပြောကြားချက်အားလုံးကို အကြွင်းမဲ့မှန်ကန်သည်ဟု ပြောလိုခြင်း မဟုတ်ပါ။ ဉာဏ်စားဆင်ခြင်ဖွယ်ရာကောင်းသောအချက်များကို ထုတ်နုတ်တင်ပြလိုခြင်းသာ ဖြစ်သည်။

## ဘာရာဇီး ဦးဆောင်သာမှု

ကမ္ဘာ့အဆုတ်အနှစ်ဟု သတ်မှတ်ထားခဲ့သော ဘာရာဇီးနိုင်ငံ၏ အမေဇုန်တောအုပ်ကြီးအတွင်း ရေအားလျှပ်စစ်ဆည်ကြီး တည်ဆောက်ခဲ့သည့်ဖြစ်စဉ်ကို ဘီလ်ကလင်တန်က ရှင်းပြခဲ့သည်။ ယင်းအမေဇုန်တောအုပ်ကြီးသည် သဘာဝအမွေအနှစ်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ လက်တင်အမေရိကတစ်ကြောတွင် ယင်းတောအုပ်မှ ထုတ်လွှတ်ပေးသောအောက်ဆီဂျင်ကြောင့် ဖြစ်ပေါ်လာသည့် လေထုကို ရှူရှိုက်နေရခြင်းကြောင့်လည်းကောင်း အမေဇုန်တောနက်ကြီးထဲတွင် ရေအားလျှပ်စစ်ဆည်ကြီးတည်ဆောက်မည့်စီမံကိန်းကို ကန့်ကွက်မှုများ ပြင်းပြင်းထန်ထန် ရင်ဆိုင်ခဲ့ရသည်။ ဘာရာဇီးနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့အစရှိသော သဘာဝသယံဇာတများ ပေါကြွယ်ဝပြီး လယ်ယာစိုက်ပျိုးရေးအခြေခံ အသက်မွေးဝမ်းကျောင်းမှုများ အများဆုံးတည်ရှိနေသော အခြေအနေဖြစ်သည်။ နိုင်ငံကလည်း ဒီမိုကရေစီ အသွင်ကူးပြောင်းစ အနေအထားမျိုးတွင် လျှပ်စစ်ရှားပါးမှုအကျပ်အတည်းကို ဖြေရှင်းဆောင်ရွက်ရန် အကြောင်းဖန်လာသော် ဒီမိုကရက်တစ်အစိုးရသည် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ဆိုင်ရာ တက်ကြွလှုပ်ရှားသူများ၏ ဆန့်ကျင်ဝေဖန်မှုများကို ရင်ဆိုင်၍ အမေဇုန်တောအုပ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရေးကို ဆောင်ရွက်ခဲ့သည်။

ဘာရာဇီးအစိုးရအနေဖြင့် ရွေးချယ်စရာ ၂ လမ်းသာရှိခဲ့ပြီး (၁) လျှပ်စစ်အကျပ်အတည်းကို လက်ရှိအတိုင်းထားမည်လား၊ (၂) ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးနှင့် အမေဇုန်တောတွင် ဆည်တည်ဆောက်မည်လားဟူ၍ ဖြစ်သည်။ ဘာရာဇီးအစိုးရရွေးချယ်ခဲ့သော နည်းလမ်းမှာ ပြည်သူလူထုကို အစွမ်းကုန်ရှင်းပြ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် အကျေအလည်ညှိနှိုင်း၊ နိုင်ငံတကာစံချိန်စံနှုန်းများနှင့် အညီဖြစ်စေရန် အလေးထားဆောင်ရွက်ခြင်းဖြင့် အမေဇုန်တောအုပ်ကြီးအတွင်း ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ အကျပ်အတည်းဖြေရှင်းရေးနည်းလမ်းကို အားလုံးလက်ခံနိုင်သော အခြေအနေတစ်ရပ် ဖန်တီးဆောင်ရွက်နိုင်

ပြီးနောက် လျှပ်စစ်မီးရရှိလာခြင်း၏ အကျိုးဆက်အားဖြင့် ဘရာဇီးပြည် ...း စက်မှုခေတ်ပြောင်းလှိုင်းလုံးကြီး ထွက်ပေါ်လာခဲ့ပြီး စက်မှုထုတ်ကုန် ...။ တန်ဖိုးမြင့်ထုတ်ကုန်များ ဆက်တိုက်ဆိုသလို ထုတ်လုပ်လာနိုင်ခဲ့ ... ဖွံ့ဖြိုးရေးသို့ ချီနိုင်ခဲ့သည်။

ယခုနောက်ဆုံး ၂၁ ရာစုတွင် ဘရာဇီးသည် ထွန်းသစ်လာသည် ...ပွားရေးပါဝါကြီးများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်လာခဲ့ကာ ဘရာဇီး၊ ...ား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက စသည့် အမေရိကအလွန် ဆူပါ ...ါ် အပေါင်းအစပ် BRICS အသွင်အထိ ရောက်ရှိလာခဲ့သည်။ အမေစုန် ...ာနက်ကြီးဆီမှ လျှပ်စစ်မှုလုံရေး ပြုပြင်ပြောင်းလဲမှုသည် ဘရာဇီး ...၏ စက်မှုခေတ်ပြောင်းချိန်ကို ဆောင်ကြဉ်းပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ...ဖြစ်စဉ်တွင် ပြောင်းရွှေ့ခဲ့ရသော ရာနှင့်ချီသည့်ကျေးရွာများနှင့် အမေ ...ဆောဘွင်းတိုင်းရင်းသားများသည် နိုင်ငံအကျိုးစီးပွားအတွက် ကျင် ...သည့်ရင်သန်ရာ ပတ်ဝန်းကျင်ကို စွန့်ခွာခဲ့ရသော်လည်း မူလအခြေအနေ ...ကို မယုတ်လျော့သော လူမှုပတ်ဝန်းကျင်ကို အစားထိုးရရှိခဲ့ခြင်းကြောင့် Win-Win Solution ကို ဆိုက်ရောက်ခဲ့ကြသည်။ ဤသည်ကို ဘီလ် ...သင်တန်းက ပုံပမာပြု၍ ရှင်းလင်းပြောကြားသွားခဲ့ခြင်း ဖြစ်သည်။

## လိုက်ကယ်လား။ ဂလိုဘယ်လား

ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးသို့ ချီကြရာ ...ယ် အမျိုးမျိုးသောမော်ဒယ်လ်များ ရှိနေကြသော်လည်း မိမိနိုင်ငံ၊ သမိုင်း ...ကြောင်း၊ ယဉ်ကျေးမှုနှင့် လိုက်လျောညီထွေဖြစ်သော Home Growth ... ဦးတည်ရမည်ဟု ၎င်းကဆိုသည်။ ဒီမိုကရေစီတင်ပို့ရေးကို အလေး ...ထားဆောင်ရွက်ခဲ့သော ကာလင်တန်၏ အိမ်ဖြူတော် ၈ နှစ်တာ အတွေ့ ...ကြုံများမှ ထွက်ပေါ်လာခဲ့သော ဒီမိုကရေစီတည်ဆောက်ရေး သဘော ...တရားလည်း ဖြစ်ပေလိမ့်မည်။ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးအတွက် သီအိုရီ ...များစွာ၊ လမ်းကြောင်းများစွာ ရှိနေကြသည်မှန်သော်လည်း သဘာဝ ...လျောက် ရေစီးမြစ်နှင့်ကိုက်ညီသော Natural Growth သာလျှင် ...လိုက်ဖက်ဆုံး ဘဝများဖြစ်နိုင်ပေမည်။ ပြင်ပမှတင်သွင်းလာသော ဒီမို

ကာရေစီနှင့် ဖွံ့ဖြိုးရေးမော်ဒယ်လ်များသည် သဟာဇာတဖြစ်ချင်မှ ဖြစ်မည် ဖြစ်သလို Artificial Growth ကို ဖန်တီးရယူခြင်းသည်လည်း လူ့ဘောင် အဖွဲ့အစည်း၏ မူလစီးနင့် အစပ်အဟတ်တည့်ချင်မှတည့်မည် ဖြစ်သည်။

အလားတူပင် အမေရိကန်နိုင်ငံရေးပါတီကြီး (၂) ရပ်အကြား ကွဲလွဲနေသော အိုင်ဒီယိုလော်ဂျီမှာ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအဓိကပါ (ရီပတ်ဘလီကင်လမ်းကြောင်း)၊ နိုင်ငံသားများ၏ အခွင့်အရေး (ဒီမိုကရက်လမ်းကြောင်း) ဖြစ်ပြီး အချိန်အဆအတိုင်းအတာတွင် အငြင်းပွားခဲ့ကြခြင်းဖြစ်သည်။ ဆိုရှယ်လစ်ဆန်သည်ဟု တံဆိပ်ကပ်ကာ ကွန်ဆာဗေးတစ်တို့၏ ဆန့်ကျင်ခြင်းခံခဲ့ရသော အိုဘားမားကျန်းမာရေး အစီအစဉ်သည်လည်း ဒီမိုကရေစီ၏ပြဿနာ ဟုတ်-မဟုတ် အငြင်းပွားလျက် ရှိနေကြသည်။ ဂျာမဏီဝန်ကြီးချုပ်၏ အမြင်ကမူ 'ဤသည်မှာ မဏ္ဍိုင်ကြီး (၃) ရပ်ကို သီးခြားစီခွဲခြားထားသော အမေရိကန်ဒီမိုကရေစီစနစ်ကြောင့်ဖြစ်သည်၊ ဂျာမဏီကဲ့သို့ မဏ္ဍိုင် ၂ ရပ် ပေါင်းစည်းထားသော ဒီမိုကရေစီသာလျှင် နိုင်ငံသားများ၏ အကျိုးကို ဆောင်ကြဉ်းနိုင်မည်၊ ထို့ကြောင့် အမေရိကန်နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲရန် လိုအပ်သည်' ဟူ၍ ဖြစ်သည်။

တစ်ဖန် ဘီလ်ကလင်တန်က မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည် ပေါင်းစည်းညီညွတ်ရေးအတွက် ခေါင်းဆောင်အမျိုးသမီးတစ်ဦး ထွက်သွားသော အခန်းတစ်ခန်းအတွင်း ကျန်ရစ်ခဲ့သူများ ဥပမာဖြင့် ပြဆိုရှင်းလင်းခဲ့သည်။ ဒိုင်ယာလော့လုပ်ရမည်၊ အားလုံးပါဝင်ရမည်၊ ဤသို့ဖြင့် မတူတာခွဲ တူတာတွဲ၍ လုပ်ဆောင်ကြရမည်ဟု ဆိုသည်။ တစ်ဖက်ဖက်တွင် ရာနှုန်းပြည့် လိုအင်ပြည့်ဝချင်မှ ပြည့်ဝပေလိမ့်မည်၊ ဤသည်ပင် ဒီမိုကရေစီ ဖြစ်သည်။ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးအဆက်အစပ်တွင် အင်စတီကျူးရှင်းများ၏ နိုင်မာမှုအပေါ်မူတည်၍ အသွင်ကူးပြောင်းရေး ရှည်ကြာခြင်း၊ လျင်မြန်ခြင်းကို ပြဋ္ဌာန်းပေးလေ့ရှိသည်။ ဥပမာအားဖြင့် လေ့လာကြည့်လျှင် အထူးစီမံကိန်းတစ်ရပ်ရပ်ကို ချက်ချင်းလက်ငင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် အိန္ဒိယနိုင်ငံတွင် များစွာ ခက်ခဲလှသော်လည်း တရုတ်နိုင်ငံတွင်မူ အမြန်ဆုံး အကောင်အထည်ဖော်နိုင်သည်။ အိန္ဒိယဒီမို

ကာလရေစီးတွင် နိုင်ငံသားအခွင့်အရေးကိုစီးနင်းကြသော လှိုင်းစီးသူများ ရှိနေသည်။ **Agree To Disagree** ကို အသိအမှတ်ပြုလက်ခံကြရန် လိုအပ်သည်။ သဘောထားကွဲလွဲခွင့်များကို အသိအမှတ်ပြုရမည်၊ ယဉ်ကျေးမှု အမျိုးအစား စုံလင်ခြင်းကို အသိအမှတ်ပြုရမည်။ ဤသို့ အသိအမှတ်ပြုနိုင်ရန် (၁) လူထုပညာရေးရေချိန် မြင့်မားရန်၊ (၂) လူမှု–စီးပွားဖွံ့ဖြိုးရန်၊ (၃) အင်စတီကျူးရှင်းများ အားကောင်းရန် လိုအပ်သည်။

## Statesman ဟူသည်

ဂျော့ချ်ဒဗလျူဘုရှ်နှင့်ထိပ်တိုက်ရင်ဆိုင်ခဲ့သော ဒီမိုကရက် သမ္မတလောင်း အယ်လ်ဂိုးသည် မဲဆန္ဒရှင် ပြည်သူများ၏ တစ်ခဲနက် ထောက်ခံမှုကို ရရှိထားပါလျက် ဆန္ဒပြသူများ အိမ်ပြန်ကြရန် မေတ္တာရပ်ခံစကား ပြောကြားခဲ့သည်။ မဲခိုးသည်၊ မဲလိမ်သည်ဟူသောစွပ်စွဲချက်များဖြင့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးရန် လူထုတောင်းဆိုမှုများကြောင့် အမေရိကန်သမ္မတ ရွေးကောက်ပွဲ ရုပ်ဆိုးအကျည်းတန်မည့်အရေးကို အယ်လ်ဂိုးက ကြည့်မြင်နိုင်ခဲ့သည်။ အမေရိကန်နိုင်ငံနှင့် အမေရိကန်သမ္မတ၏ ဂုဏ်သိက္ခာကို သမ္မတဖြစ်နိုင်မည့်အခွင့်အရေးနှင့် လဲလှယ်ခဲ့ရသော အယ်လ်ဂိုးသည် နိုင်ငံပြုခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည်။ ဘုရှ်က သမ္မတဖြစ်၊ အယ်လ်ဂိုးက နိုင်ငံပြုခေါင်းဆောင်ဖြစ်၊ လှပသော အတွဲအစပ်နှင့် အမေရိကန်ပုံရိပ်ကို မြှင့်တင်ခဲ့ကြခြင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုကို ကိုယ်စားပြုမည့် အမေရိကန်သမ္မတသည် ကမ္ဘာကြီးကို ဦးဆောင်မည့် ခေါင်းဆောင်ဖြစ်သည့်အတွက် အစွန်းအထင်း အမည်းကွက် မထင်စေလိုသော စိတ်ရင်းစေတနာကောင်းဘည် စစ်မှန်သော အမျိုးသားနိုင်ငံရေးပင် ဖြစ်သည်။ အမျိုးသားနိုင်ငံရေးဆိုသည်မှာ ဤသို့သော လုပ်ဆောင်ချက်မျိုးကို ဆိုလိုသည်။ ဤသည်ပင် အမေရိကန်တို့တန်ဖိုးထားသော အမေရိကတန်ဖိုးပင် ဖြစ်သည်။

'ကွဲ'သမိုင်းနှင့် 'ချ'ရာဇဝင်တို့ဖြင့် ခေတ်ပြောင်းသော်လည်း အစဉ်အလာမပြောင်းခဲ့သော မြန်မာ့မြေသည်ကား စိမ်းနေဦးမည့် မြန်မာ့နိုင်ငံရေးဟုဆိုသော် ရနိုင်ပေမည်။ ကြီးသုံးကြီး၊ မှတ်တိုက်မှု၊ အကွဲအပြဲ စသည့်

ဝေါဟာရများ ပြန်လည်နိုးထလာခဲ့သော ဂိုဏ်းသဘောနိုင်ငံရေးသည် ယနေ့ခေတ်တွင်လည်း ပြန်လည်ဦးမော့ခေါင်းထောင်လာနေသည်မှာ စိတ်မကောင်းဖွယ်ရာပင် ဖြစ်သည်။ အသွင်ကူးပြောင်းရေး အောင်မြင်ရန် နိုင်မာပြီး အင်အားကောင်းသော ခေါင်းဆောင်မှုရှိရန် လိုအပ်သည်။ အစိုးရ၊ လွှတ်တော်နှင့် တရားရုံးတို့ကို ချက်ကျလက်ကျ ပြန်လည် တည့်မတ်နိုင်သော အရပ်ဘက်လူ့အဖွဲ့အစည်း အားမကောင်းသေးသည့် မြန်မာနိုင်ငံတွင် အထိန်းနှင့်အဆကို တစ်ပတ်လည်စေရန် မည်သို့မျှ ဆောင်ကြဉ်းနိုင်မည်မဟုတ်ပေ။ လက်ရှိနိုင်ငံရေးခေါင်းဆောင်များက နိုင်ငံပြုခေါင်းဆောင်များသဖွယ် ကျင့်ကြံထိန်းမတ်မှ တန်ကာကျမည်။ မြန်မာလူ့အဖွဲ့အစည်းသည် လွတ်လပ်မှုနှင့် တာဝန်သိမှု၊ နိုင်ငံသားအခွင့်အရေးနှင့် နိုင်ငံသားတာဝန်တို့အကြား စည်းခြားထားသည်ကို ကောင်းစွာ သိမြင်နားလည်နိုင်ရန် အရပ်ရပ်နယ်ပယ်၌ ပိုင်းကြဝန်းကြမှ တော်ရုံရပေမည်။

အမေရိကန်ကဲ့သို့ ပဒေသာစုံလူ့အဖွဲ့အစည်းအတွင်းမှာပင် တီးပါတီလှုပ်ရှားမှုများ ကျယ်ပြန့်အားကောင်းလာနေခြင်းမှာ လက်ယာယိမ်းအမျိုးသားရေးဝါဒ ပြန်လည်ရှင်သန်နေခြင်းပင်ဖြစ်သည်။ တစ်ခေတ်တစ်ခါက စူးနစ်စွာ စွဲမြဲခဲ့သော ကေသုံးလုံးဂိုဏ်းများ အစစပျောက်စေရန် ဆယ်စုနှစ်များစွာ အချိန်ယူခဲ့ရကြောင်း တွေ့ရှိနိုင်သည်။ ကေသုံးလုံးတို့၏ ပစ်မှတ်ဖြစ်ခဲ့ရသော မာတင်လူသာကင်း၏ ရှန်းကန်မှုသည် ယနေ့အိုဘားမားသမ္မတဖြစ်လာချိန်အထိ ရှည်ညောင်းခဲ့သည်။ ယခု တီးပါတီများမှ တက်လာသော ရီပတ်ဘလီကင်များသည် မိမိအစိုးရကို ခြေချုပ်ချသလို ဖြစ်စေသော **Government Shut Down** ကို ဖန်တီးခဲ့ကြသည်ဟု ဒီမိုကရက်များက ဆိုကြသည်။ ကွန်ဆာဗေးတစ်နှင့် နေရှင်နယ်လစ်များကို လေ့လာသူများက ကေသုံးလုံးသည် ယခု တီးပါတီ၊ မာတင်လူသာကင်းသည် ယခု အိုဘားမားဟု တင်စားလာခဲ့ကြသည်များလည်း ရှိသည်။ အမှန်စင်စစ် အိုဘားမားသည် **White Voting** ဖြင့် တက်လာခဲ့သူသာ ဖြစ်သည်။ အကျိုးဆက်အားဖြင့် အာရှ–ပစိဖိတ်ဒေသအား အမေရိက၏ အလေးထားမှုအပေါ် သံသယများ ဖြစ်ပေါ်စေခဲ့သည်။ ပါဝါဂိမ်းတို့တွင် အဟုန်ကို ချုပ်တည်း၍မရနိုင်သလို ပါဝါကို အလျော့ခံ၍ မရနိုင်ပါ။

ဒီဗိတ်ပါဝါဟု အမေရိကကိုယ်တိုင် မည်မျှ ကြွေးကြော် ကြွေးကြော်
ဒီဗိတ်သို့ ခြေလှမ်းမရှုနိုင်လျှင် အမှန်တကယ်ဖြစ်လာမည် မဟုတ်ပေ။
နိုင်ငံမဟုတ်သော ပါဝါများ အနယ်နယ်အရပ်ရပ်မှ ထွက်ပေါ်နေချိန်၊ ပါဝါ
အနု၊ ပါဝါအရင့်နှင့် စမတ်ပါဝါတို့ အရောရောအနှောနှော ဖြစ်လာခဲ့သော
သက်ရှိ ၂၁ ရာစုတွင် ခြေတစ်လှမ်းသည် အကျိုးဆက်ပေါင်းများစွာကို
ပြောင်းလဲသွားစေနိုင်သည်ဟု ဒီမိုကရက်များက ဆိုကြသည်။ အမေရိက
ကန်လွှတ်အဖွဲ့အစည်းသည်ပင်လျှင် ရင့်ကျက်ပင် ရင့်ကျက်လင့်ကစား
အမျိုးသားရေးနှင့်ယှဉ်သော အိုင်ဒီယိုလိုဂျီတိုက်ပွဲများ ပြင်းထန်နေဆဲ ဖြစ်
သည်။ ဂျော့ဘုရှ်လက်ထက်က ကွန်ဂရက်သဘောဆန္ဒမပါဘဲ အီရတ်
စစ်ပွဲ ဆင်နွှဲခဲ့သည်ကိုပင် မည်သို့မျှ မထိန်းနိုင် မသိမ်းခဲ့ကြသော ကွန်
ဂရက်သည် ဆီးရီးယားတိုးစစ်ဆင်နွှဲမည့်အရေး ကွန်ဂရက်၏ အတည်ပြု
ချက်ရယူခဲ့သော အိုဘားမားကို ဒုက္ခပေးနေခြင်းသည် စဉ်းစားဆင်ခြင်ဖွယ်
ကောင်းလှသော ဒီမိုကရေစီနိုင်ငံရေးစနစ်ကို အထင်းသား ဖော်ပြနေ
သည်။ များရာမဲဖြင့် အဆုံးအဖြတ်ပြုရသော မဲခွဲစနစ်သည်ပင် ဒီမိုကရေစီ
ဘန်မိုးကို ကိုယ်စားပြုနေသလား စဉ်းစားဖွယ်ရာပင်။

နိုင်ငံရေးအိုင်ဒီယိုလော်ဂျီ အကွဲအပြဲများကြောင့် လက်နက်ကိုင်
တိုက်ပွဲများ ဖြစ်ခဲ့ရသည်၊ မတရားမှု မမျှတမှုတို့ကြောင့် လက်နက်ကိုင်
ခဲ့ရသည်၊ နိုင်ငံရေးသမားတို့၏ ရန်ပွဲများကြောင့် စစ်တပ်က နိုင်ငံရေးထဲ
ဝင်လာရသည်၊ နိုင်ငံရေးသမားတို့၏ မညီညွတ်မှုကြောင့် နိုင်ငံ နွံနစ်ခဲ့ရ
သည် အစရှိကြကုန်သော သင်ခန်းစာများ ရှိခဲ့ပြီးဖြစ်သည်။ လူထုကို
ညီညွတ်ရေးတရား ဟောနေကြသော နိုင်ငံရေးခေါင်းဆောင်များကိုယ်တိုင်
ညီညွတ်ရေးတရား ကျင့်ကြံအားထုတ်ရန် လိုအပ်နေပြီ ဖြစ်သည်။ စိတ်
ဓာတ်များ၊ စိတ်ထားများ ပြောင်းလဲရန် ထုတ်ဖော်ပြောကြားလျက်ရှိသော
နိုင်ငံရေးခေါင်းဆောင်များကိုယ်တိုင် စိတ်ဓာတ်များ၊ စိတ်ထားများ ပြောင်း
လဲရန် အချိန်လွန်နေပါပြီ။ ပြည်သူလူထုကို တိုက်တွန်းပြောကြားတော်မူ
ကြကုန်သော အမျိုးသားပြန်လည် ညီညွတ်ရေးတရားကို နိုင်ငံရေးခေါင်း
ဆောင်များကိုယ်တိုင် စံနမူနာပြ ပြုကျင့်ပြကြရန် လိုအပ်သည်။ မင်း
လောင်းမျှော် မလေ့စရိုက်များ ရှိတတ်သော မြန်မာ့လေ့သည် ခေါင်း

ဆောင်များ လမ်းညွှန်ရာသို့ လျှောက်လှမ်းခဲ့ကြသူများသာ ဖြစ်သည်။ မင်းလောင်းမျှော်စလေ့သည် အမေရိကန်ကဲ့သို့ ဒီမိုကရက်တစ်လူ့အဖွဲ့ အစည်းမှာပင် အမြစ်တွယ်ခဲ့ကြသည်ဟု ပညာရှင်များက ဆိုသည်။ အမေရိကန် နိုင်ငံသားများသည် ရှင်ဘုရင်စနစ်နှင့် မနေခဲ့ကြရသူများဖြစ်၍ ရှင်ဘုရင်တမ်းချင်းများ ရှိခဲ့ကြပြီး ကနေဒီညီအစ်ကိုများကို အိမ်ရှေ့စံ ရွှေမင်းသားများသဖွယ် ခံယူခဲ့ကြကုန်သည်ဟုလည်း ဆိုကြသည်။ မင်းလောင်းမျှော်စလေ့ကို အင်စတီကျူးရှင်းများ၏ နိုင်မာမှု၊ လူထု၏နိုင်ငံရေး ရေချိန်တို့ဖြင့် ဖျောက်ဖျက်ပစ်ရမည်သာ ဖြစ်သည်။

## နိဂုံး

သတိကြီးကြီးပဲ ကြည့်ကြည့်၊ သံသယနှင့်ပဲ မြင်မြင် မြန်မာပုံရိပ်သည် ခေတ်ပြောင်းချိန်ကို ကိုယ်စားပြုနေသလို ဒီမိုကရေစီနှင့် သန်း ၆၀ ဘာဝ အလဲအထပ်လုပ်နေခြင်းလည်းဖြစ်သည်။ ဒီမိုကရက်တစ် တံခါး ဖွင့်ချိန်တွင် နိုင်ငံရေးခေါင်းဆောင်များအားလုံး ညီညွတ်နိုင်မှ မြန်မာပြည် သူများဘဝ တန်ကာကျပေမည်။ အသွင်ကူးပြောင်း နိုင်ငံရေးတို့၏ သဘောသဘာဝမှာ လျင်မြန်သော တိုးတက်မှုရလဒ်ကို ဆောင်ကြဉ်းနိုင်သလို စိုးရိမ်ဖွယ်ရာကောင်းသော အနေအထားသို့လည်း မျက်စိတစ်မှိတ် အတွင်း ပြောင်းလဲသွားနိုင်သည်။ ထို့ကြောင့် 'နိုင်မာသည့်အဆင့်'သို့ အမြန်ဆုံး ရောက်ရှိလာစေရန် ဝိုင်းဝန်းကူညီပံ့ပိုးနေကြခြင်း ဖြစ်သည်။ ဒီမိုကရေစီကူးပြောင်းမှုတွင် အရပ်ရပ်နယ်ပယ်စုံ တည်ငြိမ်ရေးဟု ဆို အပ်သော 'မျှခြေ' သည် အထူးအားဖြင့် အရေးကြီးလှသည်။ အသွင်ကူး ပြောင်းမှု ဖြစ်စဉ်တစ်ခုလုံး၌ ခေါင်လိုက်မျှခြေရှိရန် လိုအပ်သလို ဒေါင်း တိုက် မျှခြေရှိရန် လိုအပ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် မျှခြေ လိုအပ်သလို ဖွံ့ဖြိုးရေးတွင်လည်း မျှခြေ လိုအပ်သည်။ မျှခြေပေါ်တင်၍ စဉ်းစားသုံးသပ်နိုင်ခြင်းသည်ပင်လျှင် မြန်မာ့မြေ မစိမ်းရန်အတွက် မျှော် လင့်ချက်များ ဖြစ်ပေါ်လာစေမည် ဖြစ်သည်။ ရာဇဝင်သာမက ဥဒါန်းပင် တွင်ရစ်စေနိုင်သော ခေါင်းဆောင်များ၏ ညီညွတ်မှုကို လိုအပ်နေသည်။ ပြည်သူ့အားကို လိုသည်ဟုဆိုကြသော ခေါင်းဆောင်ကြီးများအား

ကြားရန်မှာ 'ခေါင်းဆောင်များအားကို လိုသည်' ဟူ၍ ဖြစ်ပေလိမ့်မည်။ ည်သူ ရှေ့သို့ခြေတစ်လှမ်းတက်ရန် ပြောကြားကြကုန်သော ခေါင်းဆောင်ကြီးများအား ပန်ကြားရန်မှာ 'ခေါင်းဆောင်များ ရှေ့သို့ ခြေတစ်လှမ်းတက်ရန်' ဟူ၍ပင် ဖြစ်ပါလိမ့်မည်။

□

# မြန်မာ့ရှေ့ဦး နှင့် စကားတစ်ခွန်း

## နိဒါန်း

မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီးကား ထက်ဝက်ကျိုးလာခဲ့ပါပြီ။ ဒီမိုကရေစီ၏အရှေ့ မည်ရွေ့မည်မျှ ခရီးပေါက်ခဲ့ပြီကိုလည်း သိမြင်နေကြရပါပြီ။ သမိုင်းတွင်ရစ်မည့်အပြောင်းအလဲများနှင့်အတူ သင်ခန်းစာများလည်းကျန်ရစ်ခဲ့ပါပြီ။ နိုင်ငံတော်သမ္မတကြီး ကတိသစ္စာကျိန်ဆိုပြီး ပထမဦးဆုံးပြောကြားခဲ့သော ရာထူးလက်ခံမိန့်ခွန်းကို ယခုအချိန်တွင် ပြန်လည် သုံးသပ်ကြည့်လျှင် မိမိတို့ မြန်မာနိုင်ငံ မည်မျှအထိ ခြေလှမ်းများလျှောက်လှမ်းခဲ့သည်ကို အကြမ်းဖျင်းအားဖြင့် မှန်းဆကြည့်နိုင်ပေလိမ့်မည်။ ရှေ့လာမည့် လပေါင်း ၃၀ တွင် ဆက်လက်လျှောက်လှမ်းရမည့်ခြေလှမ်းများသည်လည်း ဆက်လက်ဖြစ်ပေါ်လာမည့် မြန်မာ့နိုင်ငံရေးဥတုပတ်ဝန်းကျင်နှင့် တိုက်ရိုက်ဆက်စပ်နေပါလိမ့်မည်။ မည်သို့ပင်ဆိုစေဖြတ်သန်းခဲ့ပြီးသော လပေါင်း ၃၀ နှင့် ဆက်လက်ဖြတ်သန်းရမည့်လပေါင်း ၃၀ တို့၏ သွင်ပြင်လက္ခဏာများ၊ သဘော သဘာဝများသည်ကား တူညီနိုင်တော့မည် မဟုတ်ပေ။

## နိုင်ငံ့အရေးနှင့် နိုင်ငံရေး

နိုင်ငံရေးသမားတို့သည် နောင်လာမည့်ရွေးကောက်ပွဲကိုသာ ကြည့်ပြီး နိုင်ငံပြုခေါင်းဆောင်များမှာ နောက်မျိုးဆက်များကို ကြည့်သည်ဟူသော ဂျိမ်းဖရီးမင်းကလပ်၏စကားသည် ယနေ့အချိန်အထိ နိုင်ငံရေးနယ်ပယ်တွင် မှန်ကန်နေဆဲဖြစ်သည်။ ပထမဦးစွာ ယနေ့နိုင်ငံ့ ခေါင်းဆောင်များ၏ လုပ်ဆောင်ချက်မှန်သမျှသည် အနာဂတ်မျိုးဆက်သစ်များအတွက် သမိုင်းပုံရိပ်များ ဖြစ်လာကြမည်ဖြစ်သလို ယနေ့ဒီမိုကရေစီ၏ အောင်မြင်ကောင်းမွန်မှုသည် မြန်မာ့ဒီမိုကရေစီခရီးရှည်ကြီး အနေအထားသေချာမှုကို ဆောင်ပေးမည်ဖြစ်သည်။ ယခုနောက်ဆုံး ပြည်သူ့လွှတ်တော်တွင် ဖြစ်ပွားသော ဆွေးနွေးငြင်းခုံမှုများသည် ဒီမိုကရေစီအင်္ဂါရပ်ဖြစ်သော Agree နှင့် Disagree ကို မြင်တွေ့ရခြင်းဟု မှတ်ယူနိုင်သော်လည်း Conflict of Interest အသွင်မဆောင်စေရန်လည်း နိုင်ငံပြုခေါင်းဆောင်များ၏ အမြော်အမြင်နှင့် သန်း ၆၀ ကို မျက်နှာမူမှုတို့က အဓိကကျနေမည် ဖြစ်သည်။

နိုင်ငံရေးသမားတို့ သမိုင်းအဆက်ဆက် ထားရှိအပ်သော နိုင်ငံရေးခြိုးညာဉ်မှာ သန်း ၆၀ သာဖြစ်သလို မဏ္ဍိုင်ကြီးများ မျက်နှာမူရာအရပ်သည်လည်း သန်း ၆၀ သာ ဖြစ်ရပါမည်။ နိုင်ငံသားတို့သည် နိုင်ငံတော်၏ ထိန်းကျောင်းတွန်းအားပေးမှုဖြင့် ပန်းတိုင်သို့ ချီတက်ရသည်ဖြစ်ရာ နိုင်ငံတော်နှင့်နိုင်ငံသားတို့သည် တူညီသော ပန်းတိုင်သို့ လျှောက်လှမ်းနေကြခြင်းသာ ဖြစ်သည်။ မဏ္ဍိုင်ကြီးများလည်း ပန်းတိုင်ရောက်စေ၊ နိုင်ငံသားများလည်း ပန်းတိုင်ရောက်စေသော နိုင်ငံရေးသည် နိုင်ငံ့အရေးပင် ဖြစ်သလို နိုင်ငံရေးသမားများရော နိုင်ငံပြုခေါင်းဆောင်များပါ ကျင့်သုံးသင့်သော နိုင်ငံရေးသည်လည်း နိုင်ငံ့အရေးပင် ဖြစ်ရပေမည်။ ပုဂ္ဂိုလ်အရင်းပြုနိုင်ငံရေးနှင့် မဏ္ဍိုင်အခြေပြုနိုင်ငံရေးတို့ကို ကွဲကွဲပြားပြား သိမြင်နိုင်သော ရေရှည်တည်တံ့သော မဏ္ဍိုင်အခြေပြုနိုင်ငံရေး ခိုင်မာစေမည် ဖြစ်သည်။ ဆိုရလျှင် ယနေ့ မြန်မာ့ရေးဦး ၂ နှစ်ခွဲတွင် ထွက်ပေါ်လာခဲ့သော ပြဿနာများသည် လက်ရှိနိုင်ငံရေးခေါင်းဆောင်များ၏ ပုဂ္ဂိုလ်တစ်ဦးချင်းစိတ်ရင်းစေတနာတို့ကြောင့် ထွက်ပေါ်ခဲ့ခြင်းသာ ဖြစ်ပြီး အင်စတီကျူးရှင်းဟု ခေါ်ဆိုအပ်သော မဏ္ဍိုင်များ၏ ခိုင်မာအားကောင်းမှုကြောင့် ထွက်

ပေါ်လာခဲ့ခြင်း မဟုတ်ပါ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် မလွဲမသွေ တွေ့ကြုံရလေ့ရှိသော နိုင်ငံရေးအင်နားရှားများ၏ အရှိန်အဟုန်သည် သန်း ၆၀ ၏ မျက်မှောက်ဘဝကို ပြဋ္ဌာန်းနေသည်ဖြစ်၍ နိုင်ငံ့အရေးနှင့် နိုင်ငံရေးကို မိုးလား တိမ်လား ဒွိဟပွားနေစရာ မလိုဟု ယူဆမိသည်။

မြန်မာ့နွေဦး ၂ နှစ် ခွဲသော် –

သက်တမ်းအားဖြင့် ၂ နှစ်ခွဲပြည့်မြောက်ခဲ့ပြီဖြစ်သည့် မြန်မာ့နွေဦးသည် သန်း ၆၀ အတွက် မည်မျှမြင့်မြင့်မားမား ပေးဆပ်ခဲ့ပါသနည်း။ ပထမဦးဆုံး ပြန်လည်သိမ်းပိုက်ရယူနိုင်ခဲ့သည့် အောင်မြင်မှုမှာ မြန်မာ့ဂုဏ်သိက္ခာ ဖြစ်ပေလိမ့်မည်။ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများအကြား အထင်သေး အမြင်သေး မျက်ဝန်းများ၏ အရောင်များ ပြောင်းလဲခဲ့ပြီဖြစ်သလို အထီးကျန်၊ လူဆိုးစာရင်းဝင် မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံတကာအလယ်တွင် သတိပြုစောင့်ကြည့်အပ်သော ဒီမိုကရေစီပုံရိပ်တစ်ခုအဖြစ် ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပါပြီ။ အလားတူ ပိတ်ဆို့ဒဏ်ခတ်မှုများ၏ အမှောင်တိုက်မှ ရုန်းထွက်ကာ မှိန်ပျပျအလင်းရောင်တို့ကိုလည်း မြင်တွေ့နိုင်ခဲ့ပါပြီ။ တစ်ချိန်တည်းမှာပင် လွန်ခဲ့သောနှစ်ပေါင်းများစွာကို ပြန်လည်တမ်းတခဲ့ကြသော မြန်မာပြည်သူတို့၏ ဇာတိပုညဂုဏ်မာနများသည်လည်း အသစ်တစ်ဖန် နိုးထရှင်သန်လာခဲ့ပြီ ဖြစ်သည်။ အာရှပ်နွေဦး၏ အနိဋ္ဌာရုံများအကြားတွင် မြန်မာ့နွေဦးမှာ သိက္ခာရှိရှိ တင့်တင့်တယ်တယ် ထည်ဝါနိုင်ခဲ့သည်။ နောက်ပြန်လှည့်နိုး နောက်ကြောင်းပြန်နိုးနှင့် ရင်တထိတ်ထိတ်စောင့်ကြည့်ခဲ့ရသော အရှေ့တောင်အာရှနိုင်ငံကလေးသည် ဒီကနေ့ ဒီအချိန်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် ရှေ့သို့ လျှောက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

သို့သော် မိမိတို့၏ မြန်မာ့နွေဦးသည် ပြစ်မျိုး မှဲ့မထင် သဲလဲစင်သည့်အနေအထားတော့ မဟုတ်ခဲ့ပါလေ။ ဒီမိုကရေစီနှင့် အသွင်ကူးပြောင်းရေးဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ရလေ့ရှိသော အမျိုးသားရေး နိုးကြားမှု Social Mobilization သည် ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ ကြွယ်ဝစုံလင်သော မြန်မာ့နွေဦးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်ခဲ့ရသည်။ နွေဦး၏ ပုရစ်ဖူးတို့ သွေးအလူးလူး မီးနိုးတလူလူ ဖြစ်စေခဲ့သော အမျိုးသားရေး

ကြားမှုသည် နိုင်ငံပြုခေါင်းဆောင်များနှင့် ဘာသာရေးခေါင်းဆောင် များ၏ ဉာဏ်အမြော်အမြင်ဖြင့် မင်းဒဲလားနေ့ရက်ကို ကျော်ဖြတ်ရတော့ ဖြစ်သည်။ မာတင်လူသာကင်း မက်ခဲ့သော အိပ်မက်သည် ယနေ့ ဘာအိုဘားမား အိမ်ဖြူတော်စိုးစံခြင်းဖြင့် အကောင်အထည်ပေါ်လာခဲ့ပြီ သလို ကေသုံးလုံးမရှိသော မြန်မာ့ယဉ်ကျေးမှု ပဒေသာခုံမှုကြောင့် ည်း ကိုးကွယ်ယုံကြည်မှုတို့ကို စည်းမှုသည် တံတိုင်းများအဖြစ်သို့ က်ရှိနိုင်စေမည် မဟုတ်ပေ။ အမျိုးသားလုံခြုံရေးနှင့် နိုင်ငံသား ဖြစ် ည့်မှုတို့၏ အဆက်အစပ်ကို နိုင်ငံသားများကိုယ်တိုင် သိမြင်နားလည် ကြည်ခံယူမှသာ မြန်မာဟူသော အမှတ်သင်္ကေတကို One Nation, ne Myanmar အဖြစ် စုစည်းနိုင်မည် ဖြစ်သည်။

## မဏ္ဍိုင်အခြေပြုနိုင်ငံရေး

ယနေ့ဖြစ်ပေါ်တိုးတက်မှုများသည် နိုင်ငံရေးခေါင်းဆောင်များ ကြောင့် ဖြစ်ပေါ်လာခဲ့သော အရွေ့များဖြစ်သလို ယနေ့ကြုံတွေ့နေရသည့် ဆိုကိုက်မှုများသည်လည်း နိုင်ငံရေးခေါင်းဆောင်များ၏ အတ္တ၊ ဂုဏ် ဒ်နှင့် အကျိုးစီးပွားတို့ကို အခြေခံနေကြောင်း တွေ့ရှိရသည်။ အီဂျစ်မှ ဘီ၊ ဗိုလ်ချုပ်ကြီးစီစီတို့သည် အာရပ်နွေဦး၏ ဒဏ်ရာဒဏ်ချက်များကို ပြနေသည်။ ဂုဏ်ယူဖွယ်ရာ ကောင်းနေဆဲဖြစ်သော မြန်မာ့နွေဦးကို န်မာ့ဟန်ပန် မြန်မာဆန်ဆန်ဖြင့် ဆက်လက်တောက်ပနေစေလိုသည်။ ပုဂ္ဂိုလ်များကို ဖယ်ရှားချ၍ အင်စတီကျူးရှင်းကို အခြေခံသော မဏ္ဍိုင် အခြေပြုနိုင်ငံရေးရှုထောင့်ဖြင့် ခွဲခြားလေ့လာကြည့်ပါလျှင် ဖဆပလ ခေတ်မှသည် မျက်မှောက်ခေတ်အထိ တိုးတက်မှုများ၏ ဇာစ်မြစ်များကို တွေ့မြင်လာပေလိမ့်မည်။ လက်တွေ့ကျ၍ အလုပ်ဖြစ်သော မဟာဗျူဟာ သဘောဟူသည် နိုင်ငံရေးနှင့်တူသောနိုင်ငံရေး၊ တစ်နည်းအားဖြင့် မဏ္ဍိုင် အခြေပြုပူးပေါင်းဆက်ဆံမှုသာ ဖြစ်သည်။

မဏ္ဍိုင်အခြေပြုနိုင်ငံရေးဟူသည် လူပုဂ္ဂိုလ်ကို အခြေခံခြင်း မဟုတ် ဘဲ သင်းပင်းစည်းမျဉ်းမှုဘောင်ဟူသော အင်စတီကျူးရှင်းများ အား ကောင်းခိုင်မာစေရန် ဆောင်ရွက်ပြီး နိုင်ငံတည်ဆောက်ခြင်းပင် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြေခံအုတ်မြစ်မဏ္ဍိုင်ကြီးဖြစ်ပြီး ယင်းမဏ္ဍိုင်တွင် ပြဋ္ဌာန်းထားသော မူဘောင်များနှင့်အညီ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီးများကို ဖွဲ့စည်းရခြင်း ဖြစ်သည်။ အလားတူ မီဒီယာ၊ ပြည်သူ၊ အရပ်ဘက်လူ့အဖွဲ့အစည်း ဟူသော မဏ္ဍိုင်ကြီးများကိုလည်း ကွန်စတီကျူးရှင်းပါ အခွင့်အရေးများနှင့်အညီ သီးခြားထူထောင်ဖွဲ့စည်းရသည်။ ထိုမှတိုမှ ခွဲဖြာလာခဲ့ကြသော အင်စတီကျူးရှင်းများသည် ဒီမိုကရေစီနှင့် အသွင်ကူးပြောင်းရေးကို လက်တွေ့ဖော်ဆောင်ပေးနေကြရသလို ရေရှည်တည်တံ့စေအောင်လည်း တည်ဆောက်ယူကြရသည်။ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းတို့သည် အင်စတီကျူးရှင်းတို့ကို ထိန်းကျောင်းခြင်းပြုကြရသည်။

မဏ္ဍိုင်ဟု ခေါ်တွင်သော အင်စတီကျူးရှင်းများ အားကောင်းခိုင်မာလာပြီဆိုလျှင် ယင်းမဏ္ဍိုင်များက ကိုယ့်အလုပ်ကိုယ် လုပ်နေခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်သည်။ နိုင်ငံတော်၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဈေးကွက်ယန္တရား သူ့သဘောသူဆောင်ပြီး သူ့အလုပ်သူလုပ်နေခြင်း၊ စစ်သား၊ ကျောင်းသား၊ ဘုရားသား(သံဃာများ) သူ့အလုပ်သူလုပ်နေခြင်းသည် အင်စတီကျူးရှင်းခိုင်မာအားကောင်းမှုနှင့် အမြဲက ဆက်စပ်နေသလို ဖွံ့ဖြိုးရေးအဆောက်အအုံတို့အပေါ်တွင်လည်း မူတည်နေသည်။ ကိုယ့်အလုပ်ကို မလုပ်ဘဲဖြစ်နေခြင်း (ဥပမာ–ကျောင်းသားများ နိုင်ငံရေးလုပ်ကြရသည့် အတိတ်ကာလအခြေအနေများ) သည် နိုင်ငံတည်ဆောက်ရေးကို အဟန့်အတားဖြစ်စေသလို လွဲမှားနေသောစနစ်ကို ဖော်ပြနေသည်။ ထိုသို့ မဏ္ဍိုင်အရပ်ရပ် ကိုယ့်အလုပ်ကို လုပ်နိုင်စေရန်အတွက် လက်ရှိမြန်မာ့နိုင်ငံရေးတွင် နိုင်ငံရေးခေါင်းဆောင်များအပေါ် အမှီပြုနေသော တစ်ဦးချင်းဝါဒ **Individualism** များကို လျှော့ချ၍ မဏ္ဍိုင်အခြေပြုဝါဒ **Institutionalism** ကို ဖော်ဆောင်နိုင်ရန် လိုအပ်ပြီး မဏ္ဍိုင် အခြေပြုနိုင်ငံရေး ထွန်းကားစေရေးသည် လတ်တလော လိုအပ်နေသော နိုင်ငံတည်ဆောက်ရေးပင် ဖြစ်သည်။

တစ်ဖန် လက်ရှိမဏ္ဍိုင်ကြီးများ ရင့်ကျက်တည်ငြိမ်ပြီး ခေတ်စပ်ညီ

မှုအတတ်ပညာ **The Art of Engagement** ကို ရေးရှုမှသာ ရင့်ကျက်ပြည့်ဝမည်ဖြစ်သော နိုင်ငံရေးရာသိဥတုကို ဖန်တီးနိုင်မည် ဖြစ်သည်။ ယခုစရာနက်နေသော သင်ခန်းစာများသည် မိမိအရေပ်တွင် ရှိနေရုံသာမကဘာကာနယ်ပယ်တွင်လည်း ရှစ်ခွင်တိုင်း မှန်ရှိနိုင်းပြနေပြီ ဖြစ်သည်။ သားတို့ကြောင့်ဖြစ်ရသော ပြဿနာများ၊ စိန်ခေါ်မှုများကို လူသားဘပင် ဖြေရှင်းနိုင်ရမည် ဖြစ်သည်။ ဤသို့ဖြေရှင်းရာတွင် လူအခြေပြုစားခြင်းထက် အင်စတီကျူးရှင်းအခြေပြု စဉ်းစားခြင်းက သူနိုင်–သ်နိုင် ချိန်ခွင်လျှာကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။ အနိုင်–အရှုံးသောင်းကြေးထပ်ခြင်း မဟုတ်ရသော နိုင်ငံတည်ဆောက်ရေးသည် နိုင်ငံသားများတို့၏ ပေါက်သူ၊ ကွဲသူ ခံစားမှုများကြောင့် စတေးပေးဆပ်ရင် တရားမျှတမည်မဟုတ်ပါ။ သန်း ၆၀ သည် ဆင်းရဲနွမ်းပါးနေဆဲ၊ သိသားများသည် အကြွေးနှင့် ရုန်းကန်နေရဆဲ၊ မြန်မာ့ကျေးလက်သများသည် မီးမရှိ၊ ရေမရှိ အတိကြုံတွေ့နေရဆဲ၊ ကလေးငယ်များင်ဆာဖြစ်နှုန်းမြင့်မားလာဆဲ၊ ပြည်သူ့အခွင့်အရေးများ လိုအပ်နေကြဆဲ၊ သုံးသူအခွင့်အရေးများ ဆုံးရှုံးနေရဆဲ၊ မြန်မာ့စီးပွားရေးဦးမော့ရန် ကြိုးနေဆဲ၊ မြန်မာ့နေရာမှန် ပြန်လည်ရယူရန် အလှမ်းကွာနေဆဲ ဖြစ်သည်။ င်ရေးခေါင်းဆောင်တိုင်း၏နှုတ်များတွင် တဖွဖွ ထည့်သွင်းရွတ်ဆိုခြင်းနေရသော သန်း ၆၀ သည် မပြောင်းမလဲ ရုန်းကန်နေရဆဲ ဖြစ်သည်။

## သန်း ၆၀ ဘက် ရပ်တည်ကြည့်ကြပါ

မဟာ့ရိုင်ကြီးများက အပြိုင်းအရိုင်း အင်အားကြီးမားအောင် တည်ဆောက်နေကြသည်။ သန်း ၆၀ ကား အနိမ့်ဆုံး မျက်နှာမွဲများ ဖြစ်နေဆဲခဲ့သည်။ နိုင်ငံရေးအင်နားရှားကြောင့် ဖြစ်ပေါ်လာရသော နိုင်ငံရေး တိုးက်မှုများသည် မြန်မာနိုင်ငံလွတ်လပ်ရေး မရခင်ကတည်းက ဖြစ်သည်။ ၂ိသည်ပင် မြန်မာ့နိုင်ငံရေး စလေ့ဖြစ်ခဲ့သော်လည်း မတူကွဲပြားမှုများကိုမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းဆောင်ရွက်သော နိုင်ငံရေးပါရမီတို့နှင့်ပြည့်စုံသော နိုင်ငံရေးယဉ်ကျေးမှုအသစ်တစ်ရပ် အစပြုင်ခဲ့ပြီဟု ဆိုကြပါသော်လည်း သန်း ၆၀ ကား မြေဇာပင် ဖြစ်နေဆဲပင်။

နွေဦးကို ခြိမ်းခြောက်နေသော အနောက်တောင်ဘက်အရပ်ဆီမှ ညိုနေသည့်မိုးရိပ်များ ကင်းဝေးစေချင်သလို နွေဦးကို အကျည်းတန်စေမည့် လေမွှေ လေရိုင်းများနှင့်လည်း ကင်းပြတ်စေလိုသည်။

တစ်ခုသော နိုင်ငံရေးအကျပ်အတည်း အခိုက်အတန့်တွင် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရခြင်းအတွက် နိုင်ငံတော်သမ္မတကြီး ပြောကြားခဲ့သော စကားတစ်ခွန်းရှိသည်။ ထိုစကား ဖြစ်ပေါ်ခဲ့ရသော အကြောင်းရင်းနောက်ခံ၊ အကျိုးရလဒ်များကို ကိုယ်တိုင်ကိုယ်ကျ သိမြင်နားလည်ခဲ့ရခြင်းကြောင့်လည်း Moral Authority ဟူသော အနက်အဓိပ္ပာယ်ကို သဘောပေါက်လာခဲ့ရခြင်း ဖြစ်သည်။

"ဒို့နိုင်ငံက အခုမှ နိုင်ငံတကာက လက်ခံလာတာ၊ ပြည်သူတွေလည်း မျှော်လင့်ချက်တွေ ဖြစ်ပေါ်လာကာစပဲ ရှိသေးတယ်။ ဒီနိုင်ငံ၊ ဒီပြည်ထောင်စု မပြိုကွဲဖို့၊ ဒို့ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ဒီမိုကရေစီနောက်ပြန်မလှည့်ဖို့ ငါ့မှာ အဓိကတာဝန်ရှိတယ်။ ငါက အခြေခံဥပဒေကိုင်ပြီး ကျမ်းကျိန် ထားရတာ။ နိုင်ငံသားတွေရဲ့သစ္စာကို ခံထားရတာ။ အခုလို အခြေအနေကောင်းတွေ ဖြစ်နေတာတွေကို အလဟဿ မဖြစ်စေရဘူး" ဟူသောစကားဖြစ်သည်။ ထိုစကားကို ကြိမ်ဖန်များစွာ ပြန်လည်ကြားယောင်ခဲ့ရပေသည်။ ယခုဆောင်းပါးရေးသားနေချိန်တွင်လည်း ပြန်လည်ကြားယောင်မိပေသည်။ နိုင်ငံတော်သမ္မတကြီး၏ ထိုစကားသည် မြန်မာ့နွေဦးအတွက် နှောင်သောအခါ သမိုင်းဝင်စကားတစ်ခွန်း ဖြစ်လာပါလိမ့်မည်။ ထိုအချိန်ရောက်လျှင် မြန်မာ့နွေဦးနှင့် စကားတစ်ခွန်းအကြောင်းကို အသေးစိတ်ရေးသားတင်ပြနိုင်ပါလိမ့်မည်။ ထိုအချိန်ရောက်လျှင် မြန်မာ့နွေဦးသည် ပုရစ်ဖူးတွေတဝေဝေနှင့် လန်းလန်းဆန်းဆန်း ပွင့်လန်းနေပါလိမ့်မည်။ ထိုအချိန်ရောက်လျှင် သန်း ၆၀ မှ ဆင်းရဲနွမ်းပါးလှသည့် အောက်ခြေ ၁၀ သန်းတို့၏ဘဝများ တောက်ပြောင်နေလိမ့်မည်ဟုလည်း အမျှော်လင့်ကြီး မျှော်လင့်မိပေသည်။

❑

## အမျိုးသားလုံခြုံရေးနှင့် သတင်းလွတ်လပ်ခွင့်

### ချိန်ခွင်လျှာ ညီမျှမှု

"အမျိုးသားလုံခြုံရေးနဲ့ သတင်းလွတ်လပ်ခွင့် ၂ ခုအကြား ချိန်ခွင်လျှာညီမျှဖို့လိုပါတယ်။ အမျိုးသားလုံခြုံရေးကျိုးပေါက်မှုဟာ အမေရိကန်ပြည်သူတွေအတွက် အန္တရာယ်ကြီးမားစေပါတယ်။ အသက်အန္တရာယ်နဲ့ရင်းနေရတဲ့ ရှေ့တန်းစစ်မြေပြင်တွေကို ကျွန်တော် စေလွှတ်ထားတဲ့ ယူနီဖောင်းဝတ် နိုင်ငံသူ၊ နိုင်ငံသားတွေအတွက် အန္တရာယ်ရှိပါတယ်။ ဒေသအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးကြားမှာ ရှိနေကြတဲ့ ကျွန်တော်တို့ ထောက်လှမ်းရေးတွေကို ချက်ချင်း အလွယ်တကူ ဘေးဒုက္ခကျရောက်စေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ တောင်းပန်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးတွေ၊ ကျွန်တော်တို့ရဲ့ လုံခြုံရေးဆောင်ရွက်ချက်တွေကို ပျက်ပြားသွားစေမယ့် သတင်းအချက်အလက်တွေ ပေါက်ကြားတာကို အမေရိကန်ပြည်သူတွေ လက်ခံနိုင်မှာမဟုတ်ပါဘူး။ တစ်ခါ ကျွန်တော်တို့အနေနဲ့ ဒီမိုကရေစီမှာ ရှင်သန်နေထိုင်နေကြတာ ဖြစ်ပါတယ်။ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်၊ သတင်းအချက်အလက် လွတ်လပ်စွာ စီးဆင်းခွင့်၊ ဒီအခွင့်အရေးတွေက ကျွန်တော်တို့ကို တာဝန်သိစေတယ်။ တာဝန်ကျေပွန်စေတယ်။ ကျွန်တော်တို့ ဒီမိုကရေစီကို ပိုပြီး

အားကောင်းစေပါတယ်။ ကျွန်တော် နိုင်ငံရေးလောကကို ဝင်ရောက်လာရခြင်းရဲ့ အဓိကအကြောင်းရင်းကလည်း ဒီမိုကရေစီနဲ့ ဒီမိုကရေစီလုပ်ငန်းစဉ်ကို ယုံကြည်သက်ဝင်တာကြောင့်ပဲ ဖြစ်ပါတယ်"

အထက်ပါပြောကြားချက်မှာ ထောက်လှမ်းရေးသတင်းအချက်အလက်များ ပေါက်ကြားမှုနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် မေလအတွင်းက အိမ်ဖြူတော်တွင် အမေရိကန်သမ္မတအိုဘားမား၏ ပြောကြားချက်များဖြစ်သည်။

## သတင်းလွတ်လပ်ခွင့်

အိုဘားမားသည် အိမ်ဖြူတော်သို့ မရောက်မီကပင် အမေရိကန်ပြည်ထောင်စု၏သမိုင်းကြောင်းတစ်လျှောက် ပွင့်လင်းမြင်သာမှုအရှိဆုံးအစိုးရဖြစ်စေရန်ကြိုးပမ်းမည်ဟု ကြွေးကြော်ခဲ့သူလည်း ဖြစ်သည်။ အစိုးရဟူသည် ပွင့်လင်းမြင်သာမှုရှိရမည်၊ ပွင့်လင်းမြင်သာမှုသည် တာဝန်သိမှုကို တိုးမြင့်စေပြီး ပြည်သူများအနေဖြင့်လည်း အစိုးရဘာတွေလုပ်နေသည်ဟူသော သတင်းအချက်အလက်များကို ပြည်သူများထံ ရောက်ရှိစေမည်ဟု သမ္မတ၏ လမ်းချက်ကို တရားဝင် ကြေညာထားသည်။ အလားတူပင် နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားမှုနှင့်စပ်လျဉ်းပြီး မောက်စ်နယူးစ်နှင့် နယူးယောက်တိုင်းမ်သတင်းစာတို့အား ဖြောင့်ချက်ပေးမလား၊ ထောင်ထဲသွားမလားဟူ၍ အိုဘားမားအစိုးရက ဆောင်ရွက်ခဲ့သည်။ အိုဘားမား၏ ရွေးကောက်ပွဲအကြို စည်းရုံးလှုပ်ရှားသည့် ကန့်ပိန်းကာလတွင် ဘုရှ်အစိုးရအား 'Excessive Secrecy' လျှို့ဝှက်လွန်းသောအစိုးရဟု သတ်မှတ်ကာ ပွင့်လင်းမြင်သာမှုကို မြှင့်တင်မည်ဟု ကတိကဝတ်ပြုခဲ့သူ ဖြစ်သည်။ သို့သော် တကယ်တမ်း အိမ်ဖြူတော်ရောက်ရှိပြီးနောက် နိုင်ငံတော်လျှို့ဝှက်ချက် ပေါက်ကြားမှုများနှင့်စပ်လျဉ်း၍ သတင်းထောက်များကို ရာဇဝတ်မှုများဖြင့် စွဲချက်တင်ခဲ့သည်များလည်း ရှိခဲ့သည်။

အိုဘားမားအစိုးရသည် အမျိုးသားလုံခြုံရေးအေဂျင်စီ၏ ကြေးနန်းများ ဖော်ပြခဲ့သည့် ဝါရှင်တန်ပို့စ်သတင်းစာကိုလည်း နိုင်ငံတော် လျှို့ဝှက်ချက် ကျိုးပေါက်မှုဖြင့် စုံစမ်းစစ်ဆေးခဲ့သည်။ ၂၀၀၉ ခုနှစ် ဧပြီလတွင်

နှ ရေးနိုင်ငံနှင့်ပတ်သက်သော လုံခြုံမှုအဆင့်အတန်းပါ သတင်းအချက်အလက်များ ဘလော့တစ်ခုသို့ ပေါက်ကြားမှုဖြင့် Leibowitzအား ဖမ်းဆီး စစ်ဆေးခဲ့ပြီး ၁၉၁၇ Espionage Act ချိုးဖောက်မှုဖြင့် ၂၀၁၀ ပြည့်နှစ် မေလတွင် ထောင်ဒဏ် ၂၀ လ ကျခံစေခဲ့သည်။ အဆိုပါဥပဒေမှာ ပထမ ကမ္ဘာစစ်အတွင်း ပြည်ပရန်သူများ၏ သူလျှိုလုပ်မှုများကို ကာကွယ်တား ဆီးရန် ပြဋ္ဌာန်းခဲ့သော ဥပဒေလည်းဖြစ်သည်။ ဘုရှ်(ဂျူနီယာ)လက်ထက် တွင်လည်း အဆိုပါဥပဒေဖြင့် အရေးယူမှု ၂ ကြိမ် ဆောင်ရွက်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဧပြီလတွင်လည်း The Baltimore Sun သတင်းစာ၌ လျှို့ဝှက်ချက်များ ပါရှိလာမှုနှင့်ပတ်သက်ပြီး အရေးယူမှုများ ဆောင်ရွက်ခဲ့ သည်။ တစ်ဖန် ဝီကီလိခ်ခြေးနန်းများ ပေါက်ကြားမှုဖြင့် ဘရက်ဒလေ မန်းနင်းအား စစ်ခုံရုံးဖြင့် အရေးယူခဲ့သည်။ ယီမင်သို့ အမေရိကန် စီအိုင် အေ၏ လျှို့ဝှက်ထောက်လှမ်း ထိုးဖောက်မှု၊ အီရန်နျူကလီးယားစီမံကိန်း ဖျက်ဆီးရန် ကြိုးပမ်းမှု စသည်တို့ဖြင့် နယူးယောက်တိုင်းမ်၊ ဝါရှင်တန် ပို့စ် အေပီ စသည့်မီဒီယာများအား စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ သည်။ ဘုရှ်လက်ထက်က လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့များဖြင့် နေအိမ် များသို့ စီးနင်းဝင်ရောက်ဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့သည်များနှင့် နှိုင်း ယှဉ်လျှင် တော်သေးသည်ဟု ဆိုနိုင်သည်။

၉/၁၁ နောက်ပိုင်း ဘုရှ်လက်ထက် ပြဋ္ဌာန်းခဲ့သော မျိုးချစ်အက် ဥပဒေ The Patriot Act အရ အမျိုးသားလုံခြုံရေးအတွက် လျှို့ဝှက်ဖမ်း ဆီးစစ်မေးခြင်း၊ တယ်လီဖုန်း၊ မေးလ် စသည်တို့အား လျှို့ဝှက်စစ်ဆေး ခြင်း စသည်တို့အပါအဝင် လုပ်ပိုင်ခွင့်အများအပြား အပ်နှင်းထားခဲ့သည်။ ယင်းအက်အရ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးကိုလည်း လိုအပ်လာ လျှင် ကန့်သတ်ပိတ်ပင်နိုင်သလို အချို့သောစည်းမျဉ်းများကို ကျော်လွှန် နိုင်သည်။ ဆိုရလျှင် လွတ်လပ်ခွင့်ကို ကျော်လွှန်နိုင်သော ဥပဒေတစ်ရပ် လည်းဖြစ်သည်။ ယခုနောက်ဆုံး ထွက်ပေါ်လာသောသတင်းအရ သတင်း ဌာနများ၏ အီးမေးလ်များ၊ တယ်လီဖုန်းခေါ်ဆိုမှုများကို လျှို့ဝှက်ထောက် လှမ်းကာ သတင်းပေးများ၊ သူလျှိုများကို ဖော်ထုတ်အရေးယူခဲ့သည့် ဖြစ်စဉ်များ အလျှိုလျှိုပေါ်ထွက်လာခဲ့သည်။ နောက်ဆုံးတွင် ဥရောပခေါင်း

ဆောင်များ၏ တယ်လီဖုန်းများကိုပါ လျှို့ဝှက်နားထောင်ခဲ့ခြင်းကြောင့် ဥရောပနှင့် မိတ်ဖျက်လုနီးပါးဖြစ်ခဲ့ရသည်။ လက်ရှိ ဂျာမဏီဝန်ကြီးချုပ် ဆိုလျှင် ရွေးကောက်ပွဲမဝင်မီ အလားအလာကောင်းသူ ဖြစ်နေချိန်ကပင် တယ်လီဖုန်းကိုခိုး၍ နားထောင်ခဲ့သည်ဟုဆိုသည်။ ပြည်ပနိုင်ငံခေါင်း ဆောင်များကိုပင်လျှင် ဤသို့ဤနယ် ထောက်လှမ်းခဲ့သော အမေရိကန် ထောက်လှမ်းရေးအဖွဲ့အစည်းများအနေဖြင့် ပြည်တွင်းရှိ အမေရိကန်ပြည် သူများ၏ လွတ်လပ်ခွင့်ကို မည်မျှအထိ ချိုးဖောက်ခဲ့ကြောင်း မှန်းဆကြည့် နိုင်ပါမည်။

## အမျိုးသားလုံခြုံရေးကျိုးပေါက်မှု

အမျိုးသားလုံခြုံရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ရှင်သန်ရပ် တည်နိုင်မှုပင် ဖြစ်သည်။ စတင်ထွန်းကားလာစဉ်တွင် စစ်ရေးကို အလေး ပေးခဲ့သော်လည်း နောက်ပိုင်းတွင် စစ်ရေးသာမက သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေး၊ စွမ်းအင် အစရှိသည့် နိုင်ငံတစ်နိုင်ငံ၏ လုံခြုံမှုအဝန်း အဝိုင်းများ အားလုံးပါဝင်လာခဲ့သည်။ လုံခြုံရေးကို ခြိမ်းခြောက်နိုင်သော အန္တရာယ်များတွင်လည်း နိုင်ငံများသာမက နိုင်ငံမဟုတ်သော Actor များ အားလုံးပါဝင်လာခဲ့သည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အမျိုးမျိုးရှိနေသလို အငြင်းပွားမှုများလည်း ရှိနေဆဲ ဖြစ်သည်။

အမျိုးသားလုံခြုံရေး စတင်ထွန်းကားခဲ့စဉ်က စစ်ရေးဆိုင်ရာကိစ္စ ရပ်များကို အဓိကထားခဲ့ကြသော ၁၆ ရာစုခေတ် သဘောတရားမှာ အချုပ် အခြာအာဏာပိုင်အနိုးရ၊ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ရေး ဖြစ်သည်။ မြန်မာဖြန့်မာဟန်ဖြင့် အဓိပ္ပာယ်ဖွင့်ရလျှင် 'ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြ ငှန်း' ဖြစ်ရေးသည် အမျိုးသားလုံခြုံရေး ဖြစ်ခဲ့ကြသည်။ ယင်းနောက် စစ်ရေးပညာရှင် ကလော့ဝစ်ဇ်၏ အမျိုးသားလုံခြုံရေးဖွင့်ဆိုချက်အရ စစ်ရေးနှင့် သံတမန်ရေး ခွန်တွဲပေါင်းစပ်ဆောင်ရွက်ခြင်း ဖြစ်လာခဲ့သည်။ ၁၇ ရာစုသို့ရောက်သော် နိုင်ငံအချင်းချင်းအကြား ဆက်ဆံကြသည့် အစ အဝေးများ ထွန်းကားလာပြီးနောက် နိုင်ငံတကာ သဘောတူညီချက်များ နှင့်အညီ ဆောင်ရွက်သော နိုင်ငံများ၏အကျိုးစီးပွားကာကွယ်ရေးသည်

အမျိုးသားလုံခြုံရေး ဖြစ်လာခဲ့သည်။

ယခုနောက်ပိုင်းတွင် ဆိုက်ဘာလုံခြုံရေးသည်လည်း အမျိုးသားလုံခြုံရေးတွင် ထပ်တိုးပါဝင်လာခဲ့ကြောင်း တွေ့ရှိရသည်။ ဆူပါပါဝါနိုင်ငံကြီးဖြစ်သော အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလုံခြုံရေးဟူသည် အမျိုးသားအကျိုးစီးပွား ကာကွယ်ရေးဖြစ်ပြီး အမျိုးသားအကျိုးစီးပွားတွင်လည်း (၁) လုံခြုံရေး Security (အမေရိကန်ပြည်ထောင်စု၊ အမေရိကန်ပြည်သူများ၊ မဟာမိတ်များနှင့် မိတ်ဆွေများ၏ လုံခြုံရေး)၊ (၂) သာယာဝပြောရေး Prosperity (ခိုင်မာဆန်းသစ်တိုးတက်သော အမေရိကန် စီးပွားရေး)၊ (၃) တန်ဖိုးများ Values (အမေရိကန်နှင့် ကမ္ဘာတစ်ဝန်းလုံးမှာ လူ့အခွင့်အရေး ဒီမိုကရေစီ၊ လွတ်လပ်ခွင့်အစရှိသည့် ယူနီဗာဆယ်တန်ဖိုးများကို လေးစားရေး) နှင့် (၄) နိုင်ငံတကာအစီအစဉ် International Order (အမေရိကန်ဦးဆောင်သော ကမ္ဘာ့အစီအစဉ်) ဟူ၍ ရှိသည်။

ဥပမာ ယခုနောက်ပိုင်း ပျံ့နှံ့ဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါ ပြည်တွင်း၌ မဖြစ်ပွားရေးသည် အမျိုးသားလုံခြုံရေး ဖြစ်သလိုနယ်စပ်မှ တရားမဝင်စိတ်ကြွဆေးများ စီးဝင်နေခြင်းသည်လည်း အမျိုးသားလုံခြုံရေးဖြစ်သည်။ စတင်ပေါ်ဦးစ၌ စစ်ရေး၊ စီးပွားရေး ရှုထောင့်များကိုသာ အဓိက ဖိုးကာပ်စ်ထားခဲ့သော်လည်း ၂၁ ရာစုတွင် အမျိုးသားလုံခြုံရေးအဝန်းအဝိုင်းမှာ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာခဲ့သည်။ မြန်မာနိုင်ငံက ရရှိထားသော ပြည်ပရေးကွက်ဝေစုများ မပျောက်ပျက်ရေးသည် အမျိုးသားအကျိုးစီးပွားဖြစ်သလို ပြည်သူများအတွင်း စိတ်ပူပန်မှုများမဖြစ်စေရန် ဆောင်ရွက်ရေးသည်လည်း အမျိုးသား အကျိုးစီးပွားဖြစ်သည်။ ယင်းအမျိုးမျိုးသော ကျယ်ပြန့်လှသည့် အမျိုးသားအကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရေးသည် အမျိုးသားလုံခြုံရေးပင် ဖြစ်သည်။

## ချိန်ခွင်လျှာ ညှိမျှရေး

အိုဘားမားလက်ထက် အငြင်းပွားဖွယ် ဖြစ်လာခဲ့သော အမျိုးသားလုံခြုံရေးနှင့် သတင်းလွတ်လပ်ခွင့်နှစ်ခုအကြား ချိန်ခွင်လျှာညှိမျှရေး

ပေါ်လစီဒီဇိုင်းသည် နိုင်ငံတိုင်း ကြုံတွေ့ရမည့် စိန်ခေါ်မှုတစ်ခုသာ ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းအလွန် နိုင်ငံစုံ ဗဟုဝါဒ ထွန်းကားလာခဲ့သော မျက်မှောက်ကာလတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ အားနည်းနေသေးသော မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလူ့ဘောင်သို့ ချောချောမောမောတည်ဆောက်နိုင်ရန် အရေးကြီးနေသည်။ တစ်ချိန်တည်းမှာပင် တည်ငြိမ်အေးချမ်းသော လူ့အဖွဲ့အစည်း ဖြစ်စေရန်အတွက် မည်သည့်မူဘောင်ဖြင့် အကောင်အထည်ဖော်မည်ကို ရွေးချယ်ကြရမည်ဖြစ်သည်။ နိုင်ငံတော်၏ပန်းတိုင်းသည် ဒီမိုကရေစီနိုင်ငံ၊ စီးပွားရေးတိုးတက်သည့်နိုင်ငံ၊ အေးချမ်းတည်ငြိမ်သည့်နိုင်ငံ ဖြစ်သည်ဆိုလျှင် နိုင်ငံသားများကို ဤမူ ဤဘောင်တို့ကို ချမှတ်ပေးရမည် ဖြစ်သည်။

လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော် နှစ်ရပ်စလုံး ပန်းတိုင်သို့ မည်သို့မည်ပုံ လျှောက်လှမ်းကြမည်ဟူသောနည်းလမ်း၊ လမ်းကြောင်း ရွေးချယ်မှုနှင့်စပ်လျဉ်း၍ သဘောတရားများကွဲပြား၍ ဝါဒဟူ၍ ပေါ်ပေါက်ခဲ့ကြခြင်းဖြစ်သည်။ ဈေးကွက်ယန္တရားကို အခြေပြုသော အရင်းရှင်စီးပွားရေးစနစ်ကို ကျင့်မလား၊ နိုင်ငံတော်ကိုအခြေပြုသော ဆိုရှယ်လစ်စီးပွားရေးစနစ်ကို သုံးမလား ဝါဒရေးရာရွေးချယ်မှုကိုလည်း မြန်မာ့လူ့အဖွဲ့အစည်းက ကျော်ဖြတ်လာခဲ့ပြီး ဖြစ်သည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းတို့ဖြင့် တည်ဆောက်အံ့သော မြန်မာ့လူ့ဘောင်အတွက် မည်မျှလွတ်လပ်ခွင့်ပေးမည်၊ မည်မျှလုံခြုံမှုပေးမည်ဟူသည်ကိုလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများက ကန့်သတ်ထားသည်။ တည်ဆဲဥပဒေ ၄၀၀ ကျော် ရှိသလို ယခုနောက်ပိုင်းမှ ပြဋ္ဌာန်းသော ဥပဒေများလည်း ရှိသည်။ ထိုဥပဒေတို့သည် အစိုးရက မည်သို့အုပ်ချုပ်၊ ပြည်သူများက မည်သို့ နေထိုင်၊ ဤအမှုကို ပြုလျှင် ဖြစ်မှုမြောက်ပြီး ယင်းဖြစ်မှုအတွက် မည်သို့ ပြစ်ဒဏ်ချမှတ်နိုင်သည်ဟူ၍ ထိန်းကျောင်းခြင်းအမှု ပြုကြလေသည်။

လက်ရှိ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို ထိန်းကျောင်းရန် တည်ရှိနေသည့် တည်ဆဲဥပဒေများတွင် လွတ်လပ်ရေးမရရှိမီ အင်္ဂလိပ်ခေတ်ကတည်းက ပြဋ္ဌာန်းခဲ့သော ဥပဒေများလည်း ပါဝင်နေသည်။ ဥပဒေ

ကာစသတ်ကြီးဆိုလျှင် မူလက အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ပြီး ယနေ့ ဘစ်နိုင်ငံလုံး တရားရုံးများတွင် ယင်းဥပဒေကို ဖတ်ပြီး၍ တရားစီရင်နေ ကြပါ၏။ အလားတူ မကြာသေးမီကဖြစ်ပေါ်ခဲ့သော ယူနတီ ဗျာနယ်ဖြစ် ဒေါ်တွင်လည်း ၁၉၂၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ အစိုးရလျှို့ ဝှက်ချက်များ အက်ဥပဒေသည် တည်ဆဲဥပဒေပင် ဖြစ်သည်။ ဒီမိုကရေစီ ခေါင်းပိုင်ကြီးဖြစ်သည့် အိုဘားမားအစိုးရသည်လည်း ၁၉၁၇ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဥပဒေကို အမျိုးသားလုံခြုံရေးအတွက် ကျင့်သုံးလျက်ရှိ သည်ကိုလည်း တွေ့ရှိနိုင်သည်။ ဤသို့ဆိုခြင်းကြောင့် ဥပဒေများအားလုံး ခင်းလုံးဟောင်းနေသည်ဟု မဆိုလိုပါ။ အုပ်ချုပ်သူ အစိုးရများအနေ ဖြင့် အထက်ပါတည်ဆဲဥပဒေများနှင့်အညီ အုပ်ချုပ်ရမည်သာဖြစ်ပြီး ခေတ်နှင့်မညီ၊ ဒီမိုကရေစီနိုင်ငံရေးစနစ်နှင့် မညီတော့သည့် ဥပဒေများ အမြန်ဆုံး ပြင်ဆင်ရေး၊ ဖျက်သိမ်းရေးမှာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က လုပ်ဆောင်ကြရမည့်အလုပ်များသာ ဖြစ်သည်။

## ကူညီ၍ တွန်းပေးကြပါ

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းသည် ဒီမိုကရေစီအသွင်ကူးပြောင်း ရေးကို ဖြတ်သန်းနေဆဲဖြစ်၍ ဥပဒေစိုးမိုးရေးကို ကူ၍တွန်းပေးကြရန် လိုအပ်နေသည်။ ကျူးကျော်ပြဿနာများကိုကြည့်လျှင် ဥပဒေအရ ကျူး ကျော်များတွင် အပြစ်ရှိသည်မှန်သော်လည်း မြေယာမဲ့ပြဿနာကြောင့် ကျူးကျော်အဖြစ်သို့ ရောက်ရှိရခြင်းဖြစ်ကြောင်း သိမြင်ထားသည့် နိုင်ငံ တော် သမ္မတကြီးအနေဖြင့် မြေယာဝေခြမ်းရေးနှင့် ကျူးကျော်ရှင်းလင်းရေး ချိန်ခွင်လျှာထိန်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြား သားပြီးဖြစ်သည်။ ကျူးကျော်ပြဿနာတွင် လက်လုပ်အိမ်ထောင်စုစာရင်း များ၊ လက်လုပ်ပိုင်ဆိုင်မှုများဖြင့် အရောင်းအဝယ်ပြုလုပ်ကြရာ သိန်း ကထာန်းအထိ ပေါက်ဈေးရှိပြီး ပွဲစားများလည်း ဥဒဟိုဝင်ထွက်ကာ အိမ်ခြံ မြေ စတော့ဈေးကွက်ကြီးသဖွယ်ပင်ဖြစ်ခဲ့ရသည်။ ဒေသခံပြည်သူများ၊ မြေယာပိုင်ရှင်ပြည်သူများနှင့်လည်း ပဋိပက္ခများ ဖြစ်ပွားခဲ့ရသည်။ ဤ ပြဿနာတွင် ဥပဒေနှင့်အညီ နေထိုင်လုပ်ကိုင်ကြသော ဒေသခံပြည်သူ

များ၏ လုံခြုံမှုကို ထိခိုက်စေသည်သာမက ပိုင်နက်ကျူးလွန်မှုအထိပါ ရောက်ရှိခဲ့ကြသည်။ ယင်းနောက်ကွယ်တွင် မြေယာများ အပိုင်ရရှိစေမည်ဟု ငွေကြေးကောက်ခံကာ နေရာချထားပေးသော နိုင်ငံရေးသမားအမည်ခံ မြေယာပဒို့ပကျွ ဖန်တီးရှင်ကြီးများလည်း ရှိခဲ့ကြသည်။ လွှတ်လပ်စွာ ကျူးကျော်နေထိုင်ခြင်းကို ခွင့်ပြုခဲ့ပါက လွှတ်လပ်စွာ ပြဿနာဖန်တီးခွင့်များဖြစ်ပေါ်လာနိုင်၍ ကျူးကျော်ပြဿနာများကို ပြတ်ပြတ်သားသား ကိုင်တွယ်ရှင်းလင်းရန် နိုင်ငံတော်သမ္မတကြီးက ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ပုဒ်မ ၁၈ ပြဿနာသည်လည်း အစိုးရအတွက် အကျပ်အတည်းဖြစ်စေသော တည်ဆဲဥပဒေသာဖြစ်သည်။ ပုဒ်မ ၁၈ သည် ဥပဒေပြဋ္ဌာန်းချက်ဖြစ်၍ လိုက်နာရန်လိုအပ်သော်လည်း ပုဒ်မ ၁၈ ကို လျစ်လျူရှု၍ လုပ်ကိုင်ဆောင်ရွက်မှုများကို မည်သို့ ကိုင်တွယ်ဖြေရှင်းမည်နည်း။ ပုဒ်မ ၁၈ နှင့် မညီသော ဆန္ဒပြမှုသည် ဥပဒေချိုးဖောက်သူဖြစ်၍ ဥပဒေကြောင်းအရ အမှုဖွင့်အရေးယူရမည်သာ ဖြစ်သည်။ သို့သော် ပုဒ်မ ၁၈ ကျူးလွန်သောအခါ၌ အရေးယူရန်ဆောင်ရွက်ရာတွင် နိုင်ငံရေးအရ တိုက်ခိုက်ဆဖန် ထိုးနှက်မှုများစွာကိုလည်း ရင်ဆိုင်ရပါ၏။ ဤနေရာတွင် ဥပဒေနှင့်အညီ ခွင့်ပြုချက်ရယူရေးနှင့် လွှတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့် နှစ်ခုအကြား ဟန်ချက်ညီမျှစေရန် နိုင်ငံရေးသမားများက လမ်းညွှန်ပြသကြရမည်ဖြစ်သည်။ အသွင်ကူးပြောင်းစ မြန်မာလူ့ဘောင်အဖွဲ့အစည်းကို နိုင်ငံရေးသမားများက လမ်းပြရမည့်အစား စံနမူနာပြ ချိုးဖောက်ပြကြသောအခါ ဥပဒေကို ကောင်းစွာနားမလည်ရှာသော ပြည်သူများအနေဖြင့် တော်လှန်ရဲမှ ဒီမိုကရေစီ၊ ဥပဒေချိုးဖောက်ရဲမှဒီမိုကရေစီ ဟူသော လမ်းကြောင်းသို့ ဦးတည်လာကြမည်သာ ဖြစ်သည်။ **Occupy Wall Street** လှုပ်ရှားမှုများကို အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့တွင် မည်သို့ကိုင်တွယ်ဖြေရှင်းခဲ့ရသည်ကို သတိပြုဆင်ခြင်ကြစေလိုသည်။

အသွင်ကူးပြောင်းစ ဒီမိုကရေစီတို့၏ ထုံးတမ်းစဉ်လာအတိုင်း နုနယ်သောအတွေ့အကြုံများအလွန်တွင် အစွန်းတရားတို့ တည်ရှိနေတတ်ပါ၏။ တည်ငြိမ်အေးချမ်းလုံခြုံသော လူ့ဘောင်အဖွဲ့အစည်း ဖြစ်စေရန်အတွက် ဒါမလုပ်နဲ့၊ ဒါလုပ်ရင် ဒီပြစ်ဒဏ်ဟူသော စည်းကမ်းသတ်

…ချက်များကို ဥပဒေများက ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ 'မတရားသည့် …ဒေမှန်သမျှ ဖီဆန်ကြ' ဟူသော နည်းလမ်းနှင့် 'မတရားသည့် ဥပဒေမှန် …မျှ ဖျက်သိမ်းကြ' ဟူသော နည်းလမ်းမတူပါ။ အမှန်တကယ် ဒီမို…ရေစီအခွင့်အရေးများ ထွန်းကားရှင်သန်စေလိုလျှင် တရားဥပဒေစိုးမိုး…ရေးကို ပြတ်ပြတ်သားသား မြှင့်တင်ဆောင်ရွက်ရန်သာ ရှိပေသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဒီမိုကရေစီအခွင့်အရေးများ တိုးမြှင့်…ရေးနှင့် တည်ငြိမ်အေးချမ်းရေး အစွန်းနှစ်ဖက်အကြား မှန်ကန်သော …ချိန်ခွင်လျှာကို ထိန်းကြရပါမည်။ ထိုသို့ ချိန်ခွင်လျှာထိန်းခြင်းသည် နိုင်ငံ…ပြည်သူ့အကျိုးဖြစ်ပြီး နိုင်ငံရေးအရ ပျော့ကွက်နိုက်စတမ်းကစားရပ်များ …တ်ပါ။ တရားဥပဒေစိုးမိုးစေလိုလျှင် တရားဥပဒေစိုးမိုးရေးကို ကူညီ…ရှ်တွန်းပေးရန်သာ ရှိပါကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပါသည်။

❑

# ပြည်တွင်းစစ်၊ ဒီမိုကရေစီနှင့် သန်း ၆၀ ၏ တန်ဖိုး

## ထောင်ချောက် (၄) ရပ်

အောက်စဖို့တက္ကသိုလ်မှ ဘောဂဗေဒပါမောက္ခ ပေါလ်ကိုလီယာက ယင်း၏ Bottom Billion စာတမ်းတွင် ဆင်းရဲနွမ်းပါးမှုမှ ရုန်းမထွက်နိုင်သော ထောင်ချောက် (၄) ရပ်ကိုတင်ပြခဲ့သည်။ ယင်းတို့မှာ (၁) ပဋိပက္ခ ထောင်ချောက်၊ (၂) သယံဇာတထောင်ချောက်၊ (၃) ပထဝီထောင်ချောက်နှင့် (၄) အုပ်ချုပ်ရေးစနစ်ထောင်ချောက် ဟူ၍ ဖြစ်သည်။ ထောင်ချောက် (၄) ရပ်၌ ပိတ်မိခဲ့ကြရသောအခြေအနေတွင် ဂလိုဘယ်လိုက်ဇေးရှင်း လှိုင်းလုံးနှင့်တွေ့သော် ဦးမဖော်နိုင်ပါဘဲ အဆိုးသံသရာလည်ကာ ဆင်းရဲတွင်း ပို၍နက်သွားကြရသည်ဟု ဆိုသည်။ ထိုကဲ့သို့သော နိုင်ငံများတွင် ဒီမိုကရေစီကူးပြောင်းရေးကို အစပြုခဲ့ပါက အောင်မြင်ရန် ခဲယဉ်းသည် (သို့မဟုတ်) အသွင်ကူးပြောင်းရေးကာလရှည်ကြာတတ်သည်။

## အကြံပြုချက် (၃) ချက်

ပေါလ်ကိုလီယာသည် မြန်မာနိုင်ငံ တံခါးအဖွင့်တွင် ကိုယ်တိုင်ကိုယ်ကျလာရောက်၍ လေ့လာသုံးသပ်ကာ မြန်မာ့စီးပွားရေးဦးဖော်လာရေးအတွက်အကြံပြုချက်(၃)ချက်ပြောသွားခဲ့သည်။ ယင်းတို့မှာ (၁)

ဘိုင်းလ်ဆက်သွယ်ရေးလိုင်းလုံး ဖြစ်ပေါ်ရေး၊ (၂) မိုဘိုင်းလ်ဘဏ်စနစ် ထွန်းကားရေးနှင့် (၃) ကျေးလက်ဖွံ့ဖြိုးရေးတို့ ဖြစ်သည်။ လက်ရှိအနေအထားတွင် ကိုလီယာ၏ အကြံပြုချက်အား ပြန်လည်တိုက်ဆိုင် ဆန်းစစ်ကြည့်လျှင် (၁) မိုဘိုင်းလ်ဖုန်းကဏ္ဍ ပြုပြင်ပြောင်းလဲမှု စတင်နေပြီး (၂) သီးခြား လွတ်လပ်သော ဗဟိုဘဏ်တစ်ခု ပေါ်ပေါက်လာပြီ (သို့သော် မိုဘိုင်းလ်ဘဏ်စနစ် မပေါ်နိုင်သေး)၊ (၃) ကျေးလက်ဖွံ့ဖြိုးရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီဟူသောအခြေအနေများကို တွေ့မြင်နိုင်သည်။

ကိုလီယာ၏ ထောင်ချောက် (၃) ရပ်ကို လက်ရှိအနေအထားဖြင့် ပြန်လည်ဆန်းစစ်ကြည့်သည့်အခါ ပြည်တွင်းစစ်နှင့် သယံဇာတ ထောင်ချောက်တို့အကြား ကြီးမားသော အဆက်အစပ်များ တွေ့မြင်နိုင်သည်။ ကျပ် ၅ သိန်း၊ ရွှေတွင်း ၁ တွင်းလုပ်ကိုင်ခွင့်ဖြင့် မက်လုံးပေးခဲ့သော ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်ကို ဗုံးခွဲတိုက်ခိုက်မှုကို ပဋိပက္ခထောင်ချောက်နှင့် သယံဇာတထောင်ချောက်နှစ်ခုတို့၏ ဆုံစည်းရာအဖြစ် ခြုံးစားကြည့်နိုင်သည်။

## Greed and Grievance

တစ်ဖန် ကော်လီယာနှင့် Hoeffler တို့၏ Economic Theory of Civil War ဆိုင်ရာ လေ့လာချက်တစ်ရပ်ဖြစ်သော Greed and Grievance စာတမ်းတွင် စစ်မီးမငြိမ်းနိုင်သော ပြည်တွင်းစစ်များ၏ အတွင်းသရုပ်မှန်ကို ထုတ်ဖော်ခဲ့ကြသည်။ သာမန်အားဖြင့် တိုင်းပြည်တစ်ပြည်အတွင်းရှိ မျိုးနွယ်စုမတူသူများအကြားတွင်လည်းကောင်း၊ ပထဝီဒေသခြားနားသူများအကြားတွင်လည်းကောင်း၊ အယူဝါဒမတူသူများအကြားတွင်လည်းကောင်း ဖြစ်ပွားလေ့ရှိသော တော်လှန်ပုန်ကန်မှုများမှာ တရားမျှတမှုကင်းမဲ့ခြင်း(အမေ့)ကြောင့် ဖြစ်သည်ဟု ယူဆနိုင်သော်လည်း ကိစ္စရပ်အတော်များများတွင် ယင်းဒေသရှိ သယံဇာတ အကျိုးစီးပွား(လောဘ)ကြောင့်ဖြစ်သည်ကို တွေ့ရှိရသည်ဟု ယင်းတို့နှစ်ဦးက ဆိုသည်။ အမေ့ (Grievance) ကြောင့်ဖြစ်ရသော လူမျိုးရေးကြွေးကြော်သံများအရ ပြည်တွင်းစစ်မီးလျှံတို့သည် အမှန်စင်စစ်တွင် ခေါင်းဆောင်အနည်းစု၏

လောဘ (Greed)ကြောင့် ဖြစ်ရသည်ဟူသောအချက်ကို ၁၉၆၅ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ကမ္ဘာတစ်ဝန်းလုံးရှိ ပြည်တွင်းစစ်များကို လေ့လာဆန်းစစ်ချက်မှ ရရှိလာခဲ့ခြင်းဖြစ်သည်။

လေ့လာချက်အရ ၁၉၄၅ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကြားကာလတွင် ကမ္ဘာ့နိုင်ငံအားလုံး၏ အချိုးအစားနှင့် ပြည်တွင်းစစ်ဖြစ်ပွားမှုကို တွက်ချက်ကြည့်လျှင် နိုင်ငံစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းတွင် ပြည်တွင်းစစ်ဖြစ်ပွား လေ့ရှိသည်။ နိုင်ငံအချင်းချင်းဖြစ်ပွားသော စစ်ပွဲများမှာ အကြာမြင့်ဆုံး အချိန် ၆ လအထိရှိတတ်ပြီး ပြည်တွင်းစစ်များ၏ ကြာမြင့်ချိန်မှာ ပျမ်းမျှ ၇ လ ရှိသည်ဟုဆိုသည်။ ဤနေရာတွင် နိုင်ငံများအနေဖြင့် ပို၍ဆင်းရဲလေလေ ပြည်တွင်းစစ်ဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်မားလေလေ ဖြစ်သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ပြည်တွင်းစစ်များကို လေ့လာချက်အရ ပြည်တွင်းစစ်များကြောင့် နှစ်စဉ်ပျမ်းမျှ လူသေဆုံးမှုမှာ တစ်သိန်းလေးသောင်းကျော်အထိရှိခဲ့သည်။ ၁၉၆၀ ပြည့်နှစ်ကျော်မှ ၁၉၇၀ ပြည့်နှစ်ကျော်အထိ ကာလများတွင် ပျမ်းမျှ လူသေဆုံးရမှု သုံးသိန်းကျော်အထိ ရှိခဲ့ကြောင်း သိရှိရသည်။ ယင်းကာလများအတွင်း ပြည်တွင်းစစ်ဖြစ်ပွားမှုနှုန်းထားကို လေ့လာကြည့်လျှင် (၁) မြောက်အမေရိက၊ ဥရောပနှင့် ဗဟိုအာရှဒေသများမှာ ထိပ်ဆုံးတွင်ရှိနေပြီး၊ (၂) ဆာဟာရတစ်ပိုင်း အာဖရိကနိုင်ငံများ၊ (၃) မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ၊ (၄) လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများ၊ (၅) ပစိဖိတ်၊ အရှေ့အာရှနှင့် တောင်အာရှနိုင်ငံများဟူ၍ အစီအစဉ်အတိုင်း တွေ့ရှိရသည်။

အခမ္မလုပ်ရပ်များကြောင့် ဖြစ်ပွားရသော ပြည်တွင်းစစ်များကို Grievance Model ဟု သတ်မှတ်ပြီး (၁) မျိုးနွယ်စုနှင့် ဘာသာရေးကွဲပြားမှု၊ (၂) နိုင်ငံရေးဖိနှိပ်မှု၊ (၃) နိုင်ငံရေးဖယ်ကြဉ်မှုနှင့် (၄) မညီမျှမှု (ဝင်ငွေနှင့် မြေယာခွဲဝေမှု) စသည်တို့အရ ဖြစ်ပွားရကြောင်း ယင်းတို့က ဆိုသည်။

လောဘကြောင့်ဖြစ်ပွားရသော ပြည်တွင်းစစ်များကို Greed Model ဟုခေါ်တွင်ပြီး အဓိကအားဖြင့် ငွေဖြစ်လွယ်သော သယံဇာတများကို ရရှိ

အမှုဖြင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ဤမော်ဒယ်လ်တွင် ရေနံနှင့် ပြည်တွင်းစစ်၊ စိန်နှင့်ပြည်တွင်းစစ်၊ သစ်နှင့်ပြည်တွင်းစစ်၊ ကျောက်မျက်ရတနာနှင့် ပြည်တွင်းစစ် စသည်တို့အားဖြင့် တွေ့ရှိရသည်။ ခွေဖြစ်လွယ်သော သယံဇာတဟုဆိုရာတွင် နည်းပညာကြီးကြီးမားမား မလိုအပ်ဘဲ ချက်ချင်းထုတ်ယူ၍ချင်းရောင်းနိုင်သော ကုန်ပစ္စည်းမျိုးကို ဆိုလိုသည်။ အဆိုပါသယံဇာတများတွက်ရှိသော နယ်မြေဒေသများကို အုပ်စီးသိမ်းပိုက်နိုင်ရေးအတွက်တိုက်ခိုက်ကြရာမှ ပြည်တွင်းစစ်များ ဖြစ်ပွားလေ့ရှိသော်လည်း လူမျိုးရေးတိုက်ပွဲ၊ တရားမျှတမှုတိုက်ပွဲ စသည်အားဖြင့် အမည်ကင်ပွန်းတပ်သူကလေးများ တပ်ထားကြသည့်အခါ အဆိုပါတော်လှန်ရေးပုံရိပ်ယောင်များကိုသာမကြည့်ဘဲ စစ်မှန် နောက်ခံဖြစ်သော သယံဇာတအကျိုးစီးပွားနှင့် လောဘတို့ကို မြင်အောင်ကြည့်ဖို့လိုအပ်မည် ဖြစ်သည်။

တစ်ဖန် သယံဇာတမှ ပြည်တွင်းစစ်သို့ သက်ရောက်စေသော အကြောင်းတရားများကို ဖော်ထုတ်ရာတွင်လည်း (၁) လက်နက်ကိုင်ပုန်ကန်ရေးအတွက် ရန်ပုံငွေ၊ (၂)နိုင်ငံတော်အတွက် အားနည်းချက် စသည့် အခွင့်အလမ်းများကို ဖြစ်ပေါ်စေနိုင်သည်။ အဆိုပါအခွင့်အလမ်းများမှ ခွဲထွက်ခြင်းဆင့် အစိုးရကို ဖြုတ်ချလိုသည့် လှုံ့ဆော်မှုများ ဖြစ်ပေါ်လာစေနိုင်သည်။ ရေနံနှင့် ပြည်တွင်းစစ်၊ စိန်နှင့် ပြည်တွင်းစစ် စသည့် အဆက်အစပ်ကိုလေ့လာရာတွင် နိုင်ငံများအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သော ရေနံကဲ့သို့သော သယံဇာတမျိုးသည် မရှိမဖြစ် လိုအပ်ချက်မဟုတ်သော စိန်ကဲ့သို့သော သယံဇာတများနှင့် နှိုင်းယှဉ်ကြည့်လျှင် စိန်ထက်စာလျှင် ရေနံက ပို၍ ရောင်းချရလွယ်၊ ငွေရလွယ်သည့်အတွက် ငွေရလွယ်သည့် သယံဇာတသည် ပြည်တွင်းစစ် ဖြစ်ပွားနိုင်ခြေ ပိုမိုမြင့်မားစေသည်ဟု ဆိုသည်။

ပြည်တွင်းစစ်နှင့် ပညာရေးသည်လည်း ကြီးမားသော အဆက်အစပ်များရှိနေသည်။ ဆင်းရဲနွမ်းပါးပြီး သယံဇာတကြွယ်ဝသည့် နိုင်ငံများတွင် တန်းတူညီမျှရေးဟု ကြွေးကြော်ကြသော လောဘအခြေခံ ပြည်တွင်းစစ်များ ဖြစ်ပွားလေ့ရှိသည်။ ပြည်တွင်းစစ်အတွက် ငွေဖြစ်လွယ်သော သယံဇာတအကျိုးစီးပွားများကို တစ်ဖက်နှင့်တစ်ဖက် ရယူသိမ်းပိုက်ခြင်း

ကြောင့် ဒေသမတည်မငြိမ် ဖြစ်စေကာ စစ်မီးလျှံတို့၏ ဆိုးကျိုးဖြစ်သော (၁) စီးပွားရေး၊ (၂) လူမှုရေးနှင့် (၃) သဘာဝပတ်ဝန်းကျင်တို့ကို ဆိုးဆိုးရွားရွားထိခိုက်စေသည်။ အကျိုးဆက်အားဖြင့် ပညာမတတ်၊ စာမတတ်သော လူငယ်မျိုးဆက်သစ်များ လက်နက်ကိုင်တိုက်ပွဲများတွင် အလွယ်တကူ ပါဝင်ဆင်နွှဲကြခြင်းအားဖြင့် အဆိုးကျော့သံသရာကို လည်ပတ်စေမည် ဖြစ်သည်။

## ဒီမိုကရေစီနှင့် ပြည်တွင်းစစ်

အော်တိုကရေစီနိုင်ငံများတွင် လောဘများနှင့် အချောင်သမားစိတ်ဓာတ်များ မြင့်မားစေသည့်အတွက် ပြည်တွင်းစစ်ဖြစ်နိုင်ချေ ပိုမို မြင့်မားသည်။ ဒီမိုကရေစီနိုင်ငံများတွင်မူ အချောင်သမားစိတ်ဓာတ်များ လျော့နည်းစေပြီး ပြည်တွင်းစစ် ဖြစ်နိုင်ခြေ ပိုမိုနည်းပါးကြောင်း တွေ့ရှိရသည်။ နိုင်ငံရေးစနစ်တွင် ပြည်သူများ၏ ကိုယ်စားပြုပါဝင်မှု ပိုမိုမြင့်မားလာလေလေ ပြည်တွင်းစစ်ဖြစ်ပွားနိုင်ခြေ လျော့နည်းလေလေဖြင့် ပြောင်းပြန်သက်ရောက်မှု ရှိကြောင်းလည်း တွေ့ရှိရသည်။ တိုင်းရင်းသား၊ မျိုးနွယ်စုအများအပြားကွဲပြားခြားနားသော ဒီမိုကရေစီနိုင်ငံများတွင် မျိုးနွယ်စုဆိုင်ရာ ပဋိပက္ခဖြစ်နိုင်ခြေကို လေ့လာကြည့်သောအခါတွင်လည်း **Proportional System** ကျင့်သုံးသောနိုင်ငံများသည် **Majoritarian System** ကျင့်သုံးသောနိုင်ငံများထက် ပိုမိုနည်းပါးကြောင်း တွေ့ရှိရသည်။

အလားတူ လက်နက်ကိုင်ပဋိပက္ခအပေါ် သက်ရောက်စေသော ကိန်းရှင် (၈) ခုမှာလည်း (၁) လူဦးရေ၊ (၂) ဝင်ငွေနိမ့်ကျမှု၊ (၃) တိုးတက်မှုနည်းပါးခြင်း၊ (၄) နိုင်ငံရေးမတည်မငြိမ်မှု၊ (၅) ဒီမိုကရက်တစ် အင်စတီကျူးရှင်းများ အားနည်းမှု၊ (၆) တောင်တန်းများ ပေါများခြင်း၊ (၇) ဒီမိုကရက်တစ်မဟုတ်သော အိမ်နီးချင်းနိုင်ငံများနှင့် (၈) စစ်ဖြစ်ပွားနေသော အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ယင်းကိန်းရှင် (၈) ခုကို မူတည်၍လည်း ပြည်တွင်းစစ်မီးတောက်လောင်နိုင်ကြောင်း တွေ့ရှိရသည်။ **Miguel** ၂၀၀၄ အာဖရိက ပြည်တွင်းစစ်များလေ့လာချက်အရ စီးပွားရေးစွမ်းဆောင်ရည်နှင့် ပြည်တွင်းစစ်သည် ကြီးကြီးမားမား ဆက်စပ်နေပြီး ပြောင်းပြန်အချိုး

နေကြောင်း၊ စီးပွားရေးတိုးတက်မှုနှုန်း (၅ ရာခိုင်နှုန်း) လျော့နည်း ဆင်းသွားလျှင် နောက်နှစ်တွင် ပြည်တွင်းပဋိပက္ခဖြစ်နိုင်ခြေ (၁၂ ခိုင်နှုန်း) တိုးလာကြောင်း သိရှိရသည်။

ပြည်တွင်းစစ် ဖြစ်ပွားနိုင်ခြေ လျှော့ချနိုင်သော နည်းလမ်း(၃)ရပ်မှာ မူဝါဒကောင်းများ ချမှတ်ခြင်း (အထူးအားဖြင့် သယံဇာတ ခွဲဝေမှုနှင့် ခန့်ခွဲမှု)၊ (၂) ဖွံ့ဖြိုးတိုးတက်မှု (ငြိမ်းချမ်းရေးကို အထောက်အကူပြု သည်)၊ (၃) ပြည်သူများ၏ပညာရေးရေချိန် (လောဘလား–အခမ္ဘလား၊ နွယ်စုအကျိုးလား–ခေါင်းဆောင်များအကျိုးလား ကောင်းစွာ ခွဲခြား မြင်နိုင်သည်) တို့ဖြစ်ကြောင်း တွေ့ရှိရသည်။

ပေါလ်ကော်လီယာက ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများတွင် ဋိပက္ခ ဖြစ်နိုင်ခြေ မြင့်မားနေပြီး ဒီမိုကရေစီလိုဓွေအချိုး မည်မျှရှိသည် သောအချက်ပေါ် မူတည်၍ စစ်ဖြစ်ပွားနိုင်ခြေ အနိမ့်– အမြင့် ရှိသည် ဆိုသည်။ အဓိကကုန်စည်များဖြစ်သည့် သယံဇာတများ စီမံခန့်ခွဲရေး စပ်လျဉ်း၍ အများညီလက်ခံနိုင်သော မူဝါဒတစ်ရပ် အမြန်ဆုံးနှင့် နိုင်မားဆုံး ချမှတ်ကာ တရားမဝင် ကူးသန်းရောင်းဝယ်နေမှုများ ပျောက်စေရန် အလျှင်အမြန် ဆောင်ရွက်သင့်သည်ဟု ရေးထားသည်။ မဟုတ်ပါက သယံဇာတ ပိုင်စိုးလိုမှုလောဘဖြင့် အုပ်စီးထားသော ယံဇာတနယ်မြေများတွင် စစ်ပွဲများ ကာလရှည်ညောင်း တည်တံ့လျှ နိုင်သည်။ တရားမဝင်ရောင်းချ၍ ငွေဖြစ်လွယ်အောင် ဆောင်ရွက်နိုင် င်းမရှိစေရန် အလေးထားဖြေရှင်းသင့်သည်ဟု ဆိုသည်။ ပြည်တွင်း ဋိပက္ခများနှင့် အသွင်ကူးပြောင်းကြရသော (မြန်မာနိုင်ငံကဲ့သို့သော) နိုင်ငံများ၌ အသွင်ကူးပြောင်းရေးကာလ တိုနိုင်သမျှတိုစေရန် ကြိုးပမ်း ဆောင်ရွက်ရန်လိုအပ်သည်။ အသွင်ကူးပြောင်းရေးကာလ ရှည်ကြာနေ သည်နှင့်အမျှ အခမ္ဘကို တွန်းလှသည့် မျိုးနွယ်စုတော်လှန်ရေးအသွင် ဆောင်ထားသော လောဘအရင်းတည် ပဋိပက္ခများသည် ဆင်းရဲနွမ်းပါးမှု သောင်ချောက် (၄) ရပ်နှင့် ပြန်ပိတ်မိသွားမည် ဖြစ်သည်။ ဤတွင် ဒီမို ကရေစီသည် အပြစ်ဖို့စရာ အဓိကအကြောင်းရင်း ဖြစ်လာတတ်ပြီး ဒီမို ကရေစီနောက်ပြန်လှည့်သွားတတ်ကြောင်း တွေ့ရှိရသည်။

## နိဂုံး

ပဋိပက္ခများ ကင်းလွတ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းစနိုင်ငံများတွင် ပထမ ၁၀ နှစ်တာအတွင်း ပုံမှန်အနေအထားထက် စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားလာတတ်ပြီး အလယ်ပိုင်းတွင် တိုးတက်မှု အမြင့်ဆုံးအမှတ်သို့ ရောက်ရှိပြီးနောက် အောက်သို့ ပြန်လည်ကျဆင်းသွားတတ်ကြောင်း တွေ့ရှိရသည်။ အစောပိုင်းနှစ်များတွင် စကာန်မှဲမှု(မသေချာမှု)များဖြစ်ပေါ်လေ့ရှိပြီး ယင်းကာလတွင် နိုင်ငံတော်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မှသာ တိုးတက်မှုကို ထိန်းသိမ်းထားနိုင်မည် ဖြစ်သည်။ ငြိမ်းချမ်းရေးကို စဉ်ဆက်မပျက်အောင် ဆက်လက်ထိန်းသိမ်းထားနိုင်ပါက မူလတိုးတက်မှုနှုန်းထားကို ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်မည်ဟုဆိုသည်။ ယင်းကာလတွင် ဒီမိုကရေစီ ခိုင်မာစေသည့်အဆင့်သို့ ဆက်လက်ကူးပြောင်းသွားနိုင်ရန် အရေးကြီးသည်။ တစ်ဖန် တိုက်ပွဲဖြင့် ရရှိသော ငြိမ်းချမ်းရေးသည် ဒိုင်ယာလော့ဖြင့်ရရှိသော ငြိမ်းချမ်းရေးထက် ပိုမိုခိုင်မာလေ့ရှိပြီး ဒိုင်ယာလော့မှရရှိသော ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ရန် စီးပွားရေး၊ ပညာရေးနှင့် ဒီမိုကရေစီတည်ဆောက်ရေးကို အဟုန်ပြင်းပြင်းဖြင့် ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည်။

ဆင်းရဲနွမ်းပါးပြီး လက်နက်ကိုင်ပဋိပက္ခ မီးတောက်များအကြားရှင်သန်နေရသော ဘဝများမှာ ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံများထက် များစွာဈေးပေါနေတတ်သည် Life is cheap in Civil Wars ဟု ဆိုကြသည်။ ထိုသို့ စစ်မီးလျှံများကြားတွင် ပျက်သုဉ်းခဲ့ရသော လူ့အသက်များစွာတို့သည် အမှန်စင်စစ် လောဘ Greed ကြောင့် ဖြစ်နေရခြင်းဖြစ်ကြောင်း နိုင်နိုင်မာမာသိရှိရသောအခါ ရင်ထုမနာ ဖြစ်ကြရသည်ဟုဆိုသည်။ ခေါင်းလောင်းသံတိတ်၊ ကျောင်းများလည်းပိတ်ထားရသည့် တိုက်ပွဲနယ်မြေများသည် တန်ဖိုးရှိလှသော မျိုးဆက်သစ်များ၏ အသက်ကို ခြွေချနေသော မုန်တိုင်းကြီးများ ဖြစ်နေသည်။ စစ်မီးလျှံများ ယနေ့တိုင် မငြိမ်းနိုင်သေးသော မိမိတို့နိုင်ငံ၏ ဝေးလံခေါင်ဖျားဒေသများမှ လူ့အသက်များသည် အမေရိကန်မြို့ကြီးများရှိ လူ့အသက်များနှင့် ဘဝချင်းမတူသော်ငြားလည်း တန်ဖိုးချင်းတော့အတူတူပင် ဖြစ်ရပါမည်။ ကမ္ဘာပေါ်တွင်

အရှည်ကြာဆုံး ပြည်တွင်းစစ်ကြောင့် စတေးပေးဆပ်ခဲ့ရသော လူ့အသက်ပေါင်းများစွာသည် ဈေးပေါနေပါသလား။ လက်ရှိ သန်း ၆၀ သော နိုင်ငံသားတို့၏တန်ဖိုး မည်မျှရှိပါသနည်း။ ဤသည်ကို လက်ရှိနိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် သန်း ၆၀ သော နိုင်ငံသားများကိုယ်တိုင် ပြန်လည်သတ်မှတ်ပေးကြရတော့မည် ဖြစ်ပေသည်။

❑

# ငြိမ်းချမ်းရေးနှင့်တူသော ငြိမ်းချမ်းရေးနှင့် စစ်မှန်သော သန္တာန်

## နိဒါန်း

အတိတ်သမိုင်း၌ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်၊ နိုင်ငံခြားရေးမူဝါဒတို့သည် ကမ္ဘာလုံးချီအဆင့် မဟုတ်ခဲ့သော်ငြားလည်း အာရှဒေသတွင်း၌ ဩဇာကြီးမားခဲ့သည့်နည်းတူ မြန်မာ့နိုင်ငံရေးတန်ဖိုး၊ မြန်မာ့ဆော့ဖ်ပါဝါတို့ မနည်းမနော ရှိခဲ့ပါ၏။ အဆိုပါသမိုင်းစဉ်များနှင့် စပ်လျဉ်း၍ ဒေါက်တာနေဝင်းမောင်နှင့် စကားဝိုင်းတစ်ခုတွင် မြန်မာ့တန်ဖိုး၊ မြန်မာ့ဆော့ဖ်ပါဝါအကြောင်း နှစ်ဦးသား ဆွေးနွေးခဲ့ဖူးသည်။ သိပ္ပံနည်းကျသောတရားဟု အသိအမှတ်ပြုခြင်းခံထားရသော ဗုဒ္ဓတရားတော်ကျင့်စဉ်များသည် မြန်မာ့ဆော့ဖ်ပါဝါ ဖြစ်နိုင်–မဖြစ်နိုင် စာရေးသူ၏မေးမြန်းချက်ကို ဒေါက်တာနေဝင်းမောင်က ကိုးကွယ်ယုံကြည်မှု ဘာသာတရားကို အခြေပြုသော ဆော့ဖ်ပါဝါသည် ကမ္ဘာလုံးချီအဆင့်သို့ တိုးဖောက်နိုင်ရန် ခဲယဉ်းမည်ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်များကိုယ်တိုင် နိုင်ငံတကာသို့ ဖြန့်ချိပေးနိုင်သည့် တရားတော်အပေါ် အလေးအမြတ် ယုံကြည်သက်ဝင်မှု၊ နားလည်မှု၊ သိပ္ပံနည်းကျ ရှင်းလင်းဖွင့်ဆိုနိုင်မှု စသည်တို့အပေါ်တွင် မူတည်သည်ဟု ဖြေသည်။ တစ်ဆက်တည်းမှာပင် ကာလရှည်ကြာ ဝိပဿနာ ကျင့်ကြံအားထုတ်ခဲ့သည့် အတွေ့

...များနှင့် ယှဉ်၍ ဗုဒ္ဓတရားတော်ကို ဆောင်ပါဝါအဖြစ် မြှင့်တင်လို ...သော ဘာသာဝင်များကိုယ်တိုင် စံတော်ဝင် ကျင့်ကြံအားထုတ် ပြုမူဆောင် ...ခြင်းအဆင့်သို့ ရောက်ရှိရန် များစွာကြိုးပမ်းအားထုတ်ရဦးမည်ဟု ...တကာနေဝင်းမောင်က ရှင်းခဲ့သည်။ အလားတူ ဘာသာတရားနှင့် ...ဆော့ဖ်ပါဝါ အဆက်အစပ်ဖြစ်နိုင်ခြေကို ဒကာရင်း၊ တပည့်ရင်းတစ်ဦးမှ ...ဆင့် သီတဂူဆရာတော်ဘုရားကြီး၏ ထင်မြင်ယူဆချက်အား မေး ...မြန်းလျှောက်ထားခဲ့ရာ၌ ယနေ့လက်ရှိကာလထက် အဆပေါင်းများစွာ ကြိုး ...အားထုတ်ရန် လိုအပ်မည်ဟု မိန့်တော်မူခဲ့ဖူးသည်။

## အသွင်ကူးပြောင်းရေး ဆော့ဖ်ပါဝါ

ကမ္ဘာလုံးရှိ ဒီမိုကရေစီကူးပြောင်းမှုတွင် စံနမူနာတွင်ခဲ့သော အကူး ...ပြောင်းများကို လေ့လာကြည့်လျှင် ဆူဟာတို၏ New Order နှင့် အင်ဒို ...ား၊ ဒီကလပ်နှင့် မင်ဒဲလားတို့၏ တောင်အာဖရိက စသည်အားဖြင့် ...ကရေစီရေစီးကြောင်းအသစ် ဆော့ဖ်ပါဝါများ ဖြစ်ခဲ့သည်။ တော်လှန် ...ဖြင့် နိဒါန်းဖွင့်လှစ်သော ကူးပြောင်းမှု၊ ပြင်ပအားဖြင့် ပုံစံသွင်းသော ...ပြောင်းမှုနှင့် အုပ်စိုးသူတို့ကအစပြုသော ကူးပြောင်းမှု စသည့် ကူး ...ပြောင်းမှုမျိုးကွဲ (၃) ရပ်တွင် မြန်မာ့နွေဦး ဟု နိုင်ငံတကာပညာရှင်များ ...ခေါ်ကြသည့် ကြုံကုန်သော မြန်မာ့ဒီမိုကရေစီအကူးအပြောင်းမှာ အပေါ်မှ ...ပြောင်းသည့် အပြောင်းအလဲတစ်ရပ် ဖြစ်သည်။ ထို့ကြောင့်လည်း ပုံ ...ဘွာန်အသစ် ကူးပြောင်းမှုအဖြစ် သတ်မှတ်ထားကြခြင်းဖြစ်သည်။ ...မည်သော မြန်မာ့ဒီမိုကရေစီ အကူးအပြောင်းသည် ကမ္ဘာလုံးရှိ ရာဇဝင် ...ရစ်တော့မည့် သဓက်တတစ်ရပ်ဖြစ်လာနေသလို 'မြန်မာ' ဟု ဆိုလိုက် ...သည်နှင့် ငြိမ်းငြိမ်းချမ်းချမ်း ဒီမိုကရေစီသို့ ရှိရာလမ်းကို မြင်ယောင် ...ကြတော့မည်ဖြစ်သည်။ ဒီမိုကရေစီနှင့် အသွင်ကူးပြောင်းရေး၊ ဖွံ့ဖြိုး ...ရေး စံတော်ဝင်အိုင်ဒီယာများတွင် မြန်မာ့အကြောင်း တစေ့တစောင်း မဖြစ် ...နေ ပါဝင်လာတော့မည်လည်း ဖြစ်သည်။

သို့သော်လည်း မြန်မာ့နွေဦး ပုရစ်ဖူးတို့သည် လူမျိုးရေးစစ်ပွဲများ၊ ...မှုရေးပဋိပက္ခများ၊ ပြုပြင်ပြောင်းလဲရေး ခုခံမှုများကြောင့် သေနတ်သံ၊

စုံးသံ၊ စုံးပေါက်ကွဲသံ၊ မီးလျှံများဖြင့် တဝေဝေဖြစ်လာနေသည့် အနေအထားမှာ များစွာအရုပ်ဆိုး အကျည်းတန်လှပေသည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် သီအိုရီအသစ်ပေါင်းများစွာ ပေါ်ထွက်လာစေနိုင်ပြီး မြန်မာ့ငြိမ်းချမ်းရေးမဟာဗျူဟာ၊ နည်းဗျူဟာများကို လေ့လာဆန်းစစ်ခြင်းအားဖြင့် မတူညီသော၊ ခြားနားသော အယူအဆများစွာ ရရှိစေမည်ဟု အမေရိကန်နိုင်ငံမှ ပညာရှင်တစ်ဦးက ဆိုသည်။ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ကမ္ဘာပေါ်ရှိ နှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်ပွားခဲ့သော တိုင်းပြည်များ၏ နမူနာများနှင့် မတူညီဘဲ ပို၍ အရောင်စုံ၊ ပိုမိုအသွေးစုံသော အိုင်ဒီယာကွန်ရက်ကြီး ဖြစ်လာလိမ့်မည်ဟု အဆိုပါပညာရှင်က ဆိုသည်။

ထို့အပြင် မျက်နှာစာအမျိုးမျိုး၊ စိန်ခေါ်မှုအမျိုးမျိုး တည်ရှိနေသည့်ကြားမှ ရှေ့သို့ တစ်လှမ်းချင်း လျှောက်လှမ်းနေသည့် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် အံ့ဩဖွယ်ရာ အောင်မြင်မှုများရရှိနေကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှုတို့၏ အစိကပေတံမှာ ရှေ့သို့ မည်မျှလှမ်းနိုင်သလဲဟူသောအချက်ဖြစ်ပြီး မြန်မာနိုင်ငံသည် စိုးရိမ်ဖွယ်ရာ အခင်းအကျင်းသို့ ရောက်ရှိသွားခဲ့သော်လည်း ယင်းထောင်ချောက်မှ လွတ်မြောက်ကာ ရှေ့သို့ခြေလှမ်းများတက်လှမ်းနေခဲ့သည်ကို တွေ့ရှိရကြောင်း၊ စိန်ခေါ်မှုများမှာလည်း မည်သို့မျှ ထင်မှတ်မထားခဲ့သော မျက်နှာစာများဖြစ်နေပြီး လက်ရှိအချိန်အထိ မြင်တွေ့ရသမျှ စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံးသော ဒီမိုကရေစီအသွင်ကူးပြောင်းမှုတစ်ရပ် ဖြစ်လာနေကြောင်း ကမ္ဘာနှင့်ချီ၍ ဩဇာကြီးမားသော ပုဂ္ဂိုလ်ကြီးတစ်ဦးက ဆိုသည်။

မှန်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲများ မတိုင်မီက မြန်မာနိုင်ငံယနေ့အနေအထားမျိုး ရောက်ရှိလာလိမ့်မည်ဟု ပြည်တွင်း-ပြည်ပမည်သူကမျှထင်မှတ်မထားခဲ့သလို မထင်မှတ်ဘဲ တွေ့ကြုံလာရသည့် စိန်ခေါ်မှုများကိုလည်း နိုင်ငံတော်သမ္မတကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌကြီးများ၊ နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ပညာရှင်များ၊ ကျော်ကြားထင်ရှားပုဂ္ဂိုလ်များက နိုင်ငံရေးယဉ်ကျေးမှုအသစ်ဖြင့် ပူးပေါင်းဖြေရှင်းခဲ့ကြသည်။ ဆိုရလျှင် လမ်းပေါ်မှာ ချော်ထွက်တော့မည်ဟူ၍ စိုးရိမ်တကြီး

စောင့်ကြည့်ကြရသည့် အချိန်ကာလမျိုးတွင် ရှန်းရင်း ကန်ရင်း ပြန်လည်ဘိန်းညှိရင်းဖြင့် လမ်းကြောင်းမှန်ပေါ်တွင် ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးလက်ထက် ဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းတော့မည်ဟု ထုတ်ပြန်ကြေညာခဲ့ချိန်တွင် အရပ်ရှစ်မျက်နှာသော မိတ်သဂ်ါဟများက သံသယမျက်လုံးများဖြင့် အထင်သေးအမြင်သေး ကြည့်ခဲ့ကြသည်။ သို့သော် အဆိုပါ သံသယမျက်လုံးများ အရောင်ပြောင်းလဲကာ အားလုံးမင်တက်သွားစေရန် မြန်မာဟူသော အဆင်းရဲဆုံးနိုင်ငံငယ်ကလေးက လုပ်ပြခဲ့သည်။

အာဆီယံဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းရယူခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားကုမ္ပဏီများ၌ အများဆုံး စုံစမ်းမေးမြန်းခြင်းခံရသော ခရီးသွားနေရာတစ်ခု ဖြစ်လာသည်နှင့်အညီ ခရီးသွားများတိုးမြင့်ဝင်ရောက်လာမှုကြောင့် ဟိုတယ်ခန်း မလုံလောက်သည့် အကျပ်အတည်းနှင့်ပင် ရင်ဆိုင်လာခဲ့ရသည်။ နှစ်ပေါင်းများစွာ အိမ်ရှင်အဖြစ်လက်ခံကျင်းပခြင်း မရှိခဲ့သော ဤနိုင်ငံတွင် ဆီးဂိမ်းပြိုင်ပွဲကြီးကို တခမ်းတနား ကျင်းပတော့မည်။ နိုင်ငံတော်သမ္မတကြီးလက်ထက် ပြုပြင်ပြောင်းလဲမှုများ၏ အကျိုးဆက်အားဖြင့် ဒဏ်ခတ်ပိတ်ဆို့မှုများ တစ်စီစြေလျှော့ပေးပြီးနောက် ရင်းနှီးမြှုပ်နှံသူများ ဝင်လာမစဲ တဖွဲဖွဲ အိမ်ဦးနှင့် ကြမ်းပြင်ဖြစ်လာခဲ့သည်။ တစ်အမျိုးသားလုံး ညီညွတ်ရေးအတွက် ဖက်ဒရယ်သဘောတည်ဖြင့် အခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်နေကြသည်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာတော့မည် စသည် စသည်အခင်းအကျင်းများဖြင့် မင်္ဂလာရှိသော မြန်မာနိုင်ငံသည် မကြာသေးခင်ကပင် ဗုံးပေါက်ကွဲမှု၊ ဗုံးလန့်မှုများဖြင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေနိုင်သော ဆောင်းလက်မည်းကြီးများ ပေါ်ပေါက်လာခဲ့ပြန်သည်။ သံသယမျိုး ပွဲတော်ကြီးတစ်ရပ်ကို ဖန်ဆင်းနေသလိုလို၊ မျက်နှာစုံညီ Blame Game ၏ လက်ညှိုးပေါင်းများစွာ သူပြန်ကိုယ်ပြန်ထိုးလာနေတော့မလိုလို အခြေအနေတစ်ရပ်ကိုလည်း မြင်တွေ့ရသည်။ ဤသည်တို့သည်ပင် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပုံရိပ်များ၏ အမြစ်ကို ချိုးနေကြခြင်းဖြစ်သည်။

## မြန်မာ့တန်ဖိုး သမိုင်း

ဒုတိယကမ္ဘာစစ် မြန်မာနိုင်ငံစစ်မြေပြင်တွင် စစ်ရှုံးနိမ့်၍ ဖရိုဖရဲ တပ်ဆုတ်ခွာခဲ့ကြရသည့် ဂျပန်စစ်သည်များကို ရန်ဘက်ပင် ဖြစ်လင့်ကစား အမုန်းမထားဘဲ ကယ်တင်စောင့်ရှောက်ခဲ့ကြကုန်သော မြန်မာနိုင်ငံသားများအကြောင်း ယနေ့အချိန်အထိ ရှေးမီဂျပန်လူမျိုးများက တဖွဖွ ပြန်ပြောင်းပြောကြဆဲ ဖြစ်သည်။ ယနေ့ခေတ် နိုင်ငံတကာနယ်ပယ်တွင် ရေ့တန်းရောက်ရှိလာခဲ့သော လူသားချင်းစာနာထောက်ထားမှုကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် မြန်မာနိုင်ငံသားတို့သည် စံနမူနာယူလောက်ဖွယ်ရာ လက်တွေ့ကျင့်သုံးဖော်ဆောင်ခဲ့ကြပြီး ဖြစ်သည်။ မြန်မာစိတ်ရင်း မြန်မာ့ရှုခင်းဟုဆိုအပ်သော မြန်မာနိုင်ငံသားတို့၏ စိတ်နေမြင့်မြတ်မှုသည် သမိုင်းနှင့်ချီ၍ တင်ကျန်ရစ်ခဲ့သော မြန်မာ့တန်ဖိုးတစ်ရပ်ဖြစ်ပေလိမ့်မည်။ နိုင်ငံတကာမှတ်တမ်းစာပေများ၊ ခရီးသွားစာပေများတွင်လည်း မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများသည် ရိုးသားခြင်း၊ လှိုက်လှဲပျူငှာခြင်း၊ ယဉ်ကျေးခြင်း၊ နှစ်လိုဖွယ်ရာရှိခြင်းနှင့် စည်းဝတ်ကျေပွန်ခြင်းစသည့် အမှတ်တံဆိပ်များဖြင့် အပြည့်ဖုံးလွှမ်းခဲ့ကြောင်း တွေ့ရှိရသည်။

***Ref-The End of The Transition Paradigm by Thomas Carothers***

❑

## အိုင်ဒီယိုလော်ဂျီသမိုင်း နိဂုံးချုပ်ချိန်နှင့် ဂုဏ်သိက္ခာမှစီးဆင်းလာသော ခွန်အားများ

### နိဒါန်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံတို့မှ ခေါင်းဆောင်များစုဝေးရာ လိုင်ဇာအစည်းအဝေးသို့ နိုင်ငံတော်သမ္မတကြီးက သဝဏ်လွှာပေးပို့ခဲ့သည်။ နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေးထိုးနိုင်ရန်၊ နိုင်ငံရေးဆွေးနွေးမှု မှုဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံရေးဒိုင်ယာလော့ဖြင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် အားရှိသော မျှော်လင့်ချက်ကို အထင်အရှားပြသခဲ့သည်။ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သော ပြည်တွင်းစစ်မီးလျှံတို့သည် နှစ်ပေါင်း ၆၀ ကျော် နိုင်ငံတည်ဆောက်ရေးကို ကြီးမားသည့် သက်ရောက်မှုများ ရှိခဲ့သည်။ တောင်ပံမဖြန့်နိုင်ရှာသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော ချိုးဖြူငှက်တို့သည်လည်း ငြိမ်းချမ်းရေးတေးကို မသီနိုင်ကြတော့ပါ။

### အိုင်ဒီယိုလော်ဂျီသမိုင်း နိဂုံးချုပ်သည့်ခေတ်

ငြိမ်းချမ်းရေးတည်ဆောက်ရေးသည် မလွယ်ကူလှပေ။ ခေတ်

အဆက်ဆက် နားလည်မှတ်သားခဲ့သော ငြိမ်းချမ်းရေးအတွေးအခေါ်တို့မှာ မဖြစ်မနေ အသွင်ကူးပြောင်းရန် လိုအပ်နေပြီ ဖြစ်သည်၊ တိုင်းပြည်ငြိမ်းချမ်းဖို့ အခြေခံဥပဒေကိုပင် ပြင်ဆင်ရေးအထိ လမ်းဖွင့်ထားပြီးဖြစ်သော မျက်မှောက်နိုင်ငံရေးအခင်းအကျင်းတွင် နိုင်ငံရေးအိုင်ဒီယိုလော်ဂျီတို့၏ တိုးတက်မှုများ မတွေ့မမြင်ကြရတော့ပေ။ ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာ ဦးသန့်လို ပုဂ္ဂိုလ်မျိုးထွန်းကားရာ မြန်မာမြေသည် ယနေ့တိုင် စစ်မီး မငြိမ်းနိုင်သေးသည်မှာလည်း အမှန်ပင် ရင်နာစရာကောင်းနေသည်။ လွတ်လပ်ရေးရရှိပြီးနောက် ဖြစ်ပေါ်ခဲ့ကြသော Ideology Clash များ၊ အကျိုးစီးပွားထိတိုက်တိုးမှုများသည် အမျိုးသားညီညွတ်ရေး ပြိုကွဲစေခဲ့သော အကြောင်းတရားများဟု ဆိုနိုင်ပေသည်။

နိုင်ငံတော်သမ္မတကြီးလက်ထက် အမျိုးသားညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် သိသာထင်ရှားသည့် ခြားနားမှုမှာ အုပ်ချုပ်သူဘက်က ချမှတ်သည့် အိုင်ဒီယာကို အခြေခံသော၊ မိမိ စိတ်ကူးစံ Ideal ကို ချမှတ်တည်ဆောက်သော ကြိုတင်သတ်မှတ်ထားသည့် စားပွဲဝိုင်းမျိုးမဟုတ်ဘဲ သဘောထားကွဲလွဲမှုများကို အသိအမှတ်ပြုသော လစ်ဘရယ်ပုံစံ ဖြစ်လာနေခြင်းပင်ဖြစ်သည်။ အဘိဓမ္မာကဲ့သို့ နက်ရှိုင်းကျယ်ပြန့်လှသည့် ဦးနောက်မှန်တိုင်းဆင်ရာ အိုင်ဒီယာများကိုပင် ညနေခင်း လက်ဖက်ရည်ကြမ်းဝိုင်းတွင် ငြင်းကြခုံကြ အချီအချ ဖြစ်တတ်ခဲ့သော မြန်မာနိုင်ငံသားတို့သည် အိုင်ဒီ ယိုလော်ဂျီအားသန်သည်ဟု ဆိုကများမည် မထင်။ သခင်စိုး၏ ရဲရဲနီသည့် ကွန်မြူနစ်၊ သခင်သန်းထွန်း၏ စစ်မှစစ်သည့် ကွန်မြူနစ်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလ မျှော်မှန်းခဲ့သည့် ဆိုရှယ်လစ်၊ ကိုကိုမောင်ကြီး၏ မြန်မာ့နည်းမြန်မာဟန် ဆိုရှယ်လစ် ဤသို့ဤနှယ် ပြင်းထန်သော အစွဲများသည်လည်း ယနေ့ခေတ် မြန်မာ့နိုင်ငံရေးတွင် နေလာနှင်းပျောက်ဖြစ်နေကြပြီ ဖြစ်သည်။ နိုင်ငံရေးပါရာဒိုင်းအပြောင်းအလဲတွင် နိုင်ငံရေးအတွေးအမြင်များကို အဓိကထားမှုများ နိဂုံးချုပ်သွားခဲ့ပြီ ဖြစ်သည်။ အိုင်ဒီယိုလော်ဂျီသမိုင်း နိဂုံးချုပ်ခဲ့ပြီ ဖြစ်သည့် မြန်မာ့နိုင်ငံရေးသည် ဤသို့သော ခေတ်သစ်စနစ်သစ်တွင်မှာ အမျိုးသားညီညွတ်ရေး မတည်ဆောက်နိုင်လျှင် မျက်မှောက်ခေတ်သမိုင်း

နိုင်ငံ၏ ကျူပေလိမ့်မည်။

## Clash of Ideal

နိုင်ငံတော်သမ္မတကြီးသည် ဒီမိုကရေစီ–ငြိမ်းချမ်းရေး–ဖွံ့ဖြိုးရေး ဟူသော နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ပန်းတိုင်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း လျှောက်လှမ်းသည့်လမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး တာဝန်ယူစအချိန်တွင် ဒီမိုကရေစီကို အရင်သွားသည့် ဝါရှင်တန်ပုံစံ၊ ဖွံ့ဖြိုးရေးကို အရင်သွားသည့် ဘေကျင်းပုံစံ၊ ကြိုက်ရာ ပုံစံရွေးဟူသော ဒီဘိတ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ နိုင်ငံတည်ဆောက်ရေးမေးခွန်း ဖြစ်နေခဲ့ချိန်လည်း ဖြစ်သည်။ သို့သော်လည်း နိုင်ငံတော်သမ္မတကြီးသည် မူလကတည်းက တည်ရှိခဲ့သော Clash of Ideal ကို ဒိုင်ယာလော့ဖြင့် ချေဖျက်ညှိနှိုင်းခဲ့ပြီး မတူတာခွဲလုပ်၊ တူတာတွဲလုပ်ဟူသော ယဉ်ကျေးမှုအသစ်ကို ဖော်ဆောင်ခဲ့ရသည်။ နိုင်ငံရေးပါတီမှတ်ပုံတင်ရာဥပဒေ၊ ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ပေးပြီးနောက် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ပါတီတို့ ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ခဲ့ပြီး ပင်မရေစီးကြောင်းဖြစ်သော လွှတ်တော်နိုင်ငံရေးသို့ ရောက်ရှိခဲ့ကြသည်။ ဤသည်မှာ Adjustment of Interest ကို ညှိယူသောနည်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရလဒ်မှာ အားလုံး သိသည့်အတိုင်းပင် ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေး မျက်နှာစာတွင်တော့ ထိုမျှမလွယ်ကူလှသည့် စိန်ခေါ်မှုများမှာလည်း မနည်းမနော ရှိနေပေသည်။

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးရေးဟူသော ပန်းတိုင်များ တူညီနေကြပြီ ဖြစ်သော်လည်း နည်းလမ်းများတွင် အရှင်းများနေမှုများမှာလည်း ဒီမိုကရေစီ၏ ဝိသေသဟု နားလည်ကြရန် လိုအပ်မည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးနှင့် ဒီမိုကရက်တိုင်ဇေးရှင်းသည် မည်သည့်ပုံစံနှင့်မျှ နှိုင်းတန်းသဘောထားယူ၍မရသောကြောင့် မြန်မာပုံစံ မြန်မာမော်ဒယ်လ်သည် ဒီမိုကရေစီသဘောတရားများအတွက် အသစ်တစ်ရပ်ရပ် ဖြစ်လာပေလိမ့်မည်။ တိုင်းရင်းသားများ၏ ခေတ်အဆက်ဆက် မျှော်လင့်ခဲ့သည့် အိပ်မက်များကို ဖော်ဆောင်ရန် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပြောကြား

ထားပြီးဖြစ်ရာ အိပ်မက်အတွက် စိတ်ကူးစံများ အကျေအလည် ညှိနှိုင်း နိုင်ရေးသာ အရေးကြီးမည် ဖြစ်သည်။ သယံဇာတကျိန်စာဟု နိုင်ငံတကာ ပညာရှင်လေ့လာသူများက တံဆိပ်ကပ်ကြသည့် မငြိမ်းချမ်းသေးသော နယ် မြေဒေသများမှာလည်း သဘာဝသယံဇာတအရင်းအမြစ်များ အုံနှင့်ကျင်း နှင့် ရှိနေကြသည်မှာ အမှန်ပင်ဖြစ်နေသည်။ သယံဇာတ မရှိသောကြောင့် ဖွံ့ဖြိုးရေးပန်းတိုက်သို့ အချိန်တိုတိုအတွင်း လှမ်းလျှောက်နိုင်ခဲ့ကြကုန် သော တောင်ကိုရီးယား၊ စင်ကာပူ၊ ဟောင်ကောင်၊ ဂျပန်တို့မှာ အာရှစော် ဒယ်လ်အသစ်ကိုပင် ဖန်ဆင်းနိုင်ခဲ့ကြသည်။ သယံဇာတကြွယ်ဝမှုတို့ ကြောင့် ပြည်တွင်းစစ်မီးသို့ သက်ဆင်းကြကုန်သော ကမ္ဘာတစ်ဝန်းမှ နိုင်ငံများတွင်လည်း လက်နက်ကိုင်နိုင်ငံရေး၊ စစ်ဘုရင်ဝါဒများအကြား ဝိတ်မိကာ ဆင်းရဲတွင်းနစ်ခဲ့ကြရသည့် ခေတ်ပြိုင်သင်ခန်းစာများ မှိုလို ပေါက်အောင် ရှိနေကြသည်။ ဒီမိုကရေစီနှင့် တရားမျှတမှုတို့ ထူထောင် တည်ဆောက်နေကြသော လက်ရှိကာလသည် သင်ခန်းစာများကို သင်ခန်း စာများဟူ၍ ပီပီပြင်ပြင် သိမြင်နားလည်လာကြရန် အရေးကြီးနေပြီ ဖြစ်သည်။

## ကမ္ဘာမကျေ သီချင်းဖြင့် နိဒါန်းပျိုးခြင်း

ကိုလိုနီလက်အောက်မှ ရုန်းထလွတ်မြောက်ပြီးစ မြန်မာနိုင်ငံသည် ခွင့်တူညီမှု ဝါဒဖြူစင်သည့်မြေဖြစ်ရန် ကြေးကြော်ခဲ့ကြသော်လည်း ဝါဒ ဖြူခြင်း၊ ဝါဒနီခြင်းတို့ဖြင့် Clash of Ideal ထောင်ချောက်သို့ ကျရောက် ခဲ့ရပေသည်။ အားပါလှသည်၊ မာန်ပါလှသည်၊ ဇာတိမာန်ထက်သန်စေ သည်ဟု မိမိတို့အားလုံးခံယူခဲ့ကြသော နိုင်ငံတော်သီချင်းပါ 'ကမ္ဘာမကျေ' ဟူသော နိဒါန်းသည်ပင်လျှင် ဥဒါန်းမကျေစေသော ပြည်တွင်းစစ်ကို ဖန်တီးလေခဲ့ရော့သလား စဉ်းစားစရာ ဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ အိမ်နီးချင်းနိုင်ငံများကိုပဲ ကြည့်ကြည့်၊ ဒေသတွင်းနိုင်ငံများကိုပဲ ချော်ချော် အောက်တန်းနောက်တန်းကျနေသော အခြေအနေအရပ်ရပ်ကို အမှန် အတိုင်း သိမြင်ကြရန်လိုအပ်သည်။ မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းရေး တေးသံများ ဖုံးလွှမ်းနေပြီဟု မြင်ယောင်ကြည့်လျှင် စစ်မီးလျှံတို့ ဝင်းဝင်း

ပေါက်နေသော နယ်စပ်ဒေသများ အစောဆုံးနိုးထလာသည့် စီးပွားရေးဇုန်ကြီးများ ဖြစ်လာပေလိမ့်မည်။

စိတ်ကူးစံအမျိုးမျိုးရှိကြကုန်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တိုင်းရင်းသားခေါင်းဆောင်များအနေဖြင့်လည်း Reality Analysis နှင့် **Future Analysis** ကို ကောင်းစွာ အသုံးချ၍ သန်း ၆၀ အနိုင်ရရှိရေးကို ရှေ့ရှုကြရန် မျှော်လင့်မိသည်။ ပွင့်လင်းလာသော ယနေ့ခေတ်တွင် သမိုင်း၏လိုအပ်ချက်၊ သမိုင်း၏လမ်းညွှန်မှုသည်တို့ မရှိသင့်တော့ပါ။ အမျိုးသားညီညွတ်ရေးကို မတည်ဆောက်နိုင်သရွေ့ နေ့လား ညလားမသိ ရေရေရာရာ မရှိနိုင်သော သန်း ၆၀ ၏အိမ်မိုမ့်ဘဝများ ကျွတ်တမ်းဝင်ကြဦးမည်မဟုတ်ပါ။ အမျိုးသားညီညွတ်ရေးအတွက် လက်ရှိရောက်ရှိနေကြသော ဆုံမှတ်ဖြစ်သည့် အခြေခံဥပဒေပြင်ဆင်ရေးသည် သမိုင်းအဆက်ဆက်မကြုံဖူးသော အခွင့်အလမ်းကြီးတစ်ရပ်ဖြစ်သည်ကို သတိပြုကြစေလိုသည်။ ဖက်ဒရယ်ကို ခေါင်းခါခြင်းများ၊ ဒီမိုကရေစီအသံ နားပိတ်ထားခြင်းများ လားလားမျှမရှိတော့သည့် ယခုရောက်ရှိနေသော နိုင်ငံရေးမြေညီကွင်းသည် ငြိမ်းချမ်းရေးအတွက် တံခါးခေါက်သံများပင် ဖြစ်နေသည်။

## ဂုဏ်သိက္ခာမှ စီးဆင်းလာသော ခွန်အားများ

နိုင်ငံတော်သမ္မတကြီးသည် နိုင်ငံရေးပွတ်တိုက်မှုများသည် ဒီမိုကရေစီ၏ သဘောသဘာဝဟုခံယူထားပြီး ပွတ်တိုက်မှုများကို ငြိမ်းချမ်းသော ဒိုင်ယာလော့ဖြင့် ဖြေရှင်းသွားသင့်သည်ဟု ယူဆထားသူ ဖြစ်သည်။ ၂၀၁၁ နှစ်ဆန်းပိုင်းတွင် အသစ်ဖြစ်ထွန်းခဲ့သော မတူတာခွဲလုပ်–တူတာတွဲလုပ်သည့် နိုင်ငံရေးယဉ်ကျေးမှုသည် ၂၀၁၃ နှစ်ကုန်ပိုင်းသို့ ရောက်ရှိချိန်တွင် ခွဲလုပ်နေကြသောမတူသည်များကို ငြိမ်းချမ်းသော ဒိုင်ယာလော့ဖြင့် ဖြေရှင်းအဖြေရှာသော နိုင်ငံရေးယဉ်ကျေးမှုအသစ်သို့ ဆက်လက်ဆွဲတင်နေကြသည်မှာလည်း အမျိုးသားညီညွတ်ရေးအတွက် မျှော်လင့်ရာများစွာကောင်းနေပေသည်။

အမျိုးသားညီညွတ်ရေး မရှိသမျှ ကာလပတ်လုံး ဟိုလူ့ဆောက်ကျို

ရ ဒီလူ့အောက်ကျိုးရ ဖြစ်နေဦးမည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ စကားသည် ယနေ့အချိန်အထိ မှန်ကန်နေဆဲ ဖြစ်နေသည်မှာလည်း လွတ်လပ်ရေးမရခင်ကတည်းက တည်ရှိခဲ့ကြကုန်သော 'ကွဲရာစဝင်' နှင့် 'ချသမိုင်း' များကို ယနေ့ ခေတ်တိုက် ဆက်လက်သယ်ဆောင်နေကြသောကြောင့်သာ ဖြစ်ပေလိမ့်မည်။ ကြွေးကြော်သံများ ကြွေးကြော်ခဲ့ကြသော ဂိုဏ်းယနိုင်ငံရေးနှင့် အကွဲအပြဲအစဉ်အလာများကို ဆင်ခြင်ဉာဏ်ဖြင့် ပယ်ရှားနိုင်ကာမှ တန်ကာကျပါမည်။

ဆိုဗီယက်အုပ်စုနှင့် အမေရိကန်အုပ်စုတို့ ကမ္ဘာ့မြေပုံများကိုင်၍ အားပြိုင်ခဲ့ကြသော စစ်အေးတိုက်ပွဲ စာတ်ရှိန်အမြင့်မားဆုံးအချိန်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ် ရွေးချယ်ခံခဲ့ရသော ပန်းတနော်သား မြန်မာသံအမတ်ကြီး ဦးသန့်အား သီဟိုဠ်သံအမတ်ကြီးက ဤသို့ ညွှန်းဆိုခဲ့သည်။ 'အတ္တတံခွန်ထူခြင်း၊ ရန်လိုခြင်းနှင့် လက်သီးလက်မောင်းတန်းလျက် အာဘောင်အာရင်းသန်ခြင်းတို့ကို ခွန်အားဟုယူဆကြသော ဤခေတ်ကြီးတွင် ဦးသန့်၌ရှိသော ခွန်အားမှာ တစ်သီးတစ်သန့် ခြားနားနေ၏။ ဦးသန့်၏ခွန်အားမှာ တည်ငြိမ်သောဂုဏ်သိက္ခာမှ စီးဆင်းလာသော ခွန်အား ဖြစ်သည်။' ကမ္ဘာစစ်ကြီး ဖြစ်ပွားနိုင်သောမီးတောက်များကို မြန်မာနိုင်ငံသား ဦးသန့်သည် တည်ငြိမ်သော ဂုဏ်သိက္ခာမှ စီးဆင်းလာသော ခွန်အားတို့ဖြင့် ဖြေရှင်းအောင်နိုင်ခဲ့သည်။

ဦးသန့်ကို မွေးဖွားခဲ့သော မငြိမ်းချမ်းသေးသည့် မြန်မာ့မြေတွင် အမျိုးသားညီညွတ်ရေးနှင့် အမျိုးသားတည်ဆောက်ရေးအတွက် လတ်တလော လိုအပ်နေသည်မှာ စစ်ကိုနှံ့မင်သော၊ စစ်ဘုရင်အလံတော်များမဟုတ်ရဘဲ တည်ငြိမ်သောဂုဏ်သိက္ခာမှ စီးဆင်းလာသော ခွန်အားများသာ ဖြစ်ပေလိမ့်မည်။ လက်ရှိနိုင်ငံရေးခေါင်းဆောင်များ အားလုံးအနေဖြင့် သန်း ၆၀ အနိုင်ရရှိရေးအတွက် တည်ငြိမ်သော ဂုဏ်သိက္ခာမှ စီးဆင်းလာသော ခွန်အားများပေးသနားရန်သာ မျှော်လင့်မိပေသည်။

***Source : The Voice Weekly, Vol.9/No.43***

❑

## ကနေဒီ၊ ဦးသန့်၊ ကျူးဘားဒုံးပျံအကျပ်အတည်းနှင့် သန်း ၆၀ ကို မျက်နှာမူသော ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းမှု

### ငြိမ်းချမ်းရေးမှတ်တိုင် ကျူးဘားဒုံးပျံအကျပ်အတည်း

မကြာသေးခင်က ကိုလံဘီယာတက္ကသိုလ်မှ ဘောဂဗေဒပါမောက္ခ ဝ်သူ ဂျက်ဖရီ–ဒီ–ဆာ့ချ်ရေးသားခဲ့သော ငြိမ်းချမ်းရေး ဆောင်ကြဉ်းရာ အခွန့်ရှည်တည်တံ့ခဲ့သော ဂျွန်အက်ဖ်ကနေဒီ၏ အမွေအနှစ် အမည်ရ မ်းချမ်းရေးအိုင်ဒီယာတစ်ရပ်သည် ဆင်ခြင်သုံးသပ်ဖွယ်ရာ သဘော ရားများ ဖြစ်နေသည်။

ယဉ်ကျေးမှုတန်ဖိုးများ၊ အကျိုးစီးပွားများ ထိပ်တိုက်တိုးတိုက်မိ သောကြောင့် အမုန်းတရားများ၊ ပဋိပက္ခများမှာ ရှောင်လွှဲ၍ မရနိုင်ကုန် ၍ လူအတော်များများက တွေးထင်ယူဆထားကြသည်။ အကျပ်တည်း ဆုံးသော၊ အခက်ခဲဆုံးသော အခြေအနေဆိုးမှာပင် ငြိမ်းချမ်းရေးကို ဆောင် ကြဉ်းဖော်ဆောင်နိုင်သည့် အကြောင်းကို လွန်ခဲ့သော နှစ်ပေါင်းငါးဆယ် က အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီကိုယ်တိုင် အထင်အရှား ပြသခဲ့ သည်။ စစ်ပွဲလမ်းဆုံးသို့ လျှောက်ရာလမ်းထက် ငြိမ်းချမ်းရေးသို့ ချီရာ လမ်းက ပိုမိုကောင်းမွန်ကြောင်း ကနေဒီ၏ အမြော်အမြင်၊ အဟောအပြော၊ နိုင်ငံရေးကျွမ်းကျင်မှု စသည်တို့က အခိုင်အမာ သက်သေပြနေပေသည်။

သမိုင်းဖြစ်စဉ်များကို ပြန်ကြည့်လျှင် သမ္မတကနေဒီသည် စစ်အေး တိုက်ပွဲ အရှိန်အမြင့်ဆုံး အထွတ်အထိပ်ကာလ၌ နျူကလီးယား ဆူပါပါဝါ ကြီးနှစ်ခုဖြစ်သော အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ကို ငြိမ်း ချမ်းရေးသို့ရောက်ရှိအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ လုံးဝမဖြစ်နိုင် တော့ဟု အများက တွေးထင်ယူဆထားခဲ့ကြသော ၁၉၆၂ ခုနှစ် ကျူးဘားဒုံးပျံအကျပ်အတည်းတွင် ကနေဒီ၏ဖြေရှင်းဆောင်ရွက်ချက် စံနမူနာ သည် ယနေ့ခေတ်သစ်ကမ္ဘာငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက်လည်း အကိုးအကားပြုစရာ ဖြစ်နေသေးကြောင်း ဂျက်ဖရီဒီဆာ့ချ်က ဆိုသည်။

၁၉၆၂ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော ကျူးဘားဒုံးပျံ အကျပ်အတည်းသည် ကမ္ဘာကြီးတစ်ခုလုံးကို အကြောက်တရားများ၊ အဆိုးမြင်သဘောထားများ လွှမ်းမိုးစေခဲ့ပြီး အမေရိကန်နှင့် ဆိုဗီယက် တို့သည် ပြန်လည်ပေါင်းထုပ်နိုင်ခြင်း မရှိနိုင်တော့သည့် အစွန်းတစ်ဖက် ဆီသို့ ရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း ကျွမ်းကျင်သူများက တထစ်ချ ယုံကြည်ထားခဲ့ကြသည်။ ယင်းကာလများတွင် ဆူပါပါဝါကြီး ၂ခု အကြား ငြိမ်းချမ်းရေး အကျိုးဆောင်အဖြစ် နယူးယောက်နှင့် ဟားဗားနားသို့ သွားရောက်ကာ ကြားဝင်ညှိနှိုင်းပေးခဲ့သော မြန်မာနိုင်ငံသား အထွေထွေ အတွင်းရေးမှူးချုပ်သည်လည်း သမိုင်းဝင်စေ့စပ်ညှိနှိုင်းမှုများ၏ သမိုင်း မှတ်တိုင်တစ်ရပ်ကို စိုက်ထူနိုင်ခဲ့သလို ဒို့မဟာ့ဂိုင်ကမ္ဘာ့အစီအစဉ်၌ ကုလ သမဂ္ဂသည် ငြိမ်းချမ်းရွာ အငြင်းပွားမှုစင်မြင့်အဖြစ်သို့ ရောက်ရှိစေခဲ့ သည်။ ဤကြီးပမ်းချက်နှင့်စပ်လျဉ်း၍ ဦးသန့်က ပြဿနာတိုင်းတွင် လတ်တလောဖြေရှင်းရန်နှင့် ရေရှည်ဖြေရှင်းရန်ဟူ၍ မျက်နှာစာ နှစ်ဖက် ရှိသည်၊ ကုလသမဂ္ဂ၏တာဝန်မှာ လတ်တလောဖြေရှင်းရန်ရှိသည့် မျက်နှာစာဖြစ်သည်၊ လတ်တလောအကျပ်အတည်းကို ပါဝင် ပတ်သက် သူ ၃ ဖွဲ့ရှိသည့်အနက် ၂ ဖွဲ့လက်ခံသော သဘောတူညီချက်အရ ပြေလည် အောင် ဖြေရှင်းရမည်ဖြစ်သည် ဟူ၍ မှတ်တမ်းတင်ခဲ့သည်။

## စစ်ပွဲကို လွှဲရှောင်ရေး

ယင်းခေတ်ကာလ ကျွမ်းကျင်သူများက ဆူပါပါဝါနှစ်ဖက်စလုံးက

မြောက်ကိုရီးယားတိုက်ခိုက်မှု စတင်မည်မဟုတ်၊ မြောက်ကိုရီးယား အင်အားချိန်ခွင်လျှာ ညီမျှရေးကိုသာ ဦးတည်ကြမည်ဟု ခန့်မှန်းခဲ့ကြသော်လည်း သက်တွေ့ ကြုံတွေ့ခဲ့ရသူ သမ္မတကနေဒီမှာ ယင်းတို့ ခန့်မှန်းချက်ထက် သာလွန်သော ဘေးအန္တရာယ်ကြီး ဖြစ်ပေါ်လာနိုင်ကြောင်း လက်ခံယုံကြည်ထားခဲ့သည်။ ယင်းသို့သော နှစ်ဦးနှစ်ဖက် ထိပ်တိုက်ရင်ဆိုင်မိနေသော အကျပ်အတည်းကာလတွင် မတော်တဆမှုများ၊ ကောက်ချက်အမှားများ၊ သဘောထားတင်းမာသူတို့၏ ရန်လိုမှုများ၊ နည်းဗျူဟာ အမှားများသည်တို့ကြောင့် စစ်ပွဲအတွင်းသို့ ချက်ချင်း သက်ဆင်းကျရောက်သွားနိုင်သည်။ ကျူးဘားဒုံးပျံအကျပ်အတည်းတွင် အမေရိကန်နှင့် ဆိုဗီယက်တို့ မြောက်ကိုရီးယားစစ်ပွဲသို့ကူးပြောင်းရောက်ရှိသွားနိုင်မှုသည် နှစ်ဖက်ခေါင်းဆောင်၏ ဆန္ဒသဘောထားကြောင့်မဟုတ်ဘဲ ကောက်ချက်အမှားဆက်တိုက်ပြုမှုမိခြင်း၊ သဘောထားတင်းမာသူတို့၏ ဖိအားပေးမှုများ ဆက်တိုက် ကြုံတွေ့လာရခြင်း စသည်တို့ကြောင့် ဖြစ်နိုင်သည်။

ဤသို့သော အခြေအနေတွင် နှစ်ဖက်အကြား ပေါက်ကွဲမှုကြီးအတွက် မီးစဖြစ်နိုင်သောအခြေအနေများကို ရှောင်လွှဲနိုင်ရန် ညီကနေဒီနှင့် အိမ်ဖြူတော်ရုံးအဖွဲ့တို့က Chain of Command ကို ကျော်လွှန်၍ ကင်းထောက်လေယာဉ်မှူးများဆီအထိ တိုက်ရိုက်ဆက်သွယ်ကာ ကြိုးပမ်းခဲ့ကြရသည်။ ကျူးဘားမြေပြင်တပ်ဖွဲ့များက အမေရိကန်ကင်းထောက်လေယာဉ်ကို လေယာဉ်ပစ်စက်သေနတ်များနှင့် ပစ်ခတ်၍ လေယာဉ်တောင်ပံ ဆန့်ဝါပေါက်ဖြစ်ခဲ့ရသည်ကို လေယာဉ်မှူးက စာကလေးငှက်အုပ်နှင့် တိုးမိသည်ဟူ၍ ဖြေကြားခဲ့သည်။ ဤသည်မှာ သမ္မတရုံးက လေယာဉ်မှူးသို့ တိုက်ရိုက်ဆက်သွယ်ကာ 'မင်း အပစ်ခံရလို့မရဘူး။ မင်း တစ်ချက်အပစ်ခံရတာနဲ့ စစ်ဖြစ်ပြီ။ ဒါကြောင့် ဘာပဲဖြစ်ဖြစ် မင်း အပစ်မခံဘူး ဆိုတာ မှတ်ထားပါ' ဟူ၍ ကြိုတင်မှာကြားထားခဲ့ခြင်းကြောင့် ဖြစ်သည်။ နှစ်ဖက် တင်းမာနေသော ထိပ်တိုက်ရင်ဆိုင်နေရသည့် အချိန်မရွေး စစ်ဖြစ်နိုင်သည့် အကျပ်အတည်းကို မည်သို့ စီမံခန့်ခွဲရသည်ကို ထင်သာမြင်သာစေသည့် ဖြစ်စဉ်ဖြစ်ရပ်များလည်း ဖြစ်သည်။

## ငြိမ်းချမ်းရေးအတွက် ထာဝရသာ့ဗာတရား

၁၉၆၃ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် သမ္မတကာနေဒီ ပြောကြားခဲ့သော သမိုင်းဝင်ငြိမ်းချမ်းရေးမိန့်ခွန်းမှာ ထူးခြားလေးနက်လှသည်။ ယင်းကာလတွင် အမေရိကန်ဘက်က တောင်းဆိုချက်တသီတတန်းကြီး ပါရှိလာမည်ဟု ကမ္ဘာတစ်ဝှမ်းလုံးက မျှော်လင့်ထားခဲ့ကြသော်လည်း ကနေဒီ၏ မိန့်ခွန်းတွင် စိတ်ဝင်စားဖွယ်ရာ၊ အံ့အားသင့်ဖွယ်ရာ တိုက်တွန်းချက်များ ပါဝင်လာခဲ့သည်။ ဆိုဗီယက်ဘက်ကို တောင်းဆိုမှုများ၊ ရာဇသံပေးခြင်းများ မပါဝင်ဘဲ အမေရိကန်များအနေဖြင့် စစ်ပွဲနှင့် ငြိမ်းချမ်းရေးအပေါ်ထားရှိသော ရပ်တည်ချက်တို့ကို ပြန်လည်စဉ်းစား သုံးသပ်ရန်ပြောကြားခဲ့ပြီး ဆိုဗီယက်ပြည်ထောင်စုနှင့် ငြိမ်းချမ်းရေး ပြုလုပ်နိုင်မည့် လမ်းကြောင်းတစ်ခုရှိသည်ဟု ယုံကြည်ထားကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ပထမဆုံး ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ သဘောထားကို ကျွန်တော်တို့ ပြန်ပြီး ဆန်းစစ်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ထဲက အတော်များများက ဒါဟာ မဖြစ်နိုင်ဘူးလို့ ထင်နေကြပါတယ်။ အတော်များများက ဒါဟာ လက်တွေ့မကျဘူးလို့ ထင်နေကြပါတယ်။ ဒါပေမဲ့လည်း ဒီလိုတွေးထင်ယူဆနေတာဟာ အန္တရာယ်ကြီးလှတဲ့ လက်မြှောက်အရှုံးပေးမှုတစ်ရပ်ပဲဖြစ်ပါတယ်။ ဒီအတွေးအခေါ်တွေက လူသားတွေ သေကျေပျက်စီးစေမယ့် စစ်ပွဲကြီးကို ရှောင်လွှဲလို့မရတော့ဘူး၊ စစ်ဖြစ်မယ့်အခြေအနေကို ထိန်းလို့မရနိုင်တော့ဘူးဆိုတဲ့ယုံကြည်မှုကို ဖြစ်ပေါ်လာစေပါတယ်။ ဒီသဘောထား ရှုမြင်ချက်ကို ကျွန်တော်တို့ အလွယ်တကူ လက်မခံမိဖို့၊ လက်မခံကြဖို့ လိုပါတယ်။ ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ပြဿနာတွေဟာ လူသားတွေ ပြုလုပ်ထားတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီပြဿနာတွေကို ကျွန်တော်တို့ လူသားတွေကပဲ ဖြေရှင်းနိုင်ရပါလိမ့်မယ်"

"ကျွန်တော်တို့ဟာ တစ်ဖက်က လက်နက်တွေကို တန်ပြန်ချေမှုန်းနိုင်မယ့်လက်နက်အသစ်တွေဖြစ်ထွန်းစေပြီး တစ်ဖက်နဲ့တစ်ဖက် သံသယတွေ ကြီးမားသည်ထက်ကြီးမားလာစေတဲ့ အဆိုးမြင် အန္တရာယ်စက်ဝန်း

ထဲမှာ ပိတ်မိနေခဲ့ကြပါတယ်"

"နိုင်ငံတွေကြားက ရန်ငြိုးတွေ၊ လူမှုပဋိပက္ခတွေကြားက အာဃာတ တွေ၊ ဒါတွေဟာ ထာဝရ တည်တံ့မနေဘူးဆိုတာလည်း သမိုင်းက ကျွန် တော်တို့ကို ပြသနေပါတယ်။ ကျွန်တော်တို့ ကြိုက်နှစ်သက်တယ်လို့ ညဆထားပေမယ့်လည်း နောင်တစ်ချိန်မှာ ကြိုက်နှစ်သက်စရာ မကောင်း ဘူးလို့ ထင်လာတာတွေလည်း ရှိပါတယ်။ အချိန်ကာလဆိုတဲ့ ဒီရေရဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကြောင့် နိုင်ငံတွေအချင်းချင်းအကြား၊ အိမ်နီးချင်းနိုင်ငံ တွေနဲ့ ဆက်ဆံရေးတွေမှာ အံ့အားသင့်ဖွယ်ရာအပြောင်းအလဲတွေ မကြာ ခဏဆိုသလို ဖြစ်ပေါ်လာတတ်ပါတယ်"

သမ္မတကနေဒီသည် မှန်ကန်လှသော လောကသစ္စာတရားကို ဘုတ်ဖော်ခဲ့သူဖြစ်ပြီး ယင်းသင်ခန်းစာကို မျက်မှောက်ခေတ်တွင်လည်း ထိထိရောက်ရောက် အသုံးချနိုင်မည်ဖြစ်ကြောင်း ဆော့ချ်က ဆိုသည်။ ယနေ့အမေရိကန်သည် အီရန်၊ မြောက်ကိုရီးယား၊ ကျူးဘား၊ အရှေ့ အလယ်ပိုင်း စသည်တို့တွင် စကန့်မဲ့မှုများနှင့် ယုံကြည်မှုကင်းမဲ့ခြင်းများ ကြုံတွေ့နေရသလို အမေရိကန်မပါဝင်သော ကမ္ဘာတစ်ဝန်းရှိ မရေမတွက် နိုင်သော ပဋိပက္ခများသည်လည်း အလားတူဖြစ်ကြောင်း ဆော့ချ်က ဆို သည်။

အထက်ပါ ပဋိပက္ခများအားလုံးကိုကြည့်လျှင် အကျိုးစီးပွားနှင့် ယဉ်ကျေးမှုတန်ဖိုးများ ထိပ်တိုက်တိုးမိခြင်းကြောင့် ရန်လိုမှုနှင့် အမုန်း တရားများ ရှောင်လွှဲမရတော့ဟု အတော်များများက ထင်မြင်ယူဆထား ကြကြောင်း၊ အမေရိကန်သမ္မတအိုဘားမားအနေဖြင့် အီရန်၊ မြောက်ကိုရီး ယား၊ ကျူးဘားနိုင်ငံများနှင့် ဆက်ဆံရာတွင် နောက်ထပ်ခြေလှမ်းများ တက်လှမ်းသင့်ကြောင်း၊ ထိုသို့ ခြေလှမ်းသစ်များ တက်လှမ်းရာတွင် သမ္မတကနေဒီ ထားရစ်ခဲ့သော ငြိမ်းချမ်းရေးအမွေကို အသုံးချဆောင်ရွက် သင့်ကြောင်း ဆော့ချ်က တိုက်တွန်းပြောကြားထားသည်။

## မြန်မာပြည်တွင်ငြိမ်းချမ်းရေးနှင့် ကျူးဘားအရေး မျှဉ်ပြိုင်

ကနေဒီ၏ ကျူးဘားဒုံးပျံအကျပ်အတည်းမှ ပေးထားရစ်သော ငြိမ်း

ချမ်းရေးသင်ခန်းစာကို ဂျက်ဖရီဒီဆာ့ရှ်ပြောသလို ကျန်ကမ္ဘာတစ်ဝန်း ပဋိပက္ခများနှင့် မျှဉ်းပြိုင်ဆွဲကြည့်နိုင်သလို မြန်မာနိုင်ငံ၏ ပြည်တွင်း ငြိမ်းချမ်းရေးခရီးကြမ်းနှင့်လည်း တိုက်ဆိုင်စစ်ဆေးကြည့်နိုင်သည်။ ကနေဒီနှင့် အိမ်ဖြူတော်ရုံးအဖွဲ့သည် ကွန်ဆာဗေးတစ်များ၏ ဖိအားပေး မှုကို ကြံ့ကြံ့ခံကာ စစ်ပွဲကို ရှောင်လွှဲခဲ့ကြရသလို ခရုးရှက်ဗ်၏ သဘော ထားအစစ်အမှန်ကို သိရှိနိုင်ရန်လည်း သံတမန်လမ်းကြောင်း၊ ထောက် လှမ်းရေးလမ်းကြောင်း မဟုတ်တော့ အရပ်သားဆက်သွယ်ရေးလမ်း ကြောင်းအသစ်ကို အသုံးပြုခဲ့ကြရသည်။ ငြိမ်းချမ်းရေးဒိုင်ယာလော့ တစ်ရပ်ကာမ်းလှမ်းနိုင်ရန်အတွက် ခရုးရှက်ဗ်ဘက်မှ ထွက်လာသော စကား လုံးများကို ပိုင်းခြားလေ့လာ သုံးသပ်ခဲ့ရသလို ၎င်းတို့ဘက်မှ နိုင်မာသော လိုက်လျောမှုကိုလည်း အဆိုပါချယ်နယ်မှ ပေးပို့ခဲ့ကြရသည်။ နောက်ဆုံး ခရုးရှက်ဗ်၏ ပေးစာ ၂ စောင်ကို ခွဲခြမ်းစိတ်ဖြာကာ မည်သည်က ခရုး ရှက်ဗ်၏ သဘောထားအစစ်အမှန်လဲ ဟူသည်ကို ခွဲခြားခဲ့ရသည်အထိ ဖြစ်သည်။

ယခုအခါတွင် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြသော နိုင်ငံ တော်သမ္မတကြီး၊ သူရဦးရွှေမန်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်း သားခေါင်းဆောင်များအပါဝင် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူ့အဖွဲ့ အစည်းနှင့် မီဒီယာများ၊ ပြည်သူများအားလုံးသည် ငြိမ်းချမ်းရေးသည် လတ်တလော လိုအပ်ချက်၊ ယင်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် ရေရှည်လိုအပ်ချက်အဖြစ် တညီတညွတ်တည်း သဘောညီနေကြပြီ ဖြစ် သည်။ မဟာဗျူဟာသဘောဖြစ်သော ရည်မှန်းချက်မူဘောင်များ ထပ်တူ ညီနေပြီဖြစ်ရာ နည်းဗျူဟာ သဘောဆောင်သော လုပ်ငန်းစဉ်များ၊ နည်း လမ်းများကြောင့် အဓိကအရေးကြီးသော မဟာဗျူဟာတူညီချက် ပျောက် ပျက်မသွားရန် အရေးကြီးနေပြီ ဖြစ်သည်။ လူသားများ အစပြု ဖန်တီးခဲ့ သော ပဋိပက္ခနှင့် ပြဿနာများကို ယနေ့မြန်မာနိုင်ငံ၏ Stakeholder အားလုံးပါဝင်သော လူသားများကပင် ပြန်လည်ဖြေရှင်း ငြိမ်းချမ်း စေသင့် ပြီဖြစ်သည်။ အလားတူ အကဲဆတ်လှသော ငြိမ်းချမ်းရေးအဆင့်တိုင်း တွင် ကွန်ဆာဗေးတစ်ယိမ်းသော အတွေးအခေါ်များ သတိပြုဆင်ခြင်

…ပြီဖြစ်သလို ငြိမ်းချမ်းရေးကို အလွယ်တကူ ကျော်မနိုင်းရန်လည်း …အရေးကြီးလှပေသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရေးသည် သန်း ၆၀ …ဘက် အရေးတကြီးလိုအပ်နေသော နိုင်ငံတည်ဆောက်ရေးပင် ဖြစ်ရာ …းလုံးပါဝင်သော ငြိမ်းချမ်းရေးသို့ ဆိုရာလမ်း၌ သမ္မတကနေဒီ ပြော…ခဲ့သလို ငြိမ်းချမ်းရေးအပေါ်ထားရှိသော သဘောထားအမြင်များ၌ …ဉ်နိုင်' ဟူသော အယူအဆများ ဖယ်ရှားရပါမည့် အကြောင်း၊ Con-…ဿ ဟူသော မူဘောင်အငြင်းပွားမှု၌ အခြေခံဥပဒေပြင်ဆင်ရေးအထိ …းလုံးပါဝင်သော ဘုံသဘောတူညီချက် ရရှိထားပြီးဖြစ်ရာ Process …သော နည်းလမ်းဆိုင်ရာအငြင်းပွားမှုများကို သန်း ၆၀ ကို ဗျက်နှာမူ…သော စေ့စပ်ညှိနှိုင်းမှုဖြင့်သာ အဖြေရှာကြပါမည့်အကြောင်း ရေးသား…ပြလိုက်ရပေသည်။

***Ref - JFK's Enduring Legacy in Peacemaking by Jeffrey D. Sachs***

❑

## ပြင်ဆင်ရန် အခက်ခဲဆုံး အခြေခံဥပဒေ
## ထိပ်တန်းဦးစားပေး ပြင်ဆင်ချက်နှင့် ဒီမိုကရေစီနိုင်ငံရေး

### နိဒါန်း

၂၀၁၀ ရွေးကောက်ပွဲများ မတိုင်မီက ပြင်းထန်ခဲ့သော အငြင်းအခုံများတွင် Space မည်မျှကျယ်မည်နည်းဖြစ်ကြောင်း ပြန်ပြောင်းသတိရမိလျှင် လက်ရှိရှု့ထွင်ရရှိနေသော လှုပ်ရှားခွင့် အကျယ်အပြန့်ကို ကြည့်မြင်နိုင်ပေလိမ့်မည်။ ထိုစဉ်က ဒီဘိတ်များ၏ထိပ်စည်းပိုင်းတွင် အစဉ်တည်ရှိခဲ့သော ခေါင်းစဉ်မှာ အခြေခံဥပဒေဟူသော Rule of the Game ပင် ဖြစ်သည်။

အခြေခံဥပဒေသည် အခြေခံအကျဆုံးသော အင်စတီကျူးရှင်းဖြစ်ရာ ယူနီဗာဆယ်ပေတံများဖြင့် တိုင်းတာခြင်း၊ ဆန်းစစ်ခြင်း၊ ကန့်ကွက်ခြင်း စသည်အားဖြင့် ရပ်တည်ချက်အမျိုးမျိုး ရှိခဲ့ကြသော်လည်း လက်ရှိ မြန်မာ့နိုင်ငံရေး တိမ်းညွှတ်မှု၏ ဗဟိုချက်တွင် 'အခြေခံဥပဒေ ပြင်ဆင်ရန် လိုအပ်သည်' ဟူသော Common Position ကို ရောက်ရှိနေကြပြီ ဖြစ်သည်။ ဆိုရလျှင် အခြေခံဥပဒေဖြင့် ရယူခဲ့သော Political Space သည် Rule of the Game ပြင်ဆင်သည့်အဆင့်ထိ ရောက်ရှိလာပြီဖြစ်ရာ အကျ

နှင့် အဓိုင် (ဒီမိုကရေစီအသွင်ကူးပြောင်းရေး အဆင့်နှင့် ဒီမိုကရေစီခိုင်မာရေးအဆင့်)ကြားကာလဟုပင် ဆိုကောင်း ဆိုနိုင်သည့် အနေအထား ဖြစ်နေသည်။

## အသုံးချ အခြေခံဥပဒေ

အခြေခံဥပဒေ ပြင်ဆင်ခြင်း မပြုမီ အခြေခံဥပဒေက ခွင့်ပြုပေးထားသော အခွင့်အလမ်းများ ကုန်စင်လုနီးပါး အသုံးချနေကြပြီလားဟူသော အခြေအနေမှာ မဏ္ဍိုင်ကြီးသုံးရပ်သာမက ဒီမိုကရေစီ၏ ယန္တရားများဖြစ်သော အခြားသော အင်စတီကျူးရှင်းများ၏ ရှေ့သို့ ခြေလှမ်းများ တိုး၍ လျှောက်လှမ်းလာမှုအပေါ် အဓိကမူတည်နေသည်။ ဤနေရာတွင် ဖြစ်ပေါ်လာသော Space ကို အကျိုးရှိရှိချဲ့ထွင်နိုင်သည်မှာ ရယူသူများဘက်က ဆောင်ရွက်နိုင်စွမ်းက အဓိကကျကြောင်း လက်ရှိ စာနယ်ဇင်းလောက တိုးတက်မှုကို ဥပမာအဖြစ် ကြည့်မြင်နိုင်သည်။ စာနယ်ဇင်းများတွင် မူလရှိပြီး အင်စတီကျူးရှင်း (ဤနေရာတွင် သင်းပင်း အဖွဲ့အစည်းကို ညွှန်းပါသည်) များ အားကောင်းနေခြင်းကြောင့် ထွက်ပေါ်လာသော နေရာလပ်ကို အပြည့်အဝအသုံးချ၍ ချဲ့ထွင်နိုင်လာခြင်း ဖြစ်သည်။ အခြေခံဥပဒေက ခွင့်ပြုအပ်နှင်းထားသော နိုင်ငံသားများ၏ အခွင့်အရေးများကို ဖြည့်ဆည်းမြှင့်တင်နိုင်ရေးအတွက် အစောဆုံးပေါ်ထွက်ခဲ့သော ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်၊ စာနယ်ဇင်းလွတ်လပ်ခွင့်၊ အလုပ်သမားသမဂ္ဂဖွဲ့စည်းခွင့်၊ သယ်ယာမြေပိုင်ဆိုင်ခွင့် စသည်တို့က အထင်အရှားပြသနေသည်။

နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် အခြေခံဥပဒေပါ Rule of the Game တွင် ပါရှိသော ဂိမ်းစည်းမျဉ်းများကို နားလည်သဘောပေါက်မှသာ ဂိမ်းစည်းမျဉ်းပြင်ဆင်သည့်အခါ မှန်မှန်ကန်ကန်သိမြင်ကာ သန်း ၆၀ အကျိုးအတွက် ထိထိရောက်ရောက် ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်သည်။ တစ်ဖန် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ စကားလုံးများ၊ စကားရပ်များသာမက ဖွဲ့တည်ထားသော မူဘောင်ကိုလည်း ရှင်းလင်းစွာ နားလည်ထားရန် လိုအပ်ပါမည်။ လွှတ်တော်သက်တမ်း ထက်ဝက်ကျိုးသည်နှင့်အမျှ လွှတ်တော်ဥက္ကဋ္ဌ ၂ ဦး၏ နိုင်ငံရေးစိတ်စေတနာကောင်းများကို ပြဆိုနိုင်ခဲ့သလို

NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ လက်ပံကောင်းကော်မရှင်၏ စွမ်းဆောင်နိုင်မှုသည်လည်း အထင်အရှား ထွက်ပေါ်လာခဲ့သည်။ အလားတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးသိန်းညွန့်၊ ဦးရဲထွန်း၊ ဦးကြည်မြင့်၊ ဒေါ်တင်နွယ်ဦး စသည်တို့သည်လည်း အခြေခံဥပဒေပြဋ္ဌာန်းချက်များကို အခြေခံ၍ နိုင်ငံသားများ၏အကျိုးကို မြှင့်တင်နိုင်ရန် ကြိုးပမ်းအားထုတ်သူများအဖြစ်လည်း ပညာတတ်များ၏ အသိုင်းအဝိုင်းတွင် အလေးထားအသိအမှတ်ပြုလာခဲ့ကြောင်း တွေ့ရှိရသည်။ နိုင်ငံရေးသမားတို့မည်သည် ပြည်သူလူထု၏ မှတ်ကျောက်ဖြင့် အတင်ခံနိုင်ရမည်ဖြစ်သလို ပြည်သူလူထု၏ မှတ်ကျောက်ဖြင့်သာ အတင်ခံကြရမည်ဖြစ်သည်။ လူထု ထောက်ခံမှုကို လက်တွေ့စွမ်းဆောင်မှုဖြင့် တောင်းခံခြင်းသည် စစ်မှန်သော ကိုယ်စားပြုမှု မည်ပါလိမ့်မည်။

## ဗြိတိန်ပုံတူလား အမေရိကန်ပုံတူလား

လက်ရှိအခြေခံဥပဒေအရ မဏ္ဍိုင်ကြီးသုံးရပ် သီးခြားစီ ပိုင်းခြားထားခြင်း၊ သမ္မတအား ဥပဒေပြုရေးနှင့် သီးခြားထားခြင်း၊ ကက်ဘိနက်တစ်ခုလုံး လွှတ်တော်တွင်းမရှိခြင်း စသည်တို့မှာ အမေရိကန်စနစ်နှင့် ဆင်တူသော်လည်း အုပ်ချုပ်ရေးအနှစ်သာရနှင့် Check and Balance နှင့်တူသော Check and Balance များ ပျောက်ဆုံးနေသည်။ ထိုပျောက်ဆုံးနေမှုများကို ရှာဖွေကြည့်လျှင် ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် စသည်တို့မှ သက်ဆင်းလာခဲ့သော ပါလီမန်အုပ်ချုပ်ရေးစနစ်သဘောတရားများကို လက်ရှိအခြေခံဥပဒေ၌ပင် တွေ့ရှိနိုင်သည်။ Mixed Sysytem ဟု ဆိုသော် ရကောင်းရနိုင်မည်ဖြစ်သော်လည်း ဒီမိုကရေစီနှင့် Check and Balance တန်ဖိုးများနှင့် ချိန်ထိုးကြည့်လျှင်သော်လည်းကောင်း၊ သန်း ၆၀ သော ပြည်သူများအကျိုး ဆောင်ကြဉ်းနိုင်မှုဖြင့် တိုက်ဆိုင်ကြည့်လျှင်သော်လည်းကောင်း 'စနစ်ကို မည်သူများက မည်သို့ကျင့်သုံးသည်' က ပိုမိုအဓိကကျနေကြောင်း တွေ့ရှိရသည်။

ဗြိတိသျှတို့၏ ပါလီမန်စနစ်မှာ ဝန်ကြီးချုပ်နှင့် ကက်ဘိနက်သည် ပါလီမန်အမတ်များဖြစ်နေကြပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးသည် ခွဲခြား

ထားသည်ဆိုသော်ငြားလည်း အမှန်စင်စစ် အတူတူသာဖြစ်သည်။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်မှာ အမေရိကန်ပုံစံ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကို သီးခြားစီခွဲထုတ်ထားခြင်းဖြစ်သည်။ တရားသူကြီးချုပ်ကို အမေရိကန်ပြည်ထောင်စုတွင် သမ္မတက အမည်စာရင်းတင်သွင်းပြီး ဆီးနိတ်အထက်လွှတ်တော်က အတည်ပြုပေးရသည်။ တရားသူကြီးချုပ်သည် သတ်မှတ်ပြဋ္ဌာန်းထားသော အချက်များကို ဖောက်ဖျက်ခဲ့လျှင် စွပ်စွဲပြစ်တင်ခြင်း နည်းလမ်းဖြင့် ဥပဒေပြုမဏ္ဍိုင်က ဖြုတ်ချနိုင်သည်။ ဗြိတိသျှစနစ်မှာမူ တရားသူကြီးချုပ်ကို ဝန်ကြီးချုပ်က အကြံပေးတင်ပြပြီး ဘုရင်က ခန့်အပ်ရသည်။ ယင်းတရားသူကြီးချုပ်ကို လွှတ်တော်နှစ်ရပ်ပေါင်းက ဖြုတ်ချနိုင်သည်။

မြန်မာနိုင်ငံ၏ လက်ရှိအခြေခံဥပဒေနှင့် နှိုင်းယှဉ်ကြည့်လျှင် အမေရိကန်ပုံတူလား၊ ဗြိတိသျှ ပုံတူလား များများစားစား စဉ်းစားစရာမလိုအပ်ပေ။ အချုပ်အခြာအာဏာ ခက်မကြီးသုံးဖြာကို မဏ္ဍိုင် ၃ ရပ်အဖြစ် ပိုင်းခြားထားမှုတွင် မြန်မာနိုင်ငံသည် အမေရိကန်ပုံစံဘက်နှင့် လုံလုံးလျားလျား တူညီနေသည်။ သမ္မတရွေးချယ်တင်မြှောက်မှုတွင် လွှတ်တော်ကို အခြေခံရသောကြောင့် ဗြိတိန်ပုံစံ ကွက်ကြားဝင်နေပြန်သည်။ တရားစီရင်ရေးတွင် တရားသူကြီးချုပ် ရွေးချယ်ခန့်ထားရာတွင် အမေရိကန်ပုံစံနှင့် သုံးလုံးလျားလျားတူနေပြန်သည်။ ဥပဒေပြုရေးတွင် ဗြိတိသျှဝန်ကြီးချုပ်မှာ အမတ်တစ်ဦးသာဖြစ်ပြီး အမေရိကန်သမ္မတမှာ ဗီတိုအာဏာ၊ အိတ်ဆောင်ဗီတိုအာဏာများ ရှိနေခြင်းတို့ကို လက်ရှိအခြေခံဥပဒေနှင့် ဘိုက်ဆိုင်ကြည့်လျှင် **Check and Balance** ထိန်းကျောချခြင်း ခံထားရသော သမ္မတအုပ်ချုပ်ရေးစနစ် ဖြစ်နေသည်။ ထို့အပြင် ၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေများမှ သက်ဆင်းလာခဲ့သော ပါလီမန်အုပ်ချုပ်ရေး သဘောတရားများကလည်း စိမ့်ဝင်နေပြန်သည်။

၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်အခြေခံဥပဒေများအရ ဖွဲ့စည်းတည်ဆောက်ခဲ့သော ပါလီမန်အုပ်ချုပ်ရေးခေတ်တွင် နိုင်ငံတော်သမ္မတသည် အုပ်ချုပ်ရေးအကြီးအကဲမဟုတ်ဘဲ ဝန်ကြီးချုပ်သာလျှင် အုပ်ချုပ်ရေးအကြီးအကဲဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း တောင်ရှည်ပုဆိုး အလျှင်

အမြန် ဝတ်ဆင်တတ်ခြင်း၊ ဖေါက်ရိုက်တတ်ခြင်း၊ မြင်းစီးတတ်ခြင်းတို့သာ တတ်ကျွမ်းလာသည်၊ သမ္မတတို့တတ်အပ်သော အဋ္ဌာရသ သုံးရပ်ဟု ဆိုညွှန်းခဲ့ကြသော ရုပ်ပြအကြီးအကဲသဘောမျိုး ဖော်ပြခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းခေတ်ကာလ နိုင်ငံတော်သမ္မတသည် ပါလီမန်ကို ဖျက်သိမ်းပစ်နိုင်သော အခွင့်အာဏာရှိခဲ့သည်။ လက်ရှိ ၂၀၀၈ ခုနှစ်အခြေခံဥပဒေတွင်မူ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲသာမက အုပ်ချုပ်ရေးအကြီးအကဲလည်းဖြစ်ရာ အမေရိကန်ပုံစံ ထပ်တူထပ်မျှကျနေသော်လည်း အုပ်ချုပ်ရေးအခွင့်အာဏာ အပ်နှင်းထားမှုတွင် များစွာလိုအပ်နေကြောင်း တွေ့ရှိရသည်။ ပါလီမန်စနစ်လိုလို သမ္မတစနစ်လိုလို မကွဲမပြားဖြစ်နေသည်များကိုလည်း ကွဲကွဲပြားပြားဖြစ်ရန် လိုအပ်ပေမည်။

အမေရိကန်သမ္မတသည် ဗြိတိသျှဝန်ကြီးချုပ်နှင့် အိန္ဒိယဝန်ကြီးချုပ်များကဲ့သို့ အုပ်ချုပ်ရေးအာဏာကို အပြည့်အဝကျင့်သုံးနေသလို အိန္ဒိယသမ္မတ၊ မြန်မာနိုင်ငံ၏ (၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ်အခြေခံဥပဒေအရ) သမ္မတများကဲ့သို့ အဆောင်အယောင်၊ အခမ်းအနားကိစ္စရပ်များကိုလည်း ဆောင်ရွက်နေရသည်ကို တွေ့မြင်နိုင်သည်။ အမေရိကန်သမ္မတသည် အမေရိကန်ဥပဒေပြုအဖွဲ့ဖြစ်သော ကွန်ဂရက်(ဗြိတိသျှအခေါ် ပါလီမန်)နှင့် သီးခြားကင်းလွတ်နေသောကြောင့် အမေရိကန်အုပ်ချုပ်ရေးစနစ်ကို ကွန်ဂရက်နှင့်ဆက်စပ်မှုမရှိသော (ပါလီမန်ကို တာဝန်မခံသော) အုပ်ချုပ်ရေး Fixed Excutive ဟု ခေါ်တွင်လေ့ရှိသည်။

## နိုင်ငံပြုခေါင်းဆောင်

ယနေ့အချိန်အခါသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်ရာ သူ့အရပ်နှင့် သူ့ဇာတ်ဟူသော Local Narritve အဓိကဖြစ်ပေလိမ့်မည်။ အသွင်ကူးပြောင်းရေးကာလဖြစ်၍လည်း အင်စတီကျူးရှင်းများ ခိုင်မာသည်ထက်ခိုင်မာစေရန် ဆောင်ရွက်လျက်ရှိရာ အခြေခံဥပဒေပြင်ဆင်ရေးဒီဘိတ်သည် အနာဂတ်၌ ရေရှည်တည်တံ့သော ဒီမိုကရေစီထွန်းကားရှင်သန်ရေးအတွက် အချက်အချာ ဖြစ်လာနေသည်။ အာဏာကြီး (၃) ရပ်ကို တစ်နေရာတည်း စုစည်းမထားခြင်း၏ မူလရည်ရွယ်ချက်

မှာ အပြန်အလှန်ထိန်းကျောင်းရေးယန္တရားကို ပုံဖော်ခြင်းဖြစ်ပြီး အပြန်အလှန်ထိန်းကျောင်းရေးစက်ဝိုင်း တစ်ပတ်လည်ရန် အရေးကြီးသည်။ လက်ရှိကာလကိုသာမကြည့်ဘဲ သားစဉ်မြေးဆက် ဆက်လက်တည်တံ့စေမည့် ဒီမိုကရေစီအင်စတီကျူးရှင်းများ တည်ဆောက်ရေးသည် လက်ရှိနိုင်ငံပြုခေါင်းဆောင်များအပေါ်တွင်သာ မူတည်နေသည်။

အမေရိကန်အခြေခံဥပဒေကို ပြင်ဆင်လိုလျှင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့က သီးခြားစီသုံးပုံနှစ်ပုံသော ထောက်ခံမဲဖြင့် တင်သွင်းခြင်းဖြစ်ပြီး အဆိုပါသုံးပုံနှစ်ပုံမှာလည်း မဲခွဲသည့်နေ့တွင် လွှတ်တော်အသီးသီး၌ တက်ရောက်လျက်ရှိသော လွှတ်တော်အမတ်များ၏ သုံးပုံနှစ်ပုံမဟုတ်ဘဲ လွှတ်တော်တစ်ခုစီတွင်ရှိသော လွှတ်တော်အမတ်စုစုပေါင်း၏ သုံးပုံနှစ်ပုံဖြစ်သည်။ နောက်တစ်နည်းမှာ ပြည်နယ်စုစုပေါင်း (၅၀ ပြည်နယ်)၏ လွှတ်တော်အမတ် အရေအတွက် အနည်းဆုံး သုံးပုံနှစ်ပုံ (ပြည်နယ်ပေါင်း ၃၄ ပြည်နယ်)က ပြင်ဆင်လိုကြောင်း တင်ပြရန်လိုအပ်သည်။ ထိုသို့တင်ပြလာသည့်အခါ ကွန်ဂရက်သည် **National Convention** ခေါ်ယူကျင်းပပေးရမည် ဖြစ်သည်။ ၎င်းနောက် ပြည်နယ်စုစုပေါင်း၏ လေးပုံသုံးပုံက သဘောတူညီလျှင် ပြင်ဆင်ချက် အတည်ဖြစ်ပြီး လေးပုံသုံးပုံ၏ သဘောတူညီချက်မရရှိလျှင် ပြင်ဆင်ချက် အတည်မဖြစ်နိုင်ပေ။ အမေရိကန်ပြည်ထောင်စု၏ သမိုင်းကြောင်းကို လေ့လာကြည့်လျှင် စတင်ပေါ်ပေါက်ခဲ့သော ၁၇၈၉ ခုနှစ်မှ ယနေ့အချိန်အထိ နှစ်ပေါင်းနှစ်ရာကျော်အတွင်း အခြေခံပြင်ဆင်ချက်ပေါင်း ၂၇ ခုသာ ရှိခဲ့သည်ကို ကြည့်လျှင် အမေရိကန်အခြေခံဥပဒေသည် ကမ္ဘာပေါ်တွင် ပြင်ဆင်ရန်အခက်ခဲဆုံးဟု သတ်မှတ်ထားချက် မှန်-မမှန်ကို သိရှိနိုင်မည် ဖြစ်သည်။

သို့သော်လည်း အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေပြင်ဆင်ချက် စုစုပေါင်း ၂၇ ခု ရှိသည့်အနက် ပထမဦးဆုံးသော ပြင်ဆင်ချက် ၁၀ ခုမှာ **Bill or Rights** ဟု ခေါ်တွင်သော ပြည်နယ်များ၏ လုပ်ပိုင်ခွင့်တိုးမြှင့်ခွဲဝေပေးခြင်းများ ဖြစ်နေကြောင်း တွေ့ရှိနိုင်သည်။ ဤပြင်ဆင်ချက်များ၏ ညွှန်းဆိုချက်မှာ ဖက်ဒရယ်ပြည်ထောင်စု တည်တံ့ရေးကို

Bill or Rightsဖြင့် ပြန်လည်ထိန်းညှိထားခြင်း ဖြစ်နေသည်။ အမေရိကန် အခြေခံဥပဒေအား ပြင်ဆင်ရန် ၁၇၈၉ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် တင်သွင်းခဲ့သည့် ပထမဦးဆုံးသော ပြင်ဆင်ချက်မှာ Protects freedom of speech, freedom of religion, and freedom of the press, as well as the right to assemble and petition the government ဟူ၍ ဖြစ်နေသည်ကိုကြည့်လျှင် အခြေခံဥပဒေ ပြင်ဆင်ချက်၏ ရည်ရွယ်ချက်နှင့် အနှစ်သာရကို သိရှိနိုင်ပေလိမ့်မည်။ ကမ္ဘာပေါ်တွင် ပြင်ဆင်ရန်အခက်ဆုံးဟု ဥပဒေပညာရှင်များအားလုံး လက်ခံထားသော အမေရိကန် အခြေခံဥပဒေ၏ ထိပ်တန်းဦးစားပေးပထမဆုံးပြင်ဆင်ချက်သည် ဒီမိုကရေစီတန်ဖိုးများကို ကိုယ်စားပြုလျက်ရှိရာ ယနေ့အမေရိကန်ဒီမိုကရေစီ မည်သည့်အတွက်ကြောင့် ခိုင်မာအားကောင်းနေသည်ကို ဆက်စပ် စဉ်းစားကြည့်နိုင်ပေလိမ့်မည်။

အချုပ်ဆိုရလျှင် နောင်လာမည့် မျိုးဆက်များ၏ လက်ထက်တွင် ဒီမိုကရေစီအုတ်မြစ်များ ခိုင်မာသည်ထက်ခိုင်မာစေနိုင်မည့် အင်စတီကျူးရှင်းများ တည်ဆောက်ရေးသည် လက်ရှိနိုင်ငံတည်ဆောက်ရေးပင် ဖြစ်ရာ အပြန်အလှန်ထိန်းကျောင်းရေးယန္တရားများတွင် မီဒီယာများ၏ အပြန်အလှန် ထိန်းကျောင်းခွင့်၊ ပြည်သူများ၏ အပြန်အလှန်ထိန်းကျောင်းခွင့်၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အပြန်အလှန်ထိန်းကျောင်းခွင့်တို့ကိုလည်း လမ်းဖွင့်ပေးရန် လိုအပ်သည်။ မီဒီယာ၊ ပြည်သူ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများက ထိုသို့ အပြန်အလှန်ထိန်းကျောင်းနိုင်ခွင့် တိုးမြှင့်ရရှိစေရန်လည်း ခိုင်မာသော အင်စတီကျူးရှင်းများ တည်ဆောက်ပေးပြီး ခိုင်မာသော လုပ်ပိုင်ခွင့်များ အပ်နှင်းပေးရန် လိုအပ်သည်။ သို့မှသာ နှသစ် ပေါ်ထွက်စ မြန်မာ့ဒီမိုကရေစီသည် အပြန်အလှန်ထိန်းကျောင်းရေးယန္တရားကြီးတစ်ခုလုံး တစ်ပတ်လည်ပြီး မည်သည့်မဏ္ဍိုင်ကမှ အခွင့်ထူးခံ မဖြစ်စေဘဲ အညီအမျှ ခွဲဝေမှုဖြစ်လာပါလိမ့်မည်။ **Rule of the Game** ပြင်ဆင်ရေးအတွက် သုံးသပ်ဆင်ခြင်ကြရာတွင် မည်သည့်ပြင်ဆင်ချက်က ထိပ်တန်းဦးစားပေးဖြစ်သင့်သည်ဟူသော မဟာဗျူဟာသဘော ဖြင့် စဉ်းစားသုံးသပ်ကြမှသာ ပြင်ဆင်ရန်ခက်ခဲလှသည် ဟူသော ညည်းတွား

ခြင်းများကို ကျော်လွှားနိုင်ပါမည့်အကြောင်း အလေးထား တင်ပြလိုက်ရပေသည်။

❑

## နိုင်ငံတော်သမ္မတ၏ ပြုပြင်ပြောင်းလဲရေးဒုတိယလှိုင်းနှင့် လမ်းပျောက်အိုသို့ လည်ပြန်အကြည့်

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်သည် မေလ ၁၁ ရက်နေ့တွင် သမ္မတအိမ်တော်၌ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသ ဥက္ကဋ္ဌများကို မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ Second Wave ကိုတွန်းတင်ရန် နိဂုံးချုပ် ပြောကြားသွားသည်။ လှိုက်လှဲစွာ ကြိုဆိုအပ်သော မိန့်မှာချက်များအဖြစ် ရှုမြင်မိသည်။ တစ်နည်းအားဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအဆင့်ကို ကျော်လွှန်အောင်မြင်ခဲ့ပြီးနောက် ကူးပြောင်းလိုက်သော ဒီမိုကရေစီလူ့ဘောင် နိုင်မာရှင်သန်ရေးအတွက် အရေးကြီးသော၊ အခြေခံနိုင်စေနိုင်သော Guide Line များ ချမှတ်လိုက်ခြင်းဟူ၍ စာရေးသူအနေဖြင့် ရှုမြင်သုံးသပ်မိသည်။

ဤအဆင့်ကို သမ္မတက Second Stage of Reform Strategy for National Development ဟု သတ်မှတ်ခေါ်တွင်ထားသည်။ သမ္မတကြီး၏ဆိုလိုရင်းမှာ ဒီမိုကရေစီ နိုင်မာရှင်သန်သည့်အဆင့်ဖြစ်စေရန် ပြည်သူလူထု၏ လက်ငင်းလိုအပ်ချက်များကို လက်တွေ့ကျကျ ဖြေရှင်းပေးနိုင်သော Public Goods များ ဖန်တီးဖော်ဆောင်ပေးနိုင်ရေးကို နိုင်မာမှန်

ကျန်သော မူဝါဒများအတိုင်း ဆောင်ကြဉ်းပေးနိုင်ရေးပင် ဖြစ်သည်ဟု သဘောရသည်။ တစ်ဖက်တွင်လည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေး အဆင့်တွင် ကျန်နေရစ်ခဲ့သော Institution များကို ဆွဲတင်လိုက်ခြင်းဟု လည်း ရှုမြင်မိသည်။ တိုးတက်လိုသောအမြင်မရှိသော ရှေးရိုးစွဲများ၊ နောက်ပြန်ဆွဲလိုသူများကို နောက်မှာချန်ထားရန်လည်း အသိပေးကြေညာ လိုက်သည်။ အချုပ်ဆိုရလျှင် နိုင်ငံတော်သမ္မတသည် အရှိန်အဟုန်ရရှိနေ ပြီဖြစ်သော နိုင်ငံတော်ကြီးကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးဆောင်မောင်းနှင်တော့မည်။ ဤတွင် မသင့်လျော်သူများ၊ မလိုက်လိုသူများကို ချန်ထားခဲ့မည်ဟု ပြောကြားလိုက်ခြင်းလည်း မည်ပေသည်။

ဒီမိုကရေစီနိုင်ငံတော်နှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတို့အကြားရှိ ဆက်သွယ်ဆက်ဆံမှုသည် ဥပဒေများ၊ နည်းဥပဒေများသာ ဖြစ်လာကြ တော့မည်ဖြစ်၍ Rule of Law ဟူသော အင်္ဂါရပ်သည် မရှိမဖြစ် လိုအပ် ချက်တစ်ခု ဖြစ်လာတော့မည်။ နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ အုပ်ချုပ်သော အုပ်ချုပ်ရေးယန္တရားကို ခိုင်မာသည်ထက်ခိုင်မာစေရန် ဆောင်ကြဉ်းတော့မည့် ရှေ့ပြေးလက္ခဏာများ တွေ့မြင်ရသည်။ ရှင်းရှင်း ဆိုရလျှင် နိုင်ငံတော်သမ္မတသည် ကျန်ရှိသော ၄ နှစ်သက်တမ်းအတွင်း အုပ်ချုပ်ရေးယန္တရားမှ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် Road Map ကို ချမှတ်လိုက်ခြင်းလည်းဖြစ်သည်။

တစ်ဖက်တွင်လည်း စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာများအတွက် ခြေသီးကွင်းတစ်ခု ဖန်တီးဖော်ဆောင်ပေးမည့်အခြေအနေများကို တွေ့မြင် နေရပြီဖြစ်ရာ ကျင့်ဝတ်နှင့် စည်းမျဉ်းစည်းကမ်းတို့သည် ပို၍အရေးပါလာ တော့မည့်အနေအထားမျိုး ဖြစ်လာသည်။ ပဉ္စမ မဏ္ဍိုင်ဖြစ်သော ပြည်သူ များ၊ တစ်နည်းအားဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းဟု ခေါ်တွင်အပ်သော Civil Society သည် **Democratic Knowledge and Culture** ကို တစ်ဆင့်တက်လှမ်း၍ Civic Education ကို ဖြည့်ဆည်းရမည့်သဘောရှိ သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းသည် ထိုသို့ တစ်ဆင့်တက်၍ လျှောက် လှမ်းရမည့်အခြေအနေ၌ ကိုယ်စိတ်အား နိုင်မာကောင်းမွန်မှု၊ စိတ်နိုင်ရည် ပြည့်ဝမှုတို့က ရေရှည်တွင် စကားပြောလာမည်သာဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ သဘောထားမှာ နိုင်ငံသားများကို နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ဖြစ်နိုင်ခြေရှိသည့်နေရာများမှ ပါဝင်ဆောင်ရွက်နိုင်စေမည့် ကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်စေလိုသော သဘောဖြစ်သည်။ သို့သော် ထိုသို့ ပါဝင်ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အုပ်ချုပ်သည့်စနစ်ကို နားလည်သဘောပေါက်မှသာ လိုက်နာခြင်း၊ ပူးပေါင်းပါဝင်ခြင်းတို့ ဖြစ်ပေါ်လာမည်ကို သတိချပ်သင့်သည်။ အလားတူ အုပ်ချုပ်ရေးမဏ္ဍိုင်ရှိ ဌာနဆိုင်ရာ အသီးသီးအနေဖြင့်လည်း နိုင်ငံတော်သမ္မတ၏ ဆိုလိုရင်းသည် ယင်းတို့၏ ကြိုးနီများကို ဖယ်ရှားပေးကာ တာဝန်ကျေပွန်ပြီး လူထုအကျိုးကို ရှေးရှုသော ယန္တရားအဖြစ် ပြောင်းလဲရောက်ရှိလာစေရန် သံပတ်တင်းလိုက်ခြင်းဟူ၍ တိတိကျကျ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်သင့်သည်။

အရေးကြီးသည်မှာ နိုင်ငံတော်သမ္မတ ခင်းလိုက်သောလမ်းသည် ချစ်ခြင်း၊ မုန်းခြင်း ကင်းရှင်းစွာဖြင့် စနစ်တကျ ဝေဖန်သုံးသပ်၍ ဆောင်ရွက်တတ်သော နိုင်ငံသားများ ဖြစ်ပေါ်လာရေး၊ ပြုပြင်ပြောင်းလဲမှုများကို လှိုင်းလုံးများသဖွယ် တစ်လုံးပြီးတစ်လုံး ဆက်တိုက်ဖြစ်ပေါ်လာရေး၊ အမှန်တကယ် ပြည်သူကို မိတ်ဆွေသဖွယ်သဘောထားကာ လက်တွေ့အကျိုးရလဒ်များ ဖြစ်ပေါ်စေရေး စသည်တို့ကို ဆောင်ကြဉ်းရန်သာဖြစ်သည်။ **ဤနေရာတွင် အရေးကြီးသည်မှာ ပြုပြင်ပြောင်းလဲမှုများ သက်သက်ကိုသာ ဆောင်ရွက်နေရုံဖြင့် မပြီးဘဲ ပြုပြင်ပြောင်းလဲမှုများကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများကို ရှင်းလင်းဖယ်ရှားပေးရမည်** ဟူသော သဘောကို အုပ်ချုပ်ရေးမဏ္ဍိုင်ဘက်မှ ကောင်းစွာနားလည်သဘောပေါက်ရေးဖြစ်သည်။ အဓိကလိုအပ်ချက်မှာလည်း ပြုပြင်ပြောင်းလဲလိုသော စိတ်အရင်းခံဖြစ်ပြီး ယင်းအရင်းခံကို တိုင်းတာရမည့် စံနှုန်း၊ ချိန်ခွင်များမှာလည်း အမျိုးမျိုးရှိနေသည်။

ဒီမိုကရက်တစ်တန်ဖိုးများ တိုင်းတာသည့်အဆင့်များကို အောက်ပါအတိုင်း ဖော်ပြထားသည်။

| | | | |
|---|---|---|---|
| (၁) နိုင်ငံသားဖြစ်မှု ဥပဒေနှင့် အခွင့်အရေး Citizenship, Law & Right | (၂) ကိုယ်စားပြုမှုနှင့် တာဝန်ခံသော အစိုးရ Representative & Acountable Government | (၃) အရပ်ဘက် လူ့အဖွဲ့အစည်းနှင့် လူထုပါဝင်သော ပါဝင်မှု Civil Society & Popular Participation | (၄) နိုင်ငံနယ်နိမိတ် အလွန်ဒီမိုကရေစီ Democracy beyond the State |
| (၁.၁) နိုင်ငံသားဖြစ်မှု Nationhood & Citizenship။ (မျိုးနွယ်စု ယဉ်ကျေးမှု ဘာသာစကား) ကွဲပြားခြင်း မရှိဘဲ အားလုံး သဘောတူညီမှု ရရှိသော ဘုံသဘော တူညီချက်တစ်ရပ် ရှိ/မရှိ | (၂.၁) လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ Free & Fair elections။ ပြည်သူလူထုအနေဖြင့် အစိုးရများနှင့် မူဝါဒ ချမှတ်မှုများကို ရွေးကောက်ပွဲများဖြင့် ထိန်းချုပ်နိုင်စွမ်း ရှိ/မရှိ | (၃.၁) ဒီမိုကရေစီ လူ့အဖွဲ့အစည်းအတွင်းမှ မီဒီယာ The media in a democratic society။ ဒီမိုကရက်တစ်တန်ဖိုးများကို ရပ်တည်မြှင့်တင်ပေးနိုင်သော လူ့အဖွဲ့အစည်း ဖြစ်စေရန် မီဒီယာများက ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ | (၄.၁) နိုင်ငံပြင်ပမှ ဒီမိုကရေစီအပေါ် ဖြစ်ပေါ် လွှမ်းမိုးမှုများ External influences on the country's democracy ပြည်တွင်းဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်မှု များအပေါ် လွှမ်းမိုးမှု ပေး အကျိုးသက်ရောက်စေသော ပြင်ပ လွှမ်းမိုးမှုများ ရှိ/မရှိ |
| (၁.၂) ဥပဒေစိုးမိုးမှုနှင့် တရားစီရင်ရေးအပေါ် ချဉ်းကပ် The Rule of Law & Access to Justice။ နိုင်ငံတော်နှင့် နိုင်ငံသားများသည် တရားဥပဒေများအပေါ် လေးစားလိုက်နာမှု ရှိ/မရှိ | (၂.၂) နိုင်ငံရေးပါတီများ၏ ဒီမိုကရက်တစ် အခန်းကဏ္ဍ The democratic role of political parties။ ဒီမိုကရေစီတော်ဆောင် ပြိုင်ဆိုင်ရေးကျင့်စဉ်များတွင် နိုင်ငံရေး ပါတီများ၏ ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ | (၃.၂) နိုင်ငံရေး ပြည်သူလူထုပါဝင်မှု Political Participation။ ပြည်သူလူထုအစုံနှင့် နေထိုင်မှုအသိုင်းအဝိုင်း နိုင်ငံသားအားလုံး ပါဝင်နိုင်ခြင်း ရှိ/မရှိ | (၄.၂) ပြည်တွင်း ဒီမိုကရေစီ ဆောင်ရွက်မှု၏ နိုင်ငံတကာသို့ သက်ရောက်မှု The country's democratic impact abroad။ နိုင်ငံတစ်ခု ချမှတ်ထားသော နိုင်ငံ တကာရေးရာမူဝါဒများ |

| | | | |
|---|---|---|---|
| | | | သည် ကျားမဆိုင်ရာ ဒီမိုကရေစီအပေါ် အကျိုးသက်ရောက်မှု ရှိ/မရှိ |
| (၁-၃) နိုင်ငံသား အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေး Civil & Political Rights။ နိုင်ငံသား အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေး များတွင် နိုင်ငံသား အားလုံး တန်းတူညီမျှ ရရှိခြင်း ရှိ/မရှိ | (၂-၃) ထိရောက်၍ တာဝန်ကျေပွန်သော အစိုးရ Effective & responsive goverment ပြည်သူ့တာဝန်များကို ထမ်းဆောင်သော အစိုးရသည် ထိရောက်စွာ အကျိုးပြုနိုင်ခြင်း ပြည်သူများ၏ အခက်အခဲများကို ပြေလည်အောင် ဖြေရှင်းနိုင်သည့် တာဝန်ကျေပွန်ခြင်း ရှိ/မရှိ | (၃-၃) အာဏာခွဲဝေခြင်း Decentralisation။ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်သူ များနှင့် တိုက်ရိုက် ဆက်စပ်ပတ်သက်နေသော အစိုးရအဆင့်ဆင့် အနေဖြင့် ချမှတ်နိုင်စွမ်း ရှိ/မရှိ | |
| (၁-၄) စီးပွားရေးဆိုင် ရာအခွင့်အရေးနှင့် လူမှုရေးဆိုင်ရာ အခွင့်အရေး Economic & Social Rights။ စီးပွားရေး ဆိုင်ရာအခွင့်အရေး များနှင့် လူမှုရေး ဆိုင်ရာအခွင့်အရေး များကို နိုင်ငံသား အားလုံး တန်းတူညီမျှ ရရှိခြင်း ရှိ/မရှိ | (၂-၄) ဒီမိုကရေစီနည်း ကျသော လွှတ်တော်၏ အခန်းကဏ္ဍ The democratic effectiveness of parliament။ နိုင်ငံ၏ဒီမိုကရေစီ ဖော်ဆောင်မှုဖြစ်စဉ် လုပ်ငန်းစဉ်တွင် လွှတ်တော် များ၏ အထောက်အကူ ပြုနိုင်ခြင်း ရှိ/မရှိ | | |

| | | | |
|---|---|---|---|
| | (၂-၅) တပ်မတော်နှင့် ရဲတပ်ဖွဲ့များကို အရပ်သားများက ထိန်းချုပ်ထားနိုင်ခြင်း Civilian control of military & police။ တပ်မတော်နှင့် ရဲတပ်ဖွဲ့များတွင် အရပ်သားများက ထိန်းချုပ်ထားနိုင်ခြင်း ရှိ/မရှိ | | |
| | (၂-၆) ပြည်သူများ၏ နေ့စဉ်လူမှုဘဝ၌ ဂုဏ်သိက္ခာIntegrity in public life။ ပြည်သူများ၏ နေ့စဉ်လူမှုဘဝများတွင် ဂုဏ်သိက္ခာမြင့်မားရေးကို အာမခံနိုင်ခြင်း ရှိ/မရှိ | | |

ဆိုလိုသည့်သဘောမှာ ရင့်ကျက်နိုင်မာသော ဒီမိုကရေစီလူ့အဖွဲ့အစည်းသို့ရောက်အောင် စာရေးသူတို့နိုင်ငံအနေဖြင့် များစွာကြိုးပမ်းရဦးမည်ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ဤစံနှုန်းများကို တိုက်ရိုက်ထည့်သွင်းတိုင်းတာရန်မလိုဘဲ မိမိနိုင်ငံ၏ ဒေသန္တရစာတ်ကြောင်းဖြင့် တိုက်ဆိုင်စစ်ဆေးကာ နိုင်ငံတည်ဆောက်ရေး၊ ဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီရှင်သန်ရေးတို့ကို ဦးတည်ပုံကိုင်သွားရန်သာဖြစ်သည်။ အစိုးရဌာနများအနေဖြင့် မိမိတို့ဌာနတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ကြရာတွင် မြန်မြန်ဆန်ဆန် ဆောင်ရွက်ရမည့်နယ်ပယ်၊ တဖြည်းဖြည်းချင်း ကိုင်တွယ်ရမည့်နယ်ပယ် စသည်တို့ကို ဘက်စုံမှ စိစစ်သုံးသပ်ဆောင်ရွက်ရန် လိုပါမည်။ သို့သော် ထိုသို့ရွေးချယ်လိုက်သော ပြုပြင်ပြောင်းလဲရေးနယ်ပယ်များသည် လက်တွေ့အလုပ်ဖြစ်ပြီး ပြည်သူများ၏ တိုက်ရိုက်အကျိုးသက်ရောက်မှု

ကို အထင်အရှားဖြစ်ပေါ်စေရန်တော့ လိုပါမည်။

အခြေခံအဆောက်အအုံဟူသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဂုဏ်ပုဒ်ကို ဖော်ညွှန်းရုံသာမကဘဲ ပြည်သူများ၏ဘဝ အမှန်တကယ်ပြောင်းလဲနေပြီလား၊ အုပ်ချုပ်မှုကောင်းကို အမှန်ပင် ဖော်ဆောင်နေပြီလားဟူသည်ကို ချက်ချင်းလက်ငင်း သိစေနိုင်သော သင်္ကေတများ ဖြစ်နေသည်။ ဤသည်ကို (၁) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု၊ (၂) အများပြည်သူသုံးယာဉ်၊ ရထား သယ်ယူပို့ဆောင်ရေး၊ (၃) လမ်းများ၊ တံတားများ၊ (၄) ဆက်သွယ်ရေးစနစ်များနှင့် (၅) ရေနှင့် စွန့်ပစ်ရေစီမံခန့်ခွဲမှု စသည့် ပေတံကြီး ၅ ချောင်းဖြင့် တိုင်းတာလေ့ရှိသည်။ ဆိုလိုသည်မှာ ပြည်သူများအတွက် ပြည်သူ့ရေးရာဝန်ဆောင်မှုများကို မည်မျှအထိ အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနေသနည်း၊ တစ်နည်းအားဖြင့် တည်ဆဲအစိုးရသည် ပြည်သူများ၏ နေထိုင်မှုဘဝများ အဆင်ပြေအောင် မည်မျှစွမ်းဆောင်ပေးနေသနည်းဟူသော စွမ်းဆောင်ရည်ပြအညွှန်းကိန်းလည်း ဖြစ်နေသည်။

ယခုနောက်ဆုံး ဖယောင်းတိုင်မီးထွန်းပွဲများကို လေ့လာကြည့်လျှင် ပြည်သူများအနေဖြင့် ဤအခက်အခဲများသည် ယခုမှ တွေ့ကြုံရင်ဆိုင်လာရသော အခက်ခဲအသစ်များမဟုတ်မှန်း သိရှိထားကြသည်။ ယခုမှ ဖယောင်းတိုင်များဖြင့် လမ်းပေါ်ထွက်၍ ဆန္ဒဖော်ထုတ်လာကြခြင်းသည် နိုင်ငံတော်သမ္မတကြီး ပြောကြားထားသည့် လွတ်လပ်မှုများကို လက်တွေ့ကျင့်သုံးလို၍ဖြစ်သည်။ ရှင်းရှင်းဆိုရလျှင် နိုင်ငံတော်သမ္မတ၏ စိတ်ရင်းစေတနာမှန်ကို ယုံကြည်အားကိုးခြင်းကြောင့် တတ်နိုင်သမျှ ဖြေရှင်းပေးရန် တောင်းဆိုကြခြင်းဟု မှတ်ယူနိုင်သည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဟူသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုပြုရန် လိုအပ်ပြီး တိုးတက်ပြောင်းလဲလာမှုများနှင့်အညီ ရေရှည် အစဉ်သဖြင့် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစိုးရ၊ လွှတ်တော်၊ အရပ်ဘက်လူ့အဖွဲ့အစည်းအားလုံးက နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုသည်။ ဤနေရာတွင် စာရေးသူအနေဖြင့် သတိချပ်စေလိုသောအချက်မှာ နိုင်ငံတော်သမ္မတဦးသိန်းစိန်၏အစိုးရကို ပြီးခဲ့သည့် အစိုးရဟောင်းများနှင့် ပြတ်ပြတ်သားသား ခွဲခြားကြည့်မြင်ကြရန် လိုအပ်ခြင်းဖြစ်သည်။ အုပ်ချုပ်သူမပြောင်း

မူဝါဒပြောင်းရုံသာမက မူဝါဒကောင်းများ ဖော်ဆောင်နေသောအစိုးရကို အကျုပ်တွေ့စေခြင်းသည် ရေရှည်မဟာဗျူဟာအမြင် ချို့တဲ့ရာရောက်နိုင်သည်။

သမ္မတဦးသိန်းစိန်ကိုယ်တိုင် ထုတ်ဖော်ပြောကြားထားသော ပြုပြင်ပြောင်းလဲမှု ဒုတိယလှိုင်းသည် ယခုကြုံတွေ့နေရသော ပြည်သူလူထု၏ အခက်အခဲများကို ဖြေရှင်းပေးရန်အတွက် လက်တွေ့ကျကျ ဦးတည်ထားသည်ကို တွေ့ရှိရသောကြောင့်လည်း နိုင်ငံရေးခေါင်းပါရမီ ကျင့်ကြံရန် တိုက်တွန်းနေရခြင်းဖြစ်သည်။ ရောမမြို့ကို တစ်ရက်တည်းအပြီးမတည်ဆောက်နိုင်သည်ကို နားလည်သော်လည်း အစိုးရဘက်မှ ပွင့်လင်းမြင်သာစွာရှိရှိ ဘာတွေလုပ်နေသည်၊ ဘယ်လိုဆက်လုပ်မည်၊ ဘယ်အချိန် ဘယ်လိုဖြစ်လာနိုင်သည် စသည်တို့ကို ပြည်သူလူထုထံ သတင်းပေးရမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကိုယ်တိုင် ပြည်သူလူထုကို ဦးထိပ်ထား၍ အရေးဘယူ တလေးတစားပြုနေပြီဟု သဘောရသောကြောင့် အုပ်ချုပ်ရေးဝန်ထမ်းအဆင့်ဆင့်တို့သည်လည်း ပြည်သူလူထုကို တလေးတစား ဆက်ဆံသော အလေ့အထကို စတင်ကျင့်သုံးရန် လိုအပ်သည်။ တစ်ဖန် အစိုးရယန္တရားကဲ့သို့သော အဓိကမဏ္ဍိုင်ကြီးကို ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် လစ်ဟာ၍ ကျန်ခဲ့သည်များ၊ အမှုမဲ့အမှတ်မဲ့ဖြင့် ချန်ခဲ့သည်များ၊ ရည်ရွယ်ချက်ရှိရှိ လိုက်မလာခြင်းများမရှိဘဲ ပြုပြင်ပြောင်းလဲမှုကွင်းဆက်ကြီးတစ်ခုလုံး အထက်မှအောက် တစ်ပတ်လည်ပြီး လည်ပတ်မှု ဆက်တိုက်ချောမွေ့သွားရန် အရေးကြီးသည်။ အုပ်ချုပ်သူများအနေဖြင့် တစ်ပတ်လည်အောင် စဉ်းစားဆောင်ရွက်ကြရန်လိုသလို ပြည်သူများအနေဖြင့်လည်း တစ်ပတ်လည်အောင် စဉ်းစားပြီးမှ မှတ်ချက်ပြုရန်လိုသည်။

စာရေးသူအနေဖြင့် အဓိက မီးမောင်းထိုးတင်ပြလိုသည်မှာ နိုင်ငံတော်သမ္မတ၏ ပြုပြင်ပြောင်းလဲရေး ဒုတိယလှိုင်းသည် လက်ရှိပြည်သူများ တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် အဓိကပစ်မှတ်ထားခြင်းဖြစ်၍ ဤခြေလှမ်းကို စောင့်ကြည့်စေလိုသည်။ သမ္မတသည် ဒုတိယလှိုင်းနှင့် လူထုယုံကြည်မှုကို အလဲအထပ်လုပ်ရန် စိတ်ပိုင်းဖြတ်

ထားသည့်သဘောရှိသဖြင့် လူထုအနေဖြင့်လည်း သမ္မတဦးသိန်းစိန်၏ ဒုတိယလှိုင်းကို စောင့်ကြည့်ကြပါမည့်အကြောင်းဖြစ်သည်။ လက်ရှိအစိုးရမှာ ပြည်သူများအကျိုးခံစားနိုင်ကြစေရန် ခြေလှမ်းပြင်လာပြီဖြစ်သောကြောင့် ယင်းခြေလှမ်း စောင့်ကြည့်ခြင်းဖြင့် အားပေးကြရန် သဘောရသည်။ စာရေးသူတို့သည် ဤသို့ ဒုတိယလှိုင်း မြင်တွေ့နိုင်ရန်အတွက် နှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ရသော လမ်းဟောင်းအိုကို လည်ပြန်ကြည့်မြင်နိုင်လျှင် မဟာဗျူဟာမြောက်စဉ်းစားတွေးခေါ်မှုများ ထားရှိနိုင်မည်ဟု အနိုင်အမာယုံကြည်ထားသောကြောင့် ဖြစ်သည်။

❑

## အမျိုးသားလုံခြုံရေးနှင့် အကဲဆတ်မှုိင်း

**စောင့်မဲ့ မြန်မာ့နိုင်ငံရေး**

National Endowment for Democracy ဝါရှင်တန်ရုံးက ဘာနိုင်ယန်ဂျိုးစက်ဖ်ကတော့ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှု၏ အနာဂတ်သည် လမ်းကြောင်းဟူ၍ တိတိပပခန့်မှန်းနိုင်ခြင်းမရှိဘဲ စောင့်မဲ့မှုများ ဖုံးလွှမ်းနေသည်ဟုဆိုသည်။ ထို့ကြောင့်လည်း အနောက်နိုင်ငံများက နောက်ကြောင်းပြန်နိုင်သလားဟူသော သံသယကို ကြားခံထားကြခြင်းဖြစ်သည်။ မြန်မာရောက် လာရီဒိုင်းမွန်းကတော့ အသွင်ကူးပြောင်းရေး ချောမွေ့စေရန် နိုင်ငံရေးပဋိညာဉ်တစ်ရပ် လိုသည်။ နိုင်ငံရေးပဋိညာဉ် မရှိသေးပါက စောင့်မဲ့မှုနှင့်တိုးမည်ဟု ထောက်ပြချက်ချသည်။ နိုင်ငံရေးခေါင်းဆောင်များအကြား ထားရှိအပ်သော ပဋိညာဉ်ကို ဆိုလိုဟန်ရှိသည်။ ဤတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်နေသော နိုင်ငံရေးမိုးလေများအရ အကဲဆတ်မှုိင်းသည် ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ရေးဟု အတော်များများက သတ်မှတ်ထားကြသည်။

၂၀၁၄ ခုနှစ်အတွင်း ဖြတ်သန်းရမည့် နိုင်ငံရေးပုစ္ဆာများမှာ –

(၁) ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖက်ဒရယ် (အခြေခံဥပဒေ ပုဒ်မ ၁၊ ၂၊ ၃ နှင့် ၅)

(၂) အချုပ်အခြာအာဏာနှင့် စံနှုန်း (အခြေခံဥပဒေ အခန်း- ၃) ဟူ၍ ဖြစ်သည်။

ဤပုစ္ဆာ ၂ ရပ်တွင် မည်သို့ အဖြေထွက်မည်ကို တွက်ချက်ကြည့်လျက် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်မှာ အတော်အတန်ပင် ပြေလည်သွားမည့် သဘောရှိသည်။ ဒုတိယပုစ္ဆာမှာမူ မည်သို့အဖြေထွက်လာပြီး မည်သို့သော အခင်းအကျင်းများဖြစ်လာမည်ကို မသိတတ်သေးသည့် အနေအထားဖြစ်သည်။ အကဲဆတ်ပွိုင့်မှာ ဤ ၂ ခုတည်းတော့ မဟုတ်ပါ။

## ခုချိန်ရာတန်း မီးတောက်များ

ရခိုင်ပြည်နယ်သည် တင်းမာမှုများ လျော့ပါးလာစေရန်၊ မယုံကြည်မှုများ နည်းပါးသွားစေရန်၊ မငြိမ်သက်မှုများ တည်ငြိမ်သွားစေရန် အချိန်ယူ တည်ဆောက်နေရသည့် အနေအထားဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော ပုစ္ဆာ ၂ ရပ်မှာ နိုင်ငံရေးအရ အကဲဆတ်ပွိုင့်များဟုဆိုလျှင် ရခိုင်ပြည်နယ်မှာ အမျိုးသားရေးအကဲဆတ်ပွိုင့်ဟု ဆိုနိုင်သည်။ လောလောလတ်လတ်ဖြစ်ပွားခဲ့သော ခုချိရာတန်းကျေးရွာဖြစ်စဉ်တွင် မည်ရွေ့မည်မျှ အကဲဆတ်သည်ကို အထင်အရှား မြင်တွေ့လာရခြင်းလည်း ဖြစ်သည်။

ပထမဦးစွာ ဤပြဿနာသည် မချော်လင့်ဘဲ ပေါ်ပေါက်လာခဲ့သော သမိုင်းနှင့်ချီ၍ ပြာဖုံးနေသည့် မီးခဲများဖြစ်သည်ကို အသိအမှတ်ပြုရပေမည်။ အကြောင်းတိုက်ဆိုင်တိုင်း ပေါ်ပေါက်လာတတ်သော အနာမကျက်နိုင်သေးသည့် ဒဏ်ရာဟောင်းလည်း ဖြစ်သည်။

ဒုတိယအချက်အနေဖြင့် ဤပြဿနာသည် 'လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးပြဿနာ' ဖြစ်ပြီး ပြည်တွင်းရှိ ဘာသာခြားများနှင့် မည်သို့မျှ သက်ဆိုင်မှုမရှိကြောင်း လက်ခံနိုင်ရန် လိုအပ်ပါမည်။

တတိယအချက်အနေဖြင့် ဤပြဿနာသည် ဤနိုင်ငံအတွင်း၌ ဥပဒေနှင့် အညီ အေးအေးချမ်းချမ်း မှီတင်းနေထိုင်ကြသော နိုင်ငံသားများ (အားလုံး)၏ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လျက်ရှိသော အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်ဖြစ်သည်ကိုနားလည်နိုင်ရန် အရေးကြီးပေသည်။

## နိုင်ငံသားနှင့် တိုင်းရင်းသားကိစ္စ

ပြဿနာများ၏ ဇာစ်မြစ်ကို လေ့လာကြည့်လျှင် 'နိုင်ငံသားအခွင့်အရေး' က စတင်သည်ကို သတိပြုကြဖို့ လိုအပ်သည်။ တစ်ဖက်မှ တောင်းဆိုလှုပ်ရှားမှုများမှာ နိုင်ငံသားထက်ပိုသော 'တိုင်းရင်းသားအခွင့်အရေး' ဖြစ်နေသည်။ တိုင်းရင်းသားသည် ၁၉၈၂ ခုနှစ် ဥပဒေအရ ဇာတိနိုင်ငံသားများကိုသာ ဆိုလိုပြီး နိုင်ငံသားတွင် ဇာတိနိုင်ငံသားရော ဧည့်နိုင်ငံသားပါ ရောနှောပါဝင်နေသည်။

ရိုးရိုးရှင်းရှင်း စဉ်းစားကြည့်လျှင် နိုင်ငံသားကိစ္စမှာပင် ပြင်းထန်သော ဆန့်ကျင်မှုများ ကြုံတွေ့နေရခြင်းကြောင့် တိုင်းရင်းသားဖြစ်ရေးကိစ္စမှာမဖြစ်နိုင်သော ရည်မှန်းချက်သာ ဖြစ်သည်။ ပြည်ပရှိ တက်ကြွလှုပ်ရှားသူတို့က တိုင်းပြည်တကာလှည့်လည်သွားလာရေး 'အခွင့်အရေးတောင်းဆိုပွဲများ' ဆောင်ရွက်လေလေ ပြည်တွင်းရှိ နိုင်ငံသားများအားလုံး စိတ်ဒယ်နှ ဖြိမ်းခြောက်လာလေလေ ဖြစ်နေသဖြင့် အမည်နာမ၊ အခေါ်အဝေါ်များ တရားဝင်ရေးသည် မဖြစ်နိုင်သော တောင်းဆိုမှုသာ ဖြစ်သည်။

တစ်ဖန် နိုင်ငံသားကိစ္စ အငြင်းပွားမှုကိုလည်း ရှင်းရှင်းလင်းလင်း သိရန်လိုအပ်ပေသည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် နိုင်ငံသားအခွင့်အရေးကို တစ်ဖက်ပိတ်ငြင်းပယ်နေခြင်း မဟုတ်ပေ။ '၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့် ညီညွတ်သူများအားလုံးကို နိုင်ငံသားပေးမည်' ဟူ၍ ကမ္ဘာသိ အတိအလင်းကြေညာထားပြီး ဖြစ်သည်။ 'နိုင်ငံသားကိစ္စ' သည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်၍ မည်သည့်နိုင်ငံတွင်မဆို သီးသန့်ဥပဒေများ ပြဋ္ဌာန်းထားစမြဲသာ ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေဖြစ်သော ၁၉၈၂ ခုနှစ် ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။ ယင်းဥပဒေနှင့် ညီသူများကို နိုင်ငံသားပေးမည်။ မညီသူများကိုတော့ နိုင်ငံသားမပေးနိုင်ဟူသောအဖြေမှာ ရှင်းသည်။

အငြင်းပွားဖွယ်ရာ ဖြစ်လာနိုင်သည်မှာ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်အပေါ် အားလုံးက ယုံကြည်မှုရှိစေရေးပင် ဖြစ်သည်။ ဤတွင် အစိုးရ၊ နစ်ဖက်လူ့အဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်သော နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်တစ်ရပ် ချမှတ်ခဲ့သည်။ ဤလုပ်ငန်းစဉ်အရ

ပွင့်လင်းမြင်သာမှုရှိရှိ စိစစ်နိုင်ခဲ့လျှင် ဤမျှအထိ နိုင်ငံသား စစ်-မစစ် ပြဿနာများ ရှုပ်လာစရာ မရှိပါ။ သို့သော် နိုင်ငံသားစိစစ်ရေးအဖွဲ့များ ကွင်းဆင်းသွားရောက်သည့်အခါ (တောင်းဆိုနေသော လူမျိုးအမည်) အော်ပာစ်၍ စာရင်းတွင် ယင်းလူမျိုးအမည်ကိုသာဖြည့်မည်ဟူသော အကျပ်ကိုင်မှုများကြောင့် စိစစ်ရေးလုပ်ငန်းရပ်ဆိုင်းခဲ့ရသည်။ လူမျိုးအမည်ကို လူအုပ်စုအားဖြင့် ဆန့်ကျင်တောင်းဆိုခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အကျပ်ကိုင်ဖိအားပေးခြင်းသာဖြစ်ပြီး လက်ရှိ အစိုးရအနေဖြင့် မည်သို့မျှ လိုက်လျောပေးနိုင်မည်မဟုတ်ပါ။

## တက်ကြွလှုပ်ရှားသူများ၏ မဟာဗျူဟာ

ယင်းသို့ လူမျိုးအမည်ကို လူအုပ်စုဖြင့် တောင်းဆိုရုံနှင့် မရနိုင်မှန်း သိလျက်ဖြင့် မည်သည့်အတွက်ကြောင့် တောင်းဆိုကြပါသနည်း။ ဖြစ်နိုင်ချေတစ်ခုမှာ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ရပ်ဆိုင်းသွားရေးသာဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့အစည်းမျိုးစုံကလည်း နိုင်ငံသားအခွင့်အရေး ငြင်းပယ်ခြင်းကို ပြစ်တင်ဝေဖန်ကြပြီး နိုင်ငံသားအခွင့်အရေးပေးနိုင်ရေးအတွက် ဆောင်ရွက်သော စိစစ်ရေးလုပ်ငန်းစဉ် နှောက်ယှက်ခံခြင်းကို အပြစ်မမြင်ခဲ့ကြ။ ဤသည်မှာလည်း အံ့သြစရာတော့မဟုတ်။ မြန်မာနိုင်ငံသည် နှစ်ပေါင်း ၂၀ ကျော် လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် နိုင်ငံတကာအလယ်တွင် တစ်ပင်တိုင်မင်းသားကြီးအသွင်ဖြင့် ဝေဖန်ပြစ်တင်မှုများ နားမဆုံအောင် ကြုံခဲ့ရသော နိုင်ငံငယ်လေးသာဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးလက်ထက် နိုင်ငံ့ပုံရိပ်နှင့် ဂုဏ်သိက္ခာ ပြန်လည်ဆယ်တင်လာနိုင်ခဲ့သည်မှာ ၃ နှစ်ပင်မပြည့်တတ်သေး။ ဆယ်စုနှစ်နှင့်ချီ၍ တည်ဆောက်ခဲ့သော လူ့အခွင့်အရေးကန့်ဝိန်းများဖြင့် နိုင်ငံတကာ အဖွဲ့အစည်းများအကြား နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်ထိုးဖောက်ခဲ့သော ကွန်ရက်သည် လက်ရှိအချိန်တွင် ပိုမိုအားကောင်းလာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးနီးပါး ပြန်လည်လွတ်မြောက်လာခဲ့ခြင်း၊ စာနယ်ဇင်းဆင်ဆာစနစ် ပယ်ဖျက်ပေးခြင်း၊ အလုပ်သမားသမဂ္ဂနှင့် လယ်သမားအဖွဲ့အစည်းများဖွဲ့စည်းခွင့်ပြုခဲ့ခြင်း၊ ငြိမ်းချမ်း

ဥ ဆန္ဒဖော်ထုတ်ခွင့်များ ရရှိခဲ့ခြင်း၊ ပြည်တွင်းငြိမ်းချမ်း ဖျော်လင့်ချက် များလာခြင်း စသည့်အကြောင်းအချက်များအရ မြန်မာနိုင်ငံအပေါ် လူ့အခွင့်အရေးရှုထောင့်မှ ပြစ်ချက်ရှာကြရာ၌ ဘင်္ဂါလီကိစ္စသည် တစ်ခုသည်းသော ပစ်မှတ်ဖြစ်နေခဲ့သည်။

နိုင်ငံတကာတွင်သာမက အမေရိကန်အပါအဝင် နိုင်ငံကြီးများ၏ နိုင်ငံရေးလောကတွင်ပါ လူ့အခွင့်အရေးကိစ္စသည် သည်းခြေကြိုက်ကိစ္စ ဖြစ်နေလေရာ အော်ဟစ်၍ကောင်း၊ ရန်ပုံငွေရှာကောင်းသော ကိစ္စကြီး ဖြစ်လေရာ မြန်မာနိုင်ငံဆိုလျှင် ဘင်္ဂါလီကိစ္စတံဆိပ်ကပ်၍ ထုကြထောင်း ကြလေတော့သတည်း ဟူသောအခြေအနေသို့ ရောက်ရှိခဲ့သည်။ ဤနေရာတွင် ပြည်တွင်းရှိ ဘာသာခြားနိုင်ငံသားများအနေဖြင့် အမျိုးသားလုံခြုံရေးနှင့် လူဝင်မှုကြီးကြပ်ရေးကို ခွဲခြားသိမြင်ကြရန် အထူးအရေးကြီးသည်။ အမေရိကန်ပြည်ထောင်စုသည် လင်ကွန်းလက်ထက်၌ ကျွန်စနစ် ဖျက်သိမ်းခဲ့ပြီးနောက် အဖြူ–အမည်း ပြဿနာကြီးမားစွာကြုံတွေ့ခဲ့ရသည်။ 'ကောသုံးလုံး' အမည်ရှိ လူဖြူအစွန်းရောက်ဂိုဏ်းတစ်ဂိုဏ်းသည် အမေရိကတစ်နိုင်ငံလုံးရှိ လူမည်းများကို လုပ်ကြံသတ်ဖြတ်သည်အထိ အဖြစ်ဆိုးခဲ့ရသည်။ မည်မျှအထိ ခွဲခြားခဲ့သနည်းဆိုလျှင် ဥပဒေများထုတ်ပြန်၍ပင် လူမည်းများကို နှိမ်ထားခဲ့ကြခြင်းဖြစ်သည်။ 'လူမည်းနှင့် ခွေးမဝင်ရ' ဟူသောဆိုင်းဘုတ်များသည် အိုလံပစ်ရွှေခါးပတ်ရယူခဲ့သော မိုဟာမက်အလီကိုလည်း ချမ်းသာမပေးခဲ့ပါ။ ဘတ်စ်ကားစီး၍ လူဖြူများ ကားပေါ်တက်လာပြီး ထိုင်စရာ ထိုင်ခုံမရှိပါက ထိုင်နေသော လူမည်းများက နေရာဖယ်ပေးရသည်အထိ ဥပဒေများပြဋ္ဌာန်းထားခဲ့သည်။ လူမည်းအခွင့်အရေး တောင်းဆိုခဲ့ရာ၌ နိုဗယ်ဆု ရရှိခဲ့သော မာတင်လူသာကင်း အသက်ပေးပြီး နှစ်ပေါင်းများစွာကြာမြင့်သည့် ၂၀၀၈ ခုနှစ်ရောက်တော့မှ ဘားရက်အိုဘားမား အမေရိကန်သမ္မတ ဖြစ်လာခဲ့ခြင်းဖြစ်သည်။ မာတင်လူသာကင်းသည် တန်းတူရေးအိပ်မက်ကို လက်ဆင့်ကမ်းခဲ့ရာ အိုဘားမားလက်ထက်၌သာ ယင်းအိပ်မက်တို့ အကောင်အထည်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ဤသို့သော ရုန်းကန် အသက်ပေးတိုက်ပွဲဝင်ခဲ့ကြသော သမိုင်းနှင့် ဆက်စပ်၍ လူ့အခွင့်အရေးချန်ပီယံအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ အများအပြား

ရှိနေကြပါ၏။

ဤသို့ဖြင့် နိုင်ငံတော်သမ္မတကြီးလက်ထက် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုတွင် ဘင်္ဂါလီကိစ္စသည် အမြဲတဲက အမည်းစက်တစ်စက်ဖြစ်ခဲ့ရသည်။ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ပွင့်လင်းစေ တံခါးဖွင့်စေ ဒီမိုကရေစီထွန်းသစ်စအခြေအနေကို အခွင့်ကောင်းယူ၍ ဘင်္ဂါလီကိစ္စတွင် ဖိအားပေးမှု၊ တိုက်တွန်းမှုများသာမက စွက်ဖက်မှုများ ပြုလုပ်နိုင်ရန် ကြိုးပမ်းလာခဲ့ကြသည်များလည်း တွေ့ရှိရသည်။ မြန်မာနိုင်ငံသည် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်သည်သာမက ဥပဒေများမှာလည်း ပြည်သူကရွေးချယ်တင်မြှောက်သူများက ရေးဆွဲပြဋ္ဌာန်းနေကြခြင်းသာ ဖြစ်သည်။ ကိုလိုနီလက်အောက်မှာ လွတ်မြောက်လာခဲ့သည်မှာ နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီဆိုသည်ကို အချို့သောနိုင်ငံများက သတိလက်လွတ်ဖြစ်နေပုံရသည်။

နိုင်ငံတော်သမ္မတကြီးချမှတ်ထားသော နိုင်ငံခြားဆက်ဆံရေးမူဝါဒမှာ ရှင်းရှင်းလေး ဖြစ်သည်။ နံပါတ်(၁)နိုင်ငံတော်၏ အချုပ်အခြာအာဏာ မထိခိုက်စေရ၊ (၂) အမျိုးသားအကျိုးစီးပွား မထိခိုက်စေရ၊ (၃) ပြည်သူများ၏ အကျိုးစီးပွားမထိခိုက်စေရ၊ (၄) နိုင်ငံခြားရေးမူဝါဒ မထိခိုက်စေရဟူ၍ ဖြစ်သည်။ ယင်းမူ ၄ ချက်ကို ထိပါးလာလျှင် လက်ခံမည်မဟုတ်ပေ။ နိုင်ငံသားကိစ္စသည် အချုပ်အခြာအာဏာ၏ အစိတ်အပိုင်းတစ်ရပ်ဟု ဆိုထားပြီးဖြစ်ရာ ယင်းကိစ္စကိုလည်း ကြားဝင်စွက်ဖက်ခြင်း၊ ဖိအားပေးခြင်းစသည်တို့ကို လုံးဝလက်ခံမည်မဟုတ်ပေ။

## တိုက်တွန်းချက်

ဒုချီရာတန်းဖြစ်စဉ်တွင် လူမြို့ရေးတပ်ဖွဲ့ဝင်များကို ကြိုတင်စီစဉ်ပြီး လူအုပ်စုဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် စာစ်မြစ်ဖြစ်သည်။ ယင်းကိစ္စသည် မည်သည့်နိုင်ငံ၊ မည်သည့်အစိုးရမျိုးကမှ ခွင့်လွှတ်လက်ခံနိုင်သည့်ကိစ္စမဟုတ်ပေ။ သို့သော် တက်ကြွလှုပ်ရှားသူများ၏ ကွန်ရက်များက နိုင်ငံတကာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ သတင်းမှားကြီးတစ်ရပ် လုပ်ကြံဖန်တီးလေသောအခါ 'ဘင်္ဂါလီဒါစင်နှင့်ချီ၍ သတိဖြတ်ခြင်းခံရ'

ဟူသော သတင်းက ပျံ့နှံ့သွားပြီး ရဲတပ်ကြပ်ကြီးသေဆုံးသော ဖြစ်စဉ် မေးမှိန်ပျောက်ကွယ်သွားစေခဲ့သည်။ ထိုမျှနှင့်မပြီးသေး၊ သတင်းမှားကို အမှန်ဟု ထင်မြင်ယူဆလျက် စုံစမ်းစစ်ဆေးဖော်ထုတ်ပေးရန် ခပ်တည် တည်နှင့် တောင်းဆိုကြပြီး ကြေညာချက်ထုတ်ကြ၊ အော်ကြ ဟစ်ကြနှင့် အလုပ်ရှုပ်ကြရလေ၏။ ဤမှာဘက်တွင် အစိုးရအနေဖြင့် ရဲတပ်ကြပ်ကြီး ကိစ္စကိုအကြောင်းပြု၍ ပဋိပက္ခများ ပြည်တွင်း၌ ကူးစက်မှုမရှိစေရန် ထိန်း ထိန်းသိမ်းသိမ်း ဆောင်ရွက်နေရသည်ကိုလည်း နားမလည်။ ဒိုနာများနှင့် စပွန်ဆာများထံ မျက်နှာကောင်းရရှိရေးအတွက် သတင်းမှားသည်၊ မှန် သည်မသိ ဦးအောင်အော်ဖို့သာကြည့်ခဲ့ကြပါ၏။

နိုင်ငံတကာ အသိုင်းအဝိုင်းကိုရော၊ ပြည်တွင်းပြည်ပ ဘင်္ဂါလီတက် ကြွလှုပ်ရှားသူများအနေဖြင့် ဘင်္ဂါလီအရေးဖြေရှင်းနိုင်ရေး အစိုးရက ဆောင်ရွက်လျက်ရှိရာ ပြဿနာဇာစ်မြစ်ဖြစ်သော နိုင်ငံသားစိစစ်ရေးလုပ် ငန်းစဉ်ကို ပိုင်းဝန်းကူညီရန်မဆိုထားနှင့် စကားထဲပင် ထည့်မပြောခဲ့ကြ ပေ။ အမှန်ဖြစ်သင့်သည်မှာ နိုင်ငံသားအခွင့်အရေးတောင်းဆိုနေကြသူများ နိုင်ငံသားအခွင့်အရေးရရှိရေးအတွက် ဤစိစစ်ရေးကို လက်ခံရန် ပိုင်းဝန်း ကူညီရမည်၊ တိုက်တွန်းရမည်၊ ပံ့ပိုးကြမည်သာ။ ယင်းတို့ တိုက်တွန်းနေ သော အခွင့်အရေးရရန် အစိုးရက လုပ်ဆောင်နေခြင်းမဟုတ်လော။

တစ်ဖန် သတင်းထုတ်ပြန်ကြရာ၌၊ ဖိအားပေးကြရာ၌ အစဉ် အဆက် တင်ရှိခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းကောင်းနှင့် တိုက်ဆိုင်ကာ ဘင်္ဂါလီတက်ကြွလှုပ်ရှားသူများ၏ သတင်းအချက်အလက် ကိုသာ တစ်ဖက်ပိတ်ယုံကြည်ကြမည်ဆိုလျှင် မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် များစွာခက်ခဲပေါမည်။ တစ်ဖန် အကဲဆတ်မှိုင့်မှု အလွန်တရာ အကဲဆတ်မှိုင့်ဖြစ်နေသော ရခိုင်ပြည်နယ်နှင့် ပတ်သက် လျှင် မသိနားမလည်ဘဲ ဝင်မရှုပ်ကြသည်က ပိုမိုကောင်းမွန်ပေလိမ့်မည်။ မှန်သလား၊ မှားသလား စိစစ်ရမည့် ကျင့်ဝတ်၊ စည်းမျဉ်းများကို လျစ်လျူ ရှု၍ ဒိုနာ၊ စပွန်ဆာနှင့် လော်ဘီများ မျက်နှာသာရရေးအတွက်၊ ပရော ဂျက်၊ ပရိုဂျက်ဆယ်များရရှိရေး သူများထက်ဦးအောင် အော်ဟစ်ဖိအားပေး လိုသည်ဆိုလျှင် ပြည်တွင်း၌ မလိုလားအပ်သော ဆိုးကျိုးများ ဖန်တီးမိ

လျက်သားဖြစ်သွားပြီး ပြည်တွင်းပဋိပက္ခ တရားခံအဖြစ်သို့ ရောက်ရှိသွားနိုင်သည်ကို သတိပြုကြရန် လိုအပ်ပေမည်။

အချုပ်ဆိုရသော် ဂလိုဘယ်လိုက်ဇေးရှင်းအရ ကမ္ဘာ့မှုပြုခဲ့ပြီ ဆိုသော်လည်း အကဲဆတ်မှုရှိုင့်ကို အကဲဆတ်မှုရှိုင့်ဟု နားလည်ရန်၊ ပြည်တွင်းရေးကို ပြည်တွင်းရေးဟုသဘောပေါက်ရန် အထူးပဲ အရေးကြီးနေပြီ ဖြစ်ကြောင်း၊ ပြည်တွင်းရှိ နိုင်ငံသားအားလုံးအနေဖြင့်လည်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားလုံခြုံရေးပြဿနာကို မိမိတို့နှင့် သီးသန့်ဖြစ်သည်ကို သတိပြုကြရန် အရေးကြီးကြောင်း မီးမောင်းထိုး တင်ပြအပ်ပေသည်။

❑

# Government Shut Down နှင့် မြန်မာနိုင်ငံ

**နိဒါန်း**

လက်ရှိ ကမ္ဘာ့အရပ်ရပ်သတင်းများတွင် ထိပ်တန်းရောက်သတင်းတစ်ရပ်မှာ အမေရိကန်ပြည်ထောင်စု၏ အစိုးရလုပ်ငန်းများ ယာယီရပ်ဆိုင်းသွားခြင်းဖြစ်ပြီး ယင်းကို **Government Shut Down** ဟု တင်စားခေါ်တွင်လျက်ရှိသည်။ အောက်တိုဘာလ ၁ ရက်နေ့ နောက်ဆုံးထားပြီး ဆုံးဖြတ်အတည်ပြုပေးရမည့် အသုံးစရိတ်ချထားပေးရန် အဆိုကို လွှတ်တော်နှစ်ရပ်စလုံးက သဘောမတူညီသည့်အတွက် ၁၇ နှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အစိုးရလုပ်ငန်းများရပ်ဆိုင်းခဲ့ရသည်။ ယခုဖြစ်စဉ်မတိုင်မီ နောက်ဆုံးဖြစ်ပွားခဲ့သော အစိုးရလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသောဖြစ်စဉ်မှာ ၁၉၉၆ ခုနှစ် သမ္မတဘီလ်ကလင်တန်လက်ထက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၂၁ ရက် ကြာမြင့်ခဲ့သည်။ ယင်းကာလက အစိုးရလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ခြင်းကြောင့် တွေ့ကြုံခဲ့ရသော ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ အထိ ရှိခဲ့သည်။

**Government Shut Down**

အောက်တိုဘာ ၁ ရက်နေ့ နောက်ဆုံးထားခွင့်ပြုပေးရမည့် ဘတ်

ဂျက်အတည်ပြုပေးခြင်းမရှိသဖြင့် အိမ်ဖြူတော် ဘတ်ဂျက်အသုံးစရိတ်ဆိုင်ရာ ညွှန်ကြားရေးမှူး Sylvia Burwe မှ အစိုးရဌာနများအား လုပ်ငန်းရပ်ဆိုင်းမှုအစီအစဉ်များ စနစ်တကျပြုလုပ်ရန် ညွှန်ကြားချက် ထုတ်ပြန်ခဲ့ရသည်။ ယင်းညွှန်ကြားချက်အရ အပန်းဖြေပန်းခြံများ၊ ကူးသန်းသွားလာရေးလုံခြုံမှုအတွက် တာဝန်ယူရသည့်အဖွဲ့အစည်းများ၊ ကာကွယ်ရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရပ်သားဝန်ထမ်းများ၏ ထက်ဝက် စသည်တို့အပါအဝင် အစိုးရဝန်ထမ်းပေါင်း ၁ သန်းနီးပါး အလုပ်မဆင်းဘဲ နေကြရမည်ဖြစ်သည်။ FDA ၏ စားသောက်ကုန်များစစ်ဆေးသည့်လုပ်ငန်းများ ရပ်ဆိုင်းထားရမည်ဖြစ်ပြီး NIH ၏ သုတေသနဆေးရုံတွင် လူနာအသစ်များ လက်ခံနိုင်မည်မဟုတ်ကြောင်း သိရှိရသည်။ အမျိုးသားတိရစ္ဆာန်ဥယျာဉ်အား ပိတ်ထားရမည်ဖြစ်ပြီး ပန်ဒါဝက်ဝံများ လျှပ်စစ်မီးမရဘဲထားရမည်ဖြစ်သော်လည်း တိရစ္ဆာန်များ အစာကျွေးခြင်းကိုမူ မပျက်ဘဲ ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အမေရိကန်တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပြီး အာဖကန်နစ္စတန်အပါအဝင် ဆင်နွှဲနေသည့် စစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အမေရိကန်စစ်မှုထမ်းများ၏ လစာများအချိန်မီရရှိစေရေးအတွက် သမ္မတအိုဘားမားက ဥပဒေကြမ်းတစ်ရပ် လက်မှတ်ရေးထိုးတင်ပြရန် ထုတ်ဖော်ပြောကြားထားပြီး အစိုးရလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် ကွန်ဂရက်နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

Obamacare ဟု လူသိများသည့် Affordable Care Act (ACA) မှာ အထက်–အောက် လွှတ်တော်နှစ်ရပ်စလုံးပါဝင်သော ကွန်ဂရက်၏ သဘောတူညီချက်ကို ရရှိထားပြီးဖြစ်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ–မညီ စိစစ်သည့် အမေရိကန်တရားရုံးချုပ်၏ ညီညွတ်ကြောင်း အတည်ပြုချက်ရရှိထားပြီး ဖြစ်သည်။ ဆိုရလျှင် ဥပဒေကြမ်း Bill အဆင့်မှ Law အဆင့်အထိ အဆင့်ဆင့်သော ဥပဒေပြုရေးလုပ်ငန်းစဉ်များကို ကျော်ဖြတ်ထားခဲ့ပြီးဖြစ်သည်။ ယခုအတည်မပြုနိုင်သည့် ဥပဒေကြမ်းမှာ အဆိုပါ ACA အား လက်တွေ့အကောင်အထည်ဖော်ရန်အတွက် Fed-

...ral Budget တောင်းခံသည့် ရန်ပုံငွေဥပဒေကြမ်းတွင် Debt Ceiling မြှင့်တင်ရေးတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ရီပတ်ဘလီကင်များ ကြီးစိုးထားသည့် အောက်လွှတ်တော်သည် သမ္မတအိုဘားမားတင်သွင်းခဲ့သည့် Obamacare ကို မရ ရအောင် ဆန့်ကျင်မည်ဟု ...ည်းရုံး၍ ကွန်ဆာဗေးတစ်များ ဦးဆောင်မှုဖြင့် Obamacareကို အကောင်အထည်ဖော်မှုရွှေ့ဆိုင်းပေးရန်၊ အသုံးစရိတ်လျှော့ချရန် တောင်းဆိုထားသည်။ အဆိုပါတောင်းဆိုချက်များ လိုက်လျောပါက ဘတ်ဂျက်အတည်ပြုပေးမည်ဟု၍ အထက်လွှတ်တော်သို့ ၃ ကြိမ်တိုင်တိုင်တင်ပြခဲ့ရာ အထက်လွှတ်တော်က ၃ ကြိမ်တိုင်တိုင် ပယ်ချခဲ့ရာမှ ဤပြဿနာ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

အိမ်ဖြူတော်ကမူ ဤကိစ္စနှင့်စပ်လျဉ်း၍ အောက်လွှတ်တော်ရှိ ...ီးပါတီဝင်များ၊ ရီပတ်ဘလီကင်ကွန်ဆာဗေးတစ်များကြောင့် ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားပြီး အမျိုးသားလုံခြုံရေးနှင့်ပြည်သူများ၏ လုံခြုံရေးမထိခိုက်စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ဖော်ပြထားသည်။ အိုဘားမားအစိုးရ တင်ပြသော ဘတ်ဂျက်တွင် Obamacareအတွက် အသုံးစရိတ်ကိုပါ ထည့်သွင်းတွက်ချက်ထားသော်လည်း အောက်လွှတ်တော်ရှိ ရီပတ်ဘလီကင်များက Obamacareအတွက် ဘတ်ဂျက်ကို ဖယ်ထုတ်ပြီး အတည်ပြုခဲ့ခြင်းဖြစ်ရာ ဒီမိုကရက်များ ကြီးစိုးထားသည့် ဆီးနိတ်မှ အတည်မပြုဘဲ ပယ်ချခဲ့ခြင်းဖြစ်သည်။ ဤတွင် လွှတ်တော် ၂ ရပ်အကြား သဘောထားကွဲလွဲမှုများ အဖြေမရရှိသဖြင့် သတ်မှတ်အချိန် ပြည့်မြောက်သည်အထိ ဘတ်ဂျက်အတည်ပြုနိုင်ခြင်း မရှိခဲ့ဘဲ အစိုးရလုပ်ငန်းများ ရပ်ဆိုင်းရသည့် အခြေအနေသို့ ရောက်ရှိစေခဲ့ရသည်။ အမေရိကန်ပြည်ထောင်စု၏ Antideficiency Act အရ လွှတ်တော် ၂ ရပ်စလုံးက အတည်မပြုသော ဘတ်ဂျက်ကို အစိုးရက သုံးစွဲပိုင်ခွင့်မရှိ၍ အိုဘားမားအစိုးရ အကျပ်တွေ့လာခဲ့ရသည်။

အလားတူ နိုဝင်ဘာလအတွင်းအဆုံးအဖြတ်ပေးရမည့် Debt Ceiling မြှင့်တင်ရေးတွင်လည်း ပြဿနာများ ကြီးကြီးမားမား ပေါ်ပေါက်လာနိုင်ကြောင်း ခန့်မှန်းထားကြသည်။ ရီပတ်ဘလီကင်များက အစိုးရအဖွဲ့

ချေးငွေ Debt Ceiling ပမာဏအား အမေရိကန်ဒေါ်လာ ၁၆.၇ ထရီလီယံ ထက် မပိုဘဲ လျှော့ချပေးရန်ဖြစ်ပြီး အိုဘားမားအစိုးရကမူ ထိုကန့်သတ် ချက်ထက်မြှင့်တင်ပေးမှသာ အမေရိကန်နိုင်ငံမှ ပေးဆပ်ရန်ရှိသည့် ချေးငွေများ၊ အတိုးများ ပေးဆပ်နိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ပေးဆပ်နိုင်မှု မရှိခြင်းကြောင့် အမေရိကန်စီးပွားရေးသာမက ကမ္ဘာလုံးချီစီးပွားရေးကိုပါ ထိခိုက်စေနိုင်ကြောင်း သတိပေးပြောကြားထားသည်။

အမေရိကန်ပြည်ထောင်စု၏ လက်ရှိအခြေအနေမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(၁) ကွန်ဂရက်က အတည်ပြုထားပြီး တရားရုံးချုပ်က အခြေခံ ဥပဒေနှင့်ညီကြောင်း အတည်ပြုထား၍ အိုဘားမားလက် မှတ်ရေးထိုး ပြဋ္ဌာန်းထားသော Obamacare ဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အသုံးစရိတ်ကို အောက်လွှတ်တော်က ငြင်းပယ်ထားသည်။

(၂) အောက်လွှတ်တော်က ထိုသို့ လျှော့၍ခွင့်ပြုထားသော ဘတ်ဂျက်ဥပဒေကြမ်းကို အထက်လွှတ်တော်က ပယ်ချခဲ့ သည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာရေးနှစ်အတွက် ဘတ် ဂျက် အသုံးစရိတ် အတည်ပြုနိုင်ခြင်းမရှိ။ (အမျိုးသား လုံခြုံရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်း တာဝန်များ ကိုမူ ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်စေရန် အခြားသော ဥပဒေပြဋ္ဌာန်းချက်များဖြင့် ဆောင်ရွက်နေရသည်။)

(၃) ရီပတ်ဘလီကင်များ၏ အဓိကရပ်တည်ချက်မှာ Obamacare ဥပဒေကို မလုပ်ဘဲထားရန်၊ သို့မဟုတ် အသုံးစရိတ် လျှော့ချပေးရန်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးမှသာ ဘတ် ဂျက် ခွင့်ပြုပေးမည်ဟူ၍ ဖြစ်သည်။

(၄) ၎င်းအပြင် ရီပတ်ဘလီကင်များက တောင်းဆိုထားသည့် နောက်တစ်ချက်မှာ လာမည့်နိဝင်ဘာလအတွင်း ဆုံးဖြတ် ပေးရမည့် အစိုးရချေးငွေပမာဏကို ဒေါ်လာ ၁၆.၇ ထရီ လီယံထက် ပိုမပေးဟူ၍ဖြစ်ရာ ယင်းကိစ္စမှာလည်း ထပ်မံ

ကြုံတွေ့ရဦးမည့် ပြဿနာ ဖြစ်သည်။

လွှတ်တော် ၂ ရပ်အကြား နိုင်ငံရေးအရညှိနှိုင်းဖြေရှင်းနိုင်မှု မရှိသဖြင့် အစိုးရလုပ်ငန်းများ ရပ်ဆိုင်းသွားရသည့်အတွက် ဂိုဏ်းဂဏနိုင်ငံရေးအရ ရိပတ်ဘလီကင်များနှင့် ဒီမိုကရက်များအပေါ် အမေရိကန်ပြည်သူများအကြား ဝေဖန်ပြစ်တင်မှုများ တိုးမြှင့်ပေါ်ပေါက်လာနေကြောင်း တွေ့ရှိရသည်။ လွှတ်တော် ၂ ရပ်အကြား သဘောထားကွဲလွဲမှုတွင် ပါတီနှစ်ရပ်မှ အမတ်များမှာ အပြန်အလှန် စွပ်စွဲတိုက်ခိုက်မှုများ ဖြစ်ပေါ်လျက် ရှိသည်။

## မြန်မာနိုင်ငံ၏ အခြေခံဥပဒေ

ဤကဲ့သို့ လွှတ်တော် ၂ ရပ်အကြား အငြင်းပွားမှုကြောင့် ဘတ်ဂျက်ဥပဒေကြမ်း အချိန်မီ အတည်ပြုပေးနိုင်မှုမရှိသော ဖြစ်စဉ် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်လာခဲ့ပါက Government Shut Down အထိ ဖြစ်သွားနိုင်ပါသလား ဟူသောမေးခွန်းတစ်ရပ် ပေါ်ထွက်လာခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပေါ်လျက်ရှိသော Government Shut Down မျိုး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာနိုင်ခြင်းမရှိဟု သုံးသပ်တွေ့ရှိရသည်။ ဘတ်ဂျက် ဥပဒေကြမ်း တင်သွင်းခြင်းနှင့် အတည်ပြုခြင်းသုံးစွဲခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်-

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃ အရ (၁) အခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် အဖွဲ့အစည်းဝင်များ၏ လစာ၊ စရိတ်နှင့် ယင်းအဖွဲ့အစည်းများ၏ အသုံးစရိတ်များ၊ (၂) ပြည်ထောင်စုကပေးဆပ်ရန် တာဝန်ရှိသော ကြွေးမြီများ၊ ယင်းကြွေးမြီများနှင့်ဆက်နွှယ်သော ကုန်ကျစရိတ်များ၊ ပြည်ထောင်စုက ချေးယူငွေများနှင့် ဆက်နွှယ်သော အခြားကုန်ကျစရိတ်များ၊ (၃) တရားရုံး သို့မဟုတ် ခုံရုံး တစ်ရုံးရုံး၏ စီရင်ချက်၊ အမိန့်၊ ဒီကရီအရ ပေးဆောင်ရန်ရှိသော အသုံးစရိတ်များ၊ (၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ခုခုအရဖြစ်စေ ကျခံရမည့် အခြား

အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပိုင်ခွင့်ရှိသည်။ သို့သော် ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း မပြုရ ဟူ၍ ပြဋ္ဌာန်းထားသည်။

အဆိုပါအသုံးစရိတ်များမှအပ အခြားအသုံးစရိတ်များအတွက်ကိုမူ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း၊ ငြင်းပယ်ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းတို့ကို အများဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်ဟူ၍ ပြဋ္ဌာန်းထားသည်။

အိုဘားမားအစိုးရသည် တည်ဆဲဥပဒေတစ်ရပ် ဖြစ်သော Obamacare အတွက် လိုအပ်သောအသုံးစရိတ်ကို တင်ပြတောင်းခံခဲ့သော်လည်း အောက်လွှတ်တော်က ယင်းအသုံးစရိတ်အား ဖြတ်ချခြင်း (ငြင်းပယ်ခြင်း) ပြုခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စမျိုး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာခဲ့ပါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးနိုင်သော်လည်း ငြင်းပယ်ခြင်း၊ လျှော့၍ခွင့်ပြုခြင်း မပြုနိုင်ပါ။

ပြည်ထောင်စုက ပေးဆပ်ရမည့် ကြွေးမြီများနှင့် အတိုးများအတွက် အိုဘားမားအစိုးရ တင်ပြတောင်းခံထားသော Debt Ceiling နှင့်စပ်လျဉ်း၍လည်း အောက်လွှတ်တော်က အမေရိကန်ဒေါ်လာ ၁၆.၇ ထရီလီယံထက် ပိုမပေးဟု ပြောကြားထားသော ကိစ္စမှာလည်း လာမည့်နိဝင်ဘာလအတွင်း ဆုံးဖြတ်ရမည် ဖြစ်သည်။ ထိုကိစ္စမျိုး မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာခဲ့ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃ အရ ပြည်ထောင်စုလွှတ်တော်က လျှော့၍ခွင့်ပြုခြင်း မပြုနိုင်ပါ။

အလားတူ အစိုးရက တင်သွင်းထားသော ဘတ်ဂျက်ဥပဒေကြမ်းအား လွှတ်တော်က အချိန်မီအတည်ပြုပေးနိုင်ခြင်းမရှိခဲ့ပါက အစိုးရလုပ်ငန်းများ ရပ်ဆိုင်းသွားစေနိုင်သည့် Government Shut Down မျိုး မြန်မာနိုင်ငံတွင် မဖြစ်နိုင်ဟုဆိုရခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၂ အရ ပြောရခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၂ တွင် ပြည်ထောင်စုအစိုးရသည် မိမိတင်သွင်းသည့် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းကို ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုနိုင်လျှင် ပြည်ထောင်စုလွှတ်တော်က နောက်ဆုံး

ပြဋ္ဌာန်းထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ သာမန်အသုံးစရိတ် ခွင့်ပြုချက်ဘောင်အတွင်း သုံးစွဲခွင့်ရှိသည်' ဟူ၍ ပြဋ္ဌာန်းထားသည်။ ဥပမာအားဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် သုံးမည့် ဘတ်ဂျက်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်မပြုနိုင်သေးဘဲ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကုန်သွားခဲ့ပါသည်။ (ယခုလောက်ရှိ) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ခွင့်ပြုထားသော ဘတ်ဂျက်ဘောင်အတိုင်း သုံးစွဲနိုင်ကြောင်း အခြေခံဥပဒေက အပ်နှင်းထားသည်။ သာမန်အသုံးစရိတ်ခွင့်ပြုချက်သည် စီမံကိန်းနှင့်သက်ဆိုင်သော ငွေလုံးငွေရင်းမဟုတ်သဖြင့် ဝန်ထမ်းလစာ၊ ဌာနအသုံးစရိတ်များကိုမူ ယခင်နှစ်ခွင့်ပြုချက်အတိုင်း ဆက်လက်သုံးစွဲနိုင်မည် ဖြစ်သည်။ ဆိုလိုရင်းမှာ စီမံကိန်းအသစ် များ စတင်မှုမပြုနိုင်စေကာမူ ဝန်ထမ်းလစာ၊ ဌာနအသုံးစရိတ်များပေးစရာမရှိသည့်အခြေအနေသို့ ရောက်ရှိသွားမည်မဟုတ်ပါ။ ထို့ကြောင့်မြန်မာနိုင်ငံတွင် Government Shut Down မဖြစ်နိုင်ဟု ဆိုရခြင်းဖြစ်သည်။

## နိဂုံး

မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိကအားဖြင့် အမေရိကန်၏ မဏ္ဍိုင်ကြီး ၃ ရပ် ပိုင်းခြားဆောင်ရွက်သော သမ္မတအုပ်ချုပ်ရေးစနစ်ကို မှီငြမ်းထားသော်လည်း အလုံးစုံထပ်တူညီခြင်းတော့မရှိပါ။ ပြီးပြည့်စုံသော အခြေခံဥပဒေဟူ၍ မရှိနိုင်သလို ပြောင်းလဲလာသည့် အခြေအနေနှင့်အညီ ပြင်ဆင်ဖြည့်စွက်ခြင်းများ ဆောင်ရွက်နေကြရသည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြေခံဥပဒေတွင် ဘတ်ဂျက်တောင်းခံမှုနှင့်စပ်လျဉ်း၍ Check and Balance သဘောတရားများ အပြည့်အဝ ထည့်သွင်းထားသော်လည်း အစိုးရတစ်ရပ်လုံး Shut Down ဖြစ်သွားစေနိုင်လောက်သည့် အနေအထားမျိုးမရောက်အောင် ထိန်းညှိထားသည်ကို တွေ့ရှိရသည်။ ဥပဒေပြုရေးမဏ္ဍိုင်သည်လည်းကောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်သည်လည်းကောင်း၊ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတွင် အဓိကပါဝင်နေသော တပ်မတော်သည်လည်းကောင်း၊ မဏ္ဍိုင်ကြီးအရပ်ရပ်ကို Check

and Balance ပြုလုပ်ရမည့် မီဒီယာနှင့် အရပ်ဘက်လူ့အဖွဲ့စည်းတို့သည် လည်းကောင်း သဘောထားကွဲလွဲမှုများ ရှိနေမည်ဖြစ်သော်လည်း မတူကွဲပြားမှုများကို ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းနိုင်ရန် အရေးကြီးသည်။

နိုင်ငံရေးအတွေးအမြင်များကို အခြေခံ၍ဆောင်ရွက်မှုများ၊ ဝါဒရေးရာ ငြင်းခုံမှုများ မရှိတော့သည့် ယနေ့မြန်မာနိုင်ငံတွင် သဘောထားကွဲလွဲခွင့်များကို အသိအမှတ်ပြု၍ နိုင်ငံတော်နှင့်နိုင်ငံသားတို့ ပန်းတိုင်ရောက်ရေးကို ရှေ့ရှုဆောင်ရွက်သွားရန်သာ ရှိပေသည်။ ဘက်ပေါင်းစုံတွင် အကျိုးစီးပွားပေါင်းစုံရှိနေကြမည်မှန်သော်လည်း သန်း ၆၀ ကို အခြေခံသော Adjustment of Interest သာလျှင် မျက်မှောက်ပြုကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပေသည်။

❑

## အထက်တန်းကျသော အမျိုးသားရေးစိတ်ဓာတ်နှင့် အမျိုးသားရေး တည်ဆောက်ရေး

### နိဒါန်း

မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းအလယ်တွင် ရေပန်းစားထင်ရှားလာခဲ့သလို ပိတ်ဆို့မှုများ ဖြေလျှော့ပေးလိုက်သည်နှင့်အမျှ ကူညီထောက်ပံ့မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများသည်လည်း အရှိန်အဟုန်ဖြင့် ဝင်ရောက်လာခဲ့သည်။ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ မျက်နှာပန်းလှလာခဲ့သည်ဟုဆိုက မှားမည်မထင်။ မကြာသေးခင်ကပင် အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံဆိုင်ရာကျွမ်းကျင်သူတစ်ဦးနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုအကြောင်း၊ ICG အဖွဲ့၏ ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ထုတ်ပြန်ခဲ့သော မိုးကုတ်စက်ဝိုင်းတွင် တိမ်မည်းတို့ဆင်နေသော မြန်မာနိုင်ငံ လေ့လာချက်စာတမ်းပါ သုံးသပ်ချက်များအကြောင်း ဆွေးနွေးဖြစ်ခဲ့သည်။ တောင်အာဖရိကနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည် နိုင်ငံတကာဒီမိုကရေစီဖော်ဓာအသစ် ဖြစ်နေခဲ့သော်လည်း မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှုမှာ ထင်မှတ်မထားရလောက်အောင် ပိုမို၍ Comprehensive သဘောလည်းဆောင်၊ မဟာဗျူဟာ သဘောလည်း ဆောင်နေကြောင်း၊ ထို့ကြောင့်ပင် မြန်မာ့ဒီမိုကရေစီကူးပြောင်းရေးသည် နောက်ဆုံး

ပေါ် ဒီမိုကရေစီဖတ်စာအသစ် ဖြစ်လာနေခြင်းဖြစ်ကြောင်း ထည့်သွင်း ပြောကြားသွားခဲ့သည်။ စာရေးသူအနေဖြင့် Transition ပြီးနောက် နောက်တစ်ဆင့်ဖြစ်သည့် Liberalization ကို ကျော်လွှန်နိုင်မှသာ နောင်မျိုးဆက်များအထိ အေးချမ်းလုံခြုံစွာဆက်ခံနိုင်မည့် Consilidation အဆင့်သို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ ယင်းသို့ဆိုက်ရောက်နိုင်ရန် ခေါင်းဆောင်များအကြား နိုင်မာတိကျသေချာသောတူညီချက်တစ်ရပ် မရှိမဖြစ် လိုအပ်ကြောင်း၊ မြန်မာ့ဒီမိုကရေစီခရီးမှာ အသွင်ကူးပြောင်းရေးတွင် Comprehensive ဖြစ်နေသလို တွေ့ကြုံရင်ဆိုင်လာရသော စိန်ခေါ်မှုများသည်လည်း Comprehensive ဖြစ်နေကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

## အမျိုးသားရေးစိတ်ဓာတ်နှင့် ရယ်ဒီကယ်တောင်ချောက်

ငင်းနောက် စာရေးသူအနေဖြင့် ပြန်ပြောင်းဆန်းစစ်မိသည်မှာ မြန်မာနိုင်ငံသားများ ရင်ထဲမှနိုးထလာခဲ့သော အမျိုးသားရေးစိတ်ဓာတ်အကြောင်းပင် ဖြစ်သည်။ Miss Myanmar နန်းခင်ဇေယျာအား အလုံးအရင်းဖြင့် ထောက်ခံမှုပေးခဲ့ခြင်းများ၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား တစ်ခဲနက်အားပေးခဲ့မှုများ၊ နိုင်ငံတကာနှင့် အဆက်ပြတ် ကင်းကွာခဲ့ရာမှ ကမ္ဘာ့မိသားစုဝင်အဖြစ် သိက္ခာရှိရှိ သွားရောက်ခဲ့သော နိုင်ငံတော်သမ္မတကြီး၏ ပြည်ပခရီးစဉ်များမှအပြန်တွင် ပြည်သူများ၏ ကြိုဆိုခဲ့မှုများ၊ ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတကာအလယ် တင့်တယ်ခဲ့သောပုံရိပ်များ၊ နှစ်ပေါင်းများစွာအတွင်း မကြုံဘူးလှသော နိုင်ငံရေးခေါင်းဆောင်များ၏ သန်း ဇိဝ Common Ground ပေါ်ရပ်တည်ကာ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာလေ့လာသုံးသပ်သူအများအပြားက အာရှ–ပစိဖိတ်၏ ထွန်းသစ်စနိုင်ငံတစ်နိုင်ငံအဖြစ် တစ်ပေးခန့်မှန်းလာမှုများ စသည်တို့နှင့်တစ်ဆက်တည်းမှာပင် နိုင်ငံသားများ၏ ရင်ထဲမှ မြန်မာနိုင်ငံဟူသော ပုံရိပ်သည် ပိုမို၍ ကြီးကျယ်မြင့်မြတ်လာခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျခဲ့ရသော မြန်မာနိုင်ငံသည် အိုဘားမား၏ မြန်မာနိုင်ငံခရီးစဉ်၊ နိုင်ငံတကာအကြီးအကဲများ

အိမ်နီးနိုင်ငံကြမ်းပြင် ဝင်ထွက်လာမှုများ၊ နိုင်ငံတကာစင်မြင့်များတွင် မြန်မာနိုင်ငံအား တလေးတစားနေရာပေးလာမှုများ စသည်တို့ကြောင့်လည်း ခေါင်းငုံ့မျက်လွှာချခဲ့ရသော ဘဝမှ ဦးမော့ရင်ကော့လာနိုင်သော အခြေအနေသို့ ကူးပြောင်းရောက်ရှိလာခဲ့သည်။ တစ်နည်းဆိုရလျှင် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် လှည်းနေလှေအောင်း မြင်းစောင်းမကျန် ဘုညီစွာ ရုန်းကန်ထွက်ပေးလာခဲ့သော မြန်မာ့အမျိုးသားရေးစိတ်ဓာတ်သည် တစ်ကျော့ပြန် ပြန်လည်နိုးထလာခဲ့ခြင်းပင် ဖြစ်သည်။ တမံကျိုး၍ လှောင်ပိတ်ထားခဲ့သော ရေများ ဒလဟော စီးဆင်းလာခဲ့သလို အပြိုင်းအရိုင်းထွက်ပေါ်လာသော အမျိုးသားရေးစိတ်ဓာတ်သည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ကြီးမားလှသော မောင်းနှင်အားများ ဖြစ်နေသော်လည်း မမျှော်လင့်ဘဲ ကြုံတွေ့ခဲ့ရသည့် ပဋိပက္ခများနှင့် ထိပ်တိုက်တိုးကာ လက်ျာစွန်းသို့ ရောက်ရှိသွားနိုင်သည့် အန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပေသည်။ ဤသည်ကို ရယ်ဒီကယ်ထောင်ချောက်ဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။ ဤထောင်ချောက်အတွင်း မသက်ဆင်းမိစေရန် အားလုံး သတိပြုရပေမည်။

## Social Stability

နှစ်ကြိမ်နှစ်ခါ ဖြစ်ပွားခဲ့သော ရခိုင်ပဋိပက္ခသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးအတွက် ကြီးမားလှသော စိန်ခေါ်မှုကြီး ဖြစ်သလို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်သည်လည်း ဆရာတော်ကြီးများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံညှိနှိုင်းကာ ငြိမ်းအေးရာလမ်းကို ဖော်ထုတ်ကျော်လွှားခဲ့ရသည်။ ရှုပ်ထွေးနက်နဲလှသော နောက်ခံ အကြောင်းတရားများသည်လည်း ချက်ချင်းလက်ငင်း အဖြေမထွက်သော ပုစ္ဆာတစ်ပုဒ်သဖွယ် လိပ်ခဲတည်းလည်း အကျပ်အတည်းတစ်ရပ်ကို ဦးတည်ခဲ့သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို နဖူးတွေ့ ဒူးတွေ့ ကြုံတွေ့ဖြတ် သန်းနေရသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးတစ်ရပ်လုံးသည်လည်း ရယ်ဒီကယ်ထောင်ချောက်ကို ကျော်ဖြတ်နေရသည်။ အားကောင်းမောင်းသန် Civil Society များ အားနည်းလှသော လက်ရှိအသွင်

ကူးပြောင်းရေးကာလတွင် ရယ်ဒီကယ်အစွန်းများမှာ စေ့စေ့တွေးကြည့်လျှင် ဒီမိုကရေစီအတွက် အန္တရာယ်တစ်ရပ်အထိ ဖြစ်စေနိုင်သည်။

မိတ္ထီလာပဋိပက္ခတွင် အမျိုးသားရေးစိတ်ဓာတ်၏ အစွန်းထွက် ဆိုးကျိုးများဟုဆိုနိုင်ပြီး **Opinion Leader** များ၏ ဩဇာမှာလည်း လျော့ကျနေသည်ကို တွေ့ရှိနိုင်သည်။ တစ်ချိန်တည်းမှာပင် ပဋိပက္ခအသွင်ဆောင်သော Social Media ရေစီးကြောင်းကလည်း မီးလောင်ရာလေပင့် ဖြစ်စေခဲ့သည်။ မဟာဗျူဟာသဘောသက်ဝင်သော ဖြေရှင်းချက်များထက် လတ်တလော ပဋိပက္ခမကြီးထွားရေးကို ဦးတည်ဆောင်ရွက်နေရသည် ဖြစ်ရာ နိုင်ငံတော်သမ္မတကြီး ထောက်လျှောက်ပြောကြားခဲ့သော တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဟူသည့် ပြည်သူများ၏ တူညီသော ဆန္ဒ ၂ ရပ်မှာ ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ်ကြီးများဖြစ်နေသည်။ တစ်ဖန် တည်ငြိမ်အေးချမ်းမှုဟူသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ရာနှုန်းပြည့်ဆက်စပ်လျက်ရှိရာ မြန်မာလူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး ဖြတ်သန်းနေကြရသော မြန်မာဒီမိုကရေစီရေ့ခရီးအတွက် အသက်သွေးကြောပင် ဖြစ်နေလေသည်။

Stability တွင် အမျိုးမျိုးရှိကြလေရာ လူ့အဖွဲ့အစည်းနှင့်သက်ဆိုင်သော Social Stability ကို မျက်မှောက်ပြုကြရန်လိုအပ်သည်။ ဒီမိုကရေစီ၊ လွတ်လပ်မှုနှင့်အခွင့်အရေး စသည်တို့ကို အခြေခံသော Social Mobilization သည် နိုင်ငံနှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ရှေ့ရှုဦးတည်သော၊ မြန်မာဒီမိုကရေစီခရီးလမ်းနှင့် လိုက်လျောညီထွေဖြစ်သော၊ အနာဂတ်မျိုးဆက်များအတွက်ပါ ဘက်စုံအသွင် မဟာဗျူဟာသဘောဆောင်သော ရွေ့ပြောင်းမှုကြီးဖြစ်ရန် လိုအပ်မည်ဖြစ်သည်။ ဤသို့သော Social Mobilization တွင် Social Media ကဲ့သို့သော Social Effect များသည်လည်း အခွင့်အလမ်းနှင့်စိန်ခေါ်မှု ခွန်တွဲနေသော သာဓကတစ်ရပ်ဟု ဆိုနိုင်မည်ဖြစ်သည်။ ထင်ရှားကျော်ကြားသော Opinion Leader များ၊ Think Tank အဖွဲ့အစည်းများ၊ Civil Society များ၊ မီဒီယာများအနေဖြင့် ဤတာဝန်ကို ရယူထမ်းဆောင်ကြရမည်ဖြစ်သည်။

## နိုင်ငံသားတို့၏ တာဝန်

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားများ ထမ်းဆောင်ရမည့်တာဝန်များ၊ ကျေပွန်ရမည့် ဝတ္တရားများနှင့်အတူ လူ့ဘောင်အဖွဲ့အစည်း၏ လူမှုပဋိညာဉ်များလည်း တည်ရှိနေသည်။ "Active citizenship" ဟူသည် မိမိတို့လူ့အဖွဲ့အစည်း၏ ကောင်းရာကောင်းကျိုးကိုရည်ရွယ်သည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်သူ့ရေးရာလုပ်ငန်းကိစ္စများ၊ ပရဟိတလုပ်ဆောင်ချက်များ စသည်တို့ဆောင်ရွက်ရမည်ဟူသော အယူအဆတစ်ရပ်ပင် ဖြစ်သည်။ "Active citizenship" ဟူသည် နိုင်ငံသားအားလုံး၏ လူနေမှုဘဝများ တိုးတက်မြင့်မားလာစေရန် ဆောင်ရွက်ကြကုန်သော လုပ်ဆောင်ချက်မှန်သမျှကို အဓိကဦးတည်လေ့ရှိသည်။ နိုင်ငံတော်သမ္မတကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော်ဥက္ကဋ္ဌများ စသည့် နိုင်ငံရေးခေါင်းဆောင်များကိုယ်တိုင်ကြွေးကြော် ထုတ်ဖော်ပြောကြားလျက်ရှိသော Rule of Law Society ဖြစ်ပေါ်လာရေးအတွက် Rule of Law Civil Society များ အားကောင်းနိုင်မှာရန် လိုအပ်နေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေတို့အရ နိုင်ငံသားဖြစ်မှုကို တိတိကျကျ ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်ရာ နိုင်ငံသားစိတ်ဓာတ်၊ နိုင်ငံသားဟူသော ခံယူချက်၊ နိုင်ငံသားတို့၏တာဝန် စသည်အားဖြင့် ကျယ်ပြန့်လှသောအဓိပ္ပာယ်ကို Civil Leader များက ရှင်းလင်းပေးရန် လိုအပ်မည်ဖြစ်သည်။ အလားတူ Civil Society များအနေဖြင့်လည်း ရယ်ဒီကယ်ထောင်ချောက်များကို သတိထား၍ ကျော်ဖြတ်နိုင်ရန်လိုအပ်မည် ဖြစ်သည်။ Civil Society များကိုယ်တိုင် ရယ်ဒီကယ်ထောင်ချောက်များကို ကျော်ဖြတ်နိုင်ပါမှ နိုင်ငံသားများအနေဖြင့် ရယ်ဒီကယ် ထောင်ချောက်များကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ထိုနည်းတူစွာ ဥပဒေကို လိုက်နာစောင့်ထိန်းသော နိုင်ငံသားများ ဖြစ်လာစေရန် ကြိုးပမ်းအားထုတ်ကြဖို့လိုအပ်သလို ဥပဒေနှင့်အညီ လုံလောက်သော စောင့်ရှောက်ကာကွယ်မှုများကို တန်းတူရည်တူ ရရှိခံစားပိုင်ခွင့် ရှိရမည်။ အလားတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဲ့သို့သော Law Enforcement Mechanism များအနေဖြင့်

လည်း နိုင်ငံသားတာဝန်ကျေပွန်သော နိုင်ငံသားများကို ဥပဒေနှင့်အညီ စောင့်ရှောက်ကာကွယ်မှုများ ပေးအပ်ရမည်ဖြစ်သလို ရယ်ဒီကယ်လမ်းကို လျှောက်လှမ်းနေကြသော (သို့မဟုတ်) ရယ်ဒီကယ် လမ်းပေါ်သို့ ပြည်သူများ ရောက်ရှိလာစေရန် ဆွဲခေါ်နေသော နိုင်ငံသားများကို ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရမည်သာ ဖြစ်သည်။ ယင်းအတွက် နိုင်ငံရေးခေါင်းဆောင်များ၊ Opinion Leader များက ရဲတပ်ဖွဲ့ကို မှန်ကန်သော ထောက်ခံအားပေးမှုများ ပံ့ပိုးပေးရန် လိုအပ်မည် ဖြစ်သည်။

## အသွင်ကူးပြောင်းရေးနှင့် စိန်ခေါ်မှုများ

လက်ရှိအချိန်တွင် Law Enforcement Mechanism များကိုယ်တိုင် အသွင်ကူးပြောင်းရေးကို ဖြတ်သန်းနေရသည်ဖြစ်သလို မြန်မာလူ့အဖွဲ့အစည်းတစ်ခုလုံးမှာ အသွင်ကူးပြောင်းရေးလမ်းကြောင်းပေါ်တွင် ရှိနေပေသည်။ လက်ရှိဖြတ်သန်းခဲ့ပြီးသော ၂ နှစ်တာကာလကို ပြန်ပြောင်းပြန်လှည့်ကြည့်လျှင် သမိုင်းကြောင်းနောက်ခံ၊ ပြည်သူများ၏ ရေချိန်၊ နိုင်ငံရေးနိုးကြားမှု၊ လူမှုပဋိညာဉ် စသည်တို့အရ မြန်မာ့ဒီမိုကရေစီကို မြန်မာနည်းမြန်မာဟန်ဖြင့်သာ အကောင်းဆုံးထိန်းကျောင်းသွားရမည် ဖြစ်ကြောင်း အကြမ်းဖျင်း သုံးသပ်နိုင်သည်။ ကူးပြောင်းမှုမှာ အရပ်ရပ် ဒီမိုကရေစီဖော်စာများထက် ပိုမို၍ ကဏ္ဍအစုံအလင်ပါဝင်နေသလို ကိုယ်တိုင်ကိုယ်ကျ ကူးပြောင်းနေကြရသော နိုင်ငံသားအားလုံးသည်လည်း ကဏ္ဍအစုံအလင်တွင် ပါဝင်နေကြရသည်။

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ထုတ်ဖော်ပြောကြားခဲ့သော နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို ပြန်ပြောင်းလှည့်ကြည့်လျှင် 'မတူကွဲပြားမှုများကို ဘေးဖယ်ထားပြီး နိုင်ငံနှင့်ပြည်သူများအကျိုးအတွက် တူညီသည်များကို ပူးပေါင်းဆောင်ရွက်သော မတူတာခွဲ-တူတာတွဲ လုပ်ကိုင်ခြင်းအဆင့်' မှသည် 'မတူကွဲပြား သဘောထားကွဲလွဲမှုများကို နိုင်ငံရေး စိတ်ရှည် သည်းခံမှု အရင်းတည်၍ ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းအဆင့်' သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း တွေ့ရှိနိုင်သလို နိုင်ငံတော်သမ္မတကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ မကြာခဏဆိုသလို တွေ့ဆုံဆွေးနွေးခဲ့သော

ဖြစ်ရပ်များသည် ဤနိုင်ငံရေးယဉ်ကျေးမှု၏ သာဓကများပင် ဖြစ်နေလေသည်။ နိုင်ငံရေးခေါင်းဆောင်များအနေဖြင့် နိုင်ငံပြုပုဂ္ဂိုလ် **Statesman** များအဖြစ် ရပ်တည်ဆောင်ရွက်နေကြသည်ကို အထင်အရှားတွေ့မြင်နေရပြီဖြစ်ရာ နိုင်ငံသားများအနေဖြင့် နိုင်ငံပြုပုဂ္ဂိုလ် **Statesman** များ၏ ဦးဆောင်လမ်းပြမှုကို အလေးအနက် ခံယူကြရန် လိုအပ်မည် ဖြစ်သည်။

မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အဓိကစိန်ခေါ်မှု ၂ ရပ်မှာ 'ရယ်ဒီကယ်ထောင်ချောက်ကို ကျော်လွှားနိုင်ရေး' နှင့် 'အထက်တန်းကျသော အမျိုးသားရေးကို တည်ဆောက်နိုင်ရေး' ပင် ဖြစ်နေလေသည်။ အထက်တန်းကျသော အမျိုးသားရေးဟူသည် နိုင်ငံသားအားလုံး၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သော အကျိုးစီးပွားဖော်ဆောင်နိုင်ရေးပင် ဖြစ်သည်။ မြန်မာဟူသော ကိုယ်စားပြုမှုသည် အမျိုးသားရေး ဖြစ်သလို နိုင်ငံသားအားလုံး ပါဝင်မှုကို ဖော်ညွှန်းနေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေတို့နှင့် ညီညွတ်သော နိုင်ငံသားအားလုံးသည် မြန်မာဟူသော National သို့တည်းမဟုတ် Citizen များပင် ဖြစ်ကြလေရာ မြန်မာ့အမျိုးသားရေး တည်ဆောက်ရေး Nation Building ကို ပြန်လည်ဆောင်ရွက်ကြရမည့်အနေအထား ဖြစ်နေလေသည်။

ဤသို့ မြန်မာ့အမျိုးသားရေး တည်ဆောက်ရေးသို့ ဦးတည်လျှောက်လှမ်းကြရာတွင် မြန်မာလူ့သောင်အဖွဲ့အစည်း၏ အင်္ဂါရပ်များဖြစ်ကြသော မေတ္တာတရား၊ ကိုယ်ချင်းစာတရား၊ လူသားဆန်မှုတို့ကို အရင်းခံကြရမည် ဖြစ်ကြောင်း၊ နိုင်ငံသားဖြစ်မှု၏ အနက်အဓိပ္ပာယ်ကို လေးနက်မှန်ကန်စွာ သိရှိနားလည်၍ ရယ်ဒီကယ်ထောင်ချောက်များကို ကျော်လွှားရမည်ဖြစ်ကြောင်း၊ နှစ်ပေါင်းများစွာ သဟဇာတရှိရှိ ငြိမ်းချမ်းစွာ နေထိုင်ခဲ့ကြသော မြန်မာလူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာကို နိုင်ငံသားများအားလုံး လူမျိုးမရွေး၊ ဘာသာမရွေး မြှင့်တင်ဖော်ဆောင်ကြရမည်ဖြစ်ကြောင်း အရေးတကြီး လိုအပ်နေပြီ ဖြစ်သည်။

လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ဥပဒေစိုးမိုးရေးသည် အသက်သွေးကြော ဖြစ်နေသည်ကို **Stakeholder** အားလုံးက မှန်မှန်ကန်ကန် သိမြင်လျက် နိုင်ငံတော်နှင့်

နိုင်ငံသားအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးမည့် တည်ငြိမ် အေးချမ်းမှုကို အမြန်ဆုံးဖော်ဆောင်နိုင်ရန်အတွက် ဥပဒေစိုးမိုးရေးအင် အားစုများဘက်မှ နိုင်နိုင်မာမာ မားမားမတ်မတ် ထောက်ခံရပ်တည်ပေး ကြပါမည့်အကြောင်း အလေးအနက်ထား တိုက်တွန်းရေးသားလိုက်ရပေ သည်။

❑

## နွေဦးလေပြည်နှင့် နွေလယ်အိပ်မက်ဆိုး

### နိဒါန်း

အီဂျစ်နွေဦးနှင့် စပ်လျဉ်း၍ ဗာရီဇာခါရိုယာ၏ သုံးသပ်ချက်မှာ တိုတိုကလေးပင် ဖြစ်သည်။ 'အမျှော်လင့်ကြီး မျှော်လင့်ထားခဲ့သော အီဂျစ်နွေဦးသည် လမ်းပေါ်ရောက်နေသော ရယ်ဒီကယ်ညီအစ်ကိုများ၏ ပုံရိပ်များအရ အဆိုးကျော့သံသရာလည်ဖို့သာပင် ရှိပေတော့သည်' ဟူ၍ ဖြစ်သည်။ ကိုင်ရိုတွင် ပြောကြားခဲ့သော အိုဘားမား၏ ကမ္ဘာကျော်မိန့်ခွန်းသည် အီဂျစ်နွေဦး၏ အနိဋ္ဌာရုံများအကြားတွင် တိုးတိတ် တိတ်ဆိတ်သွားခဲ့ရပြီဖြစ်သည်။ ဒီမိုကရေစီအသွင်ကူးပြောင်းသည့် သီအိုရီများအရ ဖြေလျှော့သည့်အဆင့်၊ ကူးပြောင်းသည့်အဆင့်၊ ခိုင်မာသည့်အဆင့် ဟူ၍ အဆင့်(၃)ဆင့် တည်ရှိရာတွင် မြန်မာ့နွေဦး မည်သည့်အဆင့်သို့ ရောက်ရှိနေသည်ကို ပြန်လည်သုံးသပ်ကြည့်လျှင် မျှော်လင့်ခဲ့သော အရှေ့ကို တွေ့မြင်နိုင်ကြပေလိမ့်မည်။ ယခုအချိန်အထိ မြန်မာ့နွေဦးသည် မိုးသက်လေပြင်းများအကြားမှ တရွေ့ရွေ့နှင့် ရှေ့သို့ ရှိနေသည်ကို မြင်ရသည်မှာ မျှော်လင့်စရာ၊ ရင်ခုန်စရာ ကောင်းလှပေသည်။

## စိန်ခေါ်ချက် ၆ ချက်

ကမ္ဘာတစ်ဝန်း ဒီမိုကရေစီကူးပြောင်းရေးလမ်းကို လျှောက်လှမ်းခဲ့ကြသည့် ကျရှုံးနိုင်ငံများကို ခွဲခြမ်းစိတ်ဖြာပြီးနောက် ဒီမိုကရေစီ သုခမိန် လယ်ရီဒိုင်းမွန်းက အခြေခံအားဖြင့် တူညီသော နိုင်ငံရေးစိန်ခေါ်ချက် ၆ ချက်ကို ဆွဲထုတ်ပြခဲ့သည်။ လယ်ရီဒိုင်းမွန်း ဆွဲထုတ်ခဲ့သည့် စိန်ခေါ်ချက် ၆ ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–

(၁) အစိတ်စိတ်ပြန့်ကျဲနေသော နိုင်ငံတော်၏ စွမ်းရည်ကို ပြန်လည်တည်ဆောက်ရေး (Rebuilding the capacity of the state) [တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ပြန်လည် တည်ဆောက်ယူရသော ဤအပိုင်းတွင် တပ်မတော်၊ ရဲတပ်ဖွဲ့၊ ထောက်လှမ်းရေးတပ်ဖွဲ့ စသည်တို့အပါအဝင် ဖြစ်သည်]

(၂) နိုင်ငံတော် မဟုတ်သည့် အဖွဲ့အစည်းများ၏ လက်ဝယ်တွင်ရောက်ရှိနေသော အရင်းအမြစ်များကို ထိန်းချုပ်ရေးနှင့် ပြန်လည်စုစည်းရေး (Controlling and demobilizing alternative sources of violence in the hands of non-state actors) [ဘာသာရေးအဖွဲ့အစည်းများ၊ စစ်သွေးကြွများ၊ စစ်ဘုရင်များ၊ ပုဂ္ဂလိကတပ်ဖွဲ့များ စသည်တို့ပါဝင်သည်]

(၃) ဒီမိုကရက်တစ်ဂိမ်းစည်းမျဉ်းများနှင့် ပါဝင်ဆင်နွှဲရန် ဆန္ဒထက်သန်သူများ ပါဝင်စေနိုင်သည့် အင်စတီကျူးရှင်းများမှတစ်ဆင့် အကြမ်းဖက်မှုများ အကဲသာစေမည့်အခွင့်အလမ်းများ လျှော့ချနိုင်ရေး (Reducing the structural incentives to violence, through the design of political institutions that give a real stake in the system to each group that is willing to play by the rules of the democratic game)

(၄) နိုင်ငံတော်နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတို့တွင် ဒီမိုကရေစီဖော်ဆောင်မည့် နိုင်ငံရေးနှင့် လူမှုရေး အင်စတီကျူးရှင်းများတည်ဆောက်ရေး (Developing the political and

social institutions of democracy, in the state and civil society)

(၅) ပဋိပက္ခအလွန် တည်ငြိမ်သော နိုင်ငံတော်အဖြစ် ရေရှည်ရပ်တည်နိုင်ရန် စီမံအုပ်ချုပ်ရေး (Administering the post-conflict nation until...)

(၆) မိမိဘာသာ ရေရှည်ရပ်တည်နိုင်သည့် ဒီမိုကရက်တစ်နိုင်ငံရေးအစီအစဉ်သစ်တစ်ခုသို့ ရောက်ရှိစေနိုင်မည့် စီမံကိန်းတစ်ခုရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း (The design and implementation of a plan for transition to a self-sustaining and democratic new political order)

အထက်ပါ စိန်ခေါ်ချက်(၆)ချက်သည် အသွင်ကူးပြောင်းရေးတို့တွင် မလွဲမသွေ ကြုံတွေ့လာနိုင်သလို ယင်းစိန်ခေါ်ချက်များမှာလည်း အညမညသဘောဖြင့် တွဲဆက်လျက် ရှိနေသည်ဟု ၎င်းကဆိုသည်။ တစ်ဖန် ယင်းစိန်ခေါ်ချက်များကို ဖြေရှင်းနိုင်ခြင်း မရှိလျှင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးသည်လည်း လမ်းခုလပ်တွင်ပင် ပြိုကွဲစေနိုင်ပြီး ရေရှည်တည်တံ့သော ဒီမိုကရေစီဖော်ဆောင်ရေးကို ထိခိုက်စေနိုင်သည့် ဝိရောဓိများအကြားတွင် စမ်းတဝါးဝါး လမ်းပျောက်သွားနိုင်သည်ဟုလည်း ဆိုသည်။ အသွင်ကူးပြောင်းစ၊ နုသစ်စ ဒီမိုကရေစီနိုင်ငံများတွင် ဖြစ်ပေါ်တတ်သော ဝိရောဓိ ၂ သွယ်ကို လယ်ရီဒိုင်းမွန်းက ဤသို့ ရှင်းပြခဲ့သည်။

## ဝိရောဓိ ၂ သွယ်

ပထမဆုံးသော ဝိရောဓိမှာ တည်ငြိမ်မှုနှင့် လွတ်လပ်မှုအကြား ဟန်ချက် မည်သို့ထိန်းမည်နည်းဟူ၍ဖြစ်သည်။ အာဏာရှင်ဟောင်းနိုင်ငံများ၊ ပဋိပက္ခအလွန်နိုင်ငံများတွင် အသွင်ကူးပြောင်းရေးအဆင့်များ၌ မရှိမဖြစ်လိုအပ်သော တည်ငြိမ်မှုကို တည်ဆောက်နိုင်ရန် ပြည်သူ့လုံခြုံရေးအကာအကွယ်ကို အာမခံနိုင်သော ခိုင်မာအားကောင်းသည့် အုပ်ချုပ်မှု

ယန္တရား လိုအပ်သည်ဟု ဆိုသည်။ ဤနေရာတွင် ဒွိဟ ဖြစ်လေ့ရှိသည်မှာ လုံခြုံရေးအတွက် မည်မျှအခွင့်အာဏာပေးအပ်မည်လဲ ဟူသောအချက်နှင့် လူ့အခွင့်အရေး၊ ဥပဒေစိုးမိုးရေးကို မည်သို့ လိုက်နာစေမည်လဲ ဟူသော အချက်တို့အကြား စည်းမပြတ်ခြင်းပင်ဖြစ်သည်။ လွတ်လပ်လာသော လူ့အဖွဲ့အစည်း အစည်းပြေချိန်၊ အာဏာရှင်ဆန်သော အုပ်ချုပ်မှုမှ လစ်ဘရယ် အုပ်ချုပ်ရေးသို့ ရွေ့လျောလာချိန်နှင့်တိုက်ဆိုင်ကာ တည်ငြိမ်မှု ချိန်ခွင်လျှာကို ပျက်ပြယ်စေတတ်သော သဘောကို သတိပေးထားခြင်း ဖြစ်သည်။ တစ်ဖက်သို့ ဘယ်လောက်ဖွင့်ပေးရင် အခြားတစ်ဖက်တွင် ဘယ်လိုထိန်းရမလဲဟူသော မဟာဗျူဟာအဆုံးအဖြတ်သည် ကြီးမားသော စိန်ခေါ်မှုဖြစ်သည်။ ယင်းသို့ ကြီးမားလှသောစိန်ခေါ်မှုကို နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်ရချိန်တွင် နိုင်ငံရေးအဖြတ်ထုတ်၍ဖြတ်ချလိုသော အာဏာ ရှင်းပြု နိုင်ငံရေးကစားမှုများကိုလည်း လက်တွေ့တွင် ကြုံတွေ့ရတတ် သည်။ ထို့ကြောင့်လည်း သိမ်မွေ့လှသလို ခက်ခဲလှသော ချိန်ခွင်လျှာ ဟူ၍ လယ်ရီဒိုင်းမွန်းက ပညာတ်ပြုခြင်းဖြစ်သည်။ ဒီမိုကရက်တစ်စံနှုန်း များနှင့် တည်ငြိမ်အေးချမ်းမှုအကြား ရွေးချယ်ရမည့်လမ်းကြောင်းတွင် နိုင်ငံရေးသမားတို့၏ အမြော်အမြင်မှာ အဓိကကျနေသည်။ လူ့အဖွဲ့ အစည်းကြီးတစ်ခုလုံးကို ပြန်လည်စုစည်းတည်ဆောက်ရသော လုပ်ငန်း စဉ်ကြီး ဖြစ်၍လည်း အားနည်းသော၊ လုပ်ပိုင်ခွင့်ကန့်သတ်ထားခြင်းခံရ သော အစိုးရများအနေဖြင့် ထိန်းမနိုင်သိမ်းမရ အခြေအနေမျိုးနှင့်လည်း တွေ့ကြုံရနိုင်သည်ဟုဆိုသည်။ လုံခြုံရေးစည်းမျဉ်းများနှင့် ဒီမိုကရက် တစ်တန်ဖိုးများအကြား နိုင်ငံပြုခေါင်းဆောင်များ၏ ပွဲထိန်းမောင်းနှင်နိုင် မှု၊ ခေါင်းဆောင်များအကြား ငြိမ်းချမ်းသော ဝန္ဒိပက္ခဖြေရှင်းမှု၊ လူ့အဖွဲ့ အစည်း၏ ယဉ်ကျေးမှုတို့က အရေးပါမည်။ အသွင်ကူးပြောင်းစတွင် ယူနီဗာဆယ် ဒီမိုကရက်တစ်တန်ဖိုးများ အပြည့်အဝလမ်းဖွင့်ပေးရာ၌ လူ့ အဖွဲ့အစည်း၏ ရေရှိန်ပေါ်မှုတည်၍ ချိန်ဆရန်လိုအပ်ချက်ကို ထောက်ပြ ခြင်းဖြစ်သည်။

ဒုတိယပိုင်ရောစီမှာ အသွင်ကူးပြောင်းရေးကာလ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ခြင်းနှင့် ခေတ်ပြောင်းကာလ အုပ်ချုပ်မှုနှင့်တည်ငြိမ်မှု တည်

ဆောက်ခြင်းတို့အကြား မဟာဗျူဟာလမ်းကြောင်းမှန် ရွေးချယ်မှု မှန်ကန်ရေး ဖြစ်သည်ဟု ၎င်းကဆိုသည်။ ပန်းတိုင်မှာ ဒီမိုကရေစီထူထောင်ရေး ဖြစ်သော်လည်း တချို့သော ကူးပြောင်းမှုများ၌ စစ်မှန်သောရွေးကောက်ပွဲများ ကျင်းပနိုင်မည်၊ တချို့သော ကူးပြောင်းမှုများ၌ ရွေးကောက်ခံမဟုတ်သော အာဏာပိုင်များက တိုင်းပြည်ကို စီမံရမည်၊ အကောင်းဆုံးသော ဖြေရှင်းချက်မှာ ဒီမိုကရက်နှင့် အာဏာရှင်များပူးပေါင်း၍ ဒီမိုကရေစီ အပြည့်အဝ ထူထောင်နိုင်သည်အထိ အာဏာခွဲဝေမှုကို သဘောတူ သတ်မှတ် ဆောင်ရွက်ခြင်း (တောင်အာဖရိကမော်ဒယ်) ဖြစ်သည်ဟု ၎င်းက ဆိုသည်။ ယခုသော် မြန်မာ့နွေဦးမှတိုက်ခတ်လိုက်သော မြန်မာမော်ဒယ်လ် ပေါ်ပေါက်လာပြီဖြစ်သည်။ အာဏာရှင်များသည် အာဏာလက်လွှတ်ရမည်ကို အကြောက်ဆုံးဖြစ်သည်ဆိုသော်လည်း မြန်မာ့နွေဦး၏ ပဋိညာဉ်သည် အာဏာရှင်များက အာဏာကို လက်လွှတ်ရန် စနစ်တကျ ပြင်ဆင်ခြင်းပင် ဖြစ်နေသည်။ ဒီမိုကရေစီကူးပြောင်းရေးတွင် လွှတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများသည် အင်္ဂါရပ်တစ်ရပ်အဖြစ် တည်ရှိနေသော်လည်း အသွင်ကူးပြောင်းမှု တည်ငြိမ်ရန်လိုအပ်သည်၊ သို့မှသာ တည်ငြိမ်မှုတည်ဆောက်ခြင်းမှ နိုင်မာသည့်ကူးပြောင်းမှုသို့ ရောက်ရှိ တက်လှမ်းနိုင်မည်ဖြစ်သည်။ သို့သော်လည်း ပဋိပက္ခများ မြင့်တက်နေချိန်၊ နိုင်ငံပြိုကွဲနေချိန်မျိုးတွင် ထိုသို့သော မြင့်မြတ်သည့်သဘောတူညီချက်မျိုး ရရှိနိုင်ရန် ခဲယဉ်းမည်ဟု ၎င်းက ဆိုသည်။ အလားတူပင် အချိန်၊ ကြိုတင်ပြင်ဆင်မှု၊ ပြည်သူများ၏အသင့်ဖြစ်မှု စသည်တို့အပေါ် မူတည်၍ ရွေးကောက်ပွဲမှတစ်ဆင့် လျှောက်လှမ်းခဲ့သော်လည်း နိုင်မာမှုမရှိသည့် အကူးအပြောင်းများကို ၁၉၉၂ ခုနှစ်တွင် အန်ဂိုလာ၊ ၁၉၉၆ ခုနှစ်တွင် ဘော့စ်နီးယား၊ ၁၉၉၇ ခုနှစ်တွင် လိုက်ဘေးရီးယား စသည်တို့တွင် တွေ့မြင်နိုင်သည်။ ဒီမိုကရေစီ မဆိုထားနှင့် တည်ငြိမ်မှုကိုပင် ဆောင်ကြဉ်းနိုင်ခြင်း မရှိတော့ဘဲ ပြည်တွင်းစစ်တလင်းအတွင်း သက်ဆင်းခဲ့ရသည့် ဖြစ်စဉ်များ ဖြစ်ကြသည်။

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ဘုံပန်းတိုင်မှာ ဒီမိုကရက်တစ်နိုင်ငံတော်တည်ဆောက်ရေးပင်ဖြစ်သော်လည်း လက်တွေ့လျှောက်လှမ်းရာ၌

နိုင်ငံတော်နှင့် နိုင်ငံသားတို့အကြား ထားရှိအပ်သော တန်ဖိုးများ၊ နှုန်းစံ များကို အခြေခံ၍ဖြစ်ပေါ်တတ်သော ဝိရောဓိများလည်းဖြစ်သည်။ လက် တွေ့ကျပြီး အလုပ်ဖြစ်သော မဟာဗျူဟာ ရွေးချယ်မှုသည် နှုန်းစံအခြေပြု ရပ်တည်မှုနှင့် လက်တွေ့အခြေပြုရပ်တည်မှု ၂ ခုအကြား နက်နက်ရှိုင်း ရှိုင်း ကွာဟနေသည်ကိုလည်း တွေ့ရှိနိုင်သည်။ ဒီမိုကရက်တစ်ကူးပြောင်း ရေးအတွက် တင်ကူးလိုအပ်ချက်များအနက် အရေးကြီးဆုံးသော ပြည်သူ များ၏ နိုင်ငံရေးရေချိန်သည် ဒေသတွင်း များစွာနောက်ကျကျန်ခဲ့ရသော အစိုးရပညာရေးအရည်အသွေးများအပေါ် မူတည်နေသည်။ အများပြည်သူ များမှ ရွေးကောက်တင်မြှောက်လိုက်သော နိုင်ငံရေးသမားတို့ အာဏာကြီး ၃ ရပ်ကို လက်ဝယ်ကိုင်ဆွဲ ကျင့်သုံးကြရာ၌ အသွင်ကူးပြောင်းရေးကာလ ကို အသွင်ကူးပြောင်းရေးကာလဟု သတိမမူတတ်ခဲ့ပါလျှင် အသွင်ကူး ပြောင်းရေးလမ်းကြောင်း တိမ်းစောင်းမှုများစွာ ဖြစ်ပေါ်လာတတ်ပေသည်။

## လယ်ရီဒိုင်းမွန်၏ နည်းလမ်း ၃ ရပ်

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှာ ဒဏ်ရာဒဏ်ချက်များ မျိုးစုံ ဖြစ် သလို အမှောင်တိုက်တွင် နစ်ပေါင်းများစွာနေထိုင်လာခဲ့ရသောကြောင့် နိုင်ငံရေးရေချိန်ဟောင်းနှင့် နိုင်ငံရေးယဉ်ကျေးသစ်ကို ဖြတ်သန်းရာတွင် ချောချောမွေ့မွေ့ မဖြစ်သည်မှာလည်း လက်ခံနိုင်သည့် သဘာဝတရား ဖြစ်သည်။ ဤသို့သော အသွင်ကူးပြောင်းရေး အမြင့်ဆုံးရေချိန်အမှတ် မျိုး၌ နည်းလမ်း ၃ ရပ်ကို ဖော်ဆောင်ရန် လယ်ရီဒိုင်းမွန်းက အဆိုပြုထား သည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ဒီမိုကရက်တစ် စည်းမျဉ်းများ၊ နှုန်းစံများနှင့် ဒီမိုကရေစီကို နက်ရှိုင်းစွာ အမြင်ကျယ်စေမည့် အင်စတီကျူးရှင်းဆိုင်ရာ

အသိပညာပေးခြင်း **Promote knowledge of institutional choices for democracy, and of democratic principles and norms ။** ဒီမို ကရေစီကူးပြောင်းစနိုင်ငံများရှိ လူ့အဖွဲ့အစည်းတို့သည် တိုင်းရင်းသား နှင့် အခြားသော ပဋိပက္ခအဖွဲ့အစည်းတို့၏ အခွင့်အရေးများကို စီမံခန့် ခွဲမည့်၊ တစ်ဦးချင်းအခွင့်အရေးနှင့် အစုအဖွဲ့အခွင့်အရေးများကို ကာကွယ်

ပေးမည့်၊ နိုင်ငံရေးလှုပ်ရှားမှုတို့ အခွန်းမရောက်ရေးအတွက် စီမံပေးမည့် ဒီမိုကရေစီ တည်ဆောက်ရာတွင် အင်စတီကျူးရှင်း ဆိုင်ရာ အတွေ့အကြုံ၊ ပညာသုတများ အားနည်းလေ့ ရှိကြသည်။ ဤအတွေ့အကြုံ၊ ဗဟုသုတများ ဖြည့်တင်ပေးနိုင်သည့် လုပ်ငန်းစဉ်များကို အလေးထား ဆောင်ရွက်ပေးရန် လိုအပ်သည်။ နိုင်ငံရေးအလွှာသာမက သာမန်ပြည်သူများအကြားတွင်ပါ ဒီမိုကရက်တစ်ကျင့်ထုံးများ အားကောင်းလာစေရန် ဆောင်ရွက်ပေးရမည်။ တိုင်းရင်းသားပဋိပက္ခများ စီမံခန့်ခွဲနိုင်စေမည့် အင်စတီကျူးရှင်းများ ဖော်ဆောင်ရေးကို အလေးပေးသော သုတေသနအဖွဲ့အစည်းများ၊ NGO များ ပေါ်ပေါက်လာစေရန်၊ ယင်းတို့ တိုးတက်ဖွံ့ဖြိုးလာစေရန် အားပေးကူညီရမည်။ အသွင်ကူးပြောင်းစ အစောပိုင်းကာလများတွင် အခြေခံဥပဒေကို လေးစားလိုက်နာရန်၊ အခြေခံဥပဒေနိုင်မာစေရန် အလေး ပေး မြှင့်တင်ပေးရမည်။ ပြည်သူများအား ဒီမိုကရက်တစ်တန်ဖိုးများ၊ စည်း မျဉ်းများ၊ နှုန်းစံများအကြောင်းကို ပညာပေးနိုင်ရန် အစိုးရအင်စတီကျူး ရှင်းများသာမက မီဒီယာနှင့် NGO အမျိုးမျိုးတို့ကပါ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရမည်။ ပြည်သူများအား ယင်းတို့အခွင့်အရေးများ သိရှိနား လည်စေရန် လူထုစည်းရုံးရေးဆောင်ရွက်ပေးရန် လိုအပ်သလို ဒီမိုကရေစီ နိုင်ငံသားတာဝန်ကျေပွန်ရေး၊ ဆန့်ကျင်ဘက်တို့၏ အတွေးအမြင်၊ အကျိုး စီးပွားတို့ကို လေးစားရေးတို့အတွက် ဒီမိုကရေစီနိတိများဖြင့် စည်းရုံး ပညာပေးရမည်။

(၂) စီးပွားရေးပြန်လည်တည်ဆောက်မှုနှင့် ဒီမိုကရေစီ အထောက်အကူပြု ရန်ပုံငွေများကို ကျယ်ကျယ်ပြန့်ပြန့် ခွဲဝေပေးခြင်း **Disperse economic reconstruction funds and democratic assistance as widely as possible** ။ စီးပွားရေးပြန်လည်ရှင်သန် ရေးနှင့် လူထုယုံကြည်လက်ခံမှု တည်ဆောက်ရေးအတွက် အာဏာဖြန့်ခွဲ မှု တိုးမြှင့်ပေးပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးရမည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအလှူရှင် များနှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာလေလေ လူထုအတွက် အရေး ကြီးဆုံးသော လိုအပ်ချက်များကို တိုက်ရိုက်ဖြည့်ဆည်းပေးနိုင်ပြီး အသွင်

ကူးပြောင်းရေးလုပ်ငန်းစဉ်တစ်ခုလုံးအပေါ် ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာလေလေဖြစ်သည်။ အချို့သောအခြေအနေများတွင် ခက်ခဲသောဆုံးဖြတ်ချက်များ ချမှတ်ရမည်ဖြစ်သော်လည်း ပြည်သူများက အသွင်ကူးပြောင်းရေးအပေါ် ယုံကြည်မှုနိုင်မာစေရန် စီးပွားရေးကို အလေးပေး မြှင့်တင်ပေးရမည်။

(၃) လူထုပါဝင်မှု မြှင့်တင်ခြင်း၊ ပြည်သူ့လိုအပ်ချက်များ အကောင်အထည်ဖော်ခြင်း၊ ပြည်သူ့သဘောထားများကို အလေးအမြတ်ထားခြင်း **Promote local participation, and proceed with humility and respect for the opinions of the people** ။ ပြည်သူများ၏ ဆန္ဒသဘောထားများကို အခြေမခံခဲ့လျှင်၊ သို့တည်းမဟုတ် အခြေခံမှုနည်းပါးခဲ့လျှင် တည်ဆောက်ထားသော အင်စတီးကျူးရှင်းများ နိုင်မာမှု၊ ယုံကြည်မှု ရှိနိုင်မည်မဟုတ်ပေ။ ပြည်သူများအနေဖြင့် ၎င်းတို့ သဘောဆန္ဒ ပါဝင်ခြင်း မရှိခဲ့လျှင် ထွက်ပေါ်လာသောအင်စတီကျူးရှင်းများအပေါ် ယုံကြည်ကိုးစားမှု လျော့ကျနိုင်သည်။ ထို့ကြောင့် ဒီမိုကရေစီတွင် လွတ်လပ်သော ရွေးကောက်ပွဲများကို အင်္ဂါရပ်တစ်ရပ်အနေဖြင့် ထည့်သွင်းထားခြင်း ဖြစ်သည်။ အလားတူ လူထုတစ်ရပ်လုံးလက်ခံနိုင်သည့် အခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်ရေးအတွက် လူထုသဘောထားများကို အခြေပြုရမည်၊ သို့တည်းမဟုတ် လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများကို လူထု သဘောထားနှင့်အညီ ဆောင်ရွက်ပေးရမည်။ သို့မှသာ လူထုအနေဖြင့် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ယင်းတို့ကိုယ်တိုင်ပါဝင်ထားသည် ဟူသော စိတ်ချလုံခြုံမှုကို ရရှိစေနိုင်မည်ဖြစ်ပြီး လူထုယုံကြည် စိတ်ချမှုမှ တရားဝင်မှုကို ရရှိစေမည် ဖြစ်သည်။

## နွေဦးလေပြည်နှင့် နွေလယ်အိပ်မက်ဆိုး

မြန်မာ့နွေဦး၏ လက်ရှိရောက်ရှိနေသော လမ်းခုလပ်ကို ပိုင်းခြားကြည့်လျှင် အသွင်ကူးပြောင်းမှု တည်ငြိမ်ရေးအတွက် ကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ စံပြုရမည့် မူဘောင်တစ်ခု ခိုင်ခိုင်မာမာ ရှိနေသည်။ တည်ငြိမ်မှုကို ထိန်းသိမ်းရန်အတွက်၊ ဝီရောဓိများမှ မလိုလားအပ်သော

ပဋိပက္ခများအဆင့်အထိမရောက်ရှိစေရန် လက်ကိုင်ထားရှင်းရမည့် စည်းမျဉ်းများရှိနေသည်။ အဆိုပါ အသွင်ကူးပြောင်းရေး မူဘောင်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပင် ဖြစ်သည်။ မြန်မာ့နိုင်ငံရေးမြေညီကွင်း၏ ဂိမ်းစည်းမျဉ်းများသည် ယူနီဗာဆယ်ဒီမိုကရက်တစ်တန်ဖိုးများကိုတော့ ပြည့်ဝမည်မဟုတ်သော်လည်း အသွင်ကူးပြောင်းရေးကာလအတွက်တော့ အထိန်းအထေသသော အသုံးပြုနိုင်သည်။ ဂိမ်းစည်းမျဉ်းနှင့်ပတ်သက်၍ စံတော်ချိန်မဟုတ်သော်လည်း ခေတ်ပြောင်းကာလအတွက် လက်ခံနိုင်သည်၊ နောင်သောအခါ ပြင်ဆင်သင့်သည်များ ပြင်ရမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် အသွင်ကူးပြောင်းရေးကို လက်တွေ့ကျကျ ဖြတ်သန်းနေသော ဒေါ်အောင်ဆန်းစုကြည်သည် သာဓကတစ်ရပ်ပင် ဖြစ်သည်။ နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့သို့တည့်တည့်လျှောက်မည်ဟု သမ္မတအိုဘားမား၏ ထုတ်ဖော်ပြောကြားခဲ့သော နိုင်ငံတော်သမ္မတကြီး၏ ကတိကဝတ်သည် မြန်မာ့နွေဦးအတွက် အာမခံချက်တစ်ခုတစ်ရာ ဖြစ်ခဲ့ပါလိမ့်မည်။

ပြီးခဲ့သည့် လပေါင်း ၃၀ ကို ပြန်ဆန်းစစ်ကြည့်လျှင် ဒီမိုကရက်တစ် အင်စတီကျူးရှင်းများ နိုင်နိုင်မာမာမရှိခဲ့သော၊ ဒီမိုကရက်တစ် ဓလေ့သုတများ ကင်းဝေးခဲ့သော တင်ကူးအခြေအနေလိုအပ်ချက်များအရ လက်ရှိခေတ်ပြောင်း၊ စနစ်ပြောင်း မြန်မာ့နွေဦးတွင် ရင့်ကျက်မှု၊ အတွေ့အကြုံ၊ အမြော်အမြင်တို့မှ အားနည်းချက်များလည်း ပေါ်ထွက်လာခဲ့သည်။ သို့သော် ကံကောင်းသည်မှာ မြန်မာ့နွေဦးကို အပြောင်းအလဲဖြစ်စေနိုင်သော နိုင်ငံတော်သမ္မတကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးရွှေမန်း စသည်တို့မှ မတူကွဲပြားမှုများကို ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေ ရှာနိုင်ရန် ကြိုးပမ်းခဲ့ကြခြင်းပင်ဖြစ်သည်။ အလားတူ တိုင်းရင်းသားခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်းဆောင်များကလည်း မြန်မာလူ့အဖွဲ့အစည်းကိုရယ်ဒီကယ်လမ်းကြောင်းပေါ် မရောက်စေရန် ဝိုင်းဝန်းထိန်းသိမ်း တည့်မတ်ခဲ့ကြသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ ညင်သာသော ခေတ်ပြောင်းတော်လှန်ရေး၏ ထူခြားလေးနက်သော သွင်ပြင်လက္ခဏာပင် ဖြစ်သည်။

'အမျှော်လင့်ကြီး မျှော်လင့်ထားခဲ့သော အိုဂျစ်နွေဦးသည် လမ်းပေါ်

ရောက်နေသော ရယ်ဒီကယ်ညီအစ်ကိုများ၏ ပုံရိပ်များအရ အဆိုးကျော သံသရာလည်ဖို့သာပင် ရှိပေတော့သည်' ဟူသော ဖာရိုဇာခါရီယာ၏ ကောက်ချက်သည် အာရပ်နွေဦးအတွက် နှလယ်အိပ်မက်ဆိုးပင် ဖြစ် သည်။ အသွင်ကူးပြောင်းရေးကို ဦးဆောင်ရာ၌ အမြော်အမြင်ပြည့်ဝပြီး ရင့်ကျက်တည်ငြိမ်သော ခေါင်းဆောင်များ လိုအပ်သည်မှာ လျှောက် လှမ်းခဲ့ပြီးသော ၂ နှစ်ခွဲ ခေတ်ပြောင်းကာလအောင်မြင်မှုများ၊ ပွတ်တိုက်မှု များနှင့် ပဋိပက္ခများက ပြဆိုနေသည်။ လူထုနိုင်ငံရေးရေချိန်နှင့် ဒီမို ကရက်တစ်အင်စတီကျူးရှင်းတို့ အဆင်သင့်မဖြစ်သေးသော်လည်း ရဲရဲ ရင့်ရင့် ကူးပြောင်းလိုက်သော ခြေလှမ်းများသည် နိုင်ငံပြခေါင်းဆောင် တို့၏ ကိုင်တွယ်ထိန်းသိမ်းမှုတို့ကြောင့် မြန်မာ့နွေဦး ဤကဲ့သို့ ရင့်ကျက် လာနိုင်ခဲ့သည်ဟုလည်းဆိုကြသည်။ မည်သို့ပင်ဆိုစေ နောက်ထပ် လျှောက်လှမ်းရမည့် လပေါင်း ၃၀ တွင် ပြီးခဲ့သည့်လပေါင်း ၃၀ အား သင်ခန်းစာယူနိုင်မှသာ နွေလယ်အိပ်မက်ဆိုး၏ တိမ်မည်းညိုများ ကင်း စင်ပြီး နွေဦးလေပြည်၊ နွေဦးလေနုအေးတို့ တနော့နော့ တိုက်ခတ်နိုင်ပါ လိမ့်မည်။

❑

## ထိုးပြိုင်နှန်းပြိုင်ပြိမ်းချမ်းရေးနှင့် ထီးလိုမင်းလို ငြိမ်းချမ်းရေး

### နိဒါန်း

'ကလေးတစ်ယောက်၊ ဆရာတစ်ယောက်၊ စာအုပ်တစ်အုပ်နဲ့ ကလောင်တစ်ချောင်းဟာ ကမ္ဘာကြီးကို ပြောင်းလဲနိုင်ပါတယ်' ဤသည်မှာ ဇူလိုင်လ ၁၂ ရက်နေ့ ကုလသမဂ္ဂဌာနချုပ်တွင် (၁၆) နှစ်မြောက် မွေးနေ့ရှင် မာလာလာ၏ ကမ္ဘာကြီးကို ကိုင်လှုပ်လိုက်သည့်စကားဖြစ်သည်။ တာလီဘန်များ၏ တိုက်ခိုက်မှုကြောင့် ဦးခေါင်းတွင် သေနတ်ဒဏ်ရာ ရရှိခဲ့သော်လည်း ဦးမညွတ်သည့် နီမွေးသော စိတ်ဓာတ်ကြောင့်လည်း ကမ္ဘာကျော်ပညာရေးသံတမန်ဖြစ်လာခဲ့သည်။ တာလီဘန်အကြမ်းဖက်များ အကြောက်ဆုံးမှာ 'စာအုပ်' ဟု မာလာလာကဆိုသည်။ မာလာလာ၏ ဘဝဖြစ်စဉ်မှာ ကမ္ဘာပေါ်ရှိ အမျိုးသမီးထုကြီးတစ်ရပ်လုံးကို သိမ်းကြုံးဆွဲယူနိုင်ခဲ့သလို ကလေးသူငယ်အခွင့်အရေးအတွက်လည်း ထင်ရှားလှသော သင်္ကေတပုံရိပ်တစ်ခု ဖြစ်လာခဲ့သည်။

မာလာလာ ကျော်ဖြတ်ခဲ့ရသော ခရီးကြမ်းနှင့် စာသင်ခန်း အနိဋ္ဌာရုံတို့မှာ တုန်လှုပ်ဖွယ်ရာကောင်းသည်မှန်သော်လည်း နယ်စပ် တိုင်းရင်းသားဒေသများကို ပုံဖော်ကြည့်လျှင် သမိုင်းမတင်၊ မှတ်တမ်းမဝင်သည့် မာလာလာပေါင်းများစွာကို တွေ့ရှိနိုင်ကြပေလိမ့်မည်။ မာလာလာထက်

ဆိုးသေ ၁ ငရဲခန်းနှင့် ခရီးကြမ်းများမှာ နှစ်ပေါင်း ၆၀ ကျော် ဆိုးမွေအဖြစ် တည်ရှိနေသည်။ တောထဲ တောင်ထဲတွင် စာသင်ခန်း ဟူသည် ဘာမှန်း မသိ၊ စာအုပ်ဟူသည် မမြင်ဘူးသေးသည့် မာလာလာထက် ပိုမိုဆိုးရွား သော ကလေးသူငယ်များစွာ ရှိနေခဲ့သလို ယခုလည်း ရှိနေဆဲ ဖြစ်သည်။ စစ်ပွဲအနိဋ္ဌာရုံများအကြားတွင် ခက်ခက်ခဲခဲ ရှင်သန်နေထိုင်ကာ စာသင် ခန်းမဝင်နိုင်သည့်၊ အချိန်မတန်မီ စာသင်ခန်းကို ကျောခိုင်းခဲ့ရသည့် ကလေးသူငယ်များစွာ၏ ပုံရိပ်များသည် မိမိတို့မြန်မာနိုင်ငံအနာဂတ်၏ မှုန့်ဖတ်များကို မိမိတို့ကိုယ်တိုင် ခြေချနေခဲ့ခြင်း၏ နိမိတ်ပုံများသာ ဖြစ် သည်။ မာလာလာ၏ Education First သည် ကမ္ဘာတစ်ဝန်းရှိ ကလေး သူငယ်များကို ရည်ညွှန်းခဲ့ခြင်းဖြစ်သော်လည်း ကမ္ဘာပေါ်တွင် သက်တမ်း အရှည်ကြာဆုံး ပြည်တွင်းစစ်ကြောင့် အိုးပစ်၊ အိမ်ပစ်၊ စာသင်ကျောင်းကို ပစ်ကာ ပြေးလွှားနေခဲ့ရသော လူမသိသူမသိ တိတ်တဆိတ်ကြွေလွင့်ခဲ့ရ သော နိုင်ငံ့ရတနာ ရင်သွေးငယ်များမှာ ပို၍ ဆိုးပါလိမ့်မည်။

## လူမှုနှိုးကြွားမှု Social Mobilization

လွတ်လပ်ရေးရပြီးဆိုကတည်းက 'ကွဲ'သမိုင်းနှင့် 'ချ'ရာဇဝင်များ ကြီးစိုးခဲ့သော မြန်မာမြေသည် ယနေ့တိုင်လည်း စစ်မီးမငြိမ်း မြက်ခင်း မစိမ်းနိုင်သော ယမ်းငွေ့တဝေဝေ မီးခိုးတလူလူ မီးလျှံတလှပ်လှပ် ထနေဆဲ ဖြစ်သည်။ သမိုင်းပြန်ကြည့်လျှင် ဖက်ဒရယ်ဟူသော စကားလုံးတစ္ဆေ ခြောက်အတွင်း ပိတ်မိနေခဲ့သည်ကတစ်မျိုး၊ တော်လှန်သော စီ ဖြင့် နိုင်ယာလော့ဖြင့် အချေဖျာရေးကို ရှက်ရွံ့ခဲ့သည်ကတစ်ဖုံ၊ ဂိုဏ်း ဂနပြဿနာများ တစ်နည်းဖြင့် လွတ်လပ်ရေးရရှိပြီး ရွှေပြည်တော်ကြီး တည်ဆောက်ခဲ့ရာတွင် အမျိုးသားညီညွတ်ရေး ပြိုကွဲခဲ့ရပေသည်။ နှစ်ပေါင်း ၆၀ အတွင်း ဝါးအစည်းပြေသလို တစ်စစီ ကွဲထွက်ခဲ့ရသော အမျိုးသားညီညွတ်ရေးသည် တစ်စစီ ပြန်လည်တွဲဆက်ကာ ရင်ကြားစေ့ ရာတွင်လည်း စိန်ခေါ်မှုများစွာ ကြုံတွေ့နေသည်။ စိန်ခေါ်မှုမှာ အမျိုးမျိုး အဖုံဖုံဖြစ်သလို မူလရှိရင်းစွဲပြဿနာများအပြင် လွတ်လပ်မှုနှင့်လင်းလာ သည့် ဒီမိုကရက်တစ်တန်ဖိုးများလည်း ထပ်မံပေါ်ထွက်လာခဲ့သည်။

မြန်မာနိုင်ငံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ခဲ့သည့် ကမ္ဘာကျော် ဘောဂဗေဒ ပညာရှင် ဖရန့်စစ်ဖူကူးယားမားက တောင်ကိုရီးယားဖွံ့ဖြိုးရေး မော်ဒယ်လ်ကို သာဓကပြု၍ မြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်းကို သရုပ်ခွဲပြခဲ့သည်။ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းမှုသည် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးကို ခွန်တွဲဖော်ဆောင်သည့် ခေတ်ပြိုင်လမ်းကြောင်းသစ် ဖြစ်နေလေရာ နိုင်ငံတည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီတည်ဆောက်ရေးဟူသော ဖောင်ဒေးရှင်း ၃ ရပ်ကို ထူမတ်ရာ၌ အရေးကြီးလှသော ပြည်သူများ၏ လူမှုနှိုးကြားမှု Social Mobilization ကို သတိပေးပြောကြားခဲ့သည်။ နိုင်ငံသစ်ထူထောင်စ၊ နိုင်ငံရေး စနစ်ကူးပြောင်းစ စသည့် အကူးအပြောင်းကာလများတွင် လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးကို ဦးဆောင်မှုပြုသည့် ဖောင်းနှင်မှုလည်း ဖြစ်သည်။ ဖူကူယားမား ညွှန်းသည့် Social Mobilization ကို လူ့အဖွဲ့အစည်းတစ်ခုလုံး၏ တိမ်းညွတ်ချက်ဖြင့် ဒီမိုကရေစီကို အားကောင်းသန်မာစေသည့်သဘော ဖွင့်ဆိုနိုင်သည်။ ဖူကူယားမား ပုံပမာပြုသော တောင်ကိုရီးယားမော်ဒယ်လ်ကို ကြည့်လျှင် အာဏာရှင်လက်အောက်မှာပင် ကောင်းမွန်သောအုပ်ချုပ်ရေးကို အုတ်မြစ်ချ၍ ဖွံ့ဖြိုးရေးကို ဆောင်ကြဉ်းသွားသော Mobilization ဖြစ်ရာ မြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်းနှင့် ဗျဉ်းတန်းသဘော မဆောင်ပါ။

မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေး၌ ပုံဖော်လျှောက်လှမ်းနေသော နိုင်ငံတည်ဆောက်ရေးလမ်းကြောင်းတွင် လူမှုနှိုးကြားမှု ၃ မျိုး ဖြစ်ထွန်းကျက်ထွက်လာခဲ့ကြောင်း တွေ့ရှိရသည်။ နံပါတ်(၁) လူမှု နှိုးကြားမှုမှာ ဒီမိုကရက်တစ်တန်ဖိုးများကို အခြေတည်၍ ဒီမိုကရက်တစ်လူ့ဘောင် တည်ဆောက်လိုသည့် နှိုးကြားမှုဖြစ်သည်။ ဤနှိုးကြားမှုကို အဓိကကိုယ်စားပြုကြသည်မှာ ရင့်ကျက်သော နိုင်ငံရေးခေါင်းဆောင်များနှင့် ပညာရှင် ပညာတတ်များ အများစုဖြစ်ကြပြီး လူနည်းစုဟု ဆိုနိုင်သည်။ မြန်မာ့ဒီမိုကရက်တိုင်ဇေးရှင်းတွင် ဤလူနည်းစု၏ စည်းရုံးလှုပ်ရှားမှုသည် အထူးပင် အရေးကြီးသည်။

နံပါတ်(၂) လူမှုနှိုးကြားမှုမှာ မူလရှိနေသော အစုအဖွဲ့၊ လူတန်းစားအလွှာ၊ မျိုးနွယ်စု စသည့် လူနည်းစုတို့၏ လူမှုအရင်း Social Capi-

tal ကို အခြေခံ၍ ပိုမိုအားကောင်းလာသော လူမှုနိုးကြားမှု ဖြစ်သည်။ ဤနိုးကြားမှုမှာ လူနည်းစုတိုင်းရင်းသားများ ကိုယ်စားပြုပါဝင်နေသလို တောင်သူလယ်သမား၊ အလုပ်သမား၊ မီဒီယာ၊ အရပ်ဘက်လူ့အဖွဲ့အစည်း အစရှိသည့် သီးသန့်အစုအဖွဲ့များ၏ ယုတ်လျော့နေခဲ့ရသော အခွင့်အရေး ပျောက်ဆုံးနေခဲ့ရသော အကျိုးစီးပွားတို့ ပေါ်ထွက်လာခဲ့သည်။ ယနေ့ ထွက်ပေါ်လာနေသော လူတန်းစားကိုယ်စားပြု အရပ်ဘက်လူ့အဖွဲ့ အစည်းများ၊ တိုင်းရင်းသားအရေးတက်ကြွလှုပ်ရှားမှုများမှာ ဤနိုးကြားမှု တွင် ပါဝင်နေသည်။

နံပါတ်(၃) လူမှုနိုးကြားမှုမှာ ခွဲခြားတတ်သော သဘောသဘာဝ တစ်ခုဖြစ်ပြီး လူမျိုးစုဝါဒ၊ အသား အရောင်ဝါဒ၊ ဘာသာရေးအယူဝါဒ၊ နိုင်ငံရေးဝါဒ(လက်ဝဲ–လက်ယာ) စသည်တို့ကိုအခြေခံသော အကျိုးစီး ပွား မြှင့်တင်ရေးဆိုင်ရာ လူမှုနိုးကြားမှု ဖြစ်သည်။ ယနေ့အာရပ်ဒေသ ရယ်ဒီကယ်လမ်းကြောင်းသို့ တိမ်းစောင်းသွားတတ်သော သဘောတရား သည် ဤနံပါတ်(၃)လူမှုနိုးကြားမှု ကန့်ပိန်းများ အသာစီးရယူသွားနိုင်ခဲ့ ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိနိုင်သည်။ ရခိုင်ပြည်နယ်ပဋိပက္ခများသည် ဤနံပါတ်(၃)လူမှုနိုးကြားမှုကို လှုပ်နှိုးရာရောက်စေခဲ့ပြီး နိုင်ငံရေးယိုယွင်း မှုသို့ ဆွဲယူသွားနိုင်သည့် အခြေအနေများလည်း ကြုံတွေ့ခဲ့ရသည်။

လူမှုနိုးကြားမှုနှင့် တစ်ဆက်တစ်စပ်တည်း တွေ့ရှိရသော မျက်နှာ စာမှာ အရပ်ဘက်လူ့အဖွဲ့အစည်း အပြိုင်းအရိုင်းဖြင့် ဖွံ့ဖြိုးပေါ်ထွက်လာ ခဲ့ခြင်းဖြစ်သည်။ အချို့သောနိုင်ငံများတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ က ပြည်သူများ၏ လူမှုနိုးကြားမှုကို စီမံခန့်ခွဲမှု ပြုသော်လည်း အချို့သော နိုင်ငံများတွင် ပြည်သူများ၏ လူမှုနိုးကြားမှုများက အရပ်ဘက်လူ့အဖွဲ့ အစည်းကို မောင်းနှင်မှုပြုတတ်ကြောင်း တွေ့ရှိရ သည်။

## နေပြည်တော် သဘောတူညီချက်

ဖုကူယားမား သာဓကပြခဲ့သော တောင်ကိုရီးယား၏ လူမှုအရင်း Social Capital ကို လေ့လာကြည့်လျှင် ကွန်ဖြူးရှပ် ဝါဒအရိပ်အငွေ့များ နှင့် ဂျူဆွန်းဒိုင်နက်စတီပြဲစာများ ရောယှက်စိမ့်ဝင်နေသည်။ တောင်ကိုရီး

ယားတစ်နိုင်ငံလုံးသည် ဘာသာအယူဝါဒ ကွဲပြားမှုရှိသော်လည်း လူမျိုး အားဖြင့် တစ်မျိုးတည်းသာဖြစ်ပြီး ယဉ်ကျေးမှုအားဖြင့်လည်း တစ်စုတည်း သာ ရှိသည့်အတွက် သရုပ်အမှတ်အသား **Identity Problem** ကင်းရှင်း သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။ တောင်-မြောက် စစ်ပွဲအပြီး အခြေခံအဆောက်အအုံကအစ ကုန်ထုတ်လုပ်မှုကွင်းဆက်အားလုံး ပြိုကွဲ ပျက်စီးခဲ့ပြီးနောက် ပြာပုံမှ ပြန်လည်ရုန်းထ ရှင်သန်နိုင်ရန် ကြမ်းတမ်းစွာ လျှောက်လှမ်းခဲ့ရသော အခြေအနေများမှာ မြန်မာ့နွေဦး တင်ကူး အခြေ အနေများနှင့် ကွဲလွဲချက် အများအပြားရှိနေသည်။

စိတ်မကောင်းစရာ၊ တစ်ဖန် ရင်နာဖွယ်ရာကောင်းလှသည်မှာ မြန်မာ့နွေဦး၏ လူမှုနိုးကြားမှုသည် ဖွံ့ဖြိုးရေးမျက်နှာစာသို့ မျက်နှာမူခြင်း မရှိခဲ့ဘဲ လမ်းကြောင်းအမျိုးမျိုးသို့ ခွဲဖြာထွက်သွားခဲ့ခြင်းပင် ဖြစ်သည်။ လူမျိုးပေါင်းတစ်ရာကျော်၊ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာ တစ်ရာကျော်နှင့် မတူကွဲပြားမှုများ ပေါင်းဆုံနေသော မြန်မာ့လူ့အဖွဲ့အစည်းသည် အသွင် ကူးပြောင်းရေး၏ ရိုက်ခတ်မှုကိုခံခဲ့ရသည်ဟုလည်းဆိုနိုင်သည်။ ဤသည် ကိုလည်း နိုင်ငံတော်သမ္မတကြီးနှင့် အစိုးရအဖွဲ့၊ ဒေါ်အောင်ဆန်းစုကြည်၊ သူရ ဦးရွှေမန်းနှင့် နိုင်ငံရေးပါတီများ၊ တပ်မတော်ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်း ခေါင်း ဆောင်များနှင့် မီဒီယာများ စသည်တို့အားလုံးက မှဆိုးစိုင်သင် ဒီမိုကရက် တစ်တန်ဖိုး ထူထောင်ရေးကို တရားဥပဒေစိုးမိုးရေးနှင့် ယှဉ်တွဲ၍ ကြိုးပမ်း ခဲ့ရကြောင်း တွေ့ရှိရသည်။

လာမည့် အောက်တိုဘာလအတွင်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲ ရေး လက်မှတ်ရေးထိုးပွဲကြီးကို ကျင်းပပြုလုပ်နိုင်ရန် နိုင်ငံတော်သမ္မတ ကြီးက မျှော်မှန်းထားသလို တိုင်းရင်းသားခေါင်းဆောင်အချို့ကလည်း လက်မှတ်ရေးထိုးရန် သဘောတူညီထားကြသည်။ တစ်နိုင်ငံလုံး အပစ် အခတ်ရပ်စဲရန် လက်မှတ်ရေးထိုးကြမည့် နေပြည်တော် သဘောတူညီ ချက်သည် လွတ်လပ်ရေးမရရှိမီက တည်ထားပြီးဖြစ်သော ပင်လုံစိတ် ဓာတ်ကို ပြန်လည်အသက်သွင်းခြင်းဖြစ်သလို အမျိုးသားညီညွတ်ရေး အတွက် လက်ရှိခေါင်းဆောင်များ၏ ပြင်းပြသော သန္နိဋ္ဌာန်ကို ကိုယ်စား

ပြုခြင်းဖြစ်သည်။ ဤသို့လက်မှတ်ရေးထိုးခြင်းသည် ခေါင်းဆောင်အားလုံးတို့က သန်း ၆၀ သို့ တရားဝင် ကတိကဝတ်ပြုလိုက်ခြင်း ဖြစ်သည်။ အမျိုးသားညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည် ဒီမိုကရေစီ ပင်ပျိုသင်းမသတ်ခံရရေး၊ ဖွံ့ဖြိုးရေးသို့ အနှောင့်အယှက်ကင်းကင်း ချီနိုင်ရေးအတွက် နေပြည်တော်သဘောတူညီချက်သည် သမိုင်းနှင့်ချီသော မှတ်တိုင် ဖြစ်လာပေမည်။ နိုင်ငံရေးဘောဂဗေဒသီအိုရီများအရ မရှိမဖြစ်လိုအပ်သော နိုင်ငံရေးတည်ငြိမ်မှု၊ မူဝါဒတည်ငြိမ်မှု၊ စီးပွားရေးတည်ငြိမ်မှုတို့အတွက် တစ်ဆက်တစ်စပ်တည်း ဖြစ်နေသလို ဖွံ့ဖြိုးရေး သီအိုရီများအရလည်း အခြေခံလိုအပ်ချက်မှာ အမျိုးသားညီညွတ်ရေးပင် ဖြစ်သည်။

## ထီးပြိုင်နန်းပြိုင် မဟုတ်သော ထီးလိုမင်းလို ငြိမ်းချမ်းရေး

မြန်မာ့ရာဇဝင်တွင် ခေတ်အဆက်ဆက် ထွက်ပေါ်ခဲ့ဖူးသော ထီးပြိုင်နန်းပြိုင် စစ်ဘုရင်များ၏ ပြိုင်ဆိုင်မှုများကြောင့် စစ်ခင်းကာ အင်ပါယာချဲ့ထွင်ခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးနောက်တွင် ဖက်ဒရယ်ဟူသော စကားလုံးတစ်ခုဖြင့် ခွဲထွက်မည် အိပ်မက်ဆိုးများကို လက်နက်ကိုင်၍ဖြေရှင်းခဲ့ကြရသည်။ မျက်မှောက်ကာလတွင် ဖက်ဒရယ်သည် ခွဲထွက်ရေးမဟုတ်၊ ပေါင်းစည်းရေးသာဖြစ်သည်ဟူသော ခံယူချက်များ ရဲရဲတင်းတင်း ထွက်ပေါ်လာခဲ့ပြီး အခြေခံဥပဒေပြုပြင်ပြောင်းလဲရေးသို့ ပါဦးတည်နေပြီဖြစ်သည်။ လက်နက်ကိုင်တော်လှန်ရေးများနေရာတွင် စားပွဲဝိုင်းတော်လှန်ရေးများ အစားထိုးနေရာယူကြရန် လက်ရှိခေါင်းဆောင်များ အပေါ်တွင် မူတည်နေပြီဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး မကြာခဏ ရည်ညွှန်းပြောကြားလျက်ရှိသော မတူကွဲပြားမှုများကို ငြိမ်းချမ်းစွာ ရေစပ်ညှိနိုင်းနိုင်သည့် နိုင်ငံရေးယဉ်ကျေးမှုသစ်သည် ငြိမ်းချမ်းရေးအတွက် ထီးလိုမင်းလိုဖြစ်မှသာ သန်း ၆၀ အတွက် ရင်မောသက်သာနိုင်ပေလိမ့်မည်။ သို့မဟုတ်ပါဘဲ ထီးပြိုင်နန်းပြိုင် ငြိမ်းချမ်းရေးကိုသာ ဆက်လက်ဆွဲကိုင်ထားမည်ဆိုပါလျှင် အသွင်ကူးပြောင်းရေး လမ်းဆုံးရောက်နိုင်မည် မထင်ပေ။

စားပွဲဝိုင်းဒိုင်ယာလော့များတွင် တက်ရောက်ပါဝင်ကြသူများအနေ

ဖြင့်လည်း ဘက်တစ်ဖက်တည်းကိုသာ ရပ်တည်ခြင်းမရှိဘဲ သန်း ၆၀ ဘက်တွင် ရပ်တည်ကြမှသာ ငြိမ်းချမ်းရေးပန်းတိုင်သို့ နိုင်ငံတော်ရော၊ နိုင်ငံသားများပါ ရောက်ရှိနိုင်ကြမည် ဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော် ကိုယ့်ဘက် အနိုင်–အရှုံး၊ သူ့ဘက် အနိုင်–အရှုံး စသည့် ကစားပွဲအမြင်ဖြ ဘက်ချက်မှုများကိုလည်း အမြော်အမြင်ရှိရှိ ရင့်ကျက်မှု ပြည့်ပြည့်ဝဝဖြင့် ရှောင်ကြဉ်နိုင်ကြရန်လည်း မျှော်လင့်နေကြပေသည်။

## နိဂုံး

ငြိမ်းချမ်းရေး တည်ဆောက်ရေးသည် အရောင်း–အဝယ် သဘော လုံးဝ မဟုတ်ရပါသော နိုင်ငံတည်ဆောက်ရေးသာ ဖြစ်သည်။ မျှော်မှန်း ဘန်ဖိုးများကို ဆုပ်ကိုင်၍ ဈေးဆစ်တောင်းဆိုရေးမှုများကို ဆုပ်ကိုင်ကြ သည်များလည်း ရှိတတ်ပေသည်။ ငြိမ်းချမ်းရေးသည် လူနည်းစုတစ်စု တည်း၊ မျိုးနွယ်စုတစ်စုတည်းနှင့်သာ သက်ဆိုင်ခြင်း မဟုတ်သော သန်း ၆၀ ၏ ဖွံ့ဖြိုးရေးကိစ္စဖြစ်သည်။ နိုင်ငံရေးစားပွဲဝိုင်းများနှင့် စပ်လျဉ်း၍ လည်း နိုင်ငံရေးအမြတ်ထုတ်မှုများ၊ ၂၀၁၅ အိပ်မက်များ ပါဝင်လာခဲ့ပါက စစ်မှန်သော ရေစပ်ညှိနှိုင်းမှုများသို့ တက်လှမ်းနိုင်မည် မဟုတ်ပါ။ ငြိမ်းသားမှု အရေးကြီးသည့်နည်းတူ သန်း ၆၀ အတွက် စစ်မှန်သောစေတနာ ရှိရပါလိမ့်မည်။ ကမ္ဘာကျော် မာလာလာထက် ပို၍ဆိုးရွားသော ဘဝပေါင်း များစွာ မြန်မာပြည်တွင်းစစ်တလင်းတွင် ရှိခဲ့ကြသည်။ ပညာရေးသည်သာ ပထမဟု အော်ဟစ်တောင်းဆိုရကောင်းမှန်းမသိရှာကြသော ကလေး သူငယ်များစွာ တောထဲတောင်ထဲတွင် ဆင်းဆင်းရဲရဲနေထိုင်နေကြရှာ သည်။ စနစ်ဟောင်း၊ ခေတ်ဟောင်း၏ အမှန်းတရားများ၊ အစဉ်အဆက် လက်ဆင့်ကမ်းလာခဲ့သော အငြိုးများကြောင့် ယင်းကလေးငယ်များ၏ အနာဂတ်များကို စတေးပေးဆပ်နေကြရခြင်းသာ ဖြစ်သည်။

စစ်ပွဲတွင် သေဆုံးသွားကြရရှာသော၊ စစ်ပွဲကြောင့် အငတ်ငတ် အပြတ်ပြတ်ဖြစ်ကြရရှာသော၊ စစ်ပွဲကြောင့် စာသင်ကျောင်းမရှိ၊ ခေါင်း လောင်းသံ မသိ နေထိုင်နေကြရရှာသော၊ ဟိုမှာဘက်ကမ်းရှိ အိမ်နီးချင်း နိုင်ငံများမှ မီးထိန်ထိန်များကို ငေးမောကြည့်နေရရှာသော တိုင်းရင်းသား

ကလေးငယ်များသည် ကမ္ဘာကျော်မာလာလာထက် အဆပေါင်းများစွာ ပိုမိုဆိုးရွားသော ဝေဒနာခံစားနေရသည့် အခြေအနေများကို ကျော်ဖြတ်နေကြရသည်။ ယနေ့ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ပြန်လည်ရေးဆွဲရေးသာမက ခေါင်းဆောင်အများစု လက်ခံထားကြပြီးဖြစ်သော အခြေခံဥပဒေပြင်ဆင်ရေးလမ်းကြောင်းတွင် လက်ကိုင်ထားကြမည့် တောင်းဆိုချက်များ၊ လိုလားချက်များနှင့်စပ်လျဉ်း၍လည်း အဆုံးထိ တစ်ပတ်လည်အောင် သုံးသပ်ကြစေလိုသည်။ ထို့နည်းတူ လက်တွေ့ကျပြီး အလုပ်ဖြစ်သော မဟာဗျူဟာသဘောကို အခြေခံကြမှသာ မာလာလာထက်ပို၍ အဆပေါင်းများစွာဆိုးရွားသော မြန်မာ့မြေမှ မာမာလာပေါင်းများစွာတို့၏ ဘဝပေါင်းများစွာကို အမှန်တကယ် ပြောင်းလဲလာစေမည်ဖြစ်သည်။ ဆိုလိုသည်မှာ လူနည်းစုကွက်ကွက်ကလေး၏ အကျိုးစီးပွားကိုသာ မလွှတ်တမ်းဆုပ်ကိုင်ထားတတ်သော ထီးမြိုင်နန်းမြိုင်ငြိမ်းချမ်းရေးထက် သန်း ၆၀ အကျိုးစီးပွားကိုသာ မြှင့်ရှုမျှော်သော ထီးလိုမင်းလို ငြိမ်းချမ်းရေးသာ မျှော်လင့်ချက် ဖြစ်နေခြင်းပင် ဖြစ်သည်။

မာလာလာကတော့ 'ကလေးတစ်ယောက်၊ ဆရာတစ်ယောက်၊ စာအုပ်တစ်အုပ်နဲ့ ကလောင်တစ်ချောင်းဟာ ကမ္ဘာကြီးကို ပြောင်းလဲနိုင်ပါတယ်' ဟု ပြောကြားခဲ့သည်။ မြန်မာနိုင်ငံအတွက်တော့ တိုင်းရင်းသားခေါင်းဆောင်များ၏ ကလောင်တစ်ချောင်း၊ လက်မှတ်တစ်ချက်သည် မြန်မာပြည်ကြီးကို ရုတ်ခြည်းပြောင်းလဲသွားစေမည် ဖြစ်သည်။

❑

## မြန်မာ့နွေဦး ရောင်ရန် မဟုတ်

### အပြုတ်တိုက်ရေး ယဉ်ကျေးမှု

မြန်မာ့နိုင်ငံရေးလောသည် တော်လှန်သောစိတ်မျိုးရင်းများဖြင့် ရင့်သန်ခဲ့ခြင်းဖြစ်သောကြောင့် ရန်–ငါ မျက်လုံးစိမ်းများ မင်းလောင်းပေါ်သည်ကြားလျှင် အပြုတ်ရှင်းခဲ့သည့်ထုံးတမ်းများဖြင့် စတင်ခဲ့ခြင်း ဖြစ်သည်။ ပဒေသရာဇ်ခေတ်မှ သက်ဆင်းလာခဲ့သော ပါဝါဂိမ်းတို့တွင် အဖြူနှင့်အမည်း ဘက်နှစ်ဖက်ကိုသာ အခြေပြုစဉ်းစားခဲ့ကြပြီး ပြည်သူလူထုဟူသည်ကို နိုးစဉ်းမျှထည့်သွင်းတွက်ချက်ခဲ့ကြခြင်း အလျဉ်းမရှိခဲ့ပေ။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် 'တော်လှန်မှု လွတ်လပ်ရေးအစစ်' ဟု ကြွေးကြော်သံများအကြား အပြုတ်တိုက်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ တော်လှန်ရေးလမ်းစဉ်ကိုရှောင်လွှဲကာ စေ့စပ်ညှိနှိုင်းရေး လမ်းကြောင်းအသစ်ကို လျှောက်လှမ်းခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည်ပင် သူရဲဘောကြောင်သူ၊ သွေးနည်းသူ စသည်အားဖြင့် တံဆိပ်အမျိုးမျိုး အကပ်ခံခဲ့ရသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့လွတ်လပ်ရေးကို အပြုတ်တိုက်ရေးလမ်းကြောင်းမှသွေဖည်ပြီး **Pragmatic Approach** ဖြစ်သော စားပွဲဝိုင်းတော်လှန်ရေးဖြင့် ရအောင်ယူပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းလွန်လေပြီးသောအချိန်၌ကား မြန်မာ့နိုင်ငံရေးလော

တွင် စားပွဲဝိုင်းတို့ ရောက်ခဲ့လန်ကာ တော်လှန်ရေးနှင့် အပြုတ်တိုက်ရေးမှု ဖြင့်သာ စခန်းသွားခဲ့ကြရပြန်ပေသည်။

ကျော်ဖြတ်ခဲ့ပြီးသော နိုင်ငံရေးခရီးကြမ်းတစ်လျှောက်လုံးကို ပြန်ကြည့်လျှင် ရန်နှင့်ငါ၊ အဖြူနှင့်အမည်း ပါဝါဂိမ်းများဖြင့် အတိုဖုံးလွှမ်းခဲ့ပြီးဖြစ်သည်။ ယင်းပါဝါဂိမ်းများတွင် အပြုတ်တိုက်ရေးမှုများဖြင့် သူငါမာန်တင်း၍ ရန်ဘက်အသွင်စစ်ခင်းခဲ့ကြသည်။ စစ်တာလင်းလည်း ကျွမ်းလှပြီး ဖွံ့ဖြိုးရေးပန်းလည်း နွမ်းလှပြီ အပြုတ်တိုက်ရေးမှုများလည်း ပျောက်ဆုံးသင့်ပေပြီ။ အကြောင်းရင်းမှာ သန်း ၆၀ နှင့် မြန်မာ့မြေလည်း နိုင်ငံရေးတိုက်ပွဲများကြောင့် နာလှပြီ ဖြစ်သောကြောင့် ဖြစ်သည်။

## သမိုင်းဘီး တစ်ပတ် လည်-မလည်

အခမဲ့အကျိုးတော်ဆောင် ဆရာဦးကျော်ဝင်းကမူ သမိုင်းဖန်တီးနိုင်သည့် Player များ၏ အသိဉာဏ်အမြော်အမြင်များ တက်မလာခဲ့လျှင် သမိုင်းဘီးတစ်ပတ်လည်နိုင်သည်ဟု တျိုင်ဘီ၏အဆိုကို ကိုးကား၍ ပြောသည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၂ ခုနှစ်တို့အကြား အရေးကြီးသော ဖြစ်ရပ်(၃)ရပ်ရှိခဲ့ပြီး (၁) ပထစ ဦး–ဗိုလ်–သခင် အကွဲအပြဲ၊ (၂) အခြေခံဥပဒေပြင်ဆင်ရေး (ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်)၊ (၃) လူမျိုးရေး အဓိကရုဏ်း (နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းမှုအစပြု) ဟု ဆိုသည်။ သမိုင်းဖြစ်ရပ် ၃ ခု လုံးကို လက်ရှိအချိန်တွင် ထပ်တူနီးပါး ပြန်လည်မြင်တွေ့နေရခြင်းသည် သမိုင်းဘီးတစ်ပတ်လည်တော့မည့် ရှေ့ပြေး သင်္ကေတလေလား ဟု စိုးရိမ်ပူပန်မှုကို ထုတ်ဖော်ပြောကြားခဲ့သည်။

ရှိခဲ့ပြီးသော အရှေ့ကို မည်သူတို့က မည်မျှရှေ့သည် ထင်သနည်းဟူသောအချက်ကို အခြေခံ၍ ဆက်လက်ဖြစ်ပေါ်လာသော လက်ရှိမြန်မာ့ရှေ့ဦးကို မည်သူတို့က မည်မျှတန်ဖိုးနှင့် ဈေးဖြတ်သည်ဟူသောအချက်ပေါ်တွင် မူတည်နေပေလိမ့်မည်။ အရှင်းဆုံးဆိုရလျှင် 'မြန်မာ့ရှေ့ဦးဘယ်လောက်တန်မည်ထင်သနည်း' မေးခွန်း၏အဖြေသည် သမိုင်းဘီးတစ်ပတ်လည်–မလည်၏ အဖြေနှင့် မျဉ်းတန်း သဘောဆောင်ပေလိမ့်မည်။ တစ်ရာတန်သည်ဟု ဈေးဖြတ်သူက ရှေ့ခဲ့ပြီးသော အရှေ့ကို

တစ်ရာတန်ဖြင့် ပေးချေပြီး တစ်ထောင်တန်သည်ဟု ဈေးဖြတ်သူက ရွှေ့ခဲ့ပြီးသောအရွှေ့ကို တစ်ထောင်တန်ဖြင့် ပေးချေပေလိမ့်မည်။

## ပြင်ဆင်ရေး ဒီဘိတ်

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဒီဘိတ်သည် ရှမ်းမှုကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သော ပြင်ဆင်ရေး ဒီဘိတ်နှင့်တော့ လုံးလုံးကြီး ခြားနားပါ၏။ ဦးနုလက်ထက် ပြင်မလား သစ်မလား ပြဿနာတွင် အသံလွှင့်ရုံမှတစ်ဆင့် တစ်နိုင်ငံလုံး သိကြားစေသက်သေညွှန်းခဲ့သော ရှမ်းမှုတွင် ဖက်ဒရယ်မှုကို လက်မခံခဲ့ဖွက်မည်ဟု ဆိုလာခဲ့သည်။ အတိုက်အခံပမညာတတို့က ရှမ်းမှုကို လက်မခံနိုင်ဘဲ ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့ကြသည်။

ယခုသော် နိုင်ငံတော်သမ္မတကြီးသည်လည်းကောင်း၊ လွှတ်တော်သည်လည်းကောင်း၊ တပ်မတော်သည်လည်းကောင်း၊ တိုင်းရင်းသားများသည်လည်းကောင်း၊ နိုင်ငံရေးပါတီများသည်လည်းကောင်း အခြေခံဥပဒေ ပြင်ဆင်ရမည်၊ ဖက်ဒရယ်ပြည်ထောင်စုသို့ သွားရမည် ဟူသော Common Ground တွင် ရပ်နေကြပြီဖြစ်ရာ အစွန်း ၂ ပါးရှောင် ညီညွတ်ရေးကို ဆောင်နိုင်ရန်သာလိုအပ်တော့သည့် အခြေအနေဖြစ်သည်။ ဒီဘိတ်ချင်းတော့ မတူ၊ သို့သော် အစွန်းကိုကြည့်ရမည့်သဘော ဖြစ်နေသည်။

## မြန်မာ့ရွှေဦးသည် ရောင်းကုန်မဟုတ်

နိုင်ငံတကာမှ ကျွမ်းကျင်သူရာဖြတ်များကလည်း တန်ဖိုး အမျိုးမျိုး ဖြတ်ကြသည်လည်း ရှိသည်။ အချို့က 'နိုင်ငံရေးပွင့်လင်းစ' ဟု ဆို၊ အချို့က 'ဒီမိုကရေစီကူးပြောင်းရေးလမ်းစုလပ်' ဟုပြော၊ အချို့က 'ဒီမိုကရေစီ တံခါးဖွင့်စ' ဟု မြင်ကြသည်။ မြန်မာ့ရွှေဦးကို ဈေးဖြတ်ကြရာ၌ 'နိုင်းရာတန်ဖိုး' နှင့် 'ပကတိတန်ဖိုး' ဟူ၍ ကွဲပြားနေသည်။ အင်ဒိုနီးရှား၊ ထိုင်း၊ တောင်ကိုရီးယား၊ အမေရိကန် စသည်တို့နှင့် နှိုင်းယှဉ်၍ ဈေးဖြတ်သော ရာဖြတ်ကမူ မြန်မာ့ရွှေဦးသည် တစ်ရာပဲ တန်ချင် တန်ပေလိမ့်မည်။ အာရပ်နွေဦးနှင့်နှိုင်းယှဉ်၍ ဈေးဖြတ်သော ရာဖြတ်အတွက်မူ မြန်မာ့ရွှေဦး

သည် တစ်ရာမက တန်ချင်တန်နေပေလိမ့်မည်။ ဤတွင် ရာဖြတ်တို့၏ လက်ဝယ်ရှိ စံနှုန်း၊ ပေတန်၊ ချိန်ခွင်က အဓိကကျနေကြောင်း တွေ့ရှိနိုင်သည်။

မြန်မာ့နိုင်ငံရေးကို ကိုင်၍ လှုပ်နိုင် ယမ်းနိုင်သော ဇာတ်ကောင်များမှာ လက်ချိုး၍ ရေနိုင်ပါ၏။ ရေဒီကယ် သောင်ချောက်ကိုလည်း ခုန်ပျံကျော်လွှားနိုင်ခဲ့ကြသူများလည်း ဖြစ်ကြပါ၏။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း၏ စားပွဲဝိုင်းတော်လှန်ရေးကို ပြန်လည်ဖန်ဆင်းနိုင်ခဲ့ကြသူများလည်း ဖြစ်နေကြပါ၏။ ရှေ့သို့ ဆက်ရမည့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့သည် လာခြင်းကောင်းသော သဏ္ဍာရာစ်များ ဟုတ်–မဟုတ် ကို ယင်းနိုင်ငံရေးခေါင်းဆောင်တို့၏ ရာဖြတ်တန်ဖိုးက အဆုံးအဖြတ်ပေးသွားမည်သာ ဖြစ်သည်။ သို့သော် မည်သည့်ပေတံ၊ မည်သည့်စံနှုန်း၊ မည်သည့်ချိန်ခွင်များကို အသုံးပြု၍ တန်ဖိုးဖြတ်ကြသည် သန်း ၆၀ သည် ရောင်းကုန်မဟုတ်ကြောင်း သတိပြုကြစေလိုသည်။ သန်း ၆၀ ၏ မျှော်လင့်ချက်သည် မြန်မာ့နေ့ဦး၌ အမြဲတေတည်နေသည်ကို သိရှိထားမှသာ အရောင်း–အဝယ်သဘောဆန်သော တန်ဖိုးဖြတ် ဆုံးဖြတ်ချက်များကို ရှောင်ရှားနိုင်မည်ဖြစ်ပါကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပါသည်။

❑

## မြန်မာ့နွေဦး၏ Greed And Grievance

### နိဒါန်း

"မြန်မာနိုင်ငံအနေဖြင့် နောက်ကျခြင်း၏အားသာချက်ကို အမိအရ ရယူသင့်သည်၊နောက်ကျခြင်း၏ အားသာချက်ဟူသည်မှာ အခြားသော နိုင်ငံများ၏ မှားယွင်းမှု၊ အောင်မြင်မှုများကို သင်ခန်းစာရယူ၍ အလားတူ အမှားအယွင်းများ ရှောင်ရှားကာ အောင်မြင်မှုရရှိအောင် ဆောင်ရွက် နိုင်ရေးပင်ဖြစ်သည်။" ဤသည်မှာ ရန်ကုန်မြို့ လမ်းမတော် RUMFCCI အစည်းအဝေးခန်းမတွင် မြန်မာ့နွေဦး ဟူ၍ စတင်ထင်ရှားလာခဲ့စဉ် ၂၀၁၂ ခုနှစ်အတွင်းက နိုဗယ်လ်ဆုရ ကမ္ဘာကျော် ဘောဂဗေဒပညာရှင် ဂျိုးစက် ဗတစ်ဂလစ်၏ ပြောကြားချက် ဖြစ်သည်။ စတစ်ဂလစ်သည် မြန်မာ့နွေဦး ဆန်းပွင့်စ မြန်မာ့စီးပွားရေးကို ဗဟိုပြု၍ သုံးသပ်ခဲ့ခြင်း ဖြစ်သော်လည်း အရပ်ရပ်နယ်ပယ်စုံ နိုင်ငံတည်ဆောက်ရေးကို ကြိုးပမ်းကြကုန်သော Player အားလုံးအတွက် ယူဆောင်ရသည့် ပြောကြားချက်လည်း ဖြစ်သည်။

### The Art of Engagement

ထိတွေ့ယှဉ် ရှုလွယ် မြန်မာ့နိုင်ငံရေး ဟု နိုင်ငံတကာကျွမ်းကျင်သူ များက သုံးသပ်ကြသည်မှာလည်း အဆိုးမဆိုသာ။ မြန်မာ့လူ့အဖွဲ့အစည်း

သည် အဘိဓမ္မာ ဟူသည့် အိုင်ဒီယိုလော်ဂျီကို အားသန်ကြသူ၊ စံစားချက် ပြင်းထန်သူများဖြစ်ရာ ဆိုရှယ်ဒီမိုကရေစီမှာပင် သုံးမျိုးသုံးစားကွဲခဲ့သည့် အမျိုးအစားဖြစ်သည်။ 'လက်တွေ့ကျ၍ အလုပ်ဖြစ်သော' နည်းလမ်းဟူ သည် အပြောလွယ်သလောက် အလုပ်မကော်ခဲ့သည်မှာ ယနေ့ခေတ်သာမက အစဉ်အဆက်ပင် ဤထပ်ကျော့သံသရာမှ ရုန်းထွက်နိုင်ခဲ့သည် မရှိပါ။ တော်လှန်သောစိတ်ဓာတ်နှင့် ရဲရဲနီမှ သတ္တိမည်သည့် စံယူချက်များဖြင့် လွတ်လပ်ပြီးစ နိုင်ငံပြန်လည်ထူထောင်ရေးကို မာန်တင်းခဲ့ကြသည့် ခေတ် ထုံးစံသည်ပင် မြန်မာ့နိုင်ငံရေး၏ ဓာတ်ဗီဇလက္ခဏာတစ်ရပ် ဖြစ်ခဲ့ရ သည်။ မြန်မာ့အရေးလေ့လာသူ ဒေးဗစ်စတိန်းဘတ်က မြန်မာလူမျိုးတို့ သည် ဘောလုံးပွဲများ၌ သရေကျလျှင်ပင် ရှုံးသည်ဟု ယူဆတတ်ကြသည် ဟူ၍ စာတမ်းတစ်စောင်တွင် အကဲဖြတ်ခဲ့ဖူးသည်။

ယနေ့မြန်မာ့နိုင်ငံရေးတွင် နိုင်ငံရေးယဉ်ကျေးမှုအသစ်ဟု ဆိုအပ် သော ဇောစပ်ညှိနှိုင်းခြင်းသည် အဆင့်တစ်ဆင့်သို့ ဆက်လက်တက်လှမ်း လာနေသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရသည်။ မြန်မာ့ရှေ့ဦး စတင်ဖူးသစ်စအချိန်တွင် မတူတာခွဲလုပ်–တူတာတွဲလုပ်သည့် ဘုံတူညီ ချက်ရှာဖွေခြင်းအဆင့်ကို ရောက်ရှိခဲ့ပြီးဖြစ်သည်။ လက်ရှိအချိန်တွင် ခွဲလုပ်နေသော မတူညီမှုများကို အပြန်အလှန်နားလည်ယုံကြည်မှုဖြင့် ညှိ နှိုင်းဆွေးနွေးသည့်အဆင့်သို့ ကူးပြောင်းနိုင်ရန် အားယူနေဆဲဟု ဆိုနိုင် သည်။ နိုင်ငံတော်သမ္မတကြီး သမ္မတအိမ်တော်ရောက်စအချိန်မှာပင် အစိုးရသစ်ကို လက်မခံနိုင်သေးသူများ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို လက်မခံနိုင်သေးသူများနှင့် လက်သီးဆုပ်မြှောက်၍ လက်ဆွဲ နှုတ်ဆက်ရန် သံလွင်ခက် ကမ်းလှမ်းခဲ့ခြင်းကို ပြန်ပြောင်း သတိရစေလို သည်။ ယင်းကာလကပင် 'မွှင့်သင့်တာ မွှင့်၊ ပြင်သင့်တာပြင်' ဟူသော အဆိုပြုချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလမ်းကြောင်းကို မဖြစ်မနေသွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးလည်း ဖြစ်သည်။ နိုင်ငံ ရေးခေါင်းဆောင်များအနေဖြင့် ယနေ့လက်ရှိ မြန်မာ့ရှေ့ဦးသည် အသွင် ကူးပြောင်းရေး ကာလအတွင်းမှာပင် တည်ရှိနေဆဲ ဖြစ်သည်ကို သတိပြု၍ တင်းပြည့်ကျပ်ပြည့် နိုင်မာသည့်အဆင့်သို့ ရောက်ရှိရန် ခရီးရှည်ကြီး

ဆက်လက်လျှောက်လှမ်းရဦးမည်ကို မျက်မှောက်ပြုကြရန် အရေးကြီးသည်။

အမေရိကန်နိုင်ငံခြားရေးမူဝါဒ၏ ကဝိတစ်ဆူဟု ခေါ်တွင်အပ်သော ဟင်နရီကစ်ဆင်းဂျားက သမ္မတအိုဘားမား၏ နိုင်ငံခြားရေးမူဝါဒဖြန့်ခင်းမှုအပေါ် ဂရင်းမာစတာ စင်တုရင်သမားတစ်ဦး၏ အဖွင့်ကစားကွက် ဟူ၍ တင်စားခေါ်တွင်ခဲ့သော လက်သီးဆုပ်ဖြေ၍ လက်ဆွဲနှုတ်ဆက်ရေးလမ်းကြောင်းအသစ်ကို ဆက်စပ်ချိန်ထိုးနိုင်းယှဉ်သော် တစ်စုံတစ်ရာ အဖြေရရှိနိုင်ပေလိမ့်မည်။ မိစ္ဆာဝန်ရိုးတန်းနိုင်ငံများဟု ပြင်းပြင်းထန်ထန် ကဲ့ရဲ့တင်ချင်ခဲ့သော အမည်ဆိုးနိုင်ငံများအနက် မြန်မာနိုင်ငံသည် နေပြည်တော်နှင့်အိမ်ဖြူတော် ကောဇောနီခင်းနိုင်ခဲ့ပြီးနောက် ဒိုနီနီ သီအိုရီအရ ယနေ့အခါ အီရန်ခေါင်းဆောင်များနှင့် မြောက်ကိုရီးယားစီမံကိန်းနှစ်ဖွဲ့လွှတ်ရေး စားပွဲဝိုင်းများသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ တရုတ်နိုင်ငံနှင့် စပ်လျဉ်း၍ Deal or No Deal ဟု လမ်း ၂ သွယ်ရွေးချယ်ရန် ဆုံးဖြတ်ချက်ချမှတ်မှုကို ရွေးချယ်စေခဲ့သော ကစ်ဆင်းဂျားသီအိုရီသည် ခေတ်ပြိုင်နိုင်းမှု၏ ပဏာမအဆင့်ဟု ဆိုကြသော်လည်း ယင်းပဏာမ အဆင့်သည်ပင် အရေးကြီးလှသော မူဝါဒ ချမှတ်မှုအစိတ်အပိုင်းကြီး ဖြစ်နေပေသည်။ တရုတ်နိုင်ငံကဲ့သို့ ကွန်မြူနစ်နိုင်ငံကြီးကို အပြတ်ဖြတ်နိုင်မည်လား၊ မဖြတ်နိုင်လျှင် နိုင်ယာလေဘ့ကို မဖြစ်မနေသွားရမည် ဟူသော ကစ်ဆင်းဂျားသီအိုရီသည် ပါဝါနိုင်ငံရေး၌ အရေးကြီးလှသော မဟာဗျူဟာမြောက် ရွေးချယ်မှုပင် ဖြစ်သည်။

## မြန်မာ့နိုင်ငံရေးထောင်ချောက်

ရှေ့မတိုး နောက်မဆုတ် ထွက်ပေါက်ပိတ်နေခြင်းကို လွန်ခဲ့သည့် ဆယ်စုနှစ် ၆ ခုမျှ တွေ့ကြုံခဲ့ကြပြီးဖြစ်သည်။ ဤသည်ကို မြန်မာ့နိုင်ငံရေးထောင်ချောက်ဟု နိုင်ငံတကာပညာရှင်များက ဆိုခဲ့ကြသည်။ သို့သော် မြန်မာ့ရှေ့ဦး စတင်ပွင့်ဖူးခဲ့ပြီးနောက် ယင်းထောင်ချောက်ကို ဖောက်ထွက်နိုင်ပြီလောဟု စိတ်ဝင်တစားစောင့်ကြည့်လာခဲ့ကြသည်။ ရှေ့ဦးချင်း မတူသော်ငြားလည်း ကူးပြောင်းမှုချင်း ဆင်ဆင်တူနေခြင်းကြောင့် နိုင်ငံတော်

သမ္မတကြီးသည် ဒုတိယမြောက် ဂေါ်ဗာချော့ ဖြစ်လာလေမလားဟု ပညာရှင်တို့က သုံးသပ်ခဲ့ကြပြန်သည်။ အချို့လေ့လာသူများကဆိုလျှင် ဆိုဗီယက်ပြည်ထောင်စု ပွင့်လင်းရေးနှင့် ခေတ်မီရေးသို့ တက်လှမ်းရာတွင် ဆစ်တ်စိတ်အမြွာမြွာ ပြိုကွဲခဲ့ရသလို လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်နေသေးသည့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးတွင်လည်း အစိတ်စိတ်အမြွာမြွာပြိုကွဲတော့မည်လောဟူ၍ မေးခွန်းထုတ်သည်အထိ ရှိခဲ့ပေသည်။ မြန်မာ့နွေဦး ဆိုဗီယက်လမ်းစဉ် မလိုက်နိုင်သည့်အကြောင်းအရင်းအချို့ကို နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ရှင်းလင်းခဲ့ပြီး ဖြစ်သည်။

"ပထမအချက်အနေဖြင့် ဆိုဗီယက်ပြည်ထောင်စု၏ 'ဂလပ်စ်နော့' နှင့် 'ပယ်ရီစတွိုင်ကာ' သည် မြန်မာ့နွေဦး၏ ပြုပြင်ပြောင်းလဲရေးနှင့် မတူပါ။ ဆိုဗီယက်ပြုပြင်ပြောင်းလဲမှုတွင် ဂေါ်ဘာချော့နှင့် ပေါ်လစ်ဗျူရို ထိပ်တန်းခေါင်းဆောင်အချို့၏ဆန္ဒကိုအခြေပြု၍ အပြောင်းအလဲကို ဖော်ဆောင်ခြင်းဖြစ်သော်လည်း မြန်မာ့နွေဦးတွင်မူ ပြည်သူများ၏ဆန္ဒကို အခြေပြု၍ အပြောင်းအလဲကို ဖော်ဆောင်ခြင်းဖြစ်သည်။ မြန်မာ့နွေဦးသည် ခေါင်းဆောင်အနည်းငယ်မှ အစပြုသော ပြုပြင်ပြောင်းလဲရေးဖြစ်သဖြင့် ဆိုဗီယက်ကူးပြောင်းမှုနှင့် ဆင်တူသည် ဟု ထင်ရသော်လည်း Top-Down တွင် **Bottom-Up** တွဲကပ်လိုက်ခြင်းဖြစ်၍ အနှစ်သာရတွင်မူ များစွာ ခြားနားနေသည်"

"ဒုတိယအချက်အနေဖြင့် ဆိုဗီယက်ခေတ် ပြုပြင်ပြောင်းလဲရေးတွင် **Transitional Pact** ဟု ဆိုအပ်သော **Rule of the Game** တိတိကျကျ မရှိခဲ့၊ အသွင်ကူးပြောင်းရေးကာလအတွက် အများညီ လက်ခံနိုင်သော စည်းမျဉ်းသတ်မှတ်ချက် မရှိခဲ့သဖြင့် ပါတီထိပ်ပိုင်းခေါင်းဆောင်များ အကြား ဝိဝါဒကွဲပြားမှု အက်ကြောင်းကြီးများ ကြီးမားစွာ တည်ရှိခဲ့သည်။ မြန်မာ့နွေဦးတွင်မူ အသွင်ကူးပြောင်းရေးအတွက် မူဘောင် ဟု ဆိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေပြုခဲ့ခြင်းဖြစ်၍ **Rule of the Game** တိတိကျကျရှိသည်။ [ဂိမ်းစည်းမျဉ်းများ ပြင်ဆင်ရန်လိုအပ်ချက်မှာ တစ်ပိုင်းဖြစ်ပြီး အသွင်ကူးပြောင်းရေးအတွက် ကိုးကားစရာ မူဘောင် တစ်ရပ်ရှိခဲ့ခြင်းက ခြားနားချက် ဖြစ်စေခဲ့သည်။]"

"တတိယအချက်အနေဖြင့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၏ Common Ground မှာ ပြည်သူ့သန်း ၆၀ ဖြစ်၍ မတူတာခွဲလုပ်-တူတာတွဲလုပ်ခြင်းအားဖြင့် အသွင်ကူးပြောင်းရေး ချောမွေ့အောင်မြင်မှုကို မျက်မှောက်ပြုခဲ့ကြသည်။ ထို့ကြောင့် မြန်မာနွေဦးသည် ဒုတိယဆိုဗီယက်မဖြစ်နိုင်သလို နိုင်ငံတော်သမ္မတကြီးသည်လည်း ဒုတိယဂေါ်ဘာချော့မဖြစ်နိုင်ပေ"

ဆိုဗီယက်ပြည်ထောင်စု၏ ပွင့်လင်းရေးနှင့်ဒေတ်မီးရေးကို ဖြိုခွဲခဲ့ကြသည်မှာ နောက်ကြောင်းပြန်လိုသော သဘောထားတင်းမာသူများ ဖြစ်သော်လည်း တင့်ကားပေါ်စုန်တက်၍ မိန့်ခွန်းပြောကြားခဲ့သော ဘောရစ်ယဲ့ဆင်က ဒီမိုကရေစီသူရဲကောင်းဖြစ်ခဲ့သည်ကို တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံရေး၏ အဓိကရုန်းထွက်ရမည့်ထောင်ချောက်မှာ နောက်ကြောင်းပြန်လိုသော သဘောထားတင်းမာသူများ၊ နောက်ကြောင်းပြန်ခြင်း-မပြန်ခြင်းကို ဝေခွဲဆုံးဖြတ်နိုင်စွမ်းမရှိသော ပြုပြင်ပြောင်းလဲရေးအစုအစုံများသာ ဖြစ်ပေလိမ့်မည်။ ဤထောင်ချောက်သည် ထောင်ချောက်မှန်း မသိအောင်ပင် ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီအကာအရံများ ဖုံးလွှမ်းနေတတ်သည်ကိုလည်း သတိချပ်ရပေမည်။ မြန်မာ့နိုင်ငံရေးထောင်ချောက်တွင်း သက်ဆင်းကျရောက်ခြင်းမရှိစေရန် အစွန်းနှစ်ပါးကို သတိကြီးကြီးရှောင်ရှားရန် လိုအပ်သည်ဟု နိုင်ငံတော်သမ္မတကြီး ပြောကြားခဲ့သည်မှာ ဆန္ဒနှင့် အမြော်အမြင် ချွေးချယ်နိုင်စေမည့်၊ အစွန်းတရားနှစ်ပါးအကြားတွင် တည်ရှိနေသော မဇ္ဈိမပဋိပဒါလမ်းစဉ်ကို သတိပေးလိုခြင်းသာ ဖြစ်ပေသည်။

## Greed And Grievance

အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဘုရင့်မွေးနေ့မတိုင်မီ နိုင်ငံရေး ထိပ်တိုက်တွေ့ဆုံမှုများ အပြင်းအထန် ဖြစ်ပေါ်နေသည့်သတင်းများကို တွေ့ရသည့် လက်ရှိအချိန်တွင် တစ်ခုသော အာဆီယံဆန်းမစ်ကာလက နိုင်ငံတော်ဝန်ကြီးချုပ် (ယခု နိုင်ငံတော်သမ္မတကြီး)ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်တစ်ခုအကြောင်း ပြန်ပြောင်းသတိရမိသည်။ ထိုစဉ်

က ပဌာရားကမ်းခြေတွင် ပြုလုပ်ခဲ့သော အာဆီယံ ထိပ်သီးအစည်းအဝေးမှာ အရှေ့အာရှထိပ်သီးအစည်းအဝေးဖြစ်သည့်အပြင် ကမ္ဘာ့စီးပွားရေးပျက်ကပ် အလွန်ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများပါ တက်ရောက်ကြမည်ဖြစ်၍ ကမ္ဘာတစ်ဝန်းလုံးက စိတ်ဝင်တစား စောင့်ကြည့်ရသည့် ထိပ်သီးအစည်းအဝေးလည်း ဖြစ်ခဲ့သည်။ သို့သော် အနီနှင့်အဝါ နိုင်ငံရေးအားပြိုင်မှုဖြင့် ထိပ်သီးအစည်းအဝေးကျင်းပရာ ဟိုတယ်ဝင်းအတွင်းသို့ အနီဝတ်များ အလုံးအရင်းဖြင့် ဝင်ရောက်လာခဲ့ပြီးနောက် ထိပ်သီးအစည်းအဝေးပျက်ခဲ့ရသည်။ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည့် တရုတ်၊ ဂျပန်ဝန်ကြီးချုပ်များမှာ ဟိုတယ်ရှေ့၌ တဏ္ဍစီများ ကန့်လန့်ခံ ပိတ်ဆို့ထားခြင်းကြောင့် ထိပ်သီးအစည်းအဝေးသို့ လာရောက်နိုင်ခြင်း မရှိခဲ့ပေ။ နိုင်ငံတော်သမ္မတကြီး (ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်)နှင့် အခြားအာဆီယံခေါင်းဆောင်များမှာ အောက်ထပ်တစ်ခုလုံး အနီဝတ်များဖြင့် ပြည့်လျှံသွား၍ ဟိုတယ်အောက်သို့ပင် ပြန်မဆင်းနိုင်တော့ဘဲ ဟိုတယ်ခေါင်မိုးပေါ်တက်၊ ရဟတ်ယာဉ်များဖြင့် လေဆိပ်သို့ ချက်ချင်းပို့ဆောင်ပေးခဲ့ရသည်။ ဟိုတယ်အောက်ထပ်တွင် ကျန်ရစ်သော မိမိတို့ကိုယ်စားလှယ်အဖွဲ့ဝင်များမှာ ထိုင်းဘုရင်တပ်မတော်၏ လမ်းရှင်းပေးမှုဖြင့် မော်တော်ယာဉ်များဖြင့် ဟိုတယ်မှ ခက်ခက်ခဲခဲ ထွက်ခွာကာ လေဆိပ်သို့ လိုက်ပါခဲ့ကြရသည်။

ထိုစဉ်က ဝန်ကြီးချုပ်မှာ ဒီမိုကရက်တစ်ပါတီမှ အဘီစစ်ဖြစ်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးမှာ လက်ရှိ အစိုးရရုံးများကို ဝင်ရောက်သိမ်းပိုက်ပြီး ဆန္ဒပြလျက်ရှိသော ဆူထက်ပင် ဖြစ်သည်။ ထိုစဉ်က အာဆီယံထိပ်သီးအစည်းအဝေး အောင်မြင်စွာ ကျင်းပရေးအတွက် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အဓိကတာဝန်ယူခဲ့သော ဆူထက်မှာ လက်ရှိဆန္ဒပြခေါင်းဆောင်ဖြစ်ခြင်းမှာ တိုက်ဆိုင်မှုတော့ မဟုတ်နိုင်ပါ။ ထိုစဉ်က မိမိအပါအဝင် ကိုယ်စားလှယ်အဖွဲ့ဝင်အချို့မှာ (ကံကောင်းထောက်မစွာဖြင့်) စားသောက်ခန်းအတွင်း ပိတ်မိနေလေရာ နေ့လယ်စာ မလွှတ်ခဲ့ရသော်လည်း ဝန်ကြီးအချို့မှာ နေ့လယ်စာ လွတ်ခဲ့ရသည်။ အနီဝတ်များ အုပ်စုလိုက်တက်လာပြီး တစ်ခန်းပြီးတစ်ခန်း

ဝင်ရောက်ရှာဖွေသောအခါ တားမြစ်သူ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးတစ်လေ မှပင် မရှိခဲ့ပါ။ ပြည်ပအစိုးရကိုယ်စားလှယ်အဖွဲ့များ တွေ့ရှိရသဖြင့် တစ်စုံတစ်ရာ အန္တရာယ်ပေးခြင်းမရှိစေရန် အနီဝတ်များကို ချောင်းဖျတား ဆီးခဲ့ကြသူများမှာ ဟိုတယ်မှ စားပွဲထိုးဝန်ထမ်းငယ်များသာ ဖြစ်ခဲ့သည်။

အနီဝတ်များ အပြည့်ဝင်ရောက်လျက်ရှိသော ဟိုတယ်အတွင်း ဟိုဘက်အဆောင်၊ ဒီဘက်အဆောင် တယ်လီဖုန်းဖြင့်ဆက်သွယ်၍ ဘူဖေး စားသောက်ဖွယ်ရာများ ပြင်ဆင်ထားသော စားသောက်ခန်းအတွင်း ပိတ်မိ နေခဲ့သောအချိန်တွင် အင်ဒိုနီးရှားသံတမန်တစ်ဦးနှင့် စားပွဲဝိုင်းတစ်ဝိုင်း တည်း ထိုင်ဖြစ်ခဲ့သည်။ ၎င်းက ဤသည်မှာ ကမ္ဘာ့ခေါင်းဆောင်များ တက်ရောက်သော ထိပ်သီးအစည်းအဝေးဖြစ်ကြောင်း၊ ဤသို့ လုံခြုံရေး ကျိုးပေါက်သည်မှာ မဖြစ်သင့်ကြောင်း အခန်းတွင် ဝင်ရောက်လာသော အနီဝတ်များကို လက်ညှိုးထိုး၍ ပြောကြားခဲ့သည်။ ဆန္ဒပြသည်မှာ ဒီမို ကရေစီသဘောအရလက်ခံသော်လည်း ဤသို့ ပြည်ပနိုင်ငံခေါင်းဆောင် များကို အကာအကွယ်မပေးနိုင်သော အစိုးရမျိုးကို ပြင်းပြင်းထန်ထန် ပြောရမည်ဖြစ်ကြောင်း၊ ဟိုတယ်စားပွဲထိုးများက ချောင်းဖျတားမြစ်နေရ သောဖြစ်ရပ်မျိုးမှာ လုံးဝမဖြစ်သင့်ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ဤကဲ့ သို့သောဖြစ်ရပ်မျိုး မည်သည့်အခါမှ ဖြစ်မည်မဟုတ်ကြောင်း၊ မြန်မာ နိုင်ငံတွင်လည်း အလားတူပင်ဖြစ်ကြောင်း၊ အခြေအနေများ တင်းမာ၍ ဆန္ဒပြသူများသာ အကြမ်းဖက်မှုများ ကျူးလွန်လာလျှင် မည်သို့မျှ တာဝန် ယူနိုင်မည်မဟုတ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။ နောက်တစ်ကြိမ် ထိပ်သီးအစည်းအဝေးကို ထိုင်းဘုရင့်နယ်မြေဒေသဟု ဆိုကြပြီး တော်ဝင် မိသားစု၏ နွေရာသီစံနန်းတော်တည်ရှိရာ ဟွာဟင်းတွင် ကျင်းပခဲ့ရာ အောင်မြင်ချောမောစွာ ကျင်းပနိုင်ခဲ့သည်။ နိုင်ငံရေးခေါင်းဆောင်များ၏ အကျိုးစီးပွားထိပ်တိုက်တိုးမှုများက စောင့်ထိန်းလိုက်နာအပ်သော ဖွဲ့စည်း ပုံ အခြေခံဥပဒေကို မျက်ကွယ်ပြု၍ လူထုအားကို လိုသလို အသုံးချနေ ခြင်းဟုလည်း အကဲခတ်များကို မှတ်ချက်ပြုကြသည်။ တစ်ချိန်က အနီ ဝတ်များသည် အဘီစစ်အစိုးရ၏ မတရားမှု Grievance ကြောင့်ဟု ကြွေး ကြော်ခဲ့ကြသော်လည်း လက်တွေ့တွင် ဖေ့ထိုင်းပါတီ အာဏာရရှိရေး

Greed ပင် ဖြစ်ကြောင်း၊ ယခု ဖြစ်ပွားနေသောပဋိပက္ခများမှာ သက်ဆိုင်နှင့်ဆက်နွယ်၍ တရားမျှတမှုမရှိသော Grievance ကြောင့်ဟု ဆုထက်က ဆိုသော်လည်း လက်တွေ့တွင် လက်ရှိ အစိုးရဖြုတ်ချပြီး ဒီမိုကရက်တစ်ပါတီ အာဏာရရေး Greed ကြောင့်သာ ဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများသည်လည်း ထိုင်း ဘုရင်မင်းမြတ်၏ မွေးနေ့သို့ ရောက်သောအခါ ပြန်လည်ငြိမ်သက်သွားဦးမည်သာ ဖြစ်သည်။ နီတစ်လှည့် ဝါတစ်လှည့် ထိုင်းနိုင်ငံရေးသည်လည်း ထိုင်းဘုရင်မင်းမြတ်၏ ဩဇာဖြင့် ထိန်းညှိခြင်း ပြုနေရဦးမည်သာ ဖြစ်သည်။

## နိဂုံး

မြန်မာ့ရွှေဦးသည် ဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် နောက်ကျမှ ပွင့်ဖူးရခြင်း ဖြစ်သော်လည်း မြန်မာပြည်သူ သန်း ၆၀ အတွက်တော့ အခါလွန်သည်ဟူ၍ မရှိနိုင်ပေ။ နောက်ကျခြင်း၏ အားသာချက်များလည်း များစွာ ရှိနေပါသေးသည်။ အဆိုပါ နောက်ကျခြင်း၏အားသာချက်များကို ရယူကြရာ၌ နိုင်ငံရေးခေါင်းဆောင်များ၏ ဆန္ဒနှင့် အမြော်အမြင်အကြား လက်တွေ့ကျ၍ အလုပ်ဖြစ်သော လမ်းကြောင်း ရွေးချယ်မှုက ပဓာနကျပေလိမ့်မည်။ မြန်မာ့ရွှေဦး ဆက်လက် ပွင့်ဖူးဝေဆာစေလိုသော နိုင်ငံတကာ အသိုင်းအဝိုင်းက နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၏နောက်တွင် စီးပွားရေး တိုးတက်မှုများ ကပ်လျက် လိုက်ပါလာရန် အရေးကြီးကြောင်း အရေးတကြီးထောက်ပြကြပြီး ပိတ်ဆို့ဒဏ်ခတ်မှုများ ရုပ်သိမ်းပေးရန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ထောက်ပံ့ကူညီမှုများ ဝင်ရောက်ရန် လိုအပ်ချက်များကို ဆော်ဩလျက် ရှိပေသည်။ နိုင်ငံရေးအပြောင်းအလဲများမှာ စိတ်ရင်းစေတနာနှင့်သာ အဓိကသက်ဆိုင်ပြီး အချိန်တိုတိုအတွင်း အကောင်အထည်ဖော်နိုင်သော်လည်း အချိန်မရွေး ပြိုကွဲလွယ်၍ အင်စတီးကျူးရှင်းအသစ်များဖြင့် ခိုင်မာအောင် ထိန်းရမည်၊ စီးပွားရေးအပြောင်းအလဲများမှာ အင်စတီကျူးရှင်းအဟောင်းများကို ပြင်ဆင်ပြောင်းလဲရခြင်းဖြစ်၍ အချိန်ယူရသော်လည်း ရေရှည်တွင် တဖြည်းဖြည်းချင်း ခိုင်မာလာမည်ဟု မြန်မာ့အရေးကျွမ်းကျင်သူများက ဆိုကြသည်။ နိုင်ငံရေးပဋိပက္ခများတွင်

မတရားမှု(အဓမ္မ) Grievance ကြောင့် ထိပ်တိုက်တွေ့ဆုံရသည်ဟု ဆိုကြသော်လည်း လက်တွေ့တွင် အကျိုးစီးပွား Greed ကြောင့် ဖြစ်နေရခြင်း ဖြစ်ကြောင်း တွေ့ရှိရသော Greed And Grievance သဘောကိုလည်း သတိပြုဆင်ခြင်နိုင်ရန် လိုအပ်ပေမည်။ အကျိုးစီးပွား Greed နှင့် ယှဉ်သော Grievance ဟု ထင်မြင်ယူဆရသည့် နိုင်ငံရေးတိုက်ပွဲများကြောင့် သန်း ၆၀ နှစ်ပေါင်း ၆၀ ကျော် အဆိုးကျွသံသရာတွင် လည်နေခဲ့ရခြင်းကို နိဂုံးချုပ်ရန် အချိန်တန်နေပြီဖြစ်ကြောင်း မီးမောင်းထိုး တင်ပြလိုက်ရပေသည်။

❑

## အသွင်ကူးပြောင်းရေး ကျင့်ထုံးနှင့် စံနှုန်း

### ကျင့်ထုံးနှင့် စံနှုန်း

လစ်ဘရယ်ဒီမိုကရေစီကို အင်စတီးကျူးရှင်းမဏ္ဍိုင်ကြီး ၂ ရပ်ဖြင့် တည်ဆောက်ထားသည်ဟု ဇရန်စစ်ဖူကူယားမားက ဆိုသည်။ ပထမအင် စတီကျူးရှင်းမဏ္ဍိုင်မှာ ပြည်သူများ၏ ရွေးချယ်မှုအတွက် တာဝန်ကျေပွန် သော အစိုးရများကိုဖြစ်ပေါ်စေသည့် ဒီမိုကရေစီတစ်ကျင့်ထုံးများနှင့် ဒုတိယအင်စတီကျူးရှင်းမဏ္ဍိုင်မှာ ဖော်ဆောင်ပေးမည့် လစ်ဘရယ် စံနှုန်း များဖြစ်သည်(ကျင့်ထုံးနှင့် စံနှုန်း) ဟု ဖူကူယားမားကဆိုသည်။ ဒီမို ကရေစီ အသွင်ကူးပြောင်းရေးကို အနုလုံပဋိလုံ လေ့လာသုံးသပ်မှုများမှာ ဟန်တင်ဟန်၏ တတိယလှိုင်းမှစ၍ အမြောက်အမြား ရှိခဲ့သော်လည်း အသွင်ကူးပြောင်းစ ဒီမိုကရေစီများတွင် Rule of Law နိုင်မာအားကောင်း စေရန် မည်သို့မည်ပုံဆောင်ရွက်ရမည်ဟူသော အီဗော်လူးရှင်းနှင့်ပတ် သက်၍ လေ့လာသုံးသပ်ချက်မှာ အတော်အတန်ပင် နည်းပါးခဲ့သည်။ ဥပဒေပညာရှင်များမှာ မကြာခဏဆိုသလို ဖွံ့ဖြိုးဆဲနိုင်ငံများ၌ Rule of Law ကို ပိုပိုသာသာ ပရိုမိုးရှင်းပြုလုပ်ခဲ့ကြပြီး ဘောဂဗေဒပညာရှင် များကမူ Rule of Law အတွက် သီအိုရီဖော်ထုတ်ခြင်းနှင့် စီးပွားရေးတိုး တက်မှုများ အလျှင်အမြန်ရရှိလာရန် လမ်းညွှန်ပေးခြင်းတို့ကို အလေး

ထား ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း အချို့သော အသွင်ကူး ပြောင်းစဒီမိုကရေစီနိုင်ငံများတွင် Rule of Law မှာ အခြားနိုင်ငံအများ အပြားထက် ပို၍အားကောင်းနေသည်ကို တွေ့ရှိရပြီး မည်သည့်အတွက် ကြောင့် ဤသို့ အားကောင်းရသည်၊ အခြားသော အင်စတီကျူးရှင်းများနှင့် မည်သို့ဆက်စပ်နေသည်၊ မည်သည့်နေရာမှစတင်ပြီး Rule of Law ပုံဖော်ရသည် စသည်တို့ကို လေ့လာသုံးသပ်ခြင်းများ အားနည်းနေခဲ့ပြီ အဆိုပါအားနည်းချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် Rule of Law အဆက်အစပ်ကို လေ့လာခဲ့ကြောင်း ဖူကူယားမားက ဆိုသည်။

## Rule of Law ၏ အဆက်အစပ်

ဖူကာယားမား ကြုံတွေ့ရသည့် ပထမဆုံးသော အခက်အခဲမှာ Rule of Law ကို ဒီမိုကရေစီနှင့်ယှဉ်ပြီး သီအိုရီဟူ၍ မည်သို့ တိတိကျကျ ခိုင်ခိုင်မာမာဖြင့် အဓိပ္ပာယ်ဖွင့်မည်နည်းဟူသောအချက် ဖြစ်သည်။ ပြီးခဲ့ သည့် ဆယ်စုနှစ်များတွင် ဒီမိုကရေစီနှင့် အုပ်ချုပ်ရေးပရိုမိုးရှင်း၌ Rule of Law ကို လက်တွေ့ကျင့်သုံးရသည့် ကျင့်စဉ်တစ်ရပ်အနေဖြင့် တံဆိပ် ကပ်ခဲ့ကြသည်။ အဆိုပါတံဆိပ်ကပ်ခဲ့ကြသူ အတော်များများမှာလည်း ဘောဂဗေဒပညာရှင်များဖြစ်နေကြပြီး ယင်းတို့၏ ကိုယ်ပိုင်ရှုမြင် သုံးသပ် ချက်များကို အခြေခံ၍ Rule of Law ကျင့်စဉ် ဟူ၍ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ Rule of Law အကြောင်း ပြောကြရာတွင် ခေတ်သစ်ပိုင်ဆိုင်ခွင့် (Modern Property Rights)နှင့် ပဋိညာဉ်များကို လိုက်နာမှု (Enforcement of Contracts) တို့ကို ညွှန်းဆိုခဲ့ကြသည်။ စီးပွားရေးတိုးတက်မှု ရရှိရေးအတွက် Property Rights နှင့် Contract Enforcement တို့ အကြား ဆက်စပ်နေသော သီအိုရီများမှာ ဘောဂဗေဒအရ ရှုပ်ရှုပ်ထွေး ထွေးမရှိလှဘဲ ရှင်းလင်းနေသည်။ လူသားတို့သည် ယင်းတို့၏ ပိုင်ဆိုင်မှု ကို အာမခံပေးနိုင်ခြင်းမရှိဟု သိရှိထားကြပါက ရေရှည်ရင်းနှီးမြှုပ်နှံမှု ပြုကြမည်မဟုတ်ပေ။ အလားတူ ကုန်သွယ်မှုပြုကြရာတွင်လည်း စာချုပ် ပဋိညာဉ်များ၏ တရားဝင်မှု၊ ဥပဒေကြောင်းအရ စည်းနှောင်မှု၊ စာချုပ်ဝင် များအကြား အငြင်းပွားမှုများကို ဖြေရှင်းနိုင်မှု စသည်တို့ လိုအပ်သည်။

စာချုပ်စည်းမျဉ်းများ ပိုမိုသေချာမှုလင်းမြင်သာလေလေ၊ စာချုပ်ပါ ကတိကဝတ်များ လိုက်နာစောင့်ထိန်းမှု ပိုမိုအားကောင်းလေလေ ကုန်သွယ်မှု ပိုမိုတိုးတက် မြင့်မားလာလေလေဖြစ်သည်။ ထို့ကြောင့်လည်း ဘောဂဗေဒ ပညာရှင်များအနေဖြင့် နိုင်ငံများ၏ အင်စတီကျူးရှင်းများ ဖွံ့ဖြိုးရေးကို ပြောကြရာတွင် ယုံကြည်စိတ်ချရသော ကတိကဝတ်များ၏ အရေးပါမှုကို အလေးပေးထောက်ပြနေခဲ့ကြခြင်း ဖြစ်သည်။

သို့သော် Rule of Law ကို Property Rights နှင့်ဆက်စပ်၍ အဓိပ္ပာယ်ဖွင့်ဆိုသည့်အခါ ဥပဒေပညာရှင်များ ဖွင့်ဆိုထားသော ဆိုလိုရင်းကို မခြုံငုံမိဘဲ ကျဉ်းမြောင်းနေသည်။ ဥပဒေရှုထောင့်အရကြည့်လျှင် ရှေးယခင်က ဥပဒေဟူသည်မှာ လူ့အဖွဲ့အစည်းကို စုစည်းထားသော တရားမျှတမှုစည်းမျဉ်းများကို ဖော်ပြထားခြင်းကို ဆိုလိုသည်။ မော်ဒန်မတိုင်မီလူ့အဖွဲ့အစည်းတွင် ဥပဒေဟူသည်မှာ လူသားဥပဒေပြုသူများထက် ပိုမြင့်မြတ်သော သဘာဝတရား သို့မဟုတ် နတ်ဘုရားများက သတ်မှတ်ထားသည်ဟု ယူဆခဲ့ကြသည်။ ခေတ်သစ် ဥပဒေပြုရေးတွင် ရှင်ဘုရင်များ၊ မှူးမတ်များ၊ သမ္မတများ၊ ဥပဒေပြုအမတ်များ၊ စစ်ဘုရင်ကြီးများက ထုတ်ပြန်လာခဲ့ကြသည်။ နတ်ဘုရားများက ချမှတ်ခဲ့သော စည်းမျဉ်းများကို လူသားတို့က ပြောင်းလဲ၍မရဟူသော ကိုးကွယ်ယုံကြည်မှုနှင့်ယှဉ်သော စည်းမျဉ်းဥပဒေသများသည်လည်း ရှိနေခဲ့သည်။ အခြေခံအားဖြင့် ကျယ်ပြန့်သော လူမှုရေးပဋိဉာဉ်များကို ကိုယ်စားပြုသော အခြေခံ မူလတန်ဖိုးများကို စည်းမျဉ်းစည်းကမ်း သတ်မှတ်ထားခြင်းပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ကွန်ဂရက်မှပြဋ္ဌာန်းသော ဥပဒေများသည် (၁) အခြေခံဥပဒေနှင့် ကိုက်ညီရမည်၊ (၂) တရားရုံးချုပ်၏ အတည်ပြုချက် ရရှိထားရမည် ဟူ၍ အင်္ဂါရပ်များ သတ်မှတ်ထားသည်။

ဥရောပ၊ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်း ဒေသ(၃)ခုတွင် ဘာသာရေးနှင့်နွယ်သော Rule of Law ကျင့်ထုံးများ ၁၈ ရာစုတွင် အားကောင်းခဲ့ရာမှ ခေတ်သစ်ကာလတွင် တဖြည်းဖြည်းလျော့ပါးလာခဲ့သည်။ ဥရောပတွင် နိုင်ငံများကို ထာဝရဘုရား၏ ပိုင်ဆိုင်မှုဟု မှတ်ယူခဲ့ရာမှ နောက်ပိုင်းတွင် ဘုရင်၏ပိုင်ဆိုင်မှု၊ နိုင်ငံ၏ပိုင်ဆိုင်မှု၊ ပြည်သူတို့၏ပိုင်ဆိုင်မှု

စသည်အားဖြင့် ရွေ့လျားလာခဲ့သည်။ အိန္ဒိယနိုင်ငံ ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးရရှိသောအခါ ဗြိတိသျှဥပဒေများကို အခြေခံ၍ နိုင်ငံထူထောင်ခဲ့ပြီး ရှေးရိုးစဉ်လာ ဟိန္ဒူထုံးတမ်းများလည်း ဆက်လက် တည်ရှိနေခဲ့သည်။ ဗြိတိသျှနှင့် ပြင်သစ်တို့က အုပ်ချုပ်စေခဲ့သော ဘုရင်စနစ်များသည်လည်း အီဂျစ်၊ လစ်ဗျား၊ ဆီးရီးယား၊ အီရတ်တို့တွင် ပျက်ပြားကာ အမျိုးသားခေါင်းဆောင်များ ထွက်ပေါ်လာခဲ့ကြသည်။ ဤသို့လျှင် ရှေးရိုးစဉ်လာထုံးတမ်းများကို အလေးအမြတ်ပြုခဲ့ရာမှ ပြည်သူများ၏ လွတ်လပ်ခွင့်၊ နိုင်ငံစီးပွားရေးတိုးတက်မှု စသည်တို့ကို ရှေ့ရှု၍ ဥပဒေများ ထုတ်ပြန်လာခဲ့ကြသည်။ သို့သော်လည်း **Rule of Law** ကို အခြေမခံသော၊ တာဝန်သိမှုမရှိသော အင်အားကောင်းသည့် ခေတ်သစ်နိုင်ငံများတွင်မူ ပိုမိုအားကောင်းသော အာဏာရှင်နိုင်ငံများ ဖြစ်လာခဲ့ကြသည်။ **Rule of Law** အကန့်အသတ်ရှိသော ခေတ်သစ် အစ္စလာမ်မစ်နိုင်ငံများအနေဖြင့် ဒီမိုကရက်တစ်အစိုးရများ ဖြစ်လာနိုင်ခြင်း ရှိ–မရှိမှာလည်း အခြေအတိအကျမရှိသည့် မေးခွန်းတစ်ရပ်ဖြစ်နေသည်။ ဘစ္စမတ်၏ ဂျာမန်အခြေခံဥပဒေ၊ မေဂျီ ဂျပန် အခြေခံဥပဒေတို့နည်းတူပင် အီရန်၏ ၁၀၇၉ ခုနှစ် အခြေခံဥပဒေသည် အင်ပါယာတစ်ခု မဖြစ်စေခဲ့သော်လည်း **Supreme Leader** များကို ထွက်ပေါ်လာစေခဲ့သည်။

## သူ့အရပ်အတွက် သူ့တာဝ်

ပထမဦးစွာ သမိုင်းကြောင်းအရ အစဉ်လိုက်ပြန်ကြည့်လျှင် Rule of Law ဟူသည်မှာ အထက်တန်းလွှာများ၊ ပညာရှင်များအကြား စတင်ပေါ်ပေါက်လာခဲ့ပြီး လူ့အဖွဲ့အစည်းအတွင်းရှိ ချမ်းသာကြွယ်ဝသူများနှင့် အင်အားကြီးသူများအကြား ဖြစ်ပွားလေ့ရှိသော ပဋိပက္ခများကို ဖြေရှင်းရန် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ ဖြစ်ခဲ့သည်။ မျက်မှောက်ခေတ်တွင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မည်သည့် ဖွံ့ဖြိုးရေးအစီအစဉ်မဆို ကမ္ဘာတစ်ဝန်းလုံး အသုံးချနိုင်ဖို့ လိုသည်၊ မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံတွင်သာ အသုံးပြုနိုင်သည့် ဖွံ့ဖြိုးရေးအစီအစဉ် အောင်မြင်မည်မဟုတ်ဟု ယူဆထားကြသည်။ သို့သော်လည်း အဆိုပါ ဘက်စုံသုံး

အယူအဆနှင့် ကိုက်ညီသော အစီအစဉ် အရင်းအမြစ်မျိုးမှာ ရှားပါးပစ္စည်း ဖြစ်နေသည်။ စတစ်လစ်ကဲ့သို့သော ပညာရှင်များကလည်း မည်သည့် နိုင်ငံတွင်မဆို အံဝင်ခွင်ကျ အသုံးတည့်နိုင်သော နိုင်ငံစုံသုံး ဖွံ့ဖြိုးရေးမော် ဒယ်လ်မျိုး မရှိတော့ဟု ကောက်ချက်ပြုခဲ့ကြသည်။ နည်းပညာဆိုင်ရာ အရကြည့်လျှင် တရားရေးစနစ်ဟူသည်မှာ အစိုးရစနစ်များ၌ တည် ဆောက်ရန် အခက်ခဲဆုံးနှင့် ရင်းနှီးမြှုပ်နှံမှု အများဆုံး ဖြစ်နေသည်။ အကြောင်းရင်းမှာ ကြီးမားလှသော အခြေခံအဆောက်အအုံများ၊ လူသား အရင်းအနှီးနှင့် ရုပ်ဝတ္ထုအရင်းအနှီး များစွာလိုအပ်သောကြောင့် ဖြစ်သည်။ ဥပဒေနှင့်စပ်လျဉ်း၍ သမိုင်းကပေးသည့် အတွေ့အကြုံများအရ လူ့အဖွဲ့ အစည်းများအနေဖြင့် ယင်းတို့အသေးစိတ်အသေးကို ပိုမိုကျယ်ပြန့်စေရန် ဖြန့် ကျက်ပေးနိုင်မည့် ရည်မှန်းချက်များကို တိတိကျကျ သတ်မှတ်ထားသော အစီအစဉ်များသည် ရလဒ်ကောင်းများ ရရှိစေနိုင်သည်ဟု ယူဆနိုင်သည်။ လက်ရှိအချိန်တွင် ပိုမိုကောင်းမွန်စေမည့် စုပေါင်းစပ်ပေါင်း (သို့မဟုတ်) အတွင်း-အပြင် ရောစပ်ထားသော စည်းမျဉ်းများကို အခြေခံထားသည့် အရင်းအနှီး ကုန်ကျစရိတ် သက်သာစေသည့်နည်းလမ်းများ ရှိနေနိုင် သည်။

ဒုတိယအချက်အနေဖြင့် သက်ဆိုင်ရာလူ့အဖွဲ့အစည်း၏ တန်ဖိုး များနှင့် လိုက်လျောညီထွေဖြစ်သော ဥပဒေများ ပေါ်ပေါက်လာရေး အတွက် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ ဥပမာ အမေရိကန်နှင့် အနောက် နိုင်ငံများသည် (ဒီမိုကရေစီ၊ လူ့အခွင့်အရေး) ဖွံ့ဖြိုးပြီးနိုင်ငံများကဲ့သို့ ဥပဒေအခြေခံအဆောက်အအုံများကို စံပြု၍ ဥပဒေရေးရာ စည်းမျဉ်းစည်း ကမ်းများ သတ်မှတ်ခဲ့ကြသည်။ ပြည်ပမှတင်ပို့သော ဥပဒေများသည် တင်သွင်းသော နိုင်ငံရှိ လူ့အဖွဲ့အစည်း၏ လေးစားလိုက်နာမှု အတိုင်း အဆကို တွက်ဆခြင်းမရှိခဲ့ကြပေ။ အစ္စရေး၊ အိန္ဒိယ အပါအဝင် အောင်မြင် သော ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူများ ပါဝင်လိုက်နာမှု အဆင်ပြေ ချောမွေ့စေရေးအတွက် ရှေးရိုးစဉ်လာ ဘာသာရေးစည်းမျဉ်းများနှင့် မော်ဒန်လစ်ဘရယ် တရားရေးစနစ်များ ပေါင်းစည်းကျင့်သုံးလျက် ရှိ သည်။ သို့သော်လည်း ဘာသာရေးအယူဝါဒကို ကြီးကြီးမားမား အခြေပြု

ထားသော အာရပ်အရှေ့အလယ်ပိုင်းနိုင်ငံများတွင်တော့ ရှိရင်းစွဲ ဘာသာရေးကို အခြေခံသော ပြည်တွင်းဥပဒေများကို ဆန့်ကျင်ခြင်းဖြင့် ဒီမိုကရေစီသို့ ကူးပြောင်းရမည် ဖြစ်သည်။ အနောက်အုပ်စု၏ လစ်ဘရယ်မှာ ရလဒ် ၂ ခုကို သီးခြားစွဲ သတ်မှတ်ထားပြီး ယင်းရလဒ်နှစ်ခုစလုံးရရှိရန် လိုလားကြသည်။ ပထမရည်မှန်းချက်မှာ အုပ်ချုပ်ရေးအာဏာကို ထိန်းညှိရေးအတွက် ဥပဒေကိုအသုံးပြုရန်ဖြစ်ပြီး ဒုတိယရည်မှန်းချက်မှာ ဥပဒေပါပြဋ္ဌာန်းချက်များကို အနောက်အုပ်စု၏ ဒီမိုကရေစီ တန်ဖိုးများ(ဥပမာ– အမျိုးသမီးများ တူညီသော တရားမျှတမှု ရရှိရေး) နှင့် လိုက်လျောညီထွေရှိစေရန်ဖြစ်သည်။ ပထမရည်မှန်းချက်ကို ဖော်ဆောင်ရမည်မှာ သေချာနေသော်လည်း ဒုတိယရည်မှန်းချက်ဖော်ဆောင်ခြင်းကြောင့် ဥပဒေကို လေးစားလိုက်နာမှု အားနည်းသွားနိုင်သည့် ဆိုးကျိုးများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ဥပဒေပါပြဋ္ဌာန်းချက်များ လစ်ဘရယ်ဒီမိုကရေစီစံနှုန်းနှင့် မကိုက်ညီသည့်တိုင် အလုပ်ဖြစ်သော တရားရေးဆိုင်ရာ အင်စတီကျူးရှင်းများ တည်ဆောက်ပေးခြင်းက ပိုမကောင်းဘူးလား။ ဥပဒေရေးရာအခြေခံအဆောက်အုံဟုဆိုရာတွင် ကွန်ပျူတာစနစ်သုံး တရားရွှင်၊ ရှေ့နေများ အသင်းအဖွဲ့များ၊ ကောင်းမွန်သော တရားရုံးများ စသည်တို့ကဲ့သို့ဖြစ်သည်။ အနာဂတ်ကာလတွင် **Rule of Law** တည်မြဲခိုင်မာမှုသည် မည်သည့် ဥပဒေမျိုးသည် ယင်းလူ့အဖွဲ့အစည်း၏ တန်ဖိုးများကို အများဆုံးကိုယ်စားပြု ပါဝင်နေသနည်းဟူသောအချက်ကို မူတည်နေသည်။

မော်ဒန်ခေတ်မတိုင်မီ အနောက်မဟုတ်သော နိုင်ငံတိုင်း၏ လူ့အဖွဲ့အစည်းတွင် တရားရေးဆိုင်ရာ ကျင့်ထုံးများနှင့် ရေးရိုးဥပဒေများ ပေါင်းစပ်ထားခြင်း အချို့ရှိနေခဲ့ကြပြီး ယင်းတို့သည် ခေတ်သစ်အနောက်တိုင်း တန်ဖိုးများ၊ အင်စတီကျူးရှင်းများနှင့် ထိပ်တိုက်တိုးခဲ့ကြရသည်။ ကိုလိုနီဥပဒေများ အကြောင်း၊ ယင်းဥပဒေများကို မည်သို့အသုံးချခဲ့ကြသည့်အကြောင်း စသည်တို့ကို လေ့လာနေကြဆဲဖြစ်ပြီး လွတ်လပ်ရေးရပြီးနောက် ကိုလိုနီခေတ်တရားရေးစနစ်များကို မည်သည့်ပုံစံဖြင့် ဆက်လက်ကျင့်သုံးနေသည်ကိုလည်း လေ့လာရန် လိုအပ်မည်

ဖြစ်သည်။ မိမိတို့၏ ယဉ်ကျေးမှုအစဉ်အလာများတွင် အနောက်တိုင်း ဥပဒေများကို မည်သို့မည်ပုံ အောင်မြင်စွာ ပေါင်းစည်းကျင့်သုံးနိုင်သည် ဟူသောအချက်မှာ အရေးကြီးသည်။ ဥပမာအားဖြင့် ဂျပန်နိုင်ငံ အစိုးရသည် အရင်းအမြစ်နည်းပါးသော နံ့သာမာစီစနစ်ကို အသုံးပြုရန် ဆုံးဖြတ်ခဲ့သောကြောင့် ဂျပန်နိုင်ငံ၏လူတစ်ဦးချင်း ရှေ့နေအသုံးပြုမှုမှာ အမေရိကန်ပြည်ထောင်စုထက် ပိုမိုနည်းပါးလျက်ရှိသည်။ သို့သော်လည်း ဂျပန်နိုင်ငံ၏ Rule of Law မှာ အမေရိကန်ထက် မသာလျှင်နေ၊ နိမ့်ကျသည်ဟု မဆိုနိုင်ပေ။

အသွင်ကူးပြောင်းရေး ဒီမိုကရေစီစရိုးလမ်းတွင် Rule of Law သို့ မည်သို့ ကူးပြောင်းတည်ထောင်သွားခဲ့ကြသည်ကို ပိုမိုနားလည်သဘောပေါက်အောင် ကြိုးစားမှသာ Rule of Law မြှင့်တင်သူများအနေဖြင့် မည်သည့်အသွင်ကူးပြောင်းမှုမှ မည်မျှအထိ မျှော်မှန်းနိုင်မည်ကို သိရှိနိုင်မည်ဖြစ်သည်။ အချို့သော ဘောဂဗေဒပညာရှင်များ ယူဆကြသလို အသွင်ကူးပြောင်းစ ဒီမိုကရေစီတွင် စီးပွားရေးတိုးတက်မှုကို လက်ငင်းဆောင်းဆိုကြမည်သာဖြစ်၍ နိုင်မာအားကောင်းသော တရားရေးစနစ်ကို ချက်ချင်းလက်ငင်း ထူထောင်နိုင်ဦးမည် မဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးစနစ်သို့ ပြင်ပမှ စံနှုန်းများပေါင်းစည်းပေးသည့် ပုံစံမျိုး ပြည်တွင်းဥပဒေများအပေါ် နိုင်ငံတကာစံနှုန်းများ ထပ်လောင်းပေါင်းထည့်သည့် နည်းလမ်းမျိုးက ပိုမိုသင့်တော်နိုင်ပေမည်။ ၎င်းအပြင် အနောက်ဥရောပ ဖွံ့ဖြိုးရေးပုံသဏ္ဌာန်မှာ နိုင်မာအားကောင်းသော ခေတ်မီနိုင်ငံတစ်နိုင်ငံ ထူထောင်ခြင်းမပြုမီ Rule of Law ကို ဦးစွာတည်ဆောက်ယူသော လမ်းကြောင်းဖြစ်သည်။ အကျိုးဆက်အနေဖြင့် နိုင်ငံအားကောင်းခိုင်မာလာချိန်တွင် အာဏာရှင်အစိုးရမျိုး ဖြစ်မလာစေရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများက ထိထိရောက်ရောက် တားဆီးပေးနိုင်ခဲ့သည်။ အနောက်နိုင်ငံများအနေဖြင့် မည်သည့် နေရာတွင် ဆိုးကျိုးသက်ရောက်ခဲ့သည်၊ မည်သည့်နေရာတွင် ဥပဒေတစ်ခု ခိုင်ခိုင်မာမာကျင့်သုံးနိုင်ခဲ့သည် စသည်အားဖြင့် လူ့အဖွဲ့အစည်းများအတွင်း အောင်မြင်စွာဖြင့် Rule of Law တည်ဆောက်နိုင်သည့် အတွေ့အကြုံများ လွန်စွာမှပင် နည်းပါးခဲ့

သည်ကို လက်ခံသတိပြုရန်လိုအပ်သည်။ ပြင်ပကမ္ဘာ (အနောက်နိုင်ငံများ)သည် ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ ကျော်အတွင်း ကမ္ဘာတစ်ဝန်း ဒီမိုကရေစီပရိုမိုးရှင်းနှင့်စပ်လျဉ်း၍ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြပြီး ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ရွေးကောက်ပွဲများအား စောင့်ကြည့်လေ့လာခြင်းများကို သိသိသာသာကူညီပံ့ပိုးပေးနိုင်ခဲ့သည်။ Rule of Law ထူထောင်တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ မည်မျှအထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ကို စောင့်ကြည့်ကြရဦးမည် ဖြစ်သည်။

## နိဂုံး

မူကူးယားမား၏အဆိုအရ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးရေးသို့ ချီရာလမ်းတွင် Rule of Law မှာ နောက်ထပ် ထည့်သွင်းစဉ်းစားတည်ဆောက်ပေးရမည့် မဏ္ဍိုင်ကြီးဖြစ်သည်။ Rule of Law ထူထောင်တည်ဆောက်ရာတွင် တရားရေးစနစ် ပြုပြင်ပြောင်းလဲရေးကိုသာ အလေးပေး အကဲဖြတ်ကြသည်ကိုလည်း တွေ့ရှိနိုင်သည်။ အချို့ဆိုလျှင် Rule of Law ဆိုသည်နှင့် တရားရုံးများ၊ တရားသူကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရှေ့နေများ စသည်တို့ကိုသာ ပြေး၍မြင်ယောင်မိကြသည်အထိ အယူအဆ လွဲမှားနေကြသည်ကိုလည်း တွေ့ရှိနိုင်သည်။ Rule of Law သည် ကျယ်ပြန့်သော၊ နက်ရှိုင်းသော၊ ပြည်သူအပါအဝင် နိုင်ငံတော်တစ်ရပ်လုံးနှင့် သက်ဆိုင်သော တည်ဆောက်ရေးလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။

ယခု နောက်ပိုင်း Rule of Law ၏ အင်္ဂါရပ်များအဖြစ် (၁) ပြည်သူလူထုပါဝင်မှု Public Participation၊ (၂) နိုင်ငံတော်မဟုတ်သော အသင်းအဖွဲ့များ Non-State Actors in the Rule of Law (အနောက်နိုင်ငံများတွင် ထူထောင်ထားရှိသော Rule of Law Centre များ၊ Rule of Law အင်စတီကျူးများ၊ Rule of Law Think Tank များ ပါဝင်သည်) (၃) နိုင်ငံတော်၏ မဏ္ဍိုင်ကြီး(၃)ရပ်အပြင် ယင်းတို့ကို ပြန်လည်ထိန်းကျောင်းမည့် Unconstitutional Institution များ (မီဒီယာ၊ Civil Society များ၊ တက်ကြွလှုပ်ရှားသူများ) စသည်တို့ကိုလည်း ထပ်မံဖော်ထုတ်လာခဲ့ကြ

သည်။ ဆိုလိုသည်မှာ မည်သည့် မဏ္ဍိုင်၊ မည်သည့်အာဏာပိုင်မျှ တစ်ဖက် စောင်းနင်း အသာစီးဖြင့်မရှိစေရန် Check And Balance ကို တန်ပြန် Check And Balance ပြုသော ဖော်ဆောင်မှုသည် Rule of Law ကို နိုင်မာအားကောင်းစေမည် ဖြစ်ပေသည်။ တည်ရှိပြီးဖြစ်သော ကျင့်ထုံးများ၊ လာလတ္တံ့သော ကျင့်ထုံးများအတွက် တိုင်းတာမည့်စံနှုန်းကို ကိုင်တွယ်သူ သည် Rule of Law ထူထောင်တည်ဆောက်ရေးအတွက် အရေးကြီးနေပြီ ဖြစ်သည်။ သို့သော် အဆိုပါ စံနှုန်းရှင်သည် မဏ္ဍိုင်ကြီး ၃ ရပ်မဟုတ်ဘဲ ပြည်သူနှင့် အခြားမဏ္ဍိုင်များဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်သည်။ သို့သော် အသွင်ကူးပြောင်းရေးအစိုက်အတုံ့ကာလတွင်မူ မဏ္ဍိုင်ကြီး ၃ ရပ်က ကျန်မဏ္ဍိုင်များ အားကောင်းနိုင်မာစွာ ပေါ်ထွက်လာ ရေးအတွက် လမ်းဖွင့်ပေးရန် လိုအပ်ပေမည်။

***Ref- Transitions To The Rule of Law by Francis Fukuyamap***

❑

# အမေရိကန်နိုင်ငံရေးစနစ်နှင့် ၂၀၁၅ အိပ်မက် သမိုင်းတစ်ကွက်

## အမေရိကန်နိုင်ငံရေးစနစ်

အမေရိကန်ပြည်ထောင်စု၏ ၁၇၇၆ ခုနှစ် လွတ်လပ်ရေးကြေညာစာတမ်းနှင့် ၁၇၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့သည် ရာစုနှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း အမေရိကန်နိုင်ငံရေးစနစ် တိုးတက် ပြောင်းလဲလာမှုတို့၏ အုတ်မြစ်အဖြစ် ဆက်လက်တည်တံ့နေဆဲ ဖြစ်သည်။ အမေရိကန်သမ္မတအဆက်ဆက် အပြောင်းအလဲတွင် ယင်းပြဋ္ဌာန်းချက်များကို မည်သို့နားလည်သဘောပေါက်သည်၊ မည်သို့ဖွင့်ဆိုသည်၊ မည်သို့လိုက်နာကျင့်သုံးသည် စသည်တို့အပေါ်မူတည်၍ နိုင်ငံရေးစနစ် အသွင်သဏ္ဌာန်များ ပြောင်းလဲလာခဲ့ကြောင်း ပညာရှင်များက ဆိုသည်။

အမေရိကန်နိုင်ငံရေးစနစ် အပြောင်းအလဲများကို လေ့လာရာတွင် အခြေပြုရမည့် အချက် ၃ ချက် ရှိရာ (၁) အမေရိကန်သမ္မတများအနေဖြင့် အုပ်ချုပ်ရေးအာဏာကို မည်သို့နားလည်သဘောပေါက်သည်၊ အခြားသော ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့ကလည်း မည်သို့ နားလည်သဘောပေါက်သည် ဟူသောအချက်၊ (၂) အမေရိကန်နိုင်ငံရေးစနစ်နှင့် အခြေခံဥပဒေဆိုင်ရာအခင်းအကျင်းကို ပြောင်းလဲစေခဲ့သော အရေးပါသည့် အချိန်ကာလများတွင် သမ္မတများ မည်သည့်အခန်းကဏ္ဍကို ရယူ

ဆောင်ရွက်ခဲ့သနည်း၊ (၃) သမ္မတများ၏ အုပ်ချုပ်ရေးအာဏာကျင့်သုံးမှုတို့တွင် မည်သည့်အချက်များ တူညီ၍ မည်သည့်အချက်များ ကွဲပြားလာသနည်းဟူ၍ဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့်လည်း အမေရိကန်နိုင်ငံရေး သိပ္ပံပညာရှင်များနှင့် အခြေခံဥပဒေကျွမ်းကျင်သူများက အမေရိကန်သမ္မတများ၏ သမိုင်းသည် အမေရိကန်နိုင်ငံရေးစနစ်၏သမိုင်းပင် ဖြစ်သည်ဟု အဖြေထုတ်ခဲ့ခြင်း ဖြစ်သည်။

## အမေရိကန်အာဏာ

အမေရိကန်ပြည်ထောင်စု၏ ဒုတိယဘုရားသခင်ဟု ရည်ညွှန်းထားရှိသည့် သမ္မတဂျော့ဝါရှင်တန်သည် ၁၈၇၃ ခုနှစ်တွင် ပြင်သစ်နှင့် ဗြိတိန် ၂ နိုင်ငံအကြား တင်းမာမှုများတွင် မည်သည့်ဘက်ကိုမှ ရပ်တည်မည်မဟုတ်ဘဲ ကြားနေအဖြစ် ရပ်တည်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ နောက်သမ္မတများဖြစ်သော သောမတ်ဂျက်ဖာဆင်နှင့် ဂျိမ်းမက်ဒီဆင်တို့က ဝါရှင်တန်၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်သည် အခြေခံဥပဒေနှင့်မညီ၊ အဆိုပါဆုံးဖြတ်ချက်သည် စစ်ဆင်နွှဲခြင်းမပြုဟု ဆုံးဖြတ်ခြင်းဖြစ်သည်၊ အမှန်စင်စစ် စစ်ပွဲဆင်နွှဲရေးနှင့်သက်ဆိုင်သော အဆိုပါဆုံးဖြတ်ချက်မျိုးကို ကွန်ဂရက်ကသာ လုပ်ပိုင်ခွင့်ရှိသည်ဟု ကောက်ချက်ဆွဲခဲ့ကြသည်။

သို့သော် အမေရိကန်သမ္မတတစ်ဦးဖြစ်သူ ဟန်မီတန်ကမူ ဂျော့ဝါရှင်တန်၏ ဆုံးဖြတ်ချက် မှန်ကန်သည့်ဘက်မှ ရပ်တည်ခဲ့သည်။ စစ်ကြေညာခြင်းကို ကွန်ဂရက်၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်မှာ မှန်သော်လည်း စစ်ပွဲတွင်ကြားနေသည့် ဆုံးဖြတ်ချက်ကိုမူ အုပ်ချုပ်ရေးအာဏာပိုင်ဖြစ်သော သမ္မတက လုပ်ပိုင်ခွင့်အပြည့်အဝရှိသည်ဟု ၎င်းကဆိုသည်။ အခြေခံဥပဒေက သီးခြားပြဋ္ဌာန်းထားခြင်း မရှိစေကာမူ အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကို ရယူထိမ်းဆောင်ရာ၌ ဆောင်ရွက်သင့်သည့်အရာမှန်သမျှ ဆောင်ရွက်ရမည်သာဖြစ်ကြောင်း ၎င်းက ဆိုသည်။ အဆိုပါ ဂျော့ဝါရှင်တန်၏ ဆုံးဖြတ်ချက်

အခြေခံဥပဒေနှင့် ညီ–မညီဟူသောအချက်မှာ နိုင်ငံရေးသိပ္ပံပညာရှင်များနှင့် အခြေခံဥပဒေပညာရှင်များအတွက် မပြီးပြတ်သေးသော အငြင်းပွားမှုတစ်ရပ် ဖြစ်နေဆဲဖြစ်သော်လည်း ကွန်ဂရက်ကမူ ဝါရှင်တန်၏ သဘောကွဲလွဲခြင်းမရှိခဲ့ခြင်းကြောင့် အမေရိကန်ပြည်ထောင်စုမှာ ငြိမ်းချမ်းသောအခြေအနေတွင် တည်ရှိခဲ့သည်။ အရေးပေါ်အခြေအနေ ကြုံတွေ့ရသည့်အချိန်ကာလတွင် သမ္မတ၏ အခွင့်အာဏာဖြင့် ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟူသောအချက်ကို အတည်ပြုပေးလိုက်သည့်အနေအထား ရှိခဲ့သည်။

ယင်းနည်းတူ အမေရိကန်သမ္မတများက အုပ်ချုပ်ရေးအာဏာ၏ လုပ်ပိုင်ခွင့်ဖြင့် ဆုံးဖြတ်ဆောင်ရွက်ခဲ့သောဖြစ်စဉ်များ အများအပြားရှိခဲ့ပြီး ဂျက်ဖာဆင်၏ လူဝီယားနားပြည်နယ်ဝယ်ယူမှု၊ လင်ကွန်း၏ ဥပဒေနှင့်မညီဘဲ မဖမ်းဆီးရ ကန့်သတ်ချက်ကို ဆိုင်းငံ့မှု၊ ရုစဗဲ့၏ စစ်ပွဲမတိုင်မီ ဗြိတိန်နှင့် ဆိုဗီယက်တို့ကို စစ်ရေးအကူအညီပေးမှု၊ ရေဂင်၏ အီရန်သို့ စစ်လက်နက်ရောင်းချမှုနှင့် နီကာရာဂွာသူပုန်များကို စစ်လက်နက်ထောက်ပံ့မှု၊ ဂျော့ဗုလျူဘုရှ်၏ အီလက်ထရောနစ်ထောက်လှမ်းရေးဆောင်ရွက်ခွင့်ပေးမှု စသည်တို့သည် ထင်ရှားသည့် သာဓကများ ဖြစ်သည်။

အမေရိကန်သမ္မတ ဟူသည် အမေရိက၏ ထိပ်ဆုံးကပုဂ္ဂိုလ် **First Man in America** ဟူသော ခံယူချက်ကို ဂျော့ဝါရှင်တန်က လက်ခံခဲ့ပြီး သောမတ်ဂျက်ဖာဆင်လက်ထက်တွင် အမေရိကန်သမ္မတသည် အမေရိက၏ ထိပ်ဆုံးက နိုင်ငံသား **First Citizen** ဟူသော ခံယူချက်ကို လက်ခံခဲ့သည်။ ဝါရှင်တန်၏ခံယူချက်မှာ သာမန်ပြည်သူများထက် ပိုမိုကြီးမြတ်သောသဘောကိုဆောင်ပြီး ဂျက်ဖာဆင်၏ခံယူချက်မှာ သာမန်နိုင်ငံသားများ ရှေ့က နိုင်ငံသားတစ်ဦးဟူသောသဘောကို ဆောင်ကြောင်း တွေ့ရှိနိုင်သည်။ ဟန်မီတန်ကမူ ကျွန်တော်တို့ ပြည်သူတွေ **We, the People** ဟူသော အခြေခံဥပဒေပါ သဘောထားကို ခံယူခဲ့သူ ဖြစ်သည်။

ယခင်က အမေရိကန်သမ္မတများသည် အခြေခံဥပဒေကို ထိန်းသိမ်း၊ ကာကွယ်၊ စောင့်ရှောက်ရန် **To Preserve, Protect, and De-**

fend the Constitution ဟူ၍ ကျမ်းသစ္စာကျိန်ဆိုသည့်အတိုင်း ခံယူခဲ့ကြသော်လည်း နောက်ပိုင်းတွင် Of the People, By the People, For the People ဟူသော ခံယူချက် သဘောထားများ ထားရှိလာခဲ့ကြသည်။ ဂျော့ဝါရှင်တန်နှင့် ဂျွန်အဒမ်တို့သည် ရီပတ်ဘလီကင်သမ္မတများ ဖြစ်ကြပြီး ပြည်သူလူထုသည် အာဏာဆင်းသက်ရာ အရင်းမြစ်ဟူ၍ လက်ခံထားခဲ့သော်လည်း ပြည်သူများ၏လွတ်လပ်မှုကို ဆောင်ကြဉ်းရာတွင် အများစုသဘောတူညီချက်အတိုင်း ဆောင်ရွက်ရန်လိုအပ်သည်ဟု ရှုမြင်ထားခဲ့ကြသည်။ သောမတ်ဂျက်ဖာဆင်မှာ ဒီမိုကရက်တစ်သမ္မတတစ်ဦးဖြစ်ပြီး ပြည်သူများ၏လွတ်လပ်မှုကို ကာကွယ်ပေးခြင်းသည် အခြေခံဥပဒေပါ အပြန်အလှန်ထိန်းကျောင်းမှု Constitutional Checks and Balances မဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းဖြင့်သာ ဆောင်ရွက်ပေးရမည်ဟု ယုံကြည်ထားသည်။ အမေရိကန်ပြည်ထောင်စုဟူသည်မှာ အများစုသဘောဆန္ဒမှ ဥပဒေများ ဖြစ်လာပြီး ယင်းဥပဒေများဖြင့် အုပ်ချုပ်သည့်နိုင်ငံ ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ အုပ်ချုပ်ရေးအာဏာဟူသည်မှာ ဤသည်ကိုဆိုလိုကြောင်း ဂျက်ဖာဆင်က အစပြုခဲ့ပြီး သမ္မတအန်ဒရူးဂျက်ဆင်လက်ထက်တွင် ယင်းအယူအဆအတိုင်း ဆက်လက်ဖော်ဆောင်ခဲ့သည်။

## အမေရိကန်ဒီမိုကရေစီ

ဆိုရလျှင် အမေရိကန်သမ္မတများသည် အမေရိကန်နိုင်ငံရေးစနစ်တိုးတက်ပြောင်းလဲမှု၏ ဗဟိုချက်များဖြစ်ခဲ့သည်။ ရုစဗဲ့လက်ထက် ဆောင်ရွက်ခဲ့သော New Deal သည် နိုင်ငံရေးစနစ်ပြုပြင်ပြောင်းလဲရေး၌ အုပ်ချုပ်ရေးအာဏာကို ဗဟိုပြု၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်နောက်ခံအနေအထားအရ ရုစဗဲ့သည် အုပ်ချုပ်ရေးအာဏာကို နိုင်မာအောင် တည်ဆောက်နိုင်ခဲ့ပြီး တရားရုံးများ၏ သီးခြားလွတ်လပ်မှုကို မြှင့်တင်နိုင်ခဲ့ကာ ဥပဒေပြုရေးမှ အုပ်ချုပ်ရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းများကိုလည်း ဖယ်ရှားနိုင်ခဲ့သည်။ ရုစဗဲ့၏ ကြွေးကြော်သံများ ဖြစ်သော Freedom From Want နှင့် Freedom From Fear များကိုလည်း အမေရိကန်ပြည်သူများက ထောက်ခံခဲ့ကြသည်။ ရုစဗဲ့၏ New Deal

မှာ အခြေခံဥပဒေပါ တရားရုံးများ၏ လုပ်ပိုင်ခွင့်ကို မထိခိုက်စေဘဲ ပြည်သူများ၏ အခွင့်အရေး၊ ပိုင်ခွင့်များကို တိတိကျကျ ပြန်လည်သတ်မှတ်ခြင်းဖြစ်သည်ဟု ရူစဗဲ့က ဆိုသည်။ အမေရိကန်ပြည်ထောင်စု ကြုံတွေ့နေရသော ပြဿနာမှာ အခြေခံဥပဒေ မဟုတ်ဘဲ အခြေခံဥပဒေကို မည်သို့မည်ပုံ ဘာသာပြန်ကြသလဲ၊ ကျင့်သုံးကြသလဲဟူ၍သာ ဖြစ်ကြောင်း ရူစဗဲ့က ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက်ပိုင်းတွင် အမေရိကန် ခေါင်းဆောင်များသည် ရူစဗဲ့၏ New Deal ကို အသက်ဝင်လာပြီး ပိုမိုခိုင်မာလာစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြရာ ကမ္ဘာ့စီးပွားရေး၊ ရာသီဥတုပြောင်းလဲမှု၊ အမိမြေ လုံခြုံရေး စသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်သည်အထိ လိုက်နာ ဆောင်ရွက်ခဲ့ကြသည်။ ဤသည်မှာ အမေရိကန်နိုင်ငံ၏ ဒီမိုကရေစီတွင် နိုင်ငံရေးသဘောတရားဟူသည့် သမိုင်း နိဂုံးချုပ်သွားသည့် အခြေအနေသို့ရောက်ပြီဟု ယူဆရန်မဟုတ်ပါ။ အမေရိကန်နိုင်ငံရေးစနစ်၏ ဆင့်ကဲ တိုးတက်ပြောင်းလဲလာခဲ့သော အခြေအနေများသည် အကြမ်းဖက်ခြိမ်းခြောက်မှု၊ ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်း စသည်တို့ကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် အနေအထားသို့ ရောက်ရှိခဲ့ပြီးနောက် ရှေ့ဆက်ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများကိုလည်း အမေရိကန်သမ္မတများက ရင်ဆိုင်ဖြေရှင်းနိုင်စေမည့် အင်စတီကျူးရှင်းများကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ရီပတ်ဘလီကင်နှင့် ဒီမိုကရက်များအကြား၊ ကွန်ဆာဗေးတစ်နှင့် လစ်ဘရယ်များအကြား အိုင်ဒီယာအငြင်းပွားမှုများမှာ အုပ်ချုပ်ရေးအာဏာကို မည်သို့အသုံးချရမည် ဟူသော အချက်ပေါ်တွင် သဘောထားကွဲလွဲနေဆဲ ဖြစ်သည်။ ဒီမိုကရက်များက Freedom From Want ကို ဦးစားပေးထားကြရာ သက်သာချောင်ချိရေးကို နိုင်ငံတော်က ဆောင်ကြဉ်းပေးပြီး လွတ်လပ်မှုကို အရှည်တည်တံ့စေမည့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးရမည်ဟု ယူဆထားကြသည်။ ရီပတ်ဘလီကင်တို့ကမူ Freedom From Fear ကို ဦးစားပေးပြီး အမိမြေလုံခြုံရေးသည် ထိပ်တန်းဦးစားပေးဖြစ်သည်ဟု ခံယူထားကြ

သည်။ အဆိုပါအယူအဆအငြင်းပွားမှုကိုကြည့်လျှင် အမေရိကန်ပြည်ထောင်စုသည် နိုင်ငံသားတို့ အခွင့်အရေးဟူသော စကားရပ်၏ ဖွင့်ဆိုချက်၊ နိုင်ငံသားများကို မည်သို့အကောင်းဆုံးကာကွယ်စောင့်ရှောက်မည်နည်း ဟူသောအချက်တို့တွင် ကွဲလွဲနေဆဲ ဖြစ်ကြောင်း တွေ့ရှိ နိုင်သည်။

မကြာသေးသော သမ္မတများဖြစ်ကြသည့် ကလင်တန်နှင့် ဘုရှ်တို့ လက်ထက်များတွင် သမားရိုးကျ အခြေခံဥပဒေမူဘောင်များ၊ နိုင်ငံရေးပါတီများ၏ မူဘောင်များနှင့် ကွဲလွဲသောအုပ်ချုပ်ရေးကို ဖော်ဆောင်ခဲ့ကြသော်လည်း ဝါရှင်တန် နိုင်ငံရေးအသိုင်းအဝိုင်းနှင့် ပြည်သူလူထုအကြားဝေဖန်မှုများ အပြင်းအထန် ကြုံတွေ့ခဲ့ရသည်။ ယခုနောက်ဆုံး အိုဘားမားလက်ထက်တွင် သမ္မတအာဏာနှင့် အခြေခံဥပဒေကို အခြေပြုသော ဒီမိုကရေစီတို့ကို ပြန်လည်ပေါင်းစည်းထားသည့် အုပ်ချုပ်ရေးအသွင်သဏ္ဌာန် ထွက်ပေါ်လာခဲ့သည်။ အိုဘားမားသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကျွမ်းကျင်သူ ဥပဒေပညာရှင်တစ်ဦး ဖြစ်ခြင်းကြောင့်လည်း ခေတ်သစ်အမေရိကန်သမ္မတတစ်ဦး၏ ပုံရိပ်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

## ၂၀၁၅ အိပ်မက် သမိုင်းတစ်ကွက်

လက်ရှိ မြန်မာ့ဒီမိုကရေစီသည် လက်ရှိအမေရိကန်ဒီမိုကရေစီနှင့် မျဉ်းတန်းသဘော နှိုင်းယှဉ်ရန် မလွယ်ကူလှသောအနေအထားမှာ ဖြတ်သန်းခဲ့သော သမိုင်းကြောင်း၊ ရရှိခဲ့သည့် အတွေ့အကြုံ၊ ထုတ်ဖော်ခဲ့သည့် သင်ခန်းစာများ စသည်တို့မှာ များစွာ ခြားနားနေသောကြောင့် ဖြစ်သည်။ လက်ရှိ မြန်မာ့နိုင်ငံရေး၊ မြန်မာဒီမိုကရေစီ နောက်ကြောင်း ပြန်လှည့်ခြင်း–မလှည့်ခြင်းသည် မြန်မာဒီမိုကရေစီ မည်သည့်လမ်းကြောင်းကို သွားမည်နည်းဟူသော ပန်းတိုင်က ဦးစွာလာရမည်ဖြစ်သည်။ ၂၀၁၅ အိပ်မက်ကို အနီးဆုံးထား၍ စဉ်းစားကြည့်လျှင်ပင် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများကို ၂၀၁၅ အလွန်ဖြစ်နိုင်ဖွယ်ရာ အခင်းအကျင်းနှင့် ဆက်စပ်ပုံဖော်ကြည့်လျှင် ဒီမိုကရေစီမည်မျှ ခိုင်မာစေမည်ကို မှန်းဆကြည့်နိုင်မည် ဖြစ်သည်။ အမေရိကန်သမ္မတများ၏ သမိုင်းသည် အမေရိကန်နိုင်ငံရေးစနစ်၏သမိုင်းပင် ဖြစ်သည်ဟု ဆိုသည့်အတိုင်း မြန်မာ

သမ္မတများ၏ သမိုင်းသည် မြန်မာနိုင်ငံရေးစနစ်၏ သမိုင်း ဖြစ်လာမည်သာဖြစ်သည်။ ၂၀၁၅ အိပ်မက်သည် သမိုင်းတစ်ကွက်ဖြစ်လာမည်ဆိုလျှင် ယင်းသမိုင်းတစ်ကွက်သည်ပင် သန်း ၆၀ အတွက် အရေးကြီးလှသော ခြေလှမ်းတစ်လှမ်း ဖြစ်လာပေလိမ့်မည်။

***Ref - The Presidency in the Eye of Storm by Marc Landy and Sidney M. Mikis***

❑

## တရုတ်နိုင်ငံ၏ မြန်မာမဟာဗျူဟာ အချိန်အခါ အလှဲ့

ဤစာတမ်းရေးသား ပြုစုသူ ယန်ဆန်းသည် ဘေကျင်းတွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ အခြေစိုက်နေထိုင်ခဲ့ပြီး International Crisis Group ၏ တရုတ်အရေးလေ့လာသူတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ ဤစာတမ်းသည် အမေရိကန်ပြည်ထောင်စု Brookings Institution ရှိ အရှေ့မြောက်အာရှ မူဝါဒလေ့လာရေးစင်တာ၌ Visiting Fellow အဖြစ် ထမ်းဆောင်ခဲ့စဉ် အပြီးသတ်ရေးသားခဲ့ခြင်းဖြစ်သည်။ သူမ၏ သုတေသနကျွမ်းမှာ တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖိနှိပ်အုပ်ချုပ်သော နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ဆက်ဆံရေးကို အလေးပေးပြုစုခဲ့သည်။ ဤစာတမ်းတွင် တရုတ်–မြန်မာ ဆက်ဆံရေးအလှည့်အပြောင်းများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလမ်းစဉ်အပေါ် တရုတ်နိုင်ငံ၏ ခန့်မှန်းချက်အလွဲများ၊ အနာဂတ်အလားအလာများအကြောင်းကို ရေးသားပြုစုထားသည်။ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးအခင်းအကျင်းမှာ များစွာ အပြန့်ကျယ်လာခဲ့ပြီဖြစ်ရာ နိုင်ငံ့အရေးနှင့် မဟာဗျူဟာ အရွေ့အပြောင်း

များအကြောင်း ဆင်ခြင်သုံးသပ်နိုင်ရန် ဘာသာပြန်ဆို တင်ပြလိုက်ရခြင်း ဖြစ်ပြီး ဤဆောင်းပါးပါ ဖော်ပြချက်များအားလုံးသည် မူရင်းပြုစုသူ၏ အာဘော်သာ ဖြစ်ပေသည်။

## ၁။ မဟာဗျူဟာအလှည့်အပြောင်းများ ဖြစ်ပေါ်ခဲ့ရသည့် ၂၀၁၁ ခုနှစ်
## 1. Strategic Changes in 2011

၂၀၁၁ ခုနှစ်သည် တရုတ်–မြန်မာဆက်ဆံရေး သိသိသာသာ အေးစက်သွားစေခဲ့သော နှစ်တစ်နှစ် ဖြစ်သည်။ မြန်မာ့ပြည်တွင်းနိုင်ငံရေး ထင်မှတ်မထားခဲ့သော နည်းလမ်းများဖြင့် လျှင်မြန်စွာ ပြောင်းလဲလာခဲ့ခြင်းကြောင့် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ အကျိုးစီးပွားရေး အနာဂတ် မဟာဗျူဟာစီမံကိန်းများကိုပါ ပြင်းထန်စွာ စိန်ခေါ်လာသည့် အနေအထားသို့ ရောက်ရှိလာခဲ့သည်။ ၂၀၁၁ ခုနှစ် မတ်လအတွင်း နိုင်ငံတော်သမ္မတကြီး ကျမ်းသစ္စာကျိန်ဆိုမှုအပြီး မကြာခင်မှာပင် တရုတ်နိုင်ငံသည် ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာမြောက်မိတ်ဖက် အဆင့်သို့ တိုးမြှင့်နိုင်ခဲ့သည်။ ယင်းမဟာဗျူဟာမိတ်ဖက် လက်တွဲခြင်း၏ အဓိကအချက်များမှာ နယ်စပ်ဒေသတည်ငြိမ်ရေး၊ စွမ်းအင်သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး စသည့် မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံ၏ အခြေခံစဉ်းစားချက်များသာ ဖြစ်နေကြောင်း တွေ့ရှိရသည်။ ယင်း **Blue Print** သည် တရုတ်–မြန်မာ နှစ်နိုင်ငံ အကြား ဆွေမျိုးပေါက်ဖော် အစဉ်အလာချစ်ကြည်မှုပေါ်တွင် နောက်ထပ် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ထပ်ဆောင်းမြှင့်တင်လိုက်ခြင်းပင် ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီး အာဏာလွှဲပြောင်း ရယူခဲ့ပြီး ရက်သတ္တပတ် ၆ ပတ်အကြာတွင် တရုတ်နိုင်ငံ၏ ပေါ်လစ်ဗျူရိုအမြဲတမ်းကော်မတီဝင် နံပါတ် ၄ ခေါင်းဆောင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ပြီး ယင်းနောက် ၂ ပတ် အကြာတွင် မဟာဗျူဟာမြောက်ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက် **Comprehensive Strategic Cooperation Partnership** ကို ထူထောင်နိုင်ခဲ့သည်။

တစ်ဆက်တည်းမှာပင် ယူနန်ပြည်နယ်အစိုးရသည် အိန္ဒိယ

သမုဒ္ဒရာအတွင်းသို့ ယူနန်နှင့်မြန်မာ ပေါင်းကူးတံတား ထိုးနိုင်ရန်ရည်ရွယ်သော **Bridgehead Campaign** ကိုစတင်ဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံ၏ ကာလရှည်ကြာနိုင်ငံရေးထောက်ခံမှုများ ပေးအပ်ခဲ့ခြင်းအတွက် အတုံ့အလှည့်အားဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဖိုရမ်များ၊ အဓိကအားဖြင့် အာဆီယံအစည်းအဝေးများတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက်များ၊ တောင်တရုတ်ပင်လယ်အရေးကိစ္စအပေါ် မြန်မာနိုင်ငံ၏ ထောက်ခံမှုများရရှိအောင် ဆောင်ရွက်ခဲ့သည်။

သို့သော်လည်း ၂၀၁၁ ခုနှစ် ဩဂုတ်လနောက်ပိုင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် အမျက်ထွက်စရာကိစ္စရပ်များ ဆက်တိုက်ဆိုသလို ပေါ်ပေါက်လာခဲ့သည်။ အငြင်းပွားဖွယ် မြစ်ဆုံဆည်တည်ဆောက်မှု ဆိုင်းငံ့ခြင်းနှင့် အနောက်နိုင်ငံများနှင့် ဆက်ဆံရေးကောင်းမွန်သော လမ်းကြောင်းပေါ်သို့ရောက်ရှိလာခြင်း၊ အထူးသဖြင့် အမေရိကန်နိုင်ငံနှင့် အမြဲသဘောဆက်ဆံမှုများ ရောက်ရှိလာခြင်းတို့ကြောင့် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံကို သစ္စာရှိမိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူထားခဲ့မှုများအား ပြင်းထန်စွာတုန်လှုပ်သွားစေခဲ့သည်။ ၎င်းအပြင် မဟာဗျူဟာမြောက်မိတ်ဖက်အဖြစ်ချမှတ်ထားခဲ့သော အုတ်မြစ်များကို လှုပ်ခါသွားစေခဲ့သည်။ အကျိုးဆက်အားဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ်ထားရှိခဲ့သော မျှော်မှန်းချက်များကို ပြန်လည်သုံးသပ်လာခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာမူဝါဒနှင့် မြန်မာနိုင်ငံအပေါ် ထားရှိခဲ့သော ကတိကဝတ်များကို ပြင်ဆင်ရေးဆွဲလာခဲ့သည်။

တရုတ်နိုင်ငံ၏ သံခင်းတမန်ခင်း နောက်ပြန်ဆုတ်သွားမှုတို့သည် မြန်မာနိုင်ငံ၏ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခင်းအကျင်းအပေါ် တင်ကြိုမျှော်လင့်သုံးသပ်ချက်များ လွဲမှားသွားခဲ့ခြင်းက အဓိကကျနေသည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှ မြစ်ဆုံဆည်ရပ်ဆိုင်းလိုက်သည့်ကာလအထိ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခင်းအကျင်းသည် ကြီးကြီးမားမားပြောင်းလဲနိုင်ဖွယ်ရာမရှိ ဟူ၍ မျှော်မှန်းထားခဲ့ကြသည်။ တရုတ်ခေါင်းဆောင်များသည် မြန်မာပြည်တွင်းရှိ ဒီမိုကရက်တစ်အရှိန်အဟုန်ကို လျှော့တွက်ခဲ့ကြပြီး ယင်းအရှိန်အဟုန်သည် မြန်မာနိုင်ငံ

စစ်ခေါင်းဆောင်ဟောင်းများအား ပြုပြင်ပြောင်းလဲလိုစိတ်များ တိုးမြှင့်ဖြစ်ပေါ်လာစေခဲ့သည်။ တရုတ်နိုင်ငံ၏ ရှုမြင်ချက်တွင် စစ်ဘက်ခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ အာဏာဆုပ်ကိုင်ထားရှိမှုကို မည်သည့်အခါမှ အလျှော့ပေးမည်မဟုတ်ဟူ၍ ရှုမြင်ထားပြီး အရပ်သားအစိုးရသစ်အနေဖြင့်လည်း စစ်အစိုးရနှင့် ကြီးကြီးမားမား ကွာခြားဖွယ်ရာ မရှိနိုင်ဟူ၍ မျှော်မှန်းထားခဲ့ကြသည်။

ဒုတိယအချက်အနေဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကို ထိတွေ့ဆက်ဆံနေသော အမေရိကန်နိုင်ငံ၏ ချေစပ်ညှိနှိုင်းမှု ကျဆုံးမည်ဟူ၍ သတ်မှတ်ထားပြီး ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲများ ကျင်းပပြီးစီးသွားသည့်အချိန်၌ ဝါရှင်တန်အစိုးရက ယင်းရွေးကောက်ပွဲများ တရားမျှတမှုမရှိသလို လွတ်လပ်မှုလည်း မရှိဟူ၍ ထုတ်ပြန်ကြေညာလိုက်သည့်အခါ အမေရိကန်နှင့်ဆက်ဆံရေး ရပ်တန့်သွားပြီဟု ထင်မြင်ယူဆခဲ့ ကြသည်။ မြန်မာ နိုင်ငံသည် တရုတ်နိုင်ငံ၏ စီးပွားရေး၊ မဟာဗျူဟာမြောက်အရွေ့အပြောင်းများနှင့် နမူနာယူ၍ လိုက်လျောညီထွေ ဖြစ်စေရန်အတွက် နိုင်ငံရေးအပြောင်းအလဲများနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို နှေးကွေးစွာဖြင့် တဖြည်းဖြည်းချင်းဆောင်ရွက်သွားမည်ဟူ၍လည်း တရုတ်နိုင်ငံရှိ မူဝါဒ လေ့လာသုံးသပ်သူအများစုက ထင်မြင်ယူဆခဲ့ကြသည်။ ယုတ်စွအဆုံးဆိုရလျှင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် မူလရှိပြီးဖြစ်သော နိုင်ငံရေးသြဇာနှင့် စီးပွားရေးအရ လွှမ်းမိုးမှုတို့ကို မြင့်တွက်ခဲ့ကြပြီး မြန်မာပြည်သူများ၏ တရုတ်ဆန့်ကျင်ရေးတွန်းအားကို လျှော့တွက်ခဲ့ကြသည်။ အဆိုပါလျှော့တွက်မှုများကြောင့်ပင် ၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်မူဝါဒအပေါ် ယုံကြည်မှုများကို ပျက်ပြားသွားစေပြီး ကတိကဝတ်များ ပြိုကွဲသွားစေသည့် ဖြစ်ရပ်များ ဖြစ်လာစေခဲ့သည်။

## ၂ မြန်မာနိုင်ငံအပေါ်ထားရှိသည့် တရုတ်နိုင်ငံ၏ အခြေခံအကျိုးစီးပွားများ

## 2. China's Basic Interests in Myanmanr

မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ သတ်မှတ်ထားရှိသော တရုတ်နိုင်ငံ၏ အခြေခံအကျိုးစီးပွားများတွင် အခြေခံအကြောင်းရင်း ၃ ချက် ပါရှိသည်။

ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်–

(၁) နယ်စပ်ဒေသတည်ငြိမ်ရေး Border Stability

(၂) စီးပွားရေးပူးပေါင်းဆောင်ရွက်မှု Economic Cooperation

(၃) စွမ်းအင်သယ်ယူပို့ဆောင်ရေးလမ်းကြောင်း Energy Transpor-tation Route

ယင်းတို့အနက် နယ်စပ်ဒေသတည်ငြိမ်ရေးမှာ ထိပ်တန်းဦးစားပေး ဖြစ်သည်။ (၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း ဘေကျင်းနှင့် ကူမင်းရှိ တရုတ်အရာရှိများနှင့် တွေ့ဆုံမေးမြန်းချက်များအရ) ၂၀၀၉ ခုနှစ် ကိုးကန့်အရေးကိစ္စတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားအဖွဲ့အစည်းများအကြား ရန်လိုမှုများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို တရုတ်အစိုးရမှ သတိပြုမိခဲ့ကြသည်။ အဆိုပါပဋိပက္ခတွင် ဒုက္ခသည် ၃၇,၀၀၀ ကျော်ကို တရုတ်နိုင်ငံ အနောက်တောင်ဘက်ရှိ ယူနန်ပြည်နယ်အတွင်း ခိုလှုံလာစေခဲ့ပြီး နယ်စပ်ဒေသများတစ်လျှောက် တည်ငြိမ်မှု ထိန်းသိမ်းထားရှိရန် တရုတ်အာဏာပိုင်များအား ဖိအားများ ဖြစ်ပေါ်လာစေခဲ့သည်။

## ၂·၁။ နယ်စပ်ဒေသတည်ငြိမ်ရေး

## 2.1 Border Stability

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲများမတိုင်မီ ဖြစ်ပေါ်ခဲ့သော ကိုးကန့်အရေးအခင်းသည် တိုင်းရင်းသားအရေးကိစ္စများ၏ ဖြေရှင်းချက်တစ်ရပ်အနေဖြင့် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းရေး Peaceful Negotiation ကို အလေးပေးလာစေခဲ့သည်။ အဆိုပါပဋိပက္ခကာလအတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နေပြည်တော်အစိုးရမှ လက်နက်ချွန်းလွှတ်စေပြီး နယ်ခြားစောင့်တပ်ဖွဲ့များအဖြစ် အတင်းအကျပ် ပြောင်းလဲစေခြင်းများ ဆက်လက်လုပ်ဆောင်လာပြီး အကျိုးဆက်အားဖြင့် စစ်ရေး ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပေါ်လာမည်ကို တရုတ်နိုင်ငံအနေဖြင့် စိုးရိမ် ပူပန်လာစေခဲ့သည်။ ထိုသို့ဆိုးကျိုးများကို ရှောင်လွှဲနိုင်စေရန်အတွက် တရုတ်အစိုးရသည် ယင်း၏ သံတမန်ရေးညြစာကို အသုံးချခဲ့ပြီး တရုတ်–မြန်မာ

နယ်စပ်ရှိ အဓိက လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသော KIA နှင့် UWSA တို့နှင့် နေပြည်တော်အစိုးရအကြား တိတ်တဆိတ် ကြားဝင် ဆောင်ရွက်လာခဲ့သည်။ ငြိမ်းချမ်းမှုကို ရအောင်ယူ–တွေ့ဆုံဆွေးနွေးမှု များ မြှင့်တင် Persuading for Peace and Promoting Talks မဟာ ဗျူဟာကို တရုတ်ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများတွင် ကျင့်သုံး ဆောင်ရွက်လာခဲ့သည်။ တရုတ်ထိပ်တန်းခေါင်းဆောင်များသည်လည်း နယ်စပ်ဒေသများ၌ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုများ ထိန်းသိမ်း ထားရှိရေးအတွက် မြန်မာခေါင်းဆောင်များကို လူသိထင်ရှား လက်ချာပေး ခြင်းများ ဆောင်ရွက်လာခဲ့သည် (တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၉ ခုနှစ်ထုတ်ပြန်ချက်များ၊ ဘီဘီစီ၏ ၂၀၁၀ ပြည့်နှစ် ဖော်ပြချက်များ၊ တရုတ် သတင်းဌာန၏ ၂၀၁၀ ထုတ်ပြန်ချက်များ)။ ယူနန်အရာရှိများ သည်လည်း KIA ခေါင်းဆောင်များ၊ UWSA ခေါင်းဆောင်များနှင့် တွေ့ ဆုံကြသည့်အခါတိုင်း စစ်မဖြစ်စေရေးနှင့် သည်းခံညှိနှိုင်းရေးတို့ကို တွင်တွင်ကျယ်ကျယ်ပြောကြားပြီး လော်ဘီလုပ်ခဲ့ကြသည်(၂၀၁၁ ခုနှစ် နှလိုင်လအတွင်း ကူမင်းမှ အရာရှိများနှင့် တွေ့ဆုံမေးမြန်းခန်းများ)။

၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ငြိမ်းချမ်းတည်ငြိမ်သော အာဏာ လွှဲပြောင်းမှုများ တွေ့မြင်ရခြင်းကို တရုတ်နိုင်ငံမှ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ကြသည်။ ဤသို့ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းနိုင်ခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ်ထားရှိသော တရုတ် အစိုးရ၏ရပ်တည်ချက်များအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်လာစေခဲ့ သည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ သစ္စာရှိ မိတ်ဆွေရင်းဖြစ်ပြီး တိုင်းရင်းသားပဋိပက္ခများ ဖြေရှင်းရာတွင် တရုတ်နိုင်ငံ၏အကူအညီကို လိုလားနေသည်ဟူသော ယူဆချက်များအရ တရုတ်အစိုးရမှ တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့အစည်းများအပေါ် ထားရှိသော ရပ်တည်ချက်မှာ လည်း ရှေ့မတိုးနောက်မဆုတ် အနေအထားကို ထိန်းသိမ်းခြင်းမှသည် အမျိုးသားပြန်လည်ပေါင်းစည်းရေးဆီသို့ သိသိသာသာ ပြောင်းလဲလာခဲ့ သည်။ ဤယူဆချက်အသစ်ကို ဘေကျင်းနှင့် ယူနန်ရှိ မြန်မာ့အရေး ကျွမ်း ကျင်သူ ထိပ်တန်းပညာရှင်များက ထပ်ခါတလဲလဲ ပြောကြားခဲ့ကြသည်။

(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နေပြည်တော်အစိုးရ၏ အခြေခံအခွင့်အရေးဖြစ်သည်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ယင်းတို့လက်ဝယ်ရှိ ကိုယ်ပိုင်ရပ်တည်ခွင့်နှင့် လက်နက်ကိုင်ဆောင်ထားမှုတို့ကို ထာဝရထိန်းသိမ်းထားနိုင်ရန် မျှော်မှန်းနိုင်မည်မဟုတ်ဟု၍ ဘောကျောင်းနှင့် ကူမင်းရှိ အစိုးရအရာရှိများက ၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်းက ပြောကြားခဲ့ကြသည်။)

အထက်ပါ အတွေးအမြင်သည် ၂၀၁၁ ခုနှစ် ဇွန်လနောက်ပိုင်းမှစ၍ KIA နှင့် တပ်မတော်အကြား လက်နက်ကိုင်ပဋိပက္ခများနှင့်ပတ်သက်၍ ထားရှိသော တရုတ်နိုင်ငံ၏မူဝါဒကို အစဉ်အဆက် လွှမ်းမိုးထားခဲ့သည်။ အကြီးအကျယ် မလိုလားဟန်ပြသခဲ့ပြီး နယ်စပ်တည်ငြိမ်ရေးကို နေပြည်တော်မှ အလေးထားရန် အပြင်းအထန် တောင်းဆိုခဲ့သော ကိုးကန့်အရေးကိစ္စနှင့်မတူညီဘဲ တရုတ်အစိုးရသည် ဒုက္ခသည်များ စီးဝင်လာနိုင်သော နယ်ခြားဒေသများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်ချထားခြင်းများ တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး သည်းခံစိတ်ရှည်ရန်နှင့် စေ့စပ်ညှိနှိုင်းရန် တောင်းဆိုခဲ့ကြသည် (၂၀၁၁ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းစာရှင်းလင်းပွဲမှ)။ သို့သော်လည်း နေပြည်တော်အစိုးရနှင့် စေ့စပ်ညှိနှိုင်းရာတွင် ကြားမှဒိုင်လူကြီးအနေဖြင့် ပါဝင်ဆောင်ရွက်ပေးရန် ပြောကြားခဲ့သော KIA ၏ တောင်းဆိုချက်ကို ငြင်းဆန်ခဲ့သည် (Dongfangwang 2011)။

၎င်းအပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ပြဿနာများကို ဖြေရှင်းရာတွင် တရုတ်နိုင်ငံ၏ ရပ်တည်ချက်များ KIA အဖွဲ့နှင့်ဝေးကွာခဲ့ရခြင်းတွင် အကြောင်းရင်းများ များစွာရှိနေသည်။ ပထမဆုံးအချက်မှာ စစ်ဘေးသင့်ဒုက္ခသည်များမှာ လိုင်ဇာရှိ KIA ဌာနချုပ်အနီးတွင်သာ စုဝေးခိုလှုံလျက်ရှိပြီး တရုတ်နိုင်ငံအတွင်း အရေအတွက် များစွာစီးဝင်လာခဲ့မှု မရှိခြင်းပင်ဖြစ်သည်။ ယင်းအကျိုးဆက်ကြောင့် နယ်စပ်ဒေသတည်ငြိမ်ရေးအပေါ် တရုတ်အစိုးရ၏ စိုးရိမ်ပူပန်မှုများကို လျော့နည်းသွားစေခဲ့သည် (၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း KIA အရာရှိများနှင့် ရှေ့လီတွင် တွေ့ဆုံမေးမြန်းချက်အရ) ။ ဒုတိယအချက်မှာ တရုတ်နိုင်ငံ

ဘက်မှ ရှုမြင်ချက်အရ ရှမ်းပြည်နယ်အတွင်း တရုတ်နိုင်ငံမှ ဆောင်ရွက်လျက်ရှိသော တာပိန်ဆည်စီမံကိန်းအား ထိန်းချုပ်ရန်အတွက် တပ်မတော်အား KIA က တိုက်ခိုက်နေခြင်းသည် တရုတ်နိုင်ငံအား ကြားဝင်လာစေရန် ဆောင်ရွက်နေခြင်းဖြစ်သည် ဟူ၍ဖြစ်သည် (Dong Fang Zao Bao 2011)။ KIA တပ်ဖွဲ့များမှ တရုတ်နိုင်ငံ၏ စီးပွားရေးအကျိုးအမြတ်များအပေါ် လေးစားအလေးထားမှု နည်းပါးနေခြင်းသည် ကချင်ပြည်နယ်အတွင်း တရုတ်နိုင်ငံမှ ဆောင်ရွက်လျက်ရှိသော မြစ်ဆုံဆည်စီမံကိန်းအား ဆန့်ကျင်မှုများ ပိုမိုဖြစ်ပေါ်စေခဲ့သည်(၂၀၁၁ ခုနှစ်အတွင်း ဘေကျင်းနှင့် ကူမင်းတို့တွင် တွေ့ဆုံမေးမြန်းမှုများအရ)။ တတိယအချက်အနေဖြင့် KIA ၏ နိုင်ငံရေးရပ်တည်ချက်များကို တရုတ်အစိုးရက လက်တွေ့မကျဟု ရှုမြင်ထားသည်။ KIA သည် သီးခြားလွတ်လပ်သောနိုင်ငံ ထူထောင်ရေးကို အဆုံးစွန်လိုလားနေပြီး အစိုးရနှင့် ပဋိပက္ခဖြစ်နေခြင်းသည် နေပြည်တော်အစိုးရအား ဇနစပ်ညှိနှိုင်းရာတွင် အလေးသာမှုရရှိစေရန် ဆောင်ရွက်နေခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံက သုံးသပ်ထားသည်။ တရုတ်နိုင်ငံမှ ဒေသအာဏာပိုင်အရာရှိတစ်ဦး၏ အဆိုအရ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်ကို KIA က ဆုပ်ကိုင်ထားခြင်းသည် ပကတိအခြေအနေမှန်နှင့် လုံးဝကွဲလွဲနေကြောင်း သိရှိရသည် (၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ကူမင်း၌ တွေ့ဆုံမေးမြန်းခန်းမှ)။ နောက်ဆုံးအချက်မှာ အနောက်အုပ်စုနိုင်ငံများအပေါ် အားကိုးအားထားပြုသော KIA အဖွဲ့အပေါ် ရေးယခင်ကတည်းကပင် မယုံမကြည် သံသယထားခဲ့ခြင်းပင် ဖြစ်သည်။ ကချင်အဖွဲ့အစည်းများသည် တစ်နှစ်တာအတွင်း အကူအညီ ရရှိစေရန် ဝါရှင်တန်သို့ ကိုယ်စားလှယ်အဖွဲ့များစွာ စေလွှတ်ခဲ့ပြီး တရုတ်နယ်စပ်ဒေသ၌ အမေရိကန်များ ဝင်ရောက်လာစေနိုင်ရန် ဆောင်ရွက်နေသည်ဟု တရုတ်နိုင်ငံအကြောက်ဆုံးသောကိစ္စကို ဖန်တီးနေသည်ဟု တရုတ်နိုင်ငံက ယူဆထားသည်(၂၀၁၁ခုနှစ် နွေဦးတွင် တရုတ်နိုင်ငံဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပြောကြားချက်မှ)။

ကချင်အဖွဲ့အစည်းများနှင့် သဘောတူညီချက်များ မရရှိခဲ့သော်လည်း နေပြည်တော်နှင့် UWSA အကြား ဇနစပ်ဆွေးနွေးမှုများမှာ အကျိုး

ရလဒ် အများအပြားထွက်ပေါ်လာခဲ့သည်။ စက်တင်ဘာလအတွင်း၌ နေပြည်တော်နှင့် UWSA တို့သည် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်ရေးအတွက် သဘောတူညီချက်များ ရရှိခဲ့သည်။ အဆိုပါသဘောတူညီချက်များသည် UWSA ၏ လက်နက်ကိုင်ဆောင်ထားမှုအခြေအနေ၊ ဝ တိုင်းရင်းသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့် စသည့်ကိစ္စရပ်များကို ဖြေရှင်းနိုင်ခြင်း မရှိသော်လည်း နှစ်ဦးနှစ်ဖက်အပြန်အလှန် သဘောတူ လက်ခံနိုင်သော ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ကိစ္စရပ်များပါဝင်ပြီး ယင်းတို့မှာ တရုတ်နိုင်ငံဘက်မှ လိုလားနေသော ကိစ္စရပ်များလည်း ဖြစ်သည်။

## ၂.၂။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု
## 2.2 Economic Cooperation

မြန်မာအစိုးရသစ်သည် စီးပွားရေးနယ်ပယ်များကို ဖွင့်လှစ်ပေးလာခြင်းကြောင့် တရုတ်စီးပွားရေးလုပ်ငန်းများအတွက် မြောက်မြားလှစွာသော အခွင့်အလမ်းများ ထွက်ပေါ်လာမည်ဟု တရုတ်အစိုးရက ရှုမြင်ထားခဲ့သည်။ အာဏာလွှဲပြောင်းမှု အတော်အသင့် ချောမွေ့တည်ငြိမ်ခဲ့ခြင်းကြောင့် အစိုးရသစ်၏ တရားဝင်မှုကို ခိုင်မာစေခဲ့သည်။ နေပြည်တော်အစိုးရသစ်အနေဖြင့် အာဏာလွှဲပြောင်းရယူပြီးချိန်တွင် လုံခြုံရေးဆိုင်ရာ ထိပ်တန်းစိုးရိမ်ပူပန်မှုများကို ဖြေရှင်းဆောင်ရွက်ပြီးသည်နှင့် ၎င်း၏ တရားဝင်မှုကို မြှင့်တင်ရန်အတွက် ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်လာမည်ဟူ၍ တရုတ်အစိုးရက ယုံကြည်ထားခဲ့သည်။ ဤသည်မှာ အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများကို ကြုံတွေ့နေရသော မြန်မာနိုင်ငံအနေဖြင့် အလေးပေးဆောင်ရွက်ရန် တရုတ်နိုင်ငံမှ ဆန္ဒရှိနေသော လမ်းကြောင်း ဖြစ်သည်။

သမ္မတဦးသိန်းစိန်အစိုးရ အာဏာလွှဲပြောင်းရယူမှု မတိုင်မီ မြန်မာနိုင်ငံရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများမှာ သိသိသာသာ တိုးတက်လာခဲ့သည်။ မြန်မာနိုင်ငံရှိ တရုတ်သံရုံး၏ အဆိုအရ ၂၀၁၀ ပြည့်နှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၄.၄ ဘီလီ

ယ်အထိ တိုးတက်လာရာ ၅၂.၃ % မြင့်မားလာခဲ့သည်။ မြန်မာအစိုးရဘက်မှထုတ်ပြန်သောစာရင်းများအရ ၂၀၁၀ ပြည့်နှစ် ဧပြီလမှ ၂၀၁၁ ခုနှစ် မတ်လအထိ ကြားကာလအတွင်း တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၇.၇၅ ဘီလီယံရင်းနှီးမြှုပ်နှံခဲ့ကြောင်း သိရှိရသည်။ ယင်းရင်းနှီးမြှုပ်နှံမှုအများစုမှာ သဘာဝအရင်းအမြစ်နှင့်စွမ်းအင်ကဏ္ဍများတွင် အဓိကရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်သည်။ (၂၀၁၁ ခုနှစ် ဆင်ဟွာသတင်းများအရ) တရုတ်နိုင်ငံဘက်မှ စာရင်းဇယားများတွင် ၂၀၁၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၁၂.၃၂ ဘီလီယံ ရင်းနှီး မြှုပ်နှံခဲ့ကြောင်းသိရှိရသည်။ စွမ်းအင်အသည်းအသန်လိုအပ်လျက်ရှိသော တရုတ်နိုင်ငံ အနောက်တောင်ဘက်ပိုင်းအတွက် အရေးကြီးသော ရေအားလျှပ်စစ်ထောက်ပံ့ ဖြည့်ဆည်းပေးသူအဖြစ် မြန်မာနိုင်ငံကို အလေးထားခဲ့သည်။ မြန်မာနိုင်ငံရှိ တရုတ်ရင်းနှီးမြှုပ်နှံမှုစုစုပေါင်း၏ ၅၄ % မှာ ရေအားလျှပ်စစ်ထုတ်လုပ်သည့် ဆည်စီမံကိန်းများဖြစ်နေသည်။ သမ္မတဦးသိန်းစိန်သောကျင်းသို့ အလည်အပတ်သွားရောက်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် မေလအတွင်း ရေအားလျှပ်စစ်ဆည် စီမံကိန်းတစ်ခု၊ တရုတ်ဖွံ့ဖြိုးတိုးတက်ရေးဘဏ် China Development Bank မှ မြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ အမေရိကန်ဒေါ်လာ ၇၆၅ သန်းထုတ်ချေးခြင်းအပါအဝင် စီးပွားရေးဆိုင်ရာသဘောတူညီချက် ၉ ခုကို နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ကြသည်။

## ၂.၃။ စွမ်းအင်သယ်ယူပို့ဆောင်ရေး လမ်းကြောင်း

## 2.3 Energy Tran,sortion Route

လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှ ယူနန်ပြည်နယ်သို့ သွယ်တန်းသော ရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းသည် မြန်မာနိုင်ငံရှိ တရုတ်စီမံကိန်းများအနက် အရေးအကြီးဆုံးသော စီမံကိန်းဖြစ်သည်ဟု တရုတ်နိုင်ငံက လက်ခံထားသည် (၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်း တရုတ်ကျွမ်းကျင်သူများနှင့် တွေ့ဆုံမေးမြန်းချက်အရ)။ အာဖရိကမြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းဒေသများမှ ရေနံတင်ပို့မှုအားလုံးကို ဖြတ်သန်းနေရ

သည့် မလက္ကာရေလက်ကြားအား မှီခိုအားထားနေရသည့်အခြေအနေကို ရှောင်လွှဲနိုင်မည်ဟု တရုတ်နိုင်ငံက ပိုက်လိုင်းစီမံကိန်းအပေါ် မျှော်လင့်ထားခဲ့ကြသည်။ ပိုက်လိုင်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် ဇွန်လနောက်ပိုင်း ပိုက်လိုင်းစီမံကိန်းသည် ချောချောမွေ့မွေ့ဖြင့် ပုံမှန်တိုးတက်လာခဲ့သည်။ မြစ်ငယ်မြစ်နှင့် မအေးကျွန်း တံတားထိုးခြင်းကဲ့သို့သော အရေးကြီးအစိတ်အပိုင်း အချို့မှာ ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ယင်းပိုက်လိုင်းသည် မြောက်အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှ ရေနံ တန်ချိန် ၂၂ သန်း၊ မြန်မာနိုင်ငံကမ်းလွန်လုပ်ကွက်များမှ ဓာတ်ငွေ့ကုဗမီတာ ၁၂ ဘီလီယံတို့ကို တရုတ်နိုင်ငံသို့ တင်ပို့ပေးနိုင်မည်ဟု အကောင်းဘက်မှ ရှုမြင်ထားသည်(၂၀၁၀ ဆင်ဟွာနက်)။

မလက္ကာရေလက်ကြားအား စစ်ရေးအရ ပိတ်ဆို့ထားသည့်အချိန်များတွင် ထိုကဲ့သို့ပိုက်လိုင်းများကြောင့် တရုတ်နိုင်ငံ၏ ပေါ်ဗျူဟာအားနည်းချက် ပပျောက်နိုင်ခြင်းမရှိဟု တရုတ်ကျွမ်းကျင်သူများက မှန်းဆထားသော်လည်း ၂၀၁၃ ခုနှစ်၌ ပိုက်လိုင်းစီမံကိန်း ပြီးစီးသွားသည်နှင့် မြန်မာနိုင်ငံနှင့်သာမက အရှေ့တောင်အာရှနှင့်ရော တောင်အာရှနှင့်ပါ ကုန်သွယ်မှုများ တောက်လျှောက်မြင့်မားလာမည်ဟု မျှော်လင့်ချက်များ မြင့်မားစွာ ရှိထားကြသည်။ တစ်ချိန်တည်းမှာပင် ယူနန်အာဏာပိုင်များ အနေဖြင့် ရေနံနှင့် ဓာတုလုပ်ငန်းများကို ၎င်းတို့ပြည်နယ်၌ ထားရှိထူထောင်ရန် စဉ်းစားနေကြပြီး ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ယူနန်ပြည်နယ်အား တရုတ်အနောက်တောင်ပိုင်း၏ စွမ်းအင်နှင့် ကုန်သွယ်မှုဗဟိုချက်အဖြစ် ရောက်ရှိလာစေမည်ဖြစ်သည်(၂၀၁၀ ပြည့်နှစ် တရုတ်ပြည်သူ့နေ့စဉ်သတင်းစာ)။

# ၃ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာလမ်းပြမြေပုံ

# 3 China's Strategic Blueprint for Myanmar

## ၃.၁။ တရုတ်နိုင်ငံ၏ မြန်မာမဟာဗျူဟာအမြင် တိုးတက်ပြောင်းလဲလာခဲ့ပုံ

## 3.1 Evolution of China's Strategic Perception of Myanmar

နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ် ထူထောင်ချိန်နောက်ပိုင်း တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသော မဟာဗျူဟာရှုမြင်ချက်မှာ မတူညီသောအဆင့်များကို ဖြတ်သန်းလာခဲ့သည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် အချိန်အတော်များများတွင် အရေးပါသောအခန်းကဏ္ဍ၌ တည်ရှိခဲ့သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ PRC ဟူ၍ စတင်ထူထောင်ခဲ့သည့် ၁၉၄၉ ခုနှစ်မှာပင် ဘောကျင်းအစိုးရနှင့် သံတမန်အဆက်အသွယ် စတင်ထူထောင်ခဲ့သည့် ပထမဦးဆုံးသော ဆိုရှယ်လစ်မဟုတ်သည့်နိုင်ငံမှာ မြန်မာနိုင်ငံဖြစ်ပြီး တရုတ်နိုင်ငံအား နိုင်ငံတကာအသိုင်းအဝိုင်းတွင် အထီးကျန်မဖြစ်စေရန် ကူညီဆောင်ရွက်ပေးခဲ့သောပထမဦးဆုံးသော တတိယကမ္ဘာနိုင်ငံလည်း ဖြစ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မတိုင်မီ နိုင်ငံရေးဆက်ဆံမှု–ဆွေမျိုး ပေါက်ဖော်ဆက်ဆံရေးမှာ နှစ်နိုင်ငံဆက်ဆံရေး၏မဏ္ဍိုင်ကြီးဖြစ်ခဲ့သည်။ နိုင်ငံရေးအရ ဆက်ဆံမှုမှာ များစွာနိုင်မာခဲ့သော်လည်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကဲ့သို့သော အခြားဆက်ဆံရေးများမှာ နောက်ကျကျန်ရစ်ခဲ့သည်။ ဤကာလများ၌ တရုတ်နိုင်ငံ၏ နိုင်ငံရေးမိတ်ဆွေတစ်ဦးအဖြစ်သာ မြန်မာနိုင်ငံကို တွေ့မြင်ရသည်။

၂၀၀၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံမှ နှစ်နိုင်ငံဆက်ဆံရေးအတွက်အရင်းအမြစ်အသစ်များ၊ ဈေးကွက်အသစ်များ စတင်ရှာဖွေဆောင်ရွက်လာခဲ့ခြင်းကြောင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှာ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ တရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိခြင်း၊ ရေအားလျှပ်စစ်၊ တွင်းထွက်၊ သစ်၊ ကျောက်စိမ်း စသည့်သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝခြင်းစသည်တို့ကြောင့် မြန်မာနိုင်ငံသည် တရုတ်ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးလုပ်ငန်းများ၏

ဦးတည်ရာ ဖြစ်လာခဲ့သည်။ ကနဦးတွင် နယ်စပ်ကုန်သွယ်ရေးကဏ္ဍက ဦးဆောင်ပေါ်ထွက်လာခဲ့ပြီး မကြာခင်မှာပင် မြန်မာနိုင်ငံမှ စွမ်းအင်နှင့် တွင်းထွက်များ ရှာဖွေဆောင်ရွက်သော တရုတ်နိုင်ငံပိုင်ကုမ္ပဏီကြီးများ၊ စီးပွားရေးလုပ်ငန်းကြီးများကြီးစိုးလာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ အများဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ဒုတိယအများဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ဤကာလများအတွင်း သဘာဝအရင်းအမြစ်များနှင့် ကုန်ကြမ်းများ ပံ့ပိုးထောက်ပံ့ပေးနေသော မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အထူးအရေးကြီးသော ကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာခဲ့သည်။

သို့ဖြစ်၍ အထက်ပါပြောင်းလဲတိုးတက်လာမှုများအရ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် (၁) နိုင်ငံရေးမိတ်ဖက် (၂) စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့မှာ အဓိကအုတ်မြစ် (၂)ခုအဖြစ်သာရှိခဲ့ပြီး မြန်မာနိုင်ငံ၏ မဟာဗျူဟာအရ အရေးပါမှုမှာ များများစားစား ပါဝင်မှုမရှိခဲ့ကြောင်း တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံမှ လေ့လာသုံးသပ်သူများ၊ အရာရှိများက ပြောကြားကြရာတွင် အိန္ဒိယသမုဒ္ဒရာသို့ သွားရောက်နိုင်သည့် ကော်ရစ်ဒါတစ်ခုအနေဖြင့် သတ်မှတ်ထားရှိခဲ့ကြောင်း တွေ့ရှိရသော်လည်း ယင်းကော်ရစ်ဒါ၏ ရည်ရွယ်ချက်မှာလည်း ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းအဖြစ် အသုံးပြုရန်သာဖြစ်နေသည်။ မြန်မာ–တရုတ် ဆက်ဆံရေးကို ပျက်ပြားစေနိုင်သည့် အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းအားထုတ်မှုများကို လေ့လာသုံးသပ်ကြရာတွင်လည်း ဝါရှင်တန်အစိုးရ၏ မဟာဗျူဟာရည်မှန်းချက်ကိုသာ အလေးထားနေကြပြီး မြန်မာနိုင်ငံ၏ ကိုယ်ပိုင်မဟာဗျူဟာတန်ဖိုးကို ထည့်သွင်းတွက်ချက်မှု မရှိကြောင်း တွေ့ရှိရသည်။ ယေဘုယျအားဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးတွင် တရားဝင် (သို့မဟုတ်) ခိုင်မာသော မဟာဗျူဟာမြောက်ဆက်ဆံရေးတစ်ရပ် ထူထောင်နိုင်ရန် ထက်ထက်သန်သန် ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပေ။

တရုတ်ကျွမ်းကျင်သူအချို့က တရုတ်နိုင်ငံ၏ အဆိုပါထက်သန်မှုအားနည်းခြင်းသည် အိန္ဒိယကဲ့သို့သော ဒေသတွင်းအင်အားကြီးနိုင်ငံများ

အား ဈေးကွက်ကလဲဆန်ပြာ မဖြစ်စေရန် သတိပြုနေခြင်းကြောင့် ဖြစ်သည်ဟု ရှင်းလင်းခဲ့ကြသည်။ အခြားသောကျွမ်းကျင်သူများကလည်း မြန်မာနိုင်ငံရှိ စစ်အစိုးရ၏ သဘောသဘာဝကို ထည့်သွင်းတွက်ချက်ထားခြင်းကြောင့် ဖြစ်ကြောင်း၊ မြန်မာစစ်ခေါင်းဆောင်များသည် မြောက်ဘက်ရှိ တရုတ်နိုင်ငံနှင့် ရင်းနှီးနက်ရှိုင်းလှသော မဟာဗျူဟာဆက်ဆံရေးများ ထားလိုဟန်မရှိခြင်း၊ သံသယတိုးပွားလာနိုင်ခြင်း စသည့်အကြောင်းအချက်များကို ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အရေးကြီးသည်မှာ တရုတ်နိုင်ငံသည် အတိတ်ကာလအခြေအနေများအရ ပြည်တွင်းရေးနှင့် နယ်စပ်တစ်လျှောက် တည်ငြိမ်မှုများကိုသာ အလေးထားခဲ့ရပြီး မြန်မာနိုင်ငံကို ကျော်လွန်၍ မဟာဗျူဟာနှင့်ဒေသဆိုင်ရာ ရည်မှန်းချက်များ ကြီးကြီးမားမား မရှိခဲ့သောကြောင့်ဖြစ်နိုင်သည်။ သို့သော်လည်း တရုတ်နိုင်ငံ၏ ဒေသတွင်း အချိုးသားအကျိုးစီးပွားနှင့် ဩဇာလွှမ်းမိုးမှုများ ကြီးမားကျယ်ပြန့်လာသည့်အတွက် မြန်မာနိုင်ငံ၏ မဟာဗျူဟာအရေးပါမှုမှာ ရုတ်ခြည်းမြင့်မားလာခဲ့သည်။ သမ္မတဦးသိန်းစိန် တာဝန်လွှဲပြောင်း လက်ခံရယူခဲ့ပြီး နောက်ပိုင်း တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာမူဝါဒကို (၁) မဟာဗျူဟာမြောက် ဘက်စုံပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖြစ် ထူထောင်ခြင်း၊ (၂) ဒေသတွင်းဆက်ဆံရေး Regional Diplomacy တွင် မြန်မာနိုင်ငံ၏ ထောက်ခံမှုရယူခြင်း။ (၃) စစ်ရေးအရ ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာ၊ (၄) ယူနန်ပြည်နယ်အတွက် ပေါင်းကူးရေး မဟာဗျူဟာ **Yunnan's Bridgehead Strategy** စသည့် လေးမျိုးအပေါ်တွင် အခြေခံဆောင်ရွက်လာခဲ့သည်။

## ၃. ၂။ ဘက်စုံမဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်
## 3.2 A Comprehensive Strategic Cooperative Partnership

၂၀၁၁ ခုနှစ် မေလအတွင်း ဘေကျင်းသို့ နိုင်ငံတော်သမ္မတကြီး အလည်အပတ် သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း တရုတ်နှင့်မြန်မာ နှစ်နိုင်ငံဆက်ဆံရေးအား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက်ရေးမိတ်ဖက်အဆင့်သို့ တိုးမြှင့်လိုက်ကြောင်း ကြေညာခဲ့သည်။

ဤသည်မှာ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား မဟာဗျူဟာမြောက် ဆက်ဆံရေးအဖြစ် ပထမဦးဆုံး အတည်ပြုသတ်မှတ်ပေးလိုက်ခြင်းလည်း ဖြစ်သည်။ အဆိုပါဆောင်ရွက်ချက်သည် ဆယ်စုနှစ်များစွာ ရင်းနှီးချစ်ကြည်သော နိုင်ငံရေးမိတ်ဖက်၊ စီးပွားရေးမိတ်ဖက်အဖြစ် တည်ရှိခဲ့ရာမှ နောက်တစ်ဆင့်သို့ ကူးပြောင်းတက်လှမ်းလိုက်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံမှ မြန်မာ့အရေးကျွမ်းကျင်သူ ထိပ်တန်းပညာရှင် Song Qingrun က တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။ တရုတ်-မြန်မာဆက်ဆံရေး ပိုမိုနီးကပ်သည်ထက်နီးကပ်လာမည်ဟူသော မျှော်မှန်းချက်များသည် လည်း အထူးပင် မြင့်မားခဲ့သည်။

ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်တွင် ပါဝင်သည့် နယ်ပယ်များအား ချမှတ်ရာတွင် တရုတ်သမ္မတဟူကျင်တောင်က အောက်ပါ အချက်(၄)ချက်ကို အလေးပေး ပြောကြားခဲ့သည်-

(၁) နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ခြင်းနှင့် အဆင့်အတန်းအသီးသီးတွင် အပြန်အလှန်ဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ **(Elevating Bilateral realtions and Expanding Exchanges and Cooperation at All Levels)**

(၂) မဟာဗျူဟာမြောက် အပြန်အလှန် ပံ့ပိုးကူညီမှု ခိုင်မာရေး၊ **(Strengthening Mutual Strategic Support)**

(၃) လက်တွေ့ပူးပေါင်းဆောင်ရွက်မှုနက်နက်ရှိုင်းရှိုင်း တိုးမြှင့်ခြင်း၊ **(Deepening Pragmatic Cooperation)**

(၄) နယ်စပ်ဒေသတည်ငြိမ်မှုကို ထိန်းသိမ်းထားရှိရေး။ **(Maintaining Border Stability)**

တရုတ်နိုင်ငံသည် ဆက်ဆံရေး မြှင့်တင်ခြင်း၊ နယ်စပ်ဒေသတည်ငြိမ်ခြင်း စသည့် ကာလရှည်ကြာအလေးထားခဲ့သည့် နယ်ပယ်များကို ဦးစားပေးခဲ့သဖြင့် နံပါတ်(၁)နှင့် နံပါတ်(၄)အချက်တို့ ပြန်လည်ပါဝင်လာခြင်း ဖြစ်သည်။ သို့သော်လည်း နံပါတ်(၂)နှင့် (၃)အချက်တို့မှာ မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံ၏ မျှော်မှန်းချက်အသစ်များ ဖြစ်လာခဲ့သည်။

ပထမအချက်ဖြစ်သော မဟာဗျူဟာမြောက် အပြန်အလှန် ပံ့ပိုးကူညီမှု နိုင်မာရေးမှာ တရုတ်–မြန်မာ နှစ်နိုင်ငံအကြား မဟာဗျူဟာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ထောက်ခံခြင်းကိုရယူလိုသော တရုတ်နိုင်ငံ၏ မျှော်မှန်းချက်ကို ဖော်ညွှန်းနေသည်။ တရုတ်နိုင်ငံသည် မြန်မာပြည်သူများ ရွေးချယ်သော ဖွံ့ဖြိုးရေးလမ်းကြောင်းနှင့် နိုင်ငံရေးစနစ်တို့ကို လေးစားမှုထားရှိပြီး အစိုးရသစ်မှ တည်ငြိမ်မှုကို ထိန်းသိမ်းရန်၊ စီးပွားရေးတိုးတက်စေရန်၊ ပြည်သူများ လူနေမှုဘဝတိုးတက်မြင့်မားလာစေရန် ဆောင်ရွက်သော ကြိုးပမ်းအားထုတ်မှုများကို ထောက်ခံမှုပြုသည်။ ၎င်းအပြင် မြန်မာနိုင်ငံမှ One China Policy ကို ဆက်လက်ထားရှိရန် လိုလားခဲ့သည်။ မြန်မာအစိုးရသစ်ကို အသိအမှတ်ပြုခြင်း၊ ထောက်ခံခြင်းသည် One China Policy ကို မြန်မာနိုင်ငံက ကိုင်ဆွဲထားခြင်းအား ရရှိလိုသောကြောင့် ဖြစ်သည်။ နိုင်ငံခြားရေးမူဝါဒဆိုင်ရာအားဖြင့် အာဆီယံ+၃၊ အာဆီယံ+၁ နှင့် GMS စသည်တို့အပါအဝင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှု ခိုင်ခိုင်မာမာထားရှိလိုသည်။ တစ်နည်းအားဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်ထောက်ခံခြင်းအားဖြင့် မြန်မာနိုင်ငံနှင့်ပေါင်းစပ်ညှိနှိုင်းမှုများ တိုးမြင့်ပေါ်ပေါက်လာရန် မျှော်လင့်ထားခဲ့ပြီး တရုတ်နိုင်ငံ၏ ဒေသတွင်း နိုင်ငံခြားရေး မူဝါဒအစီအစဉ်များကို ထောက်ခံပေးမည့် မဟာမိတ်တစ်ဦးအဖြစ် မြန်မာနိုင်ငံကို လိုလားခဲ့သည်။

ဒုတိယအချက်ဖြစ်သော အပြန်အလှန်အကျိုးဖြစ်ထွန်းစေပြီး လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်ခြင်းဟူသောအချက်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးဆက်ဆံမှုသည် မြန်မာနိုင်ငံသာမက တရုတ်နိုင်ငံကိုပါ အကျိုးဖြစ်ထွန်းစေသည်ဟု ထင်ရှားစေခြင်း ဖြစ်သည်။ ဟူကျင်တောင်သည် စွမ်းအင်၊ လျှပ်စစ်၊ သယ်ယူပို့ဆောင်ရေး၊ လယ်ယာစိုက်ပျိုးရေး စသည်တို့အပါဝင် တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့မည့် နယ်ပယ်များကို အသေးစိတ်ထုတ်ဖော်ပြောကြားခဲ့သည်။ ဟူကျင်တောင်သည် လက်ရှိတည်ဆောက်နေပြီဖြစ်သော ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းကြီးများ အချိန်ဇယားအတိုင်း ပြီးစီးရေးမှာ အရေးကြီး

ကြောင်း အလေးပေး ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ အဆိုပါမိတ်ဖက်ဆက်ဆံရေးမှာ မည်သို့မျှ အသစ်အဆန်းမဟုတ်ကြောင်း တရုတ်လေ့လာသူများက ဝေဖန်ခဲ့ကြသည်။ ၁၉၉၀ ပြည့်နှစ်များက တရုတ်နိုင်ငံသည် ရုရှား၊ အမေရိကန်နိုင်ငံများနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးများ ထူထောင်ခဲ့ကြပြီး ဗြိတိန်၊ ပြင်သစ်၊ ဂျာမဏီ၊ အိန္ဒိယ စသည့်အင်အားကြီးနိုင်ငံများ၊ ပါကစ္စတန်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ပြီးခဲ့သည့် ၁၀ နှစ်တာအတွင်း မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးများ တိုးချဲ့ဆောင်ရွက်ခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံ၏အရေးပါမှု၊ နီးကပ်သော ဆက်ဆံရေးရှိထားမှုတို့ကြောင့် ၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ခဲ့ခြင်းမရှိခဲ့ပေ။ သမ္မတဦးသိန်းစိန် ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ချက်ချင်းပင် ယင်းမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်ခဲ့သည့် လုပ်ဆောင်ချက်၏ အချိန်ရွေးချယ်မှုမှာ မြန်မာနိုင်ငံအား နိုင်ငံရေးနှင့်စီးပွားရေးမိတ်ဖက်အဖြစ် ရှုမြင်ထားချက်မှ (အရပ်သားအစိုးရလက်ထက်တွင်) မဟာဗျူဟာမြောက်မိတ်ဖက်အဖြစ် ရှုမြင်ချက်သို့ ပြောင်းလဲလိုက်ခြင်းကို ဖော်ပြနေသည်။ အဆိုပါမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတွင် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကိုသော်လည်းကောင်း၊ အခြားသောဒေသတွင်းနိုင်ငံများ၌ ပူးပေါင်းဆောင်ရွက်မှုများကိုသော်လည်းကောင်း ထည့်သွင်းဖော်ပြထားခြင်း မရှိသော်လည်း ကာလရှည်ကြာလာသည်နှင့်အမျှ ယင်းအချက်များလည်း ပါဝင်လာမည်ဟူ၍ တရုတ်နိုင်ငံမှ ကျွမ်းကျင်သူများက ခန့်မှန်းထားခဲ့ကြောင်း သိရှိရသည်။

## ၃.၃။ နိုင်ငံစုံပူးပေါင်းဆောင်ရွက်ရေးမျက်နှာစာများတွင် မြန်မာနိုင်ငံ၏ထောက်ခံမှုကို ရရှိနိုင်ရန် တရုတ်ကြိုးပမ်း

## 3.3 China Seeking Myanmar's Support on Multilateral Platforms

ဘက်စုံပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ထူထောင်သည့် အခမ်းအနားတွင် တရုတ်သမ္မတဟုကျင်တောင်၏ ထုတ်ဖော်ပြောကြားချက်အရ မိတ်ဖက်ဆက်ဆံရေး၏အချက်တစ်ချက်အဖြစ် ဒေသတွင်းပူးပေါင်း ဆောင်ရွက်ရေးမျက်နှာစာများတွင် မြန်မာနိုင်ငံ၏အခန်းကဏ္ဍကို ထည့်သွင်းဖော်ပြခဲ့သည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ အကျိုးစီးပွားများကို ကာကွယ်နိုင်ရန်အတွက် အာဆီယံ+၃၊ အာဆီယံ+၁၊ မဲခေါင်ဒေသခွဲနိုင်ငံများစီးပွားရေးပူးပေါင်း ဆောင်ရွက်မှုစသည်တို့တွင် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် တရုတ်နိုင်ငံမှ ဆန္ဒရှိနေကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် တဖြည်းဖြည်းချင်း ပြန်လည်ပေါင်းစည်းလာသည့် အလျောက် ဒေသတွင်း၌ တရုတ်နိုင်ငံ၏ မူဝါဒ၊ တရုတ်နိုင်ငံ၏ အကျိုးစီးပွားစသည်တို့အတွက် နိုင်မာအားကောင်းသော သံတမန်ရေး ထောက်ခံသူအဖြစ် ဖြစ်လာနိုင်သည် ဟူ၍ တရုတ်နိုင်ငံက မျှော်လင့်ထားသည်။ မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာနယ်ပယ်တွင် နှစ်ရှည်လများ အကာအကွယ်ပေးထားခဲ့သည့် တရုတ်အလှည့်ပြီးနောက် (နိုင်ငံတကာ အသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ဆံ့လာသော) မြန်မာနိုင်ငံမှ တရုတ်နိုင်ငံကို အကာအကွယ်ပေးရမည့် မြန်မာအလှည့်ရောက်တော့မည်ဟု တရုတ်ကျွမ်းကျင်သူများက မှတ်ယူထားသည်။

မြန်မာနိုင်ငံမှာ အတုံ့အလှည့်ရယူလိုသော တရုတ်နိုင်ငံ၏ အရေးတကြီး မျှော်လင့်ချက်မှာ တောင်တရုတ်ပင်လယ်အရေးကိစ္စနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့အတွင်း မြန်မာနိုင်ငံက ထောက်ခံမှုပေးရန် ဖြစ်သည်။ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မလေးရှားစသည့် အာဆီယံ ၃ နိုင်ငံသည် တောင်တရုတ်ပင်လယ် အရေးကိစ္စတွင် တရုတ်နိုင်ငံနှင့် တင်းမာမှုများ ရှိနေပြီး ၂၀၁၁ ခုနှစ် ပထမနှစ်လယ်ပိုင်းတွင် သမိုင်းကြောင်းတစ်လျှောက် အမြင့်

ဆုံးအနေအထားအထိ မြင့်တက်လာခဲ့သည်။ အင်အားကြီးမားသော တရုတ်နိုင်ငံနှင့် တောင်တရုတ်ပင်လယ်အရေးကိစ္စကို ညှိနှိုင်းဖြေရှင်းရာတွင် အာဆီယံအဖွဲ့၏ထောက်ခံမှုကိုရယူ၍ ညီညာလွှမ်းမိုးမှုကို တန်ပြန်ရာ အာဆီယံက ဆန္ဒရှိခဲ့သော်လည်း တရုတ်နိုင်ငံကမူ အငြင်းပွားမှုများကို သက်ဆိုင်ရာနိုင်ငံနှင့် နှစ်နိုင်ငံချင်းသာ ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားရန် လိုလားခဲ့သည်။ တရုတ်နိုင်ငံသည် အဆိုပါအရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ထောက်ခံထားကြောင်း၊ အထူးသဖြင့် အာဆီယံအတွင်း နှစ်နိုင်ငံချင်းသာ ညှိနှိုင်းဖြေရှင်းသွားသည့် နည်းလမ်းကို မြန်မာနိုင်ငံက ထောက်ခံထားကြောင်း ဆွဲကိုင်ဖြေရှင်းခဲ့သည်။ ထိုသို့ မြန်မာနိုင်ငံမှ ရပ်တည်ပေးရန် မျှော်လင့်ချက်ကိုလည်း ၂၀၁၁ ခုနှစ် ဘာလီ၌ကျင်းပပြုလုပ်သည့် ASEAN Regional Forum မတိုင်မီ တရုတ်နိုင်ငံက မြန်မာအစိုးရ အရာရှိများထံ တိုက်ရိုက်ပြောကြားခဲ့သည်။

တရုတ်နိုင်ငံ၏ မူဝါဒအပေါ်မြန်မာနိုင်ငံမှ ထောက်ခံပေးစေလိုသည့် အခြားသောကိစ္စတစ်ရပ်မှာ တရုတ်နိုင်ငံမှ သင်္ဘောသား ၁၃ ဦး အသတ်ခံရပြီးနောက် တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအို ပူးတွဲ၍ မဲခေါင်မြစ်အတွင်း ကင်းလှည့်မည့် အစီအစဉ်ဖြစ်သည်။ မူလက တရုတ်နိုင်ငံ၏ အဆိုပါ အဆိုပြုချက်ကို ထိုင်းနိုင်ငံမှ အပြင်းအထန် ဆန့်ကျင်ကန့်ကွက်ခြင်း ခံခဲ့ရသော်လည်း မြန်မာနိုင်ငံ၏ ထောက်ခံမှုရရှိခဲ့ခြင်းကြောင့် ညှိနှိုင်းအစည်းအဝေးတွင် လျင်မြန်စွာ သဘောတူညီမှု ရရှိခဲ့သည်။

## ၃.၄။ စစ်ရေးပူးပေါင်းဆောင်ရွက်မှု အလားအလာ

## 3.4 Potential Military Cooperation

မြန်မာနိုင်ငံနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး ထူထောင်ပြီးနောက် တရုတ်နိုင်ငံသည် ဗဟိုစစ်ကော်မရှင်၏ နံပါတ်(၄) ခေါင်းဆောင်၊ **Central Military Commission** ၏ **Vice Chairman** ဖြစ်သူ Xu Caihou ခေါင်းဆောင်သည့် စစ်ဘက်ကိုယ်စားလှယ်များ မြန်မာနိုင်ငံသို့ စေလွှတ်ခဲ့သည်။ ယင်းစစ်ဘက် ကိုယ်စားလှယ်အဖွဲ့ ခရီးစဉ်မတိုင်မီ မြန်မာနိုင်ငံသို့သွားရောက်ခဲ့သော ကိုယ်စားလှယ်အဖွဲ့မှာ

လွန်ခဲ့သော ၂ နှစ်ကျော် ၂၀၀၉ ခုနှစ် မတ်လအတွင်းက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် **PLA** ၏ **Chief-of-Staff** ဖြစ်သူ **Chen Bingde** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဖြစ်သည်။

ဗဟိုစစ်ကော်မရှင်၏ နံပါတ် (၄) ခေါင်းဆောင် **Xu Caihou** ၏ မြန်မာနိုင်ငံ ခရီးစဉ်တွင် မည်သည့်အကြောင်းအရာများ ဆွေးနွေးခဲ့သည်၊ စစ်ရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုများတွင် မည်မျှအထိ သဘောတူညီထားခဲ့သည် စသည့်အကြောင်းအချက်များမှာ တရားဝင်ထုတ်ပြန်ခြင်း မရှိ၍ မသိရှိနိုင်ခဲ့ပေ။ ယင်းခရီးစဉ်နှင့်ပတ်သက်၍ တရုတ်နိုင်ငံအတွင်းမှာပင် ထင်မြင်ယူဆချက်အမျိုးမျိုး ထွက်ပေါ်လာခဲ့သည်။ Xu Caihou အား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အဖြစ် ရွေးချယ်ခြင်းမှာ တရုတ်ခေါင်းဆောင်များအတွင်း သင့်ရာရွေးချယ်လိုက်ခြင်းဖြစ်ပြီး ၎င်းကိုယ်စားလှယ်အဖွဲ့၏ခရီးစဉ်မှာ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် PLA မှ မြန်မာနိုင်ငံသို့သွားရောက်ခြင်းကို ကိုယ်စားပြုကြောင်း တရုတ်ကျွမ်းကျင်သူများက သုံးသပ်ခဲ့ကြသည်။

Xu Caihou ၏ မြန်မာနိုင်ငံခရီးစဉ်ကို အသေးစိတ် လေ့လာကြည့်လျှင် အရေးကြီးသောအချက်များစွာ တွေ့ရှိနိုင်သည်။ Xu Caihou ခေါင်းဆောင်သော ယင်းအဖွဲ့တွင် ချုန်ဒူးစစ်ဒေသမှ ထိပ်တန်းစစ်ခေါင်းဆောင်များ ပါဝင်ပြီး **General Armament Department** ၏ ဒုတိယအကြီးအကဲ၊ **South Sea Fleet** ၏ နိုင်ငံရေးအကြီးအကဲတို့လည်း ပါဝင်သည်။ **General Armament Department** သည် တရုတ်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းရောင်းချမှုကို တာဝန်ယူဆောင်ရွက်ရပြီး **South Sea Fleet** သည် ၂၀၁၀ ပြည့်နှစ်အတွင်းက ဆောင်ပင်လယ်ကျွန်းအပြန်တွင် မကြာသေးခင်ကပင် မြန်မာနိုင်ငံသို့ ရေတပ်သင်္ဘော ၂ စီးအလည်အပတ် လာရောက်ခဲ့ဖူးသည်။ တရုတ်နိုင်ငံ၏ ကိုယ်စားလှယ်အဖွဲ့တစ်ဦးချင်းကို ဂရုတစိုက်စိစစ်ရွေးချယ်လိုက်ပါစေခြင်းဖြစ်ရာ ယင်းပုဂ္ဂိုလ် ၂ ဦး ပါဝင်နေခြင်းကြောင့် မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် လက်နက်ရောင်းချမှုနှင့် ရေတပ်ချင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်လိုသော တရုတ်နိုင်ငံ၏ သဘောထားကို ဖော်ပြနေသည်။

## ၃.၅။ ယူနန်ပြည်နယ်၏ ပေါင်းကူးမဟာဗျူဟာ

## 3.5 Yunnan's Bridgehead Strategy

၂၀၁၁ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံ၏ Twelfth Five Year Plan ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ယူနန်ပြည်နယ်ကို မဟာဗျူဟာကော်ရစ်ဒါအဖြစ်လည်းကောင်း၊ အိန္ဒိယသမုဒ္ဒရာသို့ မဟာဗျူဟာမြောက် ပေါင်းကူးခြေကုတ်အဖြစ်လည်းကောင်း ပြောင်းလဲပစ်နိုင်ရန် ရည်ရွယ်၍ National Bridgehead Strategy ကို တရားဝင် ပြဋ္ဌာန်းခဲ့သည်။ ယူနန်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၏ ရှင်းလင်းပြောကြားချက်အရ တရုတ်နိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးအဓိကနယ်ဝန်း Main Theater of International Relations မှာ သမုဒ္ဒရာများပင်ဖြစ်ကြောင်း သိရှိရသည်။ တရုတ်နိုင်ငံ၏ ကမ်းရိုးတန်းသည် အရှေ့ဘက်တွင် သွယ်တန်းလျက်တည်ရှိနေပြီး ပစိဖိတ်သမုဒ္ဒရာကို သဘာဝအလျောက် မဟာဗျူဟာအလေးထားစရာ ဖြစ်စေခဲ့သည်။ သို့သော်လည်း ကုန်းတွင်းတရုတ်ပြည်အတွက် ထွက်ပေါက်အဖြစ် အိန္ဒိယသမုဒ္ဒရာကို အသုံးပြုခြင်းက ပိုမိုသင့်လျော်မည်ဖြစ်သည်။ Bridgehead Strategy သည် တရုတ်နိုင်ငံအား သမုဒ္ဒရာတစ်ခင်းတည်းအပေါ် မှီခိုနေရသည့် မဟာဗျူဟာအားနည်းချက်ကို ကျော်လွှားနိုင်စေမည်ဖြစ်သည်။ Bridgehead Strategy သည် တရုတ်နိုင်ငံအား သမုဒ္ဒရာနှစ်ခင်းမဟာဗျူဟာသို့ရောက်ရှိစေပြီး အိန္ဒိယသမုဒ္ဒရာကိုလည်း မဟာဗျူဟာအရ ကစားနိုင်မည့် အခွင့်အလမ်းများ ရရှိစေမည်ဖြစ်သည်။ Bridgehead Strategy နှင့်ပတ်သက်၍ အစီရင်ခံစာအတော်များများတွင် စီးပွားရေး၊ ကုန်သွယ်မှု၊ သယ်ယူပို့ဆောင်ရေးရှုထောင့်များကိုသာ အဓိက အလေးပေးဖော်ပြ သုံးသပ်ထားကြသော်လည်း သောကျင်းနှင့် ယူနန်ရှိ အစိုးရများက လေ့လာသုံးသပ်သူများအနေဖြင့် နိုင်ငံရေးနှင့် လုံခြုံရေးရှုထောင့်များကပါ အလေးထား စဉ်းစားထားကြောင်း တွေ့ရှိရသည်။ Bridgehead Strategy သည် အမှန်စင်စစ်တွင် အိန္ဒိယသမုဒ္ဒရာသို့ တရုတ်နိုင်ငံ၏ မဟာဗျူဟာတိုးချဲ့ဆင်မှုပင် ဖြစ်နေသည်။

တရုတ်နိုင်ငံရေးအသိုင်းအဝိုင်းတွင် အိန္ဒိယသမုဒ္ဒရာ မဟာဗျူဟာ

ကို ယခင်ထက်ပိုမို၍ တက်ကြွစွာလှုပ်ရှားကစားနိုင်ရန်၊ (အိန္ဒိယသမုဒ္ဒရာမှ တရုတ်နိုင်ငံ၏ သစ္စာရှိမိတ်ဆွေနိုင်ငံများ) မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကို တရုတ်နိုင်ငံ၏ အိန္ဒိယသမုဒ္ဒရာ မဟာဗျူဟာကင်းစခန်းများအဖြစ် ပြောင်းလဲနိုင်ရန် တောင်းဆိုမှုများရှိလာခဲ့သည်။ အဆိုပါ မဟာဗျူဟာရည်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ကျွမ်းကျင်သူအတော်များများကလည်း တရုတ်အစိုးရအနေဖြင့် မြန်မာနိုင်ငံကို လက်ရှိတည်ရှိနေသော နိုင်ငံရေး–စီးပွားရေးမိတ်ဖက်အဖြစ်မှ လုံခြုံရေးနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖြစ် တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သည်ဟု ရှုမြင်ကြသည်။ တရုတ်နိုင်ငံအတွက် မဟာဗျူဟာအသက်သွေးကြောဖြစ်သော ပင်လယ်ပြင်လုံခြုံရေးဆက်သွယ်မှုလမ်းကြောင်းကို ကာကွယ်ထိန်းသိမ်းရန်အတွက် တရုတ်ရေတပ်အင်အား တိုးချဲ့ရမည်၊ အိန္ဒိယသမုဒ္ဒရာအတွင်း စစ်စခန်းတစ်ခုထားရှိရမည်၊ တရုတ်နိုင်ငံ၏ ပထဝီနိုင်ငံရေးမဟာဗျူဟာအကျိုးစီးပွားကို ချဲ့ထွင်ရမည်ဟူ၍ သဘောထားတင်းမာသူများက အဆိုပြုချက်အမျိုးမျိုး တောင်းဆိုခဲ့သည်မှာ ယခင်ကတည်းကဖြစ်သည်။ ယင်းသို့သော စစ်ရေးဆိုင်ရာ သဘောထားတင်းမာသူများ၏ အဆိုပြုချက်နှင့်နှိုင်းယှဉ်ကြည့်လျှင် အိန္ဒိယသမုဒ္ဒရာသို့ တရုတ်နိုင်ငံ၏ မဟာဗျူဟာ ထွက်ပေါက်ရရှိရေးဆောင်ရွက်ရာ၌ Bridgehead Strategy သည် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ချောမွေ့စွာဆောင်ရွက်နိုင်မည့် မဟာဗျူဟာမြောက် ရွေးချယ်မှုတစ်ရပ် ဖြစ်လာခဲ့သည်။

## ၄။ တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာ မဟာဗျူဟာ နောက်ပြန်လှိုင်းများ
## 4. Major Setbacks in China's Myanmar Strategy

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏မဟာဗျူဟာအရေးပါမှုကို မြှင့်တင်ရန် အထူးစီမံကိန်းများ ရေးဆွဲဆောင်ရွက်ထားခဲ့သော်လည်း ယင်းစီမံကိန်းများမှာ ၂၀၁၁ ခုနှစ်အတွင်း မမျှော်လင့်ခဲ့သော အတားအဆီးများနှင့် တွေ့ကြုံခဲ့ရသည်။ စက်တင်ဘာလ ၃၀ ရက်နေ့တွင် မြစ်ဆုံဆည်စီမံကိန်း ရပ်ဆိုင်းရန် နိုင်ငံတော်သမ္မတကြီးက ဆုံးဖြတ်ခဲ့ခြင်း၊ အမေရိကန်ပြည်ထောင်စုနှင့်ဆက်ဆံရေး လျင်မြန်စွာတိုးတက်ရရှိလာခဲ့ခြင်း စသည့်

မြန်မာနိုင်ငံ၏ မြေလွှမ်းများသည် တရုတ်အစိုးရကို အံ့အားသင့်စေခဲ့ပြီး တရုတ်နိုင်ငံတွင်းမှ ခေါင်းဆောင်အတော်များများကို အမှက်ထွက်စေခဲ့သည်။ ၎င်းအကျိုးဆက်အားဖြင့် မြန်မာနိုင်ငံအပေါ် ရျမှတ်ထားသော မဟာဗျူဟာများကို ပြန်လည်စဉ်းစားသုံးသပ်ရသည့် အခြေအနေသို့ ရောက်ရှိစေခဲ့သည်။

## ၄.၁။ မြစ်ဆုံဆည် ရပ်ဆိုင်းခြင်း

## 4.1 The Myitsone Dam Suspension

၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် မြစ်ဆုံဆည်စီမံကိန်းရပ်ဆိုင်းရန် နိုင်ငံတော်သမ္မတကြီးက ဆုံးဖြတ်ခဲ့ခြင်းသည် တရုတ်အစိုးရ လုံးဝ မျှော်လင့်မထားပါဘဲ ဖြစ်ပေါ်လာခဲ့သည်။ မြစ်ဆုံဆည်စီမံကိန်းသည် အငြင်းပွားဖွယ်ရာများဖြစ်ပေါ်နေပြီး ပြည်သူများက အပြင်းအထန်ဆန့်ကျင်မှုကြုံနေရသည့်တိုင် ထိုမျှကြီးမားပြီး တရုတ်နိုင်ငံအတွက် အရေးကြီးလှသော စီမံကိန်းမျိုးကို ကြိုတင်အသိမပေးဘဲ ရပ်ဆိုင်းမည်မဟုတ်ဟူ၍ တရုတ်ကျွမ်းကျင်သူများက တထစ်ချမှတ်ယူထားကြသည်။ ထိုသို့ ယုံကြည်မှု လွန်ကဲခဲ့ခြင်းမှာလည်း ဆန်ရှင်မိ–အထီးကျန် ဖြစ်နေရသော မြန်မာနိုင်ငံသည် မြစ်ဆုံဆည်နှင့်စပ်လျဉ်း၍ ၎င်း၏ နိုင်ငံရေး–စီးပွားရေး အားကိုးအားထားပြုရာ တရုတ်နိုင်ငံကို ဆန့်ကျင်သည့်လမ်းကြောင်းကို ရွေးချယ်မည်မဟုတ်ဟု မဟာဗျူဟာ ယုံကြည်ထားခဲ့ခြင်းကြောင့် ဖြစ်သည်။ ပထမပိုင်းတွင် မြစ်ဆုံဆည်စီမံကိန်းအား ပြန်လည်စဉ်းစားသုံးသပ်ရန်၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နစ်နာမှုများကို လေ့လာဆန်းစစ်ပေးရန် နေပြည်တော်အစိုးရကို တောင်းဆိုနေကြခဲ့စဉ်က နိုင်ငံတော်သမ္မတကြီးသည် ဆိတ်ဆိတ်နေခြင်းအားဖြင့် တရုတ်နိုင်ငံဘက်မှ ရပ်တည်ပေးနေသည်ဟု ယုံကြည်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါ မြစ်ဆုံဆည်ရပ်ဆိုင်းသည့် ဆုံးဖြတ်ချက်ကို ပြည်တွင်း–ပြည်ပ နစ်ရပ်စလုံးကို အခြေခံ၍ ဆောင်ရွက်ခဲ့သည်ဟု တရုတ်နိုင်ငံက ယူဆထားသည်။ အခြားတစ်ဖက်တွင်လည်း မြစ်ဆုံဆည်စီမံကိန်းရပ်ဆိုင်းခြင်းသည် နေပြည်တော်အစိုးရအနေဖြင့် အမေရိ

ကန်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် အသုံးချလိုက်သည့် ဗျူဟာတစ်ခုအဖြစ် တရုတ်အစိုးရက ရှုမြင်ထားသည်။ မြစ်ဆုံဆည်စီမံကိန်းရပ်ဆိုင်းရန် ဆုံးဖြတ်ချက်သည် နေပြည်တော်နှင့်ဝါရှင်တန်အကြား အကြိမ်ကြိမ် ဆွေးနွေးပြီးမှ ထွက်ပေါ်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံ၏ ဘက်တော်သားမဟုတ်၊ ပြည်သူများ၏အကျိုးကိုသာ အမှန်တကယ် အလေးပေးသည်ဟူ၍ထုတ်ဖော်ပြသပေးရည်၊ ထိုသို့ဆောင်ရွက်ခြင်းကြောင့် အမေရိကန်ဘက်မှ ထိုက်ထိုက်တန်တန် တုံ့ပြန်ပေးမည်ဟူ၍ နှစ်ဖက် သဘောတူညီမှုအရ ဆောင်ရွက်ခြင်းဖြစ်သည်ဟူ၍ တရုတ်နိုင်ငံရှိ ကျွမ်းကျင်သူများက ကောက်ချက်ချထားကြသည်။ မြစ်ဆုံဆည်စီမံကိန်းသည် ပြည်သူများဆန့်ကျင်နေသည့် အငြင်းပွားဖွယ်ရာ စီမံကိန်း ဖြစ်နေသည်။ ထို့ကြောင့် ရွေးချယ်ရလွယ်ကူသောပစ်မှတ်တစ်ခု ဖြစ်သည်ဟူ၍ မြန်မာဘက်က ယူဆခဲ့ကြောင်း တရုတ်နိုင်ငံက ရှုမြင်ထားသည်။

အခြားရှုမြင်ချက်တစ်ရပ်မှာ မြန်မာနိုင်ငံတွင် တရုတ်ဆန့်ကျင်ရေး ပြင်းပြင်းထန်ထန် ဖြစ်ပေါ်နေသော်လည်း အဆိုပါအခြေအနေသည် အဆိုးဆုံးအထိ ရောက်ရှိမလာနိုင်ဟူ၍ တရုတ်ဘက်က မှတ်ယူထားသည်။ မြန်မာနိုင်ငံသည် အာဏာရှင်နိုင်ငံဘဝမှ လစ်ဘရယ်ဒီမိုကရေစီနိုင်ငံအဖြစ်သို့ လအနည်းငယ်အတွင်း မပြောင်းလဲနိုင်ဟူ၍လည်း တရုတ်ဘက်က ယုံကြည်ထားသည်။ အချိန်တန်လျှင် အားပျော့ ပျက်ပြယ်သွားမည်ဟူသော တရုတ်ဆန့်ကျင်ရေးလှုပ် သဘောထားများသည်ပင် မြန်မာနိုင်ငံရေးကို အဆုံးအဖြတ်ပေးသွားခဲ့ခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ အမြင်တွင် မြစ်ဆုံဆည်ဆန့်ကျင်ရေးလှုပ်ရှားမှုသည် မြန်မာနိုင်ငံ၏ ပြည်တွင်း–ပြည်ပရှိ အနောက်နိုင်ငံများနှင့် NGO များ၏ လှုံ့ဆော်သွေးထိုးမှုများကြောင့်ဖြစ်ပေါ်လာခဲ့သည်ဟု ရှုမြင်ထားသည်။ မြန်မာနိုင်ငံအတွင်း–အပြင်ရှိ မြစ်ဆုံဆည်ဆန့်ကျင်ရေး လှုပ်ရှားမှုများကို အမေရိကန်သံရုံးမှ ငွေကြေးထောက်ပံ့ခဲ့သည်ဟူသော ဝီကီလိခ်ကြေးနန်းများသည် တရုတ်နိုင်ငံ၏ အထက်ပါသံသယကို အတည်ပြုပေးခဲ့သည်။ ၎င်းအမြင်တရုတ်–မြန်မာဆက်ဆံရေးတွင် တရုတ်ဩဇာလွှမ်းမိုးမှု လျော့နည်းစေရေး ပထဝီနိုင်ငံရေးမဟာဗျူဟာအရ မြန်မာနိုင်ငံရှိ တရုတ်ရင်းနှီး

မြှုပ်နှံမှုစီမံကိန်းများ ပျက်ပြားရေးအတွက် အနောက်နိုင်ငံများက ကြိုးပမ်းအားထုတ်ခဲ့သည်ဟူသော တရုတ်နိုင်ငံ၏ အယူအဆကိုလည်း ဝိုမိုခိုင်မာစေခဲ့သည်။

အထက်ပါအခြေအနေတွင် မြစ်ဆုံဆည်ရပ်ဆိုင်းသည့် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံဘက်မှ တုံ့ပြန်မှုမှာ ပြင်းထန်ပြီး ရန်လိုသည့်အသွင်ဆောင်ခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်အရ မြစ်ဆုံဆည်စီမံကိန်းမှာ နှစ်နိုင်ငံစလုံးက သိပ္ပံနည်းကျ လေ့လာဆန်းစစ်ခြင်း၊ ထိထိရောက်ရောက် စိစစ်ထားခြင်းများ ပြုလုပ်ပြီးမှ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ တည်ဆောက်မှုနှင့် ရှိ– မရှိ၊ သင့်လျော်မှု ရှိ–မရှိ ဆောင်ရွက်နေစရာ မလိုအပ်ဟူ၍ပင် ဖော်ပြထားခဲ့သည်။ ၎င်းစီမံကိန်းအား စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်၍ ဖြစ်ပေါ်လာသောအခက်အခဲများကို နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ဖြေရှင်းဆောင်ရွက်သင့်သည်ဟုလည်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အောက်တိုဘာလ ၂၁ ရက်နေ့တွင်တွေ့ဆုံခဲ့စဉ်က တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က မြန်မာအစိုးရအနေဖြင့် ကတိတည်ရန်၊ နှစ်ဦးနှစ်ဖက် သဘောတူညီထားပြီးဖြစ်သော သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် တိုက်တွန်းပြောကြားခဲ့သည်။ တရုတ်နိုင်ငံဘက်မှ ရပ်တည်ချက်မှာ မြစ်ဆုံဆည်ကို ဆောက်သင့်–မဆောက်သင့်ကို ဆွေးနွေးရတော့မည်မဟုတ်ဘဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သဘောထားကွဲလွဲမှုများ၊ အမြင်မတူညီမှုများကို မည်သို့မည်ပုံ ညှိနှိုင်းဖြေရှင်းမည်ကိုသာ ဆောင်ရွက်ရန် ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် ဖြစ်ပေါ်လာခဲ့သော သဘောထားကွဲလွဲမှုများကို ညှိနှိုင်းတိုင်ပင်မှုနည်းလမ်းဖြင့် ဖြေရှင်းနိုင်မည်ဟု ယုံကြည်ထားသည်။ တရုတ်နိုင်ငံမှ ကျွမ်းကျင်သူအချို့ကလည်း စီမံကိန်း၏ မူလကနဦး Plan ကို ပြန်လည်ပြင်ဆင်နိုင်ပြီး စီမံကိန်းကိုမူ ဆက်လက်လုပ်ဆောင်သင့်သည် ဟု ယူဆခဲ့ကြသည်။ ထိုသို့စီမံကိန်းတစ်ခုလုံး အပြည့်အဝ ရပ်ဆိုင်းလိုက်ခြင်းမှာ မလိုအပ်ဘဲ ဆောင်ရွက်ခြင်းဖြစ်ပြီး တရုတ်

နိုင်ငံကို ရှက်ဖွယ်လိလိဖြစ်စေရန် ဆောင်ရွက်လိုက်ခြင်းဖြစ်သည်ဟု လည်း ယူဆကြသူများ ရှိခဲ့သည်။ ၎င်းအပြင် နေပြည်တော်အစိုးရ အနေဖြင့် စီမံကိန်းရပ်ဆိုင်းရေးကိုသာ တင်းခံနေခဲ့ပါက တရုတ်နိုင်ငံ၊ အထူးသဖြင့် **China Power Internat-ional-CPI** ကုမ္ပဏီအနေဖြင့် လျော် ကြေးကိစ္စ လျှော်ပစ်မည်မဟုတ်ဟုဆိုသည်။ **CPI** ကုမ္ပဏီသည် မြစ်ဆုံ ဆည်စီမံကိန်းတွင် အမေရိကန်ဒေါ်လာ ၄၂ သန်းကျော် ရင်းနှီးမြှုပ်နှံထား ပြီးဖြစ်သည်။ ယင်းတွင် ဒေသခံပြည်သူများ ရွှေ့ပြောင်းနေရာချထားမှု တစ်ခုတည်းမှာပင် ဒေါ်လာ ၁၈ သန်း အကုန်အကျခံထားရသည်ဟု ဆို သည်။ အခြားကုန်ကျစရိတ်များမှာ စက်ရုံများ၊ တံတားများ၊ လမ်းများ တည်ဆောက်သော အခြေခံအဆောက်အအုံများအတွက် ကျခံခဲ့ရခြင်း ဖြစ် သည်။ လျော်ကြေးငွေစုစုပေါင်းပမာဏမှာ ထို့ထက်ပို၍ မြင့်မားလာမည် ဖြစ်ပြီး မြန်မာအစိုးရမှ ပေးလျော်နိုင်သည့်အခြေအနေကို ကျော်လွန်နေ သည်။

အထက်ပါ ပြင်းထန်သော တုံ့ပြန်မှုများသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဆုံးဖြတ်ချက်ကို ပြောင်းလဲနိုင်စွမ်းမရှိခဲ့သဖြင့် တရုတ်နိုင်ငံ သည် ၎င်း၏ရပ်တည်ချက်ကို စီမံကိန်းအလုံးစုံရုပ်သိမ်းရေးအဖြစ်သို့ ပြောင်းလဲနိုင်ရန် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။ တရုတ်ကျွမ်းကျင် သူများ၏ အဆိုအရ တရုတ်အစိုးရသည် စီမံကိန်းကို တရုတ်–မြန်မာ နှစ် နိုင်ငံကုမ္ပဏီများအကြား ပူးပေါင်းဆောင်ရွက်သော ပုဂ္ဂလိကစီးပွားရေး လုပ်ကိုင်မှုတစ်ရပ် ပြန်လည်သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ပြီး နှစ်ဖက် အစိုးရ များ တိုင်ပင် ညှိနှိုင်းဖြေရှင်းရန်၊ ယင်းစီမံကိန်း၏ နိုင်ငံရေးအရ အရေးပါ မှုကို ဖော်ဆောင်ရန် ဆောင်ရွက်ခဲ့သည်။ တရုတ်ရင်းနှီးမြှုပ်နှံသူများ အနေ ဖြင့် ကုန်ကျခံထားခဲ့ပြီးဖြစ်သော ရင်းနှီးမြှုပ်နှံမှုများအတွက် လျော်ကြေး ရရှိရန် လိုလားနေဆဲဖြစ်ပြီး အာမခံချက်ပျက်ပြားသွားမှုအတွက် ထပ်မံ ရရှိမည့် လျော်ကြေးများကိုမူ လျှော်ပစ်မည် ဖြစ်သည်။

မြစ်ဆုံဆည်စီမံကိန်းရပ်ဆိုင်းခြင်းသည် တရုတ်နိုင်ငံ၏ ရှုမြင်ချက် တွင် ကြီးမားသောထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး မြန်မာ–တရုတ်ဆက်ဆံရေး ကိုလည်း ဆိုးကျိုးသက်ရောက်စေခဲ့သည်။ တရုတ်နိုင်ငံကို နိုင်ငံတကာက

လေးစားရသော အခြေအနေတွင် ပေါ်ပေါက်လာခဲ့သော မြစ်ဆုံဆည်စီမံကိန်းသည် တရုတ်နိုင်ငံ အကျိုးစီးပွားကို မြန်မာအစိုးရဘက်က လူသိထင်ရှားစိန်ခေါ်ခဲ့ရာ၌ တတိယမြောက်ဆောင်ရွက်ချက်ဟု ရှုမြင်ခဲ့ကြသည်။ ပထမတစ်ခုမှာ မြန်မာနိုင်ငံ၏ မြို့တော်ကို ရန်ကုန်မှ နေပြည်တော်သို့ ၂၀၀၅ ခုနှစ်အတွင်း ပြောင်းရွှေ့ခဲ့စဉ်က တရုတ်အစိုးရအား ကြိုတင် အသိမပေးခဲ့ခြင်းဖြစ်ပြီး ဒုတိယတစ်ခုမှာ ၂၀၀၉ ခုနှစ်၌ မြန်မာ့တပ်မတော်က ကိုးကန့်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအစိုးရက မြစ်ဆုံဆည်စီမံကိန်း ရပ်ဆိုင်းလိုက်ခြင်းသည် မိတ်ဖက်အဖြစ် မြန်မာနိုင်ငံကို သတ်မှတ်ထားသော တရုတ်ခေါင်းဆောင်များကို တုန်လှုပ်သွားစေခဲ့ပြီး ယုံကြည်မှုများ ပျက်ပြားသွားခဲ့ကြောင်း၊ မြန်မာနိုင်ငံအပေါ် ယုံကြည်မှုနှင့် စိတ်ချနိုင်မှုတို့အပေါ်တွင်လည်း ရေရှည်ဆိုးကျိုးများ သက်ရောက်လာမည် ဖြစ်ကြောင်း တရုတ်ကျွမ်းကျင်သူများက ဆိုကြသည်။

## ၄·၂ အမေရိကန်-မြန်မာထိတွေ့ဆက်ဆံမှု
## 4.2 US-Myanmar Engagement

တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံဆိုင်ရာမဟာဗျူဟာမှာ ဝါဒသည် (၁) မြန်မာ့ပြည်တွင်းနိုင်ငံရေးသည် အနာဂတ်၌ အပြောင်းအလဲများ သိသိသာသာ ဖြစ်မလာနိုင်သေး၊ (၂) အနောက်နိုင်ငံများ၏ ဆန့်ကျင်ကြောင့် မြန်မာနိုင်ငံသည် အထီးကျန်ဆက်ဖြစ်နေဦးမည်ဟူသော အချက်များပေါ်တွင် အခြေခံထားခြင်းဖြစ်သည်။ နေပြည်တော်အစိုးရသည် တရားဝင်မှု တိုးမြှင့်ရရှိရန်အတွက် စီးပွားရေးတိုးတက်ရန် လိုအပ်လျက်ရှိပြီး တရုတ်နိုင်ငံမှလွဲ၍ ပြည်ပရင်းနှီးမြှုပ်နှံမှု အားနည်းလှခြင်းကြောင့် တရုတ်နိုင်ငံ၏ ဩဇာသက်ရောက်မှု အုတ်မြစ်ခိုင်မာပြီးဖြစ်သည်ဟု ယူဆထားခဲ့ကြသည်။ သို့သော်လည်း ၂၀၁၁ ခုနှစ်အတွင်း အဆိုပါအယူအဆများ မှားယွင်းလာခဲ့ပြီး အမေရိကန်-မြန်မာနှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ လျင်မြန်စွာ တိုးတက်လာခဲ့သည်။ အကျိုးဆက်အားဖြင့် တရုတ်နိုင်ငံသည် လက်ဝါးကြီးအုပ်ထားသော ချိန်ခွင်လျှာကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

အိုဘားမားအစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရေး

မဟာဗျူဟာကို ၂၀၀၉ ခုနှစ်ကတည်းက ထုတ်ပြန်ကြေညာထားခဲ့သော်လည်း တရုတ်နိုင်ငံက အဓိကစိုးရိမ်သည့်ဆက်ဆံရေးသည် ၂၀၁၀ ပြည့်နှစ်အတွင်းနှင့် ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းရောက်မှသာ ရောမွှေ့လာခဲ့သည်။ ၂၀၁၁ ခုနှစ် နွေရာသီအထိ ဝါရှင်တန်အစိုးရမှ မြန်မာ့ပြည်တွင်းရေး၊ အဓိကအားဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ်၌သာ ဇောက်ပြုခဲ့ခြင်းကြောင့် ထိတွေ့ဆက်ဆံရေးမူဝါဒ ထူးထူးခြားခြားတိုးတက်မှုမရှိခဲ့သည့်အတွက် တရုတ်နိုင်ငံက လွှန်စွာမှပင် ကျေနပ်အားရဖြစ်ခဲ့ရသည်။ ၂၀၁၁ ခုနှစ် ရွေးကောက်ပွဲများကို ပွင့်လင်းမှုမရှိ၊ ဒီမိုကရေစီနည်းလမ်းမကျဟု၍ အမေရိကန်နိုင်ငံက စွပ်စွဲပြောကြားလာသည့်အခါ တရုတ်–မြန်မာဆက်ဆံရေး ခိုင်မာသည်ထက် ခိုင်မာလာပြီး အနောက်နိုင်ငံမှဆန့်ကျင် ရှုပ်သိမ်းလျှော့နည်းသွားရေးမှာလည်း ဝေးကွာခဲ့ရသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ စီးပွားရေးအရင်းအမြစ်များ၊ ပြည်ပနိုင်ငံများနှင့် ဆက်ဆံရေးများကို လက်ဝါးကြီးအုပ်နိုင်ဆဲ ဖြစ်ခဲ့သည်။

သို့သော်လည်း နိုင်ငံတော်သမ္မတကြီးက ဒေါ်အောင်ဆန်းကြည်နှင့်တွေ့ဆုံမှုမှကအစပြု၍ အမေ ရိကန်–မြန်မာ ဆက်ဆံရေးသည် ထင်မှတ်မထားခဲ့သော အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။ ဧက်တင်ဘာလနောက်ပိုင်း အမေရိကန် အထူးသံတမန်ဒဲရက်မစ်ချယ်လ်၏ သမိုင်းတွင်မည့် ကြိမ်ဖန်များစွာ သွားရောက်ခြင်းသာမက ၃ လအကြာတွင် နှစ်ပေါင်း ၅၀ အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ် ပေါ်ပေါက်လာခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ဟီလာရီကလင်တန်မှ မြန်မာ နိုင်ငံနှင့် သံအမတ်ကြီးများ အပြန်အလှန်ထားရှိမည်ဟု ထုတ်ဖော်ပြောကြားလိုက်သည့်အချိန်တွင် သံတမန်ဆက်ဆံမှု ပုံမှန်အနေအထားရောက်ရှိရေးမှာ အထင်အရှား ပုံပေါ်လာခဲ့သည်။ အမေရိကန်–မြန်မာနှစ်နိုင်ငံသည် မြန်မာအစိုးရသစ်၏ ပြည်တွင်းရေးမူဝါဒများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းဖြစ်ပေါ်တိုးတက်မှုများအတွက် အတုံ့အလှည့်အနေဖြင့် အမေရိကန်နိုင်ငံဘက်မှ စီးပွားရေးပိတ်ဆို့မှုများ မည်သို့ လျှော့ပေးမည် စသည်ဖြင့်လည်းကောင်း ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသည်။

အမေရိကန်–မြန်မာဆက်ဆံရေး လျင်မြန်စွာတိုးတက်လာမှုအပေါ်

တရုတ်နိုင်ငံ၏ စိုးရိမ်ပူပန်မှုမှာ ဘက်စုံနယ်ပယ်စုံ ဖြစ်သည်။ ပထမဆုံးအချက်မှာ အမေရိကန် မြန်မာဆက်ဆံရေး နွေးထွေးသည်ထက် နွေးထွေးလာခြင်းကြောင့် အနောက်တောင်ဘက်နယ်စပ်များ၊ အိန္ဒိယသမုဒ္ဒရာ၊ ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်း စသည်တို့အတွက် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာစေခဲ့ပြီး သောကျွင်းအစိုးရက ၎င်းကို ဝိုင်းပတ်ထိန်းချုပ်ရန် ကြိုးပမ်းမှုဟု အရေးတကြီး ရှုမြင်ထားခြင်း ဖြစ်သည်။ စီးပွားရေးမျက်နှာစာဘက်က ရှုမြင်သုံးသပ်လျှင် ပိတ်ဆို့မှုများ ဖြေလျှော့ပေးခြင်းကြောင့် မြန်မာနိုင်ငံသို့ အနောက်နိုင်ငံများမှ ကုမ္ပဏီများ ပြန်လည်ဝင်ရောက်လုပ်ကိုင်နိုင်စေပြီး ပြီးခဲ့သည့် နှစ်ပေါင်း ၂၀ အတွင်း မြန်မာနိုင်ငံကို အခြေချလုပ်ကိုင်နေကြသည့် တရုတ်ကုမ္ပဏီများအတွက် ယှဉ်ပြိုင်မှုများ ဖန်တီးလာစေမည် ဖြစ်သည်။ ၎င်းအပြင် နိုင်ငံစုံ ဘဏ္ဍာရေးအဖွဲ့အစည်းများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီး နည်းပညာအကူအညီများ ပေးအပ်ရန် ကမ်းလှမ်းလာခြင်းကြောင့် အနောက်ယိမ်းသော ယင်းအဖွဲ့အစည်းများသည် တရုတ်နိုင်ငံ ပါဝင်ခွင့်မရှိသော စီးပွားရေး၊ ဘဏ္ဍာရေး၊ ငွေကြေးစနစ်များ ဖြစ်ပေါ်လာရန် နေပြည်တော်အစိုးရအား ကူညီပံ့ပိုးပေးမည်၊ ထိုသို့ ဖြစ်ပေါ်လာခြင်းကြောင့် မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးမူဝါဒများတွင် တရုတ်နိုင်ငံနှင့် လိုက်လျောညီထွေမဖြစ်သော ပုံစံများဖြစ်ပေါ်လာမည် စသည်အားဖြင့်လည်း ရှုမြင်ထားသည်။ ဥပမာအားဖြင့် **IMF** ကျွမ်းကျင်သူပညာရှင်များက အမေရိကန်ဒေါ်လာကို အခြေခံသည့် ငွေကြေးလဲလှယ်မှုနှုန်းထား ထားရှိသည့် စနစ်သစ်ကိုဖော်ဆောင်ရန် မြန်မာအစိုးရအား အကြံဉာဏ်ပေးခဲ့ခြင်းကြောင့် တရုတ်ယွမ်ငွေကြေးကို အခြေခံ၍ ကုန်သွယ်မှုဆောင်ရွက်နေသော နှစ်နိုင်ငံကုန်သွယ်ရေးအတွက် ပြင်းထန်သော စိန်ခေါ်မှုများ ဖြစ်ပေါ်လာစေခြင်းမျိုး ဖြစ်သည်။

ဒေသတွင်း ညြိစာလွှမ်းမိုးမှုအပိုင်းအရကြည့်လျှင် မြန်မာအစိုးရနှင့်ဝါရှင်တန်၏ ဆက်ဆံရေးအခြေအနေသည် အရှေ့တောင်အာရှဒေသအတွင်း တရုတ်နိုင်ငံနှင့် ယှဉ်ပြိုင်ညြိစာရဲ့ထွင်မှုကို တိုက်ရိုက် သက်ရောက်မှု ရှိနေသည်။ တစ်ဖန် အမေရိကန်နိုင်ငံက ဦးဆောင်အကောင်အထည်ဖော်နေသော **Trans-Pacific Partnership** ပူးပေါင်းဆောင်ရွက်မှု

သည့် East Asia Free Trade Zone ဖော်ဆောင်နေသည့် တရုတ်ခေါင်းဆောင်များနေရာကို အစားထိုးဝင်ရောက်ရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး East Asia Summit ဖြင့် အမေရိကန် ပါဝင်ခွင့်မပေးခဲ့သော အရှေ့အာရှအသိုင်းအဝိုင်း ဖော်ဆောင်ရေးအစီအစဉ်ကို နိုင်ငံရေးအရ ဖြတ်ချလိုက်ခြင်းဟု ရှုမြင်ထားကြသည်။ နေပြည်တော်အစိုးရနှင့် ဝါရှင်တန်၏ ထိတွေ့ဆက်ဆံရေးသည် ရေကြောင်းမဟာမိတ်များဖြစ်သော အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးကို အခြေပြု၍ အာဆီယံအတွင်း အမေရိကန်အခန်းကဏ္ဍ ပိုမိုနိုင်မာစေရန်၊ အာဆီယံနှင့် တရုတ်နိုင်ငံအကြား ရှိနှင့်ပြီးဖြစ်သော ဆက်ဆံရေးကို အားနည်းယုတ်လျော့စေရန် လှမ်းလိုက်သော နောက်ကွယ်မှ မဟာဗျူဟာကစားကွက်ဟု ရှုမြင်ထားသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ စိုးရိမ်ပူပန်မှုမှာ မြန်မာနိုင်ငံ၏ဒေသတွင်းရပ်တည်မှုနှင့် အဆင့်အတန်းမြင့်မားလာအောင် အမေရိကန်နိုင်ငံက ထောက်မပေးခြင်းသည် တောင်တရုတ်ပင်လယ်ကဲ့သို့သော ဒေသတွင်းကိစ္စရပ်များတွင် အာဆီယံအတွင်း ဆောင်ရွက်လိုသည့် အစီအစဉ်များ၌ အသာစီးရရှိစေရန် ကြိုးပမ်းလာနိုင်သည့် အလားအလာများ ဖြစ်သည်။

အထက်ပါ ရှုမြင်ချက်များအရ ရှုမြင်သုံးသပ်ကြည့်လျှင် မြန်မာနိုင်ငံ၌ အမေရိကန်ပါဝင်လာခြင်းသည် တရုတ်နိုင်ငံအတွက် အကျိုး လုံးဝမရှိသည့် Zero Sum Game ဟူ၍ဖြစ်နေသည်။ လက်ရှိ အချိန်တွင်ဖြစ်စေ၊ နောင်အနာဂတ်တွင်ဖြစ်စေ ဝါရှင်တန်အတွက် အကျိုးရရှိမှုမှန်သမျှသည် တရုတ်နိုင်ငံအတွက် အရှုံးသက်သက်သာ ဖြစ်သည်။ အဆိုပါရှုမြင်သုံးသပ်ချက်များသည် အမေရိကန်နှင့်တရုတ် နှစ်ဖက်စလုံးမှ ကျွမ်းကျင်သူများလက်ခံထားသော အရှေ့တောင်အာရှဒေသတွင် ပြိုင်ဆိုင်မှုနှင့် ဒွိမဏ္ဍိုင် အင်အားချိန်ခွင်လျှာ Bipolar Power Structure အရ လက်ခံထားသော အချက်များ ဖြစ်နေသည်။

၂၀၁၁ ခုနှစ် နှိုဝင်ဘာလမှ ဒီဇင်ဘာလအတွင်း အမေရိကန် အပါအဝင် အနောက်နိုင်ငံများနှင့် မြန်မာနိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်လာခြင်းကို ကြိုဆိုကြောင်း ဖော်ပြထားသည့် ကြေညာချက် အများအပြားကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ထိုသို့ ကြိုဆို

သည့် ကြေညာချက်များမှာ တရုတ်နိုင်ငံ၏ သဘောထားနှင့် မကိုက်ညီဟု ရှုမြင်နိုင်သော်လည်း သံတမန်ရေးနည်းဗျူဟာများဖြစ်နိုင်ဖွယ်ရာ ရှိသည်။ အဆိုပါကောင်းမွန်လာသည့် ဆက်ဆံရေးအနေအထားကို လမ်းလွှဲနိုင်အောင် (သို့မဟုတ်) နှေးကွေးသွားအောင် ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် လူသိထင်ရှား ကြိုဆိုကြောင်းများ ထုတ်ပြန်နေရသည့် သဘောရှိသည်။ ၎င်းအပြင် အမေရိကန်–မြန်မာဆက်ဆံရေး ကောင်းမွန်လာခြင်းကို ဆန့်ကျင်ခြင်းသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာ ရောက်ရှိနေမည်ဖြစ်ပြီး နေပြည်တော်အစိုးရ၊ အတိုက်အခံပါတီနှစ်ခုစလုံးနှင့် တရုတ်နိုင်ငံ၏ ဆက်ဆံရေးကို ထိခိုက်ပျက်စီးစေမည် ဖြစ်သည်။ သို့ဖြစ်၍ တရုတ်အစိုးရအနေဖြင့် အေးစက်စပြုလာပြီ ဖြစ်သည့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို ပိုမိုဆိုးရွားအောင် ဖန်တီးပြီး ဗိအားများမယူရန်၊ အနိုင်မရရှိနိုင်သောတိုက်ပွဲကို တိုက်ခိုက်ခြင်းမပြုရန် ရွေးချယ်ခဲ့သည်။

## ၅။ တရုတ်နိုင်ငံ၏ မြန်မာမဟာဗျူဟာ အချိန်အဆ အလွဲ
## 5 China's Strategic Misjudgements on Myanmar

မြန်မာနိုင်ငံ ပြည်တွင်းနိုင်ငံရေးနှင့် နိုင်ငံခြားရေးမူဝါဒတို့၌ မျှော်လင့်မထားသော ဖြစ်စဉ်ဖြစ်ရပ်များ ဖြစ်ပေါ်လာခဲ့ခြင်းကြောင့် တရုတ်နိုင်ငံကို အံ့အားသင့်ပြီး အမျက်ကြီးစွာထွက်စေခဲ့ကာ ယင်းတို့ကြောင့် တရုတ်နိုင်ငံ၏ မူလမဟာဗျူဟာရေးဆွဲမှုအပေါ် တိုက်ရိုက်သက်ရောက်မှုများ ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် အဖုအထစ်များ ဖြစ်ပေါ်လာခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၊ မြန်မာနိုင်ငံနှင့်ဆက်ဆံရေး စသည်တို့နှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံမူဝါဒချမှတ်သူများအကြားတွင် မဟာဗျူဟာမှားယွင်းမှုများ ဖြစ်ပေါ်လာစေခဲ့သည်။

ပထမဆုံးအချက်အနေဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးမျက်နှာစာမှ ဒီမိုကရေစီဖော်ဆောင်ရေး အရှိန်အဟုန်ကို လျှော့တွက်ခဲ့ကြသည်။ ၂၀၁၀ ရွေးကောက်ပွဲများ မတိုင်မီကာလများတွင်

တရုတ်ကျွမ်းကျင်သူများက မြန်မာအစိုးရသစ်သည် လူသာပြောင်း ဘာမှ မပြောင်း Old Wine in New Bottle သာ ဖြစ်လာမည်ဟူ၍ ကျိန်းသေပေါက် တွက်ထားခဲ့ကြသည်။ ၎င်းတို့၏သုံးသပ်ချက်များတွင် အရပ်သားအစိုးရသို့ ကူးပြောင်းခြင်းသည် အာဏာလွှဲပြောင်းပေးလို၍ ဆောင်ရွက်ခြင်းမဟုတ်ဘဲ တရားဝင်မှုရရှိရန် ဆောင်ရွက်လိုက်သည့် စစ်တပ်၏နည်းဗျူဟာတစ်ရပ်အဖြစ်သာ ရှုမြင်သုံးသပ်ထားခဲ့ကြသည်။ ရွေးကောက်ပွဲများပြီးစီးပြီးနောက် ဦးသိန်းစိန် သမ္မတဖြစ်လာချိန်တွင် တရုတ်အစိုးရကျွမ်းကျင်သူတစ်ဦးအားမေးမြန်းချက်အရ သမ္မတဦးသိန်းစိန်သည် အစိုးရသစ်အတွင်း တည်ငြိမ်ရေး၊ အာဏာဟန်ချက်ညီမျှရေးအတွက် ရွေးချယ်လိုက်သည့် အသွင်ကူးပြောင်းရေးခေါင်းဆောင်တစ်ဦး ဖြစ်သည်၊ နိုင်ငံကို ဒီမိုကရေစီသို့ပို့ဆောင်ပေးမည့် ဒီမိုကရက်တစ်ခေါင်းဆောင်တစ်ဦး မဟုတ်ဟူ၍ ကောက်ချက်ချခဲ့သည်။

ပြည်တွင်းနိုင်ငံရေး ထူးထူးခြားခြား ပြောင်းလဲလာမည် မဟုတ်ဟု ခန့်မှန်းချက်ထုတ်ထားခြင်းကြောင့် လာမည့်အနာဂတ်၌ အနောက်နိုင်ငံများနှင့် ဆက်ဆံရေးတိုးတက်လာဦးမည်မဟုတ်၊ ထို့ကြောင့် အထီးကျန်ဖြစ်နေဦးမည့် မြန်မာနိုင်ငံအတွက် နိုင်ငံရေး–စီးပွားရေးထောက်ခံမှုများပေးအပ်နေသည့်နိုင်ငံအဖြစ် တည်ရှိနေသည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၌ လက်ရှိနှင့် အနာဂတ်အကျိုးစီးပွားများအတွက် အာမခံချက် ရှိနေဦးမည်ဟူ၍ ကောက်ချက်ချထားခဲ့ကြသည်။

ပြည်တွင်းနိုင်ငံရေးအရှိန်အဟုန်ကို ဉပေက္ခာပြုခြင်းကြောင့် မြန်မာနိုင်ငံတွင် ထွက်ပေါ်လာခဲ့သော တရုတ်ဆန့်ကျင်ရေးလှုပ်ရှားဆောင်ရွက်မှုများအပေါ် တရုတ်နိုင်ငံ၏ ချဉ်းကပ်မှုနည်းလမ်းများကို အမှားအယွင်းများ ဖြစ်ပေါ်စေခဲ့သည်။ တရုတ်အစိုးရ၏ ရှုမြင်ချက်တွင် တရုတ်ပရောဂျက်များကို မြန်မာအစိုးရက ရှေ့ယခင်ကပင် ထောက်ခံခဲ့ခြင်းကြောင့် လူထုသဘောထားများသည် တရုတ်အကျိုးစီးပွားများကို ခြိမ်းခြောက်နိုင်မည်မဟုတ်ဟု ယူဆခဲ့သည်။ စစ်တပ်အုပ်ချုပ်ခဲ့စဉ်က အဆိုပါ သဘောတရားဖြင့် အာဏာအကာအကွယ်ကို ရယူခဲ့ကြသည်။ CPI သည်လည်း လူထုဆန့်ကျင်မှု အားပျော့ပျက်ပြယ်စေရန်အတွက် ယခင်လုပ်နည်း

အတိုင်း အစိုးရနှင့်ဆက်ဆံရေး အဆင်ပြေချောမွေ့စေရန်သာ ဦးတည် ဆောင်ရွက်ခဲ့သည်။ အဆိုပါချဉ်းကပ်မှုကိုကြည့်ခြင်းအားဖြင့် တရုတ် အစိုးရနှင့် တရုတ်ကုမ္ပဏီများသည် အစိုးရသစ်နှင့် ဆက်ဆံရာတွင် နည်း လမ်းဟောင်းများအသုံးပြုနေခြင်းအရ အစိုးရဟောင်းနှင့် ထူးမခြားနားဟု မှတ်ယူထားကြပြီး ယင်းအယူအဆမှာ မြစ်ဆုံဆည်အရေးကိစ္စ ဖြေရှင်း ဆောင်ရွက်မှုတွင် သိသာထင်ရှားစေခဲ့သည်။

ဒုတိယအချက်အားဖြင့် ၂၀၁၀ ရွေးကောက်ပွဲများ ပြီးဆုံးသည့် နောက် ဝါရှင်တန်အစိုးရက ရွေးကောက်ပွဲများကို လွတ်လည်း မလွတ် လပ်၊ မျှလည်း မမျှတဟု ကင်ပွန်းတပ်သည့်အချိန်တွင် အမေရိကန်၏ ထိတွေ့ဆက်ဆံရေးမူဝါဒ ကျရှုံးသွားပြီ ဟူ၍ကောက်ချက်ချခဲ့ပြီး ၂၀၁၁ ခုနှစ် နွေရာသီရောက်သည်အထိ ထိုသို့ပင် မှတ်ယူထားခဲ့ကြသည်။ အမေ ရိကန်ပြည်တွင်းနိုင်ငံရေးအခြေအနေ၊ အထူးသဖြင့် ကွန်ဂရက်အတွင်း သဘောထားများ၌ မြန်မာအစိုးရသစ်ကို အသိအမှတ်မပြုနိုင်ကြောင်း တွေ့ရှိရခြင်းကြောင့် အမေရိကန်၏ မြန်မာနိုင်ငံသို့ ထိတွေ့ဆက်ဆံမှု ထက် မြန်မာနိုင်ငံ၌ တရုတ်အကျိုးစီးပွားများ တိုးချဲ့ရဲ့ထွင်ရေးကို အလေး ပေးလာခဲ့ကြသည်။ ဒဲရက်မစ်ချယ်လ်အား အထူးသံတမန်အဖြစ် ခန့်အပ် လိုက်ချိန်အထိ အမေရိကန်သံခင်းတမန်ခင်းသည် မည်သည့်ရလဒ် ကောင်းမှုထွက်လာမည် မဟုတ်ဟူသော ယူဆချက်ကိုသာ တရုတ်နိုင်ငံက ဆွဲကိုင်ထားခဲ့သည်။ အဆိုပါယူဆချက်မှာလည်း နေပြည်တော် အစိုးရ အနေဖြင့် ဝါရှင်တန်အစိုးရက ထောက်ပံ့ကူညီဖန်တီးပေးထားသည့် ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားများ အရေးကိစ္စများသည် အစိုးရ သစ်၏အုပ်ချုပ်ရေး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ စသည်တို့ကို စိန်ခေါ်လာနိုင်ခြင်းကြောင့် သမ္မတဦးသိန်းစိန်အနေဖြင့် ယင်းတို့ကို လက်ခံမည်မဟုတ်ဟူသော စဉ်းစားချက်အပေါ်အခြေခံ၍ ထွက်ပေါ်လာခဲ့ ခြင်း ဖြစ်သည်။ အဆိုပါ အခြေပြုလက်ခံထားသော အယူအဆကြောင့် သမ္မတဦးသိန်းစိန်ဦးဆောင်သော အရပ်သားအစိုးရလက်ထက်၌ ဝါရှင် တန်လိုလားသော မူဝါဒဖော်ဆောင်မှုများ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာ ခဲ့ရာတွင် ဘေဂျင်းအစိုးရမှ အံ့အားသင့်မှု တစ်ခုပြီးတစ်ခု ဖြစ်ပေါ်ခဲ့ရခြင်း

ဖြစ်သည်။ ထိုသို့ လစ်ဘရယ်ယိမ်း လုပ်ဆောင်ချက်များ ထွက်ပေါ်လာမှု အပေါ် တရုတ်နိုင်ငံအနေဖြင့် လုံးလုံး မသက်မသာ ဖြစ်ခဲ့ရသည်။

တတိယအချက်အနေဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် ရှိနေသော ယင်းတို့၏ နိုင်ငံရေး–စီးပွားရေး ကြီးမားလွှမ်းမိုးမှုများကို ပိုမို ထွက်ထားခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အများဆုံးရင်းနှီးမြှုပ်နှံသူ ဖြစ်နေခြင်းသာမက အပြည်ပြည်ဆိုင်ရာ နိုင်ငံရေးနယ်ပယ်တွင် စစ်အစိုးရ ကို အကာအကွယ်ပေးခဲ့သူဖြစ်ခဲ့ခြင်းတို့ကြောင့် မြန်မာနိုင်ငံအပေါ် ကြီးမား များစွာသြဇာညောင်းမည်ဟု တရုတ်နိုင်ငံက တွက်ဆခဲ့သည်။ အနောက်နိုင်ငံ များမှ စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားပေးမည့်အခြေအနေ မရောက်လာ နိုင်သေးသဖြင့်လည်း မြန်မာနိုင်ငံ၏စီးပွားရေးတိုးတက်မှုအတွက်လည်း ကောင်း၊ နိုင်ငံရေးထောက်ခံမှု ရယူရန်အတွက်လည်းကောင်း တရုတ်နိုင်ငံ အပေါ် ဆက်လက် မှီခိုနေဦးမည်ဟူ၍ တရုတ်နိုင်ငံက ၎င်း၏အနေ အထားကို ရှုမြင်ထားခဲ့သည်။ အထက်ပါယူဆချက်များအရ တရုတ်အစိုးရ သည် တရုတ်ပရောဂျက်များအပေါ် ပြည်သူများ၏ဆန့်ကျင်မှု၊ ပြည်တွင်း၌ တရုတ်ဆန့်ကျင်ရေးလှုပ်ရှားမှုများ ထွက်ပေါ်လာမှု စသည်တို့ကို သိလျက်နှင့်ပင် လျစ်လျူရှုခဲ့ကြသည်။ ၎င်းတို့၏တွက်ချက်မှာ စီးပွား ရေးနှင့်နိုင်ငံရေးအရ တရုတ်နိုင်ငံကို မှီခိုအားထားနေရသည့် ဆန်ရှင် အောက်မှ အထီးကျန်မြန်မာနိုင်ငံသည် တရုတ်စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆန့်ကျင်မှုပြုမည်မဟုတ်ဟူ၍ ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးအခြေအနေ၊ နှစ်နိုင်ငံဆက်ဆံ ရေးအနာဂတ် စသည်တို့ကို တိကျမှန်ကန်အောင် မခန့်မှန်းနိုင်ခဲ့ခြင်း၊ မှန်ကန်စွာ မကြည့်မြင်နိုင်ခဲ့ခြင်းစသည်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်ထားရှိ သော တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် နက်နက်ရှိုင်းရှိုင်းပတ်သက် နေသောကိစ္စဖြစ်နေသည်။ တရုတ်အစိုးရသည် ဒီမိုကရေစီနိုင်ငံရေးစနစ် မဟုတ်သော အခြားနိုင်ငံများ၏ နိုင်ငံရေးအခြေအနေများကို ရှုမြင်သုံးသပ် ရာတွင် ဒီမိုကရေစီမဟုတ်သော တရုတ်ပြည်တွင်း ရှုမြင်ချက်များ၊ တရုတ် ပြည်တွင်းအတွေ့အကြုံများဖြင့်သာ အကဲဖြတ်လေ့ရှိကြသည်။ ဒီမိုကရေစီ အစိုးရမဟုတ်သော အစိုးရမှန်သမျှတို့သည် အာဏာအကြွင်းမဲ့ လွှဲပြောင်း

ပေးရန် ဆန္ဒမရှိကြဟူ၍ ဘောကျင်းအစိုးရက သုံးသပ်ထားသည်။ မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင်တက်လာသော အစိုးရများ၏ ဦးစားပေးလုပ်ငန်းမှာ လက်ရှိပါဝါဖွဲ့စည်းတည်ဆောက်မှုကို ဆက်လက်ထိန်းသိမ်းရန်သာ ဖြစ်မည်ဟုလည်း ယူဆထားခဲ့ကြသည်။ နိုင်ငံရေးအပြောင်းအလဲများကို လျင်လျင်မြန်မြန် ဆောင်ရွက်ခြင်းသည် တည်ငြိမ်အေးချမ်းရေးအတွက် ခြိမ်းခြောက်မှုဖြစ်သည်ဟူ၍လည်း ရှုမြင်ထားကြသည်။ မြန်မာနိုင်ငံအရေးကိစ္စနှင့်စပ်လျဉ်း၍ အထက်ပါအတွေးအခေါ်အယူအဆများသည် သမ္မတဦးသိန်းစိန်လက်ထက် မူဝါဒနှင့်ရပ်တည်ချက်များ၊ အတိုက်အခံအင်အားစုများ၊ အထူးသဖြင့်ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ အပေါ်ထားရှိသော အစိုးရ၏သဘောထားများစသည်တို့အပေါ် အကဲဖြတ်မှု အမှားအယွင်းများ ဖြစ်ပေါ်စေခဲ့သည်။

အထက်ပါ ကြေးမုံအသွင်သက်ရောက်မှု Mirror Effect သည် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံအများအပြားနှင့် ဆက်ဆံရာတွင် တရုတ်နိုင်ငံမှ ချမှတ်ထားသော နိုင်ငံရေးနှင့် စီးပွားရေးမူဝါဒများအပေါ် သက်ရောက်မှုရှိခဲ့သည်။ မည်သည့်အစိုးရမဆို ယင်းအစိုးရအား တရားဝင်–မဝင် ဟူသော အသိအမှတ်ပြုမှုမှာ ၎င်းနိုင်ငံရှိ ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ၎င်းနိုင်ငံ၏စီးပွားရေးတိုးတက်မှု စသည်တို့ကို မည်မျှအထိဆောင်ရွက်ပေးနိုင်စွမ်းရှိသည်ဟူသော အချက်ကိုကြည့်၍ ဆုံးဖြတ်သင့်သည်ဟူ၍ တရုတ်နိုင်ငံက ယုံကြည်ထားသည်။ ထိုသို့အကဲဖြတ်သတ်မှတ်သောအယူအဆသည် တရုတ်နိုင်ငံ၏ ပြည်ပနိုင်ငံများနှင့်ဆက်ဆံရေးအပေါ် လွှမ်းမိုးသက်ရောက်မှုများ ရှိခဲ့သလို တရုတ်နိုင်ငံတည်ရှိမှုကိုလေးစားကြမည်၊ ကြိုဆိုကြမည်ဟူ၍လည်း ယူဆထားခဲ့သည်။ တရုတ်ဗဟိုအစိုးရသည် ပြည်နယ်အစိုးရများအား တိုးတက်မှုနှုန်းထား မြင့်မားလာစေရန်၊ အခွန်ဘဏ္ဍာငွေများ တိုးမြှင့်ရရှိစေရန် ကူညီဆောင်ရွက်ပေးလေ့ရှိသည်။ တရုတ်နိုင်ငံ၏သမိုင်းကြောင်း၌ ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်လှစ်မှုများ ဆောင်ရွက်ခဲ့သည့် အစောပိုင်းကာလများက မြန်မာနိုင်ငံနည်းတူ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင်

အထက်ပါ တရုတ်ပုံစံဖွံ့ဖြိုး တိုးတက်မှုနမူနာများ ဖြစ်ပေါ်လာခြင်းကို တရုတ်နိုင်ငံအမြင်အရ မှုလကတည်းက ကြိုတွေ့ရမည်ဟူ၍ မှန်းဆထား ပြီးဖြစ်ကြသည်။ စီးပွားရေးနှင့်လူမှုရေး တိုးတက်ရေးသို့ ဖော်ဆောင်ရာ တွင် အခြားနည်းလမ်းများကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ၎င်းတို့ ဘက်မှ ခန့်မှန်းထားသည့်အတိုင်း ဆောင်ရွက်မည်ဟူ၍ တထစ်ချယုံ ကြည်ခဲ့ခြင်းသည်လည်း ကြီးမားသောအမှားကြီး ဖြစ်ခဲ့ရသည်။ ၎င်းနိုင်ငံ များ၌ တရုတ်နိုင်ငံ ပါဝင်ပတ်သက်မှုကို ဆန့်ကျင်မှုများဖြစ်ပေါ်လာခြင်း သည် ၎င်းနိုင်ငံများ၏ ပြည်တွင်းရေးများ၌ အနောက်နိုင်ငံများမှ သွေးထိုး လှုံ့ဆော် ဘောတီးပေးခြင်း ဆောင်ရွက်သည့်အတွက်ကြောင့်ဖြစ်ကြောင်း ယူဆထားကြသည်။

နိဂုံး

**Conclusions**

၂၀၁၁ ခုနှစ်သည် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံနှင့် ဆက်ဆံရေး မျက်နှာစာတွင် အဖုအထစ်များ တွေ့ကြုံခဲ့ရသော နှစ်တစ်နှစ် ဖြစ်သည်။ နှစ်ပေါင်း ၂၀ ကျော်ကြာ နိုင်ငံရေးမိတ်ဖက်၊ စီးပွားရေးမိတ်ဖက်အဖြစ် လွန်စွာမှပင် ကောင်းမွန်ချောမွေ့လှသော ဆက်ဆံရေးများ ရှိခဲ့ပြီးနောက် ပိုမိုအဆင့်မြင့်မားသော မဟာဗျူဟာမှုပေါင်း ဆက်ဆံရေးအဆင့်တို့ မြှင့် တင်ရန်၊ မြန်မာနိုင်ငံအား အရှေ့တောင်အာရှဒေသနှင့် အိန္ဒိယသမုဒ္ဒရာ အတွင်း တရုတ်နိုင်ငံ၏ မဟာဗျူဟာခြေကုတ်အဖြစ်ပြောင်းလဲရန် တရုတ် နိုင်ငံက မျှော်လင့်ခဲ့သည်။ သို့သော် အဆိုပါမျှော်လင့်ချက်များသည် နှစ် နိုင်ငံ ဆက်ဆံရေး အဖုအထစ်များဖြစ်ပေါ်ခဲ့ခြင်း၊ မြန်မာနိုင်ငံနှင့် အနောက်နိုင်ငံများ၏ ဆက်ဆံရေး အလျင်အမြန်တိုးတက်လာခဲ့ခြင်း စသည်တို့ကြောင့် အမျက်တွက်စရာများ ဖြစ်စေခဲ့သည်။ အဆိုပါအခြေ အနေသည် မြန်မာနိုင်ငံ၌ မဟာဗျူဟာမြောက် စီမံကိန်းများ ဖော်ဆောင် ရန် ခြေလှမ်းစတင်နေသည့် တရုတ်နိုင်ငံအတွက် အိပ်ရာမှ လှုပ်နှိုးလိုက် သလို ဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံ၌ တရုတ်နိုင်ငံ၏ နောက်ပြန်ဆုတ်မှုများသည် မြန်မာ

နိုင်ငံ၏ နိုင်ငံရေးပကာတိအခြေအနေမှန်၊ မြန်မာနိုင်ငံ၏ပြည်ပဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ များစွာသော မဟာဗျူဟာ အချိန်အဆ မှားယွင်းမှုများရှိခဲ့ခြင်းကို ဖော်ပြနေသည်။ နိုင်ငံတော်သမ္မတကြီး ကျမ်းသစွာကျိုန်ဆိုပြီးနောက် မြန်မာနိုင်ငံအတွင်းရှိ ဒီမိုကရက်တစ်အရှိန်အဟုန်၏ အရျက်ပြမှုများကို တရုတ်နိုင်ငံက မြင်အောင်မကြည့်နိုင်ခဲ့သလို ဒီမိုကရေစီနှင့် အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးအတွက် အစိုးရသစ်၏ သန္နိဋ္ဌာန်ချမှတ်ထားမှုကို လျှော့တွက်ခဲ့ကြသည်။ တစ်ဆက်တည်းမှာပင် အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရေးရလဒ်နှင့် အရှိန်အဟုန်ကိုလည်း မှန်းဆတွက်ချက်နိုင်ခဲ့ခြင်း မရှိခဲ့သလို မြန်မာနိုင်ငံအပေါ် သက်ရောက်နေသော တရုတ်နိုင်ငံ၏ နိုင်ငံရေး–စီးပွားရေး ဩဇာလွှမ်းမိုးမှုပမာဏကိုလည်း တွက်ချက်မှုမှားယွင်းခဲ့သည်။ အထက်ပါအမှားအယွင်းများသည် အခြားသော ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများနှင့်ဆက်ဆံရေးတွင် ဩဇာလွှမ်းမိုးနိုင်သည်ဟု တရုတ်နိုင်ငံဘက်က ယူဆထားသော တရုတ်ပုံစံ နိုင်ငံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမော်ဒယ်လ်အပေါ်တွင် ယုံကြည်နားလည်ထားမှုကြောင့် ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်သည်။

အကျိုးဆက်အားဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်ဝေးကွာစေသော မူဝါဒများကို ချမှတ်ဆောင်ရွက်မိလျက်သား ဖြစ်ခဲ့ရသည်။ ရှေ့လျှောက် တရုတ်နိုင်ငံသည် စောင့်ကြည့်သည့် **Wait And See** လမ်းစဉ်ကိုဆက်ပြီး ဆုပ်ကိုင်ထားနိုင်ဖွယ်ရာရှိပြီး နောက်ထပ် နိုင်ငံရေး–စီးပွားရေးနှင့် မဟာဗျူဟာကတိကဝတ်အသစ်များ တိုးမြှင့်ဆောင်ရွက်ခြင်း မပြုဘဲမှုလရှိပြီး သဘောတူညီချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်။ ဖြစ်ဆုံဆည်အရေးကိစ္စအရ ဒေသခံပြည်သူများနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန်၊ တာဝန်ကျေပွန်သော စီးပွားရေးလုပ်ငန်းများ ဖြစ်လာစေမည့် အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်ရန် သင်ခန်းစာများရရှိလာမည် ဖြစ်သည်။ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံအနေဖြင့် အလုံးစုံလွှမ်းမိုးမှု ရရှိထားတော့မည်မဟုတ် ဟူသောအခြေအနေမှန်ကို တရုတ်နိုင်ငံမှ မူဝါဒချမှတ်သူများအနေဖြင့် လက်ခံနားလည်လာဖွယ်ရာရှိပြီး မြန်မာနိုင်ငံတွင် အခြားသော

ယှဉ်ပြိုင်မှုအသစ်များကို ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင် ဆင်လာကြဖွယ် ရာ ရှိသည်။

ပထဝီနိုင်ငံရေးအားသာချက်အရ မြန်မာနိုင်ငံသည် ပါဝါနိုင်ငံကြီးများအကြား မိမိ၏ကိုယ်ပိုင် အကျိုးစီးပွားမြှင့်တင်နိုင်ရန်နှင့် ဟန်ချက်တည်ငြိမ်စေရန်အတွက် အကောင်းဆုံးသော မဟာဗျူဟာမှာ ချိန်ခွင်လျှာညီမျှသော ဒစ်ပလိုမေစီ Balanced Diplomacy Among Big Powers ကို ရှာဖွေဆောင်ရွက်သွားနိုင်ရေးပင်ဖြစ်သည်။ အဆိုပါ ချိန်ခွင်လျှာ ညီမျှရေး ကြိုးပမ်းဆောင်ရွက်ချက်မှာ ဉာဏ်ပညာနှင့် မှန်ကန်သောတွက်ချက်မှုများ အထူးပင်လိုအပ်နေသည်။ နေပြည်တော်အစိုးရသည် တရုတ် လက်အောက်ခံနိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ကို မလိုလားသည်မှာ သေချာနေသလို တရုတ်၏ရန်ဘက်နိုင်ငံ ဖြစ်လာရန်လည်း ဆန္ဒရှိမည် မဟုတ်ပေ။ တရုတ်–မြန်မာ နှစ်နိုင်ငံအကြား ၂၀၁၁ ခုနှစ်အတွင်း တွေ့မြင်ခဲ့ရသော ဆက်ဆံရေးမှာ တရုတ်နိုင်ငံအပေါ် မှီခိုမှုကြီးမားနေသည့် အနေအထားကို ပြင်ဆင်လိုသော မြန်မာနိုင်ငံ၏ သဘောထားဟူ၍ ကမ္ဘာကြီးက ရှုမြင်သုံးသပ်ကြသည်။ ဆုံမှတ်တစ်ခုသို့ ရောက်ရှိသွားချိန်တွင် မြန်မာနိုင်ငံသည် အမေရိကန်၊ တရုတ်၊ အခြားဒေသတွင်း ပါဝါများ အကြား ဆက်ဆံရေးကို ပြန်လည်ချိန်ခွင်လျှာထိန်းညှိလာမည်ဖြစ်ပြီး အစဉ်အလာအတိုင်း ဘက်မလိုက်သော၊ ဟန်ချက်ညီမျှသော နိုင်ငံခြားရေးမူဝါဒကိုသာ ပြန်လည် ကိုင်ဆွဲလာမည် ဖြစ်ပေသည်။

*(Yun Sun ၏ China's Strategic Misjudgement on Myanmar ကို တိုက်ရိုက်ပြန်ဆိုသည်)*

ပြီး